
# သတင်းအချက်အလက်နှင့် အန္တရာယ်များ -

## သတင်းအချက်အလက် ဂေဟစနစ်များသို့ ကာကွယ်ရေးနည်းဖြင့် ချဉ်းကပ်ခြင်း




Internews

**ကျေးဇူးတင်လွှာ**

ဤလမ်းညွှန်ချက်များသည် United States Agency for International Development (USAID) မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုရေးရာဗျူရို (BHA) ၏ ရက်ရောသော ပံ့ပိုးကူညီမှုဖြင့် ပေါ်ပေါက်လာရခြင်းဖြစ်သည်။ "သတင်းအချက်အလက် ဂေဟစနစ်အတွက် အကာအကွယ်ပေးရေး ချဉ်းကပ်နည်း" လမ်းညွှန်ချက်တွင် ပါဝင်ကူညီပေးသူအားလုံးကို ကျေးဇူးတင်ကြောင်းကို Internews မှ ထပ်လောင်း ပြောကြားလိုပါသည်။

Internews လမ်းညွှန်ချက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေးသားရေး အဖွဲ့ - Stijn Aelbers, Emily Cowlrick, Floriane Echegut, Lea Krivchenia, Haley McCoin, Irene Scott.

ပရောဂျက် အကြံပေးအဖွဲ့နှင့် အကဲဖြတ် စိစစ်သုံးသပ်သူများ - Nadia Akmoun (IOM), Raphael Bacot (REACH), Adrienne Brooks (Mercy Corps), Stuart Campo (OCHA), Victoria Dangond Peralta (Internews), Marina Di Lauro (Oxfam), Katie Drew (GPC), Marie Dozin (GPC), Tiffany Easthom (Nonviolent Peaceforce), Giovanna Federici (NRC), Andre Heller (IRC), Séverine Lacroix (IOM), Anahi Lacucci (UNHCR), Francesco Michele (GPC), Briana Orr (IRC), Nathaniel Raymond (Yale University), Joelle Rizk (ICRC), Fausto Spiga (REACH), Mark Silverman (ICRC), Kathrine Starup (DRC), Craig Twitt (Internews), John Warnes (UNHCR).

ဒီဇိုင်းနှင့် သရုပ်ဖော်ပုံများ- Corneliu Comendant ၊ Emily Cowlrick ၊ Floriane Echegut ၊ Julia Huang ၊ Ganaëlle Tilly

ဤအစီရင်ခံစာ... 

ဤအရင်းအမြစ်များကို Community Voices for Better Protection (CVBP) စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖန်တီးထားပါသည်။ ဤပရောဂျက်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြောင်းအရာတွင်း သတင်းအချက်အလက်များနှင့် ဆက်စပ်နေသော အန္တရာယ်များကို လူသားချင်းစာနာမှုဆိုင်ရာ နယ်ပယ်တွင် လုပ်ကိုင်သူများ၊ အထူးပြု ကာကွယ်စောင့်ရှောက်ရေး အေဂျင်စီများ၊ မီဒီယာများနှင့် အခြား သတင်းအချက်အလက်ပေးသူများ၏ အမြင်ယူဆချက်ဖက်မှ နားလည်ရန် ရည်ရွယ်ထားသည်။ ၂၀၂၂-၂၀၂၃ တွင် အီရတ်၊ မာလီ နှင့် ဖိလစ်ပိုင်နိုင်ငံ သုံးခုတွင် ပြုလုပ်ခဲ့သော ကွင်းဆင်းလေ့လာမှုများကို အသုံးပြု၍ ဤအရင်းအမြစ်များသည် နားလည်မှုနှင့် အန္တရာယ်နှင့် သတင်းအချက်အလက်ဆိုင်ရာ တုံ့ပြန်မှု ကွာဟချက်ကို ဖြေရှင်းရန် လုပ်ဆောင်ပေးပါသည်။

ဤလမ်းညွှန်ချက်များ ပိုမိုတိုးတက်ကောင်းမွန်စေရန် သုံးသပ်ချက်များ သို့မဟုတ် အကြံဉာဏ်များ ပေးလိုပါက ကျေးဇူးပြု၍ Internews လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့ကို info@internews.org မှတစ်ဆင့် ဆက်သွယ်ပေးပါ။

© Internews အောက်တိုဘာလ ၂၀၂၃။ ဤထုတ်ဝေမှုသည် မူပိုင်ခွင့်ရှိသော်လည်း သတင်းအရင်းအမြစ်ကို အပြည့်အဝ အသိအမှတ်ပြုဖော်ပြပါက စည်းရုံးလှုံ့ဆော်မှု၊ ကမ်ပိန်းလှုပ်ရှားမှုများ၊ ပညာရေးနှင့် သုတေသနလုပ်ငန်းများအတွက် စာသားများကို အခမဲ့ အသုံးပြုနိုင်ပါသည်။ သက်ရောက်မှုဆန်းစစ်ရေး ရည်ရွယ်ချက်အတွက် ယင်းသို့သော အသုံးပြုမှုအားလုံးကို ၎င်းတို့ထံ မှတ်ပုံတင်ပေးရန် မူပိုင်ခွင့်ပိုင်ရှင်များက တောင်းဆိုပါသည်။ အခြားအခြေအနေများတွင်း ကူးယူရန်အတွက်ဖြစ်စေ၊ အခြားထုတ်ဝေမှုများတွင် ပြန်လည်အသုံးပြုရန်အတွက်ဖြစ်စေ၊ ဘာသာပြန်ဆိုရန် သို့မဟုတ် ဆီလျော်အောင်လိုက်လုပ်ရန်အတွက်ဖြစ်စေ ခွင့်ပြုချက်ရယူရန် လိုအပ်ပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော အချက်အလက်များသည် ထုတ်ပြန်ချိန်တွင် မှန်ကန်မှုရှိပါသည်။

# မာတိကာစာမျက်နှာ

**လမ်းညွှန်မြေပုံ ........................................၄**

**မိုဂျူး ၁ - စတင်ခြင်း - ပိုမိုဘေးကင်းလုံခြုံသည့် သတင်းအချက်အလက် ဂေဟစနစ်များ တည်ဆောက်ရာတွင် မည်သူသည် မည်သည့်အတွက်ကြောင့်နှင့် မည်သို့ ပါဝင်ခွင့်ရနိုင်ပါမလဲ ........................................၅**

**မိုဂျူး ၂ - လုပ်ကိုင်သည့်နည်းလမ်းများကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်းဖြင့် ပိုမိုဘေးကင်းလုံခြုံသည့် သတင်းအချက်အလက် ဂေဟစနစ်များဖြစ်အောင် ပံ့ပိုးပုံ. ........................................ ၂၈**

**မိုဂျူး ၃ - သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များအား လျှော့ချခြင်း - သုံးသပ်လေ့လာချက် မူဘောင် ........................................ ၆၄**

**မိုဂျူး ၄ - ထိခိုက်မှုကို လျှော့ချခြင်း - အရေးပေါ်အခြေအနေများတွင် မီဒီယာနှင့် သတင်းထောက်များအတွက် လမ်းညွှန်ချက် ........................................ .၁၁၂**

နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁ - ဝေါဟာရများ ........................................၁၄၆

နောက်ဆက်တွဲ ၂ - လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု နည်းလမ်းကိရိယာ ........ ၁၅၅

နောက်ဆက်တွဲ ၃ - ရပ်ရွာအသိုင်းအဝိုင်း ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း နည်းလမ်း ........ ၁၅၉

နောက်ဆက်တွဲ ၄ - အိမ်ထောင်စုစစ်တမ်း လမ်းညွှန်ကိရိယာ........................ ၁၇၄


နောက်ဆက်တွဲ ၅ - အဓိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းရေး ကိရိယာ . .......... ၁၉၃

နောက်ဆက်တွဲ ၆ - မီဒီယာ ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း ကိရိယာ. ................ ၂၀၁

နောက်ဆက်တွဲ ၇ - သတင်းအချက်အလက် ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင် .. ၂၀၈

နောက်ဆက်တွဲ ၈ - သတင်းအချက်အလက်နှင့် ကာကွယ်ပေးရေး သင်တန်း မိတ်ဆက် . .... .၂၂၂

# လမ်းညွှန်မြေပုံ — သတင်းအချက်အလက်နှင့် အန္တရာယ်များ — သတင်းအချက်အလက် ဂေဟစနစ်အတွက် အကာအကွယ်ပေးရေး ချဉ်းကပ်နည်းဆိုင်ရာ မိုဂျူးများနှင့် နောက်ဆက်တွဲများကိုမည်သို့ အသုံးပြုရပါမလဲ။




မေး -

ဒေသခံ သတင်းစာတစ်စောင်၏ အွန်လိုင်းစာမျက်နှာကို ကျွန်ုပ် စီမံကွပ်ကဲနေပြီး ကျွန်ုပ်တို့ ရေးသားထားသည့် ဆောင်းပါးတစ်ပုဒ်က ဒေါသဖြစ်စရာ မှတ်ချက်များကို လှုံ့ဆော်ပေးပြီးနောက် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ကြောင်း ကောလဟာလတချို့ကို ကြားခဲ့ရပါသည်။

ဖြေ -

ဤသို့ဖြစ်ပွားမှုကို လျော့ပါးစေရန်နှင့် ထပ်မံ မဖြစ်ပွားစေရန် ရည်ရွယ်သော လုပ်ငန်းများကို လမ်းညွှန်ပေးရန် မိုဂျူး ၂ နှင့် ၄ ကို ကြည့်ပါ။ ရပ်ရွာအသိုင်းအဝိုင်းများမှ အသံများကို နားထောင်ပြီး ရပ်ရွာအသိုင်းအဝိုင်းထဲတွင် ဤဆောင်းပါးက အစပျိုးသည့် ပြဿနာများအကြောင်းကို ပိုမိုနားလည်ရန် မိုဂျူး ၃ နှင့် ဆက်စပ်ကိရိယာများကို ကြည့်ပါ။

မေး -

ကျွန်ုပ်သည် အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုအတွက် အလုပ်လုပ်ပြီး ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းနှင့် သတင်းအချက်အလက် ဝေမျှရန် **Facebook** စာမျက်နှာတစ်ခု ဖွင့်ချင်ပါသည်။ ၎င်းအား လူမှုအဖွဲ့ဝင်များ ဘေးကင်းကင်းနှင့် သုံးနိုင်ကြောင်း သေချာစေရန် ဘယ်လိုလုပ်ရပါမလဲ။

ဖြေ -

ဘေးကင်း၊ အဓိပ္ပါယ်ရှိပြီး ရယူအသုံးပြုနိုင်သော အချက်အလက်ချန်နယ်များ တည်ဆောက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်ကို မိုဂျူး ၂ တွင် တွေ့ရှိနိုင်ပါသည်။

မေး -

ကျွန်ုပ်သည် ကာကွယ်ရေး ဦးတည်ချက်များကို စောင့်ကြည့်ရန်နှင့် အစီအစဉ်ဆွဲမှုများအကြောင်း သတင်းပို့ခြင်းအား လေ့လာသုံးသပ်မှုများပြုလုပ်ရန် ပြင်ဆင်နေသော ကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်သူတစ်ဦးဖြစ်သည်။

ဖြေ -

မိုဂျူး ၃ နှင့် ဆက်စပ်နောက်ဆက်တွဲများသည် သင့်ကိရိယာများကို ဒီဇိုင်းရေးဆွဲရန်နှင့် အချက်အလက်များကို စုစည်းရာ၌ ကူညီပေးရန် လေ့လာသုံးသပ်ချက် မူဘောင်အပြင် သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးအန္တရာယ်များနှင့် ပတ်သက်သည့် လေ့လာသုံးသပ်မှု ပြုလုပ်ရန် လမ်းညွှန်ချက်များ ပံ့ပိုးပေးပါသည်။

မေး -

ကျွန်ုပ်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုတွင် လုပ်ကိုင်နေပြီး တုံ့ပြန်ချက်နှင့်တိုင်ကြားမှုစနစ်ကို ပြန်လည်သုံးသပ် (သို့မဟုတ် လိုအပ်ပါက ရေးဆွဲ) လိုပါသည်။

ဖြေ -

မိုဂျူး ၂ တွင် သတင်းအချက်အလက်ကို ဘေးကင်းပြီး အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုနိုင်သော တုံ့ပြန်ချက်နှင့်တိုင်ကြားမှု ယန္တရားများနှင့် ပတ်သက်သည့် အချက်အလက်များ ပါဝင်မည်ဖြစ်သည်။

မေး -

ကျွန်ုပ်သည် ဒေသဆိုင်ရာ ရေဒီယိုအသံလွှင့်ဌာနတစ်ခုတွင် အလုပ်လုပ်ပြီး ဒေသအတွင်း ကျား/မအခြေပြု အကြမ်းဖက်မှု (GBV) မြင့်တက်လာခြင်းနှင့် ပတ်သက်၍ ဒေသဆိုင်ရာနှင့် နိုင်ငံလုံးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သူများကြားတွင် အရေးယူဆောင်ရွက်မှုများကို အားပေးရန်အတွက် အကြောင်းအရာများကို ရေးသားဖော်ထုတ်လိုပါသည်။

ဖြေ -

အဆိုပါ လမ်းညွှန်ချက်များတွင် ထိခိုက်လွယ်သော သတင်းအချက်အလက်များအား ဘေးကင်းစွာ အသုံးပြုနိုင်ရန် လမ်းညွှန်ချက်များ(မိုဂျူး ၂ နှင့် ၄)နှင့် ရပ်ရွာအသိုင်းအဝိုင်းအတွင်း GBV ကို လျှော့ချရာတွင် သို့မဟုတ် ပိုမိုဆိုးရွားစေရာတွင် သတင်းအချက်အလက်၏ အခန်းကဏ္ဍကို သုံးသပ်လေ့လာနိုင်ပုံ (မိုဂျူး ၃) တွင် လမ်းညွှန်ပေးမည်ဖြစ်ပါသည်။

မေး -

ကျွန်ုပ်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း တစ်ခုကြောင့် ထိခိုက်ခံခဲ့ရသော နိုင်ငံတစ်ခုတွင် ကဏ္ဍပေါင်းစုံပါဝင်သည့် ဆန်းစစ်လေ့လာမှုတစ်ခုကို ဦးဆောင်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးတစ်ဦး ဖြစ်ပါသည်။ ရပ်ရွာအသိုင်းအဝိုင်းများနှင့် ဘေးကင်းစွာ မည်ကဲ့သို့ ထိတွေ့ဆက်ဆံရမည်နည်း။

ဖြေ -

လမ်းညွှန်ချက်များတွင် ရပ်ရွာအသိုင်းအဝိုင်းများနှင့် ဘေးကင်းစွာ ထိတွေ့ဆက်ဆံရန်နှင့် မိုဂျူး ၂ တွင် အဓိက ပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်အတွက် လမ်းညွှန်ချက်များ ပါဝင်သည်။ မိုဂျူး ၃ သည် ဆန်းစစ်ချက်တစ်ခုတွင်း သတင်းအချက်အလက် အစိတ်အပိုင်းများ ထည့်သွင်းနည်းကို လမ်းညွှန်ပေးပါသည်။

# မိုဂျူး ၁

စတင်ခြင်း - ပိုမိုဘေးကင်းလုံခြုံသည့် သတင်းအချက်အလက် ဂေဟစနစ်များ တည်ဆောက်ရာတွင် မည်သူသည် မည်သည့်အတွက်ကြောင့်နှင့် မည်သို့ ပါဝင်ခွင့်ရနိုင်ပါမလဲ

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| တ | ာ | ဝ | န် | ဘေ | က | တ | ာ | ဝ | န် | ခံ | မှု | င် | လုံ |
| ခြုံ | မှု | ပ် | လ | ာ | မီ | ဒီ | ယ | ာ | ဟ | လ | ဘေ | က | င် |
| လုံ | ခြုံ | အ | ရ | င် | အ | ပ် | လေ့ | လ | ာ | ချ | က် | စွ | မ် |
| ဆေ | ာ | င် | ရ | ည် | လ | ရ | င် | အ | ပ် | လေ့ | မ် | က | င် |
| ဂု | ဏ် | သိ | က | င် | လုံ | ခြုံ | အ | ရ | င် | အ | မြ | ခြိ | ခြေ |
| ာ | က် | မှု | ယုံ | ကြ | ည် | မှု | အ | က | ာ | အ | ကွ | ယ် | ထိ |
| ခို | က် | ဆေ | ာ | င် | ရ | လ | မ် | ကြေ | ာ | င် | လုံ | ခြုံ | အ |
| ရ | င် | အ | ပ် | လေ့ | လ | ာ | ချ | က် | စွ | က | ဆေ | ာ | င် |
| ရ | ည် | လ | ရ | င် | အ | ပ် | လေ့ | မ် | က | င် | ဂု | ဏ် | သိ |
| က | င် | လုံ | ခြုံ | အ | ရ | င် | အ | မြ | ခြိ | ခြ | ခို | က် | ဆေ |
| ာ | အ | နှ | တ | ရ | ာ | ယ် | ချ | က် | စွ | မ် | ဆေ | ာ | င် |
| ရ | ည် | လ | ာ | ဝ | န် | ဘေ | က | ဟ | လ | ဘေ | က | င် | ရ |

**စကားလုံးများကို ရှာဖွေပါ**

တာဝန်ခံမှု
သုံးသပ်လေ့လာချက်
စွမ်းဆောင်ရည်
လမ်းကြောင်း
ဂုဏ်သိက္ခာ
လုပ်ကြံသတင်း
ဂေဟစနစ်
လူသားချင်းစာနာမှု
ဂျာနယ်လစ်
စာတတ်မြောက်သူ
~~မီဒီယာ~~
~~အကာအကွယ်~~
~~အန္တရာယ်~~
ကောလာဟလ
ဘေးကင်းလုံခြုံမှု
အရင်းအမြစ်
ခြိမ်းခြောက်မှု
ယုံကြည်မှု
ထိခိုက်လွယ်မှု

Internews

# မိုဂျူး ၁ အကြောင်းအရာများ


အဓိက ဝေါဟာရများ .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ..၇

ဤလမ်းညွှန်ချက်များကို ဘာကြောင့် တီထွင်ခဲ့ပါသလဲ။ .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၁၀

ဤလမ်းညွှန်ချက်များက ဘယ်သူတွေအတွက်ပါလဲ။ ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ၁၂

၎င်းက သင့်အတွက် ဘယ်လိုအဓိပ္ပါယ်ရှိပါသလဲ။ . ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ၁၂

သတင်းအချက်အလက်နှင့် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များ ဆိုသည်မှာ ဘာကိုဆိုလိုပါသလဲ၊ ရပ်ရွာအသိုင်းအဝိုင်းတစ်ခုသည် အကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တွင် မည်သို့တုံ့ပြန်ပါသလဲ။ . ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...၁၄

လမ်းညွှန်ချက်များကို မည်သို့အသုံးပြုရပါမလဲ။ .. ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...၁၆

မိုဂျူး ၂ ခြုံငုံသုံးသပ်ချက် .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၁၈

မိုဂျူး ၃ ခြုံငုံသုံးသပ်ချက် .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၂၁

မိုဂျူး ၄ ခြုံငုံသုံးသပ်ချက် .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၂၆

# အဓိက ဝေါဟာရများ

## ဝေါဟာရအပြည့်အစုံကို နောက်ဆက်တွဲ ၁ တွင် တွေ့ရှိနိုင်ပါသည်။


**သတင်းအချက်အလက် ရယူအသုံးပြုခွင့် -** သတင်းအချက်အလက်များကို ဘေးကင်းစွာ ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူနိုင်စွမ်း။

**သတင်းအချက်အလက် ဖန်တီးခြင်း -** သတင်းအချက်အလက် ဖန်တီးခြင်း ဆိုသည်မှာ သတင်းအချက်အလက်ကို ဖန်တီးသူများနှင့် အနီးကပ်အပေါင်းအဖော်များထက် ကျော်လွန်သည့် ပရိသတ်ထံရောက်ရှိစေရန် အချက်အလက် ကောက်နုတ်စုစည်းခြင်းကို ရည်ညွှန်းသည်။ ၎င်းကို လူတစ်ဦးချင်း၊ အုပ်စု၊ အဖွဲ့အစည်း တစ်ခု သို့မဟုတ် မီဒီယာသတင်းဌာနများကဲ့သို့သော ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သည့် အကြောင်းအရာ ဖန်တီးသူများဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။ ၎င်းသည် အကြမ်းထည် သတင်းအချက်အလက်များကို ရိုးရှင်းစွာ ဝေမျှရုံမျှသာမဟုတ်ဘဲ သတင်းအချက်အလက် တင်ဆက်ရာတွင် ဖန်တီးမှု၊ ကောက်နုတ်ပြုပြင်မှု သို့မဟုတ် လူအားဖြင့် ပါဝင်မှု အဆင့်တစ်ခု ပါဝင်ပါသည်။

**သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း -** သတင်းအချက်အလက်များကို ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူခြင်းဆိုင်ရာ လွတ်လပ်ခွင့်က "ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများ၏ အခြေခံအခွင့်အရေးများ ခံစားခွင့်နှင့် ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် စွမ်းဆောင်ရည်ကို အဟန့်အတားဖြစ်စေမည့် ပုံစံနည်းလမ်းနှင့် အတိုင်းအတာတစ်ခုအထိ ရည်ရွယ်ချက်ရှိရှိ ထိခိုက်ပျက်စီးစေခြင်း" ဖြစ်သည်[၁]။

**လုပ်ကြံသတင်း -** အန္တရာယ်ဖြစ်စေရန် သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေခြင်း၊ ၎င်းသည် "လူထုအား လှည့်စားကာ၊ ဘေးထွက်ဆိုးကျိုး အနေဖြင့် အများပြည်သူ၏ သိရှိပိုင်ခွင့်နှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ သတင်းအချက်အလက်များကို ရှာဖွေ၊ လက်ခံပြီး ဖြန့်ချိခြင်း တို့အပေါ် အနှောက်အယှက်ဖြစ်စေသည်"[၂]။

**သတင်းအချက်အလက် ဂေဟစနစ်** - သီးခြား ရပ်ရွာအသိုင်းအဝိုင်းတစ်ခု၊ ပတ်ဝန်းကျင်တစ်ခု၊ အခြေအနေတစ်ရပ်အတွင်း သတင်းအချက်အလက် ဖန်တီးခြင်း၊ ဖြန့်ဝေခြင်းနှင့် သုံးစွဲခြင်းကို





[၁]၊[၂] ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့ – ကာကွယ်ရေးဆိုင်ရာအန္တရာယ်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက် - "လုပ်ကြံသတင်းနှင့် သတင်းအချက်အလက် ဝင်ရောက်ရှာဖွေကြည့်ရှုခွင့်ကို ပိတ်ပင်ခြင်း"

လွယ်ကူချောမွေ့စေသည့် အမျိုးမျိုးသော သတင်းအရင်းအမြစ်များ၊ လမ်းကြောင်းများနှင့် ပလက်ဖောင်းများပါဝင်သော အပြန်အလှန်ဆက်စပ်နေသည့် ကွန်ရက်။ ဂေဟစနစ်တွင် သတင်းအချက်အလက် စီးဆင်းမှုကို ထောက်ပံ့ပေးခြင်းနှင့် သတင်းအချက်အလက်များကို ရပ်ရွာအသိုင်းအဝိုင်း သို့မဟုတ် ပရိသတ်များက သိရှိနားလည်ပြီး ရယူအသုံးပြုပုံအပေါ် လွှမ်းမိုးမှုရှိသည့် သမားရိုးကျ မီဒီယာသတင်းဌာနများ၊ ဆိုရှယ်မီဒီယာများ၊ ဝက်ဘ်ဆိုဒ်များ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အစိုးရများနှင့် အခြားအဖွဲ့အစည်းများ ပါဝင်ပါသည်။

**သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များ**- သတင်းအချက်အလက် ချို့တဲ့ခြင်း၏ အကျိုးဆက် နှင့်/သို့မဟုတ် အချက်အလက်များအား ရယူအသုံးပြုခြင်း၊ ဖန်တီးခြင်း သို့မဟုတ် မျှဝေခြင်းတို့တွင် ကြုံတွေ့ရသည့် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များ။ ဘေးအန္တရာယ်ဆိုသည်မှာ ထိခိုက်ခံရသူများအနေဖြင့် အကြမ်းဖက်ခြင်း၊ အကျပ်ကိုင်ခြင်း သို့မဟုတ် တမင်ရည်ရွယ်၍ ပိတ်ပင်ခြင်းတို့ကို အမှန်တကယ် ကြုံတွေ့ရခြင်း သို့မဟုတ် ကြုံတွေ့ရနိုင်ခြေရှိခြင်းကို ဆိုလိုပါသည် (ခြိမ်းခြောက်မှု၊ ထိခိုက်ခံရသူ လူထု၏ ထိခိုက်လွယ်မှုနှင့် ခြိမ်းခြောက်မှု အလားအလာကို လျှော့ချရန် လက်ရှိစွမ်းဆောင်ရည်များကို ထည့်သွင်းစဉ်းစားသည်)။

**သတင်းအချက်အလက် ရယူခြင်း** - သတင်းအချက်အလက် ရယူခြင်း ဆိုသည်မှာ သတင်းအရင်းအမြစ်များ (သို့) ပံ့ပိုးပေးသူများ (အဆိုပါ ပါဝင်သူများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတွက် နောက်ဆက်တွဲ ၁ ကိုကြည့်ပါ) ထံမှ လမ်းကြောင်းတစ်ခုခုနှင့် အခြားပုံစံအမျိုးမျိုး (နှုတ်ပြော၊ အရေးအသား၊ အမြင်အာရုံ၊ စသည်ဖြင့်) မှ တစ်ဆင့် အွန်လိုင်းနှင့် အွန်လိုင်းမဟုတ်သည့် နည်းလမ်းနှစ်မျိုးလုံးဖြင့် သတင်းအချက်အလက် (အကြမ်းထည် သတင်းအချက်အလက်များ ပုံစံ သို့မဟုတ် ကောက်နုတ်စုစည်းထားသော အကြောင်းအရာပုံစံ) ကို လက်ခံရယူသည့် လုပ်ဆောင်ချက်ကို ရည်ညွှန်းခြင်းဖြစ်သည်။

**သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုခွင့်** - သတင်းအချက်အလက်များကို ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူချိန်တွင် လူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့တစ်ဖွဲ့သည် အန္တရာယ်များနှင့် ရင်ဆိုင်ရခြင်းမရှိပါက သတင်းအချက်အလက်ကို ရယူအသုံးပြုခြင်းက ဘေးကင်းလုံခြုံပါသည်။




**သတင်းအချက်အလက် ရှာဖွေခြင်း**- သတင်းအချက်အလက် ရှာဖွေခြင်း ဆိုသည်မှာ သတင်းအချက်အလက်များ (သို့မဟုတ် အကြောင်းအရာများ)ကို သတင်းအရင်းအမြစ်/များ သို့မဟုတ် သတင်းပေး

သူ/များ (အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အောက်တွင် ကြည့်ပါ) ထံမှ ပုံစံတစ်ခုခု (နှုတ်ပြော၊ အရေးအသား၊ အမြင်အာရုံ၊ စသည်ဖြင့်) မှတစ်ဆင့် အွန်လိုင်းနှင့် အွန်လိုင်းမဟုတ်သည့် နည်းလမ်းနှစ်မျိုးလုံးဖြင့် သတင်းအချက်အလက် ရှာဖွေခြင်းကို ညွှန်းဆိုပါသည်။

**သတင်းအချက်အလက် မျှဝေခြင်း**- ဤလမ်းညွှန်များ၏ရည်ရွယ်ချက်အတွက် 'သတင်းအချက်အလက် မျှဝေခြင်း' ဆိုသည်မှာ ၎င်းသတင်းအချက်အလက်ကို မည်သည့်နည်းဖြင့်မျှ မပြုပြင်ဘဲ အရှိအတိုင်း သတင်းအချက်အလက်မျှဝေခြင်းကို ဆိုလိုပါသည်။

**ယုံကြည်စိတ်ချမှု** - ယုံကြည်စိတ်ချမှုသည် သတင်းအချက်အလက် ရယူအသုံးပြုရာတွင် အခြေခံအချက်ဖြစ်သည်။ တစ်စုံတစ်ယောက်သည် သတင်းအရင်းအမြစ်တစ်ခုအား ယုံကြည်မှုရှိမရှိ ဆိုသည့်အပေါ်မူတည်၍ ၎င်းတို့သည် နားထောင်ရန်၊ အရေးယူဆောင်ရွက်ရန်နှင့် ထိုသတင်းအရင်းအမြစ်မှ ရရှိသော အချက်အလက်များကို မျှဝေခြင်း ပြုမည်မပြုမည်ကို လမ်းညွှန်ပေးသည်။ ယုံကြည်မှုကင်းမဲ့ခြင်းသည် အများအားဖြင့် လူတစ်ဦးချင်းစီနှင့် ရပ်ရွာအသိုင်းအဝိုင်းများကို တိကျသေချာသော သတင်းအရင်းအမြစ် တစ်ခုနှင့် မထိတွေ့မိစေရန် ဦးတည်စေပြီး မျက်စိမှိတ် အကြွင်းမဲ့ယုံကြည်မှုသည် အေရျင်စီ၏ အဆင့်များကို နိမ့်ကျစေပြီး မုသားသတင်း၊ လုပ်ကြံသတင်း နှင့် လှည့်စားသတင်း ဖြစ်စေမည့်အန္တရာယ်များစေပါသည်။ Internews သည် သတင်းအချက်အလက်ပေးသူများအပေါ် ယုံကြည်မှုကို အကြောင်းအရာအလိုက် သတ်မှတ်ပြီး တိုင်းတာရာတွင် ကူညီရန်အတွက် ယုံကြည်မှုဆိုင်ရာ သုံးသပ်လေ့လာချက်မူဘောင် ကို တီထွင်ခဲ့သည်။ မူဘောင်တွင် အစိတ်အပိုင်းလေးခုနှင့် အစိတ်အပိုင်းခွဲ ၁၂ ခုပါဝင်ပါသည်။

# လမ်းညွှန်ချက်များအကြောင်း

## ဤလမ်းညွှန်ချက်များကို ဘာကြောင့် တီထွင်ခဲ့ပါသလဲ။

**သတင်းအချက်အလက်သည် ...**

.... လူသားချင်းစာနာထောက်ထားမှုနှင့် အသွင်ကူးပြောင်းရေး အခြေအနေများတွင် အခန်းကဏ္ဍများစွာပါဝင်နေပြီး အကျပ်အတည်းတစ်ခု စတင်ချိန်တွင် အသက်ကယ်တင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များချရန် လူအများအတွက် ပထမဆုံးလိုအပ်သောအရာဖြစ်သည်။

.... ကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရပိုင်ခွင့်များအပါအဝင် အကျပ်အတည်းကာလတစ်လျှောက် လူတစ်ဦး၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို တောင်းဆိုရာတွင် မရှိမဖြစ်လိုအပ်သည်။

.... က တာရှည်ခံ ဖြေရှင်းနည်းများတွင် ပါဝင်ရန် ထိခိုက်ခံရသူများနှင့် နေရပ်စွန့်ခွာခဲ့ရသည့် ရပ်ရွာအသိုင်းအဝိုင်းများကို ပံ့ပိုးပေးပါသည်။

.... (ဖန်တီးခြင်း၊ မျှဝေခြင်း၊ ရှာဖွေခြင်းနှင့် ရယူအသုံးပြုခြင်း လုပ်ငန်းစဉ်) သည် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို ဖန်တီးနိုင်သည် သို့မဟုတ် ပိုမိုဆိုးရွားစေနိုင်သည်။

.... ကို လက်နက်အဖြစ်လည်း အသုံးပြုကြသည်- သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းနှင့် မဟုတ်မမှန် လုပ်ကြံသတင်းများက ထိခိုက်ခံစားရသော ရပ်ရွာအသိုင်းအဝိုင်းများကို အများပြည်သူနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုများ ရယူအသုံးပြုမှုကို ဆုံးရှုံးစေမည့် ကိရိယာများဖြစ်ကြောင်း အကျပ်အတည်း မြောက်မြားစွာတွင် သတ်မှတ်ဖော်ထုတ်ခဲ့သည်။

.... ကို ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများကို အဓိပ္ပါယ်ရှိသော ကာကွယ်မှုတွင် အထောက်အကူဖြစ်စေရန် ကိရိယာတစ်ခုအဖြစ် ရှုမြင်သင့်သည်။

လူတစ်ဦးချင်းစီသည် ဝန်ဆောင်မှုများကို ရယူအသုံးပြုခြင်း၏ အန္တရာယ်များနှင့် အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များကို အဆက်မပြတ် ချမှတ်နေကြပြီး သတင်းအချက်အလက်ကို ရယူအသုံးပြုရာ၌လည်း ခြားနားမှုမရှိပါ။ အကျပ်အတည်းများကြောင့် ထိခိုက်ခံစားရသူများသည် ၎င်းတို့၏ ရပိုင်ခွင့်များနှင့် ခံစားပိုင်ခွင့်များကို သိပြီး အသုံးချရန်နှင့် ၎င်းတို့ကို ထိခိုက်စေမည့် ဆုံးဖြတ်ချက်များတွင် ပါဝင်ချမှတ်ရန် မှန်ကန်တိကျသောသတင်းအချက်အလက်ကို ဘေးကင်းလုံခြုံပြီး အဓိပ္ပာယ်ပြည့်ဝစွာ ရယူအသုံးပြုခွင့်ရရှိနိုင်ရန် လိုအပ်ပါသည်[၄]။ သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း၏ အကျိုးဆက်အဖြစ် အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများသည် ဝန်ဆောင်မှုများကို ဆုံးရှုံးနိုင်ပြီး အပျက်သဘောဆောင်သည့် ရင်ဆိုင်ဖြေရှင်းရေးနည်းဗျူဟာများကို အားပေးနိုင်ပါသည်။ ၎င်းသည် ကျား/မ အခြေပြုအကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှု၊ လူကုန်ကူးမှု

---

[၄] အရည်အသွေးနှင့် တာဝန်ခံမှုဆိုင်ရာ အခြေခံ လူသားချင်းစာနာထောက်ထားမှု စံအဆင့်အတန်း CHA Alliance၊ Group URD၊ နှင့် Sphere ပရောဂျက်တို့၏ ၂၀၁၄ ခုနှစ်တွင် ပူးပေါင်းလုပ်ဆောင်မှု။

သို့မဟုတ် လုပ်ရှားမှုများကို ကန့်သတ်မှုများ အပါအဝင် အခြားသော ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို ပိုမိုဆိုးရွားစေနိုင်သည်။ အကျပ်အတည်းများကြောင့် ထိခိုက်ခံစားရသူများအတွက် သတင်းအချက်အလက် လိုအပ်ချက်များ၏ အချက်အခြာကျမှုကို အသိအမှတ်ပြုသော်လည်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများနှင့် အခြားသော သတင်းအချက်အလက်ရေးရာလုပ်ဆောင်သူများကြားတွင် လူသုံးများ၊ စနစ်ကျပြီး ဖွဲ့စည်းမှုရှိသော ချဉ်းကပ်မှုမျိုး မရှိခြင်းသည် ထိခိုက်ခံစားရသော ရပ်ရွာအသိုင်းအဝိုင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်သားများနှင့် အခြား သတင်းအချက်အလက်ပေးသူများအတွက် သတင်းအချက်အလက် ကွာဟချက်များ သို့မဟုတ် အလေ့အထများ ရလဒ်ဖြစ်စေနိုင်သည်။

၎င်းကိုကိုင်တွယ်ဖြေရှင်းရန် ဤလမ်းညွှန်ချက်များသည် နယ်ပယ်နှစ်ခုရှိ ကွာဟချက်များကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်သည် -

1. မှန်ကန်တိကျသော သတင်းအချက်အလက်ကို အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်ကို မြှင့်တင်ပေးရန် ကျွန်ုပ်တို့ မည်သို့ လုပ်ဆောင်နိုင်ပါသလဲ။
2. ထို့နောက် ပြင်ဆင်လုပ်ဆောင်နေစဉ် ကျွန်ုပ်တို့သည် ရပ်ရွာအသိုင်းအဝိုင်းအတွက် အန္တရာယ်များ ပိုမဆိုးစေကြောင်း သေချာစေရန် ကျွန်ုပ်တို့ မည်သည့်နည်းလမ်းဖြင့် ပြုလုပ်သင့်ပါသလဲ။

ဤလမ်းညွှန်ချက်များကို အသုံးပြုခြင်းဖြင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများသည် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို နားလည်သဘောပေါက်ရန် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ လက်ရှိ စွမ်းဆောင်ရည်ကို အားကောင်းအောင် ကူညီပေးနိုင်ပြီး၊ ထိုမှတစ်ဆင့် ၎င်းတို့သည် သတင်းအချက်အလက် ဂေဟစနစ်နှင့် ပိုမိုလုံခြုံစွာ အပြန်အလှန်ဆက်သွယ်နိုင်ပြီး ကျိုးကြောင်းသိရှိသော ဆုံးဖြတ်ချက်များ ချလာနိုင်မည်ဖြစ်သည်။ ပြည်တွင်းမီဒီယာများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အစိုးရကဲ့သို့သော ဒေသဆိုင်ရာ သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများသည် ဤကိစ္စအတွင်း မရှိမဖြစ်အခန်းကဏ္ဍမှ ပါဝင်နေပြီး နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများသည် ရပ်ရွာအသိုင်းအဝိုင်းများနှင့် ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် ထိုဝင်ရောက်ခွင့်ကို ပံ့ပိုးပေးရန် တာဝန်ရှိပါသည်။ သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများသည် သတင်းဖလှယ်ရန်၊ ကိုယ်ရေးကိုယ်တာဆိုင်ရာ စိုးရိမ်ပူပန်မှုများကို တင်ပြရန်၊ သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်မရရှိသူများထံ ဆက်သွယ်နိုင်ရန် လုံခြုံသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးခြင်းဖြင့် "ဖျန်ဖြေသူ" သို့မဟုတ် သတင်းအချက်အလက်ပေးသူအဖြစ် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နိုင်ပါသည်။ အဆိုပါ မိုဂျူးများနှင့် ကိရိယာများတွင် လမ်းညွှန်ထားသည့် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို သုံးသပ်လေ့လာချက်များကို အသုံးပြုခြင်းဖြင့် ဒေသတွင်း သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများသည် ခြိမ်းခြောက်မှုများ၏ မူလဇစ်မြစ်ကို ခွဲခြားဖော်ထုတ်နိုင်ပြီး ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများအပေါ် ၎င်းတို့၏ သက်ရောက်မှုများကို ဖော်ထုတ်နိုင်ကာ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို ဖယ်ရှားရန် သို့မဟုတ် လျော့ပါးစေရန် အဆိုပါ ရပ်ရွာအသိုင်းအဝိုင်းများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးမည် သို့မဟုတ် အားကောင်းစေမည့် မီဒီယာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။

လမ်းညွှန်ချက်များတွင် ဒေတာစုဆောင်းခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် ဘေးကင်းသော ပရိုဂရမ်ရေးဆွဲရန် ကိရိယာများ၏ နမူနာပုံစံများ ပါဝင်သည် - ထိုကိရိယာအားလုံးကို အမြဲတမ်း ကျိုးကြောင်းဆက်စပ်ဖော်ပြသင့်သည်။

## ဤလမ်းညွှန်ချက်များက ဘယ်သူတွေအတွက်ပါလဲ။

သတင်းအချက်အလက် မျှဝေရန်နှင့် အကျပ်အတည်းကြောင့် ထိခိုက်ခံစားရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် ထိတွေ့ဆက်ဆံသည့် သက်ဆိုင်သူအများအပြားကို ပံ့ပိုးကူညီရန် ဤလမ်းညွှန်ချက်များကို ရေးဆွဲထားပါသည်။ ၎င်းသည် ၎င်းတို့ကိုယ်ပိုင် တုံ့ပြန်မှုယန္တရားကို လည်ပတ်သည့် အဖွဲ့အစည်း၊ ၎င်းတို့၏ ကဏ္ဍအလိုက် အစီအစဉ်များနှင့်အတူ ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံရေး လှုပ်ရှားမှုများကို လုပ်ဆောင်သည့် အေဂျင်စီ၊ ဒေသန္တရ ရေဒီယို အသံလွှင့်ဌာန၊ ရပ်ရွာအခြေပြု အကာအကွယ်ပေးရေး လုပ်ငန်းများတွင် ပါဝင်သည့် သရုပ်ဆောင်များ၊ ကြီးမားသော ရပ်ရွာအသိုင်းအဝိုင်း အသိပညာပေး အစီအစဉ်ပါရှိသော အရပ်ဘက်အဖွဲ့အစည်း ဖြစ်နိုင်သည်။

လက်တွေ့တွင် ဤလမ်းညွှန်ချက်များသည် ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံမှု လုပ်ဆောင်နေသူတိုင်း သို့မဟုတ် ၎င်းတို့၏ သတင်းအချက်အလက်နှင့် ထိခိုက်ခံခဲ့ရသော ရပ်ရွာအသိုင်းအဝိုင်းများနှင့် ဆက်သွယ်ရေးဗျူဟာများနှင့် သက်ဆိုင်သည့် အန္တရာယ်များကို နားလည်သဘောပေါက်စေရန် ဒေသန္တရအချက်အလက်များ ထုတ်လုပ်ပေးသူတိုင်းနှင့် ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံရေးကို ဘေးကင်းမှု၊ ဂုဏ်သိက္ခာ၊ အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုမှု၊ တာဝန်ခံမှု၊ ထိခိုက်ခံခဲ့ရသော ရပ်ရွာအသိုင်းအဝိုင်းများ၏ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်နိုင်မှု ကို လုပ်ငန်းတိုင်း၌ ထည့်သွင်းရန် လိုက်လျောညီထွေ လုပ်ဆောင်နေသူတိုင်းအတွက် အထောက်အပံ့ဖြစ်အောင် ဒီဇိုင်းရေးဆွဲထားခြင်း ဖြစ်သည်။

အကျပ်အတည်းဒဏ်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများနှင့် အလုပ်လုပ်ရာတွင် သင်၏ရာထူးနေရာမည်သို့ပင်ရှိစေကာမူ ဘေးကင်းလုံခြုံပြီး အဓိပ္ပါယ်ရှိသော သတင်းအချက်အလက်ကို အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှု၏ ခြုံငုံအရည်အသွေးကို အားကောင်းစေပြီး သတင်းအချက်အလက် ဂေဟစနစ်တွင်း လုပ်ဆောင်သူအားလုံး၏ တာဝန်ဖြစ်သည်။

## ၎င်းက သင့်အတွက် ဘယ်လိုအဓိပ္ပါယ်ရှိပါသလဲ။

**မီဒီယာများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူအားလုံးသည်** ဝန်ဆောင်မှုများကို ဘေးကင်းပြီး အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့် တိုးတက်စေရန်ဖြစ်စေ သို့မဟုတ် ထိခိုက်ခံရသည့် လူထုအပေါ် တာဝန်ခံမှုရှိကြောင်း သေချာစေရန်ဖြစ်စေ သတင်းအချက်အလက် ဂေဟစနစ်နှင့် ဆက်စပ် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို နားလည်သဘောပေါက်ခြင်းမှ အကျိုးကျေးဇူးရရှိမည်ဖြစ်သည်။






**မီဒီယာများ အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နှင့် အခြား သတင်းအချက်အလက်ရေးရာလုပ်ဆောင်သူ အားလုံးတွင်** မရည်ရွယ်ဘဲထိခိုက်မှုများကို ကာကွယ်ရန်နှင့် ထိခိုက်ခံရသည့် လူထုများကြား အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်နှင့် ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် ၎င်းတို့၏ချဉ်းကပ်ပုံများနှင့် အစီအစဉ်ဒီဇိုင်းများကို ချိန်ညှိနိုင်စွမ်းရှိကြသည်။

သတင်းအချက်အလက်နှင့် ဆက်စပ်အန္တရာယ်များ (လုပ်ကြံသတင်းနှင့် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း) ပါဝင်ပြီး အခြားသော ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို ပိုမိုဆိုးရွားစေသည့် သတင်းအချက်အလက်၏ အခန်းကဏ္ဍကို ဖော်ပြသည့် **ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့ သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေး မိတ်ဖက်များ** မှ ပြုလုပ်သော စေ့စပ်သေချာသည့် ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာချက်တစ်ခုသည် သတင်းအချက်အလက်ကို နိုင်ငံရေးနှင့် လူထုကို လွှမ်းမိုးထိန်းချုပ်ရန် လက်နက်အဖြစ် အသုံးပြုသော ကမ္ဘာလုံးဆိုင်ရာ အခြေအနေရပ်တစ်ခု၌ ယခင်ထက် ပို အရေးကြီးလာကြောင်း ပြသပါသည်။



လမ်းညွှန်ချက်များကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုတွင်း မည်သည့်နေရာ၌မဆို အသုံးပြုနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေအနေများနှင့်လည်း သက်ဆိုင်ပါသည်။ ၎င်းတို့ လုပ်နိုင်သည်များမှာ -

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် မီဒီယာအစီအစဉ်များ၏ ဒီဇိုင်းကို အသိပေးနိုင်သည်
- အကောင်အထည်ဖော်ရာတွင် ကူညီပံ့ပိုးပေးနိုင်သည်
- ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့စေ့စပ်မှုကို ဘေးကင်းစွာ လုပ်ဆောင်နေကြောင်း သေချာစေနိုင်သည်
- တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားမှု ယန္တရားများအတွက် ဒီဇိုင်းကို ပံ့ပိုးကူညီပေးနိုင်သည်
- ပရိတ်သတ်များထံ ရောက်ရှိရေးလုပ်ငန်းသည် လူများကို ထပ်လောင်း အန္တရာယ်မဖြစ်စေကြောင်း သေချာစေနိုင်သည်
- ကဏ္ဍအလိုက် သို့မဟုတ် ကဏ္ဍပေါင်းစုံ ဆန်းစစ်အကဲဖြတ်မှုများ၊ ကာကွယ်ရေးဆိုင်ရာ စောင့်ကြည့်ခြင်းနှင့် စောင့်ကြည့်၍ ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာ လေ့ကျင့်ခန်းများအတွက် ဒေတာစီမံခန့်ခွဲရေး ကိရိယာများ ဖွံ့ဖြိုးတိုးတက်ရန် သို့မဟုတ် အချိန်နှင့်တပြေးညီဖြစ်စေရန် ထောက်ပံ့ပေးနိုင်သည်

## သတင်းအချက်အလက်နှင့် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များ ဆိုသည်မှာ ဘာကိုဆိုလိုပါသလဲ၊ ရပ်ရွာအသိုင်းအဝိုင်းတစ်ခုသည် အကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တွင် မည်သို့တုံ့ပြန်ပါသလဲ။

သတင်းအချက်အလက်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း၏ မရှိမဖြစ် အစိတ်အပိုင်းတစ်ခု ဖြစ်သည်၊ ၎င်းသည် ကာကွယ်ရေးဆိုင်ရာအန္တရာယ်ကို လျော့ပါးသက်သာစေရန် အထောက်အကူပြုနိုင်ပြီး လက်ရှိ ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို အသစ်ဖန်တီးနိုင်သည် သို့မဟုတ် ပိုမိုဆိုးရွားစေနိုင်သည်။ မြင်သာအောင် ပြောပြရလျှင် -


**အသုံးဝင်သောအချက်အလက်များကို ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုမှုက လူပုဂ္ဂိုလ်များအား ဘေးကင်းလုံခြုံစွာရှိနေစေရန် ကူညီပေးခြင်း သို့မဟုတ် ၎င်းတို့၏အခွင့်အရေးများတောင်းဆိုရန် ပံ့ပိုးကူညီခြင်းဖြင့် အပြုသဘောဆောင်သော သက်ရောက်မှုတစ်ခု ရှိနိုင်ပါက သတင်းအချက်အလက် ဂေဟစနစ်အတွင်း ဤအပြန်အလှန်တုံ့ပြန်မှုများသည် ဖြစ်ပေါ်ပါသည်။**


သူ့ပတ်ဝန်းကျင်တွင်း တိုက်ခိုက်မှုတစ်ခုကို တရားမျှတရေး မျှော်လင့်ချက်ဖြင့် အမျိုးသမီးတစ်ဦးက ရိုက်ကူးထားသည်။



အမျိုးသမီးများနှင့် ကလေးငယ်များအတွက် ခိုလှုံရာနေရာတစ်ခုကို ချီးမြှင့်အားပေးသည့်/မြှင့်တင်သည့် ဆိုရှယ်မီဒီယာ ပို့စ်တစ်ပုဒ်ကို လူငယ်အသိုင်းအဝိုင်းအဖွဲ့တစ်ခုမှ အများသိ မျှဝေထားသည်။


လူနည်းစုတစ်စုမှ အဖွဲ့ဝင်တစ်ဦးသည် ပဋိပက္ခနယ်မြေမှ ထွက်ခွာရန် ဘေးကင်းသော လမ်းများအကြောင်း မေးမြန်းသည်။



မိသားစုတစ်စုသည် ယုံကြည်ရသည့်ရင်းမြစ်တစ်ခုမှ ရရှိလာသည့် သတင်းအချက်အလက်ကို အခြေခံ၍ ဘေးအန္တရာယ် ဖြစ်ပေါ်လေ့ရှိတတ်သည့် ဒေသတစ်ခုတွင် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်လိုက်သည်။

သို့သော်လည်း ဤအပြန်အလှန်တုံ့ပြန်မှုများသည် ကာကွယ်ရေးဆိုင်ရာအန္တရာယ် အသစ်များကို ဖြစ်ပေါ်စေနိုင်သည် သို့မဟုတ် ရှိပြီးသားအရာများကို ပိုမိုဆိုးရွားစေနိုင်သည်။

**သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် ခြိမ်းခြောက်မှုများက ဘာဖြစ်ကြောင်း၊ ထိုခြိမ်းခြောက်မှုများတွင် မည်သူက ထိခိုက်အလွယ်ဆုံးဖြစ်ကြောင်းနှင့် ယင်းခြိမ်းခြောက်မှုများ၏ ဖြစ်နိုင်ခြေကို လျှော့ချရန် မည်သို့သော စွမ်းရည်များရှိကြောင်းကို နားလည်ရန် လိုအပ်ပါသည်။**




အချို့သောအချက်အလက်များကို မျှဝေသည့်အခါတွင် အထိခိုက်မခံနိုင်ဖြစ်စေပြီး အမျိုးသမီးသို့မဟုတ် ရိုက်ကူးသူများအား ပစ်မှတ်ထားခြင်းသို့ ဦးတည်စေနိုင်သည်။




အကယ်၍ ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှု နည်းပါးခဲ့ပါက လူငယ်အဖွဲ့အစည်းသည် ခိုလှုံရာနေရာ၏ တည်နေရာကို ဒုစရိုက်မှုကျူးလွန်သူများအား အမှုမဲ့အမှတ်မဲ့ ဖော်ပြမိသလိုဖြစ်စေနိုင်ပြီး ထိုနေရာတွင် နေထိုင်လျက်ရှိသည့် အမျိုးသမီးများနှင့် ကလေးငယ်များအား ကြီးမားသော ဘေးအန္တရာယ်အတွင်းသို့ တွန်းပို့မိစေနိုင်ပါသည်။ သို့မဟုတ် အတည်မပြုရသေးသော သို့မဟုတ် အချိန်နှင့် တပြေးညီမဟုတ်သော အချက်အလက်ဟောင်းများကို မျှဝေမိခြင်းဖြင့် အမျိုးသမီးများအား မလုံခြုံသောနေရာတွင် ခိုလှုံရန် တိုက်တွန်းမိသလို ဖြစ်စေနိုင်သည်။



လူနည်းစုတစ်စု၏ အဖွဲ့ဝင်များသည် လှုပ်ရှားသွားလာရန် ဘေးကင်းသောလမ်းကြောင်းများကို ဆွေးနွေးချိန်တွင် ရန်လိုသောအဖွဲ့အား ခွဲခြားဖော်ပြသည့် အချက်အလက်များကို မသိလိုက်ဘဲ ဖော်ပေးလိုက်မိနိုင်ပါသည်။



မိသားစုတစ်ခုသည် ယုံကြည်စိတ်ချရသော်လည်း အဆုံးသတ်တွင် အားကိုးယုံကြည်၍မရနိုင်သည့် ရင်းမြစ်တစ်ခုမှ သတင်းအချက်အလက်ကို အခြေခံကာ အန္တရာယ်လမ်းကြောင်းပေါ်တွင် ဆက်နေရန် ရွေးချယ်မိနေနိုင်ပြီး တရားဝင်အရေးပေါ်သတိပေးချက်များကို လျစ်လျူရှုမိလိုက်နိုင်ပါသည်။

## လမ်းညွှန်ချက်များကို မည်သို့အသုံးပြုရပါမလဲ။

ဤလမ်းညွှန်ချက်များကို တစ်ခုချင်းစီ သီးခြားအသုံးပြုနိုင်သည့် မိုဂျူး လေးခုဖြင့် ဖွဲ့စည်းထားသည်။ မိုဂျူးများတွင် ကိရိယာများနှင့် နမူနာပုံစံများပါရှိသော နောက်ဆက်တွဲ ခုနစ်ခု တွဲလျက်ပါဝင်နေပြီး မိုဂျူးအကြောင်းအရာတစ်လျှောက် တိကျသောနေရာများတွင် အချင်းချင်း ချိတ်ဆက်ထားသည်။

**မိုဂျူး ၁ - စတင်ခြင်း - ပိုမိုလုံခြုံဘေးကင်းသည့် သတင်းအချက်အလက် ဂေဟစနစ်များ တည်ဆောက်ရာတွင် ဘယ်သူက၊ ဘာကြောင့်နှင့် ဘယ်လို ပါဝင်ခွင့်ရနိုင်ပါမလဲ။** ဤသင်ခန်းစာသည် အဓိက အသုံးအနှုန်းများ၊ မေးလေ့မေးထရှိသည့်မေးခွန်းများ ပါဝင်သည့် လမ်းညွှန်ချက်တစ်ခုဖြစ်ပြီး သင့်လိုအပ်ချက်များနှင့် ရည်မှန်းချက်များအပေါ်အခြေခံ၍ မိုဂျူး ၂၊ ၃ နှင့် ၄ကို အသုံးပြုရန် ပံ့ပိုးပေးပါသည်။ သင်သည် လက်ရှိ မိုဂျူး ၁ ကိုဖတ်နေပါသည်။

**မိုဂျူး ၂- ကျွန်ုပ်၏ လုပ်ကိုင်မှုနည်းလမ်းများကို လိုက်လျောညီထွေဖြစ်အောင်ပြုလုပ်ခြင်းဖြင့် ပိုမိုလုံခြုံဘေးကင်းသော သတင်းအချက်အလက် ဂေဟစနစ်အတွက် ကျွန်ုပ် မည်သို့ ပါဝင်ကူညီနိုင်ပါမလဲ။** ဤ မိုဂျူးသည် သင့်လုပ်ငန်းတွင် လုပ်ဆောင်နေသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ဆောင်မှုများနှင့် ဆက်စပ်သည့် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို နားလည်ရန်နှင့် ထိုအန္တရာယ်များကို လျော့ပါးစေရန် ဖြေရှင်းချက်များအား ပံ့ပိုးပေးပါသည်။ မိုဂျူး ၂ တွင် ရပ်ရွာအသိုင်းအဝိုင်းအတွက် တာဝန်ခံမှု ရှိစေရန် အဓိပ္ပါယ်ပြည့်ဝသော သတင်းအချက်အလက်ကို အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်နှင့် အကောင်းဆုံးအလေ့အကျင့်များကို ကြည့်ရှုနိုင်သည်။ ၎င်းသည် ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံရေး လှုပ်ရှားမှုများ၊ ဖြန့်ဝေမှု၊ တုံ့ပြန်ချက်ယန္တရားများနှင့် သတင်းအချက်အလက် မျှဝေခြင်းနှင့်ဆက်စပ်၍ ဖြစ်နိုင်ခြေရှိသော အန္တရာယ်များအပေါ် အာရုံစိုက်သည့်အပြင် ကွဲပြားခြားနားသော ချဉ်းကပ်မှုများမှ ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များ သို့မဟုတ် ထိခိုက်မှုများကို ကြည့်ရှုပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများသည် ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်ရေး အခြေခံမှုများနှင့် အပြိုင် အသိအမှတ်ပြုမည်ဖြစ်ပြီး အခြား လုပ်ဆောင်သူများသည် ၎င်းတို့၏လုပ်ငန်းအတွက် အထောက်အကူဖြစ်စေမည့် အရင်းအမြစ်များကို ရှာဖွေကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေမည်ဖြစ်သည်။

**မိုဂျူး ၃- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးအန္တရာယ်များအား လျော့ချခြင်း - သုံးသပ်လေ့လာချက်မူဘောင်** ဤမိုဂျူးသည် သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးအန္တရာယ်များကို လျှော့ချပေးမည့် လှုပ်ရှားမှုများကို ခွဲခြားသတ်မှတ်ရန် သင့်အား သတင်းအချက်အလက် ဂေဟစနစ်၏ ကာကွယ်ရေးဆိုင်ရာအန္တရာယ်များ သုံးသပ်လေ့လာချက်တစ်ခု လုပ်ဆောင်ရန် ပံ့ပိုးပေးပါသည်။ ပထမအပိုင်းသည် သင့်အခြေအနေတွင် ရှိနေသည့် သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးအန္တရာယ်များကို နားလည်ရန်အတွက် အသုံးဝင်သော အချက်အလက်များကို စုစည်းထားသည့် မူဘောင်တစ်ခုအတွက် ရည်ရွယ်ပါသည်။ ဒုတိယအပိုင်းသည် သင့်ရည်မှန်းချက်များနှင့် ကျွမ်းကျင်မှုအပေါ်အခြေခံ၍ သုံးသပ်လေ့လာမှုနှင့် အကြံပြုချက်များကို စုစည်းရာတွင် အထောက်အကူဖြစ်စေရန် လမ်းညွှန်တစ်ခုဖြစ်သည်။ ပြည်တွင်းမီဒီယာများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများ၊ အကာအကွယ်ပေးရေး ကျွမ်းကျင်သူများအနေဖြင့် သင်၏လုပ်ဆောင်မှုများနှင့် စွမ်းဆောင်ရည်များပေါ်မူတည်၍ ဤကဏ္ဍကို ကွဲပြားစွာအသုံးပြုပါမည်။

ဤမိုဂျူးသည် လက်နက်ကိုင်ပဋိပက္ခ၊ ရွှေ့ပြောင်းနေထိုင်မှု၊ သဘာဝ သို့မဟုတ် ရာသီဥတု ဘေးဒုက္ခ သို့မဟုတ် အခြားအကျပ်အတည်းဖြစ်ရပ်တွင် အကျပ်အတည်းကိုယ်တိုင်ကြောင့် ရပ်ရွာအသိုင်းအဝိုင်းများ ကြုံတွေ့ရသည့် အန္တရာယ်များအပေါ် အာရုံစိုက်ထားသည်။

**မိုဂျူး ၄- ထိခိုက်မှုကို လျှော့ချခြင်း - အရေးပေါ်အခြေအနေများတွင် မီဒီယာနှင့် သတင်းထောက်များအတွက် လမ်းညွှန်ချက်** အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များအား ၎င်းတို့၏ သတင်းအချက်အလက် လိုအပ်ချက်များကို ဖြေရှင်းရန်နှင့် ၎င်းတို့၏ အသံများကို ပိုကျယ်ကျယ်ကြားရစေရန်အတွက် သတင်းပို့ခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ ရိုက်ကူးခြင်း၊ ဓာတ်ပုံရိုက်ခြင်း သို့မဟုတ် ညှိနှိုင်းဆောင်ရွက်ခြင်းကဲ့သို့သော လှုပ်ရှားမှုများတွင် စေ့စပ်လုပ်ဆောင်သည့် သတင်းထောက်များ၊ မီဒီယာကျွမ်းကျင်ပညာရှင်များနှင့် အကြောင်းအရာဖန်တီးသူများအတွက် အံဝင်ခွင်ကျဖြစ်အောင် ဤမိုဂျူးကို ဖန်တီးထားပါသည်။ ဤမိုဂျူးသည် သတင်းထောက် ကျင့်ဝတ်မှ စေ့ဆော်မှုရယူ၍ အကျပ်အတည်းများ ရင်ဆိုင်နေရသော ထိခိုက်လွယ်သည့် ရပ်ရွာအသိုင်းအဝိုင်းများအတွက် အန္တရာယ် ပိုမိုဆိုးရွားလာခြင်းကို ရှောင်ရှားရန် ရည်ရွယ်သည့် အကြောင်းအရာဖန်တီးမှုဆိုင်ရာ အခြေခံကျသော ချဉ်းကပ်မှုကို လက်ခံကျင့်သုံးပါသည်။

မိုဂျူးတစ်ခုစီမှ သင်ရရှိနိုင်သောအရာကို နားလည်ရန် ပိုမိုနက်နဲသောမေးခွန်းများကို ဆက်လက်ဖတ်ရှုပါ။

# မိုဂျူး ၂ ခြုံငုံသုံးသပ်ချက် - ပိုမိုဘေးကင်းသည့် သတင်းအချက်အလက် ဂေဟာစနစ်များအတွင်း သင့်တင့်လျောက်ပတ်သော လုပ်ငန်းဆောင်ရွက်ရေး နည်းလမ်းများဖြင့် ပံ့ပိုးပေးပုံ

**ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံသည့်အခါ ကျွန်ုပ်တို့သည် အဘယ်ကြောင့် ဘေးကင်းရေးကို အမြဲကြည့်ရှုသင့်ပါသလဲ။**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားသူများ၊ မီဒီယာနှင့် အခြား သတင်းအချက်အလက်ပေးသူများသည် ကာကွယ်ရေးကြိုးပမ်းမှုကို လုပ်ငန်းတိုင်း၌ ထည့်သွင်းရန်နှင့် ပရိုဂရမ်ရေးဆွဲခြင်းကို ပိုမိုလုံခြုံဘေးကင်းပြီး တာဝန်ခံမှု ရှိစေရေးနှင့် ကိုက်ညီသည့် ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံမှု၊ ပူးပေါင်းပါဝင်မှုနှင့် တာဝန်ခံမှုတို့ကို တိုးမြှင့်ရန် ရည်ရွယ်လေ့ရှိသည်။ သို့သော် ရည်ရွယ်ချက်ကောင်းရှိထားသော ပန်းတိုင်များဖြင့်ပင် **ကျွန်ုပ်တို့ အလုပ်လုပ်ကိုင်ပုံ** က လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းအတွက် အန္တရာယ်နှင့် ဘေးရန် တိုးများစေနိုင်သည် သို့မဟုတ် လျှော့ချနိုင်သည်ကိုလည်း သတိပြုမိရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များကို ရယူအသုံးပြုခွင့် မပံ့ပိုးပေးခြင်းက အန္တရာယ်များကို ဖန်တီးသော်လည်း လူများ ဖွင့်ဟပြောဆိုခြင်း၊ စိုးရိမ်မှုများကို မျှဝေခြင်း သို့မဟုတ် အစည်းအဝေးများ တက်ရောက်ခြင်း မှတစ်ဆင့် ပါဝင်မှု တိုးများလာခြင်းကလည်း ထည့်သွင်းစဉ်းစားရန်နှင့် လျော့ပါးစေရန် လိုအပ်သည့် အန္တရာယ်များနှင့် တွဲလာတတ်သည်။

ရပ်ရွာအသိုင်းအဝိုင်းမှ ဦးဆောင်သည့် ဒေသဆိုင်ရာ ချဉ်းကပ်မှုများအတွက် မရှိမဖြစ်လိုအပ်သော ရပ်ရွာအသိုင်းအဝိုင်း အခြေပြု ကနဦးလုပ်ဆောင်မှုများသည်လည်း ဘေးအန္တရာယ်များနှင့် တွဲလာနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဤကနဦးလုပ်ဆောင်ချက်များကို ဘေးကင်းစွာ ဒီဇိုင်းဆွဲကာ ရယူအသုံးပြုရန် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များကို ကူညီပံ့ပိုးခြင်းဖြင့် ထိုအန္တရာယ်များကို ခွဲခြားဖော်ထုတ်ရန်နှင့် လျော့ပါးသက်သာစေရန် ရပ်ရွာအသိုင်းအဝိုင်းများကို ကူညီသည့်အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ ဥပမာအားဖြင့် ဒေသတွင်း ရေဒီယိုဌာနများမှ နားဆင်သူများအား ၎င်းတို့၏ အမြင်များ၊ စိုးရိမ်မှုများနှင့် မေးခွန်းများကို လေလှိုင်းမှ တိုက်ရိုက်ထုတ်လွှင့် ဖုန်းခေါ်ဆိုမှု အစီအစဉ်များတွင် ပါဝင်စုစည်းပေးခြင်းမျိုးကို တွေ့ရများသည်။ ရံဖန်ရံခါ ၎င်းတွင် အကူအညီပေးရေး ကြိုးပမ်းမှုများအပေါ် လူထုအသိုင်းအဝိုင်းမှ ဝေဖန်မှုများလည်း ပါဝင်နိုင်သည်၊ ဥပမာအားဖြင့် လုံလောက်သော အထောက်အပံ့ မရရှိသည့် အတွေ့အကြုံများ၊ အကူအညီများ အလွန်နောက်ကျမှ ရောက်လာခြင်း သို့မဟုတ် မျှမျှတတ ဖြန့်ဝေမှု မရှိခြင်း အတွေ့အကြုံများလည်း ပါဝင်လာနိုင်ပါသည်။ အကယ်၍ တုံ့ပြန်မှုကို မည်သို့စီစဉ်ထားပုံ နှင့် အရေးကြီးသောအချက်မှာ တစ်ဆက်တည်း ဘာပါဝင်နေပုံနှင့် ပတ်သက်၍ အတွင်းကျကျ အမြင်များ ပေးအပ်ရန် ကျွမ်းကျင်သူများ သို့မဟုတ် နားလည်တတ်ကျွမ်းသူများပါဝင်ခြင်းမရှိဘဲ ထုတ်လွှင့်ပါက အဆိုပါပုံစံများသည် မလိုလားအပ်သော ဆန့်ကျင်ဘက်အရာများနှင့် မယုံကြည်မှုကို ဖြစ်ပေါ်စေသည့် ဆိုးကျိုးများရရှိစေနိုင်ပါသည်။ လူသိရှင်ကြား ထုတ်ပြောရန် ဖိတ်ခေါ်ခံရသည့် အခြေအနေမျိုးတွင် (အမည်မဖော်သူအဖြစ် ပါဝင်စေသည် မဟုတ်ဘဲ) ဖွင့်ဟပြောဆိုရန် လူများအား ဖိတ်ခေါ်သည့် အခြေအနေများတွင် တရားဥပဒေနှင့် နိုင်ငံရေး အခြေအနေအလုံးစုံကို သတိထားသင့်ပြီး နိုင်ငံရေး

လှုပ်ရှားသူများ သို့မဟုတ် အာဏာပိုင်များ၏ လက်တုံ့ပြန်မည့် အန္တရာယ် မဖြစ်စေကြောင်း သေချာအောင် ပွဲစီစဉ်သူများမှ လုပ်ထားသင့်ပါသည်။

**အွန်လိုင်းပလက်ဖောင်းများကို အသုံးပြု၍ သတင်းအချက်အလက် ပေးရာတွင် ကျွန်ုပ်တို့ စဉ်းစားသင့်သည့် အန္တရာယ်များ ရှိပါသလား။**

ဒီဂျစ်တယ် သတင်းအချက်အလက် ဂေဟစနစ်များ၏ မြန်ဆန်သော တိုးတက်မှုက အလုံးအရင်း ဆက်သွယ်ပြောဆိုမှု ရရှိရန် ဖွင့်ပေးခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဆင်အပြင်တွင်း အချက်အလက်ဆိုင်ရာ လုပ်ဆောင်သူများအနေဖြင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ရန်နှင့် ၎င်းတို့အချင်းချင်းကြား ဆက်သွယ်ပြောဆိုမှု ချောမွေ့စေရန် အခွင့်အလမ်းသစ်များ ဖန်တီးပေးစွမ်းခဲ့သည်။ လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ဝန်ဆောင်မှုများအကြောင်း ပြောဆိုမှုများနှင့် စေ့စပ်လုပ်ဆောင်မှုသည် အွန်လိုင်းတွင် တိုးများဖြစ်ပေါ်နေခြင်းဖြင့် ထိန်းညှိမှု မရှိသော သို့မဟုတ် နည်းပါးသော ကိစ္စရပ်များတွင်း သတင်းမှား ဖြန့်ဖြူးခြင်းသည် အငြင်းပွားဖွယ်မရှိနိုင်ဖြစ်နေစေကာ အန္တရာယ်ရှိသော ကောလဟာလများကိုလည်း ဖြန့်ဖြူးနိုင်သည်။ အထက်၌ဖော်ပြထားသည့် အန္တရာယ်များနှင့် လုံခြုံရေးစဉ်းစားရန်အချက်တူများထဲမှ အများစုသည် ဒစ်ဂျစ်တယ်ဖြင့် ပေးပို့သော ဆက်သွယ်ပြောဆိုမှုနှင့် သတင်းအချက်အလက်များအတွက်လည်း သက်ဆိုင်ပါသည်။ သို့သော် နည်းပညာအသစ်များတွင် သတင်းအချက်အလက် ပံ့ပိုးသူများနှင့် ရပ်ရွာအသိုင်းအဝိုင်းတို့ နားလည်ရန်လိုအပ်သည့် အပြောင်းအလဲမြန်ပြီး ထူးခြားသော အန္တရာယ်များနှင့် တွဲလာတတ်သည်။ ကိုယ်ရေးကိုယ်တာ သီးသန့်ဖြစ်ရေး ဆက်တင်များ၊ 'ပိတ်ထားသော' အုပ်စုများရှိ သီးသန့်ဖြစ်မှုအဆင့်များသည် လူများအတွက် အွန်လိုင်းပတ်ဝန်းကျင်တွင် စေ့စပ်ဆောင်ရွက်မှုကို မေးမှိန်သွားစေနိုင်သည့် အချက်အလက်တချို့ဖြစ်ပြီး အထူးသဖြင့် ထိခိုက်လွယ်မှု ကြုံတွေ့ရနိုင်သူများအတွက်ဖြစ်သည်။ ဥပမာအားဖြင့်၊ WhatsApp အဖွဲ့အား သီးသန့် သို့မဟုတ် ပိတ်ထားသည် (တစ်စုံတစ်ဦးမှ သင့်အား ဝင်ရောက်ခွင့်ပေးရန် လိုအပ်သည်) ဟု ယူဆနိုင်သော်လည်း ထိုအဖွဲ့၏ အဖွဲ့ဝင်ပမာဏသည် စောင့်ကြည့်ခြင်းနှင့် မျှဝေထားသော ချိန်ညှိရေး စွမ်းဆောင်ရည်ကို ကန့်သတ်ထားသည့် နေရာအမှတ်သို့ ရောက်သည်နှင့် ဤအဖွဲ့များသည် အမှန်တကယ် ဖွင့်ပေးထားသော ပလက်ဖောင်းများ (de facto open platforms) အဖြစ် လုပ်ဆောင်နိုင်သည်၊ ထိုအခါ မည်သူပါဝင်ပြီး ၎င်းတို့၏ ရည်ရွယ်ချက်က ဘာလဲဆိုသည်ကို ကြီးကြပ်နိုင်ခြေ နည်းပါးသွားမည်ဖြစ်သည်။ အရေးပေါ်အခြေအနေရှိသော လူများအကြောင်း သတင်းအချက်အလက်က လိမ်ညာသူများ၊ လူကုန်ကူးသူများ သို့မဟုတ် အခြား မကောင်းသော ရည်ရွယ်ချက်ရှိသည့် အဖွဲ့အစည်းများ၏ အာရုံကို ဆွဲဆောင်နိုင်ပြီး ၎င်းတို့၏ ထိခိုက်လွယ်မှုကို အသုံးချကာ ငွေရေးကြေးရေး အကျိုးအမြတ် သို့မဟုတ် အခြား ကျင့်ဝတ်နှင့်မညီသော ရည်ရွယ်ချက်များအတွက် အကျိုးထုတ်သွားစေနိုင်သည်။

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတွင် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများကြား ညှိနှိုင်းဆောင်ရွက်ရန် ဘာကြောင့် မရှိမဖြစ်လိုအပ်ပါသလဲ။**

၎င်းက အသုံးဝင်ပြီး မှန်ကန်တိကျသော သတင်းအချက်အလက်ကို ဘေးကင်းစွာနှင့် အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်ကို မြှင့်တင်ပေးနိုင်သောကြောင့် ဖြစ်သည်။ ကျန်းမာသော သတင်းအချက်အလက် ဂေဟစနစ်တစ်ခုတွင် ရည်ရွယ်ချက်တူသည့် များစွာသော သတင်းအချက်အလက်ရေးရာလုပ်ဆောင်သူများပါဝင်ကာ ထိုသူများက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကြောင့် ထိခိုက်

ခံရသော ရပ်ရွာအသိုင်းအဝိုင်းများတွင်း ပါဝင်သူများအတွက် အချက်အလက် ရှာဖွေ၊ ရယူအသုံးပြု၊ ဖန်တီးပြီး မျှဝေရန် ဘေးကင်း၊ ဂုဏ်သိက္ခာရှိပြီး အဓိပ္ပါယ်ရှိသော နည်းလမ်းများကို ပံ့ပိုးပေးနေသည်။ သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများသည် မတူညီသော အားသာချက်များရှိပြီး ၎င်းတို့၏ အခန်းကဏ္ဍ၊ စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များပေါ်မူတည်၍ မတူညီသော ပံ့ပိုးကူညီမှုများ လိုအပ်ပါသည်။ မီဒီယာ၊ အရပ်ဘက် လူ့အဖွဲ့အစည်း၊ အစိုးရနှင့် လူသားချင်းစာနာမှုဆိုင်ရာ အသိုင်းအဝိုင်းများအကြား ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အရင်းအမြစ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုနှင့် သတင်းအချက်အလက် ဂေဟစနစ်နှစ်ခုလုံးကို အားကောင်းစေမည်ဖြစ်သည်။

**ပိုမိုဘေးကင်းသော သတင်းအချက်အလက် ဂေဟစနစ်ကို အထောက်အကူ ပြုနိုင်စေရန်အတွက် ကျွန်ုပ်၏ လုပ်ဆောင်မှုနည်းလမ်းများကို လိုက်လျောညီထွေဖြစ်အောင် ကူညီပေးရန် မည်သည့် ကိရိယာများ ရရှိနိုင်ပါသလဲ။**

**မိုဂျူး ၂ နောက်ဆက်တွဲ လမ်းညွှန်**

| နောက်ဆက်တွဲများ | လမ်းညွှန်ချက်များ / ရည်ရွယ်ချက်များနှင့် ချိတ်ဆက်မှုများ |
|---|---|
| နောက်ဆက်တွဲ ၁ - အချက်အလက်နှင့် ကာကွယ်မှုဆိုင်ရာ အသုံးအနှုန်း ဝေါဟာရများ | အကာအကွယ်၊ သတင်းအချက်အလက်၊ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အယူအဆများ / လုပ်ငန်းများနှင့် သက်ဆိုင်သည့် ဤလမ်းညွှန်ချက်တွင် အသုံးပြုသည့် ဝေါဟာရများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်။ |
| နောက်ဆက်တွဲ ၂ - အန္တရာယ်အကဲဖြတ်ရေး ကိရိယာ | ပရောဂျက်/ကြားဝင်ဆောင်ရွက်မှု၏ အန္တရာယ်များနှင့် အကျိုးကျေးဇူးများကို ခွဲခြားသတ်မှတ်ရန် ဆက်သွယ်ရေး၊ သတင်းအချက်အလက် သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံမှုရေးတွင် လုပ်ကိုင်နေသူတိုင်းကို ပံ့ပိုးပေးပြီး၊ ပရောဂျက်တစ်ခုသည် ရပ်ရွာအတွင်း အကောင်အထည်ဖော်ရန် ဘေးကင်းမှုရှိမရှိနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်ကို ပံ့ပိုးပေးသည်။ |
| နောက်ဆက်တွဲ ၆ - မီဒီယာ ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း ကိရိယာ | ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း ကိရိယာသည် မီဒီယာ ကဏ္ဍများအတွင်း၊ သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်၏ မဏ္ဍိုင်လေးရပ်တွင်း လုပ်ကိုင်နေရသူများထံမှ ဒေတာများကို စုဆောင်းရန် မီဒီယာတွင် လုပ်ကိုင်နေသော သူများထံမှ ဒိုင်းထုတ်ထားသည်။ |
| နောက်ဆက်တွဲ ၈ - သတင်းအချက်အလက်နှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှု | လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများ၊ မီဒီယာနှင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များအတွက် သတင်းအချက်အလက်နှင့် အကာအကွယ်များအကြောင်း မိတ်ဆက်ခြင်း။ |

# မိုဂျူး ၃ ခြုံငုံသုံးသပ်ချက် - သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးအန္တရာယ်များအား လျှော့ချခြင်း - သုံးသပ်လေ့လာချက်မူဘောင်

**သတင်းအချက်အလက် ဂေဟစနစ်၏ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို သုံးသပ်လေ့လာချက် ဆိုသည်မှာ ဘာပါလဲ။ ၎င်းက ကျွန်ုပ်၏လုပ်ငန်းကို မည်သို့အထောက်အကူပြုပါမလဲ။**

ဤကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို သုံးသပ်လေ့လာရခြင်း၏ ရည်ရွယ်ချက်မှာ မှန်ကန်တိကျသော သတင်းအချက်အလက်ကို ဘေးကင်းစွာနှင့် အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့် တိုးများစေသော နည်းလမ်းဖြင့် အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများ၏ လုပ်ဆောင်နည်းများကို အသိပေးရန် အကြံပြုချက်များ ပံ့ပိုးပေးရန်ဖြစ်သည်။ အဆိုပါ အကြံပြုချက်များကို ဖော်ထုတ်ရန် လူများကြုံတွေ့ရသည့် အန္တရာယ်များက ဘာဖြစ်ကြောင်းကို ကျွန်ုပ်တို့ နားလည်ရန် လိုအပ်သည် - မည်သို့သောခြိမ်းခြောက်မှုများကို လူများ ရင်ဆိုင်နေရကြောင်း၊ အဆိုပါ ခြိမ်းခြောက်မှုများကြောင့် လူ့အဖွဲ့အစည်းအတွင်း မည်သူသည် အထိခိုက်ခံရဆုံးဖြစ်ကြောင်းနှင့် ထိုခြိမ်းခြောက်မှုကို ဖယ်ရှားရန် သို့မဟုတ် လျှော့ချရန် စွမ်းဆောင်ရည် မည်မျှရှိကြောင်း စသည်တို့ကို သိထားရပါမည်။

**သတင်းအချက်အလက် ဂေဟစနစ်၏ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များအကြောင်း သုံးသပ်လေ့လာချက်ဆိုင်ရာ ဥပမာ -**

- သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း - ပဋိပက္ခနယ်မြေတစ်ခုတွင်း နေထိုင်နေသော သတင်းထောက် အမျိုးသမီးသည် သူ့ဒေသရှိ လုံခြုံရေးအခြေအနေ အကြောင်း ဇာတ်လမ်းတစ်ပုဒ် ရေးထားသည်။ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့ သည် ဒေသအတွင်းနှင့် အပြင်သို့ သတင်းအချက်အလက်များ ပျံ့နှံ့ခြင်းကို ပိတ်ဆို့ထားရန် ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ အားလုံးကို ဖျက်ဆီးပစ်သောကြောင့် အင်တာနက်အသုံးပြုရန် ကီလိုမီတာများစွာ လမ်းလျှောက်ရန် လိုအပ်သည်။ ဤခရီးစဉ်သည် အထူးသဖြင့် အမျိုးသမီးများအတွက် ဘေးမကင်းသော်လည်း သူတပါးကို အန္တရာယ်မဖြစ်စေရန် တစ်ယောက်တည်း ခရီးသွားခြင်းကို သူမကနှစ်သက်သည်ဟု ဆိုပါသည်။ အမျိုးသမီးသည် သူမ၏ အစီရင်ခံစာကို ပြီးမြောက်ရန် အင်တာနက် ရယူအသုံးပြုရန် လမ်းခုလတ်တွင် ကိုယ်ထိလက်ရောက် တိုက်ခိုက်ခံခဲ့ရ သည်။ သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းက အမျိုးသမီးအား သတင်းအချက်အလက်ဖန်တီးရန် စွန့်စားစေမိကာ အဆုံးသတ်တွင် ကျား/မ အခြေပြုအကြမ်းဖက်မှု ဖြစ်ပေါ်သွားစေခဲ့သည်။

- လုပ်ကြံသတင်း - **တိုင်ဖွန်းမုန်တိုင်း နီးကပ်လာသည်နှင့်အမျှ ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူများ (IDP) အသိုက်အဝန်းသည် ပိုမိုလုံခြုံသောနေရာတွင် ခိုလှုံရန်အတွက် ယာယီခိုလှုံရာနေရာတစ်ခုမှ အခြားလုံခြုံရာ ယာယီခိုလှုံရာနေရာသို့ ရွှေ့ပြောင်းရန် ငြင်းဆန် လျက်ရှိသည်။ အစိုးရနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ၏ လွတ်လပ်မှုမရှိခြင်းကို ပစ်မှတ်ထားသည့် အချိန်ကြာမြင့်စွာ ပျံ့နှံ့ခဲ့သော လုပ်ကြံသတင်း များ လုပ်ကြံလှုံ့ဆော်မှုသည် အဆိုပါ သတင်းအရင်းအမြစ်များအပေါ် လူများ၏ယုံကြည် မှုကို ထိခိုက်စေခဲ့ခြင်းကြောင့် အစိုးရနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီ များမှ အရေးပေါ်သတင်းစကားများ ထုတ်ပြန်ပေးရခြင်းဖြစ်သည်။ ဖယ်ရှားရေး အားထုတ် မှုများသည် ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများ (IDPs) ကို လူသိပ်မကြိုက်သည့် ဒေသသို့ ရွှေ့ပြောင်းရန် ဗျူဟာတစ်ခုဖြစ်သည်ဟု လူအများအပြားက ယုံကြည်ကြသည်။**

**သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင် ဆိုသည်မှာ ဘာပါလဲ။**

သတင်းအချက်အလက်ကာကွယ်ရေးဆိုင်ရာ မူဘောင်သည် သတင်းအချက်အလက်နှင့်ဆက်စပ်သော ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို သုံးသပ်လေ့လာရန်အတွက် အသုံးများသော ဖွဲ့စည်းပုံတစ်ခု ပံ့ပိုး ပေးသည်။ မူဘောင်ကို သီးခြားအကြောင်းအရာနှင့် သီးခြား သုံးသပ်လေ့လာမှု၏ ရည်ရွယ်ချက်များ နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားသင့်သည်။ မူဘောင်သည် ခွဲခြမ်းစိတ်ဖြာရန်အတွက် ကိရိယာများကို ဒီဇိုင်းထုတ်သည့်အခါ ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် အကြောင်းအရာလိုက် နယ်ပယ်များ (ဆက်စပ်အခြေအနေ၊ ခြိမ်းခြောက်မှု၊ ထိခိုက်လွယ်မှု၊ စွမ်းဆောင်ရည်) ကို လမ်းညွှန်ပေး ပါသည်။ လမ်းညွှန်ချက်များပါ သုံးသပ်လေ့လာမှု မေးခွန်းများနှင့် နောက်ဆက်တွဲများတွင်ပါဝင်သော နည်းစနစ်များစွာတလွှားရှိ ဒေတာစုဆောင်းမှုဆိုင်ရာ မေးခွန်းများက ဤဒီဇိုင်းကို ပံ့ပိုးပေးထားသည်။

## iPAF သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်

### အကြောင်းအရာ

- အကျဉ်းအတည်း အကြောင်းအရာနှင့် ဆက်စပ်သော အာဏာကို ဟန်ချက်ညီအောင် ခွဲဝေ ကျင့်သုံးပုံနည်းလမ်းများ
- ယဉ်ကျေးမှု၊ နိုင်ငံရေး နှင့် လူမှုစီးပွားရေး အခင်းအကျင်း
- အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေနှင့် စံနှုန်းဆိုင်ရာ အခင်းအကျင်း
- ရေးရိုးထုံးစံနှင့် ဒစ်ဂျစ်တယ် သတင်းအချက်အလက် အခင်းအကျင်း

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာ အသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ အပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုအတွက် အဓိက လုပ်ဆောင်သူများ
- သတင်းအချက်အလက်နှင့် ဆက်စပ် ကာကွယ်ရေး ခြိမ်းခြောက်မှု၏ ဇစ်မြစ်

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာ အသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ဝိသေသလက္ခဏာများ
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေး ခြိမ်းခြောက်မှုများ၏ နောက်ဆက်တွဲအကျိုးဆက်
- ထိခိုက်ခံရသော ရပ်ရွာ အသိုင်းအဝိုင်းများ နှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ရင်ဆိုင်ဖြေရှင်းရေး နည်း ဗျူဟာများ

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရှိပြီးသား စွမ်းရည်များ

- ထိခိုက်ခံရသည့် ရပ်ရွာ အသိုင်းအဝိုင်းများ (တစ်ဦးချင်း/ မိသားစုအဆင့် အလိုက်) ၏ စွမ်းဆောင်ရည်များ
- ထိခိုက်ခံရသည့် ရပ်ရွာ အသိုင်းအဝိုင်းများ (ဒေသန္တရအဆင့်တွင်) ၏ ဒေသဆိုင်ရာ လုပ်ထုံးလုပ်နည်းယန္တရားများနှင့် စွမ်းဆောင်ရည်များ
- ဒေသန္တရ၊ ဒေသတွင်းနှင့် နိုင်ငံအဆင့် မီဒီယာများ၏ စွမ်းဆောင်ရည်များ
- အဖွဲ့အစည်းဆိုင်ရာ၊ အခြား ယန္တရားများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စွမ်းဆောင်ရည်များ

**ကျွန်ုပ်တို့၏ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ရန် သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင် တစ်ခုလုံး (မဏ္ဍိုင်များနှင့် မဏ္ဍိုင်ခွဲများ အားလုံး) ကို အသုံးပြုရန် လိုအပ်ပါသလား။**
သတင်းအချက်အလက်နှင့် ပတ်သက်သော ကာကွယ်ရေးဆိုင်ရာအန္တရာယ်များအကြောင်း သင်နားလည်လိုသည့် အကြောင်းရင်းကို ဖော်ထုတ်ပြီးသည်နှင့် ယခင်မေးခွန်းရှိ ဇယားကိုကြည့်ပါ၊ မည်သည့် မဏ္ဍိုင်များနှင့် မဏ္ဍိုင်ခွဲများသည် သင့်လိုအပ်ချက်နှင့် အကိုက်ညီဆုံးဖြစ်ကြောင်း ကြည့်ရှုပါ။ လက်ရှိ ဆန်းစစ်အကဲဖြတ်မှုများမှ မည်သည့်အချက်အလက်ကို သင်ရရှိထားသလဲ၊ ဆက်စပ်အခြေအနေ၊ ခြိမ်းခြောက်မှု၊ ထိုခြိမ်းခြောက်မှုကြောင့် အနည်းနှင့်အများ ထိခိုက်လွယ်နိုင်သော ရပ်ရွာအသိုင်းအဝိုင်းကို ပိုမိုကောင်းမွန်စွာ နားလည်ရန် မည်သည့်အချက်အလက်များ သင် လိုအပ်ပါသလဲ။ ထိုအန္တရာယ်များကို လျှော့ချရန် မည်သို့သော သတင်းအချက်အလက်များကို ရှာဖွေရန် သင် လိုအပ်ပါသလဲ - ဥပမာအားဖြင့် ရပ်ရွာအသိုင်းအဝိုင်းသည် သတင်းအချက်အလက် အသုံးပြုတတ်အောင် ပံ့ပိုးကူညီမှု လိုအပ်ပါသလား၊ ပြည်တွင်းမီဒီယာများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများသည် သတင်းအချက်အလက် ဂေဟစနစ်ကို အားကောင်းစေရန် လက်တွဲလုပ်ဆောင်နေပြီလား၊ အစိုးရသည် လုပ်ကြံသတင်းများကို နားလည်ပြီး စောင့်ကြည့်နေပါသလား။

**ရည်ရွယ်ချက်မှာ ပြဿနာ (ခြိမ်းခြောက်မှုနှင့် ၎င်း၏ဆိုးကျိုးများ) ကို ခွဲခြားဖော်ထုတ်ရန် တစ်ခုတည်းမဟုတ်ဘဲ ဘေးကင်းပြီး မှန်ကန်တိကျသော သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်ကို တိုးတက်စေရန် ဖြေရှင်းနည်းများကို ဖော်ထုတ်ရန်ဖြစ်ကြောင်း သတိရပါ။**

**လက်ရှိ ဒေတာစုဆောင်းရေး ကိရိယာများကို အချိန်နှင့်တစ်ပြေးညီဖြစ်အောင်လုပ်ရန် လမ်းညွှန်ချက်များကို ကျွန်ုပ်တို့ မည်သို့အသုံးပြုမည်နည်း။**
သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်သည် သင်၏ လက်ရှိကိရိယာများတွင် ထည့်သွင်းနိုင်သည့် သတင်းအချက်အလက် လိုအပ်ချက်များကို ခွဲခြားဖော်ထုတ်ရန်၊ သတင်းအချက်အလက် ဂေဟစနစ်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များအကြောင်း သုံးသပ်လေ့လာမှု ပိုမိုအားကောင်းစေရန်အတွက် ကောင်းမွန်သော အစမှတ်တစ်ခုဖြစ်သည်။ သင်၏ လက်ရှိကိရိယာများသည် အဓိက သတင်းအချက်အလက် လိုအပ်ချက်များကို လွှမ်းခြုံထားပြီး ဖြစ်မဖြစ် ဆန်းစစ်အကဲဖြတ်ရန် ခေတ်ရေစီးကြောင်းများကိုလည်း သင် စောင့်ကြည့်နိုင်သည်။ သင်လုပ်ဆောင်နေသည့် အခြေအနေများတွင် အစိုးရ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ မီဒီယာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ ထုတ်လုပ်ရရှိနိုင်သော အခြားအရင်းအမြစ်များကို ကြည့်ရှုရန် မမေ့ပါနှင့် - ၎င်းတို့က အပြင်၌ အများအပြား ရှိနေတတ်ကြသည်။

**သတင်းအချက်အလက်နှင့် ပတ်သက်သော ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို နားလည်ရန် လမ်းညွှန်ချက်များတွင် မည်သည့်ကိရိယာများကို ရနိုင်ပါသလဲ။**

## မိုဂျူး ၃ နောက်ဆက်တွဲ လမ်းညွှန်

| နောက်ဆက်တွဲများ | လမ်းညွှန်ချက်များ / ရည်ရွယ်ချက်များနှင့် ချိတ်ဆက်မှုများ |
|---|---|
| နောက်ဆက်တွဲ ၁ - အချက်အလက်နှင့် ကာကွယ်မှုဆိုင်ရာ အသုံးအနှုန်း ဝေါဟာရများ | အကာအကွယ်၊ သတင်းအချက်အလက်၊ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အယူအဆများ / လုပ်ငန်းများနှင့် သက်ဆိုင်သည့် ဤလမ်းညွှန်ချက်တွင် အသုံးပြုသည့် ဝေါဟာရများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်။ |
| နောက်ဆက်တွဲ ၃ - ရပ်ရွာအသိုင်းအဝိုင်း ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း ကိရိယာ | ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း ကိရိယာသည် သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်၏ မဏ္ဍိုင်လေးရပ်ပါ ရပ်ရွာအသိုင်းအဝိုင်း အချက်အလက်များကို စုဆောင်းရန် ဒီဇိုင်းရေးဆွဲထားသည်။ |
| နောက်ဆက်တွဲ ၄ - အိမ်ထောင်စု စစ်တမ်း ကိရိယာ | သီးခြားရပ်ရွာအသိုင်းအဝိုင်းတစ်ခုအတွင်း သို့မဟုတ် ၎င်းထက်ပိုမို ကျယ်ပြန့်များပြားသော လူဦးရေအတွင်း သတင်းအချက်အလက်များ မည်သို့မည်ပုံ ဖန်တီး၊ ရယူ၊ မျှဝေလျက်ရှိသည်ကို နားလည်ရန်အတွက် စစ်တမ်းကောက်ယူရန် ဤကိရိယာကို အသုံးပြုနိုင်သည်။ ထိုသို့လုပ်ဆောင်ရာတွင် လူများသည် အန္တရာယ်များကို မည်သည့်နေရာများတွင် ကြုံတွေ့ရနိုင်ကြောင်း ကူညီဖော်ထုတ်ပေးရန် ရည်ရွယ်ပါသည်။ |
| နောက်ဆက်တွဲ ၅ - အဓိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းခြင်း ကိရိယာ | ထိခိုက်ခံရသူများနှင့် အိမ်ရှင်လူ့အဖွဲ့အစည်းအတွင်းရှိ ရွေးချယ်ထားသော သတင်းအချက်အလက်ပေးသူများနှင့် တစ်ဦးချင်း လေးလေးနက်နက် တွေ့ဆုံမေးမြန်းမှုများသည် ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှုများ (FGD) အတွင်း ဆွေးနွေးရာတွင် အလွှန်သတိထားရမည့် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ရရှိစေရန် အခွင့်အရေးတစ်ခု ပံ့ပိုးပေးပါမည်။ |
| နောက်ဆက်တွဲ ၆ - မီဒီယာ ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း ကိရိယာ | ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း ကိရိယာသည် မီဒီယာ ကဏ္ဍများအတွင်း၊ သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်၏ မဏ္ဍိုင်လေးရပ်တွင်း လုပ်ကိုင်နေရသူများထံမှ ဒေတာများကို စုဆောင်းရန် မီဒီယာတွင် လုပ်ကိုင်နေသောသူများထံမှ ဒီဇိုင်းထုတ်ထားသည်။ |
| နောက်ဆက်တွဲ ၇ - သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင် (IPAF) | သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင် (IPAF) ကို ပုံနှိပ်ထုတ်ဝေမှု |
| နောက်ဆက်တွဲ ၈ - သတင်းအချက်အလက်နှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှု | လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများ၊ မီဒီယာနှင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များအတွက် သတင်းအချက်အလက်နှင့် အကာအကွယ်များအကြောင်း မိတ်ဆက်ခြင်း။ |

# မိုဂျူး ၄ ခြုံငုံသုံးသပ်ချက် - ထိခိုက်မှု ဘေးအန္တရာယ်ကို လျှော့ချခြင်း - အရေးပေါ်အခြေအနေများတွင် မီဒီယာနှင့် သတင်းထောက်များအတွက် လမ်းညွှန်ချက်

**မီဒီယာနှင့် သတင်းထောက်များအတွက် သီးသန့် မိုဂျူးတစ်ခု ဘာကြောင့်ရှိနေရပါသလဲ။**

ဤမိုဂျူးကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြောင်းအရာပေါ်တွင် ထိခိုက်လွယ်သည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် လုပ်ကိုင်နေသော သတင်းထောက်များ၊ မီဒီယာဝန်ထမ်းများနှင့် အကြောင်းအရာဖန်တီးသူများအတွက် ဒီဇိုင်းထုတ်ထားပါသည်။ ဤမိုဂျူးသည် လူတွေ့မေးမြန်းခြင်း၊ ဓာတ်ပုံရိုက်ခြင်း သို့မဟုတ် ဖလင်ရိုက်ကူးခြင်းတို့ဖြင့် အကျပ်အတည်းကြောင့် ထိခိုက်ခံစားရသူများအကြောင်း တိုက်ရိုက်အစီရင်ခံရန် ရည်ရွယ်ပြီး မီဒီယာအလေ့အထများသည် ရပ်ရွာအသိုင်းအဝိုင်းမှ ရင်ဆိုင်နေရသော ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို အထောက်အကူမပြုကြောင်း သေချာစေရန် အကြံပြုချက်များကို ပံ့ပိုးပေးပါသည်။ မိုဂျူး ၁၊ ၂ နှင့် ၃ တို့သည် မီဒီယာနှင့်လည်း သက်ဆိုင်သော်လည်း မီဒီယာမှ ၎င်းတို့၏အလုပ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အကာအကွယ်ဆိုင်ရာ လုပ်ဆောင်သူများနှင့် ကွဲပြားသော သီးခြားမေးခွန်းများ၊ ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများနှင့် ပန်းတိုင်များ ရှိမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုပြီး၊ ယင်းအတွက်ကြောင့်ပင် ဤလုပ်ငန်းအတွင်း သက်ဆိုင်ရာနယ်ပယ်များကို အတိအကျညွှန်ပြရန် အံဝင်ခွင်ကျ မိုဂျူးတစ်ခုကို ဖော်ထုတ်ခဲ့ခြင်းဖြစ်ပါသည်။

**ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များအကြောင်း သုံးသပ်လေ့လာချက်နှင့် အန္တရာယ် လျှော့ချခြင်းသည် အဘယ်ကြောင့် မီဒီယာနှင့် သတင်းထောက်များနှင့် သက်ဆိုင်ပါသလဲ။**

သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူအားလုံးအတွက် တည်ရှိနေသော တာဝန်များသည် နားလည်မှု ကွာဟချက်များအား ကိုင်တွယ်ဖြေရှင်းရန်နှင့် သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးအန္တရာယ်များကို တုံ့ပြန်သည့်အနေဖြင့် ပရော်ဖက်ရှင်နယ် သတင်းထောက်များ အသင်း၏ ကျင့်ဝတ်ဥပဒေများနှင့် ကိုက်ညီမှုရှိနေပါသည်။ ပဋိပက္ခဖြစ်စေ၊ သဘာဝဘေးဒဏ်ကျရောက်ပြီး ရှုပ်ထွေးမှုအတွင်းဖြစ်စေ အကျပ်အတည်း သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းများ၏ ဘဝများကို သိသိသာသာ ထိခိုက်စေသည့် အခြားအကျပ်အတည်းများ ကျရောက်ချိန်များတွင် သတင်းထောက်များနှင့် အခြား မီဒီယာဝန်ထမ်းများသည် မကြုံစဖူး ကျင့်ဝတ်ဆိုင်ရာ ဖိအားများနှင့် ရင်ဆိုင်ရပါသည်။ မီဒီယာအားလုံးသည် ကျင့်ဝတ်စံနှုန်းများအတိုင်း လုပ်ဆောင်သင့်ပြီး ပရော်ဖက်ရှင်နယ် အစီရင်ခံရေးဆိုင်ရာ ကျင့်ထုံးများကို အချိန်တိုင်းလိုက်နာသင့်သော်လည်း အကျပ်အတည်းကြောင့် ထိခိုက်ခံစားရသည့်ရပ်ရွာအသိုင်းအဝိုင်းနှင့် လုပ်ကိုင်ချိန်တွင် ထပ်လောင်းကြိုတင်ကာကွယ်မှုများ လိုအပ်နိုင်သည်ကို သတိရရန် အရေးကြီးပါသည်။

| မိုဂျူး ၄ နောက်ဆက်တွဲ လမ်းညွှန် | |
|---|---|
| **နောက်ဆက်တွဲများ** | **လမ်းညွှန်ချက်များ / ရည်ရွယ်ချက်များနှင့် ချိတ်ဆက်မှုများ** |
| နောက်ဆက်တွဲ ၁ - အချက်အလက်နှင့် ကာကွယ်မှုဆိုင်ရာ အသုံးအနှုန်း ဝေါဟာရများ | အကာအကွယ်၊ သတင်းအချက်အလက်၊ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အယူအဆများ / လုပ်ငန်းများနှင့် သက်ဆိုင်သည့် ဤလမ်းညွှန်ချက်တွင် အသုံးပြုသည့် ဝေါဟာရများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်။ |
| နောက်ဆက်တွဲ ၂ - အန္တရာယ်အကဲဖြတ်ရေး ကိရိယာ | ပရောဂျက်/ကြားဝင်ဆောင်ရွက်မှု၏ အန္တရာယ်များနှင့် အကျိုးကျေးဇူးများကို ခွဲခြားသတ်မှတ်ရန် ဆက်သွယ်ရေး၊ သတင်းအချက်အလက် သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံမှုရေးတွင် လုပ်ကိုင်နေသူတိုင်းကို ပံ့ပိုးပေးပြီး၊ ပရောဂျက်တစ်ခုသည် ရပ်ရွာအတွင်း အကောင်အထည်ဖော်ရန် ဘေးကင်းမှုရှိမရှိနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်ကို ပံ့ပိုးပေးသည်။ |
| နောက်ဆက်တွဲ ၃ - ရပ်ရွာအသိုင်းအဝိုင်း ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း ကိရိယာ | ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း ကိရိယာသည် သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်၏ မဏ္ဍိုင်လေးရပ်ပါ ရပ်ရွာအသိုင်းအဝိုင်း အချက်အလက်များကို စုဆောင်းရန် ဒီဇိုင်းရေးဆွဲထားသည်။ |
| နောက်ဆက်တွဲ ၄ - အိမ်ထောင်စု စစ်တမ်းကိရိယာ | သီးခြားရပ်ရွာအသိုင်းအဝိုင်းတစ်ခုအတွင်း သို့မဟုတ် ၎င်းထက်ပိုမို ကျယ်ပြန့်များပြားသော လူဦးရေအတွင်း သတင်းအချက်အလက်များ မည်သို့မည်ပုံ ဖန်တီး၊ ရယူ၊ မျှဝေလျက်ရှိသည်ကို နားလည်ရန်အတွက် စစ်တမ်းကောက်ယူရန် ဤကိရိယာကို အသုံးပြုနိုင်သည်။ ထိုသို့လုပ်ဆောင်ရာတွင် လူများသည် အန္တရာယ်များကို မည်သည့်နေရာများတွင် ကြုံတွေ့ရနိုင်ကြောင်း ကူညီဖော်ထုတ်ပေးရန် ရည်ရွယ်ပါသည်။ |
| နောက်ဆက်တွဲ ၅ - အဓိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းခြင်း ကိရိယာ | ထိခိုက်ခံရသူများနှင့် အိမ်ရှင်လူ့အဖွဲ့အစည်းအတွင်းရှိ ရွေးချယ်ထားသော သတင်းအချက်အလက်ပေးသူများနှင့် တစ်ဦးချင်း လေးလေးနက်နက် တွေ့ဆုံမေးမြန်းမှုများသည် ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှုများ (FGD) အတွင်း ဆွေးနွေးရာတွင် အလွန်သတိထားရမည့် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ရရှိစေရန် အခွင့်အရေးတစ်ခု ပံ့ပိုးပေးပါမည်။ |
| နောက်ဆက်တွဲ ၆ - မီဒီယာ ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း ကိရိယာ | ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း ကိရိယာသည် မီဒီယာ ကဏ္ဍများအတွင်း၊ သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်၏ မဏ္ဍိုင်လေးရပ်တွင်း လုပ်ကိုင်နေရသူများထံမှ ဒေတာများကို စုဆောင်းရန် မီဒီယာတွင် လုပ်ကိုင်နေသောသူများထံမှ ဒီဇိုင်းထုတ်ထားသည်။ |
| နောက်ဆက်တွဲ ၇ - သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင် (IPAF) | သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင် (IPAF) ကို ပုံနှိပ်ထုတ်ဝေမှု |
| နောက်ဆက်တွဲ ၈ - သတင်းအချက်အလက်နှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှု | လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများ၊ မီဒီယာနှင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များအတွက် သတင်းအချက်အလက်နှင့် အကာအကွယ်များအကြောင်း မိတ်ဆက်ခြင်း။ |

## မိုဂျူး ၁ ၏ အဆုံး

# မိုဂျူး ၂

## လုပ်ကိုင်သည့်နည်းလမ်းများကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်းဖြင့် ပိုမိုဘေးကင်းလုံခြုံသည့် သတင်းအချက်အလက် ဂေဟာစနစ်များဖြစ်အောင် ပံ့ပိုးပုံ


ဘေးကင်းလုံခြုံမှု နှင့် ဂုဏ်သိက္ခာ

အစိုးပါဝင်ရှိစွာ ရယူအသုံးပြုခွင့်

တိကျမှန်ကန်သော သတင်းအချက်အလက်များ ရယူအသုံးပြုခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်ရှိခြင်း

တာဝန်ယူမှု၊ တာဝန်ခံမှု

**a** **b** **c** **d**



**1**

သတင်းအချက်အလက် စီးဆင်းရေး နှင့် ဆက်သွယ်ပြောဆိုရေးနည်းလမ်းနှစ်ခုစလုံးသည် အပြန်အလှန်ရှိကြောင်း သေချာစေပါ

**2**

သတင်းအချက်အလက်များနှင့် သက်ဆိုင်သည့်အခါ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်း၏ အမျိုးမျိုးသော လိုအပ်ချက်များနှင့် လိုလားမှုများကို ဆန်းစစ်အကဲဖြတ်ပါ

**3**

ဘေးကင်းလုံခြုံသည့် အစီအစဉ်ရေးဆွဲလုပ်ဆောင်ပါ လူထုနှင့် လုပ်ဆောင်ရာတွင် မရည်ရွယ်သော အဖျက်သဘောဆောင်သည့် သက်ရောက်မှုများ မရှိစေရန် ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း

**4**

သတင်းအချက်အလက်အသုံးပြုတတ်ခြင်းနှင့် ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်းတို့နှင့် ပတ်သက်၍ လူထုနှင့် ဒေသခံမီဒီယာ၏ စွမ်းဆောင်ရည်များကို အားကောင်းစေသည့် လုပ်ဆောင်ချက်များကို ဖန်တီးပါ

Internews

# မိုဂျူး ၂ အကြောင်းအရာများ


**နိဒါန်း . .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၃၀**

ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများက ဘာတွေပါလဲ။ … … … … … … … … … … … … … … … … … …၃၀

**အပိုင်း ၁ - လုပ်ဆောင်သည့် နည်းလမ်းများကို လိုက်လျောညီထွေအောင် ပြင်ဆင်ခြင်းဖြင့် မှန်ကန်တိကျသော သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံ၊ ဂုဏ်သိက္ခာရှိရှိနှင့် အခိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်ရှိအောင် ပံ့ပိုးပေးပုံ .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၃၅**

ဘေးကင်းလုံခြုံမှု နှင့် ဂုဏ်သိက္ခာ.. … … … … … … … … … … … … … … … … … … … … … … … …၃၅

လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု . … … … … … … … … … … … … … … … … … … … … …၄၃

အခိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်ရှိကြောင်း သေချာစေခြင်း .. … … … … … … … … … … … … … … …၄၇

တာဝန်ယူမှု၊ တာဝန်ခံမှု.. … … … … … … … … … … … … … … … … … … … … … … … … … … …၄၉

တိကျမှန်ကန်သော သတင်းအချက်အလက်များ ရယူအသုံးပြုခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်ရှိခြင်း - … … … … … … … … … … … … … … … … … … … … … … … … … … … … …၅၃

**ဘာသာစကားနှင့် ဘာသာပြန်ခြင်းတို့၏ မရှိမဖြစ် အခန်းကဏ္ဍ .. .. .. .. .. .. .. .. .. .. .. ၅၄**

**အပိုင်း ၂ - သတင်းအချက်အလက်ကို ပိုကောင်းကောင်း ရယူအသုံးပြုနိုင်ရန်အတွက် အတူတကွ လုပ်ကိုင်ခြင်း .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၅၆**

အရပ်ဘက် အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အရင်းအမြစ်များပံ့ပိုးပေးခြင်း.. … … … …၅၆

ဒေသတွင်း မီဒီယာနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အရင်းအမြစ်များပံ့ပိုးပေးခြင်း.. … … … … … …၅၇

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အသိုင်းအဝိုင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း .. … … … … …၅၉

အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း. … … … … … … … … … … … … … … … … … … … … … … … ၆၂

# နိဒါန်း

## သတင်းအချက်အလက် ဂေဟစနစ်များ ပိုမိုဘေးကင်းလုံခြုံစေရန် ပါဝင်ပံ့ပိုး ရာတွင် မည်သည့်အရာများက ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများဖြစ်သနည်း။

ဤတာဝန်ဝတ္တရားများသည် သတင်းအချက်အလက်၊ ဆက်သွယ်ရေး၊ ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံမှုနှင့် ထဲထဲဝင်ဝင်ရောက်ရှိမှုနှင့်ဆက်နွယ်သည့် လုပ်ဆောင်ချက်အားလုံးနှင့် သက်ဆိုင်ပြီး အပိုင်းလေးပိုင်းဖြင့် ခွဲခြားနိုင်သည်[၁]-

- **ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာ** - ကျွန်ုပ်တို့၏အလုပ်များသည် ကျွန်ုပ်တို့နှင့်ထိတွေ့ဆက်ဆံနေသည့် ထိခိုက်ခံရသော လူထုအတွက် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်အသစ်များ မဖြစ်ပေါ်စေသည့်အပြင် ထိုသူများ၏ဂုဏ်သိက္ခာကို လေးစားသော နည်းလမ်းဖြင့် သတင်းအချက်အလက်များ ပံ့ပိုးပြီး ထိတွေ့ဆက်ဆံကြောင်း သေချာအောင်လုပ်ပါ။
  - **ကောင်းမွန်သော အလေ့အထများ** -
    - ဆက်စပ်အခြေအနေများ (လုပ်ကြံသတင်းများ ရှိခြင်း သို့မဟုတ် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ထားခြင်း၊ အခြားသော ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များ) ကြောင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းမှ ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကို ရှာဖွေဖော်ထုတ်ရန် သတင်းအချက်အလက် ဂေဟစနစ် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များအကြောင်း သုံးသပ်လေ့လာချက်တစ်ခု လုပ်ဆောင်ပါ။
    - ရပ်ရွာအသိုင်းအဝိုင်းများနှင့် လုပ်ကိုင်ရာတွင် မရည်ရွယ်ဘဲ အဖျက်သဘောဆောင်သည့် သက်ရောက်မှုများ မဖြစ်ပေါ်စေရန် လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှုတစ်ခုကို ဆောင်ရွက်ပြီး လုံခြုံရေးအစီအစဉ်အကြောင်း ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးပါ (အခြေခံ နားလည်မှု - သတင်းအချက်အလက်ကို ကျွန်ုပ်တို့ မည်သို့ပေးပို့သင့်သလဲ သို့မဟုတ် မည်သို့ရယူသင့်သလဲ၊ ၎င်းက လုံခြုံမှုရှိသလား။)။
- **အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်** - ကျွန်ုပ်တို့ပေးလိုက်သော သတင်းအချက်လက်နှင့် ဝန်ဆောင်မှုများအပြင် စေ့ဆော်လုပ်ဆောင်မှုများသည် လူထုအဖွဲ့များအားလုံး အသုံးပြုခွင့်ရနိုင်စေရန်နှင့် တစ်ဦးတစ်ယောက်ချင်းစီနှင့် ရပ်ရွာအသိုင်းအဝိုင်း၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေ ပြုလုပ်ကြောင်း သေချာအောင်လုပ်ပါ။
  - **ကောင်းမွန်သော အလေ့အထများ** -
    - သတင်းအချက်အလက်များဖြင့် ပတ်သက်လာပါက ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်း၏ လိုအပ်ချက်အမျိုးမျိုးနှင့် ဦးစားပေးချက်များ (သူတို့ မည်သည့်ဘာသာစကားကို ပိုနှစ်သက်သည်၊ သတင်းအချက်အလက်အလက်များ ရယူရာတွင် မည်သူ့ကို ယုံကြည်သည်၊ သတင်းအချက်အလက်များကို မည်ကဲ့သို့ ရယူလိုသည်) ကို ဆန်းစစ်ပါ။

---

၁ ဤအပိုင်းများကို ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်း စည်းမျဉ်းလေးခုအပေါ် မူတည်၍ ဖွဲ့စည်းထားသည်၊ ထပ်ဆောင်း အရင်းအမြစ်များရရှိရန် ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့၏ အရင်းအမြစ် စာမျက်နှာတွင် ကြည့်ပါ

- ကျား/မ၊ အသက်၊ လုပ်ဆောင်နိုင်စွမ်း သို့မဟုတ် အတွေ့အကြုံနှင့် ပတ်သက်၍ ကွဲပြားမှုများရှိပါက နားလည်ပေးပါ။

- **တိကျမှန်ကန်သော သတင်းအချက်အလက်များ ရယူခွင့်၊ ပါဝင်ဆောင်ရွက်မှုနှင့် လုပ်ပိုင်ခွင့်ပေးခြင်း** - ၎င်းတို့၏ အခွင့်အရေးများကို တောင်းဆိုခြင်း အပါအဝင် ၎င်းတို့၏ ကိုယ်ပိုင် လိုအပ်ချက်များနှင့် စိန်ခေါ်မှုများကို လွတ်လပ်စွာ စီမံရန်နှင့် ကိုင်တွယ်ဖြေရှင်း နိုင်စွမ်းရှိစေသည့် လူတစ်ဦးချင်း သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်း၏ ရှိရင်းစွဲ စွမ်းဆောင်ရည်များ၊ ကျွမ်းကျင်မှုများနှင့် အရင်းအမြစ်များအပါအဝင် ကိုယ်ပိုင်စွမ်းဆောင်ရည်များ ဖွံ့ဖြိုးရေးကို ပံ့ပိုးပါ။
  - **ကောင်းမွန်သော အလေ့အထများ** - ရပ်ရွာအသိုင်းအဝိုင်း၏ လိုအပ်ချက်များနှင့် ဦးစားပေးချက်များ အပေါ် အခြေခံပြီး သတင်းအချက်အလက်များကို ဘေးကင်းလုံခြုံစွာနှင့် အဓိပ္ပါယ်ရှိစွာ ရယူနိုင်စွမ်းများ အားကောင်းစေသော လှုပ်ရှားမှုများကို ဖော်ထုတ်ပေးပါ (သတင်းအချက်အလက် အသုံးပြုတတ်ခြင်း၊ ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်း၊ ဒေသခံမီဒီယာ၏ စွမ်းဆောင်ရည် အားကောင်းစေခြင်း) စသည့် အရာများကို အားဖြည့်ပေးခြင်းများ ပါဝင်သည်။

- **တာဝန်ယူမှု၊ တာဝန်ခံမှု** - ကျွန်ုပ်တို့လုပ်ရပ်များအတွက် ကျွန်ုပ်တို့ တာဝန်ခံနိုင်ကြောင်း ကျွန်ုပ်တို့နှင့် လုပ်ကိုင်နေသော ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်း သိအောင် သေချာလုပ်ခြင်း။ ဤအရာတွင် လူထုအခြေပြုသည့် အပြန်အလှန်ဆက်သွယ်နိုင်သော ပလက်ဖောင်းများ၊ တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားမှုယန္တရားတို့ ပါဝင်ပါသည်။
  - **ကောင်းမွန်သော အလေ့အထများ** -
    - ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာ၊ အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်၊ ပါဝင်ဆောင်ရွက်မှုနှင့် လုပ်ပိုင်ခွင့်ပေးခြင်းတို့ကို ထည့်သွင်းစဉ်းစားသော လူထုအခြေပြု တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားမှုယန္တရားများ တည်ဆောက်ခြင်း
    - သတင်းအချက်အလက် စီးဆင်းမှုနှင့် ဆက်သွယ်မှုနည်းလမ်းများသည် အပြန်အလှန်ရှိကြောင်း (လူသားချင်းစာနာထောက်ထားမှု/မီဒီယာဆိုင်ရာ လုပ်ဆောင်သူများမှ ရပ်ရွာအသိုင်းအဝိုင်းသို့၊ ရပ်ရွာအသိုင်းအဝိုင်းမှ လူသားချင်းစာနာထောက်ထားမှု/မီဒီယာဆိုင်ရာ လုပ်ဆောင်သူများသို့) သေချာစေခြင်း။

**ဤတာဝန်များသည် အဘယ်ကြောင့် အရေးကြီးပါသလဲ။**

ရည်ရွယ်ထားသည့် ဤတာဝန်ဝတ္တရားများကို လုပ်ဆောင်မည့် နည်းလမ်းများနှင့် ရှုံးတွင်းလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် လိုက်လျောညီထွေအောင် ပြင်ဆင်ခြင်းသည် ဘေးကင်းလုံခြုံပြီး သင့်တင့်မျှတသော သတင်းအချက်အလက် ဂေဟစနစ်တစ်ခုဖြစ်အောင် အထောက်အကူပြုမည်ဖြစ်သည်။ တန်းတူအရေးပါမှုသည် အတိုင်းအတာတစ်ခုတွင် ကွဲပြားမှုရှိစေရန် အခြေအနေတစ်ခုအတွင်းရှိ အခြား ဆက်စပ်ပတ်သက်နေသူများ၊ အပြန်အလှန်ချိတ်ဆက်ထားသော သတင်းအချက်အလက် အခင်းအကျင်းအတွင်းရှိ သက်ဆိုင်သည့်အုပ်စုအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းတစ်ခုဖြစ်သည်။ မီဒီယာ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ၊ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်ခြင်းသည် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များနှင့် ပတ်သက်သော အခြေအနေကိစ္စရပ်များကို ဖြေရှင်းရာတွင် အရေးကြီးသည့် အချက်ဖြစ်ပြီး သတင်းအချက်အလက်ကို အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုမှု၊ ဖန်တီးမှုနှင့် မျှဝေမှုတို့ကို ပိုမိုကောင်းမွန်အောင် ပံ့ပိုးပေးသည်။

ဤမိုဂျူးသည် လူသားချင်းစာနာထောက်ထားမှု/သတင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းများအတွင်း အထက်ပါအပိုင်းလေးပိုင်းကို ထိရောက်စွာ ပေါင်းစပ်ဆောင်ရွက်ရာတွင် အရေးကြီးသော အချက်များကို ဖော်ပြထားသည်။ ၎င်းသည် အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံပြီး သတင်းအချက်အလက်များ မျှဝေရာတွင် တစ်ဦးချင်းနှင့် ရပ်ရွာအသိုင်းအဝိုင်း၏ ကောင်းကျိုးချမ်းသာကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကျွမ်းကျင်မှုများနှင့် နည်းလမ်းကိရိယာများကို လူထုဝန်ဆောင်မှုအဖွဲ့များ၊ မီဒီယာအဖွဲ့များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် ကျယ်ကျယ်ပြန့်ပြန့်ဆက်စပ်ပတ်သက်နေသူများအား ပံ့ပိုးပေးသည့် ရိုးရှင်းသော လုပ်ဆောင်ချက်များနှင့် မူဝါဒများ၏ အရေးကြီးမှုကို အလေးထားဖော်ပြသည်။ ကာကွယ်စောင့်ရှောက်ရေးကို လုပ်ဆောင်ချက်တိုင်း၌ ထိရောက်စွာ ထည့်သွင်းပါဝင်စေခြင်းဖြင့် သတင်းအချက်အလက် ရယူအသုံးပြုမှု၊ ဖန်တီးမှုနှင့် ဖြန့်ဝေမှုနှင့် သက်ဆိုင်သော အန္တရာယ်များကို ကျွန်ုပ်တို့ လျှော့ချနိုင်ပါသည်။ ထို့အပြင် ဤမိုဂျူးသည် အကျပ်အတည်းတစ်ခုတွင် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများ၏ အခန်းကဏ္ဍများအပေါ် လမ်းညွှန်ချက်ကို ဖော်ပြထားပြီး ညှိနှိုင်းဆောင်ရွက်ရန် အားထုတ်မှုများက ပိုမို ဘေးကင်းလုံခြုံသော သတင်းအချက်အလက် ဂေဟစနစ်တစ်ခု ဖန်တီးရာတွင် မည်သို့ အထောက်အကူဖြစ်စေနိုင်ကြောင်းကို မီးမောင်းထိုးပြထားသည်။

**ဤအားထုတ်မှုများကို ပံ့ပိုးပေးရန် မည်သည့်နည်းလမ်းကိရိယာများ ရှိပါသလဲ။**

သတင်းအချက်အလက်၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေးအစီအစဉ် လေ့ကျင့်သင်ကြားမှု အကြောင်းအရာများကို ဤလမ်းညွှန်ချက်၏ နောက်ဆက်တွဲ ၈ တွင် ဖော်ပြထားသည်။ ဤမိတ်ဆက် လေ့ကျင့်သင်ကြားမှုသည် လူသားချင်းစာနာထောက်ထားရေးအေဂျင်စီများ၊ ဒေသခံမီဒီယာ၊ အရပ်ဘက် အဖွဲ့အစည်းနှင့် အကျပ်အတည်းကြောင့် ထိခိုက်ခံ ရပ်ရွာအသိုင်းအဝိုင်းများ၏ သတင်းအချက်အလက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လုပ်ဆောင်နေသည့် အခြားသော လုပ်ဆောင်သူများ အပါအဝင် ဒေသခံသတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများအတွက် ဖန်တီးထားခြင်းဖြစ်သည်။

## သုံးသပ်လေ့လာခြင်းမှတဆင့် အခြေအနေအလိုက် ချဉ်းကပ်ခြင်းများ

မှန်ကန်တိကျသော သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံပြီး အစိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်သည် အခြေအနေ တစ်ခုချင်းအပေါ်မူတည်၍ ကွဲပြားမည်ဖြစ်သည်။ အောက်ပါဇယားတွင် သင့်၏ သတင်းအချက်အလက်နှင့် ကာကွယ်မှုအခြေအနေကို နားလည်အောင် ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် အချက်အလက်များကို ဖော်ပြထားသည်။

| **မှန်ကန်တိကျသော သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိရှိနှင့် အစိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်- ကျွန်ုပ်တို့ ဘာကို ထည့်သွင်းစဉ်းစားသင့်ပါသလဲ။** | |
|---|---|
| **ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုနိုင်ခြင်း-** | ▪ ထိလွယ်ရှလွယ်သော သတင်းအချက်အလက် အပါအဝင်**လိုအပ်သည့် မည်သည့်ခေါင်းစဉ်မဆို**အတွက် သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံစွာ ဖန်တီး၊ မျှဝေ၊ ရှာဖွေ၊ ရယူနိုင်သော စွမ်းရည်များ။<br>▪ ရရှိနိုင်သည့် သတင်းအချက်အလက်များအကြောင်း ဆွေးနွေးပြီး ဝေဖန်ပြင်းခုန်မှုပြုနိုင်ရန် ဘေးကင်းလုံခြုံသော နေရာများ အပါအဝင် သတင်းအချက်အလက်၏**ကွဲပြားသော အရင်းအမြစ်များကို ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုနိုင်ခြင်း**<br>▪ အမျိုးမျိုးသော ချန်နယ်များအကြား ကွာခြားချက်များကို ဆန်းစစ်သုံးသပ်နိုင်ရန် မီဒီယာနှင့် သတင်းအချက်အလက် အသုံးပြုတတ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ အလုံအလောက်ရှိခြင်းအပါအဝင် သတင်းအချက်အလက် **ချန်နယ်အမျိုးမျိုးကို ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုနိုင်ခြင်း။**<br>▪ ထိုချန်နယ်များကို မည်သို့ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုပုံကို သိရှိခြင်းအပါအဝင် ဆိုရှယ်မီဒီယာ ပလက်ဖောင်းများမှတစ်ဆင့် အွန်လိုင်း သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုရန် အလုံအလောက် **ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်း။**<br>▪ သတင်းအချက်အလက်လိုအပ်ချက်များနှင့် ချိန်ဆ၍ အန္တရာယ်တစ်ခု ယူသင့် မယူသင့်အပေါ် ကျိုးကြောင်းသိရှိသော ဆုံးဖြတ်ချက်တစ်ခု ပြုလုပ်ရန် အလုံအလောက် **သတင်းအချက်အလက် အသုံးပြုတတ်ခြင်း** နှင့် **သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို နားလည်ခြင်း** |
| **သတင်းအချက်အလက်ကို အစိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်-** | ▪ ထိခိုက်ခံ ရပ်ရွာအသိုင်းအဝိုင်း၏**သတင်းအချက်အလက် လိုအပ်ချက်များနှင့် ကိုက်ညီသော** သတင်းအချက်အလက်ကို အတားအဆီး (ဘာသာစကားဆိုင်ရာ လိုအပ်ချက်များနှင့် ပိုလိုလားချက်များအပါအဝင်) မရှိဘဲ ဖန်တီးရန်၊ မျှဝေရန်၊ ရှာဖွေရန်နှင့် ရယူရန် စွမ်းရည်များ။<br>▪ **ဦးစားပေး သတင်းအချက်အလက် ရင်းမြစ်များကို ရယူအသုံးပြုခွင့်** ထိခိုက်ခံရသည့် လူထု၏ သတင်းအချက်အလက် လိုအပ်ချက်များနှင့် ကိုက်ညီသော သတင်းသည် ထိုအရင်းအမြစ်များတွင် ပါရှိသင့်ကြောင်း သတိပြုပါ။<br>▪ လုပ်ငန်းဆောင်ရွက်မှုရှိသော ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ (ဖုန်းနှင့် အင်တာနက် ခြုံငုံကာကွယ်မှု) ရှိခြင်း၊ ဤချန်နယ်များကို အသုံးပြုရန် ငွေကြေးတတ်နိုင်စွမ်းရှိခြင်း၊ ဤချန်နယ်များ အသုံးပြုရန် စာတတ်မြောက်မှု သို့မဟုတ် ဒီဂျစ်တယ်နည်းပညာများ တတ်မြောက်မှု လုံလုံလောက်လောက်ရှိခြင်း၊ ကိုယ်ပိုင်၊ အများပိုင် သို့မဟုတ် မျှဝေထားသော ချန်နယ်များကို ရယူအသုံးပြုခြင်း၊ ယင်းချန်နယ်များကို အသုံးပြုရာတွင် အဟန့်အတား (အသက်၊ ကျား/မ၊ မတူကွဲပြားမှု) ဖြစ်နိုင်သည့် ယဉ်ကျေးမှုနှင့် စံနှုန်းများ၏ သက်ရောက်မှုကို ထည့်သွင်းစဉ်းစားပေးခြင်းများအပါအဝင် **ဦးစားပေး သတင်းအချက်အလက်ချန်နယ်များကို ရယူအသုံးပြုခွင့်။**<br>▪ အွန်လိုင်း သတင်းအချက်အလက်များ ဖန်တီး၊ မျှဝေ၊ ရှာဖွေ၊ ရယူရန် နေ့စဉ်ဘဝလိုအပ်ချက်နှင့်အညီ (ဖုန်းများ၊ တက်ဘလက်များ၊ လက်ပ်တော့များ စသည့်)**ချိတ်ဆက်ထားသော ပစ္စည်းများကို အသုံးပြုနိုင်ရန် ဒီဂျစ်တယ်နည်းပညာများ တတ်မြောက်မှု**လုံလုံလောက်လောက်ရှိခြင်း။<br>▪ ထိခိုက်ခံရသည့် လူထုအတွက် ရရှိနိုင်သော **တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားမှု ယန္တရားများ**သည် လုံခြုံပြီး ဒေသအခြေအနေများနှင့် ဆီလျော်အောင် ပြုပြင်ထားကာ အားလုံး ရယူအသုံးပြုနိုင်ခြင်း |

| | |
|---|---|
| **မှန်ကန် တိကျသော သတင်း အချက်အလက်ကို ရယူ အသုံးပြုခွင့် -** | ▪ အမျိုးမျိုးသော အရင်းအမြစ်များမှတစ်ဆင့် သတင်းအချက်အလက်ကို အတည်ပြုနိုင်စွမ်း အပါအဝင်**ယုံကြည်အားထားရသည့် သတင်းအချက်အလက် ရင်းမြစ်များ**ကို ရယူနိုင်ခြင်း။ ဤရယူနိုင်မှုသည် မီဒီယာ၏ ယုံကြည်ရသော အကြောင်းအရာများ ဖန်တီးပေးနိုင်စွမ်းအပေါ်လည်း မူတည်သည်။<br>▪ သတင်းအချက်အလက် လိုအပ်ချက်များကို ခွဲခြားဖော်ထုတ်ခြင်း၊ ထိုသတင်းအချက်အလက်ကို ရှာဖွေခြင်း၊ အတည်ပြုခြင်း၊ ကျိုးကြောင်းသိရှိ ဆုံးဖြတ်ချက်တစ်ခုချရန် သတင်းအချက်အလက်ကို ဝေမျှခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုမီ ထိုသတင်းအချက်အလက်ကို သုံးသပ်လေ့လာခြင်း အပါအဝင်**တိကျမှန်ကန်သော သတင်းအချက်အလက် ရယူနိုင်ရန် သတင်းအချက်အလက် အသုံးပြုတတ်မှု**လုံလုံလောက်လောက်ရှိခြင်း။<br>▪ ဝဘ်ဆိုက်များနှင့် ဆိုရှယ်မီဒီယာ ပလက်ဖောင်းများပေါ်ရှိ **သတင်းအချက်အလက် အမှားအမှန်ကို ခွဲခြားသိရှိနိုင်ရန် ဒီဂျစ်တယ်နည်းပညာ ကျွမ်းကျင်မှု**လုံလုံလောက်လောက်ရှိခြင်း<br>▪ အခြေအနေ၏ အကျိုးသက်ရောက်မှု – **လုပ်ကြံသတင်း** (အန္တရာယ်ဖြစ်စေရန် သတင်းမှား တမင်ဖြန့်ခြင်း)၊ **သတင်းမှား ဖြန့်ဖြူးခြင်း**(မသိဘဲဖြန့်ဝေသည့် သတင်းမှား)နှင့် **ကောလာဟလများ** (အမှန် သို့မဟုတ် အမှား ဖြစ်နိုင်သော်လည်း အတည်မပြုရသေးသော သတင်းအချက်အလက်) များ လှည့်လည်နေခြင်း<br>▪ လူအများသည် လူသားချင်းစာနာထောက်ထားရေးနှင့် အခြား သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများထံမှ ၎င်းတို့လိုအပ်သော သတင်းအချက်အလက် တစ်စုံတစ်ရာကို တောင်းဆိုနိုင်ကြောင်းနှင့် မေးခွန်းများ မေးမြန်းနိုင်ကြောင်း သေချာစေရန် **အပြန်အလှန်ရှိသည့် ဆက်သွယ်မှု**နည်းလမ်းများကို ရယူအသုံးပြုခွင့်။ |

# အပိုင်း ၁ - လုပ်ဆောင်သည့် နည်းလမ်းများကို လိုက်လျောညီထွေအောင် ပြင်ဆင်ခြင်းဖြင့် မှန်ကန်တိကျသော သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံ၊ ဂုဏ်သိက္ခာရှိရှိနှင့် အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်ရှိအောင် ပံ့ပိုးပေးပုံ

## ဘေးကင်းလုံခြုံမှု နှင့် ဂုဏ်သိက္ခာ

ဘေးကင်းလုံခြုံမှု နှင့် ဂုဏ်သိက္ခာဆိုသည်မှာ မိမိ၏ဂုဏ်သိက္ခာကို ကျဆင်းစေခြင်းမရှိဘဲ ထိခိုက်ခံရမည်ဟု စိုးရိမ်ရမှုမရှိဘဲ မေးခွန်းများမေးနိုင်ရန် သတင်းအချက်အလက်များ၊ ချန်နယ်များနှင့် ပလက်ဖောင်းများကို ရယူအသုံးပြုနိုင်ခြင်းကို ဆိုလိုသည်။ အခြေအနေအများစုတွင် သတင်းအချက်အလက် ရယူအသုံးပြုခွင့် ပိုရခြင်းသည် လူအများ ဂုဏ်သိက္ခာရရှိနိုင်သည့် အရင်းအမြစ်တစ်ခုဖြစ်ပြီး ၎င်းတို့အား လေးလေးစားစား ဆက်ဆံသည်ဟု ခံစားမိစေနိုင်သည်။ သို့ရာတွင် အကျိုးကျေးဇူးများထက် အန္တရာယ်များက ပိုအလေးသာနေခြင်း မဖြစ်စေရန်နှင့် ထိခိုက်ခံရသော လူများအနေဖြင့် အကျိုးကျေးဇူးနှင့် အန္တရာယ်များဆိုင်ရာ သတင်းအချက်အလက် များနိုင်သလောက်များများဖြင့် ၎င်းတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်များချနိုင်ကြောင်း သေချာအောင် သုံးသပ်မှုများ ပြုလုပ်ရန်လိုအပ်သည်။

ဤအပိုင်းတွင် ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာနှစ်ခုစလုံးကို ထည့်သွင်းစဉ်းစားထားပြီး အခြေအနေကို ပိုမိုနားလည်နိုင်ရန် လမ်းညွှန်မေးခွန်းများနှင့် ထိရောက်စွာ အကောင်အထည်ဖော်ရန် သင်၏ သီးခြားအခြေအနေများနှင့်အညီ စီမံရန်လိုအပ်သည့် အထွေထွေ အကြံပြုချက်များအပေါ် အခြေခံ၍ စီစဉ်ထားသည်။ မိုဂျူး ၃ အတွင်းဖော်ပြထားသည် သတင်းအချက်အလက် ဂေဟစနစ် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို သုံးသပ်လေ့လာချက်နှင့် နောက်ဆက်တွဲ ၃-၆ တွင် ပါရှိသည့် နည်းလမ်းကိရိယာများက ပရိုဂရမ်ရေးဆွဲခြင်းနှင့် ကြားဝင်ဆောင်ရွက်ချက်များအကြောင်း သင့်အား အသိပေးရန် ဒေတာများ ပေးပါလိမ့်မည်။ ကူညီပံ့ပိုးသည့် ဒေတာနှင့် သုံးသပ်လေ့လာချက်များ ပါဝင်သော တစ်ဆင့်ခံ အရင်းအမြစ်များကိုလည်း ကိုးကားသင့်ပါသည်။ ဒေတာသည် သင်နှင့်အတူ လုပ်ဆောင်နေသော အချို့လူများ/ပရိသတ်များနှင့် လူထု၏ **ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာ**အပေါ် သင်၏ သတင်းအချက်အလက်ရေးရာ လုပ်ဆောင်ချက်များ၏ သက်ရောက်မှုများကို ဆန်းစစ်ခွင့်နှင့် သုံးသပ်လေ့လာခွင့် ပေးပါလိမ့်မည်။

**ဘေးကင်းလုံခြုံမှုဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ**
**ကျွန်ုပ်တို၏ ဘေးကင်းလုံခြုံမှုအပေါ်ယူဆချက်များကို စစ်ဆေးခြင်း....**

> **အမျိုးသမီးများအတွက် ခရီးသွားရန် သို့မဟုတ် တိုက်ခိုက်နိုင်သည့်အရွယ်ရှိ အမျိုးသားများအတွက် အတွေ့ခံရန် ဘေးမကင်းသောနေရာများရှိပါသလား။**
>
> **သဘောတူညီချက်နှင့် ပတ်သက်၍ သင်နှင့် အလုပ်လုပ်နေသူများအကြား မည်သို့ နားလည်**

**ထားကြပါသလဲ။ ရပ်ရွာအသိုင်းအဝိုင်းအမျိုးမျိုးမှ လူအများက ဤဆိုလိုရင်းကို ကွဲပြားစွာ နားလည်ထားမှု ရှိပါသလား။**

**လူများသည် အများရှေ့တွင် ဘေးကင်းလုံခြုံစွာ ပြောဆိုနိုင်ပါသလား။ ၎င်းတို့ပြောဆိုပါက လူမျိုးစုတစ်စုအပေါ် အန္တရာယ်ကို ပိုမိုဆိုးရွားစေနိုင်သည့် အမည်းစက်ဖြစ်စေသော သမိုင်းကြောင်းတစ်ခု ရှိကောင်းရှိနိုင်သည်။**

သတင်းအချက်အလက်နှင့် ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ကာ ကြားဝင်မှုများကို ရေးဆွဲပြီး အကောင်အထည်ဖော်ထားသည့်အတွက် အသိုင်းအဝိုင်းတစ်ခုစီ၏ မသိမသာ ကွဲပြားချက်များကို နားလည်ရန်လိုအပ်သည်။ အချို့ယူဆချက်များကို စစ်ဆေးပြီး စဉ်ဆက်မပြတ် မွမ်းမံရန် လိုအပ်သည်။

## ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှုအတွက် ထည့်သွင်းစဉ်းစားရမည့် အချက်များ -

ကျွန်ုပ်တို့၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ လှုပ်ရှားမှုများသည် လူများ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေး အန္တရာယ်များကို တိုးလာစေပါသလား။
ကျွန်ုပ်တို့ မည်သည့်နေရာတွင် တွေ့ဆုံမှုများ လုပ်ကြပါမလဲ။
ရုပ်ပိုင်းဆိုင်ရာ တုံ့ပြန်အကြံပြုချက် ယန္တရားများ (တရားဝင်ဖြစ်စေ အလွတ်သဘောဖြစ်စေ) မည်သည့်နေရာတွင် တည်ရှိသလဲ။
လူများအနေဖြင့် လုပ်ဆောင်ချက်များနှင့် ဝန်ဆောင်မှုများကို ရယူအသုံးပြုရန် မည်သို့သွားလာနိုင်ပါသလဲ၊ ထိုသို့ပြုလုပ်ရာတွင် အန္တရာယ်တစ်စုံတစ်ရာ ရှိပါသလား။
လှုပ်ရှားမှုများကို အများသုံးနေရာများတွင် ကျင်းပပါက လူတိုင်း ဘေးကင်းလုံခြုံစွာ ဝင်ရောက်နိုင်သည့် နေရာများ ဖြစ်သလား။

ဥပမာများ -
- စခန်းစီမံခန့်ခွဲမှု ဝန်ဆောင်ရေးရုံးအနီးတွင် တုံ့ပြန်အကြံပြုချက်ပုံး ထားရှိခြင်းသည် စခန်းစီမံခန့်ခွဲရေး ဝန်ထမ်းများအပေါ် တိုင်ကြားချက်ပြုလုပ်သောအခါ လူများအတွက် အန္တရာယ်ဖြစ်ပေါ်စေနိုင်သည်။
- လူထုစည်းဝေးပွဲများကို မြို့လယ်တစ်နေရာတွင် ကျင်းပသော်လည်း လမ်းမပေါ်တွင် စစ်ဆေးသည့်နေရာသစ်များ ထားရှိသည့်အခါ လူအချို့သည် ယင်းနေရာသို့ ဘေးကင်းလုံခြုံစွာ မဝင်ရောက်နိုင်တော့ပါ။

## လျှို့ဝှက်အချက်အလက်များ ထိန်းသိမ်းခြင်း -

လူအများ၏ မည်သူဖြစ်ကြောင်း ထုတ်ဖော်နိုင်သည့် ဒေတာကို ကာကွယ်ခြင်းမှစ၍ အဖြေမလိုသည့် မေးခွန်းများကို မမေးခြင်းအထိ လျှို့ဝှက်အချက်အလက်များ ထိန်းသိမ်းကြောင်း သေချာစေရန် ကျွန်ုပ်တို့ ပြုလုပ်နိုင်သည့်အရာ ကြီးကြီးမားမားမှ သေးသေးမွှားမွှားအထိ များစွာရှိပါသည်။

ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆောင်ရွက်ရာတွင် အသိုင်းအဝိုင်းဝင်များနှင့် စကားပြောခြင်းနှင့် ဆွေးနွေးခြင်းများပြုရန် လိုအပ်သည့်အတွက် လူတစ်ဦး၏ လျှို့ဝှက်အချက်အလက်ကို အန္တရာယ် မဖြစ်စေသည့် နေရာနှင့် နည်းလမ်းဖြစ်ကြောင်း သေချာစေရန် သတင်းအချက်အလက် ဝေမျှရန် တောင်းဆိုပုံနှင့် တောင်းဆိုသည့်နေရာကို သတိပြုရန် အရေးကြီးသည်။

ဒီဂျစ်တယ် / အွန်လိုင်းတစ်နေရာတွင် လုပ်ဆောင်ခြင်းသည် လျှို့ဝှက်အချက်အလက်များ ထိန်းသိမ်းရေးအတွက် ထပ်ဆောင်း စိန်ခေါ်မှုများ ဖြစ်ပေါ်စေသည် (**ဒီဂျစ်တယ် ဘေးကင်း လုံခြုံရေးနှင့် အန္တရာယ်**အကြောင်း အောက်တွင် ပိုမိုဖော်ပြထားသည်)။

ဥပမာများ -
- နယ်စပ်ဖြတ်ကျော်သည့်နေရာ အနီးရှိ အနီးဆုံး ကျန်းမာရေးဌာနအကြောင်း မေးမြန်းခြင်းသည် မသမာစိတ်ရှိသည့် လုပ်ဆောင်သူများအား အုပ်စုတစ်ခု၏ တည်နေရာကို သိရှိစေသဖြင့် သူတို့၏ လုံခြုံရေးကို အန္တရာယ်ဖြစ်စေနိုင်ပါသည်။
- မည်သူဖြစ်ကြောင်း ထုတ်ဖော်နိုင်သည့်ဒေတာကို လိုအပ်ချက်များ သို့မဟုတ် ကာကွယ်ရေး ပြဿနာများနှင့် ပတ်သက်သည့် ဒေတာနှင့် ချိတ်ဆက်ခြင်းသည် လက်ရှိသုံးသပ်လေ့လာမှုပြုနေစဉ်အတွင်း မည်သူဖြစ်ကြောင်း ထုတ်ဖော်နိုင်သည့် ဒေတာကို ဖော်ပြမိသည့် အန္တရာယ်ရှိသည်။
- ရေဒီယို ဖုန်းခေါ်ဆိုမှုရှိုးပွဲသည် ဖုန်းခေါ်သူများ၏ မေးခွန်းများကို ဖြေကြားပေးသော်လည်း အစီအစဉ်အတွင်း တိုက်ရိုက်ထုတ်လွှင့်နေစဉ် လူများက မတော်တဆ မည်သူဖြစ်ကြောင်း ထုတ်ဖော်နိုင်သည့် သတင်းအချက်အလက်များကို ဝေမျှမိနိုင်စေသည်။

## အမည်းစက်ထင်စေခြင်း နှင့် ခွဲခြားဆက်ဆံခြင်း -

ထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် ထင်ပေါ်ခြင်းသည် လူတိုင်းအတွက် မတူနိုင်ကြောင်း ထည့်သွင်းစဉ်းစားပါ။ အပယ်ခံအုပ်စုများမှ အဖွဲ့ဝင်များသည် ကူညီပံ့ပိုးမှု သို့မဟုတ် သတင်းအချက်အလက် တောင်းဆိုရုံဖြင့် မတရားဖိနှိပ်ခြင်း သို့မဟုတ် ထိပါးစော်ကားခြင်း ခံရနိုင်သည်။

အထူးသဖြင့် သတင်းအချက်အလက်ဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများတွင် အချို့သောသူများ ပါဝင်ခြင်းကြောင့် အမည်းစက်ထင်စေခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း ဖြစ်နိုင်ခြေရှိသည့် သီးခြားရပ်ရွာအသိုင်းအဝိုင်းအတွင်း အစဉ်ပြောင်းလဲနေမှုများကို နားလည်ရန် အလွန်အရေးကြီးပါသည်။ သတင်းအချက်အလက်မျှဝေသည့် နည်းလမ်းမျိုးစုံကြောင့် လူအများစု အထူးသဖြင့် ထိခိုက်လွယ်သူများ အပေါ် သက်ရောက်မှုရှိနိုင်ပုံများကို ကျွန်ုပ်တို့ စဉ်းစားရန်လိုအပ်သည်။ အမဲစက်ထင်စေခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းများ မဖြစ်ပေါ်အောင် တုံ့ပြန်အကြံပြုပေးရန် အတွက် အခြားချန်နယ်များ ကမ်းလှမ်းပေးရန် သို့မဟုတ် လူအမျိုးမျိုးအတွက် အခြားရွေးချယ်စရာ ပလက်ဖောင်းများ အသုံးပြုရန် လိုအပ်နိုင်သည်။

ဥပမာများ -
- ရွှေ့ပြောင်းနေထိုင်သူများသည် အချို့သော နိုင်ငံများတွင် ရောဂါပြန့်ပွားစေသည့်အတွက် အပြစ်တင်ခံကြရသည်။ အကျိုးဆက်အနေဖြင့် အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့၏အခြေအနေကို မဖော်ထုတ်ဘဲ၊ နောက်ထပ် ခွဲခြားဆက်ဆံခြင်း မခံရဘဲ တားဆီး ကာကွယ်ရေး သို့မဟုတ် ကုသရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်ကို ပွင့်ပွင့်လင်း လင်း မရှာဖွေနိုင်ဟု ခံစားရသည်။

## ဒစ်ဂျစ်တယ် ဘေးကင်းလုံခြုံရေး၊ လုံခြုံမှုနှင့် အန္တရာယ် -

ဒစ်ဂျစ်တယ် သတင်းအချက်အလက်၏ မြန်ဆန်သော တိုးတက်မှုက လူအများနှင့် ဆက်သွယ်ရေးကို ဖြစ်မြောက်စေပြီး လူသားချင်းစာနာထောက်ထားမှု အခြေအနေများရှိ သတင်းအချက်အလက်ပေးသူများအတွက် ထိခိုက်ခံရသည့် လူထုနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ရန်နှင့် ၎င်းတို့အကြား ဆက်သွယ်မှုကို ကူညီပံ့ပိုးနိုင်ရန် အခွင့်အလမ်းအသစ်များ ပံ့ပိုးပေးသည်။

အထက်ပါ အန္တရာယ်များနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များထဲမှ အချက်တော်တော်များများသည် ဒစ်ဂျစ်တယ်ဖြင့် ပေးပို့သော ဆက်သွယ်မှုနှင့် သတင်းအချက်အလက်များနှင့် သက်ဆိုင်သည်။ သို့ရာတွင် နည်းပညာအသစ်များတွင် သတင်းအချက်အလက် ပံ့ပိုးသူများနှင့် ရပ်ရွာအသိုင်းအဝိုင်းများကိုယ်တိုင် နားလည်ရန်လိုအပ်သည့် ထူးခြားသော အန္တရာယ်သစ်များလည်း ပါဝင်လာသည်။

လူများအနေဖြင့် မိမိတို့၏ဖုန်းတွင်းရှိ ကိုယ်ရေးလုံခြုံခွင့် ဆက်တင်များကို အမြဲ သတိမထားမိနိုင်သလို သီးသန့် အွန်လိုင်းအုပ်စုများတွင် ပါဝင်နေခြင်း၏ သတ်မှတ်ချက်များကို အမြဲတမ်း နားမလည်နိုင်ပါ။ အကျပ်အတည်းကာလအတွင်း လူများအကြောင်း သတင်းအချက်အလက်သည် ငွေရေးကြေးရေး အကျိုးအမြတ် သို့မဟုတ် အခြား ကျင့်ဝတ်နှင့်မညီသော ရည်ရွယ်ချက်များအတွက် ၎င်းတို့၏ ထိခိုက်လွယ်မှုကို ခေါင်းပုံဖြတ်ရန် ကြိုးပမ်းနိုင်သည့် လိမ်လည်သူများ၊ လူကုန်ကူးသူများနှင့် အခြား မသမာစိတ်ရှိသည့်အဖွဲ့များ၏ အာရုံစိုက်ခြင်းကို ခံရနိုင်သည်။

ဥပမာများ -

- လူများသည် မိမိတို့လိုအပ်ချက်များအကြောင်း စစ်တမ်းမေးခွန်းများကို အွန်လိုင်း၌ ဖြေဆိုစဉ် မသိလိုက်ဘဲ ကိုယ်ရေးကိုယ်တာနှင့် ထိလွယ်ရှလွယ်သော သတင်းအချက်အလက်များကို စစ်တမ်းပလက်ဖောင်းသို့ မျှဝေလိုက်ကြသည်။
- လူတစ်ဦးသည် ဒေသတွင်း ဝန်ဆောင်မှုများအကြောင်း သတင်းအချက်အလက်ပေးသည့် ပုဂ္ဂလိကအဖွဲ့တစ်ခုသို့ ဝင်ရောက်သည်။ အဆိုပါအဖွဲ့တွင် အစပိုင်း၌ ဒေသခံလူ ၆၀-၈၀ ခန့် ပါဝင်ပြီး သတင်းအချက်အလက်များ လဲလှယ်နေကြသည့်အဖွဲ့ဖြစ်ကာ ဒေသခံ ဆရာတစ်ဦးမှ စီမံခန့်ခွဲလျက်ရှိပါသည်။ အဖွဲ့သည် အဖွဲ့ဝင်ပေါင်း တစ်ထောင်နီးပါး (အသိုင်းအဝိုင်းတွင်း တိုက်ရိုက်မပါဝင်သူများ အပါအဝင်) ဆက်လက် တိုးများလာပြီး နောက်ဆုံးတွင် အဖွဲ့စီမံအုပ်ချုပ်မှု အဆင့်ဆင့်လွှဲပြောင်းကာ အဖွဲ့ကို ကြီးကြပ်မှုသည် အလွန်နည်းပါးလာသည်။ ဤအချိန်တွင် အဖွဲ့သည် တရားဝင် မဟုတ်သော်လည်း လက်တွေ့အားဖြင့် အများသူငါ ဝင်ရောက်နိုင်သော ပလက်ဖောင်းအဖြစ် လုပ်ဆောင်နေပြီး မည်သူဝင်ရောက်လာကြောင်းနှင့် ၎င်းတို့၏ ရည်ရွယ်များ အပေါ်စောင့်ကြည့်မှု နည်းပါးနေသည်။

ဒစ်ဂျစ်တယ် ဘေးကင်းလုံခြုံရေး၊ လုံခြုံမှုနှင့် အန္တရာယ်ဆိုင်ရာ ထပ်ဆောင်းအရင်းအမြစ်များ -

- “ယုံကြည်မှုနှင့် ချိတ်ဆက်ခြင်း – ဒုက္ခသည်များနှင့် ချိတ်ဆက်ခြင်းနှင့် ပတ်သက်သည့် ဒစ်ဂျစ်တယ် အန္တရာယ်များကို စီမံခန့်ခွဲခြင်း” UNHCR
- “ရပ်ရွာအသိုင်းအဝိုင်းအခြေပြု ကာကွယ်ရေးတွင် ဆိုရှယ်မီဒီယာ အသုံးပြုခြင်း – လမ်းညွှန်စာတမ်း” UNHCR
- “လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားသည့် အခြေအနေများအတွင်း ဒစ်ဂျစ်တယ် အန္တရာယ်များ” ဆွေးနွေးပွဲ အစီရင်ခံစာ ICRC

## ဒေတာလုံခြုံရေးနှင့် ကိုယ်ရေးလုံခြုံခွင့် -

ဒေတာလုံခြုံရေးနှင့် ကိုယ်ရေးလုံခြုံခွင့်သည် လူပုဂ္ဂိုလ်များ၊ အထူးသဖြင့် ထိခိုက်လွယ်သူများနှင့် ပတ်သက်သည့် မည်သူဖြစ်ကြောင်း ထုတ်ဖော်နိုင်သော သတင်းအချက်အလက် (PII) စုဆောင်းရာတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည် -

- မည်သည့် သတင်းအချက်အလက်များကို သင် စုဆောင်းနေပါသလဲ၊ ဘာကြောင့်ပါလဲ
- အချက်အလက်များကို စုဆောင်းပြီးနောက် သင် မည်သို့ ကာကွယ်စောင့်ရှောက်ပါမလဲ

အကျပ်အတည်းကာလတစ်ခုတွင် ဒေတာနှင့် ပီအိုင်အိုင် (PII) ကို တာဝန်သိတတ်စွာ စုဆောင်း၊ သိမ်းဆည်း၊ ရယူအသုံးပြုရန် ကူညီပံ့ပိုးပေးသည့် အသေးစိတ် လမ်းညွှန်ချက်များ အများအပြား ရှိသည်။ နောက်ဆုံးအနေဖြင့် သင်အလုပ်လုပ်နေသော အဖွဲ့အစည်း သို့မဟုတ် အစည်းအရုံးသည် ဒေတာလုံခြုံရေးနှင့် တာဝန်ရှိမှုအတွက် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ရှိသင့်သည်။ ဤလမ်းညွှန်ချက်သည် သင်နှင့်အတူ ထိတွေ့လုပ်ဆောင်နေသူများ၊ သင့်အလုပ်တွင် ပံ့ပိုးနေသူများ၏ ဒေတာများကို စုဆောင်းထိန်းသိမ်းရာတွင် ဘေးကင်းလုံခြုံမှုရှိကြောင်း သေချာစေသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများဖြစ်ကြောင်း သေချာအောင် သင့်အား ပံ့ပိုးကူညီပေးနိုင်ပါသည်။

- ကာကွယ်ရေး သတင်းအချက်အလက် စီမံခန့်ခွဲမှု (PIM)အစပျိုးလုပ်ဆောင်မှုသည် "ကာကွယ်ရေး သတင်းအချက်အလက် စီမံခန့်ခွဲမှုအတွက် သဘောတရားဆိုင်ရာ မူဘောင်တစ်ရပ်ကို ဖန်တီး၊ စုစည်းပြီး ဖြန့်ဝေရန်"ရည်ရွယ်ကာ ကာကွယ်ရေး သတင်းအချက်အလက် စီမံခန့်ခွဲမှုအတွက် စည်းမျဉ်းများအပေါ် သတင်းအရင်းအမြစ်များအပြင် အကျပ်အတည်း အခြေအနေများတွင် ထိုအရာများကို မည်သို့အကောင်အထည်ဖော်ပုံဆိုင်ရာ နည်းလမ်းကိရိယာများနှင့် လမ်းညွှန်ချက်များ ပါဝင်သည်။
- ကာကွယ်ရေးလုပ်ငန်းအတွက် ပရော်ဖက်ရှင်နယ် စံအဆင့်အတန်းများတွင် "ကာကွယ်ရေးရလဒ်များအတွက် ဒေတာနှင့် သတင်းအချက်အလက် စီမံခန့်ခွဲရေး" ဆိုင်ရာ အသေးစိတ်အခန်းတစ်ခန်း ပါရှိသည်။

### ဂုဏ်သိက္ခာဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ

အကျပ်အတည်းကာလအတွင်း လူများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်း ထောက်ပံ့ပေးခြင်းသည် လူသားချင်းစာနာထောက်ထားရေးအကူအညီ၏ အဓိကကျသည့် မူသဘောတစ်ခုဖြစ်ပြီး သတင်းအချက်အလက်ရေးရာလုပ်ဆောင်သူများအားလုံး ထည့်သွင်းစဉ်းစားသင့်သောအရာ တစ်ခု ဖြစ်သည်။ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ မူဝါဒအဖွဲ့မှ ရေးသားထားသောနေရပ်စွန့်ခွာတိမ်းရှောင်စဉ် ဂုဏ်သိက္ခာနှင့် ပတ်သက်သည့် သုတေသနအရ ဂုဏ်သိက္ခာသည် "**မည်သည်ကိုထောက်ပံ့ပေးခဲ့သည် ဆိုခြင်းထက် မည်သို့ ထောက်ပံ့ပေးခဲ့သည် ဆိုခြင်း**" နှင့် ပို၍ဆက်နွယ်သည်ဟု လူအများက ယူဆကြောင်း တွေ့ရှိခဲ့သည်။ ဤသုတေသနမှ ထွက်ပေါ်လာသည့် အကြံပြုချက်နှစ်ချက်မှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ပြောဆိုမှုနှင့် ဆက်နွယ်နေသည် -

- တုံ့ပြန်မှု အစပြုချိန်မှစတင်၍ ထိခိုက်ခံရသော လူထု၏အသံကို နားထောင်ရာတွင် အချိန်နှင့် အရင်းအမြစ်များ ရင်းနှီးကာ ဤသတင်းအချက်အလက်များကို စီမံကိန်း ဒီဇိုင်းနှင့် အကောင်အထည်ဖော်ရာတွင် အသိပေးရန် အသုံးချပါ။
- အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှု၏ ဆန်းစစ်သုံးသပ်ခြင်းအဆင့်တွင် မျက်နှာချင်းဆိုင် ဆက်သွယ်မှုများကို ပိုမိုအသုံးပြုကာ အဆင့်တစ်ခုချင်းစီတွင် မည်သည့် ဆက်သွယ်ရေးနည်းလမ်းများက သင့်လျော်ကြောင်း ဂရုပြုပါ။

သတင်းအချက်အလက်နှင့် ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ကာ ကြားဝင်မှုများကို ရေးဆွဲပြီး အကောင်အထည်ဖော်ထားသည့်အတွက် အသိုင်းအဝိုင်းတစ်ခုစီ၏ မသိမသာ ကွဲပြားချက်များကို နားလည်ရန်လိုအပ်သည်။ အချို့ယူဆချက်များကို စစ်ဆေးပြီး စဉ်ဆက်မပြတ် မွမ်းမံရန် လိုအပ်သည်။

## လူသား ဗဟိုပြု -

လူများနှင့် ထိတွေ့ဆောင်ရွက်မှုမပြုမီ မေးခွန်းများမေးမြန်းပြီး ၎င်းတို့၏ ယူဆချက်များကို မျှဝေရန် အားပေးပါ။ သင် အောင်မြင်ရယူရန် ကြိုးပမ်းသည့်အရာ၊ သင် လိုအပ်သည့် သတင်းအချက်အလက် အမျိုးအစား၊ သင် စဆောင်းရန် မလိုအပ်သည့်ဒေတာအပေါ် ရှင်းရှင်းလင်းလင်းရှိပါ (တစ်ဆင့်ခံ ဒေတာမှတဆင့် ရှိပြီးဖြစ်သလား စစ်ဆေးပါ။)။ လုပ်ဆောင်ချက်များနှင့် ၎င်းတို့အား အသိပေးသော ဒေတာများကို ထိခိုက်ခံရသော လူထု၏ အကျိုးစီးပွား၊ ကောင်းကျိုးချမ်းသာနှင့် အခွင့်အရေးများအရ လမ်းညွှန်ရမည်။

အကြံပြုချက်များ -

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအတွင်း ဆန်းစစ်သုံးသပ်ချက်တစ်ခု ပြုလုပ်ရာတွင် အထူးသဖြင့် နှိုက်နှိုက်ချွတ်ချွတ် သို့မဟုတ် ထိလွယ်ရှလွယ်သော ကိစ္စရပ်များနှင့် ပတ်သက်သည့် မေးခွန်းများဖြစ်နေပါက မေးပြီးသားမေးခွန်းကို မေးပြီးသူများအား ထပ်မေးမနေကြောင်း သေချာစေရန် အေဂျင်စီများအနေဖြင့် ညှိနှိုင်းဆောင်ရွက်သင့်သည် (ညှိနှိုင်းလေ့ရှိပါသည်)။ အေဂျင်စီများကလည်း နှစ်ဖက်လိုအပ်ချက်များကို ဆန်းစစ်သုံးသပ်မှုများ မကြာခဏပြုလုပ်မည်ဖြစ်သဖြင့် ထိုသူများနှင့် ချိတ်ဆက်ထားပြီး မည်သည့်ဒေတာများကို စုဆောင်းပြီးဖြစ်သည်ကို သင် သိရှိထားကြောင်း သေချာစေပါ။

အချို့သော အခြေအနေများတွင် အေဂျင်စီများသည် ၎င်းတို့၏ လိုအပ်ချက်များအပေါ် ဆန်းစစ်သုံးသပ်ချက်များတွင် ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်မဟုတ်ကြောင်း သိသော်လည်း မေးခွန်းများ မေးကြသည်။ ကန့်သတ်ချက်များကို ရှေးမစွကပင် ပွင့်ပွင့်လင်းလင်း ရှင်းပြခြင်းသည် လူများ၏ အချိန်ကို ပိုလေးစားရာရောက်သည့်အပြင် ၎င်းတို့၏ မျှော်လင့်ချက်များကိုလည်း ပိုစီမံနိုင်ချေရှိသည်။

## ကိုယ်ရေးလုံခြုံခွင့် -

လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ အေဂျင်စီများနှင့် ဂျာနယ်လစ်များသည် အထူးသဖြင့် လူများ၏ ဇာတ်လမ်းများနှင့် ဓာတ်ပုံများကို အသုံးပြုခြင်းဖြင့် အကျပ်အတည်းတွင်း ရှိနေသူများအပေါ် စာနာနားလည်မှု ဖန်တီးရန် လူသားများအတွက် အကျိုးစီးပွားရှုထောင့်သည့် အလွန်အားကောင်းကြောင်း သိကြသည်။ သို့ရာတွင် လူများကို အားကိုးရာမဲ့ပုံပေါက်စေပြီး အေဂျင်စီမရှိသောပုံစံမျိုးဖြင့် ဖော်ညွှန်းခြင်းသည် ၎င်းတို့အနေဖြင့် အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိကြောင်း ပုံသေချမှုများနှင့် အထင်အမြင်များကို ဆက်လက်ဖြစ်ပေါ်စေသည်။ သဘောတူညီချက် ရယူခြင်းသည် အရေးကြီးသော်လည်း ဖြစ်နိုင်ချေရှိသော သက်ရောက်မှုများကို အပြည့်အဝနားမလည်ဘဲ သဘောတူညီချက်ပေးနိုင်သည့်အတွက် ၎င်းကြောင့် လူအများသည် အကျိုးဆက်ခံစားရခြင်း ဖြစ်နိုင်သေးသည်။ မီဒီယာဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်ရေး အချက်အလက်များ လုံခြုံမှုကို လေးစားပြီး ဂုဏ်သိက္ခာကို ထိန်းသိမ်းရန် လုပ်ဆောင်နိုင်သော အဆင့်များကို ပိုမိုနက်နဲစွာ လေ့လာနိုင်ရန်အတွက် **မော်ဂျူး ၄ - ထိခိုက်မှုကို လျော့ချခြင်း - အရေးပေါ်အခြေအနေများတွင် မီဒီယာနှင့် သတင်းထောက်များအတွက် လမ်းညွှန်စာအုပ် - ကို ကြည့်ပါ။**

ဥပမာများ -

- တီဗွီပေါ်မှ ထုတ်လွှင့်သည့် ဖြစ်ရပ်တစ်ခုတွင် ထိခိုက်ခံစားရသူများ၏ အမည်များကို ပြောင်းလဲထားပြီး မျက်နှာများကို ဝါးထားပေးသော်လည်း ၎င်းတို့၏ အသွင်အပြင်၊ တည်နေရာနှင့် အလုပ်အကိုင်တို့နှင့် ပတ်သက်သည့် လုံလောက်သော အသေးစိတ်အချက်အလက်များ ပါဝင်နေခြင်းကြောင့် ၎င်းတို့သည် မည်သူဖြစ်ကြောင်း သိရှိနိုင်သေးသည်။

- မကြာသေးမီအထိ ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်း - အထူးသဖြင့် အမျိုးသမီးများနှင့် အသက်ကြီးသူများသည် အင်တာနက် အသုံးပြုခွင့် သို့မဟုတ် အင်တာနက် သုံးဖူးသည့် အတွေ့အကြုံ သိပ်မရှိခဲ့ပါ။ အရေးပေါ်အခြေအနေတစ်ခုအတွက် တုံ့ပြန်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် အင်တာနက်ရရှိနိုင်မှုကို တိုးမြှင့်ပေးခဲ့ပြီး အေဂျင်စီများက ထိုရရှိနိုင်မှုကို အသုံးပြုပြီး ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့လုပ်ဆောင်ကာ သတင်းအချက်အလက်များ မျှဝေခဲ့သည်။ ထိုအခြေအနေကြောင့် အွန်လိုင်းပေါ်တွင် အသိပေး သဘောတူညီချက်ဆိုင်ရာ လုပ်ငန်းစဉ်များ (ဆိုလိုသည်မှာ စည်းကမ်းချက်များကို "ကျွန်ုပ်သဘောတူသည်" ကို နှိပ်ခြင်း) ကို လူတော်တော်များများက အလိုအလျောက် လက်ခံသော်လည်း ၎င်းတို့၏ အချက်အလက်များကို မည်သို့မျှဝေသိမ်းဆည်းထားသည်ကို သိရှိနားလည်မှု မရှိကြကြောင်း ပေါ်လွင်လာခဲ့သည်။ ရလဒ်အနေဖြင့် ၎င်းတို့၏ ကိုယ်ရေးလုံခြုံခွင့်ကို ထိခိုက်ခဲ့သည်။

## စိတ်ဒဏ်ရာနှင့် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ -

သတင်းအချက်အလက်ဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများ၏ စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

လူများကို စိတ်ဒဏ်ရာပေးသည့် ဖြစ်ရပ်များကို မျှဝေရန် သို့မဟုတ် ထပ်မံမျှဝေရန် သင် တောင်းဆိုနေသလား။

လူအများသည် ၎င်းတို့၏ဘဝအတွင်း ကြုံတွေ့ရသည့် အခက်အခဲများကို ပြောပြ၊ ပါဝင်ဆွေးနွေးလိုသည့် နည်းလမ်းကို သင်လေးစားမှုရှိသလား။

တစ်ဆင့်ခံ စိတ်ဒဏ်ရာ၏ ဖြစ်နိုင်ချေရှိသော သက်ရောက်မှုကို (စိတ်ဒဏ်ရာဖြစ်စေသည့် သတင်းအချက်အလက်များကြောင့် ထိခိုက်ရသူ) သင် ထည့်သွင်းစဉ်းစားနေပါသလား။

ဆိုရှယ်မီဒီယာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာမှုသည် အကျပ်အတည်းကြောင့် ထိခိုက်ခံရသူများကိုယ်တိုင်မှ မျှဝေပြီး ကျယ်ပြန့်စွာ ဖြန့်ဝေထားသော ဂရပ်ဖစ်ပုံများနှင့် ဖော်ပြချက်များကြောင့် ဤထည့်သွင်းစဉ်းစားရမည့်အချက်များတွင် အပြောင်းအလဲအသစ်များ ပါဝင်လာသည်။ အကြောင်းအရာများကို အားပေးထောက်ခံရန် အားထုတ်မှုများ၊ တရားမျှတမှုနှင့် တာဝန်ခံမှုရှိရေးအတွက် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် မျှဝေနိုင်ပါသည်။ သို့ရာတွင် ၎င်းတို့ကို မကြာခဏမြင်ရသူများ သို့မဟုတ် အတိတ်မှ စိတ်ဒဏ်ရာများကြောင့် တန်ပြန်မှုခံစားရသူများအတွက် ဘေးဖြစ်စေသော သက်ရောက်မှုများ ရှိနိုင်သည်။ ဤကဲ့သို့ သတင်းအချက်အလက်များကို မျှဝေခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် အပြုသဘောနှင့် အဖျက်သဘောဆောင်သော အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားပြီး ထိခိုက်ခံရသည့် လူထု၏ ရှုထောင့်မှ ဖြစ်နိုင်ခြေရှိသော အန္တရာယ်များနှင့် အကျိုးကျေးဇူးများကို နားလည်ရန် ၎င်းတို့နှင့်အတူ လုပ်ဆောင်ပါ။

အကြံပြုချက်များ -
စိတ်ထိခိုက်ရသည့် ဖြစ်ရပ်များကို မျှဝေခြင်းသည် စိတ်ဒဏ်ရာခံစားရသူများ၏ ရွေးချယ်ခွင့်ဖြစ်သော်လည်း ၎င်းသည် စိတ်ဒဏ်ရာ ထပ်မံခံစားရစေနိုင်သလို ထိခိုက်မှုလည်း ဖြစ်စေနိုင်သည်။ ထိုကဲ့သို့ သတင်းအချက်အလက်များကို ထုတ်ဖော်နိုင်သည့် မည်သည့် ထိတွေ့လုပ်ဆောင်ခြင်းမဆိုကို ထိုနယ်ပယ်တွင် ကျွမ်းကျင်မှုရှိသူများက အထူးပြု လူမှုစိတ်ပညာဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင်မှု အပေါ်မူတည်၍ ဂရုတစိုက် ပြုလုပ်သင့်သည်။

## ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုကို လေးစားပါ -

သင့်၏ သတင်းအချက်အလက် ဖန်တီးခြင်းနှင့် မျှဝေခြင်းနည်းလမ်းများသည် ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ မျိုးနွယ်နှင့် ရိုးရာဓလေ့များကို လေးစားသည့် နည်းလမ်းဖြင့် လုပ်ဆောင်ထားကြောင်း သေချာစေပါ။ ဤနေရာတွင် ဒေသတွင်း ခန့်အပ်ထားသော ဝန်ထမ်းများ၏ အခြေအနေဆိုင်ရာ အတွေ့အကြုံနှင့် လူထုနှင့် ထိတွေ့လုပ်ဆောင်မှုကို ကျယ်ပြန့်စွာလုပ်ဆောင်ခြင်းတို့ကို ပေါင်းစပ်ခြင်း အပါအဝင် သင့်အခြေအနေတွင် ဖော်ပြထားသည့် ရှုထောင့်မျိုးစုံကို နားလည်သဘောပေါက်အောင် ရင်းနှီးမြှုပ်နှံမှု လိုအပ်လိမ့်မည်။

အကြံပြုချက်များ -

- အချို့သော အခြေအနေများတွင် အမျိုးသမီးများသည် အမျိုးနှင့်ဆိုင်သော အစည်းအဝေးများ၌ အမျိုးသားများ ရှိနေသည့်အခါ လွတ်လပ်စွာ ပြောဆိုနိုင်ချေနည်းသည်။ သို့မဟုတ် လူငယ်များသည် ၎င်းတို့ထက် အသက်ကြီးသူများ ပြောဆိုရန် နေရာမရသေးသရွေ့ ပြောဆိုမည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဤမသိမသာကွဲပြားချက်များကို နားမလည်ပါက ထင်မြင်ယူဆချက် အချို့ကိုသာ ဖမ်းမိသိရှိမည့် အန္တရာယ်ရှိသည်။

## အသိပေးသဘောတူညီချက် -

ကျွန်ုပ်တို့၏ လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသည့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများမှ အဖွဲ့ဝင်များသည် ထိုသို့ပါဝင်ခြင်း၏ သက်ရောက်မှုများကို နားလည်ကြောင်း သေချာစေရန် ကျိုးကြောင်းသိရှိ သဘောတူညီချက်သည် မလုပ်မဖြစ် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားကြသည်။ ဤအရာသည် ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆောင်ရွက်မှုများ အတွက်လည်း မှန်ကန်သည်။

သို့ရာတွင် ကျိုးကြောင်းသိရှိ သဘောတူချက်ကို အပြည့်အစုံနှင့် ကျော်လွန်၍ ထည့်သွင်းစဉ်းစားသင့်ပါသည် - ဥပမာ - ပါဝင်သူများက ကောင်းမွန်စွာ နားမလည်နိုင်သေးသည့် ဖော်ပြချက်တစ်ခုကို စစ်တမ်းအစတွင် ဖတ်ပြခြင်း။

ပြည့်ကျပ်သည့် အသုံးအနှုန်း၊ ဥပဒေရေးရာ၊ သမားရိုးကျမဟုတ်သည့် အသုံးအနှုန်းများကလည်း သဘောတူချက် အမှတ်ခြစ်ခြင်းများကို နားမလည်နိုင်မည့်အလားအလာ ပိုများစေနိုင်သည်။ သတင်းအချက်အလက်အမျိုးမျိုးနှင့် စာတတ်မြောက်ရေးဆိုင်ရာ အတားအဆီးများဟု ဆိုရာတွင် လူများ အနေဖြင့် ၎င်းတို့၏ သဘောတူညီချက်၏ အကျိုးသက်ရောက်မှု အပြည့်အစုံကိုနားမလည်နိုင် သို့မဟုတ် အချိန်မရွေး သဘောတူချက်ကို ရုပ်သိမ်းနိုင်စွမ်းရှိကြောင်းကို နားမလည်နိုင်ဟု အဓိပ္ပာယ် သက်ရောက်နိုင်သည်။ သဘောတူချက်ကို ဒစ်ဂျစ်တယ်ပုံစံဖြင့် လက်ခံရသည်ဆိုပါက ဤကဲ့သို့စွာ အသုံးအနှုန်းသည် လူအများအား မဖတ်ဘဲ ကလစ်နှိပ်စေသည် သို့မဟုတ် ဝက်ဘ်စာမျက်နှာတစ် နေရာရာတွင် ဖုံးကွယ်ထားပါက မမြင်မိဘဲ ကျော်သွားနိုင်ပါသည် (အထက်ရှိ ကိုယ်ရေးလုံခြုံခွင့် အခန်းပါ ဥပမာကို ကြည့်ပါ)။

အကြံပြုချက်များ -

တစ်ဦးချင်းဆက်သွယ်မှုများအတွက် တစ်ဦးချင်း သဘောတူချက်ပေးရသော်လည်း ပါဝင်ဆောင်ရွက်ခြင်းနှင့် လူထုနှင့် ထိတွေ့ဆောင်ရွက်ခြင်း၏ရည်ရွယ်ချက်နှင့် ရပ်ရွာအသိုင်းအဝိုင်း အတွက် ၎င်းတို့၏ တန်ဖိုးထားမှုအကြောင်း အသိုင်းအဝိုင်းအနှံ့ ဆက်သွယ်ပြောဆိုမှု ပိုမိုများပြားအောင် စီစဉ်ပေးခြင်းသည် အကျိုးရှိပါသည်။

ဤသည်က သဘောတူချက်၏ အဓိပ္ပာယ်နှင့် ၎င်းကို လူထုက မည်သို့နားလည်ခြင်းကို ပိုမို ကျယ်ပြန့်စွာ သိရှိစေနိုင်သည်။

လူသားချင်းစာနာထောက်ထားရေး အဆင်အပြင်များတွင် ဥပမာတစ်ခုအနေဖြင့် ကော့စ်ဘဇား (Cox's Bazaar) ရှိ ကျိုးကြောင်းသိရှိ သဘောတူခွင့်ပြုချက် အကြောင်း နက်နက်နဲနဲဆွေးနွေးချက် ကို ကြည့်ရှုနိုင်ပါသည်။

မီဒီယာ အကြောင်းအရာ ဖန်တီးရာတွင် ၎င်းတို့ကိုယ်ကိုနှင့် ၎င်းတို့နှင့် ထိတွေ့နေသူများကို ကာကွယ်ရန် စိန်ခေါ်မှုများရှိသည့် အခြေအနေများတွင် လုပ်ကိုင်နေသော သတင်းအချက်အလက် ပံ့ပိုးသူများ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်စေရန် အွန်လိုင်းတွင် ရနိုင်သော အရင်းအမြစ်များစွာရှိပါသည်။

- "သတင်းထောက် လုံခြုံရေး လမ်းညွှန် – အန္တရာယ်နှင့် အပြောင်းအလဲများဖြင့် ပြည့်နှက်နေသော ကမ္ဘာကြီးထဲတွင် သတင်းရယူခြင်း" - သတင်းထောက်များအား ကာကွယ်ပေးရေး ကော်မတီ (CPJ)
- "SpeakSafe – ပိုမို ဘေးကင်းလုံခြုံသော အွန်လိုင်းနှင့် မိုဘိုင်းဆိုင်ရာ အလေ့အထများအတွက် မီဒီယာဝန်ထမ်းများ၏ ကိရိယာစုံ"- Internews
- "Safetag – လုံခြုံရေး စစ်ဆေးမှု မူဘောင်နှင့် အားပေးထောက်ခံသည့် အဖွဲ့များအတွက် အကဲဖြတ်မှု နမူနာပုံစံ" - Internews
- Safe Sisters သည် အွန်လိုင်းပေါ်တွင် မိမိကိုယ်ကို ပိုမိုကောင်းမွန်စွာ ကာကွယ်နိုင်စေရန် ရည်ရွယ်ပြီး အမျိုးသမီး အရပ်ဘက် လူမှုခေါင်းဆောင်များနှင့် လူ့အခွင့်အရေး ကာကွယ်သူများအတွက် Internews, Defend Defenders နှင့် Digital Society တို့မှ ဖန်တီးထားသော အရင်းအမြစ်တစ်ခု ဖြစ်သည်

### လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု

ထိခိုက်ခံရသူများ၏ ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို အာမခံပေးရန် ဤထည့်သွင်းစဉ်းစားချက်အားလုံးအပြင် ဤအရာများကို ဆန်းစစ်သုံးသပ်ရန်နှင့် နားလည်သဘောပေါက်အောင် ထောက်ပံ့ပေးရန် မည်သည့်ကိရိယာများ ရှိသလဲ။

ဤလုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု (နောက်ဆက်တွဲ ၂ ရှိ ပုံစံ) သည် သတင်းအချက်အလက်ရေးရာလုပ်ဆောင်သူများအတွက် ပရောဂျက် သို့မဟုတ် လုပ်ဆောင်ချက်တစ်ခုသည် ရပ်ရွာအသိုင်းအဝိုင်းတစ်ခုအတွင်း အကောင်အထည်ဖော်ရန် လုံခြုံဘေးကင်းမှု ရှိ မရှိ ဆုံးဖြတ်ရန် လုပ်ငန်းစဉ်တစ်ခုကို လမ်းညွှန်ပေးသည် ၂။ ဤလေ့ကျင့်ခန်းကို စီမံကိန်းတစ်ခု အကောင်အထည်ဖော်နေသည့် သို့မဟုတ် အကြောင်းအရာတစ်ခုကို ဖန်တီးနေသည့် (ဥပမာ- ဖြစ်ရပ်ဇာတ်လမ်းတစ်ပုဒ်အကြောင်း ရေးသားနေသည့်) အဖွဲ့အတွင်း ဆောင်ရွက်နိုင်သည်။ အခြေအနေပေးပါက လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု လုပ်ငန်းစဉ်တွင် ရပ်ရွာအသိုင်းအဝိုင်း၏ ပါဝင်မှုကို အမြဲထည့်သွင်းသင့်သည်။

**အဆင့်-၅ ဆင့် ပါဝင်သော လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု လုပ်ငန်းစဉ်** -

1. **ပရောဂျက်ကို ရှင်းလင်းစွာ ချမှတ်ပါ** -တည်နေရာများနှင့် ကွဲပြားသော ဆက်စပ်ပတ်သက်သူများ အပါအဝင်။ သင်တိုက်ရိုက် ဆက်ဆံရမည့် ဆက်စပ်ပတ်သက်နေသူများနှင့် ဤဆောင်ရွက်ချက်၏ သက်ရောက်မှုကို ခံစားရနိုင်သည့် တစ်ဆင့်ခံ ဆက်စပ်ပတ်သက်နေသူများအကြောင်းကို စဉ်းစားပါ။ ဥပမာအားဖြင့် သင်သည် မိဘများကို သတင်းအချက်အလက်များ ပံ့ပိုးပေးရန် ရည်ရွယ်ထားသည့်အတွက် 'မိဘများ' သည် ပင်မ ဆက်စပ်ပတ်သက်သူများဖြစ်ပြီး မိသားစုရှိ ကလေးများသည် တစ်ဆင့်ခံ ဆက်စပ်ပတ်သက်သူများ ဖြစ်သည်။
2. **ပရောဂျက်၏ အကျိုးအမြတ်များကို ထုတ်ဖော်ပါ** - ၎င်းက ပရောဂျက် ရလဒ်ကို ရယူရန် အန္တရာယ် အချို့/ အန္တရာယ် အဆင့်များကို ရင်ဆိုင်သင့် မသင့် ဆုံးဖြတ်ရန် အကျိုးအမြတ်နှင့် အန္တရာယ်ကို နှိုင်းယှဉ်ချိန်ဆ ရာ၌ ကူညီပေးပါလိမ့်မည်။ တစ်ဦးချင်းနှင့် ရပ်ရွာအသိုင်းအဝိုင်းအတွက် အကျိုးအမြတ်များအပြင် သင့်အဖွဲ့အစည်း သို့မဟုတ် မီဒီယာအဖွဲ့အတွက် အကျိုးအမြတ်များကို စဉ်းစားပါ။
3. **မည်သည့် လုပ်ဆောင်ချက်မျိုးမှမဆို ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို ထုတ်ဖော်ပါ-** ဤတွင် ထိခိုက်ခံ ရပ်ရွာအသိုင်းအဝိုင်း၊ လှုပ်ရှားမှုတွင် ပါဝင်သော ဝန်ထမ်းများ၊ သတင်းအချက်အလက် ရေးရာ လုပ်ဆောင်သူများ၏ ဂုဏ်သတင်းနှင့် အဖွဲ့အစည်း၏ အလုပ်လုပ်နိုင်စွမ်း အပါအဝင် ပထမအဆင့်တွင် ဖော်ပြထားသည့် ဆက်စပ်ပတ်သက်နေသူ အမျိုးမျိုးအတွက် အန္တရာယ်များလည်း ပါဝင်သင့်သည်။
4. **အန္တရာယ် သက်သာလျော့ပါးရေး နည်းဗျူဟာများကို ဖော်ထုတ်ပါ** - ခွဲခြားထုတ်ဖော်ပြီးသော အန္တရာယ်များကို လျှော့ချနေစဉ် ဖြေရှင်းချက်တစ်ခုချင်းစီကို အရေးယူဆောင်ရွက်ခြင်းအတွက် အဖွဲ့အစည်းတွင်း မည်သူတာဝန်ရှိခြင်း အပါအဝင် ပရောဂျက် လုပ်ဆောင်ရာတွင် ကူညီပေးမည့် အကောင်အထည်ဖော်နိုင်သော လက်တွေ့ကျပြီး ခိုင်မာသည့် ဖြေရှင်းချက်အကြောင်း စဉ်းစားပါ။
5. **စီမံကိန်းကို အကောင်အထည်ဖော် မဖော် ဆုံးဖြတ်ပါ** - (အဆိုပြုထားသည့် လျှော့ချရေး နည်းဗျူဟာ လုပ်ဆောင်နိုင်စွမ်းကို ထည့်သွင်းစဉ်းစားပြီးနောက်) ကြွင်းကျန်သည့် အန္တရာယ်များနှင့် အကျိုးအမြတ်များ အကြား သုံးသပ်ဆင်ခြင်ပါ၊ ဥပမာ - စီမံကိန်း၏ ရလဒ်သည် ကြွင်းကျန်သည့် အန္တရာယ်များထက် အလေးသာ ပါသလား။ သို့မဟုတ် ခွဲခြားထုတ်ဖော်ထားသည့် အကျိုးအမြတ်အားလုံး သို့မဟုတ် အချို့ကို ဆက်လက်ထိန်းသိမ်းထားရင်း အန္တရာယ်များကို လျှော့ချရန် ပြောင်းလဲနိုင်သည့် စီမံကိန်းကဏ္ဍများကို သတ်မှတ်ပါ။

---

၂ လုံခြုံရေးအစီအစဉ်အတွက် နောက်ထပ် လမ်းညွှန်ချက်များကို သိရှိလိုပါက Oxfam ၏ "လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ တုံ့ပြန်မှုများတွင် လုံခြုံရေးအစီအစဉ် – အန္တရာယ်စီမံခန့်ခွဲရန် လမ်းညွှန်ချက်" ကိုကြည့်ပါ (ghtsafeprogramming@oxfam.org)

## လေးကင်းလုံခြုံရေး အစီအစဉ် ဆန်းစစ်အကဲဖြတ်မှုများအတွက် ဥပမာ
(ပုံစံရရှိရန် နောက်ဆက်တွဲ ၂ ကို ကြည့်ပါ) -

**စီမံကိန်း -**

အမျိုးသမီး လိင်အင်္ဂါ ဖြတ်တောက်ခြင်းဓလေ့ (FGM) အကြောင်း ပြောဆိုသည့် ဒေသတွင်း ရေဒီယိုရှိုး တစ်ခု - “အက်ဖ်ဂျီအမ် (FGM) သည် ယဉ်ကျေးမှု ဓလေ့ရိုးရာတစ်ခု၏ တစ်စိတ်တစ်ပိုင်း ဖြစ်သောကြောင့် ၎င်းကို ရှုတ်ချနိုင်ပါသလား။” ဆိုသည့် မေးခွန်းအပါအဝင် အခြားသော မေးခွန်းများကို ပရိသတ်များမှ တိုက်ရိုက်မေးနိုင်မည်ဖြစ်ပြီး၊ ဆေးပညာနှင့် ဥပဒေအတတ်ပညာရှင်များ၊ ဓလေ့ရိုးရာနှင့် ဘာသာရေးခေါင်းဆောင်များ နှင့် အစိုးရကိုယ်စားလှယ်များ ပါဝင်၍ ဆွေးနွေးမည်ဖြစ်သည်။

**အကျိုးအမြတ်များ**

- အလေ့အကျင့်များကို ဘောင်ခတ်သည့် ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ဥပဒေဆိုင်ရာ အစိတ်အပိုင်းများကို ဆွေးနွေးရန် နေရာတစ်ခု ပံ့ပိုးပေးခြင်းဖြင့် အက်အက်ဖ်ဂျီအမ် (FGM) ကို ဖယ်ရှားတွင် အားဖြည့်ပါဝင်ခြင်း
- မိန်းကလေးများ နှင့် အမျိုးသမီးများအတွက် အက်ဖ်ဂျီအမ် (FGM) ပြုလုပ်ခြင်း၏ ကျန်းမာရေး အကျိုးဆက်များအကြောင်း အသိပညာပေးခြင်းအပြင် အထူးကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ကျန်းမာရေး/လူမှုစိတ်ပိုင်းဆိုင်ရာ ကူညီစောင့်ရှောက်မှုတို့ကို ပံ့ပိုးပေးနိုင်သည့် ကျန်းမာရေးစင်တာများအကြောင်း သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်း
- ပရိသတ်၏ အတွေ့အကြုံများကို မျှဝေနိုင်ပြီး FGM အကြောင်း မေးခွန်းများ မေးနိုင်သည့် အခွင့်အလမ်း တစ်ရပ် ပံ့ပိုးပေးခြင်း

**ဆက်စပ်ပတ်သက်နေသူအားလုံး အတွက် ဘေးအန္တရာယ်များ**

- ပရိသတ် - ရှိုးတွင် ဖိတ်ခေါ်ခံရသူများသည် မည်သူဖြစ်ကြောင်း ထုတ်ဖော်နိုင်သော သတင်းအချက်အလက် (PII) ကို ထုတ်ဖော်ပြောဆိုနိုင်ပြီး ၎င်း၏ အကျိုးဆက် (အမည်းစက်ထင်စေခြင်း၊ အကြမ်းဖက်မှု အပါအဝင်) အဖြစ် ပစ်မှတ်ထားခံရနိုင်သည်
- ဧည့်သည်များနှင့် သတင်းထောက်များ- ဓလေ့ရိုးရာဆိုင်ရာ ယုံကြည်မှုများနှင့် ဆန့်ကျင်သည့် အငြင်းပွားဖွယ် သဘောထားများကို မျှဝေသည့်အတွက် ပစ်မှတ်ထားခံရနိုင်သည်
- ဒေသတွင်း ရေဒီယို - FGM ကျင့်သုံးပြီး ထုတ်လွှင့်မှုကြောင့် မကျေမနပ်ဖြစ်နေကြသော ရပ်ရွာအသိုင်းအဝိုင်းတွင်းရှိ လူများက ရုံးခန်းကို ပစ်မှတ်ထားနိုင်သည်

**အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာများ**

- ပါဝင်ဆောင်ရွက်မှု မပြုမီ မည်သူမည်ဝါ ဖြစ်ကြောင်းနှင့် မည်သည့်နေရာတွင် နေထိုင်ကြောင်း ဖော်ထုတ်သည့် သတင်းအချက်အလက်များ မျှဝေခြင်း၏ အန္တရာယ်များအကြောင်း ပါဝင်သူများအားလုံးကို အသိပေးပြီး သိသိသိပ်သိပ်နေရန် အကြံပြုပါ။ ပါဝင်သူများ၏ သက်သေအထောက်အထားများကို ကာကွယ်ပေးရန်အတွက် တည်းဖြတ်ခွင့်ပေးနိုင်ရန် တိုက်ရိုက်လွှင့်သည့်ရှိုးပွဲ မစမီ မေးခွန်းများ (သို့) သက်သေခံချက်များကို ကြိုတင်ရိုက်ကူးခွင့် ကမ်းလှမ်းပေးပါ။
- ဧည့်သည်များနှင့် ဂျာနယ်လစ်များအားလုံး ဤခေါင်းစဉ်တွင်း ပါဝင်ဆွေးနွေးခြင်း၏ အန္တရာယ်များကို သိနားလည်ပြီး သက်တောင့်သက်သာရှိကြောင်း သေချာအောင်လုပ်ပ်
- အားပေးထောက်ခံမှုများလာအောင် FGM ကျင့်သုံးနေ ရပ်ရွာအသိုင်းအဝိုင်း ခေါင်းဆောင်အပါအဝင် အဓိက ဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး လူထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့် နယ်ပယ်စုံမှ ဧည့်သည်တော်များကို ဖိတ်ကြားပါ

**ဆုံးဖြတ်ချက် -**

တစ်ဦးချင်းဖုန်းခေါ်သူများ၊ ဝန်ထမ်းများနှင့် အဖွဲ့အစည်းများအား ကာကွယ်ရန် အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာများ လုံလုံလောက်လောက် ရှိသောကြောင့် ရှိုးပွဲကို ရှေ့ဆက်ဆောင်ရွက်နိုင်သည်။

**စီမံကိန်း -**

ဒေသခံ အဖွဲ့အစည်းတစ်ခုသည် ထိခိုက်ခံရသည့် လူ့အသိုက်အဝန်းမှ အဖွဲ့ဝင်များ၏ ဓာတ်ပုံများ အပါအဝင်၊ လူသားချင်း စာနာထောက်ထားမှုအကူအညီများ ပေးနေသော သူတို့၏ အောင်မြင်မှုများနှင့် ပတ်သက်၍ သတင်းအချက်အလက် များ မျှဝေရန် အများပြည်သူသုံးဆိုရှယ်လ်မီဒီယာအကောင့်တစ်ခုကို ဖန်တီးနေပါသည်။

| အကျိုးအမြတ်များ | ဆက်စပ်ပတ်သက်နေသူအားလုံးအတွက် ဘေးအန္တရာယ်များ | အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာများ |
|---|---|---|
| - လူသားချင်း စာနာထောက်ထားရေး ရန်ပုံငွေများကို မှန်မှန်ကန်ကန် အသုံးပြုခြင်းအပေါ် ပွင့်လင်းမြင်သာမှု တိုးမြှင့်ခြင်း<br><br>- အားပေးထောက်ခံမှု များ အားကောင်းစေရန်၊ ဝန်ထမ်းများ၏ လုံခြုံမှုကို တိုးတက်စေရန်နှင့် ထိရောက်သော အစီအစဉ်ကို ပံ့ပိုးပေးနိုင်ရန် လူထုနှင့် ဒေသတွင်း အာဏာပိုင်များအကြား အဖွဲ့အစည်း၏ မြင်သာမှုကို တိုးမြှင့်ခြင်း<br><br>- အကျပ်အတည်း အပေါ် လေ့လာချက်ကို နိုင်ငံတကာသိအောင် မြှင့်တင်ပြီး အဖွဲ့အစည်း၏ အားပေးထောက်ခံမှုနှင့် ရန်ပုံငွေရေးရာ ရည်မှန်းချက်များကို ထောက်ပံ့ခြင်း | - ပရိသတ်- ထိခိုက်ခံရသည့် လူထုသည် ပလက်ဖောင်းကို အသုံးပြုပြီး အကူအညီ တောင်းခံနိုင်သည် သို့မဟုတ် ၎င်းတို့အား အန္တရာယ်ဖြစ်စေနိုင်သည့် ပီအိုင်အိုင် (PII) ကို ထုတ်ဖော်ခြင်း၊ ဤအဖွဲ့အစည်းမှ မရရှိနိုင်သည့် ဝန်ဆောင်မှုများ နှင့်/ သို့မဟုတ် လွှဲပြောင်းပေးသည့် ယန္တရားများ မဖော်ဆောင်ရသေးသည့် ဝန်ဆောင်မှုများအတွက် မျှော်လင့်ထားသည်များရှိကြောင်း တင်ပြခြင်းဖြင့် ထိလွယ်ရှလွယ်သော သတင်းအချက်အလက်များကို ဝေမျှနိုင်သည်။<br><br>- ပရိသတ် - ပုန်းရှောင်နေသော လူများကို ပုံတစ်ပုံတွင် သတိထားမိပြီး ၎င်းတို့၏ တည်နေရာကို မတော်တဆ ဖွင့်ဟမိနိုင်သည်<br><br>- ပရိသတ်- ထိရှလွယ်သော အကြောင်းအရာတစ်ခုကို ထုတ်ဖော်ပြောဆိုသည့်အတွက် အသုံးပြုသူတစ်ဦးသည် ပစ်မှတ်ထားခြင်း ခံရနိုင်သည် (ဘေးဖယ်ခံထားရသည့် အုပ်စုထဲတွင် ပါဝင်နေသည့်အတွက် အချို့သော လူအုပ်စုများသည် ကျား/မ စံသတ်မှတ်ချက်များကို အခြေပြုသည့် ခြိမ်းခြောက်မှုများကို ပိုမိုခံစားရလေ့ရှိသည်ကိုလည်း သတိပြုသင့်ပါသည်)<br><br>- အဖွဲ့အစည်း - ဆိုရှယ်မီဒီယာရှိ ပို့စ်ကို အလိုအလျောက် ဘာသာပြန်ဆိုထားခြင်းကြောင့် ပရိသတ်အတွက် နားလည်မှုလွဲမှားခြင်းများ ဖြစ်စေနိုင်သည်<br><br>- အဖွဲ့အစည်း - ပရိသတ်၏ မေးခွန်းများနှင့် တောင်းဆိုချက်များကို တုံ့ပြန်ဖြေကြားနိုင်စွမ်း မရှိခြင်းက အားမလို အားမရဖြစ်ခြင်း၊ သတင်းမှား နှင့် ကောလာဟလများ ဖြန့်ဖြူးခြင်း၊ အဖွဲ့အစည်းနှင့် ဆက်ဆံရေး တင်းမာခြင်း၊ အဖွဲ့အစည်းအပေါ် မယုံကြည်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည် | - ပီအိုင်အိုင် (PII) ဖွင့်ဟခံရခြင်း အပြင် အွန်လိုင်းတွင် ထိရှလွယ်သော အချက်အလက်များ မျှဝေခံရခြင်းတို့နှင့် ပတ်သက်၍ အမြင်ဖွင့်ပေးရန် ဆိုရှယ်မီဒီယာ၏ စာမျက်နှာတွင် မြင်တွေ့နိုင်သော လမ်းညွှန်ချက်များကို ထည့်သွင်းပါ<br><br>- ထိခိုက်ခံရသည့် အသိုင်းအဝိုင်းဝင်များသည် မည်သူများဖြစ်ကြောင်း ထုတ်ဖော်မထားသည့် ဓာတ်ပုံများကို ရွေးချယ်ပါ၊ ဝန်ထမ်းအားလုံးကို လေ့ကျင့်သင်ကြားပေးထားကြောင်းနှင့် ကျိုးကြောင်းသိရှိ သဘောတူခွင့်ပြုချက် (ဒီဂျစ်တယ်နည်းပညာများ အသုံးနည်းသည့် လူများအား ဆိုရှယ်မီဒီယာ၏ ထိရောက်မှုကို ရှင်းပြပေးခြင်း အပါအဝင်) ကို လေးစားမှုရှိကြောင်း သေချာအောင်လုပ်ပါ<br><br>- အကောင့်ပေါ်တွင် ဆိုရှယ်မီဒီယာမက်ဆေ့ချ်များကို ထိန်းကွပ်ရေးအတွက် အတွင်းပိုင်းလမ်းညွှန်ချက်များကို ဖော်ထုတ်ပြီး ထိရှလွယ်သောပို့စ်များ အောက်တွင် မှတ်ချက်ပေးခြင်းအား ပိတ်ရန် ရွေးချယ်ပေးပါ<br><br>- အလိုအလျောက် ဘာသာပြန်ခြင်းကို အသုံးမပြုစေရန် ဘာသာစကားမျိုးစုံဖြင့် ပို့စ်တင်တတ်သော ဝန်ထမ်းများကို ခန့်ထားပါ<br><br>- ဂရု(ပ်)ကို ထိန်းကွပ်ရန် (မှတ်ချက်များ နှင့် ပုဂ္ဂလိက မက်ဆေ့ချ်များကို ဖြေကြားရန်) ဝန်ထမ်းများ လုံလောက်စွာငှားရမ်းပြီး လေ့ကျင့်သင်ကြားပေးထားပါ သို့မဟုတ် ထိုသို့အပြန်အလှန် ပြောဆိုဆက်ဆံရေးကို အကျိုးသင့်အကြောင်းသင့် မစောင့်ကြည့်နိုင်ပါက ၎င်းတို့အား ရွေးချယ်နိုင်ခွင့် ပိတ်ထားလိုက်ပါ |

**ဆုံးဖြတ်ချက် -**

ဆိုရှယ်မီဒီယာ အကောင့်ကို စောင့်ကြပ်ပေးရန် ဝန်ထမ်းများအနေဖြင့် လုံလောက်သည့် စွမ်းရည်ပိုင်ဆိုင်ထားကြောင်း သေချာမှုရှိစေပြီး စောင့်ကြည့်ခြင်းနှင့် ကာကွယ်ပေးခြင်းနှင့် ပတ်သက်၍ လေ့ကျင့်သင်ကြားပေးထားကြောင်း သေချာမှုရှိစေခြင်းတို့ အပါအဝင် အပြန်အလှန်ပြောဆိုဆက်ဆံရေးအပိုင်းကို ထည့်သွင်းရန် ပရောဂျက်ကို စိစစ်သုံးသပ်ပါ။ အန္တရာယ် သက်သာလျော့ပါးရေး နည်းဗျူဟာများ အဆင်သင့် မဖြစ်မချင်း ဆိုရှယ်မီဒီယာ၏စာမျက်နှာကို စတင်မိတ်မဆက်သင့်ပါ။

## အစိပ်ပိုင်းရှိရှိ ရယူအသုံးပြုခွင့်ရှိကြောင်း သေချာစေခြင်း

အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် လူထုသို့ သတင်းအချက်အလက်များ ပံ့ပိုးရာတွင် သို့မဟုတ် လူထုထိတွေ့ဆက်သွယ်မှု လုပ်ဆောင်ချက်များကို ဒီဇိုင်းဆွဲရာတွင် လူတိုင်း လိုအပ်သည့် သတင်းအချက်အလက်များကို အဟန့်အတားမရှိ ဝင်ရောက်ရှာဖွေကြည့်ရှုခွင့်ရှိကြောင်း သေချာစေရန် လုပ်ဆောင်သည့်နည်းလမ်းများကို ကျွန်ုပ်တို့ ဆီလျော်အောင်ပြင်ဆင်ရန် လိုအပ်သည်။ ဆိုလိုသည်မှာ အထူးသဖြင့် ထိရှလွယ်နိုင်သော သို့မဟုတ် သတင်းအချက်အလက် ရယူရန် အခက်အခဲရှိသော လူတစ်ဦးချင်းနှင့် အုပ်စုများအား အထူးဂရုစိုက်ပေးသင့်သည်။ **မိုဂျူး ၃ - သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို လျှော့ချခြင်း - သုံးသပ်လေ့လာချက် မူဘောင် တစ်ရပ်**က အခြေအနေအလိုက် သုံးသပ်လေ့လာမှုတွင် လမ်းညွှန်ပေးပြီး သတင်းအချက်အလက်ကို အစိပ်ပိုင်းရှိရှိ ရယူအသုံးပြုခွင့်ပေးမည့် နည်းလမ်းများကို ထုတ်ဖော်ရာတွင် ကူညီပေးသည်။

ထိရှလွယ်နိုင်မှုနှင့် စွမ်းဆောင်ရည် အမျိုးမျိုးရှိသော လူအုပ်စုအမျိုးမျိုး၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားပြီး သတင်းအချက်အလက်ကို အစိပ်ပိုင်းရှိရှိ ရယူအသုံးပြုခွင့်ရှိကြောင်း သေချာအောင်လုပ်ခြင်းနှင့် ဆက်နွယ်သည့် အောက်ပါ အရေးကြီး အချက်များကို မည်သို့စီမံခန့်ခွဲပုံအကြောင်း သတင်းအချက်အလက်များကို **မိုဂျူး ၃** တွင် ဖော်ပြပါမည် **(နောက်ဆက်တွဲ ၁ သို့ ရည်ညွှန်းရန် သတိပြုပါ - ဝေါဟာရများ** အောက်တွင် အသုံးပြုထားသော မည်သည့် အသုံးအနှုန်းကိုမဆို ရှင်းပြပေးရန် လိုအပ်ပါက)။

- **သတင်းအချက်အလက် လိုအပ်ချက်များ -** (သတင်းအချက်အလက်များ ဖန်တီး၊ မျှဝေ၊ ရှာဖွေရယူသည့်အခါ) ရယူရန် သို့မဟုတ် ဖြေရှင်းရန် ခက်ခဲပြီး/သို့မဟုတ် အန္တရာယ်ရှိသော်လည်း အလွန်အရေးကြီးသော အကြောင်းအရာများကို နားလည်ခြင်း။
- **သတင်းအရင်းအမြစ်များ -** ပိုဦးစားပေးပြီး အယုံကြည်ရဆုံး သတင်းအရင်းအမြစ်များအကြောင်း သိနားလည်ခြင်း။
- **ချန်နယ်များနှင့် ပလက်ဖောင်းများ-** ပိုဦးစားပေး၊ အလုံခြုံဆုံးဖြစ်ပြီး သတင်းအချက်အလက် ဝင်ရောက်ကြည့်ရှုရန် အလွယ်ကူဆုံး ပလက်ဖောင်းများအကြောင်း သိနားလည်ခြင်း။
- **ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်ဆိုင်ရာ အကြောင်းအရာများ -** သတင်းအချက်အလက်များကို ရယူရာတွင် အန္တရာယ်များ သို့မဟုတ် အတားအဆီးများ ပိုမိုရင်ဆိုင်နေရသည့် အချို့သော လူအုပ်စုများအား ပံ့ပိုးပေးနိုင်သည့် ဝိသေသလက္ခဏာများကို သိနားလည်ခြင်း။ ၎င်းတွင် ဘာသာစကား၊ ကျား/ မ၊ မသန်စွမ်းမှု၊ ဥပဒေရေးရာ အဆင့်အတန်း၊ စာတတ်မြောက်မှု၊ ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်း၊ သတင်းအချက်အလက် အသုံးပြုတတ်ခြင်းတို့ အကန့်အသတ်မရှိ ပါဝင်သည်။
- **လက်လှမ်းမမီသော ချန်နယ်များနှင့် ပလက်ဖောင်းများအပေါ် အလွန်အမင်း အမှီသဟဲပြုခြင်း-** လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ခံစားနေရသူတိုင်းသည် ဒစ်ဂျစ်တယ် ပလက်ဖောင်းများ သို့မဟုတ် နည်းပညာကို အလွယ်တကူ ဝင်ရောက်အသုံးပြုခွင့် မရနိုင်ပါ။ အွန်လိုင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်မျှဝေခြင်းကိုသာ အာရုံစိုက်ခြင်းသည် ထိရှလွယ်သော လူထုကို ဖယ်ထုတ်နိုင်ပြီး ၎င်းတို့အား ပစ်ပယ်ရာရောက်သည်။ အပြန်အလှန်အားဖြင့် အပယ်ခံထားရသည့် လူအချို့သည် လူချင်းတွေ့ခြင်းထက် ဒစ်ဂျစ်တယ် ပလက်ဖောင်းများတွင် ဆက်သွယ်ခြင်းက ပိုမိုဘေးကင်းလုံခြုံသည်ဟု ခံစားရနိုင်သည်။

ထိခိုက်ခံ ရပ်ရွာအသိုင်းအဝိုင်း၏ လိုအပ်ချက်များနှင့် ကိုက်ညီသော အကြောင်းအရာများ ဖန်တီးရာတွင် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ဒေသတွင်းမီဒီယာများကို ပံ့ပိုးပါ၊ အဆိုပါအသိုင်းအဝိုင်းထံသို့ မီဒီယာသတင်းဌာနများ လက်လှမ်းမီရေးကို မြှင့်တင်ပေးခြင်းသည် သတင်းအချက်အလက်ကို အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်ရှိရေးဆိုင်ရာ အတားအဆီး တော်တော်များများကို ဖယ်ရှားပေးနိုင်သည်။ ၎င်းတို့တွင်- လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူသူများက နောက်ဆုံးထွက် သတင်းအချက်အလက်များအပေါ် ၎င်းတို့၏ အချိန်နှင့်တစ်ပြေးညီ ဆန်းစစ်သုံးသပ်ချက်များမှ တွေ့ရှိချက်များကို ဝေမျှခြင်း၊ လူသားချင်းစာနာထောက်ထားရေး အကူအညီနှင့် အခြားအဓိကကျသော သတင်းအချက်အလက်များအကြောင်း ဆက်သွယ်ပြောဆိုရာတွင် ဒေသခံ မီဒီယာနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဥပမာ - ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆက်သွယ်ပြောဆိုခြင်း (CWC) နှင့် ထိခိုက်ခံရသူများအတွက် တာဝန်ယူမှု တာဝန်ခံမှု (AAP) စသည့် သက်ဆိုင်ရာ အုပ်စုဖွဲ့လုပ်ကိုင်သည့် အုပ်စုများတွင် ဒေသခံမီဒီယာကို ထည့်သွင်းခြင်း၊ လိုအပ်သည့်အခါ ဒေသခံမီဒီယာများကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း နှင့်/သို့မဟုတ် ရန်ပုံငွေ အကူအညီပေးခြင်းတို့ ပါဝင်သည်။

**နမူနာ စီမံကိန်း-**

လမ်းညွှန်ဆိုင်းဘုတ် (Signpost)ကို ဒေသနှင့် သက်ဆိုင်ပြီး ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်ရန်အတွက် အထူးတည်ဆောက်ထားသော အဖွဲ့ထံ လူအများ ဆက်သွယ်နိုင်ကြောင်းနှင့် အပြန်အလှန် အကျိုးပြုနိုင်ကြောင်း သေချာစေရန် ရေးဆွဲထားသည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လ၌ ဂရိနိုင်ငံ၊ အေသင်မြို့ရှိ မြေထဲပင်လယ် ဒုက္ခသည်ဆိုင်ရာ အကျပ်အတည်းများကို အကဲဖြတ်နေစဉ်ကာလအတွင်း စစ်တမ်းဒေတာများအရ သုံးစွဲသူများသည် Signpost ပေါ်ရှိ သတင်းအချက်အလက်များကို ထိတွေ့ဆောင်ရွက်ရုံသာမက သတင်းအချက်အလက်များလည်း မျှဝေပေးခဲ့ကြောင်း တွေ့ရှိခဲ့သည်။ စစ်တမ်းဖြေဆိုသူများထဲမှ ၇၈% သည် Refugee.Info တွင် တွေ့ရှိရသည့် သတင်းအချက်အလက်များကို ၎င်းတို့၏ မိသားစုဝင်များထံ မျှဝေခဲ့ကြောင်း ဆန်းစစ်သုံးသပ်ချက်က ညွှန်ပြနေသည်။ လေ့လာချက်အရ ဖြေကြားသူများအနက် ၆၂% သည် Facebook မသုံးသူများထံသို့ သတင်းအချက်အလက်များ မျှဝေခဲ့ကြသောကြောင့် Signpost ၏ သတင်းပျံ့နှံ့မှုသည် ဆိုရှယ်မီဒီယာထက် ကျော်လွန်နေကြောင်း မီးမောင်းထိုးပြနေသည်။ သီးခြားအကြောင်းအရာတစ်ခုနှင့် ပတ်သက်သည့် အခြားယုံကြည်စိတ်ချရသော သတင်းအချက်အလက်ပုံစံများကိုလည်း ပံ့ပိုးပေးနိုင်သည်။

## တာဝန်ယူမှု၊ တာဝန်ခံမှု

ဘေးကင်းလုံခြုံ၊ အဓိပ္ပာယ်ရှိပြီး လေးစားမှုရှိသော သတင်းအချက်အလက်များကို ပံ့ပိုးပေးခြင်းနှင့် ထိခိုက်ခံ ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့လုပ်ဆောင်ခြင်း ဆိုသည်မှာ လူထုအတွက် ၎င်းတို့၏ အတွေး အမြင်များကို ဝေမျှရန်နှင့် ကျွန်ုပ်တို့ အမှားလုပ်သည့်အခါ တိုင်တန်း တာဝန်ခံစေရန် ရယူအသုံးပြုနိုင်သော ချန်နယ်များ ပံ့ပိုးပေးခြင်းကို ဆိုလိုသည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ၊ မီဒီယာ၊ လူ့အဖွဲ့အစည်းများ သို့မဟုတ် အခြား သတင်းအချက်အလက်ပေးသူများ၏ လုပ်ဆောင်ချက် တော်တော်များများသည် လူထုနှင့် ထိတွေ့လုပ်ဆောင်၊ ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ပြီး တာဝန်ယူစေ သည့် အာဏာကို တိုးမြှင့်ပေးရန်ရည်ရွယ်သည်။ ဤရည်ရွယ်ချက်များက **ကာကွယ်စောင့်ရှောက်ရေး ကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေရန်** ကြိုးပမ်းချက်များနှင့် ကိုက်ညီသည် – တစ်နည်းအားဖြင့်ဆို သော် အစီအစဉ်ကို ပိုမိုဘေးကင်းလုံခြုံစေပြီး တာဝန်ခံမှုရှိအောင် ဆောင်ရွက်ပေးခြင်းဟု သိကြသည်။

သို့ရာတွင် ဤရည်မှန်းချက်များကို လက်ကိုင်ပြုနေစဉ် ထည့်သွင်းပေးထားသည့် တာဝန်ယူမှု တာဝန်ခံမှု ဆိုင်ရာ နည်းလမ်းများကို စတင်ထည့်သွင်းခဲ့ပုံ**နည်းလမ်း** သည် လူတစ်ဦးချင်းနှင့် ရပ်ရွာအသိုင်းအဝိုင်း အား ထိခိုက်စေနိုင်မည့် အန္တရာယ် တိုးလာနိုင်သည် သို့မဟုတ် လျော့ကျလာနိုင်သည်ကိုလည်း သတိပြု ရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် ရပ်ရွာအသိုင်းအဝိုင်းဝင်များမှ ထုတ်ဖော်ပြောဆိုခြင်း၊ စိုးရိမ်မှု များကို မျှဝေခြင်း သို့မဟုတ် အစည်းအဝေးများ တက်ရောက်ခြင်းမှတစ်ဆင့် ဆုံးဖြတ်ချက်ချရာတွင် ပိုမိုပါဝင်လာခြင်းက အန္တရာယ်များနှင့် တွဲလာနိုင်ပြီး ထည့်သွင်းစဉ်းစားရန်နှင့် လျှော့ချရန်လိုအပ်သည်။ ရပ်ရွာအသိုင်းအဝိုင်းမှ ဦးဆောင်သော တာဝန်ခံမှု တာဝန်ယူမှုဆိုင်ရာ အစပျိုးလုပ်ဆောင်မှုများသည် အန္တရာယ်များနှင့် တွဲလာနိုင်သည့်အတွက် ဤအစပျိုးလုပ်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ ရေးဆွဲ ပြီး ရယူအသုံးပြုနိုင်ရန် ရပ်ရွာအသိုင်းအဝိုင်းအား ကူညီပံ့ပိုးပေးရန် ထိုအန္တရာယ်များကို ဖော်ထုတ်ပြီး လျှော့ချရာတွင် ရပ်ရွာအသိုင်းအဝိုင်းအား ကူညီပေးရန် ကျွန်ုပ်တို့တွင် တာဝန်ရှိသည်။

**၎င်းသည် အဓိက သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူအတွက် မည်သည့် အဓိပ္ပာယ်သက်ရောက် ပါသလဲ။**

**ဒေသတွင်း သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများသည်** ထိခိုက်ခံရသူများအနေဖြင့် တုံ့ပြန် အကြံပြုချက်ပေးနိုင်သည့်အပြင် ဖြစ်နိုင်ချေရှိသော စိုးရိမ်ရမှုများနှင့် တိုင်တန်းချက်များကို မည်သို့ဖြေ ရှင်းပုံအကြောင်း ပါဝင်ထည့်သွင်းခြင်းမှတစ်ဆင့် သင့်လျော်သော ယန္တရားများကို ပံ့ပိုးပေးရန်လိုအပ် သည်။ ဤတာဝန်ယူတာဝန်ခံမှုဆိုင်ရာ ယန္တရားများကို လုံခြုံရေး အစီအစဉ်၏ အခြားအပိုင်းသုံးခုနှင့် အညီ တည်ဆောက်သင့်ပါသည် -

- ၎င်းတို့သည် ဘေးကင်းလုံခြုံပြီး ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်း၏ ဂုဏ်သိက္ခာကို လေးစား သင့်သည်။
- ၎င်းတို့အား ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းတွင်းရှိ လူအုပ်စုအမျိုးမျိုးမှ အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့် ရှိသင့်သည်။
- ၎င်းတို့ကို ရပ်ရွာအသိုင်းအဝိုင်းအခြေပြု တိုင်ပင်ဆွေးနွေးမှုများမှတစ်ဆင့် ဒီဇိုင်းရေးဆွဲပြီး အသိုင်းအဝိုင်းတွင်း ပါဝင်သူအားလုံးမှ သိရှိပြီးဖြစ်သင့်သည်။

**ဒေသတွင်း မီဒီယာ** အတွက် ၎င်းသည် ပရိသတ်အား မီဒီယာ၏ အကြောင်းအရာ၊ ထုတ်လုပ်ရေးနှင့် ပတ်သက်၍ တုံ့ပြန်ချက်ပေးရန် အခွင့်အရေးပေးခြင်း ဖြစ်သည်။ ၎င်းတွင် ပရိသတ်များသည် ၎င်းတို့ မည်သည့် သတင်းအချက်အလက်ကို လိုအပ်ကြောင်း၊ ထိုသတင်းအချက်အလက်ကို ၎င်းတို့မည်သို့ လက်ခံလိုကြောင်း၊ မည်သည့်အချိန်တွင် ပါဝင်ထည့်သွင်းရန်နှင့် လူထုအခြေပြု သဘောထားများပေး ရန် အခွင့်အလမ်းရလိုကြောင်းအပေါ် တုံ့ပြန်မှုနှင့် တိုက်တွန်းအကြံပြုချက်များကို ဘေးကင်းလုံခြုံစွာ အမည်မဖော်ဘဲပေးနိုင်သည့် နေရာတစ်ခုပါဝင်သည်။ တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုသည်မှာ တိုးတက် ရေးအတွက် ပရိသတ်များထံမှ တိုင်ကြားချက်များနှင့် တိုက်တွန်းအကြံပြုချက်များကို နားထောင်ပေး ရန် ဖွင့်ပေးခြင်းဟုလည်းဆိုလိုသည်။

**လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ** အတွက် ဘေးကင်းလုံခြုံပြီး ရယူအသုံးပြု နိုင်သော တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားမှု ယန္တရားစနစ်များ ပံ့ပိုးပေးရန် တည်ဆောက်ရေး သို့မဟုတ် အားကောင်းရေးအတွက် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းကြား လက်ရှိ အစီရင်ခံ ယန္တရားစနစ် များအကြောင်း နားလည်သဘောပေါက်ခြင်းကိုဆိုလိုသည်။ **မိုဂျူး ၃ - သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို လျှော့ချခြင်း - သုံးသပ်လေ့လာချက် မူဘောင်တစ်ရပ်** က အမျိုးမျိုးသော လူအုပ်စုများမှ ယုံကြည်ပြီး ဘေးကင်းလုံခြုံစွာ ရယူနိုင်သော သတင်းအရင်းအမြစ် များ၊ ချန်နယ်များကို ရှာဖွေဖော်ထုတ်ခြင်းအပြင် ထိုသတင်းအရင်းအမြစ်များနှင့် ချန်နယ်များ ရယူ အသုံးပြုခွင့်ကို သက်ရောက်နိုင်သည့် အားနည်းချက်နှင့် အားသာချက်များကိုလည်း လမ်းညွှန်ပေးသည် (ဤမိုဂျူး၏ ယခင်အပိုင်းရှိ "သတင်းအချက်အလက်ကို အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်ရှိကြောင်း သေချာစေခြင်း"ကို ရည်ညွှန်းသည်)။ အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်ရှိသည့် တုံ့ပြန်အကြံပြုချက် နှင့် တိုင်ကြားချက် ယန္တရားစနစ်ကို ဖန်တီးရန်အတွက် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းအတွင်း သတင်းအချက်အလက်များ ဖန်တီးမျှဝေရာတွင် ရင်ဆိုင်ရဖွယ်ရှိသည့် အဟန့်အတားများအကြောင်း ကို သိနားလည်ရန် အရေးကြီးသည်။

ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းသည် ရှင်သန်ရန် လူသားချင်းစာနာထောက်ထားရေး အကူအညီ အပေါ် မှီခိုနေရသည့် အခြေအနေတွင် အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများ ရှုပ်ထွေးသည့်အတွက် ယန္တရားစနစ်များသည် အမည်မဖော်ဘဲ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ သတင်းပို့ခွင့် ပြုသင့်သည်။ တိုက်ရိုက်သတင်းပို့ခြင်း ဆိုရာတွင် အဖွဲ့အစည်းတစ်ခု၏ ယန္တရားတစ်ခု မှတစ်ဆင့် တစ်ဦးတစ်ယောက်က ပေးပို့ခြင်းကို ဆိုလိုပြီး သွယ်ဝိုက် သတင်းပို့ခြင်း ဆိုသည်မှာ လူထု မှ ယုံကြည်သည့် ကိုယ်စားလှယ်တစ်ဦးမှတစ်ဆင့် ရပ်ရွာအသိုင်းအဝိုင်းမှ အခြားအဖွဲ့ဝင်များကိုယ်စား ပေးပို့ခြင်းကို ဆိုလိုသည်။

တာဝန်ယူမှု တာဝန်ခံမှု ယန္တရားများတွင် တွေ့ရသော လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစား ပြုခြင်းတို့မှ ကာကွယ်ခြင်းကို ဘေးကင်းလုံခြုံစွာ ပေါင်းစည်းရန် လမ်းညွှန်ချက်များအပြင် အကောင်း ဆုံး အလေ့အကျင့်များ၊ ဖြစ်ရပ်လေ့လာမှုများနှင့် အချို့သော လိုအပ်ချက်များနှင့်အညီ လမ်းညွှန်ချက် ကို ပံ့ပိုးပေးနိုင်သည့် အကူအညီပေး ဝန်ဆောင်မှုတို့ကို အေဂျင်စီများကြား အမြဲတမ်းကော်မတီ (Inter-Agency Standing Committee) ဝက်ဘ်ဆိုဒ်တွင် တွေ့ရှိနိုင်သည်။

**ဖြစ်ရပ်လေ့လာမှု**

နိုင်ငံ D တွင် NGO အားလုံးနီးပါးသည် ဒုက္ခသည်များနှင့် အခြားနေထိုင်သူများ အသုံးပြုရန် အတွက် ၎င်းတို့၏စင်တာများတွင် တိုင်ကြားချက်နှင့် တုံ့ပြန်အကြံပြုစာများ ထည့်သွင်းနိုင်သော ပုံးများကို ထားပေးသည်။ ၎င်းတို့သည် အွန်လိုင်း သို့မဟုတ် ဖုန်းမှတစ်ဆင့် တုံ့ပြန်အကြံပြုသည့် နည်းလမ်းများ မပေးထားသောကြောင့် လူကိုယ်တိုင်သာ တုံ့ပြန်အကြံပြုနိုင်သည်။ အချို့သော NGO များသည် ဘေးကင်းရေး၊ လုံခြုံရေးနှင့် စိတ်ကျန်းမာရေး အပါအဝင် ခေါင်းစဉ်မျိုးစုံအပေါ် မေးမြန်းသည့် ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်းများ (FGDs) မှတစ်ဆင့်လည်း တုံ့ပြန်အကြံပြုချက်များ ရယူကြသည်။ ဖြစ်နိုင်ပါက ၎င်းတို့သည် ကျား/မ အလိုက်နှင့် ဒုက္ခသည် နှင့် ဒေသခံနေထိုင်သူများအလိုပ် အုပ်စုခွဲသည်။ သို့ရာတွင် ရင်းမြစ်များ အကန့်အသတ်ရှိသောကြောင့် တစ်ခါတစ်ရံတွင် လူအားလုံးကို FGD နေရာတစ်ခုတည်း၌ လက်ခံဆောင်ရွက်ပေးသည်။

မကြာသေးမီက စစ်တမ်းတစ်ခုအရ နိုင်ငံ D ရှိ ဒုက္ခသည် အများစုသည် NGO များထံသို့ တုံ့ပြန်ချက် သို့မဟုတ် တိုင်ကြားချက်များကို မည်သို့ပေးပို့ရမည်ကို မသိကြကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် နိုင်ငံ D တွင် NGO များကို အနည်းအကျဉ်းသာ ယုံကြည်ရသော သတင်းအရင်းမြစ်အချို့ အဖြစ် အစီရင်ခံတင်ပြခဲ့သည်။ မသန်စွမ်းမှုရှိသူများ (PWD) သည် အများအားဖြင့်၎င်းတို့နှင့် ကိုက်ညီမည့် ဝန်ဆောင်မှုများ မည်သို့ ရယူနိုင်ကြောင်း သေချာမသိပါ၊ အထူးသဖြင့် အမျိုးသမီးများသည် ကျေးဇူးမသိတတ်သည့်ပုံစံဖြစ်မည်ကို စိုးရိမ်သည့်အတွက် တုံ့ပြန်အကြံပြုချက်ပေးရန် တုံ့ဆိုင်းကြသည်။ တော်တော်များများသည် တိုင်ကြားချက် တင်ပြခြင်းကြောင့် အနာဂတ်တွင် NGO များထံမှ ဝန်ဆောင်မှုများ မရရှိမည်ကို များစွာစိုးရိမ်ခဲ့ကြသည်။

တုံ့ပြန်အကြံပြုချက်များ ပေးပို့ရာတွင် ဘာသာစကားသည်လည်း လူအများအတွက် အဟန့်အတား ဖြစ်စေသည်။ ဒုက္ခသည် အများစုသည် နိုင်ငံ D တွင် လူအများ အသုံးပြုသော ဘာသာစကားကို ပြောဆိုကြသော်လည်း NGO သို့မဟုတ် ဒေသတွင်း မီဒီယာများ အသုံးမများသည့် ဘာသာစကား အမျိုးမျိုးဖြင့် ဆက်သွယ်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်းတို့ကို ပြုလုပ်လိုကြသည်။

၎င်းတို့၏ ပရိသတ်အများစုမှာ အိမ်ရှင်အသိုင်းအဝိုင်း၏ အဖွဲ့ဝင်များဖြစ်သောကြောင့် နိုင်ငံ D ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုနှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြည်တွင်းမီဒီယာများက ဖော်ပြလေ့မရှိသည့်အပြင် ထိုသို့သော သတင်းအချက်အလက်များကို ဆက်စပ်သည်ဟု မမြင်ပါ။ ဤချဉ်းကပ်မှုသည် ဒေသတွင်း မီဒီယာများက အကူအညီပေးရေး လုပ်ငန်းများအပေါ် တုံ့ပြန်ချက်များအတွက် ချန်နယ် တစ်ခုအဖြစ် ဆောင်ရွက်ရန် အလားအလာကို ကန့်သတ်သည်။ ပြည်တွင်းမီဒီယာများသည် ၎င်းတို့၏ ဝဘ်ဆိုဒ်နှင့် လူမှုမီဒီယာစာမျက်နှာများမှတစ်ဆင့် လူအများ၏ အတွေးအမြင်များကို မျှဝေခွင့်ပြုသော်လည်း လူကိုယ်တိုင် တုံ့ပြန်အကြံပြုခွင့် ပေးအပ်မထားသောကြောင့် အင်တာနက် ရယူအသုံးပြုခွင့် မရှိသူများအနေဖြင့် တုံ့ပြန်အကြံပြုချက် မပေးနိုင်ပါ။

တိုက်တွန်းအကြံပြုချက်များ -

- **လူသားချင်းစာနာထောက်ထားသူများ အတွက်** - စာရေးစာဖတ် မတတ်သောသူများ သို့မဟုတ် ဒေသတွင်း စင်တာများသို့ မသွားလာနိုင်သူများအား ပိုမိုလက်လှမ်းမီနိုင်သည့် အရေးပေါ်ဖုန်းနံပါတ်ကဲ့သို့ ရွေးချယ်စရာများနှင့် အွန်လိုင်းနည်းလမ်းများ ထပ်ထည့်ပြီး တုံ့ပြန်အကြံပြုချက်ကို လက်ခံရန် နည်းလမ်း တစ်ခုမက လုပ်ထားပါ။ ရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့၏ လိုအပ်ချက်များနှင့် မကိုက်ညီဟု ခံစားရပါက တုံ့ပြန်အကြံပြုချက် သို့မဟုတ် တိုင်ကြားချက်များကို အရှိန်မြှင့်ရန် ရှင်းလင်းသော ရွေးချယ်စရာများ ရှိကြောင်း သေချာစေပါ။ တုံ့ပြန်အကြံပြုချက်ပေးရာတွင် လူအများ လုံးဝ သက်သောင့်သက်သာ ဖြစ်စေရန်နှင့် တုံ့ပြန်အကြံပြုချက်ပေးသူ၏ နှစ်သက်ရာဘာသာစကားကို အသုံးပြုနိုင်ရန် ဖြစ်နိုင်လျှင် FGD များ ရောထွေးခြင်းကို ရှောင်ကြဉ်ပါ။
- **မီဒီယာများအတွက်** - ရပ်ရွာအသိုင်းအဝိုင်း ပွဲအစီအစဉ် သို့မဟုတ် စစ်တမ်းများမှတစ်ဆင့် အရေးပေါ်ဖုန်းနံပါတ် သို့မဟုတ် လူချင်းတွေ့ခြင်း မှတစ်ဆင့် ပရိသတ်ထံမှ တုံ့ပြန်အကြံပြုချက်ကို လက်ခံရန်အတွက် ရွေးချယ်စရာများကို စူးစမ်းရှာဖွေပါ။ လူအများသည် ၎င်းတို့၏ လိုအပ်ချက်များနှင့် မကိုက်ညီဟု ခံစားရပါက တုံ့ပြန်အကြံပြုချက် သို့မဟုတ် တိုင်ကြားချက်များကို အဆင်ဆင့်ဆက်တင်ရန် ရှင်းလင်းသော ရွေးချယ်စရာများ ရှိကြောင်း သေချာစေပါ။

## တိကျမှန်ကန်သော သတင်းအချက်အလက်များ ရယူအသုံးပြုခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်ရှိခြင်း -

ထိခိုက်ခံ ရပ်ရွာအသိုင်းအဝိုင်းအား သတင်းအချက်အလက်ကို အခိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်နှင့် ဘေးကင်းလုံခြုံမှုကို မြှင့်တင်ပေးမည့် အစပျိုးမှုတစ်ခု၏ ဗဟိုတွင်ထားခြင်းသည် သတင်းအချက်အလက်ကို သုံးသပ်လေ့လာရန်နှင့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များမှ မိမိကိုယ်ကို ကာကွယ်ရန် ကိုယ်ပိုင်စွမ်းရည်များတည်ဆောက်ရာတွင် ကူညီပါလိမ့်မည်။ ရပ်ရွာအသိုင်းအဝိုင်း၏ ကိုယ်စားပြုမှုအမျိုးမျိုးအား တိုင်ပင်ပြီး ထိုအသိုင်းအဝိုင်းအတွက် ရည်ရွယ်သည့် မီဒီယာအကြောင်းအရာများ ဖန်တီးရာတွင် ပါဝင်လုပ်ဆောင်ကြောင်း သေချာစေသည့်အပြင် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ စီမံကိန်းများ ရေးဆွဲရန် ဆန်းစစ်သုံးသပ်ချက်နှင့် တိုက်တွန်းအကြံပြုချက်များတွင် ရပ်ရွာအသိုင်းအဝိုင်းကို ပါဝင်စေခြင်းဖြင့် ၎င်းကို ပြုလုပ်နိုင်သည်။

ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများ၏ သတင်းအချက်အလက် ရယူအသုံးပြုရာတွင် အဓိပ္ပါယ်ရှိရှိ ထိတွေ့လုပ်ဆောင်ပုံအကြောင်း လမ်းညွှန်စာတမ်းများနှင့် နည်းလမ်းကိရိယာအမျိုးမျိုး ရှိသည် -

- လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကာလအတွင်း သတင်းမှားကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းအနေဖြင့်ကောလာဟလများ ခြေရာခံခြင်းဆိုင်ရာ Internews လမ်းညွှန်
- Internews ၏ "သတင်းအချက်အလက် ဂေဟစနစ် ဆန်းစစ်လေ့လာမှု"သည် လူထုအခြေပြုချဉ်းကပ်နည်းမှတဆင့် သတင်းအချက်အလက် ဂေဟစနစ်ကို ပံ့ပိုးပေးသည့် လက်စွဲစာစောင်တစ်ခု ဖြစ်သည်။
- Internews ၏"ကြားနာရေး အုပ်စုများ" က လူသားချင်းစာနာထောက်ထားရေးကဏ္ဍအတွင်း တာဝန်ယူမှု တာဝန်ခံမှုကို မြှင့်တင်ပြီး စီမံကိန်းများကို စဉ်ဆက်မပြတ် လိုက်လျောညီထွေပြုပြင်တိုးတက်စေကာ လူထုနှင့် အပြန်အလှန်ဆွေးနွေးမှုများ ရရှိအောင် မီဒီယာနှင့် အခြား သတင်းအချက်အလက် ပံ့ပိုးသူများအတွက် လမ်းညွှန်ချက်နှင့် ကိရိယာများပေးအပ်သည်။
- ICRC သုတေသန စာတမ်း - ဂုဏ်သိက္ခာနှင့် နေရပ်စွန့်ခွာတိမ်းရှောင်ရမှု - အပြောမှ လက်တွေ့သို့။ ရပ်ရွာအသိုင်းအဝိုင်းနှင့် လူသားချင်းစာနာထောက်ထားမှုများ၏ ဂုဏ်သိက္ခာနှင့် ပတ်သက်သော ယူဆချက်များကို ပိုမိုနားလည်စေရန်-
- IFRC ရပ်ရွာအသိုင်းအဝိုင်းနှင့် ချိတ်ဆက်ဆောင်ရွက်မှုနှင့် တာဝန်ယူမှု တာဝန်ခံမှု လမ်းညွှန်

**မှန်ကန်တိကျသောသတင်းအချက်အလက်ကို ဘေးကင်းလုံခြုံ အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့် - ဘာသာစကားနှင့် ဘာသာပြန်ခြင်း၏ မရှိမဖြစ်အရေးပါသည့် အခန်းကဏ္ဍ**

သင့်တင့်မျှတသော သတင်းအချက်အလက် ဂေဟစနစ်များနှင့် အကျပ်အတည်း အခြေအနေများတွင် ဘာသာစကားကို ထိခိုက်ခံရသည့်လူထု၏ လိုလားချက်နှင့် ကိုက်ညီအောင် ပို၍ပင် ပြုပြင်ရန်လိုအပ်သည်။ ဒေတာ ကောက်ယူရာတွင်ဖြစ်စေ၊ ဖြစ်ရပ်များ စုဆောင်းရာတွင်ဖြစ်စေ၊ မက်ဆေ့များ ဖော်ထုတ်ရာတွင်ဖြစ်စေ ဘာသာစကားသည် သတင်းအချက်အလက်၏ အရည်အသွေးအပေါ် အမြဲတမ်း သက်ရောက်ပါလိမ့်မည်။ ရပ်ရွာအသိုင်းအဝိုင်းမှ အဖွဲ့ဝင်များနှင့် ကျွမ်းကျင်ဘာသာပြန်ဆိုသူများ ပါဝင်ခြင်းသည် ဘာသာစကားနှင့် ဘာသာပြန်ခြင်းနှင့်ပတ်သက်သော အန္တရာယ်အချို့ကို ဖြေရှင်းရာ၌ ပါဝင်ပံ့ပိုးမည်ဖြစ်သည်။

- သတင်းအချက်အလက်များကို ဘေးကင်းလုံခြုံစွာ နှင့် ဂုဏ်သိက္ခာရှိရှိ ရယူအသုံးပြုခွင့်
    - လူသားချင်း စာနာထောက်ထားရေးနှင့် သတင်းထောက်လှမ်းမှုဆိုင်ရာအသုံးအနှုန်းများကို ဘာသာစကားအားလုံးဖြင့် ဘာသာပြန်ဆိုခြင်း မပြုလုပ်နိုင်ပါ သို့မဟုတ်ပါက စာနာမှုမရှိဟု ယူဆခံရနိုင်သည့် အန္တရာယ်ရှိနိုင်သည်။ ၎င်းကို စိတ်ထဲထည့်ပြီး နည်းပညာပိုင်းဆိုင်ရာ အသုံးအနှုန်းများကို ရှောင်ကြဉ်ကာ သင့်တော်လုံလောက်သည့် စကားအသုံးအနှုန်း ထုတ်ဖော်ရန် ဘာသာပြန်မှုအား ပံ့ပိုးမည့် ကျွမ်းကျင်ဘာသာပြန်ဆိုသူများ နှင့်/သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းဝင်များနှင့် လုပ်ကိုင်ပါ။
    - လူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်များသည် စကားပြန်လုပ်ရန် ကျွမ်းကျင်မှုမရှိဘဲ စကားပြန်များအဖြစ် လုပ်ဆောင်ရနိုင်သလို စကားပြန်များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကျွမ်းကျင်မှုမရှိဘဲ အခြေအနေအရ အကျပ်အတည်းတစ်ခုတွင် လုပ်ဆောင်ရနိုင်သည်။ စကားပြန်များကို လေ့ကျင့်သင်ကြားပေးရန် အချိန်နှင့် အရင်းအမြစ်များကို အမြဲအရန်သင့်ထားရှိပေးရခြင်းနှင့် ဖိအားမြင့်မားသည့် ပတ်ဝန်းကျင်အတွင်း ထိရှလွယ်ပြီး တစ်ခါတစ်ရံ စိတ်ဒဏ်ရာရစေနိုင်သည့် သတင်းအချက်အလက်များကို စကားပြန်ပေးရခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် စိတ်ကျန်းမာရေး အခြေအနေများကို သတိပြုပါ၊။
- သတင်းအချက်အလက်ကို အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်
    - ကျား/မ၊ အသက်၊ မသန်စွမ်းမှုရှိခြင်းနှင့် အခြားအချက်များစွာသည် ထိရှလွယ်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ အချို့သောအဖွဲ့များ ပြောဆိုဆက်ဆံကြပုံအပေါ် သက်ရောက်မှုရှိနိုင်သည်။ ဘာသာစကားနှင့်ပတ်သက်ပြီး အစဉ်ပြောင်းလဲနေမှုများကို သိနားလည်ရန်နှင့် သင် ဦးတည်သော အဖွဲ့/ပရိသတ်နှင့် ကိုက်ညီအောင် ပြင်ဆင်ထားသည့် ဒေတာကောက်ယူရန်ကိရိယာများ သို့မဟုတ် မက်ဆေ့များကို ဖန်တီးရန် အချိန်(နှင့် ရန်ပုံငွေ)ကို ခွဲခြမ်းနေရာချပါ။
    - လူနည်းစု၏ ဘာသာစကားများအပြင် “သင် ဘယ်ဘာသာစကား ပြောဆိုပါသလဲ” ဆိုသည့် မေးခွန်းအတွက် အဖြေကို သတိပြုပါ။ ရပ်ရွာအသိုင်းအဝိုင်းနှင့် ၎င်းတို့ အဆင်ပြေဆုံး ဘာသာစကားဖြင့် ထိတွေ့လုပ်ဆောင်ရာတွင် ၎င်းတို့ ပြောဆိုသည့် ဘာသာစကားသာမက ၎င်းတို့ **ဦးစားပေး နှစ်သက်သည်**့ ဘာသာစကားများ သို့မဟုတ် အိမ်တွင် ပြောဆိုသည့် ဘာသာစကားများကိုလည်း ပိုတိတိကျကျသိနားလည်ရန် လိုအပ်ပါသည်။

- မှန်ကန်တိကျသော သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်
  - အချို့သော အကြောင်းအရာများတွင် ထိရှလွယ်မှုနှင့် မိမိကိုယ်ကို ဝေဖန်အပြစ်တင်မှုများကို ထည့်သွင်းစဉ်းစားရန် လူထုထံမှ ရရှိသော သတင်းအချက်လက်ကို ရှင်းလင်းအောင် လုပ်ပြီး စကားပြန်ဆိုရန် လိုအပ်နိုင်သည် (လိုအပ်သည့် စကားလုံးများသည် လူအများရှေ့တွင် လက်ခံနိုင်ဖွယ်ရှိ မရှိ သို့မဟုတ် ထုတ်ဖော်ပြောဆိုရန် ကြောက်ရွံ့သဖြင့် အသုံးအနှုန်းကို လျှော့ပြောခြင်း)။ ဘေးကင်းလုံခြုံသောနေရာများတွင် လူထုနှင့် တစ်ဦးချင်းဆွေးနွေးရန်အတွက်နှင့် နားလည်မှုလွဲနိုင်သည့် အဓိက အသုံးအနှုန်းနှင့်ပတ်သက်၍ စကားပြန်များနှင့် ပြန်လည်ဆွေးနွေးရန် အချိန်ကို ခွဲခြမ်းနေရာချပါ။
  - ဒေသသုံး ဘာသာစကားဖြင့် သင်ဖန်တီးထားသော သတင်းအချက်အလက်များသည် နားလည်မှုလွဲခြင်း၊ ထိခိုက်နစ်နာခြင်း နှင့်/သို့မဟုတ် ယဉ်ကျေးမှု သို့မဟုတ် ဓလေ့ရိုးရာ မတူညီမှုနှင့် အမဲစက်များကို ပိုမိုဆိုးဝါးစေနိုင်သည်။ သင်ပေးပို့လိုသည့် သတင်းအချက်အလက် အကြောင်းအရာကို ပစ်မှတ်ထားသည့် အသိုင်းအဝိုင်းများရှိ အဖွဲ့မျိုးစုံမှ သင့်လျော်စွာလက်ခံကြောင်း အမြဲတမ်း အတည်ပြုပါ။

[၃] စကားပြန်ဆိုခြင်းနှင့် ပတ်သက်သည့် နောက်ထပ် လမ်းညွှန်ချက်များရရှိရန် နယ်စည်းမခြား ဘာသာပြန်များ (Translator Without Borders) နှင့် Oxfam တို့၏ အကြံပြုစာစောင် "စကားပြန်ဆိုခြင်းနှင့် ထိရှလွယ်သည့် အကြောင်းအရာများ"အပြင် Translator Without Borders ၏ "လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စကားပြန်ဆိုခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖျန်ဖြေဆောင်ရွက်ခြင်းတွင် ကွင်းဆင်းလမ်းညွှန်" တို့ကို ကြည့်ပါ။

# အပိုင်း ၂ - သတင်းအချက်အလက်ကို ပိုမိုရယူအသုံးပြုနိုင်ရန် အတူတကွ လုပ်ဆောင်ခြင်း။

သင့်တင့်မျှတသော သတင်းအချက်အလက် ဂေဟစနစ်တစ်ခုတွင် လူသားချင်း စာနာထောက်ထားရေး အကျပ်အတည်းများကို ခံစားနေရသည့် ရပ်ရွာအသိုင်းအဝိုင်းအပါအဝင် လူအများအနေဖြင့် သတင်းအချက်အလက်များကို ရှာဖွေ၊ ရယူ၊ ဖန်တီး၊ မျှဝေရန် လုံခြုံစိတ်ချရပြီး အဓိပ္ပါယ်ရှိသော နည်းလမ်းများကိုလည်း ပံ့ပိုးပေးရေးဟူသည့် တူညီသော ရည်ရွယ်ချက်ရှိကြသည့် နယ်ပယ်စုံမှ သတင်းအချက်အလက်ရေးရာလုပ်ဆောင်သူများ ဖွဲ့စည်းပါဝင်သည်။ သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများတွင် မတူညီသော အားသာချက်များ ရှိပြီး ၎င်းတို့၏ အခန်းကဏ္ဍ၊ စွမ်းရည်နှင့် အရင်းအမြစ်များပေါ်မူတည်၍ မတူညီသော ပံ့ပိုးကူညီမှုများ လိုအပ်ပါသည်။ မီဒီယာ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အစိုးရနှင့် လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ အဖွဲ့အစည်းများကြား ညှိနှိုင်းဆောင်ရွက်ခြင်းကြောင့် အရင်းအမြစ်များနှင့် ချိတ်ဆက်ကြိုးပမ်းမှုများသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်အကြံပြုမှုနှင့် သတင်းအချက်အလက် ဂေဟစနစ် နှစ်ခုလုံးအတွက် ပိုမိုအားကောင်းလာသည်။

မည်သို့ဆိုစေ လက်တွေ့၌ သတင်းအချက်အလက် ဂေဟစနစ် အများစုတွင် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများ စုံလင်စွာ ဖွဲ့စည်းပါဝင်ကြသည် - အချို့မှာ ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာဆိုင်ရာ ကတိကဝတ်ကြောင့် တွန်းအားပေးခံရပြီး အခြားသူများမှာ ခွဲခြားခြင်းနှင့် ထိခိုက်စေခြင်းနှင့် ပတ်သက်၍ ပံ့ပိုးနိုင်ပြီး အချို့မှာ နှစ်ခုကြားတွင် ကျရောက်နိုင်သည်။ ဤရှုပ်ထွေးမှုကြောင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများအနေဖြင့် အကျပ်အတည်းကာလအတွင်း ပိုမိုထိရောက်ပြီး ညှိနှိုင်းဆောင်ရွက်ထားသော သတင်းအချက်အလက် တုံ့ပြန်ချက်များကို လုပ်ဆောင်ရန် အန္တရာယ်ဆိုင်ရာ ကျိုးကြောင်းသိရှိသည့် နည်းလမ်းဖြင့် လူထု၏ သတင်းအချက်အလက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အမှန်တကယ် ရည်ရွယ်ခြင်းသည် အရေးကြီးလာသည်။

## အရပ်ဘက် အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အရင်းအမြစ်များပံ့ပိုးပေးခြင်း

ကာကွယ်ရေး မှန်ဘီလူးတစ်ခုဖြင့် သတင်းအချက်အလက် ဂေဟစနစ်ကို စိစစ်ရန် ဤလမ်းညွှန်ချက်များ (**မိုဂျူး ၃ - သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို လျှော့ချခြင်း- သုံးသပ်လေ့လာချက်** မူဘောင်ကို ကြည့်ပါ) ကို အသုံးပြုခြင်းသည် သတင်းအချက်အလက် ဝင်ရောက်ရှာဖွေကြည့်ရှုခွင့်ကို ပံ့ပိုးပေးပြီး အစိုးရကို တာဝန်ခံစေသည့် အခန်းကဏ္ဍ တစ်ရပ်တွင် ပါဝင်သည့် အဓိက အရပ်ဘက်အဖွဲ့အစည်းများကို ဖော်ထုတ်ပေးမည်ဖြစ်သည်။ ၎င်းတွင် ဘေးဖယ်ခံထားရသည့် အုပ်စုများအား ပံ့ပိုးကူညီပေးသော စည်းရုံးလှုံ့ဆော်သည့် ကွန်ရက်များ၊ အသိုင်းအဝိုင်းအုပ်စုများနှင့် အဖွဲ့အစည်းများပါဝင်သည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကြောင့် ထိခိုက်ခံစားရဖွယ် ရှိသည့်အပြင် လုပ်ဆောင်ချက်များ ပြန်လည်စတင်ရန် သို့မဟုတ် ပိုမိုအားကောင်းလာစေရန် အကူအညီ လိုအပ်ကြောင်း သတိရရန် အရေးကြီးပါသည်။ အရေးကြီးသည့် အချိန်အတွင်း ပံ့ပိုးကူညီမှုများကြောင့် အရပ်ဘက်အဖွဲ့အစည်းများသည် သတင်းအချက်အလက်ပေးသူများအဖြစ် ဆောင်ရွက်နိုင်သည့်အပြင် ထိခိုက်ခံရသည့် လူထု၏လိုအပ်ချက်များနှင့် အခွင့်အရေးများအတွက် အားပေးလှုံ့ဆော်သူများအဖြစ်လည်း ဆောင်ရွက်နိုင်သည်။ ဤအဖွဲ့

အစည်းများသည် ရပ်ရွာအသိုင်းအဝိုင်းအခြေပြု လုပ်ဆောင်ချက်များ ဆောင်ရွက်နိုင်ရန် ကွန်ရက်များနှင့် စနစ်များကို နေသားတကျ ထားရှိနိုင်ဖွယ်ရှိပြီး ထိုသို့ရှိခြင်းက အပြန်အလှန် ဆက်သွယ်မှုကိုလည်း အားပေးသည်။ ထို့ကြောင့် ယုံကြည်ရသည့်ရင်းမြစ်တစ်ခု ဖြစ်နိုင်ချေရှိပြီး လူနည်းစုများ သို့မဟုတ် အပယ်ခံရသည့် လူ့အုပ်စုများအား ကာကွယ်ပေးရေးအပြင် ဆုံးဖြတ်ချက်ချသူများအား တာဝန်ယူစေရန် ကြိုးပမ်းချက်များနှင့် ပတ်သက်၍ အာရုံစိုက်ရန် ၎င်းတို့ကို ကောင်းမွန်စွာ နေရာချထားသည်။

## ဒေသတွင်း မီဒီယာနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အရင်းအမြစ်များပံ့ပိုးပေးခြင်း

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကာလအတွင်း တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အလိုအပ်ဆုံးသောသူများထံ အချိန်နှင့်တပြေးညီ ရောက်ရှိစေရန်အတွက် ယုံကြည်ရသော ရှိပြီးသား ဒေသတွင်း သတင်းအချက်အလက် ပံ့ပိုးသူများနှင့် တွဲဖက်ဆောင်ရွက်ရန် အရေးကြီးပါသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့်အတူပင် ဒေသတွင်း မီဒီယာသည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများတွင် တိုက်ရိုက်အခြေစိုက်နိုင်သည်။ ထို့ကြောင့် လူထုအပေါ် သက်ရောက်သည့် အကျပ်အတည်းသည် ဒေသတွင်း မီဒီယာများအပေါ်လည်း သက်ရောက်နိုင်ချေရှိသည်၊ ဥပမာအားဖြင့် - ၎င်းတို့၏ နည်းပညာစနစ်များ ပျက်စီးပါက သို့မဟုတ် အကျပ်အတည်းကြောင့် တိုက်ရိုက်သက်ရောက်ခံရ၍ အလုပ်ဆက်မလုပ်နိုင်သည့် ဝန်ထမ်းများ ရှိပါက ၎င်းတို့၏ လုပ်ဆောင်နိုင်စွမ်း ဆုံးရှုံးနိုင်သည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများသည် ဒေသတွင်း သက်ဆိုင်ရာ သတင်းအချက်အလက်များကို ထိခိုက်ခံရသူများထံ ပံ့ပိုးရာတွင် ဒေသခံ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ကာ ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် ကဏ္ဍကို အသိအမှတ်ပြု ပံ့ပိုးပေးရန် အရေးကြီးပါသည်။ ထိခိုက်ခံရသော နေရာများတွင် ရှိပြီးသား သတင်းအချက်အလက်ဆိုင်ရာ ယန္တရားများနှင့် လုပ်ဆောင်ခြင်းသည် သတင်းအချက်အလက် လိုအပ်ချက်များနှင့် အန္တရာယ်များကို ပို၍အချိန်မီတုန့်ပြန်ပါလိမ့်မည်။ လူထု၏ ဦးစားပေးလိုလားချက်များနှင့် မကိုက်ညီသည့်အပြင် လူသားချင်း စာနာထောက်ထားမှု ရန်ပုံငွေစက်ဝန်းများထက်ကျော်လွန်ကာရေရှည်မတည်တံ့နိုင်သည့် အပြိုင် သတင်းအချက်အလက်စနစ်သစ်များ ဖန်တီးမှုကိုလည်း ၎င်းက တားဆီးပေးမည်ဖြစ်သည်။

ဒေသတွင်း မီဒီယာများသည် လူထုနှင့် ချိတ်ဆက်မှု အားကောင်းသော အခြေအနေအလိုက် ကျွမ်းကျင်သူများ ဖြစ်နိုင်ချေရှိသော်လည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများနှင့် ဆက်ဆံရေး တည်ဆောက်ရာတွင် တစ်ခါတစ်ရံ အခက်အခဲရှိသည်ဟု မြင်ကြသည်။ တန်ဖိုးများ၊ လုပ်ငန်းစဉ်များနှင့် ရည်မှန်းချက်များ မတူညီဟု နှစ်ဖက်လုံး ခံစားရသည့်အတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများနှင့် ဒေသတွင်း မီဒီယာများအကြား မယုံကြည်မှုရှိနိုင်သည်။ သို့ရာတွင် မီဒီယာနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများကြား အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းများက ဆွေးနွေးပြောဆိုမှု၊ ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးတွဲဆောင်ရွက်မှုအတွက် အခွင့်အလမ်းများ ပံ့ပိုးပေးနိုင်သည့် တူညီသောအချက် တော်တော်များများရှိကြောင်း ပြသနေသည်။

**လူသားချင်း စာနာထောက်ထားမှုနှင့် မီဒီယာအကြား တူညီသော စည်းမျဉ်းများနှင့် တန်ဖိုးများ**

- လုပ်ဆောင်သူနှစ်ဦးစလုံးသည် အသက်ကယ်နိုင်သည့် သတင်းအချက်အလက်ကို ရပ်ရွာအသိုင်းအဝိုင်းရရှိကြောင်း သေချာစေရန် စိတ်ဝင်စားပြီး မည်သည့်အရာဖြစ်ပေါ်ခဲ့သည်ကို ၎င်းတို့သိပြီးဖြစ်ကြောင်း သေချာစေရန်နှင့် နောက်ထပ်အဆင့်များကို ကူညီစီစဉ်ရာတွင် သတင်းအချက်အလက် ပံ့ပိုးပေးရန် ရည်ရွယ်သည်။
- လုပ်ဆောင်သူနှစ်ဦးစလုံးသည် ၎င်းတို့၏ အခွင့်အရေးများနှင့် တာဝန်များကို လူအများသိရှိကြောင်း သေချာစေရန် ရည်ရွယ်သည့်အပြင် လူသားချင်း စာနာထောက်ထားရေး ဝန်ဆောင်မှုများကို ဝင်ရောက်အသုံးပြုရာတွင် လိုအပ်သည့် လက်တွေ့ကျသော သတင်းအချက်အလက်များ ပေးရန် ကြိုးစားဆောင်ရွက်ပေးသည်။
- ဒေသတွင်း မီဒီယာ (နှင့် အခြား ရပ်ရွာအသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းများ)သည် ပဋိပက္ခဖြစ်ပွားခြင်းကို ကူညီကာကွယ်ပေးသည့်အပြင် ပဋိပက္ခ၏ ဖြစ်ရပ်မှန်များကို သတိပေးခြင်းနှင့် လူသားချင်း စာနာထောက်ထားရေး စည်းမျဉ်းများနှင့် တန်ဖိုးများအတွက် အခြေခံကျသည့် လူ့အခွင့်အရေးနှင့် နိုင်ငံတကာ ဥပဒေများကို ချိုးဖောက်နေခြင်းအား အာရုံစိုက်လာအောင် ဖော်ထုတ်ပေးခြင်းဖြင့် ပြည်သူလူထုကို ကာကွယ်ပေးသည်။ ဒေသတွင်း မီဒီယာများတွင် အခြေအနေဆိုင်ရာ ဗဟုသုတများလည်း ကြွယ်ဝစွာရှိပြီး ပြည်သူလူထု၏ စိုးရိမ်ရမှုများကို ထုတ်ဖော်ပြောဆိုရန်နှင့် အတွေ့အကြုံများကို ဝေမျှရန် ပလက်ဖောင်းတစ်ခုအနေဖြင့် ဆောင်ရွက်နိုင်သည်။
- လူသားချင်း စာနာထောက်ထားမှုနှင့် မီဒီယာ စည်းမျဉ်းများသည် လူသား ဗဟိုပြုချဉ်းကပ်နည်းတစ်ခုကို ဦးစားပေးလေ့ရှိသည်။ လူသားဆန်မှုနှင့် သမာသမတ်ကျမှုကဲ့သို့သော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စည်းမျဉ်းများသည် အကျပ်အတည်းကြောင့် ထိခိုက်ခံရသူ တစ်ဦးချင်း၏ ကောင်းကျိုးချမ်းသာနှင့် ဂုဏ်သိက္ခာကို ဦးစားပေးခြင်း၏ အရေးကြီးမှုကို အလေးထား ဖော်ပြသည်။ တာဝန်ခံမှုရှိသော သတင်းစာပညာသည် လူထုအကျိုးအတွက် အလားတူစွာ လုပ်ဆောင်ပြီး အများပြည်သူကိုအသိပေးရန်နှင့် တစ်ဦးချင်း၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်ပေးရန် ရည်ရွယ်သည်။
- သမာသမတ်ကျမှု အပါအဝင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စည်းမျဉ်းများသည် လူတစ်စုကို မျက်နှာသာပေးသည်ထက် ၎င်းတို့၏ လိုအပ်ချက်များကို အခြေခံ၍ အကူအညီပေးခြင်းကို ဦးစားပေး အလေးထားပါသည်။ မီဒီယာ၏ ကျင့်ဝတ်များအတွက် မျှတပြီး သမာသမတ်ကျသော အလားတူ သတင်းပေးပို့ခြင်းမျိုး လိုအပ်ပြီး ဘက်လိုက်ခြင်း သို့မဟုတ် မျက်နှာသာပေးခြင်း မရှိသည့် သတင်းအချက်အလက်များကို တင်ပြခြင်း ပါဝင်သည်။
- လူသားချင်း စာနာထောက်ထားရေးနှင့် မီဒီယာ အဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ဆောင်ချက်တွင် တာဝန်ယူမှု တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့၏ အရေးပါမှုကို အသိအမှတ်ပြုကြသည်။ လူသားချင်းစ ာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများသည် ၎င်းတို့၏ လုပ်ဆောင်ချက်များအတွက် တာဝန်ခံမှုရှိပြီး ၎င်းတို့၏ လုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိစေရန် မျှော်လင့်ထားသည်။ တာဝန်ယူမှုရှိသော သတင်းစာပညာသည် တိကျမှန်ကန်မှု၊ အချက်အလက် စစ်ဆေးမှုအပြင် သတင်း ရယူ ပေးပို့ရာတွင် ပွင့်လင်းမြင်သာရှိမှုတို့ကို အလားတူ တန်ဖိုးထားပါသည်။ သတင်းထောက်၏ အဓိက အခန်းကဏ္ဍတစ်ခုမှာ ၎င်းတို့၏ ကျွမ်းကျင်မှုများနှင့် ပလက်ဖောင်းကို အသုံးပြု၍ တာဝန်ရှိသူများ တာဝန်ခံစေအောင် သာမန်လူထုကိုယ်စား ပြုလုပ်ပေးရန်ဖြစ်သည်။

- လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် မီဒီယာသတင်းဌာနများသည် ရှုပ်ထွေးသည့် ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားစရာများကို ဖြေရှင်းပေးရမည်။ ၎င်းတို့သည် ကိုယ်ရေးလုံခြုံခွင့်၊ သဘောတူခွင့်ပြုချက်နှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကြောင့် ဖြစ်နိုင်ချေရှိသည့် အကျိုးသက်ရောက်မှု သို့မဟုတ် လူတစ်ဦးချင်းနှင့် ရပ်ရွာအသိုင်းအဝိုင်းနှင့် ပတ်သက်ပြီး သတင်းပေးပို့ခြင်း အပါအဝင် ထိလွယ်ရှလွယ်သော ကိစ္စရပ်များကို ကိုင်တွယ်လေ့ရှိကြသည်။ ဥပမာ- "ထိခိုက်မှု မဖြစ်စေရေး (Do No Harm)" သည် လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ အဓိကသဘောတရားများဖြစ်ပြီး တူညီသောစည်းမျဉ်းသည် ပရော်ဖက်ရှင်နယ် သတင်းထောက်လှမ်းရေးဆိုင်ရာ ကျင့်ဝတ်များစွာ၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။

မျှဝေလက်ခံထားသော တန်ဖိုးများနှင့် စည်းမျဉ်းများသည် ရှင်းလင်းသော်လည်း ဤစည်းမျဉ်းများ၏ ဦးစားပေးမှု မတူညီခြင်းသည် ဆက်ဆံရေး တင်းမာမှုများ ဖြစ်စေနိုင်သည်။ ဥပမာအားဖြင့် ရပ်ရွာအသိုင်းအဝိုင်းကို အန္တရာယ် ဖြစ်စေနိုင်သောကြောင့် လူသားချင်း စာနာထောက်ထားရေး ဆောင်ရွက်သူများသည် အကြောင်းအရာတစ်ခုနှင့်ဆိုင်သော သတင်းအချက်အလက်ကို မျှဝေရန် သို့မဟုတ် အင်တာဗျူးရန် တောင်းဆိုချက်များကို တုံ့ပြန်ရန် မလိုလားနိုင်ပါ။ ဤသည်က ၎င်းတို့အကြောင်းကို မရှင်းပြလိုခြင်း၊ မရေရာမှုများအကြောင်း ဆက်သွယ်ပြောဆိုမှု မပြုလိုခြင်းနှင့် ၎င်းတို့ မဖြည့်ဆည်းနိုင်သည့် မျှော်လင့်ချက်များထားခြင်းကို ရှောင်ကြဉ်လိုသည့် အပိတ်စနစ်တစ်ခုအဖြစ် ထင်မြင်စေနိုင်သည်။ သတင်းအချက်အလက်များ လစ်ဟာမှုသည် ယူဆချက်များ၊ ကြောက်လန့်မှုများနှင့် သံသယများအပေါ် အခြေခံ၍ သတင်းမှား ဖြန့်ဝေရန်နေရာ ဖြစ်ပေါ်စေနိုင်သည်။ ဆန့်ကျင်ဘက်အဖြစ် ဤသဘောထားကြောင့် ထိခိုက်စေနိုင်သည်။

မီဒီယာကုမ္ပဏီများသည် အစိုးရထံမှ ရန်ပုံငွေတောင်းခံခြင်းသည် ကျိုးကြောင်းဆီလျော်ကြောင်းပြရန် သို့မဟုတ် ကြော်ငြာများများထည့်လာအောင် ဆွဲဆောင်ရန် ဈေးကွက်ရှယ်ယာရရှိအောင် ယှဉ်ပြိုင်လေ့ရှိကြသည်။ ဤသည်က ၎င်းတို့ လိုက်နာရန် ရည်ရွယ်သည့် ကျင့်ဝတ်စည်းမျဉ်းများအပေါ် ဖိအားပေးသော စိတ်ခံစားမှုကိုအခြေခံသည့် အကြောင်းအရာ နှင့် ပုံစံများကို အာရုံစိုက်မှု ဖြစ်ပေါ်လာစေနိုင်သည်။ ဤသည်က ထိခိုက်ခံရသည့် လူထု၏ လိုအပ်ချက်များနှင့် ဆင်းရဲဒုက္ခကို အသုံးချပြီး အလှူငွေရယူသည့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အေဂျင်စီအချို့မှ အသုံးပြုသည့် ရန်ပုံငွေရှာရေးနည်းလမ်းများနှင့် မခြားနားပါ။

## လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အသိုင်းအဝိုင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကာလအတွင်း ဒေသတွင်း၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများသည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းအတွက် ဝန်ဆောင်မှုများစွာ ပံ့ပိုးပေးပြီး၊ သီးခြား ဖွဲ့စည်းပုံများမှတစ်ဆင့် ၎င်းတို့၏ လှုပ်ရှားမှုများနှင့် ဆက်သွယ်မှုများကို ညှိနှိုင်းဆောင်ရွက်ကြသည် - သီးခြားဝန်ဆောင်မှု တစ်ရပ်ကို ဆောင်ရွက်နေကြသူများအား အကြောင်းအရာအလိုက် စုစည်းထားသော အုပ်စုများ (အစားအစာလုံခြုံရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး စသည်) နှင့် သတင်းအချက်အလက်အတွက် လုပ်ကိုင်ဆောင်ရွက်လျက် ရှိကြသော လူအုပ်စုများ (လူထုနှင့် ဆက်သွယ်ခြင်း၊ ထိခိုက်ခံရသူများအတွက် တာဝန်ယူမှု တာဝန်ခံမှု၊ အန္တရာယ်ဆိုင်ရာ ဆက်သွယ်မှုများနှင့် လူထုနှင့် ထိတွေ့လုပ်ဆောင်မှုများ စသဖြင့်)။ ဒုတိယ

အုပ်စုထဲမှ တက်ကြွလှုပ်ရှားသူအများစုသည် - လက်ရှိဖြစ်ပျက်နေသော အကျပ်အတည်းကာလ အစနှင့် ဆက်လက်ဖြစ်ပွားနေစဉ် - ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့လုပ်ဆောင်ရန် နှင့် ကိုက်ညီသော သတင်းအချက်အလက်ပေးရန် သတင်းအချက်အလက်ဆိုင်ရာ လိုအပ်ချက်များနှင့် လက်ရှိ လူထုအခြေပြု ယန္တရားများကို နားလည်ရန်အတွက် ဆန်းစစ်သုံးသပ်မှုများကို လုပ်ဆောင်မည်ဖြစ်သည်။ အရပ်ဘက် အဖွဲ့အစည်းနှင့် ဒေသတွင်း မီဒီယာများ၏ နီးစပ်မှုနှင့် ကဏ္ဍအရ ၎င်းတို့သည်ဦးဆုံး တုံ့ပြန်သူများ (နှင့် ၎င်းတို့ကိုယ်တိုင်အကျပ်အတည်းကြောင့် မကြာခဏ ထိခိုက်ခံရသူများ) ဖြစ်ကြသည်။ ၎င်းတို့သည် အကြောင်းအရာနှင့် ပတ်သက်၍ မရှိမဖြစ် ဗဟုသုတများ ရှိတတ်ကြပြီး လူ့အဖွဲ့အစည်း တော်တော်များများတွင် ကွန်ရက်များ တည်ထောင်ထားပြီး ဖြစ်ကြသည်။

လူသားချင်း စာနာထောက်ထားသူများနှင့် မီဒီယာများ၏ မတူညီသော ဦးစားပေးမှုများကို နားလည်ပြီး ဘုံအကျိုးအမြတ်များ ထားရှိခြင်းသည် ၎င်းတို့ကျရာ ကဏ္ဍတွင် လူထုကို အန္တရာယ်မရှိစေဘဲ အခြေအနေများအတိုင်း လိုက်လျောညီထွေဖြစ်အောင် ကူညီပေးနိုင်သည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ဒေသတွင်း မီဒီယာများအကြား ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် သတင်းအချက်အလက် ဂေဟစနစ်များအတွင်း ဘေးကင်းလုံခြုံပြီး အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်နှင့် တိကျသေချာမှုကို မြှင့်တင်ပေးနိုင်သည့် လက်တွေ့ဆောင်ရွက်မှု နည်းလမ်းများစွာ ဖြစ်ပေါ်လာနိုင်သည်။ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်ကို ပိုမိုဘေးကင်းလုံခြုံ၊ အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်ရှိသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုတွင် ထိုအချက်များက အထောက်အကူပေးသည့်အတွက် ပိုမိုကောင်းမွန်သော တုံ့ပြန်မှု အရည်အသွေးကို ရရှိစေသည်။

**လူသားချင်း စာနာထောက်ရေးနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းတွင်း လှုပ်ရှားသူများအတွက် -**

- ☐ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းမှ ပိုဦးစားပေးနှစ်သက်သော ဘာသာစကားများကို အသုံးပြု၍ မေးခွန်းများ ဖြေကြားရန်နှင့် သတင်းအပ်ဒိတ်များကို ပံ့ပိုးရန် အသင့်ရှိပါ။ ၎င်းက ရပ်ရွာအသိုင်းအဝိုင်းများ၏ မေးခွန်းများကို ဖြေကြားရာတွင် မှန်ကန်တိကျပြီး အရည်အသွေးမြင့်ကာ ဆက်စပ်သော သတင်းအချက်အလက်ဖြစ်ကြောင်း သေချာစေသည်။
- ☐ ပရိသတ်များအတွက် ဤသတင်းအချက်အလက်ကို မှန်ကန်စွာ ဘာသာပြန်ဆိုနိုင်ရန်နှင့် မျှော်လင့်ချက်များထားရှိရန် လူသားချင်း စာနာထောက်ထားရေး လုပ်ငန်းစဉ်များ၊ တာဝန်များနှင့် ကန့်သတ်ချက်များကို ရှင်းပြရန် မီဒီယာနှင့် ချိတ်ဆက်ဆောင်ရွက်ပါ။
- ☐ လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ ကတိကဝတ်များကို ပိုမိုအားကောင်းလာစေရန်အတွက် တုံ့ပြန်ချက်ကို စောင့်ကြည့်ခြင်း၊ ဟာကွက်များကို မီးမောင်းထိုးပြခြင်း၊ အမှားများကို ထောက်ပြခြင်းအပြင် သတင်းအချက်အလက်များကို လွတ်လပ်စွာ အတည်ပြုပံ့ပိုးပေးရာတွင် တာဝန်ယူဆောင်ရွက်ရန် ဒေသတွင်း မီဒီယာများကို တိုက်တွန်းအားပေးပါ။
- ☐ ကာကွယ်ရေး၊ လုံခြုံစိတ်ချရသော အစီအစဉ် ရေးဆွဲရေး၊ လုံခြုံရေး၊ ဒီဂျစ်တယ် နှင့် သတင်းအချက်အလက် အသုံးပြုတတ်ခြင်းအပြင် ဘေးကင်းလုံခြုံမှုတို့အကြောင်း ဒေသတွင်း မီဒီယာများကို လေ့ကျင့်သင်ကြားပေးပါ။

- ☐ ထိခိုက်ခံရသူများအတွက် တာဝန်ယူမှု တာဝန်ခံမှု (AAP) သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆက်သွယ်ပြောဆိုရေး (CWC) လုပ်ငန်းအုပ်စုများ / လုပ်ငန်းအုပ်စုခွဲများ ကဲ့သို့သော ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများတွင် ပါဝင်ဆောင်ရွက်ရန် ဒေသတွင်း မီဒီယာများကို ဖိတ်ခေါ်ပါ
- ☐ ပဋိပက္ခဖြစ်ပွားသည့် နေရာဇုန်များ သို့မဟုတ် အရေးပေါ် ကျန်းမာရေး အခြေအနေများတွင် သတင်းယူနေကြသော ဒေသတွင်း သတင်းထောက်များ၏ ဘေးကင်းလုံခြုံရေးအတွက် ကိုယ်ပိုင်ကာကွယ်ရေး ကိရိယာ ပံ့ပိုးပေးပါ။
- ☐ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းထုတ်ပြန်ခွင့်နှင့် အစိုးရက ထိုအခွင့်အရေးများ မပေးထားသည့် နေရာများရှိ သတင်းထောက်များအား ကာကွယ်ပေးရေးအတွက် ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် ကမ္ဘာအဆင့်တွင် ထောက်ခံအားပေးပါ။

## အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းကာလတွင် လူသားချင်း စာနာထောက်ထားရေး အေဂျင်စီများသည် အိမ်ရှင်အစိုးရကို ပံ့ပိုး ဆောင်ရွက်ကြသည်။ သို့ရာတွင် အစိုးရသည် ၎င်း၏ ရပ်ရွာအသိုင်းအဝိုင်းများကို ကာကွယ်ပေးရန် ရေးဆွဲထားသည့် လုပ်ဆောင်ချက်များကို ကူညီပံ့ပိုးပေးနိုင်သော်လည်း ရှိရင်းစွဲမူဝါဒများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများသည် အကျပ်အတည်းကာလတွင်းရှိ လူများအတွက် မရည်ရွယ်သော အကျိုးဆက်များ ရှိစေနိုင်သည်။ ဥပမာတစ်ချို့ကို ဖော်ပြရလျှင်…

**အကျပ်အတည်းကာလ ပြီးဆုံးသည့်နောက်** လူအများသည် ၎င်းတို့၏ ပိုင်ဆိုင်မှုများ (တရားဝင် စာရွက်စာတမ်းများနှင့် အထောက်အထားများ အပါအဝင်) မပါဘဲ ရုတ်တရက် နေရပ်မှစွန့်ခွာရနိုင်သည်။ ဥပမာအားဖြင့် အင်တာနက် ရယူအသုံးပြုရန် သို့မဟုတ် ဖုန်းကတ်အသစ် မှတ်ပုံတင်ရန် ကြိုးပမ်းချိန်၌ သတင်းအချက်အလက် ရယူအသုံးပြုရန် ပိုမိုခက်ခဲသွားစေနိုင်သည်။ အခြားအခြေခံ အဆောက်အဦးအားလုံး ဖျက်ဆီးခံရသောအခါ အရေးပေါ် ရေဒီယို အသံလွှင့်ဌာနတစ်ခု တည်ဆောက်ရန်အတွက် ရုပ်သံလွှင့်ခြင်းဆိုင်ရာ လိုင်စင်များနှင့် ပတ်သက်သည့် စည်းမျဉ်းများက အခက်အခဲ ဖြစ်စေနိုင်သည်။

**ရုတ်တရက် တွန်းအားပေး နေရပ်စွန့်ခွာစေသည့် ဖြစ်ရပ်ဥပမာများတွင်** နိုင်ငံခြားသားများသည် ရွှေ့ပြောင်းနေထိုင်သူ သို့မဟုတ် ခရီးသွား အနေဖြင့် နိုင်ငံအတွင်းဝင်ရောက်လာသည်ဆိုသည့် ယူဆချက်အရ ၎င်းတို့အတွက်ရေးဆွဲထားသည့် မူဝါဒများသည် ၎င်းတို့ဒုက္ခသည်အဖြစ် ဝင်ရောက်လာသည့်အခါ ကိုက်ညီမှု မရှိနိုင်ပါ။ အချို့ဖြစ်ရပ်များ၌ မူဝါဒများကို နိုင်ငံရေးအဖြစ်သတ်မှတ်ပြီး ဒေသခံများကို မျက်နှာသာပေး ရေးဆွဲထားသည်၊ ဒုက္ခသည်များ၏ သတင်းအချက်အလက် ဝင်ရောက်အသုံးပြုခွင့်ကို တမင် ကန့်သတ်ထားပြီး ရက်ရှည်နေထိုင်ရန် ခက်ခဲစေသည်။ ဒေသခံလူထုအတွက် ချမှတ်ထားသည့် မူဝါဒများထဲတွင် အစိုးရအနေဖြင့် ၎င်းတို့သည် တစ်ဦးချင်း၏ ချက်ချင်းဘေးကင်းလုံခြုံမှုကို မည်သို့ထိခိုက်စေနိုင်သည်ကို အမြဲတမ်း စဉ်းစားမိမည် မဟုတ်ပါ။


**လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများအတွင်း** အဖွဲ့အစည်းများသည် ထိခိုက်လွယ်သူများ သို့မဟုတ် လူနည်းစုများနှင့် ဆက်သွယ်ရန် လူပေါင်းစုံထည့်သွင်း ငှားရမ်းရန်ဦးတည်နိုင်သည်၊ ဥပမာအမျိုးသမီးများ သို့မဟုတ် လိင်စိတ်တိမ်းညွှတ်မှု နှင့် ကျား/မဖြစ်တည်မှု အမျိုးမျိုး ရှိသူများကို အလုပ်ခန့်ထားခြင်း သို့မဟုတ် အလုပ်လုပ်ခွင့် မှတ်ပုံတင်စောင့်ဆိုင်းနေသူများအား ခန့်ထားခြင်း။ အချို့လူအုပ်စုများ၏ အလုပ်ခန့်ထားခြင်း သို့မဟုတ် အခွင့်အရေးများနှင့်ပတ်သက်သော အစိုးရ၏ စည်းမျဉ်းများနှင့် စည်းကမ်းများသည် ဤအရာကို တားဆီးနိုင်ပြီး လူထုထံ သက်ဆိုင် ယုံကြည်ရသော သတင်းအချက်အလက်ရောက်ရှိရန် ခက်ခဲစေသည့်အတွက် ထိုသူများအား အန္တရာယ် ပိုမိုကျရောက်စေသည်။

မူဝါဒများ၊ အစိုးရ၏လုပ်ဆောင်ချက်များနှင့် ၎င်းတို့က အကျပ်အတည်းကာလရှိ အများပြည်သူ၏ဘဝ အပေါ် မည်သို့ သက်ရောက်မှုရှိနိုင်ခြင်းကြား ချိတ်ဆက်နေမှုကို ရှင်းလင်းအောင်လုပ်ခြင်းသည် ထိခိုက်စေသည့် အရာများကို လျှော့ချပေးရန်နှင့် ရှောင်ကြဉ်ရန်နည်းလမ်းများကို ကူညီဖော်ထုတ်ပေးနိုင်သည်။ အန္တရာယ်များကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် ဆွေးနွေးပြောဆိုမှု တစ်ခုကို စတင်နိုင်သည့်အပြင် ဒေသတွင်း သတင်းအချက်အလက် ဂေဟစနစ်အတွင်း အန္တရာယ်များ လျှော့ချရေးကို အားပေးလှုံ့ဆော်ရန် အတွက် ဖောင်ဒေးရှင်းတစ်ခုအနေဖြင့် လုပ်ဆောင်နိုင်သည်။

**မိုဂျူး ၂ ၏ အဆုံး**

# မိုဂျူး ၃

## သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များအား လျှော့ချခြင်း - သုံးသပ်လေ့လာချက် မူဘောင်




**အလျားလိုက်**

၂။ တစ်စုံတစ်ဦးအား ၎င်းတို့၏ဆန္ဒနှင့်ဆန့်ကျင်၍ တစ်စုံတစ်ခု ပြုလုပ်စေခြင်း။

၄။ မှားနေမှန်း မသိဘဲ ဝေမျှမိလိုက်သည့် သတင်းအချက်အလက်များ

၆။ ကာကွယ်နိုင်စွမ်း၊ တုံ့ပြန်နိုင်စွမ်းနှင့် ထိုခြိမ်းခြောက်မှုမှနေ၍ ပြန်နာလန်ထူနိုင်စွမ်းတို့ထက် ခြိမ်းခြောက်မှုနှင့် ထိခိုက်လွယ်မှုတို့က ပိုများနေသောအခါ

၈။ ခြိမ်းခြောက်မှုတစ်ခုကို ဖြေရှင်းရန် သို့မဟုတ် ခုခံရန် သို့မဟုတ် ၎င်း၏သက်ရောက်မှုကို လျှော့ချရန် လူပုဂ္ဂိုလ်များ၊ အိမ်ထောင်စုများနှင့် ရပ်ရွာအသိုင်းအဝိုင်းများအတွက် ရနိုင်သည့် အရင်းအမြစ်များနှင့် လုပ်နိုင်စွမ်းများ

၉။ သတင်းအချက်အလက် ပံ့ပိုးသူ

**ဒေါင်လိုက်**

၁။ ထိခိုက်နစ်နာစေရန် သတင်းမှားများကို တမင်ဖန်တီးထားခြင်း

၃။ မှန်ကန်နိုင်သည့် သို့မဟုတ် မှားနိုင်သည့် မှန်မမှန် အတည်မပြုရသေးသည့် သတင်းအချက်အလက်များ

၅။ အကြမ်းဖက်မှု၊ အကျပ်ကိုင်မှု၊ သို့မဟုတ် တမင်ရည်ရွယ်၍ ပိတ်ပင်မှုတို့ကို ဖြစ်စေသည့် လူသားလုပ်ဆောင်ချက်တစ်ခု သို့မဟုတ် လူသားလုပ်ဆောင်ချက်၏ ရလဒ်တစ်ခု

၇။ သတင်းအချက်အလက် ရယူနိုင်သည့် နည်းလမ်းများ

Internews

# မိုဂျူး ၃ မာတိကာများ


**မိတ်ဆက်.. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၆၆**

သတင်းအချက်အလက်ဆိုင်ရာအန္တရာယ်များဆိုသည်မှာ ဘာကို ဆိုလိုပါသလဲ။. ... ... ... ... ... ... ...၆၆

**အပိုင်း ၁ - သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင် - သတင်းအချက်အလက် ဂေဟစနစ်တခု၏ ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို သုံးသပ်လေ့လာချက်ဆောင်ရွက်ရန် လိုအပ်သော အချက်အလက်များ .. .. .. .. .. .. .. ၆၈**

သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်က ရှင်းပြထားသည်မှာ ... .... . ၇၁

မဏ္ဍိုင် (က) - အကြောင်းအရာ . ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...၇၁

မဏ္ဍိုင် (ခ) - လတ်တလော သတင်းအချက်အလက်နှင့်ဆက်စပ်သည့် ခြိမ်းခြောက်မှုများ .. ... ...၇၄

မဏ္ဍိုင် (ဂ) - သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှု၏ သက်ရောက်မှု... ... ...၇၇

မဏ္ဍိုင် (ဃ) - သတင်းအချက်အလက်နှင့် ဆက်စပ်သော ခြိမ်းခြောက်မှုအား ဖြေရှင်းရန် ရှိရင်းစွဲ စွမ်းဆောင်ရည်များ . ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... . ၈၀

**အပိုင်း ၂ - သုံးသပ်လေ့လာချက်မှ လုပ်ဆောင်မှုသို့ - သတင်းအချက်အလက်နှင့်ဆက်စပ်သည့်ကာကွယ်ရေးအန္တရာယ်များကို သက်သာလျော့ပါးစေခြင်းဖြင့် မှန်ကန်တိကျသော သတင်းအချက်အလက်ကို လုံခြုံဘေးကင်းစွာနှင့် အဓိပ္ပါယ်ရှိစွာ ဝင်ရောက်ရှာဖွေ ကြည့်ရှုနိုင်စေရန် ပံ့ပိုးပေးခြင်း .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. ၈၄**

သုံးသပ်လေ့လာရမည့် သတင်းအချက်အလက်နှင့်ဆက်စပ်သည့်ကာကွယ်ရေးအန္တရာယ်များ ... ...၈၅

သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း. ... ... ... ... ... ... ... ... ... ... ... ... ... ... ...၈၅

လုပ်ကြံသတင်း၊ သတင်းမှားဖြန့်ဖြူးခြင်းနှင့် ကောလာဟလများ.. ... ... ... ... ... ... ... ... ... ... ...၈၇

သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များ၊ သတင်းမှားဖြန့်ဖြူးခြင်း နှင့် ကောလာဟလများကြောင့် အခြားကာကွယ်ရေးအန္တရာယ်များအပေါ် ကျရောက်စေသည့် အကျိုးဆက်များ.. ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... . ၉၀

တွေ့ရှိချက်များ(သုတေသနရလဒ်များ)ကို အကြံပြုချက်များအဖြစ်သို့ ပြောင်းလဲပေးခြင်း . ... ... ...၉၆

ဖြစ်ရပ်လေ့လာမှုများ ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...၉၇

မှန်ကန်တိကျသော သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံပြီး အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့် အားကောင်းလာစေရန် အကောင်းဆုံးအလေ့အကျင့်များ .. ... ... ... ... ... ... ... ... ... ... ... ... ... .၁၀၇

# မိတ်ဆက်

## သတင်းအချက်အလက်နှင့် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များ ဆိုသည်မှာ ဘာကိုဆိုလိုပါသလဲ၊ ရပ်ရွာအသိုင်းအဝိုင်းတစ်ခုသည် အကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တွင် အတူတကွ မည်သို့တုံ့ပြန်ပါသလဲ။

### သတင်းအချက်အလက်များသည် လူ့အသက်များကို ကယ်တင်ပေးပါသည်

အကျပ်အတည်းများကြောင့် ထိခိုက်ခံရသူများအနေဖြင့် ၎င်းတို့အပေါ်သက်ရောက်သော ဆုံးဖြတ်ချက်များတွင် ပြောဆိုခွင့်ရရှိရန်နှင့် ၎င်းတို့၏အခွင့်အရေးများနှင့် ရပိုင်ခွင့်များကို သိရှိကျင့်သုံးနိုင်ရန်အတွက် မှန်ကန်တိကျသော သတင်းအချက်အလက်ကို လုံခြုံဘေးကင်းစွာ၊ အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်ရှိရန် လိုအပ်ပါသည်[၁]။

ဤအခွင့်ရကြောင်း သေချာစေရန်အတွက် ရပ်ရွာအခြေပြု ချဉ်းကပ်မှုတစ်ခုနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများအကြား အနီးကပ် ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။ သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများသည် သတင်းအချက်အလက်များကို ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများမှ ရယူအသုံးပြုနိုင်စေရန်နှင့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို နားလည်စေရန် စွမ်းဆောင်ရည် အားကောင်းစေသည့် ကနဦးလုပ်ဆောင်မှုများကိုလည်း ပံ့ပိုးပေးရန် လိုအပ်ပါသည်၊ သို့မှသာ သတင်းအချက်အလက် လိုအပ်သည့်အခါ လူပုဂ္ဂိုလ်များသည် အန္တရာယ်များနှင့် အကျိုးကျေးဇူးများကို ပိုမိုကောင်းမွန်စွာ တွက်ချက်နိုင်မည်ဖြစ်သည်။

မည်သည့်အကျပ်အတည်းအခြေအနေတွင်မဆို အခြေအနေသစ်များနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် မိမိကိုယ်ကိုနှင့် မိမိဂရုစိုက်သောသူများကို လုံခြုံအောင် ထားရှိနိုင်ရန် လူပုဂ္ဂိုလ်များအနေဖြင့် ဆုံးဖြတ်ချက်များစွာ ချမှတ်ဖို့ လိုအပ်မည်ဖြစ်သည်။ ထိုသို့ပြုလုပ်ရန်အတွက် ၎င်းတို့သည် မီဒီယာနှင့် အခြားသော သတင်းအချက်အလက် အရင်းအမြစ်များ (ရပ်ရွာအသိုင်းအဝိုင်းများ၊ အွန်လိုင်းအုပ်စုများ၊ အခြားလူပုဂ္ဂိုလ်များ စသဖြင့်) ကို အသုံးပြု၍ သတင်းအချက်အလက်များကို ဖန်တီး၊ မျှဝေ၊ ရှာဖွေ သို့မဟုတ် ရယူရန် ၎င်းတို့၏သတင်းအချက်အလက် ဂေဟစနစ်နှင့် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ကြမည်ဖြစ်သည်။ လူအများအနေဖြင့် ၎င်းတို့အား ဘေးကင်းလုံခြုံစေနိုင်မည့်သတင်းအချက်အလက်များအပေါ် မူတည်၍ လုပ်ဆောင်နိုင်ရန် သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုခွင့်ရှိရုံမျှဖြင့် မလုံလောက်ပါ - ၎င်းတို့သည် သတင်းအချက်အလက်အပေါ် ယုံကြည်မှုအပါအဝင် သတင်းအချက်အလက်ကို အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်လည်း လိုအပ်ပါသည်။ ယုံကြည်မှုနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက Internews မှ ရေးဆွဲထားသော [ယုံကြည်မှုဆိုင်ရာမူဘောင် (Trust Framework)]ကို လေ့လာနိုင်ပါသည်။

### သတင်းအချက်အလက်သည် လူ့အသက်များကို ခြိမ်းခြောက်ရန် ကိရိယာတစ်ခုလည်းဖြစ်သည်

အကျပ်အတည်း အခြေအနေအများအပြားတွင် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းနှင့် လုပ်ကြံသတင်းဖြန့်ဖြူးတို့ကို ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် အများပြည်သူ

---

[၁] အရည်အသွေးနှင့် တာဝန်ခံမှုနှင့် ပတ်သက်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံအဆင့်အတန်း၊ CHA Alliance၊ Group URD နှင့် Sphere စီမံကိန်းတို့၏ ပူးတွဲ ကနဦးလုပ်ဆောင်ချက်၊ ၂၀၁၄။

နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုများ ရယူခွင့်ကို ဆုံးရှုံးစေရန် နည်းကိရိယာများအဖြစ် အသုံးပြုကြောင်း ဖော်ထုတ်တွေ့ရှိရပါသည်။ ၎င်းတို့သည် အဖျက်သဘောဆောင်သည့် ရင်ဆိုင်ဖြေရှင်းရေးနည်းဗျူဟာများကို မြှင့်တင်ပေးနိုင်ပြီး ကျား/မ အခြေပြု အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှု၊ လူကုန်ကူးမှု သို့မဟုတ် လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်း အပါအဝင် အခြားသော ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို ပိုမိုဆိုးရွားစေနိုင်သည်။ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို သုံးသပ်လေ့လာချက်မှတစ်ဆင့် ဒေသခံ သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများသည် ခြိမ်းခြောက်မှုများ၏ မူလအစနှင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအပေါ် ၎င်းတို့၏သက်ရောက်မှုများကို ဖော်ထုတ်နိုင်ပြီး၊ အဆိုပါအသိုင်းအဝိုင်းများ၏ သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ကာကွယ်ရေးအန္တရာယ်များကို ဖယ်ရှားရန် သို့မဟုတ် လျှော့ချရန် စွမ်းဆောင်ရည်များကို တည်ဆောက်ပေးမည့် သို့မဟုတ် အားကောင်းစေမည့် မီဒီယာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများကို ပေါ်ပေါက်ကြီးထွားစေနိုင်သည်။

ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် မှန်ကန်တိကျသောသတင်းအချက်အလက်ကို လုံခြုံဘေးကင်းစွာ၊ အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်ရှိရန် အထောက်အကူပြုမည့် အစီအစဉ်ရေးဆွဲခြင်းနှင့် သတင်းအချက်အလက် အကြောင်းအရာများကို ဖော်ဆောင်ခြင်း သို့မဟုတ် လိုက်လျောညီထွေ ပြင်ဆင်ခြင်းတို့ကို အသိပေးအကြောင်းကြားရန်၊ သတင်းအချက်အလက် ဂေဟစနစ်တစ်ခုအား ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာချက်တစ်ခု ပြုလုပ်ရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများနှင့် အခြား သတင်းအချက်အလက်ရေးရာလုပ်ဆောင်သူများအား ဤမိုဂျူးက လမ်းညွှန်ပေးပါသည်။ ၎င်းတွင် အပိုင်းနှစ်ပိုင်း ဖွဲ့စည်းပါဝင်သည် - သတင်းအချက်အလက် ဂေဟစနစ်ကို သုံးသပ်လေ့လာရန် မည်သည့်အချက်အလက်များကို ကျွန်ုပ် လိုအပ်ကြောင်းနှင့် သတင်းအချက်အလက်နှင့် ဆက်စပ်သောအကာအကွယ်ကို လျှော့ချပေးမည့် အစီအစဉ်ရေးဆွဲခြင်းနှင့် မီဒီယာအကြောင်းအရာများကို ဖော်ဆောင်ရန် ထိုအချက်အလက်များကို မည်သို့စနစ်တကျစုစည်းစီစဉ်ပုံ တို့ဖြစ်သည်။

# အပိုင်း ၁ - သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်- သတင်းအချက်အလက် ဂေဟစနစ်တစ်ခု၏ ကာကွယ်ရေးအန္တရာယ်များကို သုံးသပ်လေ့လာဆောင်ရွက်ရန် လိုအပ်သော အချက်အလက်များ

သတင်းအချက်အလက် ဂေဟစနစ်တွင် လူများနှင့် ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ဒေသန္တရအခြေအနေဆက်စပ်ချက်အတွင်း သတင်းအချက်အလက်များကို မည်သို့ ရှာဖွေ၊ ဖန်တီး၊ မျှဝေ၊ တန်ဖိုးထား၊ ယုံကြည်ကြပုံ အပါအဝင် သတင်းအချက်အလက် ထောက်ပံ့မှုနှင့် လိုအပ်ချက်အကြား ဆက်နွယ်မှု၏ ရှုထောင့်များကို ဖော်ပြပါသည်။ သတင်းအချက်အလက် ဂေဟစနစ်၏**ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို သုံးသပ်လေ့လာချက်**သည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများက သတင်းအချက်အလက် ဂေဟစနစ်တစ်ခုအတွင်း ပြုမူဆောင်ရွက်ပုံများနှင့် ဆက်စပ်နေသော ကာကွယ်ရေးအန္တရာယ်များကို ဖော်ထုတ်ရန်နှင့် ထိုအန္တရာယ်များကို လျှော့ချ သို့မဟုတ် တားဆီးကာကွယ်နိုင်မည့် သက်သာလျော့ပါးရေးနည်းဗျူဟာများကို ခွဲခြားဖော်ထုတ်ရန် ရည်ရွယ်ပါသည်။

အခြေအနေအလိုက် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို သုံးသပ်လေ့လာမှုပြုလုပ်ရန်နှင့် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို လျှော့ချ၊ တားဆီးကာကွယ်မည့် ကဏ္ဍစုံ နည်းဗျူဟာများ ရေးဆွဲရန် ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့သည် အကာအကွယ်ပေးရေး သုံးသပ်လေ့လာချက်မူဘောင်(PAF) တစ်ခုကို ဖော်ဆောင်ခဲ့သည်။ ဤလမ်းညွှန်ချက်များ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် သတင်းအချက်အလက် ပတ်ဝန်းကျင်များကို လေ့လာဆန်းစစ်ရန်နှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများ (ဒေသခံသတင်းအချက်အလက် အေဂျင်စီများ အပါအဝင်) အနေဖြင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအတွက် သတင်းအချက်အလက်ကို လုံခြုံဘေးကင်းစွာ၊ အဓိပ္ပါယ်ရှိစွာ ရယူသုံးပြုခွင့်ရရှိစေရန်၊ လုပ်ကြံသတင်းဖြန့်ခြင်းကဲ့သို့သော အကာအကွယ်ပေးရေးဆိုင်ရာ အန္တရာယ်များကို လျှော့ချရန်နှင့် သတင်းမှားဖြန့်ခြင်းကို ဖြစ်ပေါ်စေသော နှင့်/သို့မဟုတ် အခြားသော ကာကွယ်ရေးအန္တရာယ်များကို ပိုမိုဆိုးရွားလာစေသော အဖျက်သဘောဆောင်သည့် ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများကို ကိုင်တွယ်ဖြေရှင်းရန် ကြားဝင်ဆောင်ရွက်မှုများ ဒီဇိုင်းရေးဆွဲနိုင်ခွင့်ပြုရန် ဤလမ်းညွှန်ချက်များ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဤမူဘောင်ကို သတင်းအချက်အလက် ပတ်ဝန်းကျင်များကို လေ့လာဆန်းစစ်ရန် ဤမူဘောင်ကို ပြင်ဆင်ထားပါသည်။

လမ်းညွှန်ကိရိယာများကို ဒီဇိုင်းရေးဆွဲရန်နှင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုးများနှင့် တိုင်ပင်ဆွေးနွေးရာတွင် **သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်** (IPAF)အား မည်သို့အသုံးပြုရမည်ကို လမ်းညွှန်ချက်များ၏ အပိုင်း ၁ တွင် အသေးစိတ် ဖော်ပြထားသည်။ သတင်းအချက်အလက် အစီအစဉ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းအား အသိပေးအကြောင်းကြားရန် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များအကြောင်း အချက်အလက်များကို စနစ်တကျ စုစည်းစီစဉ်ရန် ဖွဲ့စည်းပုံတစ်ခုလည်း ပေးထားသည်။

သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင် (IPAF) သည် သတင်းအချက်အလက် ဂေဟစနစ်၏ ကာကွယ်ရေးအန္တရာယ်များကို သုံးသပ်လေ့လာချက်ပြုလုပ်ရာတွင် လိုအပ်သည့်

!

**ကာကွယ်ရေးဆိုင်ရာ အန္တရာယ်တစ်ခုသည် ထိခိုက်ခံရသူများအား အကြမ်းဖက်မှု၊ အကျပ်ကိုင်မှု သို့မဟုတ် တမင်ရည်ရွယ်၍ ခံစားခွင့်ကို ပိတ်ပင်ထားမှုနှင့် အမှန်တကယ် သို့မဟုတ် ဖြစ်နိုင်ခြေရှိသော ထိတွေ့မှုဖြစ်သည်။** ဤလမ်းညွှန်ချက်သည် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းနှင့် လုပ်ကြံသတင်းများကြောင့် ဖြစ်ပေါ်လာသော သတင်းအချက်အလက်ကို သုံးစွဲရာမှ ပေါ်ပေါက်သောကာကွယ်ရေးအန္တရာယ်များကို ကြည့်ရှုလေ့လာထားသည်။ ထို့ပြင် သတင်းအချက်အလက် ဂေဟစနစ်တွင်းရှိ အကြောင်းရင်းများက အခြား ကာကွယ်ရေးအန္တရာယ်များကို မည်သို့ဖြစ်ပေါ်စေကြောင်းလည်း ကြည့်ရှုလေ့လာထားပါသည်။ ထိုအန္တရာယ်များတွင် အောက်ပါတို့ ပါဝင်သော်လည်း ယင်းတို့ဟူ၍သာ ကန့်သတ်မထားပါ - အရပ်သားများနှင့် အရပ်သားပိုင်ပစ္စည်းများအပေါ် တိုက်ခိုက်မှုများ၊ ပြန်ပေးဆွဲမှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ အကြမ်းဖက်မှုနှင့် အခြား ကျား/မ အခြေပြု အကြမ်းဖက်မှု ပုံစံများ၊ မိသားစုများအား အတင်းအကျပ် ခွဲခြားခြင်း၊ လူကုန်ကူးမှု၊ ငွေညှစ်ခြင်း၊ အတင်းအကျပ် နှင်ထုတ်ခြင်း၊ အတင်းအကျပ် နေရာရွှေ့ပြောင်းစေခြင်း၊ ဝန်ဆောင်မှုများ ရယူအသုံးပြုခွင့်ကို ငြင်းပယ်ခြင်းနှင့် အခြားသောအန္တရာယ်များစွာ ပါဝင်သည်။ ကာကွယ်ရေးအန္တရာယ်များနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့နှင့် IASC Protection Policy တို့မှ အရင်းအမြစ်များကို ကြည့်ရှုနိုင်ပါသည်။

အချက်အလက်များကို ဖော်ထုတ်ရန် PAF ၏ ဖွဲ့စည်းပုံနှင့် အကြောင်းအရာအတိုင်း လိုက်နာပါသည်။ IPAF တွင် အဓိကမဏ္ဍိုင် လေးခုပါဝင်ပြီး မဏ္ဍိုင်တစ်ခုစီတွင် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို နားလည်ရန် သင်လိုအပ်မည့် အချက်အလက်အစုများ ပါဝင်သော မဏ္ဍိုင်ခွဲများ ပါရှိသည်။ ဆန်းစစ်ရေးကိရိယာများသည် ယေဘုယျဖြစ်ပြီး တိကျသောအခြေအနေတစ်ခုနှင့် လိုက်လျောညီထွေဖြစ်အောင် အမြဲတမ်း ပြင်ဆင်သင့်သည်။

**သုံးသပ်လေ့လာချက် မေးခွန်းများ-** မဏ္ဍိုင်ခွဲတစ်ခုစီအောက်တွင် သင်၏ အချက်အလက်စုဆောင်းရေးကိရိယာများဖွံ့ဖြိုးတိုးတက်အောင် လမ်းညွှန်ရန်နှင့် နောက်ပိုင်းတွင် စုဆောင်းရရှိသော အချက်အလက်များကို သုံးသပ်လေ့လာရန် မေးခွန်းများ ပါရှိသည်။ အချက်အလက်စုဆောင်းရေးကို ပံ့ပိုးရန် Internews သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဆင်အပြင်သုံးရပ်တွင် ရပ်ရွာအသိုင်းအဝိုင်းအဖွဲ့ဝင်များ၊ ဒေသတွင်းမီဒီယာများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်သားများ စမ်းသပ်ခဲ့ကြသော အချက်အလက်စုဆောင်းရေးကိရိယာများ၏ နမူနာပုံစံများကို ဖော်ထုတ်ခဲ့ပါသည်။ ထိုနမူနာပုံစံများသည် သင့်လိုအပ်ချက်များနှင့် အသင့်ရှိပြီးသား တစ်ဆင့်ခံ သတင်းအချက်အလက်များအပေါ် အခြေခံ၍ သင့်ကိုယ်ပိုင်ကိရိယာများကို တည်ဆောက်ရန် အခြေခံတစ်ခုဖြစ်သည်။ လမ်းညွှန်ကိရိယာလေးမျိုး ရရှိနိုင်ပါသည် - ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း လမ်းညွှန်ကိရိယာနှစ်ခု (နောက်ဆက်တွဲ ၃ နှင့် ၆)၊ အဓိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းခြင်း လမ်းညွှန်ကိရိယာတစ်ခု (နောက်ဆက်တွဲ ၅) နှင့် အိမ်ထောင်စုစစ်တမ်း လမ်းညွှန်ကိရိယာတစ်ခု (နောက်ဆက်တွဲ ၄) တို့ဖြစ်ကြသည်။ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို သုံးသပ်လေ့လာချက်သည် အရည်အသွေးကောင်းသော အချက်အလက်များ လိုအပ်သောကြောင့် အိမ်ထောင်စုစစ်တမ်း လမ်းညွှန်ကိရိယာကို အခြားကိရိယာများနှင့် သီးခြားခွဲ၍ အသုံးမပြုနိုင်ပါ။

လမ်းညွှန်မေးခွန်းများကို အသုံးပြုမှုသည် အခြေအနေနှင့် ကြားဝင်ဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်များအပေါ် မူတည်၍ ပြောင်းလဲနိုင်ပြီး အခြေအနေနှင့် အမြဲတမ်း လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်သင့်ပါသည်။ ဤနေရာရှိ လမ်းညွှန်မေးခွန်းများသည် သင်၏သုံးသပ်လေ့လာချက်တွင် ထည့်သွင်းရာတွင် အရေးအကြီးဆုံးအကြောင်းအရာများကို ဖော်ထုတ်ရန် စမှတ်တစ်ခုအဖြစ် အသုံးပြုနိုင်သည်။ ဤမှ

ဘောင်ကို အသုံးပြု၍ အချက်အလက်များကို စုစည်းခြင်းသည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ အနေဖြင့် သတင်းအချက်အလက်ကို လုံခြုံဘေးကင်းပြီး အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်ကို အားကောင်းစေမည့် ဖြေရှင်းချက်များ ဖော်ထုတ်ရာတွင် သတင်းအချက်အလက် ပံ့ပိုးသူများ (ဒေသခံ သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများ အပါအဝင်) အား အထောက်အကူပြုမည်ဖြစ်သည်။ ဤမူဘောင်သည် ထိုအန္တရာယ်များ လျော့ပါးစေရန် သို့မဟုတ် လျှော့ချရန် နည်းဗျူဟာများကို ဖော်ထုတ်ရာတွင် လိုအပ်သည့် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များ၏ ရှုထောင့်များကို ခွဲခြမ်းစိတ်ဖြာပါသည်။ တုံ့ပြန်ဆောင်ရွက်ရန် အဘက်ဘက်မှပြည့်စုံသည့် နည်းဗျူဟာများကို ဒီဇိုင်းရေးဆွဲရာတွင် ကာကွယ်ရေးအန္တရာယ်တစ်ခု၏ အစိတ်အပိုင်းအားလုံးကို နားလည်ရန် အရေးကြီးပါသည်။

## PAF သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်

### အကြောင်းအရာ

- အကျုပ်အတည်း အကြောင်းအရာနှင့် ဆက်စပ်သော အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများ
- ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေး အခင်းအကျင်း
- အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေနှင့် စံနှုန်းဆိုင်ရာ အခင်းအကျင်း
- ရှေးရိုးထုံးစံနှင့် ဒစ်ဂျစ်တယ် သတင်းအချက်အလက် အခင်းအကျင်း

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ အပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုအတွက် အဓိက လုပ်ဆောင်သူများ
- သတင်းအချက်အလက်နှင့် ဆက်စပ် ကာကွယ်ရေး ခြိမ်းခြောက်မှု၏ ဇစ်မြစ်

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ဝိသေသလက္ခဏာများ
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေး ခြိမ်းခြောက်မှုများ၏ နောက်ဆက်တွဲအကျိုးဆက်
- ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများ နှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ရင်ဆိုင်ဖြေရှင်းရေး နည်း ဗျူဟာများ

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရှိပြီးသား စွမ်းရည်များ

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (တစ်ဦးချင်း/ မိသားစုအဆင့် အလိုက်) ၏ စွမ်းဆောင်ရည်များ
- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (ဒေသန္တရအဆင့်တွင်) ၏ ဒေသဆိုင်ရာ လုပ်ထုံးလုပ်နည်းယန္တရားများနှင့် စွမ်းဆောင်ရည်များ
- ဒေသန္တရ၊ ဒေသတွင်းနှင့် နိုင်ငံအဆင့် မီဒီယာများ၏ စွမ်းဆောင်ရည်များ
- အဖွဲ့အစည်းဆိုင်ရာ၊ အခြား ယန္တရားများနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ စွမ်းဆောင်ရည်များ

## i PAF သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်က ရှင်းပြထားသည်မှာ

### မဏ္ဍိုင် (က) - အကြောင်းအရာ

ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ ရှင်သန်နေထိုင်မှု အခြေအနေကို နားလည်ခြင်းသည် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ကာကွယ်ရေးအန္တရာယ်များ၏ အရင်းခံ သို့မဟုတ် ပေါင်းစပ်ပါဝင်နေသော ဖွဲ့စည်းပုံဆိုင်ရာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အချက်များကို ဆုံးဖြတ်ရာတွင် ပဓာနကျပါသည်။ ဆက်စပ်အခြေအနေဆိုင်ရာ မဏ္ဍိုင်သည် ထိုအန္တရာယ်များအတွက် လိုက်လျောညီထွေရှိသည့် အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာများကိုလည်း အသိပေးနိုင်ပါသည်။

ဆက်စပ်အခြေအနေအောက်တွင် မဏ္ဍိုင်ခွဲ (၄) ခု ရှိပါသည် -

**၁။ အကျပ်အတည်း အကြောင်းအရာနှင့် ဆက်စပ်သော လူအစုအဖွဲ့များအကြား အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများ -**

ဤမဏ္ဍိုင်ခွဲသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြစ်ပေါ်စေခဲ့ပြီး ဆက်လက်ဖြစ်ပွားနေစေသော အတိတ်နှင့် လက်ရှိ အလားအလာများကို ဖော်ထုတ်ပြီး သုံးသပ်လေ့လာရန် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးပါသည်။ အထူးသဖြင့် ဤသုံးသပ်လေ့လာချက်သည် မည်သူ ထိခိုက်ခံရသည်၊ ၎င်းတို့၏ တည်နေရာများ၊ ဦးတည်ပစ်မှတ်ထားသော လူဦးရေ (လူ့အုပ်စုများ)ဆိုင်ရာ အချက်အလက်များ၊ နေရပ်စွန့်ခွာရခြင်း သို့မဟုတ် ပြန်လည်ရောက်ရှိခြင်း၏ အတိုင်းအတာနှင့် ကာလတို့ကို နားလည်ခြင်း အပါအဝင်၊ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ သီးခြားသတင်းအချက်အလက် လိုအပ်ချက်များ၊ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများနှစ်ဦးနှစ်ဘက်လုံးအတွက် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများ ရှိနေခြင်းတို့အပေါ် အဓိကထားသင့်ပါသည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ထိုသတင်းအချက်အလက် လိုအပ်ချက်များ သို့မဟုတ် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများသည် အသစ်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် တိုက်ရိုက် ဆက်စပ်နေပါသလား။ သို့မဟုတ် ၎င်းတို့သည် နိုင်ငံရေး၊ လူမှု-စီးပွားရေးနှင့် မီဒီယာအခင်းအကျင်းနှင့် ဆက်စပ်သော ဖွဲ့စည်းပုံဆိုင်ရာ လိုအပ်ချက်များ ဖြစ်ပါသလား။
- သတင်းအချက်အလက်ထုတ်လုပ်မှုအတွက် တာဝန်ရှိသော လုပ်ဆောင်သူများနှင့် လူ့အသိုင်းအဝိုင်းများအကြား၊ သို့မဟုတ် လုပ်ကြံသတင်းဖန်တီးသူ မည်သူမဆိုနှင့် လူ့အသိုင်းအဝိုင်းများအကြားက လူအစုအဖွဲ့များအကြား အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများနှင့် လူမှုဆက်ဆံရေးများက မည်သည်တို့နည်း။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းပြေလည်ခြင်း(အရေးပေါ်မဟုတ်သော အခြေအနေတစ်ခုသို့ ကူးပြောင်းခြင်း) သည် သတင်းအချက်အလက်အတွက် လိုအပ်ချက်များကို ဖြေရှင်းပြီး သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများကို ဖယ်ရှားပေးပါမည်လား။

!

သတိပေးချက် - သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်တွင် သတင်းအချက်အလက်များကို ဘေးကင်းစွာ ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူနိုင်စွမ်းများ ပါဝင်သည်။

**၂။ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေးဆိုင်ရာ အခင်းအကျင်း -**

ဤဒုတိယမဏ္ဍိုင်ခွဲသည် သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်နှင့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များအပေါ် လွှမ်းမိုးသော ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် လူမှု-စီးပွားရေးဆိုင်ရာအခြေအနေနှင့် အလားအလာများကို သုံးသပ်လေ့လာရန် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးပါသည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ယဉ်ကျေးမှု (ဘာသာစကား၊ ကျားမဆိုင်ရာ စံနှုန်းများ၊ ဖယ်ကျဉ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်း) နှင့် လူမှု-စီးပွားရေး အချက်များသည် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ဖွဲ့စည်းပုံဆိုင်ရာ ပံ့ပိုးသူများ သို့မဟုတ် အတားအဆီးများအဖြစ် မည်သည့်အဆင့်အထိ ဆောင်ရွက်နေပါသလဲ။ ထိုအချက်များသည် သတင်းအချက်အလက်နှင့်ဆက်စပ်သည့်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများအပေါ် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ ထိခိုက်လွယ်မှု သို့မဟုတ် ထိုခြိမ်းခြောက်မှုများကို ရင်ဆိုင်ရန် လူထု၏စွမ်းရည်ကို မည်သို့ ပိုဆိုးစေသလဲ သို့မဟုတ် လျော့နည်းစေပါသလဲ။
- မီဒီယာများသည် ပြည်သူ့ရန်ပုံငွေအပေါ် မှီခိုရခြင်း အပါအဝင် နိုင်ငံရေးဖိအားမှ လွတ်လွတ်ကင်းကင်းဖြင့် အကြောင်းအရာများကို ထုတ်လုပ်နိုင်ပြီး အစိုးရနှင့် အခြားလုပ်ဆောင်သူများ၏ မူဝါဒများနှင့် လုပ်ဆောင်ချက်များအတွက် သတင်းစာထဲတွင် တာဝန်ခံစေနိုင်ပါသလား။ ရန်ပုံငွေ/ပိုင်ဆိုင်မှု စွမ်းရည်ကြီးမားသော အခြားပုဂ္ဂလိက အဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်များ၏ တည်းဖြတ်နိုင်သော အကြောင်းအရာအပေါ် လွှမ်းမိုးမှုကိုလည်း ကြည့်သင့်ပါသည်။
- နိုင်ငံရေးအခင်းအကျင်းကို လွှမ်းမိုးရန်နှင့် မီဒီယာနှင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များကို အကြံပြုထောက်ခံပေးရန် အာဏာနှင့် လွတ်လပ်မှုရှိသော အရပ်ဘက် လူမှုအဖွဲ့အစည်းများ ရှိပါသလား။

**၃။ အဖွဲ့အစည်း၊ ဥပဒေနှင့် စံနှုန်းဆိုင်ရာ အခင်းအကျင်း-**

တတိယမဏ္ဍိုင်ခွဲသည် မီဒီယာနှင့် လူပုဂ္ဂိုလ်များက အွန်လိုင်းနှင့် အော့ဖ်လိုင်း သတင်းအချက်အလက်များကို ဖန်တီးခြင်း၊ မျှဝေခြင်း၊ ရှာဖွေခြင်းနှင့် ရယူခြင်းတို့ကို ကာကွယ်ပေးသော သို့မဟုတ် အန္တရာယ်ဖြစ်စေသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ စံနှုန်းများနှင့် လူမှုအလေ့အထများကို သုံးသပ်လေ့လာရာတွင် ကူညီပေးပါသည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းလွတ်လပ်ခွင့် အခြေအနေက ဘယ်လိုရှိပါသလဲ။ မီဒီယာပညာရှင်များအပေါ် အကြမ်းဖက်မှုကို ကာကွယ်တုံ့ပြန်ရန်နှင့် သတင်းအချက်အလက် အရင်းအမြစ်များကို ကာကွယ်ရန် ဥပဒေများ ရှိပါသလား။

- သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသော သီးခြား နိုင်ငံတော်ဥပဒေများ ရှိပါသလား။ ဒစ်ဂျစ်တယ်လုံခြုံရေးနှင့် လုပ်ကြံသတင်းဆိုင်ရာ စံသတ်မှတ်ချက်မှုဘောင်အပါအဝင် ထိုခြိမ်းခြောက်မှုများကို ကာကွယ်နိုင်မည့် သို့မဟုတ် လျှော့ချနိုင်မည့် ဥပဒေများ ပျောက်ဆုံးနေပါသလား။
- သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးခြိမ်းခြောက်မှုကို ဖြစ်ပေါ်စေသော အခြားလူမှုရေး၊ ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများ သို့မဟုတ် အလေ့အထများ ရှိပါသလား။

## ၄။ ရိုးရာနှင့် ဒစ်ဂျစ်တယ် သတင်းအချက်အလက်ဆိုင်ရာ အခင်းအကျင်း -

စတုတ္ထမဏ္ဍိုင်ခွဲသည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော သတင်းအချက်အလက်များကို ဖန်တီးရန် သတင်းအချက်အလက်ပေးသူများ၏ လွှမ်းခြုံနိုင်မှုနှင့် စွမ်းဆောင်ရည်ကို ဖော်ထုတ်လေ့လာရန်နှင့် ၎င်းသည် သတင်းအချက်အလက်နှင့်ဆက်စပ်သည့် ခြိမ်းခြောက်မှုအမျိုးမျိုးကို လျှော့ချ နှင့်/သို့မဟုတ် ဖန်တီးရာတွင် မည်သို့ အထောက်အကူပြုသည်ကို လေ့လာဆန်းစစ်ရန် ကျွန်ုပ်တို့ကို ကူညီပေးပါသည်။

### သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -

- သမားရိုးကျ မီဒီယာ (သတင်းစာများ၊ ရေဒီယိုနှင့် တီဗွီ) နှင့် အခြားသတင်းအချက်အလက် ပံ့ပိုးသူများ၏ ပထဝီအနေအထားအရ လွှမ်းခြုံမှု၊ ကုန်ကျစရိတ်နှင့် ဘာသာစကားတို့သည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များနှင့် ဦးစားပေးချက်များနှင့် ကိုက်ညီပါသလား။
- ဒီဂျစ်တယ်မီဒီယာ (သတင်းဝက်ဘ်ဆိုက်၊ လူမှုမီဒီယာပလက်ဖောင်းများ) နှင့် အခြားသတင်းပေးသူများ၏ ပထဝီဝင်လွှမ်းခြုံမှု (မိုဘိုင်းနှင့် အင်တာနက်သုံးစွဲမှု၊ သုံးစွဲမှုပုံစံအပါအဝင်)၊ ကုန်ကျစရိတ်နှင့် ဘာသာစကားသည် ထိခိုက်ခံရသည့် လူ့အသိုက်အဝန်းများ၏ လိုအပ်ချက်များနှင့် ဦးစားပေးမှုများနှင့် ကိုက်ညီပါသလား။
- ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများကြား ယုံကြည်မှုတည်ဆောက်နိုင်မည့် နည်းလမ်းဖြင့် လုပ်ငန်းဆောင်ရွက်ရန် တသီးပုဂ္ဂလ မီဒီယာသတင်းဌာနများ (အကြီး၊ အသေး၊ အွန်လိုင်းနှင့် အော့ဖ်လိုင်း) နှင့် အခြား သတင်းအချက်အလက် ပံ့ပိုးသူများ၏ စွမ်းဆောင်ရည် မည်သို့ရှိပါသလဲ။ ၎င်းတွင် ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် သတင်းအချက်အလက်ကောင်းများကို ဖန်တီးနိုင်ခြင်း၊ စနစ်တကျ စီစဉ်ဖွဲ့စည်းနိုင်ခြင်းနှင့် ဖြန့်ဝေနိုင်ခြင်း၊ ထိခိုက်ခံရသောရပ်ရွာအသိုင်းအဝိုင်းများကို ကိုယ်စားပြုသော ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားခြင်း၊ ပရိသတ်ထံမှ တုံ့ပြန်အကြံပြုချက်များကို အားပေးသော နှစ်လမ်းသွား ဆက်သွယ်ရေးကို လုံခြုံဘေးကင်းစွာ ရယူအသုံးပြုခွင့်ပေးခြင်းတို့ ပါဝင်သည်။

[ i PAF ] **သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ် လေ့လာချက်မှုဘောင်က ရှင်းပြထားသည်မှာ**

## မဏ္ဍိုင် (ခ) - ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ပေးသူများအပေါ် သက်ရောက်နေသော လတ်တလော သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ခြိမ်းခြောက်မှုများ

!

အောက်ပါဇယားက သီးခြားပြဿနာတစ်ခုကိုယ်တိုင်သည် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုဖြစ်သည် သို့မဟုတ် ကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှုဖြစ်သည်ကို ဖော်ထုတ်ရန် အချက်အလက်များ မည်သို့စီစဉ်ဖွဲ့စည်းပုံကို ဥပမာပြထားခြင်း ဖြစ်သည်။

**သီးခြားပြဿနာတစ်ခုကိုယ်တိုင်သည် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုဖြစ်သည် သို့မဟုတ် ကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှုဖြစ်သည်ကို ဖော်ထုတ်ရန် ဒေတာများနှင့် သတင်းအချက်အလက်များကို သေချာစွာ ထည့်သွင်းစဉ်းစားပါ။**

| | | | |
|---|---|---|---|
| **ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု အမျိုးအစား** | **အကြမ်းဖက်ခြင်း - ထိခိုက်ဒဏ်ရာ၊ သေဆုံးမှု၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု၊ ဖွံ့ဖြိုးတိုးတက်မှု ချို့ယွင်းခြင်း သို့မဟုတ် ဆုံးရှုံးနစ်နာခြင်းတို့ကို ဖြစ်ပေါ်စေရန် သို့မဟုတ် ဖြစ်ပေါ်နိုင်ခြေမြင့်မားစေရန် ရည်ရွယ်ချက်ရှိရှိ ရုပ်ပိုင်းဆိုင်ရာ အင်အား သို့မဟုတ် အာဏာကို အသုံးပြုမည်ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် အမှန်တကယ် အသုံးပြုခြင်း။** | အကျပ်ကိုင်ခြင်း - တစ်စုံတစ်ဦးအား ၎င်းတို့၏ဆန္ဒနှင့် ဆန့်ကျင်၍ တစ်ခုခုကို အတင်းအကျပ်ပြုလုပ်စေခြင်း။ | **တမင်ရည်ရွယ်၍ ပိတ်ပင်ခြင်း - လူများအနေဖြင့် ၎င်းတို့လိုအပ်ပြီး ရပိုင်ခွင့်ရှိသော အရင်းအမြစ်များ၊ ပစ္စည်းများ၊ သို့မဟုတ် ဝန်ဆောင်မှုများကို ရယူခွင့်မရရှိစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်း။** |
| **သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှု ဥပမာ** | လူ့အခွင့်အရေးကာကွယ်သူ အမျိုးသမီးတစ်ဦးအပေါ် အကြမ်းဖက်ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေသော အွန်လိုင်းလုပ်ကြံသတင်းဖြန့်ရန်စည်းရုံးလှုံ့ဆော်မှုတစ်ခု။ | လူနည်းစုအုပ်စုတစ်ခုအား ၎င်းတို့ကို ပေးသည့်အကူအညီ၏ တစ်စိတ်တစ်ပိုင်းကို မျှဝေပေးစေရန် ခေါင်းပုံဖြတ် အမြတ်ထုတ်သည့်အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအကြောင်း သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း (ဥပမာ- ခင်ဗျားရတဲ့အထဲက ကျွန်တော့်ကို တစ်ဝက်ပေးမယ်ဆိုရင် ဖြန့်ဖြူးရေးအတွက် မှတ်ပုံတင်နည်းအကြောင်း ပြောပြမယ်) | နေရပ်စွန့်ခွာရွှေ့ပြောင်းရလူ လူထုအတွက် ၎င်းတို့၏နေအိမ်များ လုံခြုံရေးအကြောင်း သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း |
| **သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု** | ထိခိုက်ဒဏ်ရာရရှိမှု၊ အသက်ဆုံးရှုံးမှု၊ လူတစ်ဦးချင်းစီအပေါ် စိတ်ပိုင်းဆိုင်ရာသက်ရောက်မှုများနှင့် လူအများနှင့် ဆက်စပ်ပြီး အမျိုးသမီးများ၏ ပါဝင်မှု အွန်လိုင်းနှင့် အော့ဖ်လိုင်းနှစ်ခုလုံး၌ လျော့နည်းစေခြင်း | ထိုလူနည်းစု အုပ်စုအတွက် အရင်းအမြစ်များနှင့် အခွင့်အလမ်းများကို ပိတ်ပင်ခြင်း | ထိုရပ်ရွာအသိုင်းအဝိုင်းအတွက် လွတ်လပ်စွာ သွားလာခွင့်အပေါ် ကန့်သတ်ချက်များ ပြုလုပ်ခြင်း |

သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများကို ဖော်ထုတ်ရန်အတွက် ခြိမ်းခြောက်မှု၏ သဘာဝကို ကျွန်ုပ်တို့ နားလည်ရန် လိုအပ်သည် - မည်သည့် လူသားလုပ်ဆောင်မှုများ သို့မဟုတ် လူသားလုပ်ဆောင်ချက်များ၏ အကျိုးရလဒ်က အကြမ်းဖက်မှု၊ အကျပ်ကိုင်မှု၊ ခံစားခွင့်ကို တမင်ရည်ရွယ်၍ ပိတ်ပင်မှုတို့ကို ဖြစ်စေပါသလဲ။ ထို့အပြင် ထိုခြိမ်းခြောက်မှု၏ မူလအကြောင်းရင်းများ (လှုံ့ဆော်မှုများ၊ တွန်းအားပေးသူများနှင့် အခြေခံအကြောင်းရင်းများ) ကိုလည်း နားလည်ရန် လိုအပ်သည်။ မည်သည့်လုပ်ဆောင်သူများက ခြိမ်းခြောက်မှုကို ဖြစ်စေပြီး မည်သည့်လုပ်ဆောင်သူများက ထိခိုက်ခံရသော လူ့အသိုင်းအဝိုင်းများအား ထိုခြိမ်းခြောက်မှုမှ ကာကွယ်သင့်သည်ကိုလည်း ကျွန်ုပ်တို့ နားလည်ရန် လိုအပ်သည်။ ခြိမ်းခြောက်မှုသည် ကျူးလွန်သူ သို့မဟုတ် မူဝါဒတစ်ခု သို့မဟုတ် ထိခိုက်နစ်နာစေသော စံနှုန်းတစ်ခု ဖြစ်နိုင်သည်။

မဏ္ဍိုင် (ခ) အောက်တွင် မဏ္ဍိုင်ခွဲ (၃) ခု ရှိသည် - ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးသူများအပေါ် သက်ရောက်နေသော လတ်တလော သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများ။

**၁။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှုများ -**

ပထမ မဏ္ဍိုင်ခွဲသည် ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု တစ်ခုချင်းစီအတွက် ထိခိုက်ခံရသူများနှင့် သတင်းအချက်အလက် ပံ့ပိုးသူများအား ထိခိုက်စေသော သတင်းအချက်အလက်နှင့် ဆက်စပ်သည့် လူသားလုပ်ဆောင်ချက်များ သို့မဟုတ် လူသားလုပ်ဆောင်ချက်များ၏ ရလဒ်များကို ဖော်ထုတ်၍ သုံးသပ်လေ့လာရန် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ထိခိုက်ခံရသူများအပေါ် အကြမ်းဖက်မှု၊ အကျပ်ကိုင်မှု သို့မဟုတ် ခံစားခွင့်ကို တမင်ရည်ရွယ်၍ ပိတ်ပင်မှုတို့ကို လက်ရှိဖြစ်ပေါ်စေသော သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများက ဘာတွေပါလဲ။
- ခြိမ်းခြောက်မှုသည် အပြုအမူ သို့မဟုတ် လုပ်ဆောင်ချက်၊ အဖွဲ့အစည်း/အုပ်စု အလေ့အထ၊ အစိုးရမဟုတ်သော သို့မဟုတ် အစိုးရမူဝါဒ သို့မဟုတ် ယန္တရားတစ်ခု ဖြစ်ပါသလား။

**၂။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုအတွက် တာဝန်ရှိသည့် အဓိကဆောင်ရွက်သူများ -**

ဒုတိယ မဏ္ဍိုင်ခွဲသည် ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုချင်းစီ၏ နောက်ကွယ်မှ အပြုအမူများ၊ အလေ့အထများ သို့မဟုတ် မူဝါဒများကို ခွဲခြားဖော်ထုတ်၍ သုံးသပ်လေ့လာရန် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်။ ၎င်းတို့တွင် လူထုအားတိုက်ရိုက်ထိခိုက်စေသော လုပ်ဆောင်သူ(များ)၏ အပြုအမူများ၊ ကာကွယ်ပေးရန် သီးသန့်တာဝန်ရှိသော လုပ်ဆောင်သူ(များ)နှင့် ခြိမ်းခြောက်မှု ဖြစ်ပွားခြင်းအပေါ် အပြုသဘော သို့မဟုတ် အဖျက်သဘော လွှမ်းမိုးမှုရှိသော လုပ်ဆောင်သူ(များ) ပါဝင်နိုင်သည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- တိုက်ရိုက်ခြိမ်းခြောက်မှုဖြစ်အောင် လုပ်ဆောင်သူများက မည်သူတွေပါလဲ။ ၎င်းတို့၏ စိတ်ဓာတ်လှုံ့ဆော်မှု အရင်းခံအကြောင်းများနှင့် မက်လုံးများက ဘာတွေပါလဲ။ တိုက်ရိုက်လုပ်ဆောင်မှုကို ကျူးလွန်လုပ်ဆောင်သူများနှင့် ထိခိုက်ခံရသူများကြား ဆက်စပ်ချက်က ဘာပါလဲ။ ပင်မလုပ်ဆောင်သူအပေါ် လွှမ်းမိုးနိုင်မည့် အခြားလုပ်ဆောင်သူများ ရှိနိုင်ပါသလား။
- အန္တရာယ်ကို ဖြေရှင်းရန်၊ လျှော့ချရန် သို့မဟုတ် တားဆီးရန် တာဝန်ရှိသော လုပ်ဆောင်သူ(များ) သည် ၎င်းတို့၏စွမ်းဆောင်ရည်အတွင်း တတ်နိုင်သမျှ လုပ်ဆောင်နေပါသလား။ မလုပ်ဆောင်နေပါက ဘာကြောင့်ပါလဲ။ လုပ်ဆောင်နေပါက ခြိမ်းခြောက်မှုများ၊ ချိုးဖောက်မှုများ သို့မဟုတ် အလွဲသုံးစားပြုမှုများ ဘာကြောင့် ဆက်လက်ဖြစ်ပွားနေပါသလဲ။
- ထိုခြိမ်းခြောက်မှုအတွက် သတင်းပို့နိုင်သောယန္တရားများ ရှိပါသလား၊ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများသည် ၎င်းတို့ကို အမှီအခိုမရှိဘဲ လုံခြုံဘေးကင်းစွာ ရယူအသုံးပြုနိုင်ပါသလား။

**၃။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှု၏ မူလအစ -**

တတိယ မဏ္ဍိုင်ခွဲသည် ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် အကာအကွယ်ပေးရေးကို ခြိမ်းခြောက်မှုတစ်ခုချင်းစီ၏ သီးခြား အခြေခံအကြောင်းရင်းများနှင့် လှုံ့ဆော်မှုများကို ဖော်ထုတ်၍ သုံးသပ်လေ့လာရန် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်။ လူထုအပေါ် အကျိုးဆက်များနှင့် ချက်ချင်းသက်ရောက်မှုများအပြင် ခြိမ်းခြောက်မှုအပေါ် တွန်းအားပေးမှုများကို ကိုင်တွယ်ပြောဆိုခြင်းဖြင့် ကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှုကို တုံ့ပြန်ရန် အကောင်းဆုံး နည်းဗျူဟာကို နားလည်အောင် ဤအချက်အလက်များကို အသုံးပြုပါ။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု၏ သဘာဝက ဘာပါလဲ (ဆိုလိုသည်မှာ ၎င်းသည် တမင်လုပ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ထားခြင်း သို့မဟုတ် အခွင့်အရေးယူထားခြင်း ဖြစ်ပါသလား)။
- ခြိမ်းခြောက်မှုကို တိုက်ရိုက်ဖြစ်စေသော လုပ်ဆောင်သူများ သို့မဟုတ် ခြိမ်းခြောက်မှုအပေါ် လွှမ်းမိုးမှုရှိသော လုပ်ဆောင်သူများ၏ အပြုအမူများကို မည်သည့်အချက်များက တွန်းအားပေးပါသလဲ။
- အချိန်ကာလအလိုက် ခြိမ်းခြောက်မှု သို့မဟုတ် လုပ်ဆောင်သူများ၏ အပြုအမူများ၊ စိတ်ခံစားချက်များ သို့မဟုတ် နည်းပရိယာယ်များ မည်သို့ပြောင်းလဲခဲ့ပါသလဲ။

**[ i PAF ] သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်က ရှင်းပြထားသည်မှာ**

## မဏ္ဍိုင် (ဂ) - ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ပံ့ပိုးသူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု

ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် ခြိမ်းခြောက်မှုအပေါ် ထူးထူးခြားခြား ထိခိုက်လွယ်မှုနှင့် ထိုခြိမ်းခြောက်မှုကို ရင်ဆိုင်နိုင်စွမ်း (မဏ္ဍိုင် (ဃ) တွင် ဖော်ထုတ်ထားသည့်အတိုင်း) အပေါ်မူတည်၍ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှု တစ်ခုချင်းစီက မတူညီသော အုပ်စုအပိုင်းများအပေါ် ကွဲပြားခြားနားစွာ သက်ရောက်စေမည်ဖြစ်သည်။ ထိခိုက်ခံရသူများ၏ လက္ခဏာရပ်များ၊ လူထုအုပ်စုတစ်ခုချင်းစီနှင့် ထိခိုက်ခံရသောနေရာများအပေါ် ခြိမ်းခြောက်မှု၏ အကျိုးဆက်များနှင့် ထိုအကျိုးဆက်များအပေါ် ထိခိုက်ခံရသူများ၏ အပြုသဘောနှင့် အဖျက်သဘောဆောင်သော တုံ့ပြန်မှုများကို ဖော်ထုတ်ခြင်းဖြင့် အုပ်စုတစ်ခုချင်းစီ၏ သီးခြားလိုအပ်ချက်များနှင့် ကိုက်ညီသော ရပ်ရွာအသိုင်းအဝိုင်းအခြေပြု အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူဖြစ်စေပါမည်။

မဏ္ဍိုင် (ဂ) အောက်တွင် မဏ္ဍိုင်ခွဲ (၃) ခု ရှိသည် - **ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ပံ့ပိုးသူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု**

### ၁။ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ပေးသူများ၏ ထူးခြားသော ဝိသေသလက္ခဏာများ -

ပထမ မဏ္ဍိုင်ခွဲသည် သီးခြားနေရာတစ်ခုရှိ သတင်းအချက်အလက် ပံ့ပိုးသူများအပါအဝင် လူအုပ်စုတစ်စုအနေဖြင့် အမျိုးအမည်ဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ခြိမ်းခြောက်မှုအန္တရာယ်တစ်ခုချင်းစီအပေါ် ထိခိုက်လွယ်စေသော အကြောင်းရင်းများကို ဖော်ထုတ်၍ သုံးသပ်လေ့လာရန် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုတစ်ခုနှင့် ထိတွေ့မှုသည် ကျား/မ၊ လူမျိုး၊ အသက်အရွယ်၊ အဆင့်အတန်း စသည့် အချက်များအပြင် စာတတ်မြောက်မှု၊ သတင်းအချက်အလက် အသုံးပြုတတ်မှု၊ ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှုနှင့် ဆက်စပ်သောသတင်းအချက်အလက် လိုအပ်ချက်များနှင့် ဦးစားပေးမှုများပေါ်တွင်လည်း မူတည်သည်။ ထိခိုက်လွယ်မှုကို ပုံသေဖြစ်သော (သို့) မပြောင်းလဲနိုင်သော အရာအဖြစ် မသတ်မှတ်သင့်ဘဲ သီးခြားခြိမ်းခြောက်မှုများနှင့် ဆက်စပ်၍ ဖော်ထုတ်ရန် လိုအပ်သည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ခြိမ်းခြောက်မှုကြောင့် မည်သူများ ထိခိုက်ခံရပါသလဲ (အသက်အရွယ်၊ ကျား/မ[၂]၊ မသန်စွမ်းမှုရှိခြင်း၊ နေရာဒေသ၊ အဆင့်အတန်း၊ ဘာသာစကား၊ လူမျိုးနှင့် တိုင်းရင်းသား ခွဲခြားချက်အရ)။ ခြိမ်းခြောက်မှုကြောင့် ထိခိုက်ခံရသော လူအုပ်စုအသီးသီး (သို့) သတင်းအချက်အလက်

[၂] အမျိုးသမီးများအပေါ် အွန်လိုင်း ခြိမ်းခြောက်မှုများ၏ သက်ရောက်မှုနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက "အရပ်ဘက်နေရာများတွင် အမျိုးသမီးများကို ပစ်မှတ်ထားသော အွန်လိုင်း ကျားမအခြေပြု အမုန်းစကား (Online Gendered hate speech targets women in civic spaces)" Internews ၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက် တွင် ဖတ်ရှုနိုင်ပါသည်

ပေးသူများ၏ သီးခြားသတင်းအချက်အလက်ဆိုင်ရာလက္ခဏာများက ဘာတွေပါလဲ (စာတတ်မြောက်မှု၊ သတင်းအချက်အလက် အသုံးပြုတတ်မှု ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှု၊ အွန်လိုင်း/အော့ဖ်လိုင်း သတင်းအချက်အလက် ရရှိနိုင်မှု၊ ဒေသတွင်း/တိုင်းဒေသကြီးဆိုင်ရာ/နိုင်ငံအဆင့် မီဒီယာ၊ သတင်းစာ/ရေဒီယို/တီဗွီ/အွန်လိုင်း မီဒီယာ၊ လွတ်လပ်သော/အများပြည်သူဆိုင်ရာ မီဒီယာ)။

- ခြိမ်းခြောက်မှု၏ မူလအစရှိ သတင်းအချက်အလက် လိုအပ်ချက်များက ဘာတွေပါလဲ။ ထိုလူထုအုပ်စုများနှင့် သတင်းအချက်အလက် ပံ့ပိုးသူများသည် သတင်းအချက်အလက်များကို မည်သို့ ဖန်တီး၊ မျှဝေ၊ ရှာဖွေ၊ ရယူကြပါသလဲ။ ဦးစားပေး၊ ရယူအသုံးပြုနိုင်ပြီး ယုံကြည်ရသော အရင်းအမြစ်များနှင့် လမ်းကြောင်းများကို လုံခြုံစွာ အသုံးပြုနိုင်ပါသလား။
- လူများအပေါ် မည်သို့ ကွဲပြားစွာ သက်ရောက်ပါသလဲ။ အချို့လူများသည် ပိုမိုထိခိုက်နိုင်ခြေရှိခြင်း၊ ရင်ဆိုင်နိုင်စွမ်း နည်းပါးခြင်း သို့မဟုတ် ခြိမ်းခြောက်မှုကြောင့် ပို၍အရေးပေါ် သက်ရောက်ခြင်းမျိုး ရှိပါသလား။

## ၂။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများ၏ အကျိုးဆက်များ -

လူအုပ်စုအမျိုးမျိုးသည် ပုံစံအမျိုးမျိုးဖြင့် ထိခိုက်ခံရမည်ဖြစ်ကြောင်း မှတ်သား၍ ထိခိုက်ခံရသော လူအုပ်စုအသီးသီးနှင့် သတင်းအချက်အလက် ပံ့ပိုးသူများအပေါ် ခြိမ်းခြောက်မှုတစ်ခုချင်းစီ၏သက်ရောက်ပုံကို ဖော်ထုတ်လေ့လာရန် ဒုတိယမဏ္ဍိုင်ခွဲက ကျွန်ုပ်တို့အား လမ်းညွှန်ပေးသည်။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများသည် အခြားကာကွယ်ရေးအန္တရာယ်များကို ဖြစ်ပေါ်စေနိုင် (သို့) ပိုမိုဆိုးရွားစေနိုင်သည်။ ၎င်းတွင် သတင်းအချက်အလက် ဖန်တီးခြင်းကို နှောင့်နှေးစေခြင်း၊ သတင်းအချက်အလက်များကို ဖန်တီး၊ မျှဝေ၊ ရှာဖွေ သို့မဟုတ် ရယူရာတွင် အန္တရာယ်များယူခြင်း သို့မဟုတ် လုံလောက်သော သတင်းအချက်အလက်များ မရှိဘဲ အသက်ကယ်ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ ပါဝင်နိုင်သည်။

### သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -

- ခြိမ်းခြောက်မှုသည် ထိခိုက်ခံရသောအုပ်စု သို့မဟုတ် သတင်းအချက်အလက် ပံ့ပိုးသူများအပေါ် မည်သည့် ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ ရှိပါသလဲ။
- ခြိမ်းခြောက်မှုသည် ထိခိုက်ခံရသည့်အဖွဲ့ သို့မဟုတ် သတင်းအချက်အလက် ပံ့ပိုးသူများအပေါ် မည်သည့် လူမှုရေးဆိုင်ရာနှင့် လူမှုစိတ်ပညာပိုင်းဆိုင်ရာ သက်ရောက်မှုများ ရှိပါသလဲ။
- ခြိမ်းခြောက်မှုသည် ထိခိုက်ခံရသည့်အဖွဲ့ သို့မဟုတ် သတင်းအချက်အလက်ပေးသူများအပေါ် မည်သည့် ဥပဒေရေးရာ သို့မဟုတ် ရုပ်ဝတ္ထုဆိုင်ရာ သက်ရောက်မှုများ ရှိပါသလဲ။
- ခြိမ်းခြောက်မှုသည် ထိခိုက်ခံရသောအုပ်စု သို့မဟုတ် သတင်းအချက်အလက် ပံ့ပိုးသူများ၏ သတင်းအချက်အလက်များကို ဖန်တီး၊ မျှဝေ၊ ရှာဖွေ၊ ရယူနိုင်စွမ်းအပေါ် မည်သို့ သက်ရောက်မှုရှိပါသလဲ။

**၃။ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ပေးသူများ၏ ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများ -**

တတိယမဏ္ဍိုင်ခွဲသည် ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ကာကွယ်ရေးအပေါ် ခြိမ်းခြောက်မှုတစ်ခုစီအား ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများ၏ ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများကို ဖော်ထုတ်ရန် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးပြီး အဖျက်သဘောဆောင်သည့် ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများကို ကိုင်တွယ်ပြောဆိုရန် လိုအပ်သည့် လုပ်ဆောင်ချက်များကို ဦးစားပေးသတ်မှတ်ရန်နှင့် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ဖြေရှင်းရန် ရှိရင်းစွဲ အပြုသဘောဆောင်သော နည်းဗျူဟာများပေါ်မှုထပ်၍ တည်ဆောက်ရန် ဖြစ်သည်။ ဤတွင် အခြား ဆက်သွယ်ရေးလမ်းကြောင်းများ သို့မဟုတ် နည်းလမ်းများ ဖန်တီးခြင်း၊ ပုံမှန်မဟုတ်သော သတင်းအရင်းအမြစ်များကို အားထားခြင်း၊ စာတတ်မြောက်မှု၊ သတင်းအချက်အလက် အသုံးပြုတတ်မှု သို့မဟုတ် ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှုတို့ကို မြှင့်တင်ရန် လူထု သို့မဟုတ် မီဒီယာ စတင်လှုပ်ရှားမှုများ ပါဝင်နိုင်သည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးသူများသည် ခြိမ်းခြောက်မှုကို လျှော့ချရန်နှင့် သတင်းအချက်အလက်များကို လုံခြုံဘေးကင်းစွာ ဖန်တီး၊ မျှဝေ၊ ရှာဖွေရယူရန် မည်သည့် အပြုသဘောဆောင်သော ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများကို နေရာချခဲ့ပါသလဲ။ ဤသည်က သတင်းအချက်အလက် ဂေဟစနစ်တွင် အပြောင်းအလဲများ ဖြစ်စေပါသလား။
- အသစ်ဖြစ်ပေါ်လာသော ကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှုများကို တားဆီးရန် သို့မဟုတ် တုံ့ပြန်ရန် ချက်ချင်းတုံ့ပြန်မှု လိုအပ်သော အဖျက်သဘောဆောင်သည့် ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများ ရှိပါသလား။
- ခြိမ်းခြောက်မှုကြောင့် ထိခိုက်ခံရသော လူအုပ်စုအသီးသီးနှင့် သတင်းအချက်အလက် ပံ့ပိုးသူများ၏ ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများကို မည်သည့် အယူအဆများ၊ အတွေးအခေါ်များ၊ သဘောထားများ သို့မဟုတ် ယုံကြည်ချက်များက လွှမ်းမိုးနေပါသလဲ။

[ i PAF ] သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်က ရှင်းပြထားသည်မှာ

## မဏ္ဍိုင် (ဃ) - သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုအား ဖြေရှင်းရန်အတွက် ရှိရင်းစွဲ စွမ်းဆောင်ရည်များ

သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို ကိုင်တွယ်ပြောဆိုရာတွင် ဗျူဟာကျကျ တုံ့ပြန်မှုများ ပေးနိုင်ရန်အတွက် ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ခြိမ်းခြောက်မှုတစ်ခုချင်းစီကို ဖြေရှင်းရာတွင် လက်ရှိစွမ်းဆောင်ရည်များကို နက်နက်နဲနဲ နားလည်သဘောပေါက်ဖို့ လိုအပ်သည်။ စွမ်းဆောင်ရည်များကို ထိခိုက်ခံသူ တစ်ဦးချင်း/မိသားစု အဆင့် သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းအဆင့်တွင် တွေ့ရှိနိုင်သကဲ့သို့ ဒေသတွင်း၊ တိုင်းဒေသကြီးဆိုင်ရာနှင့် နိုင်ငံအဆင့် မီဒီယာများအတွင်း၊ အစိုးရ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများကြားတွင်လည်း တွေ့ရှိနိုင်သည်။ တာဝန်ရှိသူများအနေဖြင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်နှင့် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို ဖြေရှင်းရန် ဆန္ဒရှိမရှိအပေါ် နားလည်ခြင်းဖြင့် စွမ်းဆောင်ရည်များကို ချိန်ညှိရမည်။

မဏ္ဍိုင် (ဃ) အောက်တွင် မဏ္ဍိုင်ခွဲ (၄) ခု ရှိသည် - **သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုကို ဖြေရှင်းရန်အတွက် တည်ရှိနေသော စွမ်းဆောင်ရည်များ**

### ၁။ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (တစ်ဦးချင်း/မိသားစုအဆင့်အလိုက်) ၏ စွမ်းဆောင်ရည်များ -

ပထမမဏ္ဍိုင်ခွဲသည် ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ကာကွယ်ရေးအပေါ် ခြိမ်းခြောက်မှုအန္တရာယ်တစ်ခုစီအတွက် သတင်းအချက်အလက်နှင့်ဆက်စပ်သည့် ခြိမ်းခြောက်မှုကို ခံနိုင်ရည်ရှိရန် သို့မဟုတ် လျှော့ချရန် ထိခိုက်ခံရသော လူပုဂ္ဂိုလ်များနှင့် မိသားစုများ၏ ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များနှင့် အသိပညာများကို ဖော်ထုတ်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း၏ အဆိုပါစွမ်းဆောင်ရည်များအပေါ် သက်ရောက်မှုများကို ခွဲခြမ်းစိတ်ဖြာရန် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- သတင်းအချက်အလက်နှင့် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှုစွမ်းရည်သည် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုကို လျှော့ချရာတွင် မည်သို့ ပံ့ပိုးပေးသနည်း။
- ရင်းမြစ်များ၊ ချန်နယ်များနှင့် ပလက်ဖောင်းများအပါအဝင် လူသား၊ ဝတ္ထုပစ္စည်းနှင့် ငွေကြေးဆိုင်ရာရင်းမြစ်များ၊ လမ်းကြောင်းများသည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအတွက် ဘေးကင်းလုံခြုံ အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုနိုင်ပြီး ၎င်းတို့၏ သတင်းအချက်အလက်နှင့် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှုကို ထိရောက်စွာ အသုံးချနိုင်သော အတိုင်းအတာအထိ လုံလောက်မှု ရှိပါသလား။

- ရရှိနိုင်သော တိုင်ကြားရေးယန္တရားများကို ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများက သိရှိပြီး လူထုအုပ်စုအားလုံးက အသုံးပြုနေပါသလား။ ၎င်းတို့ကို သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုအား လျှော့ချရန် ထိရောက်သည့် ယန္တရားတစ်ခုအဖြစ် သတ်မှတ်ပါသလား။

**၂။ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (ဒေသန္တရအဆင့်) ၏ ဒေသဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စွမ်းဆောင်ရည်များ -**

ဒုတိယမဏ္ဍိုင်ခွဲသည် ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် အကာအကွယ်ပေးရေးအပေါ် ခြိမ်းခြောက်မှုတစ်ခုစီအတွက် သတင်းအချက်အလက်နှင့်ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းရန် ဒေသတွင်းအဆင့်၌ ဖန်တီးထားသော စနစ်များကို ဖော်ထုတ်ရန်နှင့် သုံးသပ်လေ့လာရန် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်။ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းအုပ်စုများအနေဖြင့် ခြိမ်းခြောက်မှုနှင့် ၎င်း၏အကျိုးဆက်များအပေါ် ထိခိုက်လွယ်မှုကို လျှော့ချခြင်းဖြင့်၊ သို့မဟုတ် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအား ခြိမ်းခြောက်မှုကိုလျှော့ချရန် စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခြင်းဖြင့် စနစ်များက ခြိမ်းခြောက်မှုကို တိုက်ရိုက်ဖြေရှင်းပုံကို သုံးသပ်လေ့လာချက်က ကြည့်ရှုလေ့လာသည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများကြား သတင်းအချက်အလက်ဆိုင်ရာ အခန်းကဏ္ဍတစ်ခုရှိသော လွှမ်းမိုးနိုင်သည့် ခေါင်းဆောင်များနှင့် ဒေသခံအဖွဲ့အစည်းများမှာ မည်သူတို့ဖြစ်ပါသလဲ။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးခြိမ်းခြောက်မှုများကို လျှော့ချဖို့ ကြားဝင်ရန် ၎င်းတို့တွင် အရင်းအမြစ်များ၊ ဗဟုသုတများ၊ စွမ်းဆောင်ရည်များနှင့် ဆန္ဒတို့ ရှိပါသလား။ ၎င်းတို့ကို ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းက ယုံကြည်ပါသလား။
- သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးခြိမ်းခြောက်မှုကို ဖြေရှင်းရန် ရပ်ရွာအသိုင်းအဝိုင်းမှ ဦးဆောင်သော ကနဦးလုပ်ဆောင်မှုများ ရှိပါသလား။ ထောက်ပံ့မှု ပိုကြီးကြီးမားမားလိုအပ်သော ရှိရင်းစွဲ နည်းဗျူဟာများ သို့မဟုတ် ကနဦးလုပ်ဆောင်မှုများ ရှိပါသလား၊ သို့မဟုတ် လက်ရှိ အကျပ်အတည်းကြောင့် ပျက်စီးသွားသော ရှိရင်းစွဲ နည်းဗျူဟာများ သို့မဟုတ် ကနဦးလုပ်ဆောင်မှုများ ရှိပါသလား။
- အချို့သော အဖျပ်သဘောဆောင်သည့် သက်ရောက်မှုများ ရှိနေသော်လည်း မဏ္ဍိုင် (ဂ) မဏ္ဍိုင်ခွဲ (၃) အောက်တွင် ဖော်ထုတ်ထားသော ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

### ၃။ ရပ်ရွာ၊ ဒေသတွင်းနှင့် နိုင်ငံအဆင့် မီဒီယာများ၏ စွမ်းဆောင်ရည်များ -

တတိယမဏ္ဍိုင်ခွဲသည် ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် အကာအကွယ်ပေးရေးအပေါ် ခြိမ်းခြောက်မှုတစ်ခုချင်းစီအတွက် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများကြား ယုံကြည်မှု တည်ဆောက်ရန်၊ ၎င်းတို့၏ တိကျသော လိုအပ်ချက်များနှင့် ဦးစားပေးမှုများနှင့် သက်ဆိုင်သော အကြောင်းအရာများ ပေးအပ်ခြင်းဖြင့် ၎င်းတို့ကို ပါဝင်စေရန်နှင့် လုပ်ကြံသတင်းဖြန့်ခြင်း၊ သတင်းမှားဖြန့်ခြင်း၊ ကောလာဟလများနှင့် သတင်းအချက်အလက်နှင့် ဆက်စပ်သော ခြိမ်းခြောက်မှုများကို ကိုင်တွယ်ပြောဆိုရန် မီဒီယာသတင်းဌာနများ၏ စွမ်းဆောင်ရည်ကို ဖော်ထုတ်ပြီး သုံးသပ်လေ့လာရန် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများကြားတွင် တက်ကြွစွာ ရှိနေရန်နှင့် ထိတွေ့ဆက်ဆံရန် ဒေသခံနှင့် နိုင်ငံအဆင့်မီဒီယာ၏ စွမ်းဆောင်ရည်မှာ အဘယ်နည်း။ သတင်းအချက်အလက် ရယူခွင့်အတွက် အတားအဆီးများကို ဖြေရှင်းရန်၊ သတင်းအချက်အလက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် အခြား သတင်းအချက်အလက်နှင့် စပ်လျဉ်းသော ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုကို ဖြေရှင်းရန် မီဒီယာဌာနများတွင် မည်သည့် အားသာချက်များနှင့် အရင်းအမြစ်များ ရှိပါသလဲ။ မီဒီယာပေါ်တွင် အမြင်ကွဲပြားမှုက ရပ်ရွာအသိုင်းအဝိုင်း၏ ယုံကြည်မှုအပေါ် သက်ရောက်မှု ရှိပါသလား။
- ၎င်းတို့၏ ဝက်ဘ်ဆိုက်များနှင့် ပလက်ဖောင်းများကို လုံခြုံဘေးကင်းပြီး အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်ပေးရန် ဒစ်ဂျစ်တယ် မီဒီယာ၏ စွမ်းဆောင်ရည်မှာ အဘယ်နည်း။ ၎င်းတို့၏ အသုံးပြုသူများ (ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်း) ကို အွန်လိုင်း သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများမှ ၎င်းတို့ မည်သို့ကာကွယ်ပေးနိုင်ပါသလဲ။
- သတင်းအချက်အလက် ရယူအသုံးပြုခွင့်ဆိုင်ရာ အတားအဆီးများနှင့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးခြိမ်းခြောက်မှုကို ဖြေရှင်းရာတွင် ဒေသခံ၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော အခြားသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် မီဒီယာ၏ စွမ်းဆောင်ရည်မှာ အဘယ်နည်း။ အစိုးရ၊ အာဏာပိုင်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ ကဲ့သို့သော အခြား သက်ဆိုင်သူများအပေါ် မည်မျှ လွှမ်းမိုးနိုင်ပါသလဲ။

### ၄။ အဖွဲ့အစည်းဆိုင်ရာ၊ အခြား လုပ်ထုံးလုပ်နည်းများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စွမ်းဆောင်ရည်များ -

စတုတ္ထမဏ္ဍိုင်ခွဲသည် ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် အကာအကွယ်ပေးရေးအပေါ် ခြိမ်းခြောက်မှုတစ်ခုချင်းစီအတွက် သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံပြီး အဓိပ္ပါယ်ရှိရှိ ဝင်ရောက်ရှာဖွေကြည့်ရှုခွင့်ပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးခြိမ်းခြောက်မှုများကို လျှော့ချရန် အစိုးရနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလှုပ်ရှားသူများ၏ စွမ်းဆောင်ရည်များနှင့် ဆန္ဒကို ဖော်ထုတ်ပြီး သုံးသပ်လေ့လာရန် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ထိခိုက်ခံရသူများ၏ သတင်းအချက်အလက် လိုအပ်ချက်များကို ထိရောက်စွာ တုံ့ပြန်ရန်နှင့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ကာကွယ်ရေးခြိမ်းခြောက်မှုများကို ဖြေရှင်းရန် အစိုးရ၏ စွမ်းဆောင်ရည်မှာ အဘယ်နည်း။ သတင်းအချက်အလက်ကို ငြင်းပယ်ခြင်း မပြုကြောင်း သေချာစေရန် ၎င်းတွင် လိုအပ်သောယုံကြည်မှု ရှိပါသလား။ မီဒီယာနှင့် အခြားသတင်းအချက်အလက် ပံ့ပိုးသူများကို ထောက်ပံ့ရန်နှင့် အားကောင်းစေရန် ၎င်းတို့တွင် မည်မျှ ဆန္ဒရှိပါသလဲ။ ပညာရှင်သတင်းထောက်များ အပါအဝင် သတင်းအချက်အလက် ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူသူများအား အကာအကွယ်ပေးရေးကို တိုးတက်စေရန် ဥပဒေများနှင့် မူဝါဒများကို ပြောင်းလဲရန် အစိုးရတွင် စွမ်းဆောင်ရည် ရှိပါသလား။
- ဒေသတွင်း၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ကာကွယ်ရေးအန္တရာယ်များကို နားလည်ရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် စွမ်းဆောင်ရည်များ (အရင်းအမြစ်များနှင့် ဗဟုသုတ) က ဘာတွေပါလဲ။ သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှု၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် နားလည်ထားပါသလား။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများတွင် ရှိနေပြီး လုပ်ကြံသတင်း၊ သတင်းမှား ဖြန့်ဖြူးခြင်းနှင့် ကောလာဟလများကဲ့သို့သော အန္တရာယ်များကို ကိုင်တွယ်ပြောဆိုရန် လုံလောက်သော လက်ခံမှု ရှိပါသလား။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် အစိုးရ၊ အာဏာပိုင်များနှင့် အခြားသက်ဆိုင်သူများအပေါ် မည်သည့်အတိုင်းအတာအထိ လွှမ်းမိုးနိုင်ပါသလဲ။

# အပိုင်း ၂ - သုံးသပ်လေ့လာချက်မှ လုပ်ဆောင်မှုသို့ - သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေး အန္တရာယ်များကို သက်သာလျော့ပါးစေခြင်းဖြင့် မှန်ကန်တိကျသော သတင်းအချက်အလက်ကို လုံခြုံဘေးကင်းစွာနှင့် အဓိပ္ပါယ်ရှိစွာ ဝင်ရောက်ရှာဖွေကြည့်ရှုနိုင်စေရန် ပံ့ပိုးပေးခြင်း။

ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို သုံးသပ်လေ့လာချက်၏ ရည်ရွယ်ချက်မှာ အန္တရာယ်ကို အဆုံးစွန်လျှော့ချနိုင်ရန်အတွက် အန္တရာယ်တစ်ခု ဖြစ်စေသည့် လုံလောက်သော အကြောင်းရင်းများကို ပြောင်းလဲရန် နည်းဗျူဟာတစ်ခုကို ဖော်ဆောင်ရန်အလို့ငှာ ကာကွယ်ရေးအန္တရာယ်များ၏ အစိတ်အပိုင်းများကို ခွဲခြမ်းစိတ်ဖြာရန် ဖြစ်သည်။ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များသည် ရှုပ်ထွေးသော အပြန်အလှန်အကျိုးသက်ရောက်မှုများမှ ဖြစ်ပေါ်လာသောကြောင့် ဤလေ့လာသုံးသပ်ချက်ကို လိုအပ်ခြင်းဖြစ်သည်။ ထိရောက်သော ကြားဝင်ဆောင်ရွက်မှုများ ပုံစံရေးဆွဲရန်အတွက် လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းများကို ထိခိုက်စေသော အန္တရာယ်တစ်ခုချင်းစီ၏ အကြောင်းရင်းများကို နားလည်ရန် လိုအပ်သည်။

လေ့လာသုံးသပ်ချက်အပေါ် အရေးယူဆောင်ရွက်ရန် ရည်ရွယ်ချက်များအတွက် IPAF မဏ္ဍိုင်များမှ လမ်းညွှန်ပြီး လူထုနှင့် တိုင်ပင်ဆွေးနွေးမှုများနှင့် ဒုတိယအဆင့် သတင်းအချက်အလက်များမှတစ်ဆင့် စုဆောင်းရရှိသော အချက်အလက်များကို သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များ - (၁) သတင်းအချက်အလက် ဝင်ရောက်ရှာဖွေကြည့်ရှုခွင့်ကို ပိတ်ပင်ခြင်းနှင့် (၂) လုပ်ကြံသတင်းကို အသေးစိတ်ကြည့်ရှုမှုများမှတစ်ဆင့် စီစဉ်ပြီး လေ့လာသုံးသပ်နိုင်သည်။ ထို့အပြင် ဤအန္တရာယ်နှစ်ခုလုံးသည် အန္တရာယ်၏ သတင်းအချက်အလက်ဆိုင်ရာ ရှုထောင့်အတွက်သာ ကန့်သတ်မထားမည့် တိုက်တွန်းအကြံပြုချက်များ ပေးနိုင်အောင် ထပ်မံလေ့လာသုံးသပ်ရန် လိုအပ်နိုင်သော အခြားကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကိုလည်း မကြာခဏ ပိုမိုဆိုးရွားစေသည်။ ဥပမာအားဖြင့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အခွင့်အရေးများနှင့်ပတ်သက်သော သတင်းအချက်အလက် ဝင်ရောက်ရှာဖွေကြည့်ရှုခွင့်ကို ပိတ်ပင်ခြင်းသည် ကျား/မအခြေပြု အကြမ်းဖက်မှု (GBV) တစ်ခုဖြစ်ပွားပြီးနောက် အမျိုးသမီးများ၏ ဆေးဝါးကုသခြင်းခံယူနိုင်မှုနှင့် တရားမျှတမှု ရှာဖွေနိုင်စွမ်းကို လျော့နည်းစေနိုင်သည်။ အများပြည်သူဆိုင်ရာ မူဝါဒများက တိုင်းရင်းသားအုပ်စုတစ်ခုကို ခွဲခြားဆက်ဆံမှု ရှိပြီး သားအခြေအနေတွင် ထိုတိုင်းရင်းသားအုပ်စုအကြောင်း လုပ်ကြံသတင်းသည် အမည်းစက်ထင်စေခြင်း သို့မဟုတ် ပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းများ ပိုမို ဖြစ်ပွားစေနိုင်သည်။ ထိုကိစ္စရပ်များတွင် သတင်းအချက်အလက် ဂေဟစနစ်၏ သတင်းအချက်အလက်ဆိုင်ရာ သုံးသပ်လေ့လာချက်သည် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်မှုကြောင့် သို့မဟုတ် လုပ်ကြံသတင်းကြောင့် ထိခိုက်ခံရသော GBV အန္တရာယ်အချို့၏ ထိခိုက်လွယ်မှုကို လျှော့ချရန် အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာများ ပေးစွမ်းနိုင်မည် ဖြစ်သည်။ သို့သော်လည်း ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို ဘက်စုံ ကိုင်တွယ်ဖြေရှင်းရန်အတွက် ပိုမိုပြည့်စုံသော ချဉ်းကပ်မှုတစ်ခု လိုအပ်ပါသည်။

သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင် (IPAF) ကိုအသုံးပြု၍ အချက်အလက်များကိုနားလည်အောင် အောက်ပါအတိုင်းစုဆောင်းသင့်သည်-

နောက်ခံအခြေအနေ (အန္တရာယ်ရှိမှုကို လျှော့ပါးစေသော သို့မဟုတ် တိုးပွားစေသော ယခင်လမ်းကြောင်းများနှင့် လမ်းကြောင်းသစ်များ)

- သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှု (ခြိမ်းခြောက်မှု၏ သဘောသဘာဝ၊ ကျူးလွန်သူများနှင့် ၎င်းတို့၏ ရည်ရွယ်ချက်၊ ဤခြိမ်းခြောက်မှုမှ ကာကွယ်ရန် တာဝန်ရှိသော လုပ်ဆောင်သူများ)
- ထိုခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု (မည်သူတွေ အန္တရာယ်ရှိသလဲ၊ ဘာကြောင့်လဲ၊ ရင်ဆိုင်ဖြေရှင်းနည်းရန် နည်းလမ်းများ၊ အခြားကာကွယ်ရေးဆိုင်ရာ အန္တရာယ်များ ပိုမိုဆိုးရွားလာခြင်း)
- နှင့် ထိုခြိမ်းခြောက်မှုကို ကိုင်တွယ်ပြောဆိုနိုင်သည့် စွမ်းရည်များ (ရပ်ရွာလူထု၊ ဒေသတွင်း စနစ်ယန္တရား၊ သတင်းအချက်အလက်ရေးရာလုပ်ဆောင်သူများနှင့် အစိုးရတို့က ထိုခြိမ်းခြောက်မှုကို မည်သို့အပြုသဘောဆောင်စွာ ကိုင်တွယ်ပြောဆိုနိုင်ပုံ)။

ဤလမ်းညွှန်ချက်များ၏ နောက်ဆက်တွဲများတွင် မတူညီသော နည်းစနစ်များမှတစ်ဆင့် အချက်အလက်ကောက်ယူခြင်းကို ပံ့ပိုးပေးမည့် ပုံစံများကို တွေ့ရှိနိုင်ပါသည် (ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်းများ - နောက်ဆက်တွဲ ၃ နှင့် ၆၊ အဓိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းခြင်း - နောက်ဆက်တွဲ ၅၊ နှင့် အိမ်ထောင်စု စစ်တမ်း - နောက်ဆက်တွဲ ၄)။ ထိုနည်းစနစ်များကို တစ်ခုနှင့်တစ်ခု သီးခြားစီ အသုံးပြုနိုင်သော်လည်း၊ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို ဖော်ထုတ်ရန်နှင့် သုံးသပ်လေ့လာရန်အတွက် အရည်အသွေးပိုင်း အချက်အလက်များကို ဦးစားပေးရန် အထူးအကြံပြုထားပါသည်။

## သုံးသပ်လေ့လာရမည့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ကာကွယ်ရေး အန္တရာယ်များ။

### သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း

သတင်းအချက်အလက် ဝင်ရောက်ရှာဖွေကြည့်ရှုခွင့်ကို ပိတ်ပင်ခြင်းဆိုသည်မှာ သတင်းအချက်အလက်များကို ဖန်တီးခြင်း၊ မျှဝေခြင်း၊ ရှာဖွေခြင်းနှင့် ရယူခြင်းတို့၏ လွတ်လပ်ခွင့်ကို တမင်တကာ "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် အခြေခံ အခွင့်အရေးများကို ခံစားခွင့်နှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းအား အဟန့်အတားဖြစ်စေသည့် ပုံစံနှင့် အတိုင်းအတာအထိ ချွတ်ယွင်းစေခြင်း" ဖြစ်သည် ၃။

သတင်းအချက်အလက် ဂေဟစနစ်၏ အစိတ်အပိုင်းနှစ်ခုကို အပြန်အလှန်ချိတ်ဆက်မှုအနေဖြင့် သုံးသပ်လေ့လာသင့်သည်မှာ၊

1. ထောက်ပံ့မှု (သတင်းအချက်အလက် ဖန်တီးခြင်းနှင့် မျှဝေခြင်း)
2. နှင့် တောင်းဆိုမှု (သတင်းအချက်အလက် ရှာဖွေခြင်းနှင့် ရယူခြင်း)

သတင်းအချက်အလက် ထုတ်လုပ်ခြင်းနှင့် ဆက်စပ်သော အန္တရာယ်များသည် သတင်းအချက်အလက်

ဖြန့်ဖြူးရေးတွင် ကွာဟချက်များ ဖြစ်ပေါ်စေနိုင်သည့်အတွက်ကြောင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် သတင်းအချက်အလက် ရရှိရန် ယူရမည့် အန္တရာယ်များ တိုးမြင့်လာစေနိုင်သည်။ ဥပမာအားဖြင့် နှိပ်စက်ညှဉ်းပန်းခံရသော လူထုအုပ်စုတစ်စုသည် နိုင်ငံတခုမှ ထွက်ပြေးရန် ကြိုးစားနေပြီး၊ ဘေးကင်းသော လမ်းကြောင်းများနှင့် ခရီးသွားလာခွင့်ဆိုင်ရာ သတင်းအချက်အလက်အားလုံးကို အာဏာပိုင်များမှ ငြင်းပယ်ထားသောအခါ ထိုလူအုပ်စုသည် လိုအပ်သောသတင်းအချက်အလက်များ ရရှိရန်အတွက် ဒစ်ဂျစ်တယ် ပလက်ဖောင်းများပေါ်တွင် တွေ့ရှိသော မသိသောရင်းမြစ်များထံ ၎င်းတို့၏ တည်နေရာအပါအဝင် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မျှဝေရန်ဆုံးဖြတ်နိုင်သည်။

ဂေဟစနစ်၏ ထောက်ပံ့ရေးဘက်ခြမ်း ဥပမာများ (လူတိုင်း သတင်းအချက်အလက်ကို ဖန်တီးပြီး မျှဝေနိုင်သည်ကို သတိပြုပါ) -

- မြေထဲပင်လယ်အတွင်း ဒုက္ခရောက်နေသော လှေတစ်စင်းအကြောင်းအား သက်သေခံတစ်ဦးမှ အာဏာပိုင် သို့မဟုတ် အရပ်ဘက် အဖွဲ့အစည်းများထံသို့ တယ်လီဖုန်းများ သို့မဟုတ် လူမှုကွန်ရက် မှတစ်ဆင့်ဆက်သွယ်လာခြင်း၊
- အမျိုးသမီးအဖွဲ့တစ်ဖွဲ့သည် ရေရနိုင်သည့်နေရာများကို ဝင်ရောက်အသုံးပြုနိုင်ရန် သို့မဟုတ် ထင်းစုဆောင်းရန် ဘေးကင်းသောလမ်းများနှင့် အချိန်တို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို မျှဝေရန် စာပို့ပေးသော အက်ပလီကေးရှင်းတစ်ခုမှတစ်ဆင့် သီးသန့်အုပ်စုတစ်စုကို ဖွဲ့စည်းသည်။
- လာမည့် လူထုစုဝေးပွဲများတွင် မိမိတို့ကိုယ်ကို ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းများအား အသိပေးရန် ဘာသာရေး သို့မဟုတ် ရိုးရာခေါင်းဆောင်တစ်ဦးမှ ကျန်းမာရေးအကျပ်အတည်းဆိုင်ရာ ဒေတာများကို စုစည်းခြင်း၊
- နေရပ်စွန့်ခွာရွှေ့ပြောင်းရသည့် ရပ်ရွာအသိုင်းအဝိုင်းများအား ရေဒီယိုဖျော်ဖြေတင်ဆက်ပွဲ(ရှိုးပွဲ) တစ်ခု၌ နောက်ဆုံးပေါ်သတင်းအချက်အလက်သစ်များပေးရန် ပဋိပက္ခဒဏ်ခံရသည့် နယ်မြေတစ်ခုအတွင်း ပြည်တွင်းမီဒီယာများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စုံစမ်းစစ်ဆေးခြင်း၊
- လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများနှင့် အစိုးရအရာရှိများသည် မကြာမီအချိန်အတွင်း တိုင်ဖွန်းမုန်တိုင်း ကျရောက်တော့မည့်အကြောင်း အများပြည်သူအား မက်ဆေ့ပေးရန် တစ်အိမ်တက်ဆင်း သတိပေးစာဖြန့်ဝေခြင်းကို အတူတကွလုပ်ဆောင်ခြင်း။

ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းသည် ၎င်းတို့၏ အခြေအနေအရ အဓိကသတင်းအချက်အလက် ပံ့ပိုးသူများကို သတ်မှတ်မည်ဖြစ်ပြီး ထိုသတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူအားလုံးသည် ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်းများ၊ အဓိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းခြင်းများ၊ အိမ်ထောင်စုစစ်တမ်းများ သို့မဟုတ် အချက်အလက်စုဆောင်းရန် အခြားမည်သည့်နည်းလမ်းမဆိုဖြင့် တိုင်ပင်ဆွေးနွေးသင့်သည်။

---

၃ ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့ – ကာကွယ်ရေးဆိုင်ရာအန္တရာယ်များအကြောင်း အဓိပ္ပါယ်ဖွင့်ဆိုချက် - “လုပ်ကြံသတင်းနှင့် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း”

သုံးသပ်လေ့လာချက်ကို ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ သတင်းအချက်အလက် လိုအပ်ချက်များ ပတ်လည်တွင် တည်ဆောက်သင့်သည်။ ရပ်ရွာအသိုင်းအဝိုင်းနှင့် တိုင်ပင်ဆွေးနွေးမှု အားလုံးသည် ဦးစားပေး သတင်းအချက်အလက် လိုအပ်ချက်များနှင့် သတင်းအချက်အလက် မရရှိနိုင်သော အဓိကခေါင်းစဉ်များ (မရှိခြင်း၊ အတည်မပြုနိုင်ခြင်း နှင့်/သို့မဟုတ် ယုံကြည်စိတ်ချရမှု မရှိခြင်း၊ သို့မဟုတ် ရှာဖွေရန် အလွန်ထိရှလွယ်ခြင်း) အကြောင်း ဆွေးနွေးခြင်းဖြင့် စတင်သင့်သည်။ ရပ်ရွာအသိုင်းအဝိုင်း၏ သတင်းအချက်အလက် လိုအပ်ချက်များနှင့်ဆိုင်သော ဆွေးနွေးပွဲများကို ဘောင်သတ်မှတ်ခြင်းသည် သတင်းအချက်အလက်ဆိုင်ရာ အန္တရာယ်များနှင့် ပတ်သက်၍ ဆွေးနွေးမှုများကို ပံ့ပိုးကူညီသူမှ အာရုံစိုက်ရာတွင် ကူညီပေးပြီး၊ အခြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ သို့မဟုတ် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များဆီသို့ လမ်းကြောင်းလွဲသွားသော ဆွေးနွေးမှုများကို လမ်းကြောင်းမှန်သို့ ပြန်လည်ဦးတည်စေမည်ဖြစ်သည်။

(ကျိုးကြောင်းသိရှိ ဆုံးဖြတ်ချက်ချရန်၊ ၎င်းတို့၏ အခြေခံအခွင့်အရေးများကို ရရှိခံစားရန် နှင့်/သို့မဟုတ် ၎င်းတို့၏အခွင့်အရေးများကို တောင်းဆိုရန်တို့မှာ ဦးစားပေးတစ်ခုဖြစ်သော်လည်း) မပြည့်စုံသည့် အရေးကြီးသတင်းအချက်အလက် လိုအပ်ချက်တစ်ခုအဖြစ် သတ်မှတ်သည့် အကြောင်းအရာတစ်ခုချင်းစီအတွက် သုံးသပ်လေ့လာချက်ကို သီးခြားလုပ်ဆောင်သင့်သည်။ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအတွင်းရှိ လူအုပ်စုအမျိုးမျိုးသည် ၎င်းတို့၏ ထိခိုက်လွယ်မှုများနှင့် စွမ်းဆောင်ရည်များအပေါ်မူတည်၍ မတူညီသော သတင်းအချက်အလက်များကို ရှာဖွေနိုင်ပြီး မတူညီသော ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရနိုင်ပါသည် (သတင်းအချက်အလက်တစ်ခုတည်းကို ရယူရန်ကြိုးစားသည့် လူနှစ်ဦးပင်လျှင် မတူညီသော ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရနိုင်သည်)။

သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းသည် လုပ်ကြံသတင်း၊ သတင်းမှား ဖြန့်ဖြူးခြင်းနှင့် ကောလာဟလများ ဖြစ်ပေါ်စေသော ပတ်ဝန်းကျင်တစ်ခု ပေါင်းစည်းဖြစ်ပေါ်စေပါသည် (နောက်အပိုင်းတွင် လေ့လာပါမည်)၊ သို့သော် ၎င်းသည် တစ်ခုတည်းသောအခြေခံအကြောင်းရင်း ဖြစ်ခဲ့ပါသည်။ အခြေအနေပေါ်မူတည်၍ လုပ်ကြံသတင်းနှင့် ဆက်စပ်သည့်အန္တရာယ်ကို သီးခြားခွဲ၍ သုံးသပ်လေ့လာရန် ပိုမိုသင့်လျော်နိုင်ပါသည်။ သို့သော် လုပ်ကြံသတင်းများ တည်ရှိနေသည့်နေရာတွင် သတင်းအချက်အလက် ရယူအသုံပြုခွင့်ကို ပိတ်ပင်ခြင်းအား ကိုင်တွယ်ဖြေရှင်းခြင်းသည် လုပ်ကြံသတင်းများကို ကိုင်တွယ်ပြောဆိုရန် အဓိကနည်းဗျူဟာတစ်ခု ဖြစ်နိုင်ကြောင်း အသိအမှတ်ပြုသင့်သည်။

## လုပ်ကြံသတင်း၊ သတင်းမှားဖြန့်ဖြူးခြင်းနှင့် ကောလာဟလများ

**နောက်ဆက်တွဲ ၁ ကိုကြည့်ပါ - ဝေါဟာရ - လုပ်ကြံသတင်း၊ သတင်းမှား ဖြန့်ဖြူးခြင်းနှင့် ကောလာဟလများအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်များအတွက်**

လုပ်ကြံသတင်းဖြန့်ခြင်းဆိုသည်မှာ ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် သတင်းမှားများကို တမင်တကာ ဖြန့်ဝေခြင်းဖြစ်ပြီး၊ "လူထုကို လမ်းလွဲစေပြီး၊ ဘေးထွက်ဆိုးကျိုးအနေဖြင့် လူထု၏ သိပိုင်ခွင့်နှင့် လူတစ်ဦးချင်းစီ၏ သတင်းအချက်အလက်များကို ရှာဖွေခွင့်၊ လက်ခံရယူခွင့်နှင့် ဖြန့်ဝေခွင့်တို့ကို ထိခိုက်စေပါသည်"[၇]။ လုပ်ကြံသတင်းနှင့် သတင်းအချက်အလက် ရယူအသုံ;ပြုခွင့်ကို ပိတ်ပင်ခြင်းတို့သည် သတင်းမှား ဖြန့်ဖြူးခြင်း (မသိရှိဘဲ ဖြန့်ဝေသောသတင်းမှား) နှင့် ကောလာဟလများ (မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ အတည်မပြုရသေးသော သတင်းအချက်အလက်) တဟုန်ထိုးပျံ့နှံ့စေရန် အထောက်အကူဖြစ်စေပါသည်။

[၇] ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့ – ကာကွယ်ရေးဆိုင်ရာအန္တရာယ်များအကြောင်း အဓိပ္ပါယ်ဖွင့်ဆိုချက် - "လုပ်ကြံသတင်းနှင့် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း"

သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းသည် လုပ်ကြံသတင်းများ ကြီးထွားလာနိုင်သော ပတ်ဝန်းကျင်တစ်ခုကို ဖြစ်ပေါ်စေနိုင်ပြီး သတင်းမှားများနှင့် ကောလာဟလများသည် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေခြင်း သို့မဟုတ် ပါဝင်ပတ်သက်စေခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။ "သတင်းမှားဖြန့်ဖြူးခြင်းနှင့် လုပ်ကြံသတင်းတို့သည် လူများ၏ အန္တရာယ်နှင့် ထိခိုက်လွယ်မှုများကို တိုးမြှင့်စေနိုင်သည်။ ဥပမာအားဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီ လိုအပ်နေသော နေရပ်စွန့်ခွာပြောင်းရွှေ့ရသူများကို အသက်ကယ်ဝန်ဆောင်မှုများနှင့် အရင်းအမြစ်များအကြောင်း တမင်တကာ လမ်းလွဲစေသော သတင်းအချက်အလက်များ ပေးထားပါက ၎င်းတို့သည် အကူအညီများမှ လမ်းလွဲပြီး အန္တရာယ်ဆီသို့ ဦးတည်သွားနိုင်ပါသည်"[၅]။

ထိခိုက်နစ်နာစေရန် သတင်းမှားများကို တမင်တကာ ရည်ရွယ်အသုံးပြုကြောင်းကို ထုတ်ဖော်ပြသရန် ခက်ခဲပါသည်။ အခြေအနေကို နက်နက်နဲနဲ နားလည်သဘောပေါက်ရန်နှင့် လုပ်ကြံသတင်း၏ မူလအရင်းအမြစ်ကိုသာမက ၎င်းတို့၏ အကျိုးစီးပွားအတွက် မျှဝေရခြင်းကိုပါ ဖော်ထုတ်နိုင်စွမ်းလိုအပ်ပါသည်။ နည်းပညာကြောင့် သတင်းအချက်အလက်များကို ဖန်တီးရန်နှင့် မျှဝေရန် လွယ်ကူလာပြီး အမည်မဖော်ဘဲ လုပ်ဆောင်ရန်နီးပါးလောက် လွယ်ကူလာသော ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက် ဂေဟစနစ်တွင် လုပ်ကြံသတင်းအများစု၏ အရင်းအမြစ်ကို ရှာဖွေရန် ဒေသခံသတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများ ရဖို့ခဲယဉ်းသည့် အရင်းအမြစ်များကို လိုအပ်ပါသည်။ လုပ်ကြံသတင်းဆိုင်ရာ အန္တရာယ်ကို စစ်ဆေးရန်အတွက် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးသူများနှင့် တိုင်ပင်ဆွေးနွေးရာတွင် ကောလာဟလများအပြင် လုပ်ကြံသတင်း၊ သတင်းမှား ဖြန့်ဖြူးခြင်း (မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ အတည်မပြုရသေးသော သတင်းအချက်အလက်) တို့၏ တည်ရှိမှုအကြောင်း ဆွေးနွေးခြင်းများ ပါဝင်သင့်ပါသည်။

!

**သတင်းမှား ဖြန့်ဖြူးခြင်းနှင့် လုပ်ကြံသတင်းများကို ကာကွယ်ရေးအမြင်ဖြင့် နားလည်ခြင်း။**

ကာကွယ်ရေးဆိုင်ရာ အန္တရာယ်ပုံစံတစ်မျိုးမှာ တမင်ရည်ရွယ်၍ ပိတ်ပင်ခြင်း အမျိုးအစားဖြစ်သည်။ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို ကျွန်ုပ်တို့နားလည်သဘောပေါက်မှုသည် "တိုက်ရိုက်လုပ်ရပ်၊ အတိုင်းအတာ သို့မဟုတ် မူဝါဒတစ်ခုဖြစ်နိုင်သည်" နှင့် "တာဝန်ရှိသူများ၏ အရေးယူရန်ပျက်ကွက်မှု အခြေအနေများ" ဟူသည့် လူသားလုပ်ရပ်များမှုအပေါ် အာရုံထားကြောင်း သေချာစေရန် ဤသည်ကို အခြားခံစားခွင့် ပိတ်ပင်ခြင်းပုံစံများမှ နေ၍ ခွဲခြားဖော်ပြထားသည်။ သို့ရာတွင် လုပ်ကြံသတင်းနှင့် သတင်းမှားဖြန့်ဖြူးခြင်းတို့အကြား ကွဲပြားခြားနားမှုနှင့် ပတ်သက်လာလျှင် အထူးမှန်ကန်သော ခံစားခွင့်ကို ပိတ်ပင်ရန်**တမင်ရည်ရွယ်၍ လုပ်သည့်**သဘာဝသည် အမြဲတမ်း မရှင်းလင်းပါ ဟူသည့်အချက်မှာ မှန်ကန်သည်။

လုပ်ကြံသတင်း၏ သဘောသဘာဝမှာ ၎င်းနောက်ကွယ်၌ မည်သူမည်ဝါရှိကြောင်း ဖော်ထုတ်ရန် မကြာခဏ ခက်ခဲလေ့ရှိခြင်းဖြစ်သည်။ လုပ်ကြံသတင်းဖန်တီးသူမှ သတင်းအချက်အလက်ဂေဟစနစ်သို့ ၎င်းသတင်းကို လွှင့်တင်ပြီးနောက် ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက် မရှိနိုင်သောလူများနှင့် သတင်းမှားဖြန့်ဖြူးခြင်းနှင့် လုပ်ကြံသတင်းတို့ကို မခွဲခြားနိုင်သော လူများကြောင့် လုပ်ကြံသတင်းသည် တစ်ခါတစ်ရံ ပျံ့နှံ့သွားတတ်သည်။ သတင်းမှား ဖြန့်ဖြူးခြင်းနှင့် လုပ်ကြံသတင်းတို့ကို အကျယ်တဝင့်စောင့်ကြည့်လေ့လာခြင်းသည် သတင်းအချက်အလက်အပိုင်းအစများ တဖြည်းဖြည်းချင်း အသွင်ပြောင်းလဲသွားပုံကို ပြသသည်။ ဖြစ်ရပ်အချို့တွင် လုပ်ကြံသတင်းလွှင့်ရန် ဇာတ်တိုက်ထားသည့် ကမ်ပိန်းတစ်ခု ရှိကောင်းရှိနိုင်သော်လည်း၊ ၎င်းသည် မကြာခဏပင် နိုင်ငံရေးဆိုင်ရာ မဟာဗျူဟာ၊ ကိုယ်ကျိုးကြည့်ခြင်း နှင့်/သို့မဟုတ် သတင်းအချက်အလက်ကို ပြန့်သွားစေသည့် လူထုအကြား ပြင်းထန်သော စိတ်ခံစားချက် သို့မဟုတ် တုံ့ပြန်မှုဖြစ်လာအောင် နှိုးဆွပေးခြင်းတို့ ပေါင်းစပ်ထားခြင်း ဖြစ်နေတတ်သည်။ ရလဒ်အနေဖြင့်

[၅] "သတင်းမှား ဖြန့်ဖြူးခြင်း၊ လုပ်ကြံသတင်းနှင့် အမုန်းစကား – အမေးအဖြေများ" ICRC၊ ဖေဖော်ဝါရီလ ၁၇ ရက်၊ ၂၀၂၃

လုပ်ကြံသတင်းကို ဖော်ထုတ်ခြင်းသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် သတင်းအချက်အလက် ပံ့ပိုးသူ အများစု၏ စွမ်းဆောင်ရည်နှင့် လုပ်ပိုင်ခွင့်များ အပြင်ဘက်တွင် ရှိနေသည့်၊ မကြာခဏ ဆိုသလို နည်းပညာပိုင်းဆိုင်ရာ အထူးကျွမ်းကျင်မှု လိုအပ်ကာ အချိန်ကုန်သည့်အပြင် အန္တရာယ် များနိုင်ခြေရှိသော အလေ့အကျင့်တစ်ခုဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများတွင် သတင်းမှား ဖြန့်ဖြူးခြင်းနှင့်ပတ်သက်၍ Internews ၏ ချဉ်းကပ်ပုံသည် လူထုအကြား သတင်းအချက်အလက်က ဘာကြောင့် လက်ခံအားပေးမှု ရနေနိုင်သည်ကို နားလည်ခြင်း၊ ထိုသတင်းအချက်အလက်က မည်သည့်ထိခိုက်နစ်နာမှုမျိုးကို ဖြစ်ပေါ်စေနိုင်ကြောင်း ဖော်ထုတ်ခြင်းနှင့် ယုံကြည်စိတ်ချရပြီး ဒေသတွင်းနှင့် ဆီလျော်သော အခြားရွေးချယ်စရာများကို အပြန်အလှန် ပေးခြင်းတို့အပေါ် အာရုံစိုက်မှုကို ပြောင်းသွားသည်။ ဤချဉ်းကပ်မှုသည် ထိခိုက်ခံလူထုနှင့် ၎င်းတို့ကြုံတွေ့ရသည့် ထိခိုက်နစ်နာမှုများအပေါ် ဆက်လက်အာရုံစိုက်ထားသည်။ 'ရန်လိုသူ' တစ်ဦးကို ဖော်ထုတ်ရန် အဓိကမရည်ရွယ်သည့် ဤချဉ်းကပ်နည်းနှင့် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို တမင် သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်သည်ဟု မြင်သည့် သုံးသပ်လေ့လာချဉ်းကပ်နည်းများ အကြားတွင် အားပြိုင်မှုအချို့ ရှိနေသည်။ အနှစ်သာရအားဖြင့် မူလဇာစ်မြစ်နှင့် မည်သူမည်ဝါဖြစ်ကြောင်းအထောက်အထားများကို အလွယ်တကူ ဖုံးကွယ်ဟန်ဆောင်နိုင်သော ပတ်ဝန်းကျင်များ၊ နည်းပညာများ၊ လက်ခံကြည့်ရှုသူပရိသတ်များ၊ မရည်ရွယ်ထားသည့် အကျိုးသက်ရောက်မှုများနှင့် လျှင်မြန်စွာပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများကို အထောက်အကူပြုနေသော ရည်ရွယ်ချက် အလွှာပေါင်းများစွာ ပါဝင်လေ့ရှိသည့် လုပ်ကြံသတင်းကဲ့သို့သော ဖြစ်စဉ်တစ်ခုအပေါ် ရည်ရွယ်ချက်အခြေပြု ချဉ်းကပ်နည်း (ရည်ရွယ်ချက်ပန်းတိုင်အပေါ် အခြေခံ၍ နားလည်ပြီး လုပ်ဆောင်ခြင်း) တစ်ခုကို ကျင့်သုံးရန် အခက်အခဲမှ အစပြုသည့် အားပြိုင်မှုတစ်ခုရှိသည်။

ဤအားပြိုင်မှုသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားသူ၊ အကာအကွယ်ပေးမှုနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများ၏ စုံစမ်းစစ်ဆေးမှုနှင့် ဆွေးနွေးမှုများ ပိုမိုလိုအပ်သည်။

များစွာသောသီအိုရီမူဘောင်များ၏ ရှုပ်ထွေးမှုကြောင့် ကျွန်ုပ်တို့သည် လက်တွေ့လုပ်ဆောင်မှုသို့ ဦးတည်သည့် သုံးသပ်လေ့လာချက်ကို အထောက်အကူပြုရန် ရည်ရွယ်သော ဘက်စုံချဉ်းကပ်နည်းကို အဆိုပြုပါသည် -


၁။ ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်သည် တစ်ခုခုကရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်း (လုပ်ကြံသတင်း) ဟုတ်မဟုတ် သို့မဟုတ် သတင်းမှား ဖြန့်ဖြူးနေခြင်း ဟုတ်မဟုတ် ရှင်းရှင်းလင်းလင်း မရှိလျှင်ပင် အသုံးဝင်နိုင်သည်။ ခြိမ်းခြောက်မှုကို သုံးသပ်လေ့လာရသည့် ရည်ရွယ်ချက်မှာ ခြိမ်းခြောက်မှုအတွက် တာဝန်ရှိသောသူ မည်သူဖြစ်သည် (အဓိကမကျသော်လည်း အခြေအနေများအပေါ် မူတည်နေသည်) ကို သိရှိရုံသာမက ထိုခြိမ်းခြောက်မှု ရှင်သန်ပြီး ကြီးထွားနေသော ဂေဟစနစ်ကိုလည်း နားလည်ရန်ဖြစ်သည်။ ဤသုံးသပ်လေ့လာချက်၏ ရည်ရွယ်ချက်မှာ ခြိမ်းခြောက်မှုကို လျှော့ချရန်အတွက် နည်းလမ်းပေါင်းများစွာကို ဖော်ထုတ်ရန် ဖြစ်သည်။ IPAF (အထက်နှင့် နောက်ဆက်တွဲ ၇) တွင် ဖော်ပြထားသည့်အတိုင်း သတင်းမှားအတွက် တာဝန်ရှိသောသူများအနေဖြင့် မက်လုံးရနိုင်ခြေ အလားအလာများ၊ ခြိမ်းခြောက်မှုအပေါ် သက်ရောက်စေရန် တာဝန်ရှိသူများ၏ စိတ်ဆန္ဒနှင့် စွမ်းဆောင်ရည်၊ အချိန်နှင့်အမျှ သတင်းအချက်အလက် ပြောင်းလဲမှုများ၊ တာဝန်ရှိနိုင်သူများကို ချုပ်ကိုင်လွှမ်းမိုးနိုင်ရန် အလားအလာ အခွင့်အလမ်းများနှင့် အခြားအရာအားလုံးကို နားလည်ခြင်းသည် ခိုင်မာသော သုံးသပ်လေ့လာချက်တစ်ခု၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည်။ အားထုတ်မှုသည် တမင်ပြုလုပ်ခြင်းဖြစ်ကြောင်း မသေချာသေးလျှင်ပင် တာဝန်ရှိနိုင်သူများ၏ အပြုအမူကို ပြောင်းလဲရန် နည်းဗျူဟာများ ဖော်ထုတ်နိုင်သည့်အတွက် ဤသုံးသပ်လေ့လာချက်ကို လုပ်နိုင်သည်။ ဥပမာ - လူကုန်ကူးသူများထံမှ မလုံခြုံသော ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များသည် မှားအောင် တမင်သက်သက်လုပ်ထားခြင်းဖြစ်ပါက နားလည်ရန် မဖြစ်နိုင်ပါ၊ သို့သော် အဆိုပါ လုပ်ဆောင်သူများ(လူကုန်ကူးသူများကဲ့သို့) အကြောင်း နားလည်ခြင်းက အရပ်သားများအတွက် ထိုခြိမ်းခြောက်မှုကို လျှော့ချရန်နည်းလမ်းကို ကျွန်ုပ်တို့ နားလည်အောင် ကူညီပေးသည်။

၂။ သတင်းမှား ဖြန့်ဖြူးခြင်းကြောင့် အခြားကာကွယ်ရေးဆိုင်ရာ အန္တရာယ်များအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း နားလည်ရန် ထပ်တူထပ်မျှ အရေးကြီးပါသည် - အကျပ်အတည်းကာလတွင်း ဘဝ၏ အခြားကဏ္ဍများကဲ့သို့ပင် မည်သည့်ပိတ်ပင်ခြင်းမျိုးမဆိုသည် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်အမြောက်အမြားကို ဖြစ်ပေါ်စေနိုင်သည်။ **သတင်းမှား ဖြန့်ဖြူးခြင်းနှင့် ကောလာဟလများ ပြန့်ပွားခြင်း** ရှိ ဥပမာနှစ်ခုလုံးတွင်း သင်မြင်နိုင်သည့်အတိုင်းနှင့် လာမည့် ဖြစ်ရပ်လေ့လာမှုများတွင် အခြားကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို လျှော့ချရမည့်နည်းကို အဖြေရှာရာတွင် သတင်းမှား ဖြန့်ဖြူးခြင်းကို နားလည်ရန် လိုအပ်ပါသည်။ ဤနေရာသည် မည်သည့်သတင်းမှား ဖြန့်ဖြူးခြင်းက လက်ခံအားပေးမှုများရရှိနေပြီး ဘာကြောင့်ဖြစ်ရသည်ကို နားလည်ရန် ဦးတည်သည့် Internews ၏ ချဉ်းကပ်နည်းသည် လူများကို ဘေးကင်းစေမည့် အလားအလာရှိသော အခြားရွေးချယ်စရာများကို ရှာဖွေရန် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးသူများနှင့်အတူ အလုပ်လုပ်ရာတွင် ကာကွယ်ရေးအန္တရာယ်ကို လျှော့ချရန် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

## သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များ၏ အကျိုးဆက်များ -

### ၁။ စောင့်ကြည့်ရမည့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များ၏ အကျိုးဆက်များ -

အခြေအနေတစ်ခုချင်းစီသည် သီးခြားဖြစ်ရပ်များဖြစ်ကာ သတင်းအချက်အလက် ဂေဟစနစ်၏ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို သုံးသပ်လေ့လာချက်သည် ရပ်ရွာအသိုင်းအဝိုင်းတစ်ခုနှင့် တစ်ခု ကွာခြားမည်ဖြစ်သော်လည်း၊ အခြေအနေအားလုံးတွင် တွေ့ရသည့် အချို့သော ပုံစံများကို စောင့်ကြည့်လေ့လာခြင်းဖြင့် သတင်းအချက်အလက် ဝင်ရောက်ရှာဖွေကြည့်ရှုခွင့်ကို ပိတ်ပင်ခြင်း နှင့် လုပ်ကြံသတင်းတို့၏ အကျိုးဆက်များ (မဏ္ဍိုင် ၈) ကို ဖော်ထုတ်ရန်နှင့် သုံးသပ်လေ့လာရန် အထောက်အကူဖြစ်စေနိုင်ပါသည်။




### ပြည်သူလူထုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရယူအသုံးပြုရန် အတားအဆီးများ

**မှန်ကန်တိကျသော သတင်းအချက်အလက်များကို လုံခြုံဘေးကင်းစွာ** နှင့် **အဓိပ္ပါယ်ရှိစွာ**ရယူအသုံးပြုခွင့်**သည်** ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများနှင့် ခံစားခွင့်များအကြောင်းကို သိရှိနိုင်ရန် အရေးကြီးသော ကြိုတင်လိုအပ်ချက်များ ဖြစ်ကြသည်။ သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း နှင့်/သို့မဟုတ် လုပ်ကြံသတင်းတို့က ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ အများသုံးနှင့် ဒေသတွင်းဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်စွမ်းအပေါ် မည်သို့အကျိုးသက်ရောက်မှုများရှိစေနိုင်ကြောင်း ဒေသခံ သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများအနေဖြင့် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

**ဥပမာများ**



**သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း -** အစိုးရနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများသည် ဒုက္ခသည် စခန်းအသစ်တစ်ခုတွင် ဆောင်းရာသီ မတိုင်မီ ကာကွယ်ဆေးထိုးရန် စည်းရုံးလှုံ့ဆော်မှုတစ်ခုအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ ၎င်းတို့သည် နိုင်ငံပိုင် ရုပ်မြင်သံကြားနှင့် ရေဒီယိုလိုင်းများမှတစ်ဆင့် စခန်းအတွင်းရှိ အဓိကနေရာများတွင် အသံချဲ့စက်များဖြင့် ကျန်းမာရေးစည်းရုံးလှုံ့ဆော်မှုကြီးတစ်ခုကို ဆောင်ရွက်နေကြပါသည်။ သို့သော်လည်း စခန်းအတွင်း ကောလာဟလများနှင့် သတင်းမှား ဖြန့်ဖြူးခြင်းများ ပိုမိုပျံ့နှံ့လာပြီး ဒုက္ခသည်လူထုသည် ကာကွယ်ဆေး မထိုးလိုကြပါ။ ဒုက္ခသည်များ အယုံကြည်ဆုံး သတင်းရင်းမြစ်များဖြစ်သော လူထုအတွင်း ရိုးရာနှင့် ဘာသာရေးခေါင်းဆောင်များထံတွင် ဤကာကွယ်ဆေးထိုးလှုပ်ရှားမှု၏ ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး သတင်းအချက်အလက်များ မရှိသလို ၎င်းတို့နားထောင်သော ဒေသခံရေဒီယိုတွင်လည်း ဤအစီအစဉ်အကြောင်း တစ်ခါမျှ ထုတ်လွှင့်ခြင်းမရှိခဲ့ပါ။

**လုပ်ကြံသတင်း -** တိုင်ဖွန်းမုန်တိုင်းတစ်ခု နီးကပ်လာသည်နှင့်အမျှ ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများ (IDP) အသိုင်းအဝိုင်းတစ်ခုသည် ၎င်းတို့၏ ယာယီခိုလှုံရာနေရာတစ်ခုမှ ပိုမိုလုံခြုံသောနေရာတစ်ခု၌ ခိုလှုံရန်အတွက် စခန်းအဆင်အပြင်တစ်ခုသို့ ရွှေ့ပြောင်းရန် ငြင်းဆန်လျက်ရှိသည်။ ဤအရေးပေါ်အခြေအနေသည် အစိုးရအပေါ်လူထု၏ယုံကြည်မှုနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ၏ လွတ်လပ်စွာ လုပ်ကိုင်ခွင့်မရှိခြင်းတို့ကို ပစ်မှတ်ထားသည့် လုပ်ကြံသတင်းများ လပေါင်းများစွာကြာအောင် ထွက်ပေါ်နေသည့်ကြားမှ ပေါ်ထွန်းလာနေသည်။ မဟုတ်မမှန်၊ လုပ်ကြံ၍ လှုံ့ဆော်မှုများကြောင့် IDP အသိုင်းအဝိုင်းသည် ပေးထားသော သတင်းအချက်အလက်များအား ယုံကြည်မှုမရှိခြင်းနှင့် ဘေးလွတ်ရာရွှေ့ပြောင်းခြင်းသည် IDP များကို အခြေအနေမကောင်းသောဒေသသို့ ပြောင်းရွှေ့နေရာချရန် နည်းဗျူဟာတစ်ခုဖြစ်သည်ဟု ယုံကြည်နေကြသည်။

## အခြား ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို ပိုမိုဆိုးရွားစေခြင်း

သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များသည် မကြာခဏဆိုသလို အခြား ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို ပို၍တိုက်ရိုက်ဆိုးရွားစေတတ်သည် သို့မဟုတ် အခြား ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို ပိုဆိုးရွားသွားစေမည့် အပျက်သဘောဆောင်သော ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများကို မွေးမြူပေးတတ်သည်။ အခြားတစ်ဘက်မှကြည့်လျှင် မှန်ကန်တိကျသော သတင်းအချက်အလက်ကို လုံခြုံဘေးကင်းပြီး အဓိပ္ပါယ်ရှိစွာ ဝင်ရောက်ရှာဖွေကြည့်ရှုနိုင်ကြောင်း သေချာစေခြင်းဖြင့် အခြားကာကွယ်ဆိုင်ရာအန္တရာယ်များ လျှော့ချရေးကို အထောက်အကူဖြစ်စေနိုင်ပါသည်။ လက်ရှိကျင့်သုံးနေသော ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များအားလုံး၏ သတင်းအချက်အလက် အခန်းကဏ္ဍကို ကြည့်ခြင်းအားဖြင့် ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာချက်သည် မည်သည့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆက်စပ်အခြေအနေမဆိုတွင်း ပိုမိုအားကောင်းလာစေလိမ့်မည်။

**ဥပမာများ**

**သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း** - ပဋိပက္ခဖြစ်ပွားနေသည့် နယ်မြေတစ်ခုတွင်း နေထိုင်သောသတင်းထောက် အမျိုးသမီးတစ်ဦးသည် သူမဒေသ၏ လုံခြုံရေးအခြေအနေနှင့် ပတ်သက်သည့် ဆောင်းပါးတစ်ပုဒ်ကို ရေးသားခဲ့သည်။ နယ်မြေအတွင်း စိုးမိုးနေသည့် အစိုးရအဖွဲ့အစည်းနှင့် ဆက်စပ်မှုမရှိသောလက်နက်ကိုင်အဖွဲ့သည် ဒေသအတွင်းနှင့် အပြင်သို့ သတင်းအချက်အလက်များ ပျံ့နှံ့ခြင်းကို ပိတ်ဆို့ရန် ဆက်သွယ်ရေးအခြေခံအဆောက်အအုံများအားလုံးကို ဖျက်ဆီးပစ်သောကြောင့် အင်တာနက်အသုံးပြုရန် ကိရိယာများစွာ လမ်းလျှောက်နေရသည်ဟု သူမကပြောပါသည်။ အထူးသဖြင့် အမျိုးသမီးများအတွက် အန္တရာယ်မကင်းသော်လည်း အခြားသူများကို အန္တရာယ်မဖြစ်စေရန် သူမတစ်ယောက်တည်း ခရီးသွားခြင်းကို သူမ ပို၍နှစ်သက်သည်။ ခရီးလမ်းအတွင်း သူမ စော်ကားခြင်းခံရသည်။ သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းက အမျိုးသမီးအား သတင်းအချက်အလက် ဖန်တီးရန် စွန့်စားစေပြီး ကျား၊မ အခြေပြု အကြမ်းဖက်မှု ရလဒ်ဖြစ်စေခဲ့သည်။

**လုပ်ကြံသတင်း၊** သတင်းစာနှင့် IDP စခန်းများရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြော်ငြာဘုတ်များတွင် ရရှိနိုင်သောအလုပ်အကိုင်ကြော်ငြာများအားလုံးကို အိမ်ရှင်အသိုင်းအဝိုင်း၏ ဘာသာစကားဖြင့် ရေးသားထားသောကြောင့် ဘာသာစကားနားလည်တတ်ကျွမ်းမှုမရှိသည့် လူနည်းစုဝင် IDP လူငယ်များသည် အသက်မွေးဝမ်းကြောင်း အခွင့်အလမ်း သတင်းအချက်အလက်များကို ရယူအသုံးပြုနိုင်ခြင်းမရှိပေ။ လူငယ်များသည် ထိုအချက်အလက်များကို ၎င်းတို့၏ဘာသာစကားဖြင့် မျှဝေသည့် သို့မဟုတ် အလိုအလျောက် ဘာသာပြန်သည့် ဆိုရှယ်မီဒီယာအုပ်စုကို အားကိုးကြသည်။ ငါးဖမ်းလှေတစ်စင်းပေါ်တွင် လုပ်ရမည့်အလုပ်တစ်ခုအတွက် ကမ်းလှမ်းသည့်ကြော်ငြာကို တုံ့ပြန်၍ အစမ်းလုပ်ကြည့်ရန် လူငယ်အများအပြားသည် ထိုလှေပေါ်သို့ တက်လာကြသည်။ ဤကြော်ငြာသည် ၎င်းတို့ကို မြှူဆွယ်ရန် အထူးဖန်တီးထားခြင်းဖြစ်ပြီး ၎င်းတို့အား လူကုန်ကူးသူများက ဖမ်းဆီးခေါ်ဆောင်သွားနေသည်ကို ၎င်းတို့ မသိကြပါ။

GPC ၏ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို သုံးသပ်လေ့လာချက်မူဘောင်နှင့် သတင်းအချက်အလက်ဆိုင်ရာ ပြဿနာများကြောင့် စတင်ဖြစ်ပေါ်လာနိုင်သည့် သို့မဟုတ် ၎င်းတို့က တွန်းအားပေးနေနိုင်သည့် အမျိုးမျိုးသော ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များအကြောင်း သုံးသပ်လေ့လာချက်ကို ပံ့ပိုးပေးနိုင်သည့် InterAction ၏ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို သုံးသပ်လေ့လာချက်မူဘောင်အပါအဝင် လမ်းညွှန်ကိရိယာများစွာရှိသည်။ အန္တရာယ်များကို ဖော်ထုတ်ဆန်းစစ်ပေးသည့် လမ်းညွှန်ကိရိယာတစ်ခု ဖြစ်သော Risk Canvas (နောက်ဆက်တွဲ ၈ ကိုကြည့်ပါ) သည် ကာကွယ်ရေးအန္တရာယ်တစ်ခုအတွင်း သတင်းအချက်အလက်များ ပေါင်းစည်းနေနိုင်သည့် နေရာကို ဖော်ထုတ်ရန်အတွက် ၎င်းအား သုံးသပ်လေ့လာရန် အမြန်ဆုံးနည်းလမ်းတစ်ခုဖြစ်သည်။

## သတင်းမှား ဖြန့်ဖြူးခြင်းနှင့် ကောလာဟလများ တိုးပွားလာခြင်း

### ပိုမိုသိရဖို့အတွက် လုပ်ကြံသတင်း၊ သတင်းမှား ဖြန့်ဖြူးခြင်းနှင့် ကောလာဟလများကို ပြန်၍ ကိုးကားပါ

အွန်လိုင်းနှင့် အော့ဖ်လိုင်း သတင်းမှား ဖြန့်ဖြူးခြင်းနှင့် ကောလာဟလများသည် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များ တည်ရှိကြောင်း လက္ခဏာတစ်ရပ်ဖြစ်ဖွယ် ရှိသောကြောင့်နှင့် ၎င်းတို့သည် အပျက်သဘောဆောင်သည့် ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများနှင့် အခြား ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို ပေါင်စည်းဖြစ်ပေါ်စေနိုင်ဖွယ် ရှိသောကြောင့် ဒေသခံ သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများသည် ၎င်းတို့ကို စောင့်ကြည့်သင့်သည်။

**ဥပမာများ**

**သတင်းအချက်အလက် ဝင်ရောက်ရှာဖွေကြည့်ရှုခွင့်ကို ပိတ်ပင်ခြင်း** ကြားခံနိုင်ငံများသို့ ခရီးသွားလာခြင်းအား အထောက်အကူဖြစ်စေနိုင်သည့် မြေပုံများ ဖြန့်ဝေခြင်းအပါအဝင် သမားရိုးကျ မဟုတ်သော ရွှေ့ပြောင်းနေထိုင်မှုကို ပေါင်းစည်းဖြစ်ပေါ်စေနိုင်မည့် အချက်အလက်အားလုံး ရပ်တန့်ရန် ရန်ပုံငွေ လိုအပ်ချက်များမှ တစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများကို နိုင်ငံတကာအသိုင်းအဝိုင်းမှ ဖိအားပေးခဲ့သည်။ ထို့ကြောင့် အွန်လိုင်းပေါ်နှင့် နယ်စပ်မြို့များတွင် အန္တရာယ်ကင်းသော ခရီးသွားလမ်းကြောင်းများနှင့်ပတ်သက်၍ လုပ်ကြံသတင်းနှင့် သတင်းမှား ဖြန့်ဖြူးခြင်းများအပါအဝင် - ကောလာဟလများ ပိုမိုများပြားလာသည်။ ရွှေ့ပြောင်းသွားလာနေရသူများသည် သတင်းအချက်အလက်များကို ရယူရန် ယုံကြည်စိတ်ချရမှုမရှိသော သတင်းအရင်းအမြစ်များကို မှီခိုရန် တွန်းအားပေးခံနေရသောကြောင့် ခေါင်းပုံဖြတ်မှုနှင့် လူကုန်ကူးမှုကဲ့သို့သော ကာကွယ်ရေးဆိုင်ရာအန္တရာယ်များအပေါ် ၎င်းတို့ထိခိုက်လွယ်မှုများ ပိုမိုတိုးပွားလာသည်။




**လုပ်ကြံသတင်း** - X နိုင်ငံရှိ အဓိက လူမျိုးစုနှစ်ခုကို ကိုယ်စားပြုသည့် ထိပ်တန်းကိုယ်စားလှယ်လောင်းနှစ်ဦးသည် သမ္မတရွေးကောက်ပွဲများအတွင်း တိုင်းရင်းသားမျိုးနွယ်တစ်ခုအကြား အကြောက်တရားဝန်းကျင်တစ်ခုကို ဖန်တီးရန်အတွက် မဟုတ်မမှန် သတင်းပေးလှုံ့ဆော်မှုများ ပြုလုပ်သည်။ ပထမအကြိမ် ရွေးကောက်ပွဲကျင်းပနေစဉ် အတောအတွင်း ထိုတိုင်းရင်းသားမျိုးနွယ်စု အများအပြားသည် မဲရုံသို့ သွားရာလမ်းတွင် တိုက်ခိုက်ခံခဲ့ရပြီး မဲပေးစဉ်တွင် ၎င်းတို့၏အိမ်များကို လုယက်ခံခဲ့ကြရကာ၊ ဒေသဆိုင်ရာ အာဏာပိုင်များသည် တိုင်းပြည်ကို ထိုခြိမ်းခြောက်မှုများမှ ကာကွယ်ပေးရန် စွမ်းဆောင်ရည်မရှိကြောင်းအစရှိသည့် သတင်းများကို ဖော်ပြထားသည့်ပို့စ်များ ဆိုရှယ်မီဒီယာတွင် ပြည့်နှက်နေခဲ့သည်။ ဤကဲ့သို့သော ဖြစ်ရပ်များကို မည်သူမှ မျက်မြင်မတွေ့ရှိခဲ့ဘဲ အဆိုပါသတင်းအချက်အလက်များကို ဆိုရှယ်မီဒီယာပေါ်တွင်သာ ရရှိနိုင်ပုံပေါ်သည်။ ဤသည်က မှန်ကန်ကြောင်း မသေချာသော်လည်း လူများသည် ဤသတင်းအချက်အလက်ကို ၎င်းတို့၏မိသားစုနှင့် သူငယ်ချင်းများထံ တက်ကြွစွာ ဖြန့်ဝေနေခြင်းမှာလည်း စိုးရိမ်စရာဖြစ်လာသည်။

## ၂။ လုပ်ကြံသတင်းနှင့် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းများအကြား ပေါင်းစပ်ဆောင်ရွက်ခြင်း

သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းသည် လုပ်ကြံသတင်းအတွက် တွန်းအားတစ်ခု ဖြစ်စေသည်- တိကျမှန်ကန်သောသတင်းအချက်အလက်များကို လုံခြုံဘေးကင်းစွာနှင့် အဓိပ္ပာယ်ရှိစွာ ရယူအသုံးပြုနိုင်ခြင်း မရှိသောကြောင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ သတင်းအချက်အလက် လိုအပ်ချက်များကို မဖြည့်ဆည်းနိုင်သည့်အခါ ၎င်းတို့သည် သတင်းအချက်အလက် ဝေမျှရာနှင့် ရှာဖွေရာတွင် လုပ်ကြံသတင်း ကမ်ပိန်းများကြောင့် ထိခိုက်လွယ်မှုရှိသည်။ အလားတူစွာပင် လုပ်ကြံသတင်းသည် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ရာတွင် တွန်းအားတစ်ခုဖြစ်စေသည် - လုပ်ကြံသတင်းလှုံ့ဆော်မှုများ ဖြစ်ပွားသောအခါ ၎င်းတို့သည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ တိကျမှန်ကန်သော သတင်းအချက်အလက်များကို ရယူအသုံးပြုနိုင်စွမ်း လျော့ကျစေသည်။ ဤမိုဂျူး၏ အပိုင်း (ခ) တွင် ဖော်ပြထားသော သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များနှင့် ပတ်သက်သော ဖြစ်ရပ်လေ့လာမှု နှစ်ခုတွင် ဤသည်ကို ကြည့်ရှုလေ့လာနိုင်သည်။ ထို့ကြောင့် မည်သည့်အခြေအနေတွင်မဆို သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းနှင့် လုပ်ကြံသတင်း နှစ်ခုလုံးကို စစ်ဆေးရုံသာမကဘဲ ထိုအထူးအခြေအနေမျိုးတွင် ၎င်းတို့၏ဆက်နွယ်မှုကို နားလည်သဘောပေါက်အောင် တမင် ရှာဖွေကြည့်ရန်လည်း အရေးကြီးပါသည်။

# လုပ်ကြံသတင်းနှင့် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းများအကြား ပေါင်းစပ်ဆောင်ရွက်ခြင်း

ဘေးကင်းလုံခြုံရေး သို့မဟုတ် ၎င်းတို့၏ နေရပ်အနီးဝန်းကျင်တွင် တည်ရှိသော အများပြည်သူ ခိုလှုံရာနေရာများ တရားဝင်ရှိနေခြင်းနှင့် ပတ်သက်သည့် သတင်းမှားများကို ဖြန့်ဖြူးနေသည့် အသင်းအဝိုင်းတစ်ခုကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများသည် ၎င်းတို့ယုံကြည်နိုင်လောက်သည့် သတင်းအချက်အလက်များကို မရှာဖွေနိုင်ဘဲ၊ အကြောက်တရားကြောင့် ထိုအများပြည်သူ ခိုလှုံရာနေရာများတွင် သွားရောက်ခိုလှုံခြင်း မပြုရန် ပို၍လိုလားကြသည်။

မှန်ကန်တိကျသော သတင်းအချက်အလက်ကို ဖန်တီးခြင်း

မှန်ကန်တိကျသော သတင်းအချက်အလက်ကို မျှဝေခြင်း

မှန်ကန်တိကျသော သတင်းအချက်အလက်ကို ရှာဖွေခြင်း

မှန်ကန်တိကျသော သတင်းအချက်အလက်ကို ရယူခြင်း

သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းသည် မည်သည့်သတင်းအချက်အလက်ကိုမဆို မှန်မမှန် အတည်ပြုစစ်ဆေးရန် ခက်ခဲစေသောကြောင့် သတင်းမှားများကို တမင်သို့မဟုတ် မရည်ရွယ်ဘဲ ဖြန့်ဝေရန်အတွက် နေရာဖန်တီးပေးပါသည်။

**သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း**

**လုပ်ကြံသတင်း၊ သတင်းမှားဖြန့်ဖြူးခြင်းနှင့် ကောလာဟလများ**

လုပ်ကြံသတင်းများ၊ သတင်းမှားဖြန့်ဖြူးခြင်းနှင့် ကောလာဟလများသည် မှန်ကန်တိကျသော သတင်းအချက်အလက်များကို စိစစ်ဖော်ထုတ်ရန် ခက်ခဲစေသည့်အတွက်ကြောင့် တိကျသော အချက်အလက်များကို ဖန်တီး၊ မျှဝေရန်နှင့် ရယူရန် အတားအဆီးများကို ဖန်တီးသည်။

ကောလာဟလ - အတည်မပြုရသေးသော သတင်းအချက်အလက်များကို လူတစ်ဦးမှ အခြားတစ်ဦးသို့ လက်ဆင့်ကမ်းပေးပို့ခြင်း (မှန်နိုင်သည် သို့မဟုတ် မှားနိုင်သည်)

အစိုးရတစ်ရပ်သည် ၎င်း၏နိုင်ငံရှိ လူနည်းစုအုပ်စုများ ပြောဆိုသောဘာသာစကားဖြင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို မပေးသည့်အတွက်ကြောင့် တစ်ပတ်လျှင် မိသားစုဝင်တစ်ဦးသာလျှင် ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိကြောင်း ကောလာဟလတစ်ခု ထွက်ပေါ်နေပါသည်။

သတင်းမှား ဖြန့်ဖြူးခြင်း - လှည့်စားရန် သို့မဟုတ် ထိခိုက်နစ်နာမှုဖြစ်စေရန် တမင်ရည်ရွယ်ချက်မရှိဘဲ သတင်းမှားများကို ဖြန့်ဝေခြင်း

လုပ်ကြံသတင်း - အန္တရာယ်ဖြစ်စေရန် သို့မဟုတ် တမင်သက်သက် လှည့်စားရန် ရည်ရွယ်ထားသော သတင်းမှားများ

## တွေ့ရှိချက်များ(သုတေသနရလဒ်များ)ကို အကြံပြုချက်များ အဖြစ်သို့ ပြောင်းလဲပေးခြင်း

IPAF တွင် ဖော်ပြထားသည့် မေးခွန်းများကို ဖြေဆိုရန်ကိရိယာများ (ဒေတာစုဆောင်းရေး လမ်းညွှန်ကိရိယာများ၏ နမူနာပုံစံများစာရင်းကို အောက်ပါဇယားတွင် ရရှိနိုင်သည်) ဖြင့် စုဆောင်းထားသော အချက်အလက်များကို သင်က သုံးသပ်လေ့လာသောအခါ သင်သည် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်တစ်ခုဖြစ်စေသည့် အချက်တစ်ခုချင်းစီကို ကိုင်တွယ်ပြောဆိုရန် နည်းလမ်းများကို ရှာဖွေဖော်ထုတ်သင့်သည်။ ဥပမာအားဖြင့် အစိုးရသည် လူများကို နေရပ်ပြန်ဖို့ အကျပ်ကိုင်ရန် ၎င်းတို့၏မူလနေရာရှိ လုံခြုံရေးအခြေအနေနှင့် ပတ်သက်ပြီး လူများကို အထင်အမြင်လွဲမှားစေပါက သင်သည် အခြားသတင်းအချက်အလက်များကို ပေးနိုင်သည် သို့မဟုတ် ၎င်းတို့၏ရပ်တည်ချက်နှင့် ပတ်သက်၍ အစိုးရထံ ရှေ့နေလိုက်ပေးနိုင်သည်။ အကယ်၍ လူများသည် အင်တာနက် ရယူအသုံးပြုခွင့် မရှိသောကြောင့် ၎င်းတို့လိုအပ်သည့် နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများကို ရယူနိုင်ခြင်းမရှိပါက သင်သည် အင်တာနက်ချိတ်ဆက်မှုကို ပံ့ပိုးပေးနိုင်သည် သို့မဟုတ် ဝန်ဆောင်မှုကို ရယူအသုံးပြုရန် အခြားနည်းလမ်းများ ထောက်ပံ့ပေးနိုင်သည်။ အကယ်၍ လူများသည် မှန်ကန်တိကျသော သတင်းအချက်အလက်များကို မျှဝေထားသည့် ဘာသာစကားကို မပြောသည့်အတွက် သွားလာရန် ဘေးကင်းလုံခြုံသော လမ်းကြောင်းများနှင့် ပတ်သက်ပြီး သတင်းမှားများကြောင့် ထိခိုက်လွယ်ပါက သင်သည် လိုအပ်သည့် ဘာသာစကားအားလုံးဖြင့် ထိုသတင်းအချက်အလက်များကို ပံ့ပိုးပေးရန် နည်းလမ်းများ ရှာဖွေဖော်ထုတ်နိုင်သည်။ ဤတုံ့ပြန်မှုများသည် အစီအစဉ်(ပရိုဂရမ်)အသစ်ရေးဆွဲခြင်း၊ လက်ရှိလုပ်နေဆဲ အလုပ်များကို ချိန်ညှိခြင်း၊ မူဝါဒနှင့် အားပေးထောက်ခံမှု ရရှိအောင် စည်းရုံးရေးကြိုးပမ်းမှုများနှင့် ပေါင်းစုစွက်ဖက်မှုများ ပါဝင်နိုင်သည့် ကြားဝင်ဆောင်ရွက်ပေးမှုမျိုးစုံ မှတစ်ဆင့် ဖော်ထုတ်ထားသောပြဿနာများကို ကိုင်တွယ်ပြောဆိုရန် ရည်ရွယ်သင့်သည်။ သင့်အတွက် သို့မဟုတ် သင် ချက်ချင်းလှမ်းမိုးနိုင်သူများအတွက် လက်တွေ့မကျနိုင်သည့် သို့မဟုတ် ဖြေရှင်းနိုင်သည့်ဘောင်အတွင်း မရှိနိုင်သည့် အချို့အချက်များအပါအဝင် ပြုပြင်ပြောင်းလဲရန် ကြားဝင်စွက်ဖက်မှုများ လိုအပ်မည့် အန္တရာယ် ပေါင်းစုဖြစ်စေသည့် အချက်အများအပြားကို သင်ဖော်ထုတ်ထားသင့်သည်။ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များအပေါ် သက်ရောက်စေရန်အလို့ငှာ ပြောင်းလဲရန်လိုအပ်သည့် အရာများကို ဖော်ထုတ်ခြင်းဖြင့် စတင်ပြီးနောက် ရေတို၊ အလယ်အလတ်နှင့် ရေရှည်ကာလများတွင် ဖြစ်နိုင်ခြေရှိသော လှုပ်ရှားမှုများက ဘာဖြစ်ကြောင်း ဖော်ထုတ်ရန်အတွက် ဦးစားပေးလုပ်ငန်းစဉ်တစ်ခုကို တာဝန်ယူဆောင်ရွက်ရန် အရေးကြီးသည်။

ကာကွယ်ရေးဆိုင်ရာအန္တရာယ် လျော့ပါးရေးကို ပေါင်းစည်းဖြစ်ပေါ်စေရန် လိုအပ်သည့်လုပ်ဆောင်ချက်များသည် အမျိုးမျိုးကွဲပြားခြားနားပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ၊ ဒေသတွင်းမီဒီယာများနှင့် အခြားသူများအကြား ပူးပေါင်းဆောင်ရွက်မှု လိုအပ်နိုင်ပါမည်။ သို့သော် သုံးသပ်လေ့လာချက်မရှိဘဲ ဖော်ထုတ်ထားသော မဟာဗျူဟာများသည် ထိရောက်မှုမရှိနိုင်ဘဲ ထိခိုက်နစ်နာမှုကို ဖြစ်စေနိုင်သည်။ သုံးသပ်လေ့လာချက် လုပ်ငန်းစဉ်ကိုယ်တိုင်တွင် မည်သူပါဝင်ခဲ့သည်ဆိုသည့်အပေါ် မူတည်၍ ဤသည်တို့သည် လုပ်ငန်းစဉ်တွင် ပါဝင်လုပ်ဆောင်သူများနှင့် သက်ဆိုင်သူပေါင်းစုံတို့ကို ဦးတည်ပစ်မှတ်ထားနိုင်သည့် အကြံပြုချက်များပုံစံမျိုးအဖြစ် ရှိနိုင်သည်။

!

Internews သည် အီရတ်၊ မာလီနှင့် ဖိလစ်ပိုင်နိုင်ငံများရှိ နေရပ်စွန့်ခွာရွှေ့ပြောင်းရသူ အသိုင်းအဝိုင်းဝင်များနှင့် ဒေသတွင်းမီဒီယာသမားများနှင့် ပူးပေါင်းညှိနှိုင်း၍ အဆိုပါနမူနာပုံစံများကို ဖော်ထုတ်ခဲ့သည်။

| နောက်ဆက်တွဲများ | လမ်းညွှန်ချက်များ/ရည်ရွယ်ချက်များ ပါဝင်သည့် လင့်ခ်များ |
|---|---|
| နောက်ဆက်တွဲ ၃ - ရပ်ရွာအသိုင်းအဝိုင်း ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးရေး လမ်းညွှန်ကိရိယာ | ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးရေး လမ်းညွှန်ကိရိယာသည် သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်၏ မဏ္ဍိုင်လေးရပ်အတွက် ရပ်ရွာအသိုင်းအဝိုင်းဒေတာများကို စုဆောင်းရန် ဒီဇိုင်းထုတ်ထားသည်။ |
| နောက်ဆက်တွဲ ၄ - အိမ်ထောင်စု စစ်တမ်း လမ်းညွှန်ကိရိယာ | သီးခြားရပ်ရွာအသိုင်းအဝိုင်းတစ်ခု သို့မဟုတ် ၎င်းထက် ပိုမိုကျယ်ပြန့်သောလူထုအတွင်း သတင်းအချက်အလက်များကို မည်သို့ ဖန်တီး၊ ရှာဖွေ၊ မျှဝေလျက်ရှိသည်ကို နားလည်ရန်အတွက် စစ်တမ်းတစ်ခုကောက်ယူရန် ဤလမ်းညွှန်ကိရိယာကို အသုံးပြုနိုင်သည်။ ထိုသို့လုပ်ဆောင်ရာတွင် လူများ အန္တရာယ်ကြုံတွေ့ရနိုင်သည့် နေရာများကို ဖော်ထုတ်ရာ၌ အကူအညီဖြစ်စေရန် ရည်ရွယ်ပါသည်။ |
| နောက်ဆက်တွဲ ၅ - အဓိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းခြင်း လမ်းညွှန်ကိရိယာ | ထိခိုက်ခံရသူများနှင့် အိမ်ရှင်အသိုင်းအဝိုင်းတွင်းမှ ရွေးချယ်ထားသောသတင်းအချက်အလက် ပံ့ပိုးသူများနှင့် နက်နက်နဲနဲ တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများသည် ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှု (FGD) ၌ ဆွေးနွေးရန် ထိရှလွယ်လွန်းနိုင်သော ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ရရှိရန် အခွင့်အလမ်းတစ်ခုကို ပေးပါလိမ့်မည်။ |
| နောက်ဆက်တွဲ ၆ - မီဒီယာ ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း လမ်းညွှန်ကိရိယာ | ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း ကိရိယာသည် မီဒီယာ ကဏ္ဍများအတွင်း၊ သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်၏ မဏ္ဍိုင်လေးရပ်ပေါ်၌ လုပ်ကိုင်နေရသူများထံမှ ဒေတာများကို စုဆောင်းရန် ဒီဇိုင်းထုတ်ထားသည်။ |

## ဖြစ်ရပ်လေ့လာမှုများ

အောက်ဖော်ပြပါ ဖြစ်ရပ်လေ့လာမှုများသည် သတင်းအချက်အလက် ဂေဟစနစ်များ၏ အစစ်အမှန်ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာချက်မှ ထုတ်ယူထားသော ဥပမာများဖြစ်ပြီး သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင် (IPAF) ၏ မဏ္ဍိုင်လေးရပ်ပါ အကြောင်းအရာနှင့်အညီ ဒေတာစုဆောင်းပြီးနောက် အပြီးသတ်ခဲ့ပါသည်။ သုံးသပ်လေ့လာချက်များသည် နိုင်ငံ အေ (A) (သတင်းအချက်အလက်နှင့် ဆက်စပ်သည့်အကြောင်းအရာကို ပိတ်ပင်ခြင်း)၊ နိုင်ငံ ဘီ (B) (လုပ်ကြံသတင်းနှင့် သတင်းမှား ဖြန့်ဖြူးခြင်းနှင့် ဆက်စပ်သည့်အကြောင်းအရာ)နှင့် နိုင်ငံ စီ (C) (တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားမှုစနစ်) တို့နှင့် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာနှင့် အထူး သက်ဆိုင်သော မဏ္ဍိုင်ခွဲများကို ကြည့်ရှုလေ့လာပါသည်။

**အောက်ပါ ဖြစ်ရပ်လေ့လာမှုများတွင်းရှိ စာသား၏အရောင်သည် စာသားနှင့်ဆက်စပ်နေသည့်** IPAF **မဏ္ဍိုင်နှင့် ကိုက်ညီပါသည်။**

# IPAF သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်

## အကြောင်းအရာ

- အကျဉ်းအတည်း အကြောင်းအရာနှင့် ဆက်စပ်သော အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများ
- ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေး အခင်းအကျင်း
- အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေနှင့် စီရင်ဆုံးဆိုင်ရာ အခင်းအကျင်း
- ဈေးရိုးထုံးစံနှင့် ဒစ်ဂျစ်တယ် သတင်းအချက်အလက် အခင်းအကျင်း

## သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုအတွက် အဓိက လုပ်ဆောင်သူများ
- သတင်းအချက်အလက်နှင့် ဆက်စပ် ကာကွယ်ရေး ခြိမ်းခြောက်မှု၏ ဇစ်မြစ်

## သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ဝိသေသလက္ခဏာများ
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေး ခြိမ်းခြောက်မှုများ၏ နောက်ဆက်တွဲအကျိုးဆက်
- ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ရင်ဆိုင်ဖြေရှင်းရေးနည်း ဗျူဟာများ

## သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရှိပြီးသား စွမ်းရည်များ

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (တစ်ဦးချင်း/ မိသားစုအဆင့် အလိုက်) ၏ စွမ်းဆောင်ရည်များ
- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (ဒေသန္တရအဆင့်တွင်) ၏ ဒေသဆိုင်ရာ လုပ်ထုံးလုပ်နည်းယန္တရားများနှင့် စွမ်းဆောင်ရည်များ
- ဒေသန္တရ၊ ဒေသတွင်းနှင့် နိုင်ငံအဆင့် မီဒီယာများ၏ စွမ်းဆောင်ရည်များ
- အဖွဲ့အစည်းဆိုင်ရာ၊ အခြား ယန္တရားများနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ စွမ်းဆောင်ရည်များ

## ဖြစ်ရပ်လေ့လာမှု ၁- သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း

နိုင်ငံ အေ (A) တွင် ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူ (IDP) များအတွက် ဒေသန္တရ စခန်းတစ်ခုတွင် သတင်းအချက်အလက်များကို တမင် ကန့်သတ်ထားသည်။ မရှိမဖြစ်လိုအပ်သော အကြောင်းအရာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို မတူညီသောချန်နယ်များမှတဆင့် ရှာဖွေပြီး ရင်းမြစ်များစွာကို မေးမြန်းနေသော်လည်း ရှာမတွေ့နိုင်ဟု IDP များက ဆိုကြသည်။ ၎င်းတို့သည် အကူအညီဝန်ဆောင်မှုများ၊ ၎င်းတို့၏နေအိမ်များသို့ ပြန်ရန် အလားအလာများနှင့် လုံခြုံရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ မရှိဖြစ်နေခြင်းက နေရပ်ပြန်လာခွင့်နှင့် အကူအညီဝန်ဆောင်မှုများအား အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်ကို ကန့်သတ်နေသည်။

သတင်းအချက်အလက်များကို စခန်းကြီးကြပ်သူ ဒေသခံဥက္ကဋ္ဌမှ တိုက်ရိုက် တမင်ကန့်သတ်ထားပုံပေါ်ပါသည်။ ထောက်ပံ့ရေးအကူအညီရရှိရန် ၎င်းတို့ အရွေးခံရကြောင်းကို ဥက္ကဋ္ဌက အချို့ဒေသခံများကို ပြောခဲ့သော်လည်း ထိုသတင်းကို ၎င်းတို့၏မိသားစုများ သို့မဟုတ် သူငယ်ချင်းများထံ မျှဝေခွင့်မပြုပါ။ အကယ်၍ သူတို့ပြောဆိုခဲ့ပါက ထောက်ပံ့ရေးအကူအညီ ဖြန့်ဖြူးရေးစာရင်းမှ ၎င်းတို့ ဖယ်ရှားခံရမည်ဖြစ်သည်။ အကူအညီများဖြန့်ဝေပြီးသည်နှင့်တပြိုင်နက် ဥက္ကဋ္ဌက ၎င်းအကူအညီများထံမှ ရပိုင်ခွင့်အချို့အားလည်း သူ့ကိုယ်ပိုင်အတွက် သိမ်းထားခဲ့သည်။

သတင်းအချက်အလက်ကို တိုက်ရိုက်ပိတ်ပင်ခြင်းအပြင် သတင်းအချက်အလက်များကို နိုင်ငံအေ (A) ရှိ ပိုမိုကျယ်ပြန့်သောပတ်ဝန်းကျင်က ကန့်သတ်ထားခဲ့သည်။ လွန်ခဲ့သည့် ငါးနှစ်ခန့်က အစိုးရနှင့် လက်နက်ကိုင်ပြည်သူ့စစ်များကြား ပဋိပက္ခတစ်ခုဖြစ်ပွားပြီးနောက် လူများသည် နေရပ်စွန့်ခွာခဲ့ရသည်။ ထိခိုက်ခံရသည့်ဒေသများ ပြန်လည်ထူထောင်ရေးကို အနည်းငယ်မျှသာလုပ်နိုင်ပြီး၊ ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းရသူ (IDP) အများစုသည် ၎င်းတို့၏နေရပ်သို့ မပြန်နိုင်ကြသေးပါ။ ပဋိပက္ခများအပြီး နောက်ဆက်တွဲ စိတ်ဒဏ်ရာများကို ကိုင်တွယ်ဖြေရှင်းခြင်းအပြင် IDP များသည် ဒေသတွင်းအစိုးရထံမှ ခွဲခြားဆက်ဆံခံရမှုများကိုလည်း ရင်ဆိုင်နေရသည်။

နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတင်းလွတ်လပ်ခွင့်ရှိရန် အာမခံ ထားသော်လည်း နိုင်ငံအေ (A) တွင် မီဒီယာအခင်းအကျင်းသည် အမျိုးမျိုးကွဲပြားနေသည်၊ မီဒီယာအဖွဲ့အစည်းများနှင့် သတင်းထောက်များကို နှောင့်ယှက်တိုက်ခိုက်ရန် ဥပဒေကို အစိုးရက အသုံးပြုခြင်းမှာ သာမာန်ဖြစ်သည်။ မီဒီယာသတင်းဌာနများနှင့် သတင်းထောက်များသည် ယင်းကျင့်ထုံးများကို ဆန့်ကျင်ပြောဆိုရန် ကြိုးပမ်းခဲ့ကြသည်၊ သို့သော် ခြိမ်းခြောက်ခံရပြီးနောက် မိမိဖာသာ ဆင်ဆာဖြတ်ပစ်လိုက်ရလေ့ရှိပြီး တစ်ခါတစ်ရံတွင် အချို့သော အကြောင်းအရာများနှင့်ပတ်သက်၍ သတင်းရေးဖို့ကို လက်လျှော့လိုက်ကြရသည်။ ရလဒ်အနေဖြင့် ပဋိပက္ခလွန် ပြန်လည်ထူထောင်ရေးနှင့် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းရသူ (IDP) များ နေရပ်ပြန်လာရေးတို့နှင့် ပတ်သက်သည့် ပြဿနာများ အကြောင်းကို သတင်းရေးရန် ၎င်းတို့က ရှောင်လေ့ရှိလာကြသောကြောင့် IDP များအတွက် ဤမျှလိုအပ်သော သတင်းအချက်အလက်များကို လက်လွှတ်ဆုံးရှုံးသွားရစေသည်။

နိုင်ငံ အေ (A) တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုသည် မကြာသေးမီနှစ်များအတွင်း တစတစ လျော့နည်းလာပြီးIDP များအတွက် သတင်းအချက်အလက် ပံ့ပိုးသူများအဖြစ် ဆောင်ရွက်နိုင်ရန် လူသားချင်း စာနာထောက်ထားရေးများအတွက် နေရာများကို ကန့်သတ်လာသည်။ ယင်းအစား ဒေသခံဥက္ကဋ္ဌသည် IDP စခန်းရှိ လုပ်ငန်းဆောင်ရွက်မှုအားလုံးကို သတင်းအချက်အလက်များ ဖြန့်ဝေခြင်းမှစပြီး ထောက်ပံ့ရေးအကူအညီများ ဖြန့်ဖြူးခြင်းအထိမှသည် တိုင်ကြားမှုများနှင့် တုံ့ပြန်အကြံပြုချက်များကို ကိုင်တွယ်ဖြေရှင်းခြင်းအထိ ကြီးကြပ်လာသည်။ ရလဒ်အနေဖြင့် IDP များသည် ဥက္ကဋ္ဌအား ဒေသတွင်းရှိ အင်အားကြီးမိသားစုများနှင့် ဆက်စပ်နေသည်ဟု ယူဆပြီး သူ့အား ကြောက်ရွံ့ကြသည်။ ၎င်းတို့သည် အကျိုးခံစားခွင့် စံနှုန်းများအကြောင်းကို စုံစမ်းမေးမြန်းလိုပြီး၊ ၎င်းတို့ကို ဆိုးဆိုးဝါးဝါးဆက်ဆံခံရကြောင်း မကျေနပ်ချက်ကို တိုင်ကြားလိုသော်လည်း စခန်းမှ နှင်ထုတ်ခံရမည်ကို ကြောက်ရွံ့သောကြောင့် ဥက္ကဋ္ဌထံ မေးခွန်းများမေးခြင်း သို့မဟုတ် မကျေနပ်ချက် တိုင်ကြားခြင်းများကို ရှောင်ရှားခြင်းဖြစ်သည်ဟု ဒေသခံများက ပြောဆိုကြသည်။

IDP စခန်းတွင် နေထိုင်သူများသည် သတင်းအချက်အလက် အသုံးပြုတတ်မှု အဆင့်နိမ့်ကျကြောင်းကိုလည်း ဖော်ပြသည်။ ထောက်ပံ့ရေးအကူအညီနှင့် ၎င်းနှင့် ဆက်စပ်သတင်းအချက်အလက်များကို ထိုကဲ့သို့ အလွန်အမင်းလိုအပ်နေသောကြောင့် လူများသည် ၎င်းတို့ အွန်လိုင်းတွင် မြင်ရသည့် ထောက်ပံ့ရေးအကူအညီ

ဝန်ဆောင်မှုများအကြောင်း ကြော်ငြာနေသည့်ပို့စ်များကို ယုံကြည်လေ့ရှိကြပြီး၊ ထိုကဲ့သို့သော သတင်းအချက်အလက်များကို မှန်မမှန်အတည်ပြုရန် မစစ်ဆေးကြပါ။ လူများသည် ထောက်ပံ့ရေးအကူအညီပေးမည်ဟု ကြော်ငြာထားသည့် နေရာများသို့ စာရွက်စာတမ်းများကို စုဆောင်းပြီး ခရီးသွားရန် အချိန်နှင့် အရင်းအမြစ်များ ရင်းနှီးထားပြီးမှ ကြော်ငြာက အတုဖြစ်မှန်း သိကြသည်။ ဤမြန်ဆန်သောအပြောင်းအလဲများက ဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရှာဖွေသောအခါ ၎င်းတို့ကို အကျပ်ကိုင်ခြင်း၊ အနှောင့်အယှက်ပေးခြင်းနှင့် အလိမ်ခံရခြင်း အန္တရာယ် ပိုဖြစ်စေပြီး အခြေအနေကို တိုးတက်ကောင်းမွန်အောင် ပြုပြင်နိုင်သည့် စွမ်းဆောင်ရည်သည်လည်း အကန့်အသတ်ရှိနေသည်။

စခန်းအတွင်းနေထိုင်သူများသည် ဥက္ကဋ္ဌ၏အပြုအမူနှင့် စခန်းတွင်း သတင်းအချက်အလက်များ လစ်ဟာနေမှုအကြောင်းကို NGO များအား အကြောင်းကြားခဲ့သော်လည်း နောက်ဆက်တွဲ ဆောင်ရွက်မှုများပြုလုပ်ကြောင်း အကြောင်းမကြားခဲ့ပါ။ စခန်းဥက္ကဋ္ဌကို လူများက မယုံကြည်မှု ဖြစ်စေခဲ့သော်လည်း ပြည်တွင်း ရေဒီယိုအသံလွှင့်ဌာနများကိုမူ အလွန်အကျွံ ယုံကြည်အားကိုးကြသည်။ သို့ရာတွင် ရေဒီယိုသတင်းများကို ယုံကြည်အားကိုးလွန်းခြင်းက နောက်ဆက်တွဲဆိုးကျိုးများဖြစ်စေသည် - ပြည်တွင်းမီဒီယာများသည် မိမိဖာသာ ဆင်ဆာဖြတ်လေ့ရှိပြီး အစိုးရနှင့် ဒေသတွင်း အင်အားကြီးမိသားစုများက အငြင်းပွားဖွယ်ဟု ယူဆနိုင်သည့် အချို့သောအကြောင်းအရာများကို ရှောင်ရှားလေ့ရှိကြသောကြောင့် သတင်းအချက်အလက်ကွာဟမှုများကို ဖြစ်ပေါ်စေသည်။

ရေဒီယိုထုတ်လွှင့်မှုများအပြင် IDP များသည် ရိုးရာခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် အမျိုးသမီးများနှင့် လူငယ်ခေါင်းဆောင်များကဲ့သို့သော ရပ်ရွာကိုယ်စားလှယ်များအပေါ်တွင် အလွန်အကျွံ မှီခိုနေရသည်။ သို့သော်လည်း အဆိုပါခေါင်းဆောင်များသည် IDP များကဲ့သို့ အလားတူခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ရလေ့ရှိသည့်အပြင်၎င်းတို့သည် တုံ့ပြန်အကြံပြုချက်များအား လူသိရှင်ကြား မျှဝေရန် သို့မဟုတ် ဒေသတွင်း အစိုးရကို တိုးတိုးတိတ်တိတ် တာဝန်ခံခိုင်းရန်ပင် အဆင်မပြေပါ။

**ဤကိစ္စတွင် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်ဆိုသည်မှာ သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းဖြစ်ပြီး နောက်ထပ်ခြိမ်းခြောက်မှုများကို အောက်ပါအတိုင်း အကျဉ်းချုပ်၍ တင်ပြနိုင်ပါသည် -**

- **အကြမ်းဖက်မှု** - ထိရှလွယ်သော အကြောင်းအရာများ (အထူးသဖြင့် IDP များ ၎င်းတို့၏မူလနေရပ်သို့ ပြန်ခြင်းကို ထောက်ပံ့ရန် လူထုရန်ပုံငွေ) အကြောင်း ပြည်တွင်းမီဒီယာများက သတင်းရေးသားခြင်းနှင့် ဒေသခံဥက္ကဋ္ဌနှင့် ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကို IDP များက အစီရင်ခံသည့်အခါ သို့မဟုတ် ထောက်ပံ့ရေးအကူအညီရရန် စံနှုန်းသတ်မှတ်ချက်များ သို့မဟုတ် နေရပ်ပြန်ရေးနှင့် ပတ်သက်သည့် မေးခွန်းများမေးသည့်အခါ အကြမ်းဖက်မည်ဟု ခြိမ်းခြောက်မှု။
- **အကျပ်ကိုင်ခြင်း** - ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းဝင်များသည် ကူညီထောက်ပံ့မှု၏ တစိတ်တပိုင်းကို ဒေသခံဥက္ကဋ္ဌအား ခွဲဝေပေးရန် အတင်းအကျပ်ဖိအားပေးခံရသည်။
- **တမင်ရည်ရွယ်၍ ပိတ်ပင်ခြင်း** - ကူညီထောက်ပံ့မှုအား လမ်းကြောင်းလွှဲရန်နှင့် စခန်းတွင်း ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးမှုများကို ထိန်းချုပ်ရန်အတွက် ဒေသခံဥက္ကဋ္ဌသည် သတင်းအချက်အလက်များကို တမင်ထိမ်ချန်ထားသည်။

**သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု** အရင်းအမြစ်များအား သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းနှင့် ပြန်လာခြင်းအား ဟန့်တားခြင်း (ရလဒ်အနေဖြင့် IDP များသည် ကျိုးကြောင်းသိရှိ ဆုံးဖြတ်ချက်များချရန် စွမ်းဆောင်ရည် မရှိကြပါ)

**အကြံပြုချက်များ -**
ဤကိစ္စအတွက် ဖြစ်နိုင်ခြေရှိသော ဥပမာအချို့မှာ အောက်ပါအတိုင်းဖြစ်သည် -

- **လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအတွက်** - IDP များသည် ထောက်ပံ့ရေးအကူအညီ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ၎င်းတို့နားလည်သည့် သတင်းအချက်အလက်များကို မှန်မမှန် စစ်ဆေးနိုင်ကြောင်း သေချာအောင် ကူညီပေးရန် သတင်းအချက်အလက် အသုံးပြုတတ်ရေး ကြိုးပမ်းမှုများတွင် ရင်းနှီးမြှုပ်နှံပါ။
- **လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအတွက်** - ဒေသခံဥက္ကဋ္ဌမှ စီမံခန့်ခွဲခြင်း မဟုတ်ဘဲ NGO သို့မဟုတ် အရပ်ဘက်အဖွဲ့အစည်း (CSO) ကဲ့သို့သော လွတ်လပ်သည့် တတိယအဖွဲ့အစည်းတစ်ခုမှ စီမံခန့်ခွဲသည့် သီးခြား ရပ်ရွာအသိုင်းအဝိုင်း တုံ့ပြန်အကြံပြုရေး ယန္တရား (CFM) တစ်ခုကို ထူထောင်ပါ။ ဤယန္တရားသည် အမှီအခိုကင်းကြောင်းနှင့် ဥက္ကဋ္ဌထံမှ သဘောတူညီမှု ရပြီးကြောင်း သေချာအောင် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန် အကျိုးခံစားခွင့်ရှိသူများနှင့် ဆက်သွယ်ပြောဆိုရေး အစည်းအဝေးများကို စီစဉ်လုပ်ဆောင်ပါ။
- **မီဒီယာအတွက်** - ရရှိနိုင်သော ထောက်ပံ့ရေးအကူအညီဝန်ဆောင်မှုများ သို့မဟုတ် ၎င်းတို့၏ မူလနေရပ်မှ လတ်တလောဖြစ်ရပ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကဲ့သို့သော ၎င်းတို့ရင်ဆိုင်နေရသည့် သတင်းအချက်အလက်များကြား ကွာဟမှုများကို ကူဖြည့်ပေးရန် IDP များနှင့်သက်ဆိုင်သည့် ပြဿနာများအကြောင်း ဘေးကင်းစွာ အစီရင်ခံနိုင်ရေးအတွက် အခွင့်အလမ်းများကို စူးစမ်းရှာဖွေပါ။
- **မီဒီယာနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအတွက်**- ကူညီထောက်ပံ့မှုများ ရရှိနိုင်မှုနှင့်ပတ်သက်ပြီး မှန်ကန်တိကျသော သတင်းအချက်အလက်များ ပေးပို့ရန် ရေဒီယိုကို ကျယ်ပြန့်စွာ အသုံးပြုပါ။

## ဖြစ်ရပ်လေ့လာမှု ၂ - လုပ်ကြံသတင်းနှင့် သတင်းမှား ဖြန့်ဖြူးခြင်း

နိုင်ငံ ဘီ (B) သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတစ်ခုကို ဆယ်စုနှစ်တစ်ခုကျော် ရင်ဆိုင်ခဲ့ရပြီး နိုင်ငံတွင်း လုံခြုံရေးအခြေအနေများသည် ယနေ့ထိတိုင် ဆက်၍ ပို ဆိုးရွားလာသည်။ ဤအခြေအနေများသည် မီဒီယာလုပ်ငန်း၏ သတင်းဖြန့်ဝေနိုင်မှုစွမ်းရည်ကို ကြီးမားစွာထိခိုက်နေပြီး ပိုမိုကျယ်ပြန့်သော သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်ကို ဟန့်တားနေသည်။ မိမိတို့၏နေရပ်သို့ ပြန်ရန် ဘေးကင်းမှုရှိမရှိကို ကျိုးကြောင်းသိရှိ ဆုံးဖြတ်ချက်များချရန် လိုအပ်သည့် သတင်းအချက်အလက်များ မရှိကြသော ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူ (IDP) များ အတွက် အခြေအနေများသည် အထူးကြောက်မက်ဖွယ် ဖြစ်နေပါသည်။

တင်းကျပ်သော လုံခြုံရေးအခြေအနေသည် လိုအပ်ချက်ရှိနေသော ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးသူများအား အတူတူ မိမိဖာသာ ဆင်ဆာဖြတ်ခြင်းသို့ ဦးတည်စေသည်။ သတင်းထောက်များသည် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များ၏ လက်စားချေမည်ကို ကြောက်ရွံ့ကြသည့်အတွက် ပိုဆိုးလာနေသော လုံခြုံရေးအခြေအနေအကြောင်း သတင်းပို့ရန် ကြောက်နေကြသည်။ မကြာသေးမီနှစ်များအတွင်း ပြည်တွင်းမီဒီယာများအတွက် အစိုးရရန်ပုံငွေကို သိသိသာသာ လျှော့ချခဲ့ပြီး၊ ကျန်ရှိနေသော ထောက်ပံ့ငွေကို ဆက်လက်ရလိုပါက ဒေသတွင်း ပြဿနာများကို "မျိုးချစ်စိတ်ကို ဖော်ကျူးသော သတင်းပေးပို့ချက်" ဖြစ်စေရန် ဖိအားပေးခြင်းများ ပိုတိုးလာနေသည်။ IDP စခန်းနေရာများနှင့် အနီးတဝိုက်ဧရိယာများတွင်း လက်နက်ကိုင်အဖွဲ့များ ရှိနေသည်။ IDP များသည် မိမိဖာသာ ဆင်ဆာဖြတ်လိုက်ကြပြီး အဆိုပါအုပ်စုများထံမှ လက်တုံ့ပြန်ခံရခြင်းကို ရှောင်ရှားရန် ဒေသတွင်းအခြေအနေများအကြောင်း နောက်ဆုံးရသတင်းများ ဝေမျှခြင်းကို ရှောင်ရှားကြသည်။ ဖုန်းပေါ် သို့မဟုတ် IDP စခန်းချရာ နေရာများအတွင်း အချို့သော အကြောင်းအရာများအကြောင်း ပြောဆိုရန် လျှို့ဝှက်ကုဒ်သုံးသည့် ဘာသာစကားကိုလည်း ၎င်းတို့ အသုံးပြုကြသည်။ မည်သို့ဆိုစေကာမူ သတင်းအချက်အလက်များကို မျှဝေပြီးနောက် မလုံခြုံသောခံစားချက်ကို ခံစားရကြောင်း လူအများက ပြောကြားသည်။

အကြမ်းဖက်မှုနှင့် လူမျိုးရေးခွဲခြားဆက်ဆံမှုများသည် IDP အသိုင်းအဝိုင်းများကြားမှ အပယ်ခံရဆုံးအသိုင်းအဝိုင်းများကို မကြာခဏ ပစ်မှတ်ထားလေ့ရှိသည်။ အမျိုးသမီးများသည် လူသားချင်း စာနာထောက်ထားရေး ဖြန့်ဖြူးမှုများ နောက်ပိုင်း မကြာခဏ ခြိမ်းခြောက်နှောင့်ယှက်ခံရပြီး တစ်ခါတစ်ရံ ၎င်းတို့၏ဘေးကင်းမှုကို ထိန်းထားနိုင်ရန်အတွက် ထောက်ပံ့ရေးအကူအညီများကို စွန့်လွှတ်ရန် အတင်းအကျပ်ခိုင်းစေခြင်းခံရသည်။ လက်တုံ့ပြန်ခြင်းနှင့် ဖြန့်ဖြူးရေးစာရင်းများမှ ဖယ်ရှားခံရမည်ကို ကြောက်ရွံ့ခြင်းကြောင့် ၎င်းတို့သည် အဖွဲ့အစည်းများက စိတ်ကျေနပ်မှုဆိုင်ရာ စစ်တမ်းများကို ကောက်ယူချိန်တွင် ထို အလေ့အထများအကြောင်းကို မပြောဘဲနေရန် ပို၍လိုလားကြသည်။ နေရပ်စွန့်ခွာထွက်ပြေးရသည့် လူနည်းစု တိုင်းရင်းသားအသိုင်းအဝိုင်းများကို အဖျက်သဘောဖြင့် ပစ်မှတ်ထားသည့် အွန်လိုင်းပေါ် ပျံ့နှံ့နေသော သတင်းအချက်အလက်များလည်း ရှိကာ၎င်းတို့က အိမ်ရှင်အသိုင်းအဝိုင်းများနှင့် လူမှုရေးစည်းလုံးညီညွတ်ခြင်းအပေါ် ထပ်၍ အကျိုးသက်ရောက်စေသည်။ ဤအင်အားအပြောင်းအလဲများသည် လူများ၏ ထောက်ပံ့ရေးအကူအညီကို ဝင်ရောက်အသုံးပြုခွင့်နှင့် ဘေးကင်းရေးတို့အပေါ် ထိခိုက်စေရုံသာမက၊ အွန်လိုင်း နှင့် အွန်လိုင်းမဟုတ်သည့် လူမှုကွန်ရက်များအကြား များစွာလိုအပ်နေသော သတင်းအချက်အလက်များ ပျံ့နှံ့ခြင်းကိုလည်း ထပ်၍ ကန့်သတ်စေသည်။

ဤအခြေအနေများသည် နိုင်ငံ ဘီ (B) ရှိ ဆိုရှယ်မီဒီယာ ဝက်ဘ်ဆိုက်များပေါ်တွင် အများအားဖြင့် ပျံ့နှံ့လေ့ရှိသော လုပ်ကြံသတင်းဖြန့်ရန် စည်းရုံးလှုံ့ဆော်မှု (ကမ်ပိန်း) များကြောင့် ပိုမိုဆိုးရွားလာပါသည်။ ဤကမ်ပိန်းများစွာသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ အပါအဝင် နိုင်ငံတွင်းရှိ နိုင်ငံတကာလုပ်ရှားသူများနှင့်ပတ်သက်၍ လူထု၏ယူဆချက်များကို လွှမ်းမိုးစေရန် ရည်ရွယ်ပါသည်။ အစိုးရသည် ဤကမ်ပိန်းများနှင့် ပတ်သက်၍ အကြီးအကျယ် နှုတ်ဆိတ်နေသည့်အပြင် မကြာသေးမီလများအတွင်း နိုင်ငံတကာ ကူညီထောက်ပံ့ရေး အေဂျင်စီများနှင့် ပါဝင်လုပ်ဆောင်သူအချို့ကို နှင်ထုတ်ခြင်းဖြင့် သတင်းအချက်အလက်စီးဆင်းရာ ဝန်းကျင်နယ်ပယ်ကို ကန့်သတ်ခြင်းပင် ဖြစ်ပေါ်စေသည်။

လုပ်ကြံသတင်းအပြင် လုံခြုံရေးနှင့် ဆက်စပ်သတင်းအချက်အလက်များကို ပိတ်ပင်ထားသောကြောင့် IDP များသည် ၎င်းတို့လာခဲ့သည့် နယ်မြေများရှိ လုံခြုံရေးအခြေအနေနှင့် ပတ်သက်ပြီး ကောလာဟလများနှင့် သံလွန်စအမှားများကို ရရှိသည်။ တိကျမှန်ကန်သော သတင်းအချက်အလက်များက လစ်ဟာနေခြင်းကြောင့် အချို့ IDP များသည် နေအိမ်သို့ ပြန်လာချိန်၌

လက်နက်ကိုင်အဖွဲ့များ၏ တိုက်ခိုက်မှုကိုလည်း ခံခဲ့ရသည်။ ဒေသအလိုက်ဆီလျော်သော လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်အချို့ကို အွန်လိုင်းပေါ်ရှိ နိုင်ငံတကာ သတင်းရင်းမြစ်များထံမှ ရရှိသော်လည်း ၎င်းသတင်းကို ပြင်သစ် သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် အစီရင်ခံလေ့ရှိပြီး လူ့အသိုင်းအဝိုင်းထံမှ လူအနည်းငယ်ကသာ နားလည်ပါသည်။ အစိုးရသည် လုံခြုံရေးနှင့်ပတ်သက်၍ မှန်ကန်တိကျသော သတင်းအချက်အလက်များကို ပေးရမည့် ၎င်း၏တာဝန်အတွက် ကြိုးစားအားထုတ်မှု မရှိပါ။

ကူညီထောက်ပံ့ရေး လှုပ်ရှားမှုများအပေါ် အစိုးရ၏ မကြာသေးမီက ကန့်သတ်ချက်များကြောင့် သတင်းအချက်အလက်ပေးရန် သို့မဟုတ် တာဝန်ခံမှုရှိစေအောင် တွန်းအားပေးရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူ အသိုင်းအဝိုင်း၏ စွမ်းဆောင်ရည်ကို ကန့်သတ်ခံရသည်။ ပို၍ဆိုးရွားလာစေသည်မှာ ပြည်တွင်းမီဒီယာများက NGO များ အပေါ် ယုံကြည်ကိုးစားမှုမြင့်မြင့်ဖြင့် အစီရင်ခံမှု မရှိခြင်းဖြစ်သည် - ၎င်းတို့အား အလေးအနက်ထားခြင်း မရှိသည့်အပြင် NGO များ၏ အကျိုးစီးပွား ရှိမှသာ ပူးပေါင်း၍ အလုပ်လုပ်ကြသည်ဟု ၎င်းတို့က ခံစားကြရသည်။

ဤအပြောင်းအလဲများကြောင့် လူများသည် ၎င်းတို့၏ ဆွေမျိုးများနှင့် ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းရှိ လူမှုရေးခေါင်းဆောင်များကို အများဆုံး ယုံကြည်ကြသည်။ သို့သော်လည်း အခြားသော ရပ်ရွာလူထုများကဲ့သို့ အလားတူခြိမ်းခြောက်မှုများနှင့် ကြုံတွေ့ရသောကြောင့် သတင်းရယူရန် အခက်အခဲရှိကြောင်း ဒေသဆိုင်ရာခေါင်းဆောင်များကပင် ပြောဆိုကြပြီး ဤချဉ်းကပ်မှုသည် သတင်းအချက်အလက်ကောလာဟလချက်များကို အပြည့်အဝကျော်လွှားနိုင်ဖို့ ၎င်း၏အကျိုးသက်ရောက်မှုတွင် အကန့်အသတ်ရှိစေသည်။

**ဤကိစ္စတွင် သတင်းအချက်အလက်နှင့်ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်ဆိုသည်မှာ လုပ်ကြံသတင်းဖြစ်ပြီး နောက်ထပ်ခြိမ်းခြောက်မှုများကို အောက်ပါအတိုင်း အကျဉ်းချုပ်၍ တင်ပြနိုင်ပါသည် -**

- **အကြမ်းဖက်မှု-** အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များက ၎င်းတို့၏ သတင်းအချက်အလက်ဆိုင်ရာ ကိုယ်ပိုင်ဇာတ်လမ်းအတိုင်း မလိုက်နာသည့် သတင်းထောက်များနှင့် မီဒီယာများအပေါ်ဆန့်ကျင် အကြမ်းဖက်မှု၊ နှင့် လုံခြုံရေးအခြေအနေနှင့် ပတ်သက်သည့်သတင်းအချက်အလက်များကို ဝေမျှလိုသော အရပ်သားများအပေါ် အကြမ်းဖက်ရန် ခြိမ်းခြောက်ခြင်း။
- **အကျပ်ကိုင်ခြင်း -** လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများသည် ထိုနိုင်ငံတွင် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအား အထောက်အကူပေးရန် အခွင့်အရေးဆုံးရှုံးခြင်းမှ ရှောင်ကြဉ်ရန် အများပြည်သူအတွက် ရရှိနိုင်သည့် သတင်းအချက်အလက်များကို ကန့်သတ်ရန် အတင်းအကျပ်ဖိအားပေးခံရသည်။
- **တမင်ရည်ရွယ်၍ ပိတ်ပင်ခြင်း -** အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များသည် လုံခြုံရေးနှင့်ပတ်သက်၍ မှန်ကန်တိကျသော သတင်းအချက်အလက်များကို မမျှဝေကြပါ။

**သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု** လုပ်ကြံသတင်းဖြန့်ရန် စည်းရုံးလှုံ့ဆော်မှု (ကမ်ပိန်း) များနှင့် သတင်းအချက်အလက် ရယူအသုံးပြုခွင့် ပိတ်ပင်ခြင်းကို ပိုမိုဆိုးဝါးစေသည့် သတင်းမှား ဖြန့်ဖြူးခြင်း၊ အရပ်သားများနှင့် အရပ်သားပိုင်ပစ္စည်းများကို တိုက်ခိုက်ခြင်းနှင့် ဥပဒေမဲ့သတ်ဖြတ်ခြင်းများ (မူလနေရပ်ရှိ လုံခြုံရေးနှင့်ပတ်သက်သည့် လုပ်ကြံသတင်းနှင့် သတင်းမှား ဖြန့်ဖြူးခြင်းကြောင့် ပဋိပက္ခဖြစ်ပွားရာနယ်မြေသို့ IDP များ ပြန်ကြခြင်း)။

**အကြံပြုချက်များ -**
နိုင်ငံ ဘီ (B) ရှိ လုပ်ငန်းလည်ပတ်မှု ဆက်စပ်အခြေအနေ၊ ဆင်ဆာဖြတ်မှု အလွန်တင်းကျပ်ခြင်းနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများကို အကျပ်ကိုင်ခြင်းတို့ကြောင့် အဆိုပြုထားသော အစီအစဉ်များ၊ လုပ်ဆောင်ချက်များအတွက် အန္တရာယ်များနှင့် အကျိုးကျေးဇူးများကို တိုင်းတာရန် အန္တရာယ်ဆန်းစစ်လေ့လာမှု အပြည့်အစုံတစ်ခု လုပ်ဆောင်ရန် လိုအပ်ပေလိမ့်မည်။ (နောက်ဆက်တွဲ ၂ ရှိ အခြေခံ အန္တရာယ်အကဲဖြတ်ခြင်းပုံစံကို ကြည့်ပါ။)

- **လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအတွက် -** ၎င်းတို့၏ မူလနေရာများရှိ အခြေအနေများနှင့်ပတ်သက်၍ မှန်ကန်တိကျသော သတင်းအချက်အလက်များကို IDP များနှင့်အတူ မျှဝေရန် နည်းလမ်းများ ဖော်ထုတ်နိုင်အောင်လုပ်ပါ (ရပ်ရွာသိုင်းအဝိုင်း၏ အယုံကြည်ရဆုံးနှင့် လက်လှမ်းအမီနိုင်ဆုံး သတင်းရင်းမြစ်များနှင့် သတင်းချန်နယ်များပေါ်အခြေခံ၍)၊ ထို့အပြင် ကျိုးကြောင်းသိရှိ ဆုံးဖြတ်ချက်ချခြင်းကို အလေးပေးသည့် တာရှည်ခံ ဖြေရှင်းနည်းများအတွက် လမ်းကြောင်းများ ဖော်ဆောင်ရန် လုပ်ပါ (သတင်းအချက်အလက် ကွာဟမှု၏ အကျိုးဆက်များအကြောင်း အစိုးရအား အသိပညာပေးပါ၊ လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များကို ပိုမိုရရှိရန် ထောက်ခံအားပေးပါ)။
- **လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအတွက် -** ဆွေမျိုးများနှင့် ဆက်သွယ်ရန် အန္တရာယ်များသောနယ်မြေများသို့ IDP များ ခရီးထွက်ခြင်းကို ကူညီရှောင်ရှားရန် IDP စခန်းများအတွင်းတွင် အခပေးဖုန်းများ သို့မဟုတ် အခြား အခမဲ့ရွေးချယ်စရာများကို တပ်ဆင်ပေးထားပါ။
- **မီဒီယာများအတွက် -** သတင်းသမားများသည် မိမိတို့ကိုယ်ကို ကာကွယ်ရန်နှင့် အစိုးရအနေဖြင့် အကျပ်ကိုင်ရန် အခွင့်အလမ်းများကို တတ်နိုင်သည့်နေရာ၌ ကန့်သတ်ရန်အတွက် လိုအပ်သော အစီအမံများကို လုပ်ဆောင်ထားကြောင်း သေချာပါစေ။
- **မီဒီယာများအတွက် -** ဒေသခံ ရပ်ရွာအသိုင်းအဝိုင်းများနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို သတင်းရေးထားသည့် နိုင်ငံတကာမီဒီယာများ၏ ဘာသာပြန်ဆိုချက်များသည် ဆိုးရွားသော အန္တရာယ်များကို မဖြစ်စေနိုင်ပါက လူများ ဖတ်နိုင်အောင် ဘာသာပြန်ပေးရန် စဉ်းစားပါ၊

## ဖြစ်ရပ်လေ့လာမှု ၃ - တုံ့ပြန်ချက်နှင့် တိုင်ကြားမှုစနစ်

ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို ဖန်တီးခြင်း သို့မဟုတ် ပိုမိုဆိုးဝါးလာစေခြင်းကို ရှောင်ရှားရန် သင်၏အလုပ်ကို လိုက်လျောညီထွေဖြစ်အောင်လုပ်ပုံနှင့် ပတ်သက်သည်များအပြင် တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားမှုစနစ်နှင့် ပတ်သက်သော လမ်းညွှန်ချက်ကို ပိုမိုသိရှိရန်အတွက် မိုဂျူး ၂ "ခေါင်းစဉ်" ကို ကြည့်ပါ။

နိုင်ငံ စီ (C) တွင် NGO များအားလုံးနီးပါးသည် အကျိုးခံစားခွင့်ရှိသူများနှင့် အခြားဒေသခံများ အသုံးပြုရန်အတွက် ၎င်းတို့၏စင်တာများတွင် မကျေနပ်မှုတိုင်ကြားခြင်းနှင့် တုံ့ပြန်အကြံပြုချက်ပေးနိုင်သည့် သေတ္တာများကို ပေးထားသည်။ ၎င်းတို့သည် အွန်လိုင်း သို့မဟုတ် ဖုန်းဖြင့် တုံ့ပြန်အကြံပြုရန်လမ်းကြောင်းများ ပေးမထားသောကြောင့် လူများသည် တုံ့ပြန်အကြံပြုချက်ကို လူကိုယ်တိုင်သာ ပေးနိုင်ကြသည်။ အချို့ NGO များသည် ဘေးကင်း လုံခြုံရေးနှင့် စိတ်ကျန်းမာရေး အပါအဝင် အကြောင်းအရာပေါင်းစုံနှင့် ပတ်သက်ပြီး ၎င်းတို့ မေးခွန်းများ မေးမြန်းကြသည့် ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း (FGDs) များမှတစ်ဆင့် တုံ့ပြန်ချက်များကိုလည်း စုဆောင်းကြသည်။ ဖြစ်နိုင်လျှင် ၎င်းတို့သည် ကျား-မ အလိုက် အုပ်စုများခွဲကာ IDP နှင့် အိမ်ရှင်ဒေသခံများကို ခွဲထုတ်ကြသည်။ သို့သော် အရင်းအမြစ်များသည် အကန့်အသတ်ရှိသောကြောင့် တစ်ခါတစ်ရံ ၎င်းတို့သည် FGD တစ်ခုတည်းအောက်တွင် လူတိုင်းကို စုစည်း၍ ဆောင်ရွက်သည်။

မကြာသေးမီက ပြုလုပ်ခဲ့သော စစ်တမ်းတစ်ခုအရ နိုင်ငံ စီ (C) ရှိ ဒုက္ခသည်အများစုသည် NGO များထံသို့ တုံ့ပြန်ချက် သို့မဟုတ် တိုင်ကြားချက်များကို မည်သို့အစီရင်ခံရမည်ကို မသိကြကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် နိုင်ငံ D တွင် NGO များသည် ယုံကြည်စိတ်ချရမှုအနည်းဆုံး သတင်းအချက်အလက်ရင်းမြစ်များအဖြစ် သတင်းပို့ခြင်းကို ခံရသည်။ မသန်စွမ်းမှုရှိသူများ (PWD) သည် ၎င်းတို့၏လိုအပ်ချက်နှင့် ကိုက်ညီသော ဝန်ဆောင်မှုများကို ရယူရန် မည်သို့လုပ်ရမည်ကို မသေချာမှုများ အများအားဖြင့် ရှိနေပြီး၊ အမျိုးသမီးများသည် ကျေးဇူးမသိတတ်သူအဖြစ် အထင်မခံလိုသောကြောင့် တုံ့ပြန်အကြံပြုရန် အထူးတွန့်ဆုတ်နေကြသည်။ မကျေနပ်မှု တိုင်ကြားချက်တစ်ခုကို တင်ပြခြင်းကြောင့် အနာဂတ်တွင် NGO များထံမှ ဝန်ဆောင်မှုများမရရှိမည်ကို များစွာစိုးရိမ်ခဲ့ကြသည်။

ဘာသာစကားသည်လည်း လူများ တုံ့ပြန်အကြံပြုချက်ပေးခြင်းကို ဟန့်တားရာတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပါသည်။ နိုင်ငံ စီ (C) တွင် ဒုက္ခသည်အများစုသည် ယင်းနိုင်ငံ၏ လူအများစု အသုံးပြုသော ဘာသာစကားကို ပြောဆိုနိုင်ကြသော်လည်း ၎င်းတို့သည် NGO များ သို့မဟုတ် ဒေသတွင်းမီဒီယာများက အများအားဖြင့် မသုံးသည့် အခြားဘာသာစကားတစ်ခုဖြင့် ဆက်သွယ်ပြောဆိုရန်၊ စာဖတ်ရန်နှင့် စာရေးရန် ပို၍လိုလားကြသည်။

နိုင်ငံ စီ (C) တွင် ၎င်းတို့၏ စာဖတ်သူအများစုမှာ အိမ်ရှင်လူ့အသိုင်းအဝိုင်းဝင်များ ဖြစ်ကြသောကြောင့် ပြည်တွင်း မီဒီယာသတင်းဌာနများက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုနှင့်ဆက်စပ်သည့် အကြောင်းအရာများကို သတင်းရေးခြင်းအား ပုံမှန်အားဖြင့် ရှောင်ကြဉ်လေ့ရှိပြီး ထိုကဲ့သို့သော သက်ဆိုင်ရာအချက်အလက်များကို ရှာမတွေ့နိုင်ပါ။ ဤချဉ်းကပ်နည်းသည် ကူညီထောက်ပံ့ရေး လုပ်ငန်းလည်ပတ်ခြင်းများနှင့် ပတ်သက်၍ လူများတုံ့ပြန်အကြံပြုချက်ပေးနိုင်သည့် ချန်နယ်တစ်ခုအဖြစ် ဒေသတွင်းမီဒီယာများမှ သတင်းပေးပို့မည့် အလားအလာများကို ကန့်သတ်နေသည်။ ပြည်တွင်းမီဒီယာများသည် ၎င်းတို့၏ ဝဘ်ဆိုဒ်နှင့် လူမှုမီဒီယာစာမျက်နှာများမှတစ်ဆင့် လူအများ၏ အတွေးအမြင်များကို မျှဝေခွင့်ပြုသော်လည်း လူကိုယ်တိုင် တုံ့ပြန်အကြံပြုခွင့် ပေးအပ်မထားသောကြောင့် အင်တာနက် ရယူအသုံးပြုခွင့် မရှိသူများအနေဖြင့် တုံ့ပြန်အကြံပြုချက် မပေးနိုင်ပါ။

**ဤဖြစ်ရပ်တွင် ကျွန်ုပ်တို့သည် တုံ့ပြန်အကြံချက်နှင့် တိုင်ကြားမှုစနစ်ကို လုံခြုံဘေးကင်းစွာနှင့် အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့် ရှုထောင့်မှနေ၍ သတင်းအချက်အလက်များကို အထူးသီးသန့် ကြည့်ရှုခြင်းဖြစ်သည်။**

**အကြံပြုချက်များ** - ဤဖြစ်ရပ်တွင် တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားမှုစနစ်ကို အထူး အာရုံစိုက်ထားသောကြောင့် တိုက်တွန်းအကြံပြုချက်များသည် ရှိဆဲနည်းလမ်းများ၏ ချို့ယွင်းချက်များနှင့် ထိုကဲ့သို့သောအလေ့အကျင့်များက ရပ်ရွာအသိုင်းအဝိုင်းအတွက် အန္တရာယ်များ ဖြစ်စေနိုင်သော သို့မဟုတ် တက်ကြွစွာ ပါဝင်သူများကို ဟန့်တားနိုင်သော နေရာများပေါ်၌ အလားတူ အာရုံစိုက်ထားနိုင်ပါသည်။

- **လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအတွက်** - စာရေးစာဖတ် မတတ်သောသူများ သို့မဟုတ် ဒေသတွင်း စင်တာများသို့ မသွားလာနိုင်သူများအား ပိုမိုလက်လှမ်းမီနိုင်သည့် အရေးပေါ်ဖုန်းနံပါတ်ကဲ့သို့ ရွေးချယ်စရာများနှင့် အွန်လိုင်းနည်းလမ်းများ ထပ်ထည့်ပြီး တုံ့ပြန်အကြံပြုချက်ကို လက်ခံရန် နည်းလမ်း တစ်ခုမက လုပ်ထားပါ။ အကယ်၍ ၎င်းတို့သည် ၎င်းတို့၏လိုအပ်ချက်များ မပြည့်မီဟု ခံစားရပါက တုံ့ပြန်အကြံပြုချက် သို့မဟုတ် တိုင်ကြားချက်များကို တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်နိုင်စေရန် ရှင်းလင်းသော ရွေးချယ်စရာများရှိကြောင်း သေချာအောင်လုပ်ပါ။ တုံ့ပြန်အကြံပြုချက်ပေးရာတွင် လူအများ လုံးဝ သက်သောင့်သက်သာဖြစ်စေရန်နှင့် တုံ့ပြန်အကြံပြုချက်ပေးသူ၏ နှစ်သက်ရာဘာသာစကားကို အသုံးပြုနိုင်ရန် ဖြစ်နိုင်လျှင် FGD များ ရောထွေးခြင်းကို ရှောင်ကြဉ်ပါ။
- **မီဒီယာအတွက်** - တုံ့ပြန်အကြံပြုချက်ပေးနိုင်သည့် တိုက်ရိုက်ဖုန်းလိုင်းတစ်ခု မှတစ်ဆင့် သို့မဟုတ် ရပ်ရွာမှလုပ်သည့် ပွဲလမ်းသဘင်များ သို့မဟုတ် စစ်တမ်းများမှတဆင့်ကဲ့သို့ လူကိုယ်တိုင် ပရိသတ်ထံမှ တုံ့ပြန်ချက်ယူနိုင်သည့် ရွေးချယ်စရာများကို စူးစမ်းရှာဖွေပါ။ အကယ်၍ ၎င်းတို့သည် ၎င်းတို့၏လိုအပ်ချက်များ မပြည့်မီဟု ခံစားရပါက တုံ့ပြန်အကြံပြုချက် သို့မဟုတ် တိုင်ကြားချက်များကို တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်နိုင်စေရန် ရှင်းလင်းသော ရွေးချယ်စရာများရှိကြောင်း သေချာအောင်လုပ်ပါ။

## မှန်ကန်တိကျသော သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံပြီး အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့် အားကောင်းလာစေရန် အကောင်းဆုံးအလေ့အကျင့်များ

ရပ်ရွာအသိုင်းအဝိုင်းနှင့် သတင်းအချက်အလက် ပံ့ပိုးသည့် အကြံပေးများနှင့် ရရှိနိုင်သော တစ်ဆင့်ခံ သတင်းအချက်အလက်များမှတစ်ဆင့် သုံးသပ်လေ့လာချက်မှ တွေ့ရှိချက်များသည် ဖော်ထုတ်သတ်မှတ်ထားသော အန္တရာယ်များကို ကိုင်တွယ်ပြောဆိုရန် ရည်ရွယ်သည့် ခိုင်မာသောတုံ့ပြန်မှုအစုတစ်ခုအဖြစ်သို့ ပြောင်းပေးလိမ့်မည်။ ဤတုံ့ပြန်ချက်များတွင် အန္တရာယ်များကို ဖြေရှင်းရန် ဒေသတွင်းမီဒီယာသို့မဟုတ် အခြား သတင်းအချက်အလက် ပံ့ပိုးသူများ လုပ်နိုင်သည့် အရာများအပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ လုပ်နိုင်သည့် အရာများ ပါဝင်နိုင်ဖွယ်ရှိသည်။

ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များသည် ဆက်စပ်အခြေအနေကိုလိုက်၍ ကွဲပြားနိုင်သောကြောင့် ဤလမ်းညွှန်ချက်များသည် ပြဌာန်းထားသည့် အကြံပြုချက်များစာရင်းတစ်ခုကို မပေးနိုင်ပါ။ သို့သော်လည်း သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်သည့် ခြိမ်းခြောက်မှု နှင့်/သို့မဟုတ် လုပ်ကြံသတင်းကို လျော့နည်းစေ၊ အဆိုပါခြိမ်းခြောက်မှုများကို သက်သာလျော့နည်းအောင် လုပ်နိုင်သည့် ရပ်ရွာအသိုင်းအဝိုင်း၏ ထိခိုက်လွယ်မှုကို လျော့နည်းစေပြီး ရပ်ရွာအသိုင်းအဝိုင်း၏ စွမ်းဆောင်ရည်ကို တိုးမြှင့်စေနိုင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအတွင်းရှိ အကောင်းဆုံးအလေ့အကျင့်များရှိသည်။ နည်းဗျူဟာများကို ဖော်ထုတ်သည့်အခါ တုံ့ပြန်မှုတစ်ခုကို အကောင်အထည်ဖော်ရန် အကောင်းဆုံးနေရာချထားနိုင်သော ပါဝင်ပတ်သက်သူအမျိုးမျိုးကို ဖော်ထုတ်ရန် အရေးကြီးသည်။ ဤတွင် ကာကွယ်ရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများနှင့် ဒေသခံမီဒီယာများ ပါဝင်နိုင်ဖွယ်ရှိသော်လည်း အရပ်ဘက်အဖွဲ့အစည်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လှုပ်ရှားနေသူများ၊ ဒေသန္တရအစိုးရနှင့် အခြားသူများလည်း ပါဝင်နိုင်သည်။ ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ခြင်းသည် တုံ့ပြန်မှုနည်းဗျူဟာ၏ ထိရောက်မှုကို ပံ့ပိုးပေးပါမည်။

### လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများနှင့် အခြားသတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများ၏ စွမ်းဆောင်ရည်တည်ဆောက်ခြင်း (စာလုံးမည်းဖြင့်)

ထိခိုက်ခံရသည့် ရပ်ရွာအသိုင်အဝိုင်းထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ နှင့်/သို့မဟုတ် သတင်းအချက်အလက် ပံ့ပိုးပေးရန် စီမံခန့်ခွဲရေးနှင့် ထိခိုက်ခံရသူများနှင့် ရှေ့တန်းအဖွဲ့များ၏ စွမ်းဆောင်ရည် တည်ဆောက်ရန် အချိန်နှင့် အရင်းအမြစ်များကို ခွဲဝေသင့်သည်။ လေ့ကျင့်သင်ကြားခြင်းသည် ၎င်းလုပ်ငန်းစဉ်တွင် မှန်ကန်တိကျသောသတင်းအချက်အလက်များကို လုံခြုံဘေးကင်းပြီး အဓိပ္ပာယ်ရှိစွာ ရယူအသုံးပြုခွင့်ကို တိုးမြှင့်အောင် လုပ်ရမည့်အရာနှင့် နောက်ထပ်အန္တရာယ်များ မဖန်တီးကြောင်း သေချာစေသည့်နည်း နှစ်မျိုးလုံးကို ဦးတည်သင့်သည်။

### ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံမှုနှင့် ရပ်ရွာအခြေပြု ကာကွယ်ရေးဆိုင်ရာ တုံ့ပြန်မှုများ

၎င်းတို့၏ကိုယ်ပိုင်လုံခြုံရေး တိုးမြှင့်ရန်အတွက် ရပ်ရွာအခြေပြု မဟာဗျူဟာများကို ဖော်ထုတ်ရန် ရပ်ရွာအသိုင်းအဝိုင်းနှင့် အတူတကွလုပ်ဆောင်ခြင်းသည် ရပ်ရွာအခြေပြု ကာကွယ်ရေးဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများတွင်း အခြေခံကျသော လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ သင်၏ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာချက်အပေါ်အခြေခံ၍ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို လျှော့ချရန် အထောက်အကူပြုနိုင်သည့် ရပ်ရွာအသိုင်းအဝိုင်းမှ ဦးဆောင်သော နည်းဗျူဟာများကို ဖော်ထုတ်သတ်မှတ်ရန် အရေးကြီးပါသည်။

တုံ့ပြန်မှု၏ ဥပမာအချို့တွင် အောက်ပါတို့ ပါဝင်နိုင်သည် -

- သင်၏ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာချက်ကို သုံးပြီး မသမာသူများကို ဖော်ထုတ်သတ်မှတ်နိုင်ရန် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းအတွင်း အသိအမြင် မြှင့်တင်ခြင်းနှင့် သတင်းမှား ပျံ့နှံ့မှုကို သက်သာလျော့ပါးစေရန် နည်းလမ်းများနှင့် ပတ်သက်၍ လုပ်ကိုင်ပါ။ ဥပမာအနေဖြင့် သတင်းမှား ဖြန့်ဖြူးခြင်းကို လက်ခံအသိအမှတ်ပြုခြင်းနှင့် ထိုအစားပိုမိုမှန်ကန်တိကျသော သတင်းအချက်အလက်များကို ဝေမျှပုံနှင့် ပတ်သက်သည့် လူများ၏ အတွေ့အကြုံများအကြောင်းကို ဝေမျှပေးသည့် ရပ်ရွာအစည်းအဝေးများကို သင် လက်ခံကျင်းပပေးနိုင်သည်၊ သို့မဟုတ် လူမှုဆက်ဆံရေးများကို စောင့်ကြည့်နားထောင်ခြင်း/ကောလာဟလ ခြေရာခံလှုပ်ရှားမှုများ မှတစ်ဆင့် ဖော်ထုတ်သတ်မှတ်ထားပြီးသော အထူးအန္တရာယ်ရှိသည့် သတင်းမှား ဖြန့်ဖြူးမှုများအကြောင်း အသိအမြင် မြှင့်တင်ပေးရန် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့များနှင့်အတူ အလုပ်လုပ်နိုင်သည်။
- အထူးသဖြင့် ရပ်ရွာအသိုင်းအဝိုင်း၏ ဘေးဖယ်ခံထားရသောအပိုင်းများကို ဒစ်ဂျစ်တယ်အန္တရာယ်အကြောင်း အသိအမြင် မြှင့်တင်ပေးခြင်း။ အကယ်၍ သင်၏သုံးသပ်လေ့လာချက်အရ သီးသန့်အုပ်စုတစ်ခုသည် အွန်လိုင်းပေါ်တွင် ဖော်ထုတ်ခံရရန် အန္တရာယ်များနေကြောင်းကို ဖော်ထုတ်သိရှိရပါက၊ သင်၏ကိုယ်ရေးအချက်အလက်များကို ကာကွယ်နည်း၊ ဆိုရှယ်မီဒီယာပေါ်တွင် သီးသန့်အဖွဲ့များနှင့် အများမြင်အဖွဲ့များကို ခွဲခြားဖော်ထုတ်နည်း၊ စကားဝှက် ကာကွယ်ရေး အားကောင်းစေသည့်နည်း စသည့် အခြေခံ ဒစ်ဂျစ်တယ်လုံခြုံရေးနှင့် ပတ်သက်သည့်အလုပ်ကို ပစ်မှတ်ထားသည့် အသိအမြင် မြှင့်တင်ပေးခြင်းကို သင်လုပ်နိုင်သည်။

**စည်းရုံးလှုံ့ဆော်ရေးနှင့် မူဝါဒ**

တုံ့ပြန်မှု နည်းဗျူဟာအချို့သည် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များအား လွှမ်းမိုးနိုင်သည့် နောက်ခံမူဝါဒများကို ပြောင်းလဲရန် စည်းရုံးလှုံ့ဆော်ရေး သို့မဟုတ် မူဝါဒပိုင်း ထိတွေ့လုပ်ဆောင်မှု လိုအပ်ဖွယ်ရှိပါလိမ့်မည်။ မီဒီယာ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အင်တာနက်ပေါ်၌ ကိုယ်ရေးလုံခြုံခွင့်နှင့် ပိတ်ဆို့မှုများနှင့် ထပ်ဆောင်းအရာ အများအပြား ပတ်လည်ရှိ မူဝါဒများသည် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို ဖြစ်ပေါ်စေကြောင်း ဖော်ထုတ်သတ်မှတ်နိုင်သည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများအတွက် ဤသည်က သက်ဆိုင်ရာမူဝါဒပြဿနာများနှင့် ပတ်သက်၍ လုပ်ကိုင်နေသည့် ဖွံ့ဖြိုးတိုးတက်ရေး၊ အရပ်ဘက်အဖွဲ့အစည်း သို့မဟုတ် မီဒီယာသမားများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ၎င်းတို့၏အလုပ်က ကာကွယ်ရေးဆိုင်ရာ အန္တရာယ်တစ်ခုကို လျှော့ချရာတွင် မည်သို့အထောက်အကူပြုပုံကို နားလည်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုများကို ထည့်သွင်းစဉ်းစားခြင်း၊ သို့မဟုတ် သတ်သတ်မှတ်မှတ် စည်းရုံးရေးလှုံ့ဆော်ရေး လုပ်ငန်းကို သင်ကိုယ်တိုင် လုပ်ခြင်းတို့ လိုအပ်နိုင်သည်။

**ဝန်ဆောင်မှုများ**

တစ်ခါတစ်ရံတွင် သုံးသပ်လေ့လာချက်တစ်ခုသည် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို ပိုမိုဆိုးရွားစေသည့် သို့မဟုတ် စတင်ဖြစ်ပေါ်စေသည့် ဝန်ဆောင်မှုများတွင် တိကျသည့်ကွာဟချက်တစ်ခုကို ဖော်ထုတ်ပေးနိုင်သည်။ လူများသည် ဖုန်းများ၊ သို့မဟုတ် ဒေတာ/အင်တာနက် ရယူအသုံးပြုရန် သို့မဟုတ် ကြိုးမဲ့အင်တာနက်အသုံးပြုရန် ငွေ သို့မဟုတ် သတင်းဖတ်ရှုရန် ဘေးကင်းသောနေရာတစ်ခုသာ လိုအပ်နိုင်သည်။ သို့မဟုတ် ဥပမာအားဖြင့် ဘာသာစကား၊ တည်နေရာ၊ သို့မဟုတ် ဖြန့်ဝေသည့်နည်းလမ်းပုံစံများ ကဲ့သို့ ရှိပြီးသား သီးသန့်ဝန်ဆောင်မှုများအပေါ် ချိန်ညှိမှုများလုပ်ရန် လိုကောင်းလိုနိုင်သည်။ တစ်ခါတစ်ရံတွင် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်တစ်ခုအတွက် အဖြေသည် သတင်းအချက်အလက်ထုတ်လုပ်ခြင်း မဖြစ်မနေမဟုတ်တတ်ပါ။

တုံ့ပြန်မှု၏ ဥပမာအချို့တွင် အောက်ပါတို့ ပါဝင်နိုင်သည် -

- အင်တာနက်ချိတ်ဆက်မှု တိုးမြင့်အောင် ပံ့ပိုးပေးခြင်း သို့မဟုတ် အင်တာနက်သုံးရန် ဘေးကင်းလုံခြုံသောနေရာများ ထားရှိပေးခြင်းမှတစ်ဆင့် လူများအတွက် ဘေးကင်းလုံခြုံသော ချိတ်ဆက်မှုကို တိုးမြှင့်ပေးခြင်း။ ဘေးကင်းလုံခြုံသည့် နေရာတစ်ခုဖြစ်အောင် ဘာကလုပ်ပေးသည် ဆိုခြင်းက အခြေအနေအလိုက် ကွဲပြားပါလိမ့်မည်၊ သို့သော် အမျိုးသမီးများက ၎င်းတို့၏အိမ်အပြင်တွင် အင်တာနက်သုံးရခြင်းအကြောင်း၊ လူများက ၎င်းတို့စေ့စပ်လုပ်ဆောင်နေသည့် အကြောင်းအရာ ပတ်လည်တွင် ၎င်းတို့တွင် ကိုယ်ရေးလုံခြုံခွင့်ရှိစေရန် အခြားဝန်ဆောင်မှုများရှိသည့် နေရာတစ်ခု သို့မဟုတ် ၎င်းအတွင်းတွင် ဒစ်ဂျစ်တယ်ကာကွယ်ရေးအစီအမံများနှင့် အကူအညီများ တိုးမြှင့်ထည့်ထားသည့် နေရာတစ်ခုသို့ သွားပြီး အင်တာနက်သုံးရခြင်းအကြောင်းတို့လည်း ဖြစ်နိုင်သည်။
- ကျန်းမာရေးဝန်ဆောင်မှုများ သို့မဟုတ် အရပ်ဘက်ဆိုင်ရာစာရွက်စာတမ်းများကဲ့သို့သော ဝန်ဆောင်မှုများကို ရယူရန် ဘာသာစကားရွေးချယ်ခွင့်များ တိုးမြှင့်ခြင်း။
- လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုတစ်ခု (အစဉ်အားဖြင့် ငွေသားဆိုင်ရာလုပ်ကိုင်သည့် အဖွဲ့တစ်ခုမှလုပ်သည်) တွင် အိမ်ထောင်စုတစ်စုအတွက် တွက်ချက်ထားသည့် အနည်းဆုံးအသုံးစရိတ်စုစည်းမှုတွင် ဆက်သွယ်ပြောဆိုရေး ကုန်ကျစရိတ်များပါဝင်နေသလို ထပ်ဆောင်း ငွေသားပြဌာန်းချက်က ဆက်သွယ်ရေးကိရိယာများ ဝယ်ယူခြင်း သို့မဟုတ် ပြုပြင်ခြင်း၊ အားသွင်းခြင်းတို့ကဲ့သို့ သတင်းအချက်အလက်သုံးရာတွင် အခြားအတားအဆီးများကို ဖြေရှင်းနိုင်သည့် အပိုထပ်ဆောင်းငွေသားပေးခြင်းသာမက တရားဝင်အထောက်အထား စာရွက်စာတမ်းများကို ရယူခြင်း (၎င်းသည် ဆင်းမ်ကတ်တစ်ခု ရယူသည့် အခြေအနေတစ်ခု ဖြစ်တတ်သည်) နှင့် ဆက်စပ်သောကုန်ကျစရိတ်များကို ကာမိစေရန် ကိုင်တွယ်ပြောဆိုနိုင်သည်။ ကာကွယ်ရေးအတွက် ငွေပေးခြင်းဖြစ်ရပ်တွင် ဤဝန်ဆောင်မှုသည် လူတစ်ဦးချင်း/အိမ်ထောင်စုအလိုက် လိုအပ်ချက်များနှင့် ကိုက်ညီစေသည့် ပြည့်စုံသော ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ တုံ့ပြန်ချက်တစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်သင့်သည်။

**ချန်နယ်များနှင့် ပလက်ဖောင်းများကို စနစ်တကျစုစည်းပုံ**

သင်၏ ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာချက်တွင် သတင်းအချက်အလက်ရယူအသုံးပြုရန် လူအမျိုးမျိုး သုံးသည့် ယုံကြည်စိတ်ချရသောချန်နယ်များနှင့် ပလက်ဖောင်းများနှင့် ၎င်းတို့နှင့် ဆက်စပ်နေသည့် သီးခြားအန္တရာယ်များအကြောင်း နားလည်သဘောပေါက်ခြင်းနှင့် ဆက်စပ်သည့် တွေ့ရှိချက်များ ပါရှိသင့်သည်။ အချို့သော တုံ့ပြန်မှုနည်းဗျူဟာများတွင် ပလက်ဖောင်းများနှင့် ချန်နယ်များ ကိုယ်တိုင်အတွင်းရှိ ပြဿနာများကို ကိုင်တွယ်ပြောဆိုခြင်း ပါဝင်နိုင်သည်။

ဥပမာများတွင် ပါဝင်သည်မှာ -

- အဓိက တုံ့ပြန်မှုနည်းဗျူဟာမှာ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းမှ ဘေးအကင်းဆုံးဟု ယူဆထားသည့် ချန်နယ်များကို ၎င်းတို့ ရယူအသုံးပြုနိုင်အောင် ပံ့ပိုးကူညီပေးရန်ဖြစ်သည်။ သီးသန့် ပါဝင်နိုင်မည့် အခြားရွေးချယ်စရာများကို ပေးပြီး လူထုအစည်းအဝေးများအတွက် လူကိုယ်တိုင်တွေ့ဆုံမည့်နေရာကို စဉ်းစားပါ။ အွန်လိုင်းချန်နယ်များအတွက် သင့်အတွက် အသုံးပြုရအလွယ်ဆုံးဖြစ်သည့်အရာထက် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းမှ ရွေးချယ်ထားသည့်အရာများကို သင် သုံးနေကြောင်း သေချာပါစေ။ ဘေးကင်းလုံခြုံသော အွန်လိုင်းပလက်ဖောင်းများနှင့် ပတ်သက်သည့် လမ်းညွှန်မှုရရှိရန် မိုဂျူး ၂ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာ ကဏ္ဍကို ကြည့်ပါ။
- လူအမျိုးမျိုးသည် အန္တရာယ်အမျိုးမျိုးကို ခံနိုင်ရည်အား နည်းသောကြောင့် ရပ်ရွာအသိုင်းအဝိုင်း ထိတွေ့ဆက်ဆံမှု ချန်နယ်များအတွက် ရွေးချယ်စရာ အမျိုးမျိုးရှိကြောင်း သေချာအောင်လုပ်ပေးပါ။
- မည်သည့် သီးသန့်ချန်နယ် သို့မဟုတ် ပလက်ဖောင်းတစ်ခုမဆိုက ၎င်းတို့ကို ပေးနိုင်သည့် ကိုယ်ရေးလုံခြုံခွင့် အဆင့်အကြောင်းကို ရပ်ရွာအသိုင်းအဝိုင်းဝင်များအား လမ်းညွှန်မှု ပေးပါ၊ ဤသည်က လူများ မိမိတို့ကိုယ်ကို အန္တရာယ်ဖြစ်စေနိုင်သည့် ယူဆချက်များ မလုပ်ကြောင်း သေချာစေသည်။
- အကယ်၍ သီးခြားပလက်ဖောင်းများ သို့မဟုတ် ချန်နယ်များသည် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များဖြစ်စေသည့် သတင်းမှား ဖြန့်ဖြူးခြင်း၏ ရင်းမြစ်များ ဖြစ်နေပုံပေါက်ပါက ၎င်းကို ထိပ်တိုက်ရင်ဆိုင်ရန် သို့မဟုတ် စီမံခန့်ခွဲရန် နည်းဗျူဟာတစ်ရပ် ဖော်ထုတ်ရန် ထည့်သွင်းစဉ်းစားပါ။ ဤသည်က တိကျသောခေါင်းစဉ်တစ်ခုနှင့် ပတ်သက်ပြီး ယုံကြည်စိတ်ချရသည့် အခြားသတင်းအချက်အလက်ပုံစံများ ပေးနိုင်သော အမှန်အကန်လှုပ်ရှားသူ (ဒေသခံမီဒီယာ သို့မဟုတ် အရပ်ဘက်အဖွဲ့အစည်းများဖြစ်နိုင်သည်) ကို ဖော်ထုတ်ခြင်း ဖြစ်နိုင်သည်။

**အကြောင်းအရာ**

တစ်ခါတစ်ရံတွင် ၎င်းကိုယ်တိုင်သည် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို ဖြစ်စေသည့်အကြောင်းအရာများဖြစ်နိုင်သည်၊ ဥပမာ- သတင်းမှား ဖြန့်ဖြူးခြင်းနှင့် လုပ်ကြံသတင်းများ။ သင်၏ တုံ့ပြန်မှုနည်းဗျူဟာများသည် ဘေးကင်းလုံခြုံသော သတင်းအချက်အလက်ရရန် အခြားအရင်းအမြစ်များ ပြဌာန်းပေးမှုကို ကူညီပံ့ပိုးခြင်းဖြင့် ဤအကြောင်းအရာကို ကိုင်တွယ်ပြောဆိုရန် နည်းလမ်းများကို ထည့်သွင်းစဉ်းစားသင့်သည်။


- ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များဆီသို့ ဦးတည်စေသော သတင်းမှား ဖြန့်ဖြူးခြင်းအတွက် အခြားရွေးချယ်စရာများပေးရန် ဘက်စုံချဉ်းကပ်နည်းများကို စဉ်းစားပါ။ ဤတွင် သတင်းမှား ဖြန့်ဖြူးမှုများကို ခြေရာခံခြင်းနှင့် နားလည်သဘောပေါက်ခြင်း၊ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းတွင် သတင်းမှားများကို ထည့်သွင်းခြင်းခံရစေသည့် အကြောင်းရင်းများက ဘာဖြစ်ကြောင်း ဖော်ထုတ်ခြင်း၊ အခြားရင်းမြစ်များ ပံ့ပိုးပေးရန် နည်းလမ်းများ ဖော်ထုတ်ခြင်းနှင့် ၎င်းကို တန်ပြန်နိုင်သည့် သတင်းအချက်အလက်ပေးသည့် ချန်နယ်များ ပါဝင်နိုင်သည်။ ဤတွင် ဝန်ဆောင်မှုများကို ရယူအသုံးပြုပုံနှင့် ပတ်သက်သည့် မှန်ကန်တိကျသော သတင်းအချက်အလက်များကို ပံ့ပိုးပေးခြင်း၊ ပြည်သူများ ကျိုးကြောင်းသိရှိ ဆုံးဖြတ်ချက်များချနိုင်ရန် လိုအပ်သော လုံခြုံရေးဆိုင်ရာအကြောင်းအရာ သုံးသပ်လေ့လာချက်များကို ပိုမိုပေးအပ်ရန် ပြည်တွင်းမီဒီယာများကို ပံ့ပိုးပေးခြင်း၊ ကြိုတင်လက်ဦးမှုယူ၍ နေရပ်စွန့်ခွာထွက်ပြေးခြင်း သို့မဟုတ် ကလေးစစ်သား စုဆောင်းခြင်းတို့ ဖြစ်ဖို့ ဦးတည်စေသည့် လက်နက်ကိုင်အဖွဲ့များထံမှ ဇာတ်လမ်းများကို တန်ပြန်ခြင်းအပြင် အခြားရွေးချယ်စရာများစွာကဲ့သို့သော ရိုးရှင်းသည့် ကြိုးပမ်းမှုများစွာလည်း ပါဝင်နိုင်သည်။
- အချို့သတင်းမှား ဖြန့်ဖြူးခြင်းပုံစံများကို လူများ ထိခိုက်လွယ်အောင်လုပ်နိုင်သည့် စာတတ်မြောက်မှု၊ သတင်းအချက်အလက် အသုံးပြုတတ်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှုဆိုင်ရာ စွမ်းဆောင်ရည်များကို ထည့်သွင်းစဉ်းစားပါ။ တုံ့ပြန်မှုများတွင် သတင်းမှားဖြန့်ဖြူးခြင်းနှင့် လုပ်ကြံသတင်းတို့အနက်မှ အန္တရာယ်အရှိဆုံးပုံစံများကို အထူးပစ်မှတ်ထားသည့် ရပ်ရွာအသိုင်းအဝိုင်းဝင်များကို သတင်းအချက်အလက်နှင့် မီဒီယာ အသုံးပြုတတ်ရန် ပံ့ပိုးမှုပေးခြင်း ပါဝင်နိုင်သည်။


**မိုဂျူး ၃ ၏ အဆုံး**

# မိုဂျူး ၄


## ထိခိုက်မှုကို လျှော့ချခြင်း - အရေးပေါ်အခြေအနေများတွင် မီဒီယာနှင့် သတင်းထောက်များအတွက် လမ်းညွှန်ချက်













### သတင်းအချက်အလက်များသည် အသက်ပေါင်းများစွာကို ကယ်တင်ပေးပါသည်

၁ အမျိုးသမီးသတင်းထောက်တစ်ဦးသည် နှိပ်စက်ညှဉ်းပန်းခံရမှုများကို မှတ်တမ်းတင်ရန် သူမ၏ အိမ်နီးဝန်းကျင်ရှိ အကြမ်းဖက်မှုတစ်ခုကို မှတ်တမ်းတင်ရိုက်ကူးလိုက်သည်။

၂ မီဒီယာတစ်ခုက အမျိုးသမီးများနှင့် ကလေးငယ်များအတွက် ခိုလှုံရာနေရာတစ်ခုကို မြှင့်တင်နေသည့် ဆိုရှယ်လ်မီဒီယာပို့စ်တစ်ခုကို လူသိရှင်သိ မျှဝေလိုက်သည်။

၃ မိသားစုတစ်စုသည် ယုံကြည့်ရသည့်သတင်းရင်းမြစ်တစ်ခုမှ ရရှိလာသည့် သတင်းအချက်အလက်ကိုအခြေခံ၍ သဘာဝကပ်ဘေးအန္တရာယ်ဖြစ်ပေါ်လေ့ရှိတတ်သည့် ဒေသတစ်ခုတွင် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်လိုက်သည်။

### သတင်းအချက်အလက်များသည် လူသားများကို ဘေးအန္တရာယ် ကျရောက်စေနိုင်ပါသည်

၄ သတင်းအချက်အလက်ဖန်တီးရန် အဖြစ်အပျက်များကို မှတ်တမ်းတင်ရိုက်ကူးခြင်းသည် ထိလွယ်ရှလွယ်သည့် အကြောင်းအရာဖြစ်နိုင်ပြီး သတင်းထောက်အမျိုးသမီးကို ပစ်မှတ်ထားခံရနိုင်သည်။

၅ အကယ်၍ ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှုနည်းပါးခဲ့ပါက မီဒီယာအနေဖြင့် ခိုလှုံရာနေရာ၏ တည်နေရာကို ပြစ်မှုကျူးလွန်သူများအတွက် အမှုမဲ့အမှတ်မဲ့ ဖော်ပြမိစေနိုင်ပြီး ထိုနေရာတွင် နေထိုင်လျက်ရှိသည့် အမျိုးသမီးများနှင့် ကလေးငယ်များကို ဘေးအန္တရာယ်အတွင်းသို့ တွန်းပို့မိစေနိုင်သည်။

၆ မိသားစုတစ်စုသည် ယုံကြည်ရသော်လည်း အဆုံးသတ်တွင် လုံးဝအားကိုးစရာမကောင်းသည့် အရင်းအမြစ်တစ်ခုမှ သတင်းအချက်အလက်များအပေါ် မှီတည်၍ တရားဝင် အရေးပေါ် သတိပေးချက်များကို လျစ်လျူရှုပြီး အန္တရာယ်ရှိသော လမ်းကြောင်းတွင် နေထိုင်ရန် ရွေးချယ်မိသွားနိုင်သည်။

Internews

# မိုဂျူး ၄ အကြောင်းအရာများ


**မိတ်ဆက်.. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .၁၁၄**

ဤလမ်းညွှန်စာအုပ်သည် မည်သူတို့အတွက်ဖြစ်ပါသလဲ။ . ... ... ... ... ... ... ... ... ... ... ... ... ... ... .၁၁၅

ဤလမ်းညွှန်းစာအုပ်ကို ကျွန်ုပ်တို့ ဘာကြောင့်ဖန်တီးထားပါသလဲ။ ... ... ... ... ... ... ... ... ... ... .၁၁၆

**ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များက ဘာတွေပါလဲ။ .. .. .. .. .. .. .. .. .. .. .. .. .. .. .. .၁၁၇**

**သတင်းအချက်အလက်နှင့် သက်ဆိုင်သောအန္တရာယ်များက ဘာတွေပါလဲ။.. .. .. .. .. .၁၂၀**

**လုံခြုံဘေးကင်းပြီး တာဝန်ခံမှုရှိသော မီဒီယာ - ကျွန်ုပ်တို့၏ လုပ်ပုံလုပ်နည်းများသည် အသုံးပြုသူပရိသတ်များကို မည်သည့်ပုံစံနှင့် ကာကွယ်ပေးနိုင်ပါသလဲ။ . .. .. .. .. .. .. .၁၂၄**

ကိုယ်ရေးလုံခြုံခွင့် ချိုးဖောက်မှုများ.. ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... .၁၂၆

စိတ်ဒဏ်ရာဖြင့်ရှင်သန်နေသူများအား မေးမြန်းစုံစမ်းခြင်း. ... ... ... ... ... ... ... ... ... ... ... ... ... ... .၁၃၀

ကလေးငယ်များနှင့် ပတ်သက်ပြီး သတင်းပို့အစီအရင်ခံခြင်း. ... ... ... ... ... ... ... ... ... ... ... ... ... .၁၃၁

မလိုမုန်းတီးခြင်း၊ စိတ်ဝမ်းကွဲခြင်းနှင့် အမုန်းစကားဖြန့်ဝေခြင်းတို့ကို အားပေးအားမြှောက်ပြုခြင်း . ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... .၁၃၃

ပဋိပက္ခကို အာရုံခံသည့် သတင်းစာ၊ စာနယ်ဇင်းပညာ. ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...၁၃၃

သတင်းမှားဖြန့်ခြင်းနှင့် လုပ်ကြံသတင်းဖြန့်ခြင်းများတွင် ပေါင်းစည်းပါဝင်ခြင်း သို့မဟုတ် ဖြစ်ပေါ်လာစေခြင်း. ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... .၁၃၄

မျိုးကွဲစုံလင်မှုနှင့် ကိုယ်စားပြုမှု ကင်းမဲ့ခြင်း.. ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... .၁၃၅

အွန်လိုင်း ပလက်ဖောင်းများ .. ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...၁၃၆

**လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .၁၃၉**

လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှုအဆင့် (၅)ဆင့် .. ... ... ... ... ... ... ... ... ... ... ... ... ... .၁၃၉

**အသိပညာတည်ဆောက်ပုံ ဖြစ်ရပ်နမူနာများ .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .. .၁၄၃**

# မိတ်ဆက်

ဤလမ်းညွှန်စာအုပ်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများတွင် ကျင်လည်လုပ်ကိုင်နေသော သတင်းထောက်နှင့် အခြားမီဒီယာဝန်ထမ်းများအား အထောက်အပံ့ပေးနိုင်ရန်အတွက် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ အကျပ်အတည်းများ၏ အကျိုးသက်ရောက်မှုကိုခံစားနေရသော လူ့အသိုက်အဝန်းများသည် ဆုံးဖြတ်ချက်များချနိုင်ရန် မှန်ကန်တိကျသော သတင်းအချက်အလက်များကို အရေးတကြီးလိုအပ်လျက်ရှိသည်။




မီဒီယာသတင်းဌာနများသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကာလများကြောင့် နည်းမျိုးစုံနှင့် သက်ရောက်ခံနေရပြီး ရလဒ်အနေဖြင့် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြရသည်။ အခြေခံ အဆောက်အအုံနှင့် စက်ပစ္စည်းကိရိယာများ ပျက်စီးခြင်း၊ ထိခိုက်မှုရှိသော နယ်မြေများသို့ ဝင်ထွက်သွားလာရန် ကန့်သတ်ချက်များရှိခြင်းနှင့် ၎င်းတို့၏ ဝန်ထမ်းများ ဘေးကင်းလုံခြုံမှု နှစ်ခုစလုံးသည် လုပ်ကိုင်နေသောအရာအားလုံးကို ပိုမိုခက်ခဲစေသည်။ ထို့အပြင် မီဒီယာများသည် အကျပ်အတည်းဆိုင်ရာ သတင်းထောက်များအဖြစ် **နှင့်** ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်း၏ အဖွဲ့ဝင်များအဖြစ် အခန်းကဏ္ဍနှစ်ခုလုံးတွင် မကြာခဏ ရှိနေတတ်ပြီး ၎င်းတို့၏ ပညာရှင်ဆန်သော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရင်း အကျပ်အတည်း၏ ကိုယ်ရေးကိုယ်တာ သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် သိမ်မွေ့သော ဟန်ချက်ထိန်းညှိမှုတစ်ခု လိုအပ်ပါသည်။

ဘေးကင်းလုံခြုံပြီး အဓိပ္ပာယ်ရှိရှိ ရယူအသုံးပြုခွင့်ရှိသော သတင်းအချက်အလက်အပေါ်မူတည်၍ ကျိုးကြောင်းသိရှိ ဆုံးဖြတ်ချက်များချမှတ်ရန် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအား တိုက်တွန်းရာတွင် မီဒီယာသည် အရေးပါသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်နေသည်။ ၎င်းတို့သည် ရပ်ရွာအသိုင်းအဝိုင်း၏ လိုအပ်ချက်များနှင့် စိုးရိမ်ပူပန်မှုများကို မီးမောင်းထိုးပြနိုင်ပြီး လက်တွေ့ ကျသော သတင်းအချက်အလက်များကိုလည်း မျှဝေနိုင်သည့်အပြင် အာဏာရှိသူများကို တာဝန်ခံစေ နိုင်သည်။ မီဒီယာများသည် သတင်းအချက်အလက် သုံးစွဲရာမှ ပေါ်ပေါက်လာသော အကာအကွယ် ပေးရေးအန္တရာယ်များအပေါ် ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများ၏ နားလည်မှု ပိုမိုအားကောင်း စေသည့် အစပျိုးလုပ်ဆောင်မှုများကိုလည်း ထောက်ပံ့ပေးနိုင်သောကြောင့် သတင်းအချက်အလက် လိုအပ်နေချိန်တွင် အန္တရာယ်နှင့်ကောင်းကျိုးများကို ပိုမိုကောင်းမွန်စွာ ချိန်ဆနိုင်သည်။ ထိုသို့သော ပတ်ဝန်းကျင်များတွင် လည်ပတ်နေသော မီဒီယာများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်လုပ်ထုံးများသည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ ရင်ဆိုင်နေရသော အန္တရာယ်များနှင့် မပေါင်းစည်းမိကြောင်း သေချာအောင်လုပ်ရန် တာဝန်ရှိသည်။

ဤလမ်းညွှန်စာအုပ်သည် အကျပ်အတည်းတစ်ခုတွင် သတင်းအချက်အလက် ရယူအသုံးပြု၊ ထုတ်လွှင့်၊ မျှဝေမှုများ နှင့်ပတ်သက်၍ ရပ်ရွာအသိုင်းအဝိုင်းများ ကြုံတွေ့နိုင်သော အန္တရာယ်နှင့် ခြိမ်းခြောက်မှုများ ကို စူးစမ်းရှာဖွေပေးထားသော မိတ်ဆက်တစ်ခုဖြစ်သည်။ ၎င်းသည် မီဒီယာဝန်ထမ်းများ အစီရင်ခံတင်ပြ ရာတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို နားလည်သိရှိစေရန် နှင့် ထိထိရောက်ရောက်လျော့ပါးစေရန် လမ်းညွှန်ပေးသည်။ ရည်ရွယ်ချက်မှာ အကျပ်အတည်းကြောင့် ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်း၏ ဂုဏ်သိက္ခာ သာမက ဘေးကင်းလုံခြုံမှုနှင့် လေးစားမှုတို့ကိုပါ အားပေးသည့် မီဒီယာဖန်တီးမှုကို ပျိုးထောင် ရန်ဖြစ်သည်။

## ဤလမ်းညွှန်စာအုပ်သည် မည်သူတို့အတွက်ဖြစ်ပါသလဲ။

ဤလမ်းညွှန်စာအုပ်ကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအခြေအနေတွင် လုပ်ကိုင်နေသော သတင်းထောက်များ၊ မီဒီယာဝန်ထမ်းများနှင့် အကြောင်းအရာဖန်တီးသူများအတွက် ဒီဇိုင်းရေးဆွဲထား ပါသည်။ ၎င်းတွင် ဒေသတွင်းမီဒီယာများ (ဒေသတွင်းမှဖြစ်ပြီး အကျပ်အတည်းကြောင့် ပုဂ္ဂိုလ်ရေးအရ ထိခိုက်နိုင် သို့မဟုတ် မထိခိုက်နိုင်သောသူများ)၊ နိုင်ငံပိုင်မီဒီယာများ (အကျပ်အတည်းဖြစ်ပွားနေသော နိုင်ငံမှဖြစ်သော်လည်း အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် နေရာဒေသမှ ဖြစ်နိုင်သော သို့မဟုတ် မ ဖြစ်နိုင်သော)၊ နှင့် နိုင်ငံတကာ မီဒီယာများ (နိုင်ငံတကာ ပရိသတ်များအတွက် အကျပ်အတည်းကို တင်ပြ အစီရင်ခံခြင်း) ပါဝင်သည်။ အဓိကအားဖြင့် ဤလမ်းညွှန်စာအုပ်သည် အကျပ်အတည်းကြောင့် ထိခိုက် ခံရသူများအား မေးမြန်းစုံစမ်း၊ ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူး၍ တိုက်ရိုက်တင်ပြနေသူများအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။ ဤအုတ်မြစ်အခြေခံမှုများသည် မီဒီယာရှိ တည်းဖြတ်သူ များ၊ လုပ်ငန်းပိုင်ရှင်များနှင့် အခြားသော အကြီးတန်း ဆုံးဖြတ်ချက်ချမှတ်သူများအတွက် လမ်းညွှန် ချက်အဖြစ် ဆောင်ရွက်ပေးနိုင်ပြီး ထိလွယ်ရှလွယ်သော ရပ်ရွာအသိုင်းအဝိုင်းများပေါ်အခြေခံထား သော ၎င်းတို့၏ ထုတ်လုပ်ရေးဓလေ့များ နှင့် မူဝါဒများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များ ကို ထည့်သွင်းစဉ်းစားကာ အင်တိုက်အားတိုက်ဖြေရှင်းနိုင်စေရန်ဖြစ်သည်။

## ဤလမ်းညွှန်းစာအုပ်ကို ကျွန်ုပ်တို့ ဘာကြောင့်ဖန်တီးထားပါသလဲ။

ဤလမ်းညွှန်စာအုပ်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများတွင် လုပ်ကိုင်နေကြသည့် မီဒီယာ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ကူညီထောက်ပံ့ရေးလုပ်သားများအတွက် သတင်းအချက်အလက် ဝင်ရောက်အသုံးပြု၊ မျှဝေ၊ ဖန်တီးခြင်းနှင့် ရယူခြင်းဆိုင်ရာ အန္တရာယ်များနှင့် ခြိမ်းခြောက်မှုများကို ဖော်ထုတ်ရန်နှင့် လျော့ပါးသက်သာစေရန် ရည်ရွယ်သော အရင်းအမြစ်စုံ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

- **မိုဂျူး ၁ - စတင်ခြင်း- ပိုမိုစိတ်ချရသည့် သတင်းအချက်အလက်ဂေဟစနစ်များ တည်ဆောက်ရာတွင် ဘယ်သူသည် ဘာကြောင့်နှင့် ဘယ်လို ပါဝင်ခွင့်ရနိုင်ပါမလဲ။** - ဤမိုဂျူးသည် လမ်းညွှန်ချက်များအတွက် မိတ်ဆက်ကဏ္ဍတစ်ခုဖြစ်ပြီး လိုအပ်ချက်နှင့် ရည်ရွယ်ချက်များကို အခြေပြု၍ ဤမိုဂျူးများကို အသုံးပြုရာတွင် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူအားလုံးကို ကူညီပံ့ပိုးပေးရန် အဓိကဝေါဟာရများနှင့် မေးလေ့မေးထရှိသောမေးခွန်းများ ပါဝင်သည်။
- **မိုဂျူး ၂ - လုပ်ကိုင်သည့် နည်းလမ်းများကို လိုက်လျောညီထွေရှိစေခြင်းဖြင့် ပိုမိုစိတ်ချရသော သတင်းအချက်အလက် ဂေဟစနစ်များရရှိအောင် ပေါင်းစည်းကူညီပံ့** - ဤမိုဂျူးသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းနှင့် ပြည်တွင်းမီဒီယာများ အပါအဝင် အခြားသော သတင်းအချက်အလက်ရေးရာလုပ်ဆောင်သူများအနေဖြင့် ၎င်းတို့လုပ်ကိုင်နေသော သတင်းအချက်အလက်များမှ ဖြစ်ပေါ်လာနိုင်သောအန္တရာယ်များနှင့် ထိုအန္တရာယ်များလျော့ပါးသက်သာစေရန် ဖြေရှင်းချက်များကို သိနားလည်စေရန် ကူညီပံ့ပိုးပေးသည်။ ၎င်းတွင် သတင်းအချက်အလက်ကို အဓိပ္ပာယ်ရှိရှိ ရယူအသုံးပြုခွင့်နှင့် ရပ်ရွာအသိုင်းအဝိုင်းအပေါ် တာဝန်ခံမှုရှိကြောင်း သေချာစေရန် အကောင်းဆုံးအလေ့အထများကိုပါ ခြုံငုံရေးဆွဲထားသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများသည် ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေသောမှုများနှင့် အပြိုင် လုပ်ဆောင်ချက်များကို သိရှိမည်ဖြစ်ပြီး အခြားသော သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများသည် သူတို့လုပ်ကိုင်နေသော အလုပ်များကိုအကျိုးပြုသော၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများနှင့်ပူးပေါင်းလုပ်ကိုင်မှုကို ချောမွေ့စေသော အရင်းအမြစ်များကို ရရှိနိုင်မည်ဖြစ်သည်။
- **မိုဂျူး ၃ - သတင်းအချက်အလက်သုံးစွဲရာမှ ပေါ်ပေါက်လာသော ကာကွယ်ရေးအန္တရာယ်များကို လျှော့ချခြင်း - သုံးသပ်လေ့လာချက်မှုဘောင်** - ဤမိုဂျူးသည် သတင်းအချက်အလက် ပရိုဂရမ်ရေးဆွဲရာတွင် သတင်းအချက်အလက်နှင့် ဆက်စက်သည့် ကာကွယ်ရေးအန္တရာယ်များကို လျော့နည်းစေရန် လုပ်ရှားမှုများကို ဖော်ထုတ်ပေးရန် သတင်းအချက်အလက် ဂေဟစနစ်၏ ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာချက်တစ်ခု လုပ်ကိုင်နေသော လူသားချင်းစာနာထောက်ထားမှုနှင့် အခြားသော သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများအား အထောက်အကူပြုစေရန် ဒီဇိုင်းရေးဆွဲထားသည်။ ၎င်းတွင် သင်၏ ဆက်စပ်အခြေအနေတွင်း ဖော်ပြနေသော သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို နားလည်စေရန် လိုအပ်သောဒေတာများကို စုစည်းပေးထားသည့် မူဘောင်တစ်ခုအပြင် သင်၏ ဦးတည်ချက်များ နှင့် ကျွမ်းကျင်မှုပေါ်မူတည်ပြီး အကြံပြုတိုက်တွန်းချက်များပေးမည့် လမ်းညွှန်တစ်ခုလည်း ပါဝင်သည်။ ပြည်တွင်းမီဒီယာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူသားချင်းစာနာထောက်ထား

မှုဆိုင်ရာ လုပ်ဆောင်သူများနှင့် အကာအကွယ်ပေးရေး ကျွမ်းကျင်သူများသည် ၎င်းတို့၏ လုပ်ရှားမှုများအပေါ် မူတည်၍ ဤကဏ္ဍကို ကွဲပြားစွာ အသုံးပြုပါမည်။

- **မိုဂျူး ၄- ထိခိုက်မှုကိုလျော့ချခြင်း- အရေးပေါ်အခြေအနေများတွင်း မီဒီယာနှင့် သတင်းထောက်များအတွက် လမ်းညွှန်ချက်တစ်ခု** - ဤလမ်းညွှန်စာအုပ်သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေအနေများတွင် ထိလွယ်ရှလွယ်သော ရပ်ရွာအသိုင်းအဝိုင်းများအတွက် လုပ်ကိုင်နေသော သတင်းထောက်များ၊ မီဒီယာ ဝန်ထမ်းများနှင့် အကြောင်းအရာဖန်တီးသူများအတွက် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ အဓိကအားဖြင့် ဤလမ်းညွှန်စာအုပ်သည် အကျပ်အတည်းကြောင့် ထိခိုက်ခံရသူများအား မေးမြန်းစုံစမ်း၊ ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူး၍ တိုက်ရိုက်တင်ပြမည့်သူများအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။ ရပ်ရွာအသိုင်းအဝိုင်းမှ ရင်ဆိုင်နေရသော ကာကွယ်ရေးဆိုင်ရာအန္တရာယ်များနှင့် ပေါင်းစည်းခြင်းမဖြစ်ရလေအောင် မီဒီယာအလေ့အထများနှင့် ပတ်သက်၍ အကြံပြုချက်များပေးထားသည်။

ဤအရင်းအမြစ်များကို [ပိုမိုကောင်းမွန်သော ကာကွယ်စောင့်ရှောက်ရေးအတွက် လူထု၏ အသံများ (Community Voices for Better Protection) (CVBP)](#) ပရောဂျက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖန်တီးခဲ့သည်။ ဤပရောဂျက်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နယ်ပယ်လုပ်သားများ၊ အထူးကာကွယ်စောင့်ရှောက်ရေးအေဂျင်စီများ၊ မီဒီယာနှင့် အခြားသတင်းအချက်အလက်ပေးသူများ၏ ရှုထောင့်မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများတွင် သတင်းအချက်အလက်များနှင့် ဆက်စပ်နေသော အန္တရာယ်များကို နားလည်ရန် ရည်ရွယ်ပါသည်။ ၂၀၂၂ - ၂၃ ခုနှစ်တွင် အီရတ်၊ မာလီ နှင့် ဖိလစ်ပိုင်နိုင်ငံ သုံးခုတွင် ပြုလုပ်ခဲ့သော ကွင်းဆင်းလုပ်ငန်းကို အသုံးပြု၍ ဤအရင်းအမြစ်များသည် နားလည်မှု၊ နှင့် အန္တရာယ်နှင့် သတင်းအချက်အလက်ဆိုင်ရာ တုံ့ပြန်မှုကွာဟချက်ကို ကိုင်တွယ်ဖြေရှင်းပေးသည်။ ဤပရောဂျက်ကို USAID ၏ လူသားချင်း စာနာထောက်ထားမှုရေးရာဗျူရို (BHA) မှ ပံ့ပိုးပေးထားပါသည်။


# ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များက ဘာတွေပါလဲ။

"ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များ" ဟူသော ဝေါဟာရသည် သင်နှင့်ရင်းနှီးသော စကားလုံးတစ်ခု ဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များဟူသည်မှာ တစ်စုံတစ်ယောက် သို့မဟုတ် အဖွဲ့တစ်ဖွဲ့အား ခြိမ်းခြောက်နေသော အရာများကို ဆိုလိုခြင်းဖြစ်ပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့ရေး လုပ်သားများ အသုံးပြုသော နည်းပညာဆိုင်ရာ ဝေါဟာရတစ်ခုဖြစ်သည်။ ဤလမ်းညွှန်စာအုပ်တွင် "အန္တရာယ်များ" ဟူသောဝေါဟာရသည် မီဒီယာဝန်ထမ်းများနှင့် ပိုမိုသက်ဆိုင်မှုရှိသောကြောင့် "အန္တရာယ်များ" ဟူ၍သာ ရိုးရှင်းစွာရည်ညွှန်းထားသည်။ သို့ရာတွင် မီဒီယာနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့သူများကြား ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုသည် အကျပ်အတည်းများအတွင်း၌ တန်ဖိုးရှိသောအရာဖြစ်သည့်အတွက် သင်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စနစ်တို့ တုံ့လှယ်ဆက်ဆံရာတွင် လမ်းညွှန်ပေးရန်နှင့် ဤဝေါဟာရကို မကြာခဏ ရည်ညွှန်းလေ့ရှိသော မိုဂျူး ၁၊ ၂၊ နှင့် ၃ တို့အကြောင်း နားလည်မှုကို ထောက်ကူပေးရန်အတွက် ဤဝေါဟာရ၏ အသေးစိတ်အချက်များအကြောင်း ရှင်းလင်းပြရန် ကျွန်ုပ်တို့ အချိန်တစ်ခုယူပါမည်။

လူသားချင်း စာနာထောက်ထားမှုများသည် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို အမျိုးအစား ၃ မျိုးဖြင့် ခွဲခြားလေ့ရှိသည် -

- အကြမ်းဖက်မှု - ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အဓမ္မကျင့်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သည့် ဗုံးခွဲမှုနှင့် စစ်ရေးတိုက်ခိုက်မှုများ
- အကျပ်ကိုင်ခြင်း - အတင်းအကျပ် နေရာရွှေ့ပြောင်းစေခြင်း၊ လူကုန်ကူးခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် အုပ်စုများအတွင်းသို့ ကလေးစစ်သားစုဆောင်းခြင်း၊ ကျွန်ပြုခြင်း၊ အတင်းအကျပ်လက်ထပ်ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်း၊ ငွေညှစ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း
- တမင်ရည်ရွယ်၍ ခံစားခွင့်ကို ပိတ်ပင်ခြင်း - လူသားချင်းစာနာထောက်ထားမှုအကူအညီရယူခွင့်ကို ငြင်းပယ်ခြင်း၊ အစားအစာနှင့် ရေအရင်းအမြစ်များနှင့် ဈေးကွက်များအပါအဝင် အရပ်သားပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်း

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုတွင် ကူညီထောက်ပံ့ရေးဝန်ထမ်းများသည် အကြောင်းအရာအလိုက် အုပ်စုများ (**'Clusters'** သို့မဟုတ် အချို့သောအခြေအနေများတွင် **'Sectors'** ဟုခေါ်သည်) ဖွဲ့စည်းကာ အကျပ်အတည်းများကြောင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြေရှင်းပေးလျက်ရှိသည်။ အကျပ်အတည်းကာလများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအတွက် ရန်ပုံငွေနှင့် အရင်းအမြစ်များသည် အကန့်အသတ်နှင့်ရှိတတ်သည်။ ဤစနစ်သည် မည်သည့် အဖွဲ့အစည်းများက သီးခြားသတ်မှတ်ထားသော ထောက်ပံ့မှုပုံစံများကိုပေးရန် အသင့်တော်ဆုံးဖြစ်ကြောင်းဖော်ထုတ်ကာ လိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်ရန်နှင့် အရင်းအမြစ်များကို ပိုမိုထိရောက်စွာခွဲဝေပေးနိုင်ရန် ကူညီပေးသည်။ ဥပမာအားဖြင့် ပရောဂျက်များသည် အစားအသောက်ရှားပါးမှု၊ ခိုလှုံရာနေရာ လိုအပ်မှု၊ ဘေးကင်းသန့်ရှင်းသော သောက်သုံးရေရရှိမှုအတွက် ပစ်မှတ်ထားတတ်ကြသည်။ လူသားချင်း စာနာထောက်ထားမှု အုပ်စုဖွဲ့စနစ်အကြောင်း အသေးစိတ်ကို ဤနေရာတွင် ကြည့်ပါ။ ထိုအစုအဖွဲ့အားလုံးတို့သည် အကူအညီများကို လူအများလက်လှမ်းမီပြီး ဘေးကင်းလုံခြုံသောနည်းလမ်းများဖြင့် ပေးပို့နိုင်ရန် ရည်ရွယ်သည်။




ရုပ်ပုံ သတင်းအရင်းအမြစ် - UNOCHA

အကာအကွယ် ဟူသည်မှာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုတစ်ခုတွင် ပရိုဂရမ် (အစီစဉ်) ရေးဆွဲမှုဆိုင်ရာ အဓိကအုပ်စုနှင့် နယ်ပယ်ဖြစ်သည်။ ကာကွယ်ရေးလုပ်သားများ၏ ရည်ရွယ်ချက်သည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းမှ လူတစ်ဦးတစ်ယောက်ချင်း၏ အခွင့်အရေးများကို ထောက်ရှုကာ ထိုသူတို့အား ခြိမ်းခြောက်နိုင်ဖွယ်ရာရှိသော အန္တရာယ်များကို သိရှိနားလည်ပြီး လျော့ပါးသက်သာစေရန် အင်တိုက်အားတိုက်လုပ်ကိုင်ခြင်းဖြစ်သည်။ အကျပ်အတည်းကာလများနှင့် သဘာဝဘေးအန္တရာယ်များ၏နောက်ဆက်တွဲ ဆိုးကျိုးများမှ ဖြစ်ပေါ်လာသော သို့မဟုတ် ၎င်းတို့ကို ပိုမိုဆိုးရွားစေသော အန္တရာယ်နှင့် ဘေးဥပဒ်မျိုးစုံကို လူအများရင်ဆိုင်နေကြရသည်ကို အသိအမှတ်ပြုပေးရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် ကျား/မအခြေပြု အကြမ်းဖက်မှု (GBV)၊ လူထုအကြမ်းဖက်မှုနှင့် ရာဇဝတ်မှုဆိုင်ရာအပြုအမူ၊ သီးခြားလိုအပ်ချက်များရှိသောသူများ (အိုမင်းသော လူကြီးများ သို့မဟုတ် မသန်စွမ်းသူများ) အား လျစ်လျူရှုခြင်းနှင့် ကျား၊မ ခွဲခြားသတ်မှတ်မှု (Gender Identity)၊ လူမျိုးစု၊ လိင်စိတ်ခံယူမှုနှင့် အခြားသောအကြောင်းအရင်းများ ပေါ်မူတည်၍ ဖယ်ကျဉ်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကာကွယ်ရေးလုပ်သားများနှင့် မီဒီယာ နှစ်ခုလုံးသည် ၎င်းတို့၏အသိုင်းအဝိုင်းတွင်းရှိ အန္တရာယ်များကို ဖော်ထုတ်ခြင်း၊ အသိပညာပေးခြင်း နှင့် လျော့ပါးသက်သာစေခြင်းဟူသည့် ဘုံပန်းတိုင်များကို ဤလမ်းညွှန်စာအုပ် ဒီဇိုင်းရေးဆွဲထားသည့်အတိုင်း မျှဝေသည်ဟု ထည့်သွင်းစဉ်းစားထားသည်။

1. သင့်ကိုယ်ပိုင်အလုပ်တွင် အန္တရာယ်များကို မည်ကဲ့သို့ လျော့ပါးသက်သာစေနိုင်သည်ကို ဖော်ထုတ်နိုင်ရန်နှင့် သင်ယူနိုင်ရန် ထောက်ကူပေးသည့်အပြင်
2. ရပ်ရွာအသိုင်းအဝိုင်းအတွက် အန္တရာယ်များကို ပိုမိုလျော့ပါးသက်သာစေရန် ကာကွယ်စောင့်ရှောက်ရေး ကျွမ်းကျင်ပညာရှင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန်။

**ယခုထက်ပို၍ သိလိုပါသလား။** ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့ (Global Protection Cluster) သည် ကမ္ဘာတစ်ဝှမ်းရှိအရေးပေါ်အခြေအနေများ (သတင်းအချက်အလက်များအပါအဝင်) အနက် ကာကွယ်ရေးဆိုင်ရာအန္တရာယ် ၁၅ ခုကို အမြဲတစေ စောင့်ကြည့် ခြေရာခံလျက်ရှိသည်။ ယနေ့ အကျပ်အတည်းနှင့် ရင်ဆိုင်နေရသော အဓိကအန္တရာယ်ဖြစ်ပွားနေသည့် အချက် ၁၅ ခုကို ဤနေရာတွင်ကြည့်ပါ။

# သတင်းအချက်အလက်နှင့် သက်ဆိုင်သောအန္တရာယ်များက ဘာတွေပါလဲ။

အကျပ်အတည်းကာလတစ်ခုတွင် အစားအစာ၊ သောက်သုံးရေနှင့် နေရာထိုင်ခင်းများသည် အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများမှ အရေးတကြီးအလိုအပ်ဆုံး အကူအညီများအဖြစ် လူအများက စဉ်းစားလေ့ရှိကြသည်။ သို့သော်လည်း တစ်ဦးတစ်ယောက်ချင်းစီနှင့် ရပ်ရွာအသိုင်းအဝိုင်းများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ခံနိုင်ရည်စွမ်းအား မြှင့်တင်ပေးသော အထောက်အပံ့ပုံစံတစ်ခုဖြစ်သည့် သတင်းအချက်အလက်သည်လည်း အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်နေကြောင်း နားလည်လာကြပါသည်။ အကျပ်အတည်းကာလတစ်ခုတွင် လူတို့သည် သတင်းအချက်အလက်နှင့် သတင်းအချက်အလက် ဝင်ရောက်မှုကိုပံ့ပိုးပေးသော အခြေခံလည်ပတ်ဖွဲ့စည်းပုံကို အလေးထားကြသည်။ ယနေ့ခေတ်ကမ္ဘာကြီးတွင် အကျပ်အတည်းတစ်ခု ပေါ်ပေါက်လာသည်နှင့် အမျှ လူမှုကွန်ရက်မီဒီယာပေါ်တွင် တရားဝင်လုပ်ကိုင်နေသော မီဒီယာများမှ သတင်းအချက်အလက်ကို အတည်မပြုနိုင်သေးခင်အထိ အခင်းဖြစ်ပွားရာအနီးတွင်ရှိနေသော အရပ်သားသတင်းထောက်များ မျှဝေထားသည့် မှတ်တမ်းများ၊ ကိုယ်တွေ့ဖြစ်ရပ်များသည် ဖုံးလွှမ်းနေတတ်သည်။ လူအများအနေဖြင့် ဘာဖြစ်ခဲ့သည်၊ ၎င်းက ၎င်းတို့အပေါ် မည်သို့ထိခိုက်နိုင်သည်ကို နားလည်ရန်နှင့် ၎င်းတို့ကိုယ်တိုင် ဘေးအန္တရာယ်ကင်းစေရန် လိုအပ်မည့်အရာကို သိရှိရန်အတွက် ၎င်းတို့၏ သူငယ်ချင်း၊ မိသားစုထံ သို့မဟုတ် ဖုန်းများအတွင်း ချက်ချင်းလှည့်မေးနိုင်စွမ်း ရှိလိုတတ်သည်။

သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်သည် လူတို့အား ကျိုးကြောင်းသိရှိရွေးချယ်မှုများ ပြုလုပ်ရန်နှင့် ဘဝတစ်ခုလုံး၏ အရည်အသွေးကို တိုးတက်ပြောင်းလဲစေသောကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်ရေး အားထုတ်မှုများတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သို့သော်လည်း သတင်းအချက်အလက်များကို ဝေမျှနိုင်သော၊ ဝင်ရောက်အသုံးပြုနိုင်သော၊ ရယူနိုင်သောနှင့် ဖန်တီးနိုင်သော နည်းလမ်းက ရပ်ရွာအသိုင်းအဝိုင်းများ ရင်ဆိုင်နေရသော အန္တရာယ်များကို အနည်းဆုံးဖြစ်အောင် ပံ့ပိုးပေး သို့မဟုတ် ကူညီပေးနိုင်သည်။

**အကျပ်အတည်းနှင့် ကြုံတွေ့နေရသော အခြေအနေတွင် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် အဓိက အန္တရာယ်အချက်များမှာ -**

**သတင်းမှားဖြန့်ခြင်း၊ လုပ်ကြံသတင်းဖြန့်ခြင်းနှင့် သတင်းအချက်အလက်မှန်ကို လှည့်စား အသုံးချခြင်း** - သတင်းအချက်အလက်သည် စစ်မှန်သောအခါတွင် အသက်တစ်ချောင်းကို ပင် အမှန်တကယ်ကယ်တင်နိုင်သည်။ သတင်းမှားဖြန့်ခြင်း ဆိုသည်မှာ မဟုတ်မမှန်သော သတင်းများကို ရည်ညွှန်းခြင်းဖြစ်သည်။ ၎င်းတို့သည် လူများမှ မှားယွင်းနေသော သတင်း အချက်အလက်များကို အမှုမဲ့အမှတ်မဲ့ မျှဝေမိသော (သတင်းမှားဖြန့်ခြင်း)၊ ရည်ရွယ်ချက် ရှိရှိ လှည့်ဖျားရန် မျှဝေသော (လုပ်ကြံသတင်း) သို့မဟုတ် လူတို့သည် မှန်ကန်သော သတင်း အချက်အလက်ကို အခြေအနေအချိန်ခါနှင့် သက်ဆိုင်မှုမရှိဘဲ မျှဝေသော သို့မဟုတ် တိုက်ရိုက် ထိခိုက်နစ်နာမှုကိုဖြစ်စေသော (သတင်းအချက်အလက်မှန်ကို လှည့်စားအသုံးချခြင်း) လုပ်ရပ် များကို ပြုလုပ်တတ်ကြသည်[၁]။ ဤကဲ့သို့သော ထိခိုက်နစ်နာစေသော သတင်းအချက်အလက် အမျိုးအစားကို ကောလာဟလများ၊ အတုအယောင်သတင်းများ သို့မဟုတ် ပူးပေါင်းကြံစည်မှု သီအိုရီများအဖြစ် ရည်ညွှန်းထားကြောင်းလည်း သင်ကြားဖူးပါလိမ့်မည်။ ဤတိကျမှုအားနည်း သည့် သတင်းအချက်အလက် သို့မဟုတ် ချို့ယွင်းနေသော သတင်းအချက်အလက်များသည် အကျပ်အတည်းကြောင့် ထိခိုက်နစ်နာရသော လူ့အသိုင်းအဝိုင်းများအတွက် အလွန်ပင်အန္တရာယ် ရှိနိုင်ပါသည်။ ၎င်းတို့သည် လုံခြုံစိတ်ချမှုမရှိသော လုပ်ထုံးလုပ်နည်းများကို အားပေးနိုင်ပြီး အကြမ်းဖက်မှုနှင့် မလိုမုန်းထားစိတ်များကို နှိုးဆော်နိုင်သည့်အပြင် အသက်ကယ်ဝန်ဆောင်မှု များသို့ ရရှိရန် အဟန့်အတားဖြစ်စေနိုင်ရုံသာမက တစ်စုံတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု နှင့် ပတ်သက်သော ခံစားချက်ကို ရှုပ်ထွေးစေပြီး ဆက်လက်ယုတ်လျော့စေနိုင်သည်။

**မလုံလောက်၊ နှောင့်နှေး သို့မဟုတ် မပြည့်စုံသော သတင်းအချက်အလက်** - အကျပ်အတည်း တစ်ခုတွင် သတင်းအချက်အလက် မလုံလောက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းသည် ရပ်ရွာ အသိုင်းအဝိုင်းများအတွက် အန္တရာယ်ပေါင်းမြောက်များစွာ ဖြစ်စေနိုင်သည်။ ၎င်းသည် အချိန် နှင့်တစ်ပြေးညီ ဆုံးဖြတ်ချက်ချရာတွင် အခက်အခဲဖြစ်စေနိုင်သည့်အပြင် အကူအညီကို မည် သည့်နေရာတွင် မည်ကဲ့သို့ ရယူအသုံးပြုနိုင်မည်ဟူသော သိနားလည်မှုကိုလည်း အဟန့်အတား ဖြစ်စေနိုင်သည်။ ဤနှောင့်နှေးမှုသည် ဆင်းရဲဒုက္ခကို ပိုမိုဆိုးရွားစေကာ အသေအပျောက်များ ပြီး အကျပ်အတည်း၏ သက်ရောက်မှုကို ပြင်းထန်စေနိုင်သည်။ သတင်းအချက်အလက်မ လုံလောက်မှုသည် မရေရာမှုများ၊ ကောလာဟလများနှင့် သတင်းမှားဖြန့်ခြင်းများကို စေ့ဆော် နိုင်သည့်အပြင် ရပ်ရွာအသိုင်းအဝိုင်း၏ ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်များဆီသို့ ဦးတည်နိုင်သော အထိတ်တလန့်နှင့် ဖရိုဖရဲဖြစ်ခြင်းများကိုလည်း ဖြစ်စေနိုင်သည်။

**ကိုယ်ရေးကိုယ်တာ ဒေတာများကို အလွဲသုံးစားပြုလုပ်ခြင်း** - ရပ်ရွာအသိုင်းအဝိုင်းများသည် အသက်ကယ်တင်နိုင်သော သတင်းအချက်အလက်များကို အွန်လိုင်းမှ ရယူအသုံးပြုရန် ကြိုးပမ်းရာတွင် ဖြစ်နိုင်ဖွယ်ရာ အန္တရာယ်များစွာနှင့် ကြုံတွေ့ကြရသည်။ ၎င်းတို့ မည်သူ မည်ဝါဖြစ်ကြောင်း ခွဲခြားဖော်ပြနိုင်သည့် သတင်းအချက်အလက် (PII) များဖြစ်သော အမည်၊ တည်နေရာ၊ အကြွေးဝယ်ကဒ် အချက်အလက်များ (သို့မဟုတ်) ဆေးဘက်ဆိုင်ရာ မှတ်တမ်းများကို အမှတ်တမဲ့ မျှဝေမိနိုင်ပါသည်။ ကိုယ်ပိုင်သတင်းအချက်အလက်များ

ဖြစ်သော အမည်ရင်း သို့မဟုတ် တည်နေရာကို မျှဝေခြင်းသည် ၎င်းတို့၏ ဘေးကင်းလုံခြုံမှုကို ခြိမ်းခြောက်နိုင်သော မွေးရပ်နိုင်ငံမှ အာဏာပိုင်များ သို့မဟုတ် တစ်စုံတစ်ယောက်ဆီသို့ ၎င်း မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြမိနိုင်ခြေရှိသည်။ လိမ်လည်သူများ သို့မဟုတ် ဟက်ကာများက ပိုက်ဆံခိုးယူရန် သို့မဟုတ် ငွေညှစ်ရန်အတွက် PII အချက်အလက်များကို အသုံးပြုနိုင်သည်။ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့၏အိမ်ရှင်နိုင်ငံ (ဒုတိယနိုင်ငံ) များတွင် ခိုလှုံခွင့်ရရန် သို့မဟုတ် အစိုးရထံမှ တရားဝင်အသိအမှတ်ပြုမှုရရှိရန် လုပ်ဆောင်နေသော လုပ်ငန်းစဉ်အတွင်း၌ ရှိနေနိုင်သည်။ မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားဖော်ပြနိုင်သော သတင်းအချက်အလက်များကို မျှဝေခြင်းသည် ၎င်းတို့၏ ခိုလှုံခွင့်တောင်းဆိုခြင်း သို့မဟုတ် အစိုးရထံမှ တရားဝင်အသိမှတ်ပြုမှုရရှိရန် လျှောက်ထားမှုများကို ဆန့်ကျင်ကာ အဖျက်သဘောဆောင်သည့် အကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သည်။

**အွန်လိုင်းပေါ်မှ နှောင့်ယှက်မှုနှင့် မလိုမုန်းထားမှု** - အွန်လိုင်းအသုံးပြုသူများသည် အကျပ်အတည်းကြောင့် ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများ၏ လူမျိုးစု၊ အခြေအနေ အဆင့်အတန်း သို့မဟုတ် အခြားလက္ခဏာများအပေါ်မူတည်၍ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း နှင့် မလိုမုန်းထားမှုများမှတစ်ဆင့် ၎င်းတို့အား ပစ်မှတ်ထားနိုင်သည်။ အချို့သော ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များ ဖြစ်သည့် ဒုက္ခသည် အခြေအနေ သို့မဟုတ် လူမျိုးစုကို မျှဝေခြင်းသည် ခွဲခြားဆက်ဆံခြင်း သို့မဟုတ် အမည်းစက်ထင်စေခြင်း ဖြစ်စေနိုင်ပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို ပေါင်းစည်းဖြစ်ပေါ်စေသည့်အပြင် ၎င်းတို့၏ ပေါင်းသင်းဝင်ဆံ့မှုနှင့် သာမန်ဘဝများကို ဦးဆောင်နိုင်စွမ်းအပေါ်လည်း ထိခိုက်စေသည်။

**လူကုန်ကူးခြင်းနှင့် ပြန်ပေးဆွဲခြင်း** - အကျပ်အတည်းများကြောင့် ထိခိုက်ခံရသူများသည် သယ်ယူပို့ဆောင်ရေး၊ နေရာထိုင်ခင်း သို့မဟုတ် အလုပ်အကိုင်ရရှိရေးအတွက် အွန်လိုင်း သတင်းရင်းမြစ်များဘက်သို့ လှည့်လေ့ရှိကြသည်။ အရွယ်ရောက်ပြီးသူများနှင့် ကလေးငယ်များ နှစ်ဦးစလုံးတို့သည် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များကို အမြတ်ထုတ်နိုင်သော လူကုန်ကူးသူများနှင့် မှောင်ခိုသမားများ၏ ကြိုးကိုင်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းများအတွက် ထိခိုက်လွယ်မှုရှိနိုင်သည်။

**ဘာသာစကား အတားအဆီး** - အကျပ်အတည်းများကြောင့် နေရပ်စွန့်ခွာထွက်ပြေးသူများသည် ဌာနေဘာသာစကားကို ၎င်းတို့ ကျွမ်းကျင်စွာမပြောဆိုတတ်သည့် နိုင်ငံများ သို့မဟုတ် ဒေသများတွင် ရောက်ရှိနေတတ်ကြသည်။ ဤဘာသာစကားအတားအဆီးသည် တရားဝင် စာရွက်စာတမ်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလမ်းညွှန်ချက်များ သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတင်းအချက်အလက်များကဲ့သို့ အရေးကြီးသောအချက်အလက်များကို ရယူအသုံးပြုပြီး နားလည်ရန် အခက်အခဲဖြစ်စေနိုင်သည်။ ဤသည်မှာ သတင်းအချက်အလက်များအား ရယူအသုံးပြုနိုင်ရန်အတွက် ကြားခံဆက်သွယ်ပေးသူများ သို့မဟုတ် ပြင်ပအဆက်အသွယ်များအပေါ် မှီခိုရန်လည်း ပိုမိုလိုအပ်လာစေသည်။ ထိုကြားခံဆက်သွယ်ပေးသူများသည် အကူအညီဖြစ်နိုင်သော်လည်း သတင်းအချက်အလက်ရယူရာတွင် လွှမ်းမိုးနိုင်သည့် ၎င်းတို့၏ကိုယ်ပိုင် အစီအစဉ်များ သို့မဟုတ် ဘက်လိုက်မှုများရှိနေနိုင်သည်။

---

၁ ဤလမ်းညွှန်ချက်များ + မိုဂျူးများတွင် အသုံးပြုသည့် အဓိကအသုံးအနှုန်းများအကြောင်း အပြည့်အစုံဖော်ပြချက်ရရှိရန် 'ဝေါဟာရ' ကို ကြည့်ပါ

**သတင်းအချက်အလက်များ၏ တည်နေရာနှင့် ဆက်စပ်သော အန္တရာယ်များ** - သတင်းအချက်အလက်ရယူရန် သွားရမည့် အချို့နေရာများ၊ အထူးသဖြင့် ရာဇဝတ်မှုဖြစ်ပွားနှုန်းမြင့်မားသော၊ ပဋိပက္ခ သို့မဟုတ် လူထုမငြိမ်သက်မှုများရှိသော နေရာများတွင် ရယူရမည့် သတင်းအချက်အလက်ဖြစ်နေပါလျှင် အန္တရာယ်ရှိနိုင်သည်။ ဤအန္တရာယ်မျိုးသည် ထိရှလွယ်သော ရပ်ရွာအသိုင်းအဝိုင်းဝင်များဖြစ်သည့် အမျိုးသမီးများ၊ ကလေးငယ်များ၊ လိင်စိတ်ခံယူမှုကွဲပြားသူများ၊ ကျား၊မ ခွဲခြားသတ်မှတ်မှု (Gender Identity) နှင့် လိင်ပိုင်းဆိုင်ဝိသေသများ (SOCIESC / LGBTIQ+)၊ သွားလာရခက်ခဲသော သို့မဟုတ် မသန်စွမ်းမှုရှိသူများနှင့် ဖယ်ကျဉ်ခံရသော မျိုးနွယ်စုများ သို့မဟုတ် ဘာသာရေးအုပ်စုများတွင် ပိုအဖြစ်များသည်။ ထိုကဲ့သို့သော အဖွဲ့များသည် ဘေးအန္တရာယ်ရှိသော ဧရိယာသို့သွားရောက်စဉ် ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့ရသည့်အခါ ပြန်လည်တုံ့ပြန်နိုင်စွမ်း နည်းပါးလိမ့်မည်။ သို့မဟုတ် ၎င်းတို့၏ အခြေအနေကြောင့် ပစ်မှတ်ထားခံရနိုင်သည်။

**စာရွက်စာတမ်းမရှိခြင်း** - အကျပ်အတည်းကြောင့် ထိခိုက်ခံရသူ အများအပြားသည် ၎င်းတို့ နေရာရွှေ့ပြောင်းစဉ်အတွင်း အရေးကြီးသောစာရွက်စာတမ်းများ ပျောက်ဆုံးသွားခြင်း သို့မဟုတ် ကျန်ခဲ့ခြင်းများဖြစ်နိုင်ကြသည်။ ဤကဲ့သို့သောကိစ္စရပ်များသည် ၎င်းတို့အား ဖုန်းဆင်းမ်ကတ်တစ်ခုဝယ်ယူရန် ခက်ခဲစေနိုင်သည့်အပြင် သတင်းအချက်အလက် ရယူအသုံးပြုနိုင်သည့် ၎င်းတို့၏စွမ်းဆောင်ရည်တွင်လည်း ကန့်သတ်မှုများရှိစေနိုင်သည့်အပြင် ကျိုးကြောင်းသိရှိ ဆုံးဖြတ်ချက်များ ပြုလုပ်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် ပညာရေးကဲ့သို့သော မရှိမဖြစ်ဝန်ဆောင်မှုများကို ရရှိရန်၊ နယ်စပ်ဖြတ်ကျော် ခရီးသွားလာရန်၊ အလုပ်အကိုင် ရရှိရန်နှင့် ၎င်းတို့၏ သက်သေအထောက်အထား သို့မဟုတ် အစိုးရ၏ တရားဝင်အသိမှတ်ပြုမှုရရှိရန် လုပ်ဆောင်ရာတွင် ၎င်းတို့၏စွမ်းဆောင်ရည်ကို လျော့ပါးသွားစေသည်။

**ဆင်ဆာဖြတ်ခြင်းနှင့် အစိုးရ စောင့်ကြည့်မှု** - အချို့နိုင်ငံများတွင် သီးခြားသတ်မှတ်ထားသောအဖွဲ့များသည် ၎င်းတို့၏ လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် လွတ်လပ်ခွင့်များတွင် ဆင်ဆာဖြတ်ခြင်း၊ စောင့်ကြပ်ခံရခြင်း သို့မဟုတ် ကန့်သတ်ခြင်းများဖြင့် သက်ရောက်ခံနေရနိုင်သည်။ အထူးသဖြင့် အစိုးရ သို့မဟုတ် နိုင်ငံရေးနှင့် ပတ်သက်ပြီး ပြစ်တင်ဝေဖန်ခြင်းများ ဖြစ်ပါက အချို့သော သတင်းအချက်အလက်များကို ရယူအသုံးပြုခြင်းသည် ၎င်းတို့အား နှိပ်စက်ညှဉ်းပန်းမှုအန္တရာယ် ကျရောက်စေနိုင်သည်။

**ထိခိုက်နစ်နာစေလိုသော ရည်ရွယ်ချက်များရှိသည့် အဖွဲ့အစည်းများမှ တမင်တကာ အဆက်အသွယ်ဖြတ်တောက်ခြင်းများ သို့မဟုတ် ကန့်သတ်ခြင်းများ** - ဤသည်မှာ သတ်မှတ်ထားသောလူဦးရေအား အင်တာနက်ဖြတ်တောက်ခြင်း၊ အချို့သော ဝက်ဘ်ဆိုဒ်များအား ကန့်သတ်ခြင်း နှင့် သတ်မှတ်ထားသော မီဒီယာအလုပ်ခန်းများ သို့မဟုတ် မီဒီယာအမျိုးအစားများ (ဥပမာ- အလွတ်တမ်းမီဒီယာများ) အား ခြိမ်းခြောက်ခြင်း ကဲ့သို့သော လုပ်ရပ်များအပါအဝင် တမင်တကာ အဆက်အသွယ်ဖြတ်တောက်ခြင်းများ သို့မဟုတ် သတင်းအချက်အလက် ရယူအသုံးပြုမှု ကန့်သတ်ချက်များကို အားပေးသော ထိခိုက်နစ်နာစေလိုသည့် ရည်ရွယ်ချက်များရှိသည့် အဖွဲ့အစည်းများကို ရည်ညွှန်းသည်။

**သတင်းထောက်များ ဘေးကင်းလုံခြုံရေး** - ဤသည်မှာ သတင်းထောက်များ၏ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုအတွက် အပေးအယူ သို့မဟုတ် ခြိမ်းခြောက်မှုများဆိုင်ရာ သာဓကများကို ရည်ညွှန်းသည်။ ခြိမ်းခြောက်မှုများတွင် တိုက်ခိုက်ခံရသော သတင်းထောက်၏ မိသားစုဝင်များ သို့မဟုတ် အပေါင်းအပါများအား ရည်ရွယ် နှောင့်ယှက်မှု၊ ထောင်ချမှုနှင့် ထိခိုက်နစ်နာစေလိုသော ရည်ရွယ်ချက်များရှိသည့် အဖွဲ့အစည်းများ သို့မဟုတ် လုထုမှ ညွှန်ကြားမှုများ ပါဝင်သည်။ ခြိမ်းခြောက်မှုများတွင် သတင်းထောက်များအား အထူးတလည် ဦးတည်ခြင်းမဟုတ်သော်လည်း ၎င်းတို့တွင်လည်း အန္တရာယ်ရှိနေသည့် မတည်ငြိမ်သော သဘာဝဘေးကျရောက်ပြီးနောက် အခြေအနေများ သို့မဟုတ် ပဋိပက္ခအခြေအနေများကဲ့သို့သော ဘေးကင်းလုံခြုံမှုမရှိသော ပတ်ဝန်းကျင်များလည်း ပါဝင်နိုင်သည်။

**မီဒီယာ ဆင်ဆာဖြတ်ခြင်း နှင့် ကိုယ်တိုင် ဆင်ဆာဖြတ်ခြင်း** - ဆင်ဆာဖြတ်ခြင်း ဆိုသည်မှာ သတင်းအချက်အလက် အကြောင်းအရာနှင့် သတင်းပံ့ပိုးသူများကို ဖိနှိပ်ခြင်း သို့မဟုတ် တားမြစ်ခြင်းကို ရည်ညွှန်းသည်။ ဆင်ဆာဖြတ်ခြင်း၏ အကြောင်းရင်းများတွင် ညစ်ညမ်းမှု၊ နိုင်ငံရေးအရလက်မခံနိုင်မှုနှင့် လုံခြုံရေးခြိမ်းခြောက်မှုများ ပါဝင်နိုင်ပါသည်။ ဆင်ဆာဖြတ်ခြင်းကို အစိုးရများနှင့် အခြားသောအာဏာပိုင်များ၊ မီဒီယာသတင်းဌာနများ၊ အဖွဲ့အစည်းများနှင့် လူတစ်ဦးချင်းစီတို့မှ လုပ်ဆောင်နိုင်သည်။ ဆင်ဆာဖြတ်ခြင်းကို အွန်လိုင်း သို့မဟုတ် အော့ဖ်လိုင်းတွင် ပေါ်ပေါက်နိုင်ပြီး မီဒီယာနှင့် သတင်းမျှဝေမှုပုံစံအားလုံးကို ထိခိုက်စေနိုင်သည်။ ကိုယ်တိုင် ဆင်ဆာဖြတ်ခြင်းဆိုသည်မှာ လူတစ်ဦးက ၎င်း၏ကိုယ်ပိုင်ပြောဆိုချက်ကို ဆင်ဆာဖြတ်ခြင်းသို့မဟုတ် အမျိုးအစားခွဲခြား လုပ်ဆောင်မှုကို ရည်ညွှန်းသည်။ ဤလုပ်ရပ်သည် မည်သည့်ပါတီ သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းမှ ပြင်းထန်စွာဖိအားပေးခြင်းမရှိဘဲ အခြားသူများ၏ ထိရှလွယ်မှု သို့မဟုတ် ဦးစားပေးနှစ်သက်မှု (အမှန်တကယ် သို့မဟုတ် ယူဆချက်) ကို ကြောက်ရွံ့မှုကြောင့် သို့မဟုတ် ထည့်သွင်းစဉ်းစားမှုကြောင့် ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကာလများအတွင်း သတင်းအချက်အလက်ဆိုင်ရာ ပွဲအစီအစဉ်များနှင့် ဆက်စပ်အခြေအနေများတွင် စောင့်ကြည့်ခြင်းနှင့် သုံးသပ်လေ့လာခြင်းအတွက် ဆင်ဆာဖြတ်ခြင်းနှင့် မိမိဖာသာ ဆင်ဆာဖြတ်ခြင်းနှင့် ဆက်စပ်မှုအရှိဆုံးပုံစံသည် ထိခိုက်နစ်နာစေလိုသည့် ရည်ရွယ်ချက်များရှိသော အဖွဲ့အစည်းများ၏ လုပ်ရပ်များမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

## ဘေးကင်းလုံခြုံပြီး တာဝန်ခံမှုရှိသော မီဒီယာ - ကျွန်ုပ်တို့၏ လုပ်ထုံးလုပ်နည်းများသည် အသုံးပြုသူပရိသတ်များကို မည်သို့ကာကွယ်ပေးနိုင်ပါသလဲ။

သတင်းထောက်များနှင့် အခြားမီဒီယာဝန်ထမ်းများသည် သဘာဝဘေးအန္တရာယ်၏ နောက်ဆက်တွဲဆိုးကျိုးများအတွင်းဖြစ်သော ပဋိပက္ခကြောင့်ဖြစ်စေ၊ သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်း၏ ဘဝများကို သိသိသာသာ သက်ရောက်မှုရှိစေသော အခြားအကျပ်အတည်းများကြောင့်ဖြစ်စေ အကျပ်အတည်းများ ဖြစ်ပွားနေချိန်ကာလအတောတွင်း သမိုင်းတွင်တစ်ခါမျှမကြုံဖူးသော ကျင့်ဝတ်ဆိုင်ရာဖိအားပေးမှုများ

ကို ရင်ဆိုင်ကြုံတွေ့ကြရသည်။ မီဒီယာများအားလုံးသည် ကျင့်ဝတ်စံနှုန်းများအညီ လုပ်ကိုင်သင့်ပြီး ပရော်ဖက်ရှင်နယ်ဆန်သော အစီရင်ခံတင်ပြမှုများအတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို အမြဲလိုက်နာသင့်သော်လည်း အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းနှင့် အလုပ်လုပ်သည့်အခါ အပိုဆောင်း သတိပေးချက်များလိုအပ်နိုင်ပါသည်။

ပညာရှင် သတင်းစာဆရာများအသင်း၏ ကျင့်ထုံး ဥပဒေသများအရ သတင်းထောက်များအနေဖြင့် "အမှန်တရားကို ရှာဖွေတင်ပြရန်" နှင့် "ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်" အကြံပေးထားသည် — ဥပဒေသတွင်ပါဝင်သော အခြားသော အဓိကတာဝန်ဝတ္တရား နှစ်ခုကဲ့သို့ ရံဖန်ရံခါ အငြင်းပွားဖွယ်ရာ တာဝန်ဝတ္တရားများမှာ - "အမှီအခိုကင်းစွာ လုပ်ဆောင်ပါ" နှင့် "တာဝန်ခံမှုရှိပါစေ" တို့ ဖြစ်ကြသည်။

သတင်းအချက်အလက် ဖန်တီး၊ ဖြန့်ဝေ၊ သတင်းလည်ပတ်မှုကို ထိန်းညှိပေးသူများ၏ လုပ်ရပ်များသည် ထိခိုက်ခံလူထု၏ ဂုဏ်သိက္ခာကိုလေးစားပြီး ထိခိုက်နစ်နာမှု ထပ်မံမဖြစ်ပွားစေရန် တာဝန်ရှိပါသည်။ ဤတာဝန်ယူမှုသည် သတင်းအချက်အလက်နှင့် သက်ဆိုင်သည့် လုပ်ဆောင်မှုအားလုံးအတွက် အကျုံးဝင်ပြီး အစိတ်အပိုင်း ၄ ခု ပိုင်းခြားနိုင်သည် -

- **ဘေးကင်းလုံခြုံမှု နှင့် ဂုဏ်သိက္ခာ** - ကျွန်ုပ်တို့၏အလုပ်များသည် ကျွန်ုပ်တို့နှင့်တုံ့လှယ်ဆက်ဆံနေသည့် ထိခိုက်ခံ ရပ်ရွာအသိုင်းအဝိုင်းအတွက် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်အသစ်များ မဖြစ်ပေါ်စေသည့်အပြင် ထိုသူများ၏ဂုဏ်သိက္ခာကို လေးစားသော နည်းလမ်းဖြင့် သတင်းအချက်အလက်များ ပံ့ပိုးပြီး ထိတွေ့ဆက်ဆံကြောင်း သေချာအောင်လုပ်ခြင်း။
- **အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်** - ကျွန်ုပ်တို့ပေးလိုက်သော သတင်းအချက်လက်နှင့် ဝန်ဆောင်မှုများအပြင် ထိတွေ့ဆောင်ရွက်မှုများကို လူထုအဖွဲ့များအားလုံး အသုံးပြုခွင့်ရနိုင်စေရန်နှင့် လူတစ်ဦးတစ်ယောက်ချင်းနှင့် ရပ်ရွာအသိုင်းအဝိုင်း၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေပြုလုပ်ထားကြောင်း သေချာအောင်လုပ်ခြင်း။
- **မှန်ကန်တိကျသော သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်၊ လုပ်ရှားမှုများတွင် ပါဝင်ခွင့် နှင့် စွမ်းဆောင်ရည် ပေးအပ်မှု** - မိမိတို့၏ ရပိုင်ခွင့်များကို တောင်းဆိုခြင်းအပါအဝင် ၎င်းတို့၏ ကိုယ်ပိုင်လိုအပ်ချက်များနှင့် အခက်အခဲများကို အမှီအခိုကင်းမဲ့စွာ စီမံခန့်ခွဲ ဖြေရှင်းနိုင်စေသော လူတစ်ဦးတစ်ယောက် သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းတစ်ခု၏ မွေးရာပါစွမ်းရည်များ၊ ကျွမ်းကျင်မှုများနှင့် အရင်းအမြစ်များပါဝင်သည့် ကိုယ်အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးခြင်း။

**တာဝန်ယူမှု၊ တာဝန်ခံမှု** - ကျွန်ုပ်တို့နှင့် အတူလုပ်ကိုင်နေသော ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းအတွက် ကျွန်ုပ်တို့၏လုပ်ရပ်များကို တာဝန်ခံနိုင်ကြောင်း သေချာပါစေ။ ဤအရာတွင် ရပ်ရွာအသိုင်းအဝိုင်း အခြေပြုသည့် အပြန်အလှန်ဆက်သွယ်ရေး ပလက်ဖောင်းများနှင့် တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားမှုယန္တရားများ ပါဝင်ကြသည်။

ရပ်ရွာအသိုင်းအဝိုင်းအား အစီရင်ခံရာတွင် ထောင့်ပေါင်းစုံအောင်တွေးပြီးမှ အစီရင်ခံပါ - ဤနေရာတွင် အကျပ်အတည်းတစ်ခုအတွင်း လုပ်ကိုင်နေသော အချို့ မီဒီယာဝန်ထမ်းများသည် အကျပ်အတည်းကို တင်ပြခြင်းထက်ပို၍ ရှေ့ဆက်သွားရန်၊ နှင့် သတင်းအချက်အလက် ရရှိရန် ၎င်းတို့၏ထုတ်ဝေမှုအား သွားရောက်ကြည့်ရှုနိုင်မည့် ထိခိုက်ခံ ရပ်ရွာအသိုင်းအဝိုင်း၏ တိုက်ရိုက်လိုအပ်ချက်များကို စဉ်းစားပေးသော ရှုထောင့်ပြောင်းလဲမှုများလုပ်ရန် လိုအပ်သည်။ ဥပမာအားဖြင့် ပရိသတ်အများအပြားသည် သဘာဝဘေးအန္တရာယ်ကြောင့် လူမည်မျှ အိုးအိမ်စွန့်ခွာရွှေ့ပြောင်းနေရသည်ကို သိလိုနေချိန်၌ ထွက်ပြေးတိမ်းရှောင်နေရသူများက အရေးပေါ်အကာအကွယ်များ၊ အစားအစာနှင့် ကျန်းမာရေးစောက်ရှောက်မှုများ၊ ထိုဝန်ဆောင်မှုများရရှိရန် ပြည့်မီရမည့်လိုအပ်ချက်များ အပါအဝင် အထူးသဖြင့် မည်သည့်နေရာ မည်သည့်အချိန်တွင် အကူအညီများ ဖြန့်ဖြူးပေးမည်ကို သိချင်နေကြသည်။ ရပ်ရွာအသိုင်းအဝိုင်း၏ အရေးပေါ် သတင်းအချက်အလက် လိုအပ်ချက်များကို ပံ့ပိုးပေးရာတွင် ထိလွယ်ရှလွယ်သော သတင်းအချက်အလက်များကို လုံခြုံစွာနှင့် လျှို့ဝှက်စွာ မည်သို့ မျှဝေနိုင်သည်ကို သိရှိစေရန်၊ အရေးကြီးသော ကာကွယ်ရေးဆိုင်ရာ စိုးရိမ်မှုများ သို့မဟုတ် ဖြစ်ရပ်များကို အစီရင်ခံပြီး ၎င်းတို့ရရှိနေသော အကူအညီများအကြောင်းကို ထည့်သွင်းမေးမြန်းခြင်း သို့မဟုတ် တုံပြန်ချက်ပေးခြင်းများ ပါဝင်သည်။

မီဒီယာများသည် ရပ်ရွာအသိုင်းအဝိုင်းများ ရင်ဆိုင်နေရသော အန္တရာယ်များကို ၎င်းတို့၏ ဆိုးရွားသော လုပ်ထုံးများမှတစ်ဆင့် မတော်တဆပေါင်းစည်းမိစေနိုင်သည်။

## ပုဂ္ဂိုလ်ရေးရာ ချိုးဖောက်မှုများ

ကိုယ်ရေးကိုယ်တာနှင့် အထိခိုက်မခံသော အချက်အလက်များကို နှိုက်နှိုက်ချွတ်ချွတ် အစီရင်ခံခြင်း သို့မဟုတ် သဘောတူခွင့်ပြုချက်မရှိဘဲ ထုတ်ပြန်ခြင်း ကဲ့သို့သော ကျင့်ဝတ်ဆိုင်ရာညံ့ဖျင်းမှုအလေ့အကျင့်များသည် လူတစ်ဦးချင်းစီနှင့် လူမှုအသိုင်းအဝိုင်းများ၏ ပုဂ္ဂိုလ်ရေးရာ အခွင့်အရေးများကို ချိုးဖောက်နိုင်သည်။ ဤအရာသည် အထူးသဖြင့် နှိပ်စက်ညှဉ်းပန်းခံရသော သို့မဟုတ် ဖယ်ကျဉ်ခြင်းခံရသော ရပ်ရွာအသိုင်းအဝိုင်းများ၏ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးအတွက် ဆိုးရွားသော နောက်ဆက်တွဲများ ရှိစေနိုင်သည်။ လတ်တလောဖြစ်ပွားနေသော ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များ သို့မဟုတ် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများကဲ့သို့သော အထိခိုက်မခံသည့် ကိစ္စရပ်များကို အစီရင်ခံတင်ပြရာတွင် သတိမထားသော မီဒီယာအဖွဲ့အစည်းများသည် လူတစ်ဦးတစ်ယောက်စီ၏ လုံခြုံရေးကို အမှတ်မထင်ထိခိုက်နိုင်သည်သာမက ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းရှိ တင်းမာမှုများနှင့် ပြဿနာများကိုလည်း ဆိုးရွားစေနိုင်သည်။

အောက်ဖော်ပြပါ အခြေအနေများ ဖြစ်ခဲ့လျှင်/ ဖြစ်ချိန်တွင် ပုဂ္ဂိုလ်ရေးရာ ချိုးဖောက်မှုများ ဖြစ်နိုင်ချေရှိသည် -

- ထိခိုက်နစ်နာစေနိုင်သော လူတစ်ဦး၏ အမည်နှင့် တည်နေရာကဲ့သို့သော မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားဖော်ပြနိုင်သော သတင်းအချက်အလက်များ (PII) ကို ဖော်ထုတ်ခံရသည့်အခါ (ဤနေရာတွင် အမည်ဝှက်ရှိထားသင့်ချိန်)။

- ထိလွယ်ရှလွယ်သော အချက်အလက်များ၏ ဒေတာဘေ့စ်များကို လုံခြုံစွာကာကွယ်ထားခြင်း မရှိသောအခါ (ဒေတာများအား အဟက်ခံရခြင်း သို့မဟုတ် လက်ပ်တော့များနှင့် ဖုန်းများကို သိမ်းဆည်းသွားချိန်)
- ရပ်ရွာအသိုင်းအဝိုင်းဝင်များသည် ၎င်းတို့၏ ကိုယ်ပိုင်နေရာတစ်ခုတွင် သို့မဟုတ် ထိခိုက်စေနိုင်သော အခြေအနေတစ်ခုတွင် ရှိနေချိန်၌ ၎င်းတို့၏ သဘောတူခွင့်ပြုချက်မပါပဲ ရိုက်ကူးထားသည့် မှတ်တမ်း (ဥပမာ တစ်စုံတစ်ယောက်အိပ်နေချိန် သို့မဟုတ် ဆေးရုံတွင် ပြန်လည်ကောင်းမွန်လာသောအချိန်တွင် မှတ်တမ်းတင်ထားသော ဗီဒီယိုဖိုင်)။

အကျပ်အတည်းကာလတစ်ခုတွင် လူအများ ခံစားနေရသော ကြောက်မက်ဖွယ်ရာ ဖြစ်ရပ်မှန်ကို လျင်မြန်စွာ ဖမ်းယူ မျှဝေရန် သဘာဝအလျောက်တုံ့ပြန်မှုသည့် မီဒီယာဝန်ထမ်းများအတွက် ဤသည်က ခက်ခဲသော ခေါင်းစဉ်တစ်ခုဖြစ်နိုင်သည်။ ပျောက်ဆုံးသွားသော ၎င်းတို့၏ မိသားစုဝင်တစ်ဦးနှင့် ချိတ်ဆက်ရာတွင် သင် ကူညီပေးနိုင်မည်ဟူသော မျှော်လင့်ချက်ဖြင့် သို့မဟုတ် ထိုကဲ့သို့သော သတင်းအချက်အလက်များကို မျှဝေခြင်း၏ နောက်ဆက်တွဲများကို သတိမမူမိခြင်းကြောင့် တစ်ခါတရံ ရပ်ရွာအသိုင်းအဝိုင်းသည် မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားဖော်ပြနိုင်သော သတင်းအချက်အလက်များကို သဘောဆန္ဒအလျောက် ပေးကောင်းပေးမိနိုင်သည်။ နောက်ဆုံးသတ်မှတ်ရက်များနှင့် အလုပ်ကို အလျင်အမြန် လုပ်ကိုင်ရန်လိုအပ်ချက်က ထိခိုက်ပျက်စီးမှုကို အနည်းဆုံးဖြစ်စေရမည်ဟူသော သင်၏ကတိကဝတ်ကို မပျက်ပြယ်စေရမည့်အပြင် ရပ်ရွာအသိုင်းအဝိုင်း၏ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာသည် အမြဲတစေ ဦးစားပေးနေရာ၌ ရှိနေသင့်သည်။

**ကျိုးကြောင်းသိရှိ သဘောတူခွင့်ပြုချက်** - အကျပ်အတည်းတစ်ခုတွင် လူတစ်ဦး၏ တည်နေရာနှင့် သက်သေအထောက်အထားကို ဖော်ထုတ်မိလိုက်ပါက ပိုမိုဆိုးရွားသောနောက်ဆက်တွဲများ ရှိလာနိုင်သည်။ ဤအကြောင်းရင်းကြောင့် မီဒီယာလုပ်သားများသည် မည့်သည့် ကိုယ်ရေးကိုယ်တာ သက်သေအထောက်အထား သတင်းအချက်အလက်ကိုမဆို မှတ်တမ်းတင်ခြင်းနှင့် ထုတ်ဝေခြင်းများမပြုလုပ်မီ ကာယကံရှင်၏ သဘောတူညီချက်ကို အရင်ဆုံးရရှိရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ လူတစ်ဦးသည် နောက်ဆုံးတင်သွင်းရက်များကြောင့် သဘောတူခွင့်ပြုချက်တစ်ခုကို ပေးရန် ဖိအားမခံစားရသင့်သည့်အပြင် သဘောတူခွင့်ပြုချက်ကို ကာယကံရှင် နားလည်သော ဘာသာစကားဖြင့်၊ ဖြစ်နိုင်လျှင် ကာယကံရှင်၏ မိခင်ဘာသာစကားဖြင့်သာ ရယူရမည်။

သဘောတူခွင့်ပြုချက်တစ်ခုကို ရိုးရှင်းစွာ တောင်းဆိုရုံဖြင့် မလုံလောက်သေးပါ၊ တစ်ဦးတစ်ယောက်ချင်းစီက ၎င်းသဘောတူညီချက်များ၏ နောက်ဆက်တွဲများကို အပြည့်အဝနားလည်ရန်လည်း အရေးကြီးသည်။ ဆောင်းပါး/ဓာတ်လမ်းတစ်ခု၏ ရောက်ရှိဖတ်ရှုနှုန်းနှင့် မည်သည့် အမည်ဝှက်မျိုးကို လက်တွေ့ကျကျ ကမ်းလှမ်းပေးနိုင်ကြောင်း အမြဲတစေ ရှင်းပြပေးသင့်သည်။ ဥပမာအားဖြင့် တစ်စုံတစ်ဦးသည် ၎င်းတို့၏ဓာတ်ပုံကို ရိုက်ယူခွင့်ပေးရန် သဘောတူကောင်းတူနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ ဤဓာတ်ပုံသည် ကျယ်ပြန့်သော ပရိတ်သတ်များ အလွယ်တကူကြည့်ရှုနိုင်သော အွန်လိုင်းပလက်ဖောင်းတွင် ဖော်ပြနိုင်ခြေရှိကြောင်း ၎င်းတို့နားလည်စေရန် အရေးကြီးပါသည်။ ထိုသို့ဖော်ထုတ်ခြင်းသည် ၎င်းတို့အပေါ် ရာဇဝတ်မှုကျူးလွန်ခဲ့သူများက ၎င်းတို့အား ရှာတွေ့စေခြင်း သို့မဟုတ် ပြောင်းပြန်အနေဖြင့်

၎င်းတို့သည် အကူညီရထိုက်သူများအနေဖြင့် အသိမှတ်ပြုခံရနိုင်ပြီး အခွင့်အရေးကိုစောင့်မျှော်နေသော ရာဇဝတ်ကောင်များ၏ ပစ်မှတ်ဖြစ်လာနိုင်သည်။ တစ်နည်းအားဖြင့် ၎င်းတို့သည် ဒေသတွင်း သတင်းထောက်တစ်ဦးနှင့် စကားပြောဆိုရန် သဘောတူခွင့်ပြုနိုင်သော်လည်း ဤဆောင်းပါးကို အခြားပြည်တွင်းနှင့် နိုင်ငံတကာ သတင်းကွန်ရက်များတွင် စုစည်းတင်ဆက်နိုင်သည်ကို သတိမပြုမိနိုင်ပေ။

**အထူးသဖြင့် သဘောတူခွင့်ပြုချက်ရရှိခြင်းသည် အလုပ်ပြီးမြောက်ခြင်းမဟုတ်ပါ။ သဘောတူညီချက်ကို မည်သည့်အချိန်မဆို ရယူနိုင် သို့မဟုတ် ရုတ်သိမ်းနိုင်ပါသည်။**

ကျပ်တည်းနေသော ကာလတစ်ခုတွင် လူတော်တော်များများသည် ၎င်းတို့၏ သတင်းအချက်အလက် ရှာဖွေ၊ ပြင်ဆင်လုပ်ဆောင်နိုင်စွမ်းကို ထိခိုက်စေသော တုန်လှုပ်ဖွယ်ရာဖြစ်ရပ်များကို တွေ့ကြုံကောင်း တွေ့ကြုံခဲ့ရနိုင်သည်။ ဤအကြောင်းအရင်းကြောင့် မီဒီယာဝန်ထမ်းများသည် နောက်ဆုံးသတင်းထုတ်လွှင့်မှုတွင် အချို့သောအချက်အလက်များကို ထည့်သွင်းခြင်းသည် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာမှု ဖြစ်၊မဖြစ်ကို စစ်ဆေးသော အန္တရာယ်လေ့လာသုံးသပ်ရေး ဆန်းစစ်ချက်ကို ထပ်မံပြုလုပ်ရန် တာဝန် တစ်ခုရှိပါသည်။

ဥပမာ - လူတစ်ဦးသည် ညဥ့်းပန်းနှိပ်စက်မှုဒဏ်မှ ထွက်ပြေးတိမ်းရှောင်ရာတွင် သုံးခဲ့သော လမ်းကြောင်းများ၊ သူတို့၏ အမည်များ၊ လက်ရှိတည်နေရာ (သို့မဟုတ် အထက်ပါ အရာအားလုံး) ကို ဖော်ပြလာပါက ၎င်းအချက်အလက်များကို သတင်းထုတ်လွှင့်မှု မည်သည့်နေရာမဆိုမှ ဖယ်ရှားပစ်ရန် သို့မဟုတ် လွှဲပြောင်းဖော်ပြရန်မှာ သတင်းထောက်/ မီဒီယာဝန်ထမ်း၏ တာဝန်ဖြစ်သည်။

ဓာတ်ပုံဆရာများအတွက်ဆိုလျှင် ပါဝင်နေသည့် လူများ၏မျက်နှာကို ခပ်ရေးရေးဖြစ်အောင်ထားခြင်း မျိုးကို ဆိုလိုခြင်း ဖြစ်နိုင်သလို ကျန်းမာရေးအခြေအနေ သို့မဟုတ် လူမှုပတ်ဝန်းကျင်အခြေအနေအရ ပြစ်တင်ရှုတ်ချမှု ခံရနိုင်ခြေရှိသည့် အန္တရာယ်များ ကြုံတွေ့နိုင်ခြေများသည့် လူအုပ်စုများ (အိတ်ချ်အိုင်ဗွီ ရောဂါပိုးရှိနေကြသူများ၊ လိင်လုပ်သားများ (သို့) လိင်အကြမ်းဖက်ခံရမှုများမှ အသက်ရှင်ကျန်ရစ်ခဲ့ သူများကဲ့သို့) ပါဝင်နေသော တည်နေရာကို ဖော်ထုတ်ရနိုင်စေမည့် ဓါတ်ပုံ၏ နောက်ခံအကြောင်းအရာ အသေးစိတ်များ ပါဝင်မှုမရှိကြောင်းသေချာစေခြင်းကို ဆိုလိုခြင်းဖြစ်နိုင်ပါသည်။ ထိုအထဲတွင် လုံခြုံသည့်နေရာများတွင် သီးသန့်နေထိုင်ခွင့်ကို လေးစားမှုရှိပေးခြင်းနှင့် သာဓကအားဖြင့် နေရပ်စွန့်ခွာရွှေ့ပြောင်းသူများအတွက် ခိုလှုံရာနေရာတွင် အိပ်စက်နေခြင်း သို့မဟုတ် အရေးပေါ်ဆေးရုံတစ်ရုံတွင် ဆေးကုသမှုခံယူနေခြင်းကဲ့သို့သော ထိခိုက်လွယ်မှုရှိနေသည့် အခြေအနေတစ်ခုတွင် သင်သည် တစ်စုံတစ်ယောက်အား ဓာတ်ပုံရိုက်ယူနေခြင်းမျိုး ဖြစ်နေနိုင်သည်ကို သတိထားမိခြင်းလည်း ပါဝင် သင့်သည်။

**အကယ်၍ သင်သည် စိတ်မသက်မသာဖြစ်နေခြင်း၊ တွေဝေနေခြင်း၊ ကြောက်ရွံ့နေခြင်း သို့မဟုတ် ဒေါသထွက်နေခြင်း တစ်ခုခုကို သတိပြုမိလာပါက မှတ်တမ်းတင်ခြင်းကို ရပ်တန့်လိုက်သင့်ပါသည်။**

သင့်ကိုယ်သင် မေးသင့်သည့် မေးခွန်းများ -

- ✔ အဆိုပါလူပုဂ္ဂိုလ် သို့မဟုတ် လူအုပ်စု၏ ရှိနေပြီးသား ခြိမ်းခြောက်မှုများ၊ ထိခိုက်လွယ်မှုများနှင့် ပတ်သက်၍ သင်မည်မျှသိရှိထားသည်ဟု ခံစားရပါသလဲ။ ယခုဘေးအန္တရာယ် ညီမျှခြင်းအပေါ် သင်၏နားလည်သဘောပေါက်မှု ပိုမိုတိုးပွားလာစေနိုင်မည့် ပိုပြီး အသိပညာရှိသူတစ်ဦး ရှိနေပါသလား။
- ✔ သတင်းအချက်အလက် သို့မဟုတ် ရုပ်ပုံများ ထုတ်ဝေဖြန့်ချိခြင်း၏ အန္တရာယ်နှင့် အကျိုးကျေးဇူးကြား မည်မျှ ယုံကြည်စိတ်ချရပါသလဲ သို့မဟုတ် မှန်းဆရပါသလဲ။ မည်သူ့ကို အန္တရာယ်ဖြစ်စေနိုင်ပါသလဲ၊ မည်သည့်နည်းနှင့် ဖြစ်စေနိုင်ပါသလဲ။ မည်သူ့အတွက် အကျိုးရှိစေပါမလဲ၊ မည်သည့်နည်းနှင့် ရှိစေနိုင်ပါသလဲ။
- ✔ ပြည်သူလူထုအား အရေးပါသည့် အကြောင်းအရာများကို သဘောပေါက်နားလည်လာအောင်၊ အသိအမြင်ဖြင့် ဆုံးဖြတ်ချက်များ ချမှတ်လာနိုင်အောင် သို့မဟုတ် ပြောင်းလဲမှုတစ်ခု ဖန်တီးလာနိုင်အောင် ကူညီပေးရာတွင် သတင်းအချက်အလက်များသည် မည်မျှအရေးကြီးပါသလဲ။

ဥပမာ -
မီဒီယာများသည် နိုင်ငံတစ်နိုင်ငံ၏ နယ်စပ်ဒေသတွင် နေရာယူထားကြပြီး မိမိ၏ မူလနိုင်ငံသို့ ပြန်ပို့ခံရသူများအား ဓာတ်ပုံရိုက်ကူးမှတ်တမ်းတင်ခြင်း ပြုလုပ်ခဲ့ပါသည်။ ထိုအထဲမှ လူအများစုသည် နိုင်ငံရေးအရ ညှဉ်းပန်းနှိပ်စက်ခံရမှုများကို ကြောက်ရွံ့ခဲ့ကြ၍ ၎င်းတို့၏ ဘေးကင်းလုံခြုံရေးအတွက် မူလအစကတည်းက နိုင်ငံတွင်းမှ ထွက်ပြေးလာခဲ့ကြသူများ ဖြစ်ကြသည်။ စိတ်ထိခိုက်ဖွယ်ရာ၊ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ သတင်းတစ်ပုဒ်ကို ဖုံးကွယ်ထားချင်ခဲ့ကြသည့် ထိုသူတို့၏ဆန္ဒများကြားမှ မီဒီယာများသည် နိုင်ငံတွင်းသို့ ပြန်လည်စီးဝင်လာကြသူများ၏ ပုံရိပ်များနှင့် ဓါတ်ပုံများအား ထုတ်ဝေဖြန့်ချိခဲ့ပြီး ပြန်ပို့ခံရသူတို့၏ မျက်နှာများကို ထင်ရှားရှင်းလင်းစွာ ဖော်ပြခဲ့သည်။ ထိုဓာတ်ပုံများကို အွန်လိုင်းပေါ်တွင် မျှဝေလိုက်ခြင်းအားဖြင့် မီဒီယာသည် လူအမြောက်အမြားကို ရှင်းလင်းစွာ ခွဲခြားဖော်ထုတ်မိစေရန် အစိုးရအား အမှတ်တမဲ့ ထောက်ကူမိကာ ထိုသူများ၏ တည်နေရာကိုရှာဖွေပြီး ဖမ်းဆီးရာတွင် အစိုးရက ထိုသတင်းအချက်အလက်များကို အသုံးပြုခဲ့ပါသည်။ ထို့နေ့က မီဒီယာသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်အောင် မရည်ရွယ်ခဲ့သော်လည်း မီဒီယာများ၏ ကျိုးကြောင်း မသိနားမလည်သည့် အလေ့အထများကြောင့် ထိုအသိုင်းအဝိုင်းတွင်းမှ ထိခိုက်လွယ်မှုများရှိနေသည့် အပိုင်းကဏ္ဍအပေါ်တွင် အန္တရာယ်များ ပိုမိုများပြားလာစေခဲ့ပါသည်။

## စိတ်ဒဏ်ရာဖြင့်ရှင်သန်နေသူများအား မေးမြန်းစုံစမ်းခြင်း

အရေးပေါ်အခြေအနေတစ်ခုတွင် ရပ်ရွာအသိုင်းအဝိုင်းများသည် အတင်းအကြပ် နေရာပြောင်းရွှေ့မှု၊ ကျား/မ အခြေပြု အကြမ်းဖက်မှု၊ လူကုန်ကူးမှုနှင့် ခြိမ်းခြောက်လုယက်မှု အပါအဝင် ကာကွယ်ရေးဆိုင်ရာ ဘေးအန္တရာယ် အမြောက်အများနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်သည်။ မီဒီယာများအနေဖြင့် ထိုကဲ့သို့သော ခြိမ်းခြောက်မှုများကို ရပ်ရွာအသိုင်းအဝိုင်းမှ ရင်ဆိုင်ကြုံတွေ့နေရကြောင်း သတိပြုမိရန်နှင့် ထိုကဲ့သို့သော အကြောင်းအရာများကို ၎င်းတို့ သတင်းပို့ အစီရင်ခံခြင်းက ရှင်သန်လွတ်မြောက်ခဲ့သည့် ဒုက္ခသည်များအား ဘေးအန္တရာယ်များ ပိုမကျရောက်စေကြောင်း သေချာစေရန် အရေးကြီးပါသည်။ အကြမ်းဖက်မှုကို သတင်းပို့အစီရင်ခံရာတွင် ရှင်သန်လွတ်မြောက်သူများသည် စိတ်ဒဏ်ရာများစွာကို ဖြတ်ကျော်နေခဲ့ရသည်ကို သတိရနေပါ။ ၎င်းတို့အပေါ် သင်၏ဆက်ဆံပုံနှင့် ၎င်းတို့၏ဇာတ်လမ်းများကို ပြန်လည်မျှဝေပုံတို့သည် ၎င်းတို့၏ကုစားမှုပေါ် အကျိုးသက်ရောက်ပါလိမ့်မည်။

**ခက်ခဲသည့် လူတွေ့မေးမြန်းခြင်း (အင်တာဗျူးခြင်း) များ** - စိတ်ဒဏ်ရာဖြစ်စေသည့် ဇာတ်ကြောင်းတစ်ပုဒ်ကို ပြန်လည်ပြောပြခြင်းသည် အလွန်ပင် စိတ်ပင်ပန်းစေနိုင်ပါသည်။ စိတ်ဒဏ်ရာအကြောင်း ကောင်းစွာနားလည်သော သတင်းစာပညာကို လေ့ကျင့်လုပ်ဆောင်ပါ။ စိတ်ဒဏ်ရာအကြောင်း ကောင်းစွာနားလည်သော သတင်းစာပညာ ဆိုသည်မှာ စိတ်ဒဏ်ရာကို နားလည်သဘောပေါက်ခြင်း၊ သင်၏အင်တာဗျူးကို မစတင်ခင် စိတ်ဒဏ်ရာမှ ရှင်သန်လွတ်မြောက်လာသူတစ်ယောက် တွေ့ကြုံခံစားနေရသည့် အကြောင်းအရာကို တွေးတောကြည့်ခြင်းနှင့် (သတင်းထောက်တစ်ဦး အနေဖြင့်) သင်၏လုပ်ဆောင်ချက်များသည် အင်တာဗျူး ပြီးဆုံးသွားချိန်တွင် သူတို့အပေါ် မည်မျှအကျိုးသက်ရောက်မှု ရှိနိုင်မည်ကို သဘောပေါက်နားလည်ခြင်းတို့ ဖြစ်ပါသည်။ စိတ်ဒဏ်ရာအကြောင်း ကောင်းစွာနားလည်သော သတင်းစာပညာအတွက် သတင်းရင်းမြစ်ပိုများများ ရယူလိုပါက သတင်းထောက်အတွက် အရင်းမြစ်များမှ ဤအကြံပြုချက်စာရွက် ကို ကြည့်ရှုပြီး စိတ်ဒဏ်ရာများမှ ရှင်သန်လွတ်မြောက်လာသူများကို လူတွေ့မေးမြန်းခြင်း (အင်တာဗျူးခြင်း) အတွက် ဒီအေအာရ်တီ (DART) စင်တာ မှ ဤအကြံပြုချက်များ ကို ကြည့်ရှုပါ။

**ဝန်ဆောင်မှု လွှဲပြောင်းပေးခြင်း** - သင်သည် စိတ်ဒဏ်ရာ အမျိုးအစားအချို့နှင့် ရင်ဆိုင်ကြုံတွေ့နေနိုင်ခဲ့သူများနှင့် အင်တာဗျူးရန် လုံလောက်စွာ ကြိုတင်ပြင်ဆင်ထားနိုင်ကြောင်း သေချာစေမည့် နည်းလမ်းတစ်ခုမှာ သင်၏တွေ့ဆုံမေးမြန်းမှုကို ဖြေဆိုသူအတွက် ရရှိနိုင်သည့် ထောက်ပံ့ရေးဝန်ဆောင်မှုတိုင်းကို သင် သတိထားမိကြောင်း သေချာအောင်လုပ်ရန်ဖြစ်သည်။ ထိုအထဲတွင် ဥပမာအားဖြင့် ဤလူထုအတွက် ဝန်ဆောင်မှုများပေးနေသည့် ထောက်ပံ့မှုအား ဆက်သွယ်နိုင်မည့် ဟော့လိုင်းနံပါတ်များ (သို့) ကာကွယ်ပေးသော ကိုယ်စားလှယ်အဖွဲ့၏အမည် စသဖြင့် ပါဝင်ပါသည်။ ၎င်းတို့၏ ဇာတ်ကြောင်းဖြစ်စဉ်ကို သင့်အားမျှဝေရာတွင် ထိုသူများသည် စိတ်မသက်မသာ ဖြစ်လာနိုင်ကြသည် သို့မဟုတ် မေးခွန်းထုတ်ကောင်း ထုတ်လာနိုင်ပါသည်။ 'ကျွန်တော်/မ ဘာလုပ်လို့ရနိုင်မလဲ။ ကျွန်တော်/မ ဘယ်နေရာမှာ အကူအညီတောင်းလို့ရနိုင်မလဲ။' တာဝန်ခံဂျာနယ်လစ်တစ်ဦးအနေနှင့် သင်တာဝန်ယူထားရသည့်အတွက် အကယ်၍ သင်လူတွေ့မေးမြန်နေသူသည် ယခုကဲ့သို့မေးခွန်းမျိုး အကူအညီတောင်းလာခဲ့ပါက ထိုမေးခွန်းကိုဖြေနိုင်ရန် ကြိုတင်ပြင်ဆင်ထားဖို့ အရေးကြီးပါသည်၊ သို့မဟုတ် လိုအပ်သည့်အကူအညီ ဝင်ပေးနိုင်မည့် တစ်စုံတစ်ယောက် အနားတွင်ရှိနေကြောင်း ကြိုတင်သေချာအောင်

ပြင်ဆင်ထားရန် လိုအပ်ပါသည်။ ယခုကဲ့သို့ပြင်ဆင်ထားခြင်းမျိုးသည် သင်လုပ်နေသော လုပ်ငန်းစဉ်သည် ကောက်နုတ်ဖော်ထုတ်ရုံမဟုတ်ဘဲ ရပ်ရွာအသိုင်းအဝိုင်းအတွက် အကျိုးကျေးဇူးရပြီး ကူညီပံ့ပိုးနိုင်ကြောင်း ပိုသေချာစေ၍ စိတ်ဒဏ်ရာဖြစ်စေသည့် အဖြစ်အပျက်ကို ပြန်ပြောပြနေသော သင်လူတွေ့မေးမြန်းနေသူထံတွင် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကိုပါ အသိအမှတ်ပြုရာ ရောက်ပါသည်။ ဤသည်မှာ သင့်တည်နေရာရှိ အကာအကွယ်ပေးရေး လုပ်ဆောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းက အန္တရာယ်အကြောင်း သိရှိနားလည်သော လုပ်ထုံးလုပ်နည်းများအတွက် မည်သို့ အထောက်အကူပြုနိုင်ကြောင်း ကောင်းမွန်သော ဥပမာတစ်ခု ဖြစ်ပါသည်။ အင်တာဗျူးကို သက်ဆိုင်ရာဝန်ဆောင်မှုများ ပေးအပ်နေသော ဒေသခံအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြုလုပ်ခြင်း၊ သို့မဟုတ် နောက်ဆုံးရ ရည်ညွှန်းလွှဲပြောင်းမှုဆိုင်ရာ အချက်အလက်များကို စုဆောင်းရန် ၎င်းတို့နှင့် ကြိုတင်ဆက်သွယ်ထားရန် စဉ်းစားနိုင်ပါသည်။

## ကလေးငယ်များနှင့် ပတ်သက်ပြီး သတင်းပို့အစီအရင်ခံခြင်း

အရေးပေါ်အခြေအနေတစ်ခုတွင် ကလေးငယ်များသည် ဘေးအန္တရာယ်ကြုံတွေ့ရနိုင်ခြေ အမြင့်မားဆုံးသော လူသားအချို့ ဖြစ်သည်။ ကလေးငယ်များသည် ၎င်းတို့၏ မိဘ သို့မဟုတ် ၎င်းတို့၏ မိသားစုဝင်များ၊ ၎င်းတို့၏ လူမှုကွန်ယက်များနှင့် ကွဲကွာသွားနိုင်ကြပြီး ပြန်ပေးဆွဲခံရခြင်း၊ နှိပ်စက်ညှဉ်းပန်းခံရခြင်း သို့မဟုတ် အတင်းအကြပ် အလုပ်စေခိုင်းခံရခြင်း၊ လက်ထပ်ထိမ်းမြားခိုင်းခြင်း၊ လက်နက်ကိုင်တပ်များအတွင်း စစ်သားစုဆောင်းခြင်း ခံရရန် ပစ်မှတ်ထားခံရနိုင်သည့် ဘေးအန္တရာယ်တွေ့ကြုံရနိုင်ခြေများပါသည်။ အရိုးရှင်းဆုံးပြောရလျှင် ကလေးငယ်များနှင့် ပတ်သက်ပြီး သတင်းပို့အစီရင်ခံလုပ်ဆောင်မှုက ၎င်းတို့သည် လက်စားခြေခံရမည့် သို့မဟုတ် အမည်းစက်ထင်စေမည့် အန္တရာယ်များ ကျရောက်စေနိုင်ပါသည်။

**ခွင့်ပြုချက် အမြဲတောင်းခံပါ** - သင့်အနေဖြင့် (အသက် ၁၈နှစ်အောက်) ကလေးငယ်များကို ၎င်းတို့၏ မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူများ၏ ခွင့်ပြုချက်မရဘဲ ဓာတ်ပုံရိုက်ကူးခြင်း၊ ရုပ်ရှင်ရိုက်ကူးခြင်းနှင့် လူတွေ့မေးမြန်းခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။ မိဘခွင့်ပြုချက်မပါဘဲ ကလေးငယ်တစ်ဦးနှင့် လူတွေ့မေးမြန်းခြင်းကို အထူးလေ့ကျင့်ထားသည့် ကလေးသူငယ် ကာကွယ်ပေးရေးဆိုင်ရာပညာရှင် သို့မဟုတ် သတင်းပေးပို့ချက်တစ်ခုခုကြောင့် စိတ်ပိုင်းဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးဆက်များကို အကဲဖြတ်စစ်ဆေးပေးနိုင်စွမ်းရှိသည့် ကလေးငယ်၏ အခြေအနေနှင့် အနီးစပ်ဆုံးရှိသူတစ်ဦး၏ အကူအညီဖြင့်သာ ခြွင်းချက်အခြေအနေများတွင် ပြုလုပ်သင့်ပါသည်။ ကလေးငယ်တစ်ဦးအတွက် အကောင်းဆုံးသော အကျိုးစီးပွားကို ဆုံးဖြတ်ရန် ကြိုးစားသည့်အခါ ၎င်းတို့၏ အသက်အရွယ်နှင့် ရင့်ကျက်မှုနှင့်အညီ ချိန်ဆပြီး ကလေးငယ်များ၏ ရပိုင်ခွင့်အနေဖြင့် ၎င်းတို့၏အမြင်ကို ထည့်သွင်းစဉ်းစားပေးဖို့လိုပါသည်။

**အနည်းဆုံးသည် ထိရောက်မှုအများဆုံးဖြစ်သည်** - ကလေးငယ်တစ်ဦးသည် စိတ်ထိခိုက်စရာ အဖြစ်အပျက်တစ်ခုကို ကြုံတွေ့ရပြီးနောက် အခြေအနေမျိုးတွင် ကလေးငယ်အား ၎င်း၏ အတွေ့အကြုံကို ပြန်မျှဝေခိုင်းသည့်အခါ နောက်ထပ်စိတ်ဒဏ်ရာများ ပိုရမှုမျိုး နည်းပါးစေနိုင်မည့် နည်းလမ်းတစ်ခုအနေဖြင့် ဘေးကင်းလုံခြုံပြီး ကူညီပံ့ပိုးမှုရှိသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးရန် လူတွေ့မေးမြန်းနေချိန်၌ ရှိနေမည့် လူဦးရေပမာဏကို ချိန်ညှိခြင်းကလည်း အလေ့အကျင့်ကောင်းတစ်ခု ဖြစ်ပါသည်။ စိတ်ဒဏ်ရာရထားပြီးသားကလေးငယ်များသည် များသောအားဖြင့် အားနည်းချက်ရှိနေပြီး ထိရှလွယ်သည့် အခြေအနေတစ်ခုကို ရောက်နေပြီးသားဖြစ်ပါသည်။ အင်တာဗျူးလုပ်နေချိန် ရှိနေရမည့် လူပမာဏကို လျှော့ချလိုက်ခြင်းသည် အင်တာဗျူးလုပ်ငန်းစဉ်အတွင်း ကလေးများကို ပို၍စိတ်ပါလက်ပါ ပါဝင်ဖြေဆိုခွင့်ပြုပြီး ကလေးငယ်၏

နယ်နိမိတ်စည်းကို လေးစားပေးရာရောက်ပါသည်။ လူအရေအတွက် အများအပြားရှိနေခြင်း၊ အထူးသဖြင့် မရင်းနှီးသော လူကြီးများရှိနေခြင်းက ကလေးငယ်များကို အနေရကြပ်စေပြီး စိတ်အနှောင့်အယှက်ဖြစ်စေနိုင်သည်။ အခန်းတွင်း လူပိုနည်းနည်းသာရှိခြင်းက ထိရှလွယ်သည့် သတင်းအချက်အလက်များကို တာဝန်ခံမဟုတ်သူများထံ အမှတ်မထင် ဖွင့်ချခံရနိုင်ခြေကိုလည်း နည်းပါးစေနိုင်ပါသည်။

လူတွေ့မေးမြန်းခြင်းကလည်း ကလေးငယ်ကို ဗဟိုပြုထားသင့်ပြီး ၎င်းတို့၏ လိုအပ်ချက်နှင့် စိတ်သက်သာမှုကို ပိုအာရုံစိုက်ကာ အင်တာဗျူးအပေါ် ၎င်းတို့၏ ထိန်းချုပ်နိုင်စွမ်း တတ်နိုင်သမျှ ပေးထားသင့်ပါသည်။ ကလေးငယ်လေးများ၊ အထူးသဖြင့် စိတ်ဒဏ်ရာ တွေ့ကြုံခံစားထားရသည့် ကလေးငယ်များသည် ၎င်းတို့၏ ဇာတ်ကြောင်းကို ပြောပြရန်အတွက် အချိန်ယူလေ့ရှိတတ်ကြပြီး အဖြောင့်အတိုင်း ပြောပြလေ့မရှိကြပါဘူး။ ကလေးငယ်အား အချိန်ပေးပြီး ၎င်းတို့သည် ထိန်းချုပ်မှုရှိသော အခြေအနေတစ်ခုအောက်တွင် ရှိနေကြောင်းနှင့် အကယ်၍ ၎င်းတို့ စိတ်မသက်မသာခံစားရပါက အချိန်မရွေး အင်တာဗျူးကို ရပ်တန့်နိုင်ကြောင်း သတိပေးပါ။

[ကလေးငယ်များကို အင်တာဗျူးခြင်း (လူတွေ့မေးမြန်းခြင်း) ဆိုင်ရာ သတင်းစာ၊ စာနယ်ဇင်းပညာနှင့် ထိခိုက်ဒဏ်ရာအကြောင်း လမ်းညွှန်ချက်ကို ဤနေရာရှိ DART စင်တာ ကြည့်ပါ]။

[ကလေးငယ်များ၊ လူငယ်များနှင့် ပတ်သက်ပြီး သတင်းပို့အစီရင်ခံခြင်းအတွက် ယူနီဆက်ဖ် (UNICEF) ၏ အဓိက အခြေခံသဘောတရားကို ဤနေရာတွင် ကြည့်ပါ]။

ကျင့်ဝတ်ဆိုင်ရာ ဒွိဟအတွေးများ လေ့ကျင့်ခန်း -

အရေးပေါ်အခြေအနေတစ်ခုတွင် သင်သည် လိင်ပိုင်းဆိုင်ရာ သို့မဟုတ် အခြားနှိပ်စက်ညှဥ်းပမ်းမှုများ၏ သားကောင်ဖြစ်ခဲ့ရသည့် ၎င်းတို့၏ ကလေးကို လူတွေ့မေးမြန်းခြင်း၊ ဓာတ်ပုံရိုက်ခြင်းနှင့် ဖလင်ရိုက်ကူးခြင်းတို့ ပြုလုပ်စေချင်သည့် မိဘများထံမှ ဖိအားများစွာ ခံစားရနိုင်ပါသည်။ ဤသို့မျှဝေခြင်းက ၎င်းတို့၏ကလေးအတွက် အကောင်းဆုံးဖြစ်စေပြီး ၎င်းတို့၏ဘဝ အတွေ့အကြုံက ၎င်းတို့အသိုင်းအဝိုင်းတွင်းရှိ လူငယ်များကြုံတွေ့နေရသည့် ခြိမ်းခြောက်မှုများအပေါ် အသိအမြင်မြှင့်တင်ပေးခြင်းဖြင့် ပါဝင်ကူညီနိုင်သည့်အတွက် ၎င်းတို့ကလေးများ၏ ဇာတ်ကြောင်းဖြစ်ရပ်များကို မီဒီယာအတွင်း မျှဝေပေးစေခြင်းမျိုးကို မိဘများ ခံစားနေရတတ်ပါသည်။

- ✔ သင် ဘာလုပ်လို့ရနိုင်မလဲ။ အင်တာဗျူးကို သင် ဆက်လုပ်ပါမလား။
- ✔ အကယ်၍ အင်တာဗျူး လုပ်မည်ဆိုပါက ကလေးငယ်ကလည်း အင်တာဗျူးလုပ်ရန် သဘောတူခွင့်ပြုမည်ဟု သင် ဘယ်လောက်သေချာပါသလဲ။
- ✔ အကယ်၍ ကလေးငယ်ကလည်း ခွင့်ပြုမည်ဆိုပါက သင် ဘယ်လိုပြင်ဆင်မှုမျိုးကို ပြုလုပ်သင့်ပါသလဲ။ ဘယ်သူတွေ အင်တာဗျူးမှာ ရှိနေသင့်ပါသလဲ။
- ✔ အကယ်၍ ကလေးငယ်ကလည်း ခွင့်ပြုမည်ဆိုပါက ရပ်ရွာအသိုင်းအဝိုင်းတွင်း ဖြစ်ပေါ်လာနိုင်ခြေရှိသည့် မလိုမုန်းတီးမှု သို့မဟုတ် အမည်းစက် ထင်ကျန်စေမည့် အန္တရာယ်များကို မယူမိကြောင်းသေချာစေရန် ကလေးငယ်၏ သက်သေခံအထောက်အထားကို ကာကွယ်ပေးနိုင်အောင် သင်ဘာလုပ်နိုင်ပါမလဲ။
- ✔ အကယ်၍ ကလေးငယ်က ခွင့်မပြုခဲ့ပါက သင်၏ ကျိုးသင့်ကြောင်းသင့် ရှင်းပြချက်ကို ကလေးအမေနှင့် ကလေးကို ဘယ်လိုရှင်းပြပါမလဲ။

## မလိုမုန်းတီးခြင်း၊ စိတ်ဝမ်းကွဲခြင်းနှင့် အမုန်းစကားဖြန့်ဝေခြင်းတို့ကို အားပေးအားမြှောက်ပြုခြင်း

အချက်အလက်များနှင့် ဖြစ်စဉ်များကို ရယူခြင်း၊ ဆင့်ကဲလုပ်ဆောင်ခြင်း နှင့် ထုတ်ဝေဖြန့်ချိခြင်း/ရုပ်သံထုတ်လွှင့်ခြင်း လုပ်ဆောင်နေစဉ်တွင် မျိုးနွယ်စု၊ ဘာသာစကား၊ နေရာဒေသ၊ လူမျိုး၊ ဂျန်ဒါ၊ မသန်စွမ်းမှုရှိခြင်း စသည်တို့ကြောင့် ခွဲခြားဆက်ဆံခြင်းနှင့် ပုံစံချခြင်းတို့ကို ရှောင်ကြဉ်ပါ။ အရေးပေါ်အခြေအနေတစ်ခု အထွတ်အထိပ်ရောက်နေချိန်တွင် အချို့သော လူအုပ်စု၏ သတင်းအချက်အလက်များကို လျင်မြန်စွာထုတ်ဖော်ပြောဆိုရန်အတွက် မီဒီယာသည် တစ်ခါတစ်ရံ ပုံစံချခြင်းများကို ယုံကြည်အားထားကြပါသည်။ ထိုပုံစံချမှုများက အလွန်အမင်း ရိုးရှင်းလွန်းသည့်အခါ သို့မဟုတ် အပျက်သဘောဆောင်သည့်အခါ မီဒီယာသည် မလိုမုန်းတီးမှုများကို ပိုမိုတည်တံ့စေနိုင်ပြီး ဘက်လိုက်မှုများကို ပိုမိုအားဖြည့်စေနိုင်သလို အချို့သောဖြစ်စဉ်များတွင် ရပ်ရွာအသိုင်းအဝိုင်းအတွင်း၌ အကြမ်းဖက်သည့်အခြေအနေသို့ ပြောင်းလဲစေနိုင်သည့် လူမှုရေးတင်းမာမှုများအဖြစ်သို့ ပါဝင်အားဖြည့်လိုက်နိုင်ပါသည်။ သာဓကအားဖြင့် ဒုက္ခသည်အသိုင်းအဝိုင်းအကြောင်း ပြောရာတွင် ဒုက္ခသည်အသိုင်းအဝိုင်းများသည် တစ်သားတည်း တူညီနေကြခြင်းမျိုးမဟုတ်ကြောင်းနှင့် ဒုက္ခသည်တစ်ဦးအဖြစ်ရှိနေသည့် တစ်စုံတစ်ယောက်၏ အခြေအနေသည် ၎င်းတို့ မည်သူမည်ဝါဖြစ်သည်ကို လုံးလုံးလျားလျား ကိုယ်စားမပြုနေကြောင်း သတိပြုမိနေရန် အရေးကြီးပါသည်။

သတင်းပို့အစီရင်ခံရာတွင် မလိုမုန်းတီးခြင်းနှင့် ပုံစံချခြင်းမှ ရှောင်ကြဉ်မှုအကြောင်း ပိုမိုလေ့လာလိုပါက ကျင့်ဝတ်နှင့်ညီသော သတင်းစာ၊ စာနယ်ဇင်းပညာကွန်ရက်မှ ဤလမ်းညွှန်ချက်ကို ဤနေရာတွင် ကြည့်ပါ။

သတင်းထောက်များအနေဖြင့် ရိုင်းစိုင်းသော၊ အလွဲသုံးစားပြုသော၊ လူမျိုးရေးခွဲခြားသော သို့မဟုတ် အကြမ်းဖက်မှုကို လှုံ့ဆော်သော စကားလုံးများ အသုံးပြုခြင်းကို ရှောင်ကြဉ်ရန်မှာ အခြေခံမူတစ်ခုဖြစ်သော်လည်း အခြားသူတစ်ဦး၏ ပြောဆိုချက်များကို ကိုးကားဖော်ပြရာတွင် ထိုကဲ့သို့သော စကားလုံးများကို ရှောင်ရှားရန် ခက်ခဲသော အခြေအနေများ ရှိပါသည်။ ထိုအခြေအနေမျိုးတွင် ထိုသို့သော ဘာသာစကားမျိုးအသုံးပြုခြင်းကို ဇာတ်ကြောင်းထဲမှ ထုတ်၍မရနိုင်သည့် အခြေအနေမျိုး၊ အထူးသဖြင့် ထင်ရှားကျော်ကြား လူသိများသည့်ပုဂ္ဂိုလ်တစ်ဦးမှ ပြောဆိုခြင်းမျိုး ဖြစ်နေခဲ့မှသာ ထည့်သွင်းရန် ကန့်သတ်ထားသင့်ပါသည်။ ထိုကဲ့သို့ဖော်ပြခဲ့လျှင်ပင် ယင်းသို့သော ဘာသာစကားသည် ရပ်ရွာအသိုင်းအဝိုင်းအား ဘာကြောင့်ဘေးဥပဒ်ဖြစ်စေနိုင်သည်ဆိုသည့် အကျယ်တဝင့်ရှင်းလင်းချက်နှင့်အတူ ဇာတ်ကြောင်း၏ ကျယ်ပြန့်သော နောက်ခံသမိုင်းအတွင်း၌ ဖော်ပြရပါမည်။

အမုန်းစကားဖြန့်ဝေခြင်းအတွက် ကျင့်ဝတ်နှင့်ညီသော သတင်းစာ၊ စာနယ်ဇင်းပညာကွန်ရက်၏ ၅-မှတ်တန် စစ်ဆေးချက်တွင် ပိုမိုလေ့လာဖတ်ရှုပါ။

## ပဋိပက္ခကို အာရုံခံသည့် သတင်းစာ၊ စာနယ်ဇင်းပညာ

ကမ္ဘာတစ်ဝှမ်းရှိ သတင်းထောက်များသည် ပဋိပက္ခဖြစ်ပွားနေသည့်အကြောင်းများကို သတင်းပို့အစီရင်ခံရာတွင် နက်ရှိုင်းသည့် ဒွိဟဖြစ်မှုကို ရင်ဆိုင်ရလေ့ရှိပြီး တစ်ခါတစ်ရံ ၎င်းတို့နေထိုင်ပြီး အလုပ်လုပ်ကိုင်နေသည့် ရပ်ရွာအသိုင်းအဝိုင်းများကို ဆိုးဆိုးရွားရွား ပျက်စီးထိခိုက်စေတတ်ကြသည်။ တစ်ခါတစ်ရံ ထိုပဋိပက္ခများသည် ရပ်ရွာအသိုင်းအဝိုင်းများကြား ထိပ်တိုက်ပေါ်ပေါက်တတ်ကြပြီး အခြားအချိန်များ

တွင်မှု အစွန်းရောက်များနှင့် အကြမ်းဖက်အဖွဲ့အစည်းများမှ အပြစ်မဲ့သူများကို ဆန့်ကျင်၍ မကြာခဏ ပြစ်မှုများကျူးလွန်လေ့ရှိကြသည့်အတိုင်း အကြမ်းဖက်တိုက်ခိုက်မှုများအသွင် ဆောင်လေ့ရှိကြပါသည်။ ထိုသို့သော အဖြစ်အပျက်အားလုံးတို့တွင် သတင်းထောက်များသည် ပဋိပက္ခအတွင်း ပါဝင်နေသည့် ရပ်ရွာအသိုင်းအဝိုင်းတစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်နေသည့်အတွက် အခက်အခဲ၊ စိန်ခေါ်မှုများကို တုံ့ပြန်ရမည်ဖြစ်သလို တစ်ချိန်တည်းမှာပင် ထိုပဋိပက္ခများအတွက် ခြုံငုံ၍ မျှတပြီး ဘက်မလိုက်တတ်သူများဟု မျှော်လင့်ထားကြသည့် ပရော်ဖက်ရှင်နယ်လ် တစ်စိတ်တစ်ပိုင်းလည်း ဖြစ်ကြပြန်ပါသည်။ ဘာသာစကားအသုံးပြုပုံ၊ ဇာတ်ကြောင်းကို ဇာတ်အိမ်တည်ပုံ သို့မဟုတ် သူတို့၏ သတင်းပို့အစီရင်ခံမှုတွင် ထည့်သွင်းခဲ့သည့် သို့မဟုတ် ချန်လှပ်ထားခဲ့သည့် အပိုင်းတို့နှင့်ပတ်သက်ပြီး သတင်းထောက်များ ပြုလုပ်သမျှ ရွေးချယ်မှုတိုင်းသည် ရန်ငြိုးဖွဲ့ခြင်း၊ အမည်းစက်ထင်စေခြင်းတို့ကို တိုးပွားစေနိုင်ခြေရှိနိုင်ပြီး လူသားတို့ကို ဘေးအန္တရာယ်အတွင်းသို့ ဆက်လက်တွန်းပို့စေနိုင်ပါသည်။

ဤ "ပဋိပက္ခနှင့် အကြမ်းဖက် အစွန်းရောက်ဝါဒနှင့် ပတ်သက်၍ သတင်းပို့အစီအရင်ခံရာတွင် ပဋိပက္ခကို အာရုံခံ ချဉ်းကပ်နည်း" Internews လက်စွဲစာအုပ်သည် ထိုကဲ့သို့သောမေးခွန်းအချို့ကို ဖြေပေးရန်နှင့် ပဋိပက္ခဖြစ်စဉ်များတွင် အပြုသဘောဆောင်၍ သတင်းပေးပို့တတ်ရန် အထောက်အကူဖြစ်စေမည့် သတင်းထောက်များအသုံးပြုနိုင်သော နည်းလမ်းများကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ထားပါသည်။

## သတင်းမှားဖြန့်ခြင်းနှင့် လုပ်ကြံသတင်းဖြန့်ခြင်းများတွင် ပေါင်းစည်းပါဝင်ခြင်း သို့မဟုတ် ဖြစ်ပေါ်လာစေခြင်း

အချက်အလက် မှန်၊မမှန် စစ်ဆေးမှု မလုံလောက်ခြင်း သို့မဟုတ် အတည်မပြုနိုင်သည့် သတင်းအရင်းအမြစ်များပေါ်တွင် ယုံကြည်အားကိုးခြင်း ကဲ့သို့သော ညံ့ဖျင်းသည့် သတင်းထောက်အလေ့အကျင့်များသည် သတင်းမှားဖြန့်ခြင်း (ဘေးဥပဒ်ဖြစ်စေရန် ရည်ရွယ်ချက်မရှိဘဲ သတင်းမှားဖြန့်ခြင်း) နှင့် လုပ်ကြံသတင်း (လိမ်လည်လှည့်ဖျားရန် ရည်ရွယ်ချက်ဖြင့် သတင်းမှားဖြန့်ခြင်း) တို့ကို ပိုမိုပျံ့နှံ့သွားစေနိုင်သည်။ ယင်းသည် အထူးသဖြင့် အရေးပေါ်အခြေအနေများ သို့မဟုတ် လူထုကျန်းမာရေး အရေးပေါ်အခြေအနေများကဲ့သို့သော အသက်တမျှအရေးကြီးနေသည့် အခြေအနေအမျိုးတွင် လူထုကို လမ်းမှားသို့ရောက်နိုင်စေသလို ထိုရပ်ရွာအသိုင်းအဝိုင်းအတွင်းသို့ ဝင်ရောက်နိုင်ခွင့်ကိုဟန့်တားစေပြီး ဝန်ဆောင်မှုများမပေးနိုင်အောင် တားဆီးလိုက်ခြင်းအားဖြင့် ရပ်ရွာအသိုင်းအဝိုင်း အစိုးရနှင့် တာဝန်ရှိသူများကြား တင်းမာမှုကို ပိုမိုဆိုးရွားစေနိုင်သည်။

သို့သော်လည်း မီဒီယာသည် လူထုကြား လှည့်လည်ပျံ့နေသည့် ကောလာဟလများနှင့် သတင်းမှား ဖြန့်ဖြူးခြင်းတို့ကို သတင်းပို့အစီရင်ခံရန် လိုအပ်သည့် အခြေအနေများစွာလည်း ရှိနေပါသေးသည်။ သတင်းမှားဖြန့်ခြင်း အထူးသဖြင့် အကြမ်းဖက်မှုသို့ ဦးတည်စေနိုင်သည့် သတင်းအချက်အလက်များကို ဖြန့်ဖြူးခြင်း၊ စိတ်ဝမ်းကွဲစေခြင်း သို့မဟုတ် အန္တရာယ်ရှိစေသည့် အလေ့အကျင့်မျိုးအား လျစ်လျူမရှုသင့်ပါ။ ပြဿနာကို ပိုမိုမကြီးထွားစေဘဲ သတင်းမှားဖြန့်ခြင်းကို သတင်းပို့အစီရင်ခံခြင်းသည် သတင်းထောက်များအတွက် စိန်ခေါ်မှုများသော်လည်း အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါသည်။ သတင်းထောက်များသည် ပြည်သူလူထုအား ရှုပ်ထွေးသည့်သတင်းအချက်အလက်နယ်ပယ်များကို လမ်းကြောင်းဖော်ပေးရာတွင် ကူညီပေးနိုင်သည့် အရေးကြီးသည့် ကဏ္ဍတွင်ပါဝင်နေပြီး ထိုသို့ပါဝင်ကူညီခြင်းအားဖြင့် သတင်းမှားဖြန့်ခြင်း၏ အကျိုးသက်ရောက်မှုကို လျော့နည်းစေရန် ထိရောက်စွာကူညီပေးနိုင်ပါသည်။

သတင်းမှားဖြန့်ခြင်းအား ဆက်လက်လောင်စာဖြည့်ပေးခြင်းကို ရှောင်ကြဉ်နိုင်ရန် အတည်မပြုနိုင်သည့် ထွက်ဆိုချက်များကို ထုတ်ဝေရန် စိတ်စောခြင်းမျိုးကို ရှောင်ကြဉ်သင့်ပြီး အသေးစိတ် အချက်အလက်မှန်၊ မမှန် စစ်ဆေးခြင်းကို ဦးစားပေးလုပ်ဆောင်သင့်ပါသည်။ သတင်းမှား သို့မဟုတ် အထင်မြင်မှားစေသည့် သတင်းအချက်အလက်များကို ထပ်ခါထပ်ခါဖော်ပြမိခြင်းသည် ပလက်ဖောင်းအသုံးပြုသူများ၏စိတ်ထဲတွင် စွဲထင်ဖြည့်ယူသွားနိုင်သည့်အတွက် အထူးသတိပြုရပါမည်။ ယင်းအစား အတည်ပြုထားပြီးသား သတင်းအချက်အလက်များကို စိန်ခေါ်ခြင်း သို့မဟုတ် ချဲ့ထွင်ရှင်းပြခြင်းမျိုးကို ပိုအာရုံစူးစိုက်သင့်ပါသည်။ သတင်းမှား ဖြန့်ဖြူးခြင်းအကြောင်း အစီရင်ခံရာတွင် သတင်းမှား ဘာကြောင့် ပျံ့နှံ့ခဲ့ရကြောင်းနှင့် သတင်းတစ်ခု၏ တိကျမှုကို အကဲဖြတ်သုံးသပ်ပုံအကြောင်း ပလက်ဖောင်းအသုံးပြုသူများ နားလည်သဘောပေါက်လာအောင် အကူအညီပေးနိုင်သည့် အခြေအနေနှင့် နောက်ခံသတင်းအချက်အလက်များကို ဖြည့်ဆည်းပေးသင့်ပါသည်။ ကျွမ်းကျင်ပညာရှင်များ သို့မဟုတ် ယုံကြည်စိတ်ချရသည့် သတင်းအရင်းအမြစ်များ၊ ရပ်ရွာအသိုင်းအဝိုင်းမှ ယုံကြည်အားကိုးသူများနှင့် သတင်းအချက်အလက် တိတိကျကျ ပေးနိုင်သူများကို ပါဝင်စေပြီး နားလည်မှုလွဲမှားနေခြင်းကို ရှင်းလင်းတင်ပြပါ။

အရေးအကြီးဆုံးမှာ မည်သည့်သတင်းရင်းမြစ်များကို သုံးထားကြောင်း အပါအဝင် သတင်းအချက်အလက်များကို အချက်အလက် မှန်၊ မမှန် မည်သို့ စစ်ထားကြောင်းကိုပါ မြင်သာပါစေ။ ရပ်ရွာအသိုင်းအဝိုင်းအား သင်၏ လုပ်ငန်းစဉ်ကို မြင်ခွင့်ပေးခြင်းအားဖြင့် သင်သည် လူထုအား ရရှိလာသည့်တင်းအချက်အလက်များကို အကဲဖြတ်ရန်နှင့် ၎င်းတို့ကိုယ်ပိုင် ဆုံးဖြတ်ချက်ချနိုင်ရန် သတင်းဌာနပိုများများ ချီးမြှင့်ပေးနိုင်ပါသည်။ ဤချဉ်းကပ်ပုံသည် သတင်းအချက်အလက်ကို "မှန်သည်" (သို့) "မှားသည်"ဟု ရိုးရိုးတန်းတန်း ခေါင်းစဉ်သတ်မှတ်ခြင်းထက် ပိုပြီးအောင်မြင်ပါသည်။

[သတင်းမှားဖြန့်ဖြူးခြင်းနှင့် ပတ်သက်၍ တာဝန်ယူမှုရှိသည့် အစီရင်ခံစာများအကြောင်း ပိုမိုဖတ်ရှုလိုပါက ပထမမူကြမ်း (First Draft) မှ ဤလမ်းညွှန်ချက်ကို ကြည့်ရှုပါ]။

## မျိုးကွဲစုံလင်မှုနှင့် ကိုယ်စားပြုမှု ကင်းမဲ့ခြင်း

မီဒီယာသတင်းဌာနများ အနေဖြင့် ၎င်းတို့၏ ဝန်ထမ်းများအတွင်း မတူကွဲပြားမှုကင်းမဲ့ပြီး ပိုမိုကျယ်ပြန့်များပြားသည့် အသံများနှင့် ရှုထောင့်များကို ကိုယ်စားမပြုနိုင်နေပါက ဘက်လိုက်မှုများကို ပိုမိုတည်မြဲစေနိုင်ပြီး အချို့သော ရပ်ရွာအသိုင်းအဝိုင်းများအတွက် ကိုယ်စားပြုမှု အားနည်းခြင်း (သို့) မှားယွင်းကိုယ်စားပြုခြင်းတို့အပေါ် ထောက်ကူနေနိုင်ပါသည်။ အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းမှ အသံများကို မီဒီယာပရိုဂရမ် အစီအစဉ်ရေးဆွဲခြင်းများတွင် ပေါင်းစပ်ဖန်တီးခြင်းသည် အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် ပါဝင်ကူညီအားဖြည့်မှုများ၏ ပိုမိုကျယ်ပြန့်ပြီး တိကျစွာ ကိုယ်စားပြုနိုင်ခြင်းအား ပံ့ပိုးကူညီပေးရာတွင် မရှိမဖြစ် အရေးပါလှပါသည်။

**ဇာတ်ကြောင်းပြောပြရန်အတွက် အကျပ်အတည်းကြောင့် ထိခိုက်ခံရသူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း** - အကျပ်အတည်းကြောင့် ထိခိုက်ခံရသူများနှင့် တိုက်ရိုက်လုပ်ကိုင်နေသည့် ဒုက္ခသည် ထောက်ပံ့အားပေးရေး အုပ်စုများ၊ ရပ်ရွာအသိုင်းအဝိုင်းများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် တွဲဖက်လုပ်ဆောင်ပါ။ ထိုသို့သောအဖွဲ့အစည်းများသည် သင့်မီဒီယာသတင်းဌာနကို ၎င်းတို့၏ ဇာတ်ကြောင်းဖြစ်စဉ်များနှင့် သဘောထားအမြင်များကို ပြန်လည်မျှဝေရန် ဆန္ဒရှိသည့် လူများနှင့် ချိတ်ဆက်နိုင်ရန် အကူအညီပေးနိုင်ပါသည်။ သင်၏ မီဒီယာပရိုဂရမ် အစီအစဉ်များ သို့မဟုတ် ပုံနှိပ်ထုတ်ဝေခြင်းများ

တွင် ထိုသို့သော အကြောင်းအရာများနှင့် ဇာတ်ကြောင်းဖြစ်စဉ်များကို အဓိက အသားပေးဖော်ပြသည့် အထူးအာရုံစိုက်သော အခန်းကဏ္ဍများ သို့မဟုတ် အပိုင်းများ ထည့်သွင်းရန်လည်း စဉ်းစားနိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် ၎င်းတို့၏အသံများနှင့် အကြောင်းအရာများအတွက် ပင်တိုင်ပလက်ဖောင်းတစ်ခုရှိနေကြောင်း သေချာစေပါသည်။

**အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းမှ သတင်းထောက်များကို ငှားရမ်းပါ** - အကယ်၍ သင့်မီဒီယာသတင်းဌာနတွင် အကျပ်အတည်းကြောင့် တိုက်ရိုက်အကျိုးသက်ရောက်မှု ခံစားရဖူးသည့်ဝန်ထမ်း မပါဝင်နေပါက (သာဓကအားဖြင့် ဒုက္ခသည်များ စုပြုံဝင်ရောက်မှု ရှိခဲ့ပါက) အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းမှ သတင်းထောက်များကို ငှားရမ်းခြင်းမျိုးကိုလည်း စဉ်းစားနိုင်ပါသည်။ ထိုသို့ငှားရမ်းခြင်းသည် သင့်အား ရပ်ရွာအသိုင်းအဝိုင်း၏ လိုအပ်ချက်များ၊ အဓိကဦးစားပေးချက်များနှင့် ပိုမိုနီးကပ်မှုရှိစေရန် အကူအညီပေးနိုင်ပြီး သတင်းအချက်အလက်များကို ဘေးကင်းလုံခြုံပြီး ယဉ်ကျေးမှုအရ လေးစားသမှုပေးသည့် ပုံစံမျိုးဖြင့် မျှဝေကြောင်းလည်း သေချာစေပါလိမ့်မည်။ သင်သည် ထိုအသိုင်းအဝိုင်းမှ သတင်းစာ၊ စာနယ်ဇင်းပညာ အစပြုလုပ်ဆောင်ချက်များတွင် ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းကို ထိခိုက်စေသည့် အကြောင်းအရာများကို အစီအရင်ခံတင်ပြနိုင်ရန် အသိုင်းအဝိုင်းအတွက် ရင်းမြစ်များ၊ သင်တန်းများနှင့် ပလက်ဖောင်းများ ပံ့ပိုးပေးခြင်းဖြင့် အားပေးကူညီနိုင်ပါသည်။

## အွန်လိုင်း ပလက်ဖောင်းများ

ကမ္ဘာတစ်ဝှမ်းလုံးရှိ ဒီဂျစ်တယ်အသုံးပြုနိုင်ခွင့်များ တိုးပွားလာခြင်းသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေအနေများတွင် သတင်းအချက်အလက် ပံ့ပိုးသူများကို ထိခိုက်ခံရသူများနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ခွင့်ရစေပြီး တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်သွယ်ရန် ကူညီပေးသည်။ အထက်ပါ အန္တရာယ်များနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များထဲမှ တူညီသော အချက်တော်တော်များများသည် ဒစ်ဂျစ်တယ်ဖြင့် ပေးပို့သော ဆက်သွယ်မှုနှင့် သတင်းအချက်အလက်များနှင့် သက်ဆိုင်သည်။ သို့ရာတွင် နည်းပညာအသစ်များတွင် သတင်းအချက်အလက် ပံ့ပိုးသူများနှင့် ရပ်ရွာအသိုင်းအဝိုင်းများကိုယ်တိုင် နားလည်ရန်လိုအပ်သည့် ထူးခြားသော အန္တရာယ်သစ်များလည်း ပါဝင်လာသည်။

လူများသည် ၎င်းတို့၏ဖုန်းများထဲမှ ကိုယ်ရေးလုံခြုံခွင့်ဆက်တင်များကို အမြဲတမ်း သတိမပြုမိတတ်ခြင်း သို့မဟုတ် သင် သို့မဟုတ် အခြားသူများနှင့် သတင်းအချက်အလက်များ မျှဝေရန် လုံခြုံသည့် နေရာများကို ရှာနိုင်လေ့မရှိတတ်ကြပါ။  ပလက်ဖောင်းအတွင်း အုပ်စုများဖွဲ့ထားခြင်းက သီးသန့်ဖြစ်စေနိုင်သော်လည်း သတ်မှတ်လူဦးရေကျော်လာသည့် အခါမျိုးနှင့် စောင့်ကြည့်ထိန်းချုပ်မှုစနစ်က အကန့်အသတ်ရှိချိန်တွင် ရှိနေပြီးသား အုပ်စု၏ လုပ်ဆောင်ချက်များသည် သတ်မှတ်ချက်မရှိ လူတိုင်းဝင်ရောက်နိုင်သည့် ပလက်ဖောင်းအဖြစ်သို့ ပြောင်းသွားပြီး အုပ်စုထဲသို့ မည်သူမည်ဝါက မည်သည့် ရည်ရွယ်ချက်နှင့် ဝင်ရောက်လာသည်ကို စောင့်ကြည့်မှု နည်းသွားတတ်သည်။ အရေးပေါ်အခြေအနေတွင်ရှိနေသော လူများအကြောင်းသတင်းအချက်အလက်သည် အွန်လိုင်းပေါ်မှခြိမ်းခြောက်သူများ၊ လူကုန်ကူးသူများနှင့် အခြား မကောင်းသော ရည်ရွယ်ချက်ရှိသူများ၏ အာရုံစိုက်ခြင်းကို ခံရနိုင်ပြီး ၎င်းတို့၏ အားနည်းချက်ကို အသုံးချကာ ငွေရေးကြေးရေး အကျိုးအမြတ် သို့မဟုတ် အခြား ကျင့်ဝတ်နှင့် မညီသည့် ရည်ရွယ်ချက်များအတွက် အကျိုးထုတ်သွားစေနိုင်သည်။

ဒစ်ဂျစ်တယ် ဆက်သွယ်မှုစနစ်နှင့်အတူ ပါလာတတ်သည့် ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ထည့်သွင်းစဉ်းစားစရာများကို စဉ်းစားဆင်ခြင်ရန်နှင့် သင်ကိုယ်သင် သို့မဟုတ် သင်၏ သတင်းအချက်အလက်များကို အန္တရာယ်တွင်း တွန်းမပို့မိကြောင်း သေချာစေရန် အရေးကြီးပါသည်။ ဒစ်ဂျစ်တယ်လုံခြုံရေးသည် စဉ်ဆက်မပြတ် ဖြစ်စဉ်တစ်ခုဖြစ်ကြောင်းကို အမှတ်ရပြီး နောက်ဆုံးပေါ်လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများနှင့် အကောင်းဆုံးသော လုပ်ထုံးလုပ်နည်းများအကြောင်း အမြဲအသိရှိနေရန် မဖြစ်မနေအရေးကြီးပါသည်။

စဉ်းစားသင့်သည့် အချို့ ကိစ္စရပ်များ -

- **ကျွမ်းကျင်သည့်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ခြင်း** - အထူးသဖြင့် အန္တရာယ်အလွန်များသည့် အခြေအနေများတွင် ဒစ်ဂျစ်တယ်လုံခြုံရေး ကျွမ်းကျင်ပညာရှင်များ သို့မဟုတ် လုံခြုံစိတ်ချရသည့် ဆက်သွယ်ပြောဆိုမှု အလေ့အထ၌ ဝါရင့်အတွေ့ကြုံရှိသော အဖွဲ့အစည်းများထံမှ လမ်းညွှန်ချက်ကို ရှာဖွေတောင်းခံသင့်သည်။
- **အသုံးပြုမည့် ပလက်ဖောင်းကို ဂရုတစိုက်ရွေးချယ်ပါ** - Signal၊ WhatsApp သို့မဟုတ် Telegram ကဲ့သို့သော အပြန်အလှန် လျှို့ဝှက်စာဝှက်စနစ် (end-to-end encryption) ကို အသုံးပြုထားသည့် မက်ဆေ့ချ်ပို့သော အက်ပ်များနှင့် ပလက်ဖောင်းများကို အသုံးပြုရန် စဉ်းစားသင့်ပါသည်။ ထိရှလွယ်သည့် အကြောင်းအရာများပြောဆိုရာတွင် ပုံမှန် စာတိုပို့စနစ် (SMS) သို့မဟုတ် လုံခြုံမှုမရှိနိုင်သည့် အီးမေးလ်အသုံးပြုခြင်းတို့ကို ရှောင်ကြဉ်ပါ။ အီးမေးလ်ကို မဖြစ်မနေအသုံးပြုရမည်ဆိုပါက ထပ်ဆောင်းလုံခြုံမှုစနစ်အတွက် ပရိုတွန်မေးလ် (ProtonMail) (သို့) ပီဂျီပီ (PGP) (Pretty Good Privacy) စာဝှက်စနစ်ကဲ့သို့သော စာဝှက်အီးမေးလ်ဝန်ဆောင်မှုစနစ်ကို အသုံးပြုရန် စဉ်းစားပါ။ ရပ်ရွာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံရာတွင် တစ်ဦးချင်းဆက်သွယ်ပြောမှု သို့မဟုတ် လူအနည်းငယ်သာပါဝင်သော အုပ်စုများဖြင့် ဆက်သွယ်ပြောဆိုမှုမည်သည့်ပုံစံက ပိုလုံခြုံပြီး ပိုသက်သောင့်သက်သာရှိမည်ကို စဉ်းစားပါ။ အကယ်၍ သင်သည် လူအုပ်စုတစ်ခုနှင့် ဆွေးနွေးရန် နေရာတစ်ခုကို ရွေးချယ်လိုက်ပါက သတင်းပေးတိုင်ကြားသူကို အန္တရာယ်ပြုနိုင်မည့် မလိုအပ်သူများ အုပ်စုတွင်း ဝင်ရောက်လာခြင်းမရှိကြောင်း သေချာစေရန် ထိုနေရာကို ဂရုတစ်စိုက် စောင့်ကြည့်ကြောင်း သေချာပါစေ။
- **သက်သေခံအထောက်အထားကို အတည်ပြုစစ်ဆေးပါ** - ထိရှလွယ်သည့် ဆွေးနွေးမှုများတွင် မပါဝင်မီ ယုံကြည်စိတ်ရသည့် ချန်နယ်လ်များမှတစ်ဆင့် သတင်းပေးတိုင်ကြားသူ၏ သက်သေခံအထောက်အထားကို အတည်ပြုပါ။ မတောင်းဆိုထားဘဲ မိမိသဘောနှင့်မိမိကမ်းလှမ်းထားသည့် ဆက်သွယ်ပြောဆိုရေး မေတ္တာရပ်ခံချက်များကို လက်ခံတော့မည်ဆိုပါက သတိကြီးကြီးထားပါ။
- **ပေါင်းစုမက်တာဒေတာ အချက်အလက်** (metadata) **များ ထိတွေ့မှုကို ကန့်သတ်ထားပါ** - ဒစ်ဂျစ်တယ် ဆက်သွယ်ပြောဆိုမှုများနှင့် ဆက်စပ်နေသည့် ပေါင်းစုမက်တာဒေတာ အချက်အလက်များကို အထူးဂရုပြုပါ။ တည်နေရာ ဒေတာအချက်အလက်မျှဝေခြင်းကို ရှောင်ကြဉ်ပြီး ဖိုင်များနှင့် ဓာတ်ပုံများမှ ပေါင်းစုမက်တာဒေတာ အချက်အလက်များကို ဖယ်ရှားပေးသည့် အထောက်အကူပြုကိရိယာများကို အသုံးပြုရန်စဉ်းစားပါ။
- **အရေးပေါ် အစီအစဉ်များ** - အကယ်၍ သင့်သတင်းပေးတိုင်ကြားသူ၏ ဘေးကင်းလုံခြုံရေးကို ထိခိုက်လာခဲ့ပါက ဘာဆက်လုပ်မည် ဆိုသည့်အချက် အပါအဝင် အရေးပေါ်အခြေအနေများအတွက် ကြိုတင်အစီအစဉ်များ ရေးဆွဲထားပါ။

**သင့်ကိုယ်သင် ဂရုစိုက်စောင့်ရှောက်ပါ** - အကျပ်အတည်း အခြေအနေတစ်ခုတွင် အလုပ်လုပ်ကိုင်ခြင်းသည် မီဒီယာဝန်ထမ်းများအပေါ်တွင် ပြင်းထန်သော အကျိုးသက်ရောက်မှုများလည်း ရှိနေနိုင်ပါသည်။ ဒုက္ခခံစားရမှု ဇာတ်လမ်းများကို နားထောင်ခြင်းနှင့် သတင်းအစီရင်ခံခြင်းသည် သင့်ကိုယ်ပိုင် စိတ်ကျန်းမာရေးအပေါ် သက်ရောက်မှုရှိနိုင်ပါသည် - ဤအခြေအနေကို သွယ်ဝိုက်စိတ်ဒဏ်ရာ (vicarious trauma) ဟု ခေါ်ပါသည်။ သွယ်ဝိုက်စိတ်ဒဏ်ရာသည် သင့်ဆက်ဆံရေးများ၊ သင်၏အလုပ်လုပ်နိုင်စွမ်းတို့ကို အကျိုးသက်ရောက်မှုရှိစေနိုင်ပြီး စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှု ရောဂါ (PTSD) ခံစားရခြင်းသို့ ဦးတည်စေနိုင်သည်။ နာရီပေါင်းများစွာ အလုပ်လုပ်ခြင်းနှင့် ဒုက္ခခံစားရမှု ဇာတ်ကြောင်းများကို နားထောင်ပြီး သတင်းအစီရင်ခံခြင်းသည် ကိုယ်ရောစိတ်ပါ ချုံးချုံးကျခြင်းသို့လည်း ဦးတည်စေနိုင်ပါသည်။

ပထမမှုကြမ်းမှ ယခုလက်စွဲစာစောင်သည် လူပုဂ္ဂိုလ်များနှင့် သတင်းခန်းများမှ သွယ်ဝိုက်စိတ်ဒဏ်ရာကို မည်သို့ ရှောင်ကြဉ်နိုင်ကြောင်း ဆွေးနွေးထားသည်။

Headlines Network မှ ဤအကြံပြုချက် စာရွက်သည် ကိုယ်ရောစိတ်ပါ ချုံးချုံးကျခြင်းဝေဒနာ၏ လက္ခဏာများကို သင့်လုပ်ဖော်ကိုင်ဖက်ထံတွင် မည်ကဲ့သို့ ရှာကြည့်နိုင်ကြောင်း ရှင်းပြထားပါသည်။

DART စင်တာမှ ယခုလမ်းညွှန်ချက်သည် အယ်ဒီတာများနှင့် မန်နေဂျာများအတွက် ဖြစ်ပါသည်။

**သင်ကိုယ်တိုင်၊ သင့်သူငယ်ချင်းများနှင့် သင့်လုပ်ဖော်ကိုင်ဖက်များထံတွင် ထိုကဲ့သို့သော စိတ်ဖိစီးမှု လက္ခဏာများကို သိမြင်နိုင်ရန်နှင့် အချင်းချင်း ပံ့ပိုးကူညီနိုင်ရန် သင်ယူလေ့လာထားဖို့ အရေးကြီးပါသည်။**

**ပိုမိုလေ့လာဖတ်ရှုရန်အတွက် ရည်ညွှန်းကိုးကားချက်များ -**

- ယူနီဆက်ဖ် (UNICEF) ကလေးငယ်များနှင့် ပတ်သက်ပြီး ကျင့်ဝတ်နှင့်အညီ သတင်းအစီရင်ခံခြင်းဆိုင်ရာ အခြေခံသဘောတရားနိယာမများ။ unicef.org - တွင် ရရှိနိုင်ပါသည်
- ယူအန်အက်ဖ်ပီအေ (UNFPA)ဆီးရီးယားအရေးအခင်းမှ ကျား/မအခြေပြု အကြမ်းဖက်မှုအကြောင်း အစီရင်ခံစာ - သတင်းထောက်တစ်ဦးအတွက် လက်စွဲစာအုပ် (၂၀၁၅ ခုနှစ်)။ unfpa.org တွင် - ရရှိနိုင်ပါသည်
- Internews လက်စွဲစာစောင်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းများအကြောင်း အစီရင်ခံစာ (၂၀၁၄ ခုနှစ်)။ internews.org - တွင် ရရှိနိုင်ပါသည်
- ယူအန်အိတ်ချ်စီအာရ် (UNHCR) - ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများအတွက် အဆိပ်အတောက်ဖြစ်စေမည့် ဇာတ်ကြောင်းများကို ချေပခြင်း။ unhcr.org တွင် - ရရှိနိုင်ပါသည်
- ကမ္ဘာ့ကုလသမဂ္ဂ ပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စ်ကို (UNESCO)) - ရွှေ့ပြောင်းလာကြသူများနှင့် ဒုက္ခသည်များအကြောင်း အစီရင်ခံစာ - သတင်းစာ၊ စာနယ်ဇင်းပညာ သင်ကြားရေးဆရာများအတွက် လက်စွဲစာအုပ် (၂၀၂၁ ခုနှစ်)။ unesco.org တွင် - ရရှိနိုင်ပါသည်
- ဒီအေအာတီ (DART) စင်တာအတွက် သတင်းစာ၊ စာနယ်ဇင်းပညာနှင့် ထိခိုက်ဒဏ်ရာ - စိတ်ဒဏ်ရာများမှ အသက်ရှင်ကျန်ရစ်ခဲ့သူများကို လူတွေ့မေးမြန်းခြင်း၊ ကလေးသူငယ်များကို အင်တာဗျူးခြင်း၊ ဘာသာစကား အသုံးပြုပုံတို့ ပါဝင်နေသော သတင်းထောက်များအတွက် သတင်းအရင်းအမြစ်များ (ဘာသာစကား၏ အသုံးပြုပုံ အရင်းအမြစ်သည် ယူကရိန်းအရေး

အခင်းတွင် တာဝန်ထမ်းဆောင်နေသူများအတွက် အဓိကရည်ရွယ်ထားခြင်း ဖြစ်သော်လည်း အခြားသောနောက်ခံအခြေအနေ၊ ဒေသများတွင်လည်း အသုံးပြုနိုင်သလို ဆီလျော်အောင် ပြုပြင်၍ ရနိုင်ပါသည်)။ dartcentre.org တွင် - ရရှိနိုင်ပါသည်။

# လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု

ထိခိုက်ခံရသူများ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိကြောင်း သေချာစေရန် ထည့်သွင်းစဉ်းစားရမည့် အချက်အားလုံးကို ပေးထားပြီး ဆန်းစစ်အကဲဖြတ်မှုကို ထောက်ပံ့ပေးရန်နှင့် ယင်းတို့ကို နားလည်သဘောပေါက်စေရန် မည်သည့်အထောက်အကူပြုကိရိယာများ ရရှိနိုင်ပါသလဲ။

ဤလုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု (နောက်ဆက်တွဲ ၂ မှ ပုံစံ) သည် မီဒီယာအပါအဝင် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများ၏ လုပ်ငန်းစဉ်ကို ဥပမာအားဖြင့် - အချို့သော အကြောင်းအရာများကို တိကျသည့် နည်းလမ်းတစ်ခုဖြင့် သတင်းအစီအရင်ခံခြင်းက ဘေးကင်းလုံခြုံမှု ရှိပါသည် - ဆိုသည်မှာ ဟုတ်/မဟုတ် ဆုံးဖြတ်ချက်ချနိုင်ရန် လမ်းညွှန်မှုပေးပါသည်။ ဤလေ့ကျင့်ခန်းအား ပါဝင်သည့်အကြောင်းအရာ (ဥပမာအားဖြင့်၊ သတင်းတစ်ပုဒ်ကို အစီရင်ခံခြင်း) ကို ဖန်တီးရေးသားနေသည့် သူ/အဖွဲ့မှ ကြီးကြပ်ပေးနိုင်ပါသည်။ အခြေအနေပေးလာပါက လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှုဖြစ်စဉ်တွင် ရပ်ရွာလူထု၏ပါဝင်မှုကို အမြဲထည့်သွင်းပေးသင့်ပါသည်။

## လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှုအဆင့် ၅ ဆင့် -

1. **စီမံကိန်းကို ရှင်းလင်းစွာ ချမှတ်ပါ** -တည်နေရာများနှင့် ဇာတ်ကြောင်း သို့မဟုတ် အစီရင်ခံစာတွင် ပါဝင်ပတ်သက်နေသည့်သူများ အပါအဝင်။ သင်နှင့် တိုက်ရိုက်ဆက်သွယ်ပြောဆိုရမည့် အဓိကလူများနှင့် ဤအစီရင်ခံစာကြောင့် အကျိုးသက်ရောက်မှုကို ခံစားရနိုင်သည့် တစ်ဆင့်ခံလူများအတွက်ကိုလည်း စဉ်းစားပေးပါ။ ဥပမာအားဖြင့် သင်သည် မိဘများကို သတင်းအချက်အလက်များ ပံ့ပိုးပေးရန် ရည်ရွယ်ထားနိုင်ပြီး၊ ထို့အတွက် "မိဘများ"သည် ပလက်ဖောင်းကို အဓိကအသုံးပြုမည့်သူများ သို့မဟုတ် အင်တာဗျူးဖြေဆိုရန် အလားအလာရှိသူများ သို့မဟုတ် ရည်ရွယ်ပုဂ္ဂိုလ်များ ဖြစ်သင့်ပြီး၊ တစ်ဆင့်ခံပုဂ္ဂိုလ်သည် အိမ်ထောင်စုတွင်းရှိ ကလေးများဖြစ်နိုင်ပါသည်။
2. **သတင်း/အစီရင်ခံစာ၏ အကျိုးကျေးဇူးများကို ခွဲခြားဖော်ထုတ်ပါ** -ထိုသို့ပြုလုပ်ခြင်းက ရရှိလာမည့်ရလဒ်သည် အချို့သောအန္တရာယ်များ/ အန္တရာယ်အဆင့်များနှင့် ရင်ဆိုင်သင့်၊ မသင့် ဆုံးဖြတ်နိုင်ရန်အတွက် အကျိုးကျေးဇူးများနှင့် အန္တရာယ်များကြား ချိန်ဆရာတွင် ကူညီပေးပါလိမ့်မည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် ရပ်ရွာအသိုင်းအဝိုင်းအတွက် အကျိုးကျေးဇူးများသာမက သင့်အဖွဲ့အစည်း သို့မဟုတ် မီဒီယာသတင်းဌာနအတွက် အကျိုးကျေးဇူးများကိုလည်း စဉ်းစားပါ။
3. **လှုပ်ရှားမှုတစ်ခုခုကြောင့် ဖန်တီးမိလိုက်နိုင်သည့် အန္တရာယ်များကို သတ်မှတ်ပါ** - ထိုအထဲတွင် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၊ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သော မီဒီယာဝန်ထမ်းများနှင့် အဖွဲ့အစည်း သို့မဟုတ် မီဒီယာသတင်းဌာန၏ ဂုဏ်သတင်းနှင့် စီစဉ်နိုင်မှုစွမ်းရည်များ အပါအဝင် ပထမအဆင့်တွင် ဖော်ထုတ်ခဲ့သော မတူညီသည့် လူအသီးသီး၏ အန္တရာယ်များကိုလည်း ထည့်သွင်းဖော်ပြသင့်ပါသည်။

4. **အန္တရာယ်တစ်ခုချင်းစီအတွက် အန္တရာယ်သက်သာလျော့ပါးရေးနည်းဗျူဟာများကို သတ်မှတ်ပါ** - ခွဲခြားဖော်ထုတ်ထားသည့် အန္တရာယ်များကို လျှော့ချနေစဉ်တွင် အစီရင်ခံစာတင်ပြနိုင်ရန် ခွင့်ပြုပေးနိုင်မည့် ဖြေရှင်းနည်း တစ်ခုချင်းစီကို ဆောင်ရွက်ရန် အဖွဲ့အစည်း သို့မဟုတ် မီဒီယာသတင်းဌာနအတွင်း မည်သူ့ထံတွင် တာဝန်ရှိသည်ဆိုသည့် အချက်အပါအဝင် အကောင်အထည်ဖော်နိုင်မည့် လက်တွေ့ကျပြီး တိကျမှုရှိသည့် ဖြေရှင်းနည်းများကိုလည်း စဉ်းစားပါ။
5. **အစီရင်ခံစာ သို့မဟုတ် သတင်းကို တင်ပြသင့်၊ မသင့်ဆုံးဖြတ်ပါ** -(အဆိုပြုထားသည့် အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာကို ဆောင်ရွက်နိုင်ခြေရှိ၊ မရှိ စဉ်းစားချင့်ချိန်ပြီးနောက်) ကျန်ရှိနေသေးသည့် အန္တရာယ်များနှင့် အကျိုးကျေးဇူးများကို ချိန်ဆကာ ရလဒ်သည် ကျန်ရှိနေသေးသည့် အန္တရာယ်များထက် ပို၍အကျိုးရှိနိုင်၊ မရှိနိုင်ကို သုံးသပ်ဆန်းစစ်ပါ။ သို့မဟုတ် ခွဲခြားသတ်မှတ်ထားပြီးသား အကျိုးကျေးဇူးများမှ အနည်းငယ် သို့မဟုတ် အားလုံးကို ထိန်းသိမ်းထားပြီး အစီရင်ခံလုပ်ငန်းစဉ်၏ အန္တရာယ်များ သက်သာလျော့ပါးသွားရန် ပြင်ဆင်နိုင်မည့် ရှုထောင့်များကို ခွဲခြားဖော်ထုတ်ပါ။

## လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှုဆိုင်ရာ ဥပမာ
(ပုံစံအတွက်၊ နောက်ဆက်တွဲ ၂ ကို ကြည့်ပါ) -

**စီမံကိန်း -**

အမျိုးသမီး လိင်အင်္ဂါ ဖြတ်တောက်ခြင်းဓလေ့ (FGM) အကြောင်း ခြုံငုံတင်ပြသည့် ဒေသတွင်း ရေဒီယိုရှိုး တစ်ခု - "FGM သည် ယဉ်ကျေးမှုဓလေ့တစ်ခု အတွင်းရှိ ကဏ္ဍတစ်ရပ် ဖြစ်သောကြောင့် ၎င်းကို ရှုတ်ချနိုင်ပါသလား။" ဆိုသည့် မေးခွန်းအပါအဝင် အခြားသော မေးခွန်းများကို ပရိသတ်များမှ တိုက်ရိုက်မေးနိုင်မည်ဖြစ်ပြီး၊ ဆေးပညာနှင့် ဥပဒေ အတတ်ပညာရှင်များ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးခေါင်းဆောင်များ နှင့် အစိုးရကိုယ်စားလှယ်များ ပါဝင်၍ ဆွေးနွေး မည်ဖြစ်သည်။

| **အကျိုးကျေးဇူးများ** | **ပါဝင်ပတ်သက်နေသူအားလုံးအတွက် ဘေးအန္တရာယ်များ** | **အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာ** |
|---|---|---|
| - ယဉ်ကျေးမှုပိုင်း၊ ဘာသာရေး ပိုင်းနှင့် ဥပဒေပိုင်းဆိုင်ရာ သတ်မှတ်ချက်များကို ဆွေးနွေးငြင်းခုံရန် နေရာ တစ်ခုကို ဖန်တီးပေးခြင်း အားဖြင့် FGM ကို လုံး ဝဖယ်ရှားရာတွင် ကူညီ အားဖြည့်ခြင်း<br><br>- မိန်းကလေးများနှင့် အမျိုးသမီးများအတွက် FGM ပြုလုပ်ခြင်း၏ ကျန်းမာရေး အကျိုးဆက် များအကြောင်း အသိပညာ မြှင့်တင်ပေးခြင်းအပြင် အထူးပြု ကျန်းမာရေး စောင့်ရှောက်မှု၊ စိတ် ကျန်းမာရေး/လူမှုဘဝ ကူညီ စောင့်ရှောက်မှုတို့ကို ပံ့ပိုးပေး နိုင်သည့် ကျန်းမာရေးစင် တာများအကြောင်း သတင်း အချက်အလက်များ ဖြန့်ဖြူး ခြင်း<br><br>- ပလက်ဖောင်း အသုံးပြု သူများ၏ အတွေ့အကြုံ များကို မျှဝေနိုင်ပြီး FGM အကြောင်း မေးခွန်းများ မေးနိုင်သည့် အခွင့်အလမ်း တစ်ရပ် ပံ့ပိုးပေးခြင်း | - ပလက်ဖောင်းအသုံးပြုသူများ- ပါဝင်သူများသည် ရှိုးတွင် ဖိတ် ခေါ်ခံရသောအခါ မည်သူမည်ဝါ ဖြစ်ကြောင်း ခွဲခြားဖော်ပြနိုင် သော သတင်းအချက်အလက် (PII) ကို ထုတ်ဖော်ပြောဆိုရ နိုင်ပြီး ၎င်း၏ အကျိုးဆက် အနေဖြင့် (အမည်းစက်ထင် စေခြင်းနှင့် အကြမ်းဖက်မှု အပါအဝင်) ပစ်မှတ်ထားခြင်းခံ ရနိုင်သည်<br><br>- ဧည့်သည်များနှင့် သတင်းထောက်များ - ရိုးရာဓလေ့ထုံးတမ်းအရ ယုံကြည်ချက်များနှင့် ဆန့်ကျင် နေသည့် အငြင်းပွားဖွယ် ထင်မြင်ချက်များကို မျှဝေသည့် ရလဒ်အနေဖြင့် ပစ်မှတ်ထား ခြင်းခံရနိုင်သည်<br><br>- ဒေသတွင်း ရေဒီယို - ရှိုးခန်း သည် FGM ကို ကျင့်သုံးနေပြီး ရုပ်သိမ်းထုတ်လွှင့်မှုကြောင့် မ ကျေမနပ်ဖြစ်နေကြသည့် ရပ်ရွာ အသိုင်းအဝိုင်းမှ လူများ၏ ပစ်မှတ်ထားခြင်းခံရနိုင်သည် | - ပါဝင်ဆောင်ရွက်မှု မပြုမီ၊ မည်သူ မည်ဝါဖြစ်ကြောင်းနှင့် မည် သည့်နေရာတွင် နေထိုင်ကြောင်း ဖော်ထုတ်နိုင်မည့် သတင်း အချက်အလက် မျှဝေခြင်း၏ အန္တရာယ်များအကြောင်း ပါဝင် သူများအားလုံးကို အသိပေးပြီး သိသိသိပ်သိပ်နေရန် အကြံပြု ပါ။ ပါဝင်သူများ၏ သက်သေခံ အထောက်အထားများကို ကာကွယ် ပေးနိုင်အောင် တည်းဖြတ်ခြင်းကို ခွင့်ပြုပေးနိုင်ရန်အတွက် လိုက်ဖမ်းရှိုး မစမီ မေးခွန်းများ (သို့) သက်သေခံ ချက်များကို ကြိုတင်ရိုက်ကူးခွင့်ကို လည်း ပေးထားပါ။<br><br>- ဤခေါင်းစဉ်နှင့်ပတ်သက်၍ ပါဝင် ဆွေးနွေးခြင်း၏ အန္တရာယ်များကို ဧည့်သည်များနှင့် သတင်းထောက် များအားလုံး သတိပြုမိပြီး စိတ် သက်သက်သာသာရှိနေကြကြောင်း သေချာမှုရှိပါ။<br><br>- အားပေးထောက်ခံမှုများလာ ရန် FGM ကျင့်သုံးနေသည့် ဟု သတ်မှတ်ခြင်းခံရသည့် အသိုင်းအဝိုင်း၏ ခေါင်းဆောင် အပါအဝင် အဓိကပါဝင်ပတ်သက် နေသူများနှင့် ညှိနှိုင်းပူးပေါင်း ပြီး အသိုင်းအဝိုင်းတစ်ခုလုံးကို ကိုယ်စားပြုနိုင်ရန် မတူကွဲပြားသည့် အုပ်စုများမှ ဧည့်သည်များကိုပါ ဖိတ်ကြားပါ |

**ဆုံးဖြတ်ချက် -**

တစ်ဦးချင်းဖုန်းခေါ်သူများ၊ ဝန်ထမ်းများနှင့် အဖွဲ့အစည်းများအား ကာကွယ်ရန် အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာများ လုံလုံလောက်လောက် ရှိသောကြောင့် ရှိုးပွဲကို ရှေ့ဆက်ဆောင်ရွက်နိုင်သည်။

**စီမံကိန်း -**

ဒေသခံ အဖွဲ့အစည်းတစ်ခုသည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းဝင်များ၏ ဓာတ်ပုံများ အပါအဝင်၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထောက်အကူ ပေးနေသူများ၏ အောင်မြင်မှုများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ မျှဝေရန် အများပြည်သူသုံး ဆိုရှယ်လ်မီဒီယာအကောင့်တစ်ခုကို ဖန်တီးနေပါသည်။

| အကျိုးကျေးဇူးများ | ပါဝင်ပတ်သက်နေသူအားလုံးအတွက် ဘေးအန္တရာယ်များ | အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာ |
|---|---|---|
| - လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေများကို မှုမှုတတအသုံးပြုခြင်းတွင် ပွင့်လင်းမြင်သာမှု တိုးပွားလာခြင်း<br><br>- အားပေးထောက်ခံမှုများ ပိုမိုအားကောင်းလာစေရန်၊ ဝန်ထမ်းများအတွက် လုံခြုံစိတ်ချရမှု တိုးမြှင့်ရန်နှင့် ထိရောက်သည့် အစီအစဉ်များ ရွေးချယ်ခြင်းကို ကူညီပံ့ပိုးပေးနိုင်ရန် ရပ်ရွာအဖွဲ့ဝင်များနှင့် ဒေသခံအာဏာပိုင်များအကြား အဖွဲ့အစည်း မြင်သာမှုကို မြှင့်တင်ခြင်း<br><br>- အကျပ်အတည်း၏ ပရိုဖိုင်အသေးစိတ်ကို နိုင်ငံတကာတွင် မြှင့်တင်ခြင်းနှင့် အဖွဲ့အစည်း၏ ထောက်ခံအားပေးမှုနှင့် ရန်ပုံငွေမြှင့်တင်ရေး ရည်ရွယ်ချက်များကို ပံ့ပိုးကူညီခြင်း | - ပလက်ဖောင်းအသုံးပြုသူ ပရိုသတ်များ - ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းဝင်များသည် ဘေးအန္တရာယ်တွင်း ကျရောက်စေနိုင်မည့် မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားဖော်ပြနိုင်သော သတင်းအချက်အလက် (PII) ကို ထုတ်ဖော်ပြောဆိုခြင်း၊ ဤအဖွဲ့အစည်းမှတစ်ဆင့် မရရှိနိုင်သည့် ဝန်ဆောင်မှုများအတွက် နှင့်/သို့မဟုတ် မဖော်ဆောင်ရသေးသော လွှဲပြောင်းရေး လုပ်ထုံးလုပ်နည်းများအတွက် မျှော်မှန်းချက်များ မြင့်တက်လာစေမည့် ထိရှလွယ်သော သတင်းအချက်အလက်များ ထောက်ပံ့ သို့မဟုတ် မျှဝေပေးရန်အတွက် တောင်းဆိုနိုင်ရန် ပလက်ဖောင်းကို အသုံးပြုကောင်းပြုနိုင်ပါသည်။<br><br>- ပလက်ဖောင်းအသုံးပြုသူ ပရိုသတ်များ - ဓာတ်ပုံတစ်ပုံထဲဖြင့် ပုန်းကွယ်နေကြသူ တစ်ဦးချင်းစီအား ဖော်ထုတ်မိနိုင်သည့်အပြင် ၎င်းတို့၏ တည်နေရာများကို အမှတ်တမဲ့ ဖွင့်ချမိနိုင်ပါသည်။<br><br>- ပလက်ဖောင်းအသုံးပြုသူ ပရိုသတ်များ - ထိရှလွယ်သောအကြောင်းအရာတစ်ခုကို ထုတ်ဖော်ပြောဆိုသည့်အတွက် အသုံးပြုသူတစ်ဦးသည် ပစ်မှတ်ထားခြင်း ခံရနိုင်သည် (ဘေးဖယ်ထားခြင်းခံရသည့် အုပ်စုထဲတွင် ပါဝင်နေသည့်အတွက် အချို့သော လူထုအုပ်စုများသည် ကျား/မ စိသတ်မှတ်ချက်များကို အခြေခံထားသည့် ခြိမ်းခြောက်မှုများကို ပိုမိုခံစားရလေ့ရှိသည်ကိုလည်း သတိပြုသင့်ပါသည်)<br><br>- အဖွဲ့အစည်း - ဆိုရှယ်မီဒီယာပို့စ်အား အလိုအလျောက် ဘာသာပြန်ဆိုမှုဖွင့်ထားခြင်းက ပလက်ဖောင်းအသုံးပြုသူများအတွက် နားလည်မှုလွဲမှားစေခြင်းသို့ ဦးတည်စေနိုင်ပါသည်<br><br>- အဖွဲ့အစည်း - ပလက်ဖောင်းအသုံးပြုသူများ၏ မေးခွန်းများနှင့် တောင်းဆိုချက်များကို တုံ့ပြန်နိုင်စွမ်း မရှိပါက အားမလိုအားမရဖြစ်ခြင်း၊ သတင်းမှားဖြန့်ခြင်းနှင့် ကောလာဟလများကို လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်စေနိုင်ပြီး အဖွဲ့အစည်းနှင့် အသုံးပြုသူများကြား တင်းမာမှုများ ဖန်တီးမိစေကာ အဖွဲ့အစည်းအား အယုံအကြည်ကင်းမဲ့မှုများ ဖြစ်ပေါ်လာပါလိမ့်မည် | - PII ဖွင့်ချခံရခြင်းအပြင် အွန်လိုင်းတွင် ထိရှလွယ်သော အချက်အလက်များ မျှဝေခြင်းတို့၏ အန္တရာယ်များနှင့် ပတ်သက်၍ အသိပညာများ မြှင့်တင်ပေးရန် ဆိုရှယ်မီဒီယာ စာမျက်နှာပေါ်တွင် မြင်သာလွယ်သော လမ်းညွှန်ချက်များ ပါဝင်အောင် ထည့်သွင်းဖော်ပြပေးပါ<br><br>- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းဝင်များအား ခွဲခြားဖော်ပြမထားသည့် ဓာတ်ပုံများကို ရွေးချယ်ပြီး၊ (ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုတတ်မှုနည်းပါးသည့် လူအုပ်စုအား ဆိုရှယ်မီဒီယာ၏ ထိရောက်မှုကို ရှင်းပြပေးခြင်း အပါအဝင်) ဝန်ထမ်းအားလုံးကို ထိရောက်စွာသင်တန်းပေးထားပြီး ကျိုးကြောင်းသိရှိ သဘောတူခွင့်ပြုချက်ကို လေးစားမှုရှိကြောင်း သေချာပါစေ<br><br>- အကောင့်ပေါ်တွင် ဆိုရှယ်မီဒီယာ မက်ဆေ့ချ်များ အလွန်အကျွံမဖြစ်စေရန် ထိန်းကွပ်ရေးအတွက် အဖွဲ့အစည်းတွင်းလမ်းညွှန်ချက်များကို ပိုမိုအဆင့်မြှင့်တင်ပေးပြီး ထိရှလွယ်သောပို့စ်များအောက်တွင် မှတ်ချက်ပေးခြင်းအားပိတ်ရန် ရွေးချယ်ပေးပါ<br><br>- အလိုအလျောက် ဘာသာပြန်ခြင်းကို ရှောင်ရှားနိုင်ရန် ဘာသာစကားမျိုးစုံဖြင့် ပို့စ်တင်တတ်သော ဝန်ထမ်းများကို ခန့်ထားပါ<br><br>- ဂရု(ပ်)ကို ထိန်းချုပ်ရန် (မှတ်ချက်များနှင့် ကိုယ်ပိုင်မက်ဆေ့ချ်များ ဖြေကြားရန်) ဝန်ထမ်းများ လုံလောက်စွာငှားရမ်းပြီး လေ့ကျင့်သင်ကြားပေးထားပါ သို့မဟုတ် ထိုသို့ အပြန်အလှန်ပြောဆိုဆက်ဆံရေးကို ကျိုးသင့်ကြောင်းသင့် မစောင့်ကြည့်နိုင်ပါက ၎င်းတို့ကို ရွေးချယ်နိုင်ခွင့်အား ပိတ်ထားလိုက်ပါ |

**ဆုံးဖြတ်ချက် -**

ဆိုရှယ်မီဒီယာ အကောင့်ကို စောင့်ကြပ်ပေးရန် ဝန်ထမ်းများအနေဖြင့် လုံလောက်သည့် စွမ်းရည်ပိုင်ဆိုင်ထားကြောင်း သေချာမှုရှိစေပြီး၊ စောင့်ကြည့် ကာကွယ်ရေး နည်းလမ်းများအကြောင်း သင်တန်းပေးထားကြောင်း သေချာစေခြင်းတို့ အပါအဝင် အပြန်အလှန် ပြောဆိုဆက်ဆံရေးအပိုင်း ပါဝင်မှုရှိစေရန် ဆက်သွယ်ပြောဆိုရေးဆိုင်ရာ ချဉ်းကပ်နည်းကို လေ့လာသုံးသပ်ပါ။ အန္တရာယ် သက်သာလျော့ပါးရေးနည်းဗျူဟာများ အဆင်သင့် မဖြစ်မချင်း ဆိုရှယ်မီဒီယာ စာမျက်နှာကို စတင်မိတ်ဆက်ခြင်း မလုပ်သင့်ပါ။

# နမူနာဖြစ်စဉ်များ -

သင်၏ဗဟုသုတကို စမ်းသပ်ရန် အောက်ပါနမူနာဖြစ်စဉ်များကို အသုံးပြု၍ အခြေအနေတစ်ခုစီကို တုံ့ပြန်ရန် သင်ဘာလုပ်နိုင်သလဲဆိုသည်ကို စဉ်းစားသုံးသပ်ပြီး ရပ်ရွာအသိုင်းအဝိုင်းအား ဘေးအန္တရာယ်တွင်းသို့ မတွန်းပို့မိကြောင်းလည်း သေချာအောင်လုပ်ပါ။

## နမူနာဖြစ်စဉ် ၁

စစ်သားများ၏ ဆိုးဆိုးရွားရွား ရိုက်နှက်မှုကိုခံခဲ့ရသည့် အမျိုးသမီးတစ်ဦးအား နီးစပ်ရာ ဆေးရုံတစ်ခုသို့ သယ်ဆောင်လာကြောင်း သင့်အား အကြောင်းကြားခဲ့ပါသည်။ အသက်ရှင်လွတ်မြောက်လာသူသည် စကားပြောရန် ဆန္ဒရှိသော်လည်း မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခံရမည်ကို ကြောက်ရွံ့နေပြီး အမှန်တကယ် စိတ်ဆိုးဒေါသထွက်နေသလို အားအင်ကုန်ခမ်းကာ ကြုံတွေ့ခဲ့ရသည့် အခြေအနေကြောင့် စိတ်ဒဏ်ရာရရှိနေသည်။

သင် ဘာလုပ်လို့ရနိုင်မလဲ။

စဉ်းစားသင့်သည့် အရာများ -

- ရှင်သန်လွတ်မြောက်လာသူ၏ သဘောတူခွင့်ပြုချက်နှင့် စိတ်ပိုင်းဆိုင်ရာ ကောင်းကျိုးရှိစေရန် သင်မည့်သို့ လေးစားသမှုဖြင့် ဆက်ဆံသင့်ပါသလဲ။
- တုံ့ပြန်လက်စားချေခြင်းခံရခြင်းနှင့် နောက်ပိုင်းတွင် ဘေးဖြစ်စေခြင်းမှ ကာကွယ်ရန် သူမ၏သက်သေခံအထောက်အထားအား သင်မည်ကဲ့သို့ ထိန်းသိမ်းပေးနိုင်ပါသလဲ။
- ဖြစ်ရပ်၏ ပြင်းထန်မှုကို ဖော်ထုတ်ရာတွင် သတင်းဖောင်းပွမှုမရှိအောင် မည်သည့်အဆင့်ထိ အသေးစိတ်ဖော်ပြရန် မဖြစ်မနေလိုအပ်ပါသလဲ။
- အသက်ရှင်လွတ်မြောက်လာသူနှင့် ထိုကဲ့သို့ ဘေးအန္တရာယ်မျိုး ကြုံတွေ့ရနိုင်ခြေရှိသည့် ပိုမိုကျယ်ပြန့်သော အသုံးပြုသူများအတွက် သတင်းအရင်းအမြစ်များနှင့် အထောက်အပံ့များကို သင်မည်ကဲ့သို့ ပံ့ပိုးပေးနိုင်ပါသလဲ။

## နမူနာဖြစ်စဉ် ၂

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတစ်ခု အလယ်တွင် ဘေးကင်းလုံခြုံမှုနှင့် ခိုလှုံရာနေရာ ရှာဖွေနေသည့် ဒုက္ခသည်များ၏ အတွေ့အကြုံများနှင့် ပတ်သက်၍ သင် သတင်းယူနေပါသည်။ သင်သည် ဤအခြေအနေ၏ ပြင်းထန်မှုကို ဖော်ထုတ်ပေးနိုင်မည့် အကျိုးသက်ရောက်မှု ကောင်းစေနိုင်သည့် ဓာတ်ပုံများကို ရိုက်ယူလိုသည့် ဆန္ဒရှိနေသည်။ သို့သော်လည်း သဘောတူခွင့်ပြုချက်နှင့် စပ်လျဉ်းပြီး ကျင့်ဝတ်ဆိုင်ရာဒွိဟများ ပေါ်ပေါက်လာပါသည်။ ဒုက္ခသည်များသည် အားနည်းထိခိုက်လွယ်ပြီး စိတ်ဒဏ်ရာများရှိနေနိုင်ကြသလို ဓာတ်ပုံရိုက်ခံခြင်း၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ သက်ရောက်နိုင်မှုများကို ကောင်းစွာနားလည် သဘောပေါက်နိုင်စွမ်း မရှိခြင်းမျိုးလည်း ဖြစ်နေနိုင်သည်။

သင် ဘာလုပ်လို့ရနိုင်မလဲ။

စဉ်းစားသင့်သည့် အရာများ -

- ကျိုးကြောင်းသိရှိပြီး စိတ်ဆန္ဒအလျောက် သဘောတူခွင့်ပြုချက်ကို သင်မည်ကဲ့သို့ ရယူနိုင်မလဲ။
- သဘောတူခွင့်ပြုချက်ရဖို့ထက် ဇာတ်ကြောင်းကို မျှဝေနိုင်ဖို့ကို သင်အဓိက ဦးစားပေးထားသင့်ပါသလား။
- အကယ်၍ သဘောတူခွင့်ပြုချက် မရရှိနိုင်ခဲ့လျှင် သင်၏ ဇာတ်ကြောင်းပြောပြချက်ကို အခြားမည်သည့် ဖန်တီးမှုရှိရှိချဉ်းကပ်မှုများက ပံ့ပိုးမှုပေးနိုင်ပါမလဲ။

## နမူနာဖြစ်စဉ် ၃

နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသည့် ကလေးငယ်များပေါ်တွင် ထိခိုက်မှုရှိစေသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတစ်ခုကို သတင်းယူရန် သင့်ကို စေလွှတ်ခဲ့ပါသည်။ သင်သည် ကလေးငယ်များ၏ အတွေ့အကြုံများကို ပိုမိုမြင်သာအောင် ပြုလုပ်ပေးခြင်း၏ အရေးကြီးမှုနှင့် အကျပ်အတည်းအတွင်း သူတို့ရင်ဆိုင်ကြုံတွေ့နေနိုင်သည့် ကြီးမားသည့် အန္တရာယ်များကို သိမြင်လာပါသည်။ ကလေးများစွာသည် ၎င်းတို့၏မိဘများနှင့် ကွဲကွာခဲ့ကြရပြီး ယခုအခါ စောင့်ရှောက်ပေးမည့်သူမရှိဘဲ ဒုက္ခသည်စခန်းတစ်ခုသို့ ဝင်ရောက်လာကြကာ အထူးကျွမ်းကျင်သော ကလေးသူငယ်ကာကွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် နေ့အချိန်တွင် ကလေးငယ်များ ဆော့ကစားရန်အတွက် လုံခြုံစိတ်ရသည့်နေရာတစ်ခုကို တည်ဆောက်ပေးနေသည်။ စင်တာထဲတွင် ပြေးလွှားဆော့ကစားနေသော အသက် ၈ နှစ်အရွယ်ကလေးငယ်တစ်ဦးသည် သင့်နားသို့ ချဉ်းကပ်လာပြီး အင်တာဗျူးတစ်ခုပြုလုပ်ပေးရန် တောင်းဆိုလာပါသည်၊ သင်ဘာဆက်လုပ်မလဲ။

စဉ်းစားသင့်သည့် အရာများ -

- မိဘများ၏ သဘောတူခွင့်ပြုချက်မပါဘဲ ကလေးငယ်ကို အင်တာဗျူးရန် သင့်တော်မှုရှိပါသလား။ အခြား ရွေးချယ်စရာနည်းလမ်းများ ရှိပါသလား။
- အင်တာဗျူးဖြေနေစဉ်အတွင်း ကလေးငယ်၏ ချမ်းသာသုခနှင့် စိတ်ကျန်းမာရေးကို မထိခိုက်မိစေရန် သင်မည်မျှ သေချာအောင်လုပ်နိုင်ပါသလဲ။
- သတင်းထောက်နှင့် ကလေးငယ်များကြား အင်အားမညီမျှမှုသည် ယင်းကလေးငယ်များ၏ တုံ့ပြန်ချက်များတွင် မည်မျှ အကျိုးသက်ရောက်မှုရှိနိုင်ပါသလဲ။

## နမူနာဖြစ်စဉ် ၄

သင်သည် အခြေအနေကို ပိုမိုကြီးထွားစေသည့် သတင်းမှားဖြန့်ခြင်း ပေါ်များနေသော နေရာတစ်ခုတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကျန်းမာရေးအရေးပေါ်အခြေအနေတစ်ခုအကြောင်း သတင်းယူနေပါသည်။ သတင်းမှားဖြန့်ခြင်းကြောင့် ထိုဒေသအတွင်း နေထိုင်နေသော ဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှုအတွက် အပြစ်တင်ခံနေရသည့် လူနည်းစု မျိုးနွယ်စုတစ်ခုအပေါ် အမုန်းပွားခြင်းကို ပိုမိုဆိုးရွားစေသည်။ အချို့သောအဖြစ်အပျက်များတွင် ထိုသို့အမုန်းပွားခြင်းသည် ထိုအုပ်စုအတွင်းရှိ လူများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ တစ်စတစ်စ ပို၍ပို၍ များပြားလာစေပါသည်။ သင်သည် မှားယွင်းစွပ်စွဲချက်များကို ဖွင့်ချပြီး ထိခိုက်ခံရသူများအတွက် မှန်ကန်တိကျသည့် အချက်အလက်များ ပံ့ပိုးပေးရန် အခြေအနေများက တောင်းဆိုနေသည်ဟု ခံစားလာရသည်။

စဉ်းစားသင့်သည့် အရာများ -

- သတင်းမှားဖြန့်ဖြူးခြင်းကို အမှတ်တမဲ့ ပိုမိုချဲ့ကားသွားခြင်းမျိုးမဖြစ်စေဘဲ မည်သည့်ပုံစံဖြင့် အမှန်ပြင်ပေးနိုင်ပါမလဲ။
- လူနည်းစုဖြစ်သည့်လူမျိုးစုအား နောက်ထပ်ထိခိုက်စေခြင်းမျိုးမရှိဘဲ ၎င်းတို့၏ အမြင်များကို ထင်ဟပ်စေရန် သင်မည်မျှ သေချာစေနိုင်ပါသလဲ။
- လူအများ၏ထင်မှတ်မှားမှုများနှင့် ၎င်းတို့ ထိတွေ့မိနိုင်ခြေရှိစေသည့် သတင်းမှား၏ အရင်းအမြစ်များကို သင့်အနေဖြင့် ဖော်ထုတ်ပြသင့်ပါသလား။

**မိုဂျူး ၄ ၏ အဆုံး**

## နောက်ဆက်တွဲ ၁

# ဝေါဟာရများ

# နောက်ဆက်တွဲ ၁- ဝေါဟာရများ

ဤနောက်ဆက်တွဲသည် ဘေးကင်းလုံခြုံ၊ အဓိပ္ပါယ်ရှိပြီး တိကျမှန်ကန်သော သတင်းအချက်အလက်တွင်း အသုံးပြုထားသည့် ဝေါဟာရများ အသုံးပြုပုံကို လမ်းညွှန်ပေးရန် ရည်ရွယ်ပါသည် - သတင်းအချက်အလက် ဂေဟစနစ်များသို့ ကာကွယ်ရေးနည်းဖြင့် ချဉ်းကပ်မှုဆိုင်ရာ လမ်းညွှန်ချက်နှင့် ကိရိယာများ။ ဤလမ်းညွှန်သည် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍနှင့် သတင်းအချက်အလက်ဂေဟစနစ်ဆိုင်ရာ အတွေးအခေါ်များမှ အသုံးအနှုန်းများကို ညီညွတ်ကိုက်ညီစွာ အသုံးပြုစေရန် ရည်ရွယ်ထားသဖြင့် အသုံးအနှုန်းများကို ဤအလေ့အထများအတွက်သာ သီးသန့်အသုံးပြုထားသည့်အတွက် အဘိဓာန်ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ရည်ညွှန်းကိုးကားချက်သီးသန့် ကဏ္ဍရပ်ဆိုင်ရာ တွေးခေါ်မှုများနှင့် အနည်းငယ် ကွဲလွဲနိုင်ပါသည်။ အကယ်၍ လမ်းညွှန်ချက် သို့မဟုတ် နည်းလမ်းများမှ အသုံးအနှုန်းများကို ဤနေရာတွင် ထပ်မံ ထည့်သွင်းသင့်သည်ဟု သင်ယုံကြည်ပါက သို့မဟုတ် အသုံးအနှုန်း တစ်ခုခုအတွက် ရှင်းလင်းချက်များ လိုအပ်ပါက အင်တာနယူးစ်၏ လူသားချင်းစာနာမှုအဖွဲ့ (Internews Humanitarian team) သို့ ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။

# သတင်းအချက်အလက် ဝေါဟာရ

**သတင်းအချက်အလက် ရယူအသုံးပြုခွင့်** - သတင်းအချက်အလက်များကို ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူနိုင်စွမ်း။

- **သတင်းအချက်အလက် ဖန်တီးခြင်း**- သတင်းအချက်အလက် ဖန်တီးခြင်း ဆိုသည်မှာ သတင်းအချက်အလက်ကို ဖန်တီးသူများနှင့် အနီးကပ်အပေါင်းအဖော်များထက် ကျော်လွန်သည့် ပရိသတ်ထံရောက်ရှိစေရန် အချက်အလက် ကောက်နုတ်စုစည်းခြင်းကို ရည်ညွှန်းသည်။ ၎င်းကို လူတစ်ဦးချင်း၊ အုပ်စု၊ အဖွဲ့အစည်းတစ်ခု သို့မဟုတ် မီဒီယာသတင်းဌာနများကဲ့သို့သော ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သည့် အကြောင်းအရာဖန်တီးသူများဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။ ၎င်းသည် အကြမ်းထည် သတင်းအချက်အလက်များကို ရိုးရှင်းစွာ ဝေမျှရုံမျှသာမဟုတ်ဘဲ သတင်းအချက်အလက် တင်ဆက်ရာတွင် ဖန်တီးမှု၊ ကောက်နုတ်ပြုပြင်မှု သို့မဟုတ် လူအားဖြင့် ပါဝင်မှု အဆင့်တစ်ခု ပါဝင်ပါသည်။
- **သတင်းအချက်အလက် မျှဝေခြင်း** - ဤလမ်းညွှန်များ၏ရည်ရွယ်ချက်အတွက် 'သတင်းအချက်အလက် မျှဝေခြင်း' ဆိုသည်မှာ ၎င်းသတင်းအချက်အလက်ကို မည်သည့်နည်းဖြင့်မျှ မပြုပြင်ဘဲ အရှိအတိုင်း သတင်းအချက်အလက်မျှဝေခြင်းကို ဆိုလိုပါသည်။
- **သတင်းအချက်အလက် ရှာဖွေခြင်း** - သတင်းအချက်အလက် ရှာဖွေခြင်း ဆိုသည်မှာ သတင်းအချက်အလက်များ (သို့မဟုတ် အကြောင်းအရာများ)ကို သတင်းအရင်းအမြစ်/များ သို့မဟုတ် သတင်းပေးသူ/များ (အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အောက်တွင် ကြည့်ပါ) ထံမှ ပုံစံတစ်ခုခု (နှုတ်ပြော၊ အရေးအသား၊ အမြင်၊ စသည်ဖြင့်) မှတစ်ဆင့် အွန်လိုင်းနှင့် အွန်လိုင်းမဟုတ်သည့် နည်းလမ်းနှစ်မျိုးလုံးဖြင့် သတင်းအချက်အလက် ရှာဖွေခြင်းကို ညွှန်းဆိုပါသည်။
- **သတင်းအချက်အလက် ရယူခြင်း** - သတင်းအချက်အလက်ရယူခြင်း ဆိုသည်မှာ သတင်းအရင်းအမြစ်များ (သို့) ပံ့ပိုးပေးသူများထံမှ အွန်လိုင်းနှင့် အော့ဖ်လိုင်း နည်းလမ်း နှစ်မျိုးစလုံး

ဖြင့် (ဤကဏ္ဍမှ ပါဝင်သူများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတွက် နောက်ဆက်တွဲ ၁ ကိုကြည့်ပါ) ရုပ်သံလိုင်းမှ တစ်ဆင့်နှင့် ပုံစံအမျိုးမျိုး (နှုတ်ပြော၊ အရေးအသား၊အမြင် စသည်ဖြင့်) ဖြင့် သတင်းအချက်အလက် (အကြမ်းထည် သတင်းအချက်အလက်များ ပုံစံ (သို့) စီမံခန့်ခွဲထား သော အကြောင်းအရာပုံစံဖြင့်) ကို လက်ခံရယူရန် လုပ်ဆောင်ချက်ကို ရည်ညွှန်းခြင်းဖြစ်သည်။


**ချန်နယ်နှင့် ပလက်ဖောင်း** - ချန်နယ်နှင့် ပလက်ဖောင်းများသည် သတင်းအချက်အလက်များကို သိမ်းဆည်း သို့မဟုတ် ကူးပြောင်းထုတ်လွှင့်ပေးသည်။ ၎င်းတို့သည် ပုံမှန်အားဖြင့် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် ဆိုရှယ်မီဒီယာပလက်ဖောင်းများ သို့မဟုတ် ဝဘ်ဆိုက်များကဲ့သို့သော အွန်လိုင်း/ဒစ်ဂျစ် တယ်နေရာများကဲ့သို့ နည်းပညာချန်နယ်များ သို့မဟုတ် ပလက်ဖောင်းများကို ရည်ညွှန်းပါသည်။

**ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်း** - ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်းဆိုသည် မှာ ဒစ်ဂျစ်တယ် ချန်နယ်များ၊ ပလက်ဖောင်းများနှင့် ရင်းမြစ်များကို အသုံးပြုရာတွင် ကြုံတွေ့ရနိုင်သည့် အန္တရာယ်များနှင့် ခြိမ်းခြောက်မှုများကို သိရှိပြီး ဒစ်ဂျစ်တယ်သတင်းအချက်အလက်များကို ရှာဖွေ၍ ချင့်ချိန်သုံးသပ်ခြင်း၊ စုစည်းခြင်း၊ အသုံးပြုခြင်းနှင့် ဒစ်ဂျစ်တယ် ချန်နယ်များနှင့် ပလက်ဖောင်းများ မှတဆင့် တင်ဆက်ခြင်းစသည်တို့ကို ဆောင်ရွက်နိုင်စွမ်းကို ဆိုလိုပါသည်။

**သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူ** - သတင်းအချက်အလက်များကို ထုတ်လုပ်ခြင်း၊ ဖြန့် ဝေခြင်း သို့မဟုတ် ဩဇာလွှမ်းမိုးခြင်းတွင် ပါဝင်ပတ်သက်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်း များ။ ၎င်းတို့တွင် သတင်းအချက်အလက်နှင့် ဆက်နွယ်သည့် တရားဥပဒေနှင့် စည်းမျဉ်းမူဘောင် များကို ဖန်တီးသူများ သို့မဟုတ် လွှမ်းမိုးမှုရှိသူများ (ဥပမာ- အစိုးရ)၊ သတင်းအချက်အလက်ဆိုင်ရာ သုတေသနပြုလုပ်သူများ (ပညာရှင်များ၊ အချက်အလက် လုံခြုံရေး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ခွင့်တို့အပေါ် တက်ကြွစွာ လှုပ်ရှားနေသူများ)၊ သတင်းအချက်အလက် စုဆောင်းမှတ်တမ်းတင်သူများ (လူ့အခွင့်အရေးလှုပ်ရှားသူများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများ၊ ကိစ္စရပ်တစ် ခုအပေါ် အထူးစိတ်ဝင်စားသည့် အဖွဲ့အစည်းများ) သို့မဟုတ် သတင်းအချက်အလက် ဖန်တီးသူများ (ကြည့်ရန် သတင်းအချက်အလက်ပေးသူများ) စသည်တို့ ပါဝင်နိုင်ပါသည်။

**သတင်းအချက်အလက် ဂေဟစနစ်** - သီးခြား ရပ်ရွာအသိုင်းအဝိုင်းတစ်ခု၊ ပတ်ဝန်းကျင်တစ်ခု၊ အခြေအနေတစ်ရပ်အတွင်း သတင်းအချက်အလက် ဖန်တီးခြင်း၊ ဖြန့်ဝေခြင်းနှင့် သုံးစွဲခြင်းကို လွယ်ကူ ချောမွေ့စေသည့် အမျိုးမျိုးသော သတင်းအရင်းအမြစ်များ၊ လမ်းကြောင်းများနှင့် ပလက်ဖောင်းများ ပါဝင်သော အပြန်အလှန်ဆက်စပ်နေသည့် ကွန်ရက်။ ဂေဟစနစ်တွင် သတင်းအချက်အလက် စီးဆင်း မှုကို ထောက်ပံ့ပေးခြင်းနှင့် သတင်းအချက်အလက်များကို ရပ်ရွာအသိုင်းအဝိုင်း သို့မဟုတ် ပရိသတ် များက သိရှိနားလည်ပြီး ရယူအသုံးပြုပုံအပေါ် လွှမ်းမိုးမှုရှိသည့် သမားရိုးကျ မီဒီယာသတင်းဌာန များ၊ ဆိုရှယ် မီဒီယာများ၊ ဝက်ဘ်ဆိုဒ်များ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အစိုးရများနှင့် အခြား အဖွဲ့အစည်းများ ပါဝင်ပါသည်။

**သတင်းအချက်အလက် အသုံးပြုတတ်ခြင်း**- သတင်းအချက်အလက် အသုံးပြုတတ်ခြင်းဆိုသည်မှာ ဆုံးဖြတ်ချက်ချခြင်း၊ ပြဿနာဖြေရှင်းခြင်း သို့မဟုတ် ဗဟုသုတ ရှာမှီးခြင်းစသည်တို့ လိုအပ်သည့် အခြေအနေများတွင် သတင်းအချက်အလက် ရှာဖွေခြင်း၊ ချင့်ချိန် သုံးသပ်ခြင်း၊ စုစည်းခြင်း၊ အသုံးပြု ခြင်းနှင့် အမျိုးမျိုးသော ပုံစံများဖြင့် တင်ဆက်နိုင်စွမ်းရှိခြင်းကို ဆိုလိုပါသည်။




**သတင်းအချက်အလက် ပံ့ပိုးသူ** - ၎င်းတို့၏ အနီးကပ် ပုဂ္ဂိုလ်ရေး ကွန်ရက် ထက်ကျော်လွန်၍ ပရိသတ်ထံ သတင်းအချက်အလက်များ လက်လှမ်းမီနိုင်စေရန် တမင်တကာ ကြိုးပမ်းလုပ်ဆောင်ပေးသည့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူ (လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း)။ ဤအသုံးအနှုန်းသည် အများပြည်သူ (တစ်ခါတစ်ရံ အွန်လိုင်း) ချန်နယ်များ၊ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ သို့မဟုတ် မီဒီယာအဖွဲ့အစည်းများကို အသုံးပြုသည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုအဖွဲ့များအဖြစ် သတင်းအချက်အလက်ပေးသူများကို ရည်ညွှန်းပါသည်။ သတင်းအချက်အလက်များကို အများပြည်သူထံ သို့မဟုတ် သီးသန့် ဦးတည်ပရိသတ်များသို့ ဖြန့်ဝေပေးနိုင်ပါသည်။

**အွန်လိုင်း အကြောင်းအရာတင်ခြင်းနှင့် စပ်လျဉ်း၍ မှတ်ချက်** - ရပ်ရွာအသိုင်းအဝိုင်းတွင်းမှ တစ်စုံတစ်ဦးက ပိုမိုကျယ်ပြန့်သည့် လူထုသို့ (သို့သော် ပိုကြီးကြီးမားမား ရောက်ရှိကောင်း ရောက်ရှိနိုင်သည်) သတင်းအချက်အလက်ပေးရန် ရည်ရွယ်ချက်မရှိဘဲ အကြောင်းအရာ တစ်ခုခုကို ပို့စ်တင်ခြင်းနှင့် ပရိသတ်တစ်ခုဆီသို့ ရောက်ရှိစေရန် ရည်ရွယ်ချက်ရှိရှိ သတင်းအချက်အလက် စုဆောင်းပြီး ကောက်နုတ်တင်ပြသူတို့အကြား သိသာကွဲပြားအောင် Internews အဖွဲ့က ပြုလုပ်ပါသည်။ ပထမပိုင်းသည် ရပ်ရွာအသိုင်းအဝိုင်းအတွင်း ပြောဆို ဆက်သွယ်မှု၏ အစိတ်အပိုင်းတစ်ခုသာဖြစ်၍ မူရင်း (အွန်လိုင်း) အချက်အလက်ကောက်ယူမှု၏ ရင်းမြစ်တစ်ခုအဖြစ် လုပ်ဆောင်ပေးနိုင်သော်လည်း ဒုတိယပိုင်းကို သတင်းအချက်အလက်ပေးသူအဖြစ် မှတ်ယူပါသည်။

**သတင်းထောက်** - သတင်းထောက်သည် မီဒီယာပလက်ဖောင်းအမျိုးမျိုးပေါ်တွင် ပြည်သူလူထု၏ အကျိုးစီးပွားကို ရည်ရွယ်သော သတင်းအချက်အလက်များနှင့် ဖြစ်ရပ်မှန် (သရုပ်ဖော်ခြင်းနှင့် တစ်ခါတစ်ရံ အကဲဖြတ် သုံးသပ်ခြင်း) သတင်းများကို စုံစမ်းစစ်ဆေးရန်၊ အစီရင်ခံရန်နှင့် ဆက်သွယ်ပြောကြားရန်တို့ကို ရည်ရွယ်ပါသည်။ သတင်းထောက်များသည် ကျင့်ဝတ်နှင့် လျော်ညီသည့် အပြုအမူ၊ ကျွမ်းကျင်မှု စံနှုန်းများနှင့် အမှားများကို ပြုပြင်ရန် ကတိကဝတ်များအတွက် တာဝန်ခံရမည့် စံနှုန်းများနှင့် စည်းမျဉ်းများကို လိုက်နာကြသည်။

**မီဒီယာဝန်ထမ်း** - မီဒီယာဝန်ထမ်း ဆိုသည်မှာ သတင်းများနှင့် ဗဟုသုတဖြစ်စေမည့် အကြောင်းအရာများကို ထုတ်ဝေရာတွင် ပါဝင်ဆောင်ရွက်ရန် မီဒီယာအဖွဲ့အစည်းတစ်ခုခုတွင် လုပ်ကိုင်သူကို ဆိုလိုသည်။ ၎င်းတွင် အယ်ဒီတာများ၊ ကင်မရာဆရာများကဲ့သို့သော သတင်းထောက်လုပ်ငန်းခြင်းနှင့် ဆက်စပ်သည့် အခန်းကဏ္ဍများ ပါဝင်နိုင်ပါသည်။


**အကြောင်းအရာ ဖန်တီးသူ** - အကြောင်းအရာဖန်တီးသူ ဆိုသည်မှာ များသောအားဖြင့် အွန်လိုင်းပလက်ဖောင်းများအတွက် ဗီဒီယိုများ၊ ဘလော့ဂ်များ သို့မဟုတ် ဆိုရှယ်မီဒီယာပို့စ်များကဲ့သို့ ဒစ်ဂျစ်တယ်အကြောင်းအရာမျိုးစုံကို ဖန်တီးသူဖြစ်ပါသည်။ ပရော်ဖက်ရှင်နယ် သတင်းထောက်များနှင့် ကွဲပြားသည်မှာ အကြောင်းအရာ ဖန်တီးသူများသည် သတင်းထောက် ကျင့်ဝတ်များ သို့မဟုတ် တည်းဖြတ်မှုဆိုင်ရာ ကြီးကြပ်မှုတို့ကို လိုက်နာရန် မလိုအပ်ပါ။ အကြောင်းအရာဖန်တီးသူများသည် အကြောင်းအရာများကို ၎င်းတို့ကိုယ်ပိုင် ချန်နယ်များအတွက် ဖန်တီးနိုင်သလို၊ ဥပမာအားဖြင့် ရပ်ရွာအသိုင်းအဝိုင်းတစ်ခု၊ အရပ်ဘက် လူမှုအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း သို့မဟုတ် အုပ်စုတစ်ခုကိုယ်စား ဖန်တီးပေးရန် ကန်ထရိုက်ယူထားနိုင်သည်။

**မီဒီယာ** - လူအများထံ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရန် သို့မဟုတ် လွှမ်းမိုးရန် ရေဒီယိုနှင့် တီဗီ၊ သတင်းစာ၊ မဂ္ဂဇင်းများနှင့် အင်တာနက်တို့ကို ဆက်သွယ်ရေးဆိုင်ရာ နည်းလမ်းများအဖြစ်အသုံးပြုသည့် အယ်ဒီတာဆိုင်ရာနှင့် ကျင့်ဝတ်စံနှုန်းများကို လိုက်နာရသော ပရော်ဖက်ရှင်နယ် အဖွဲ့အစည်းများ။

**သတင်း** - လောလောဆယ်ဖြစ်ပျက်နေသည့် အဖြစ်အပျက်များအကြောင်း စုစည်းထားသည့် သတင်းအချက်အလက်များအဖြစ် အဓိပ္ပါယ်သတ်မှတ်ပါသည်။

**(သတင်းအချက်အလက်) ရင်းမြစ်** - လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများထံမှ ရရှိသော မူရင်းသတင်းအချက်အလက်များကို ရည်ညွှန်းပါသည်။ သတင်းအချက်အလက် ရင်းမြစ်တစ်ခုသည် သတင်းအချက်အလက်ပေးသူထံမှ ဖြစ်နိုင်သော်လည်း သတင်းအချက်အလက်များကို စုဆောင်း၊ ဖန်တီး သို့မဟုတ် စုစည်းသည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများထံမှလည်း ဖြစ်နိုင်ပါသည်။ ၎င်းတွင် ဆိုရှယ်မီဒီယာပို့စ်များ၊ တရားဝင်စာရွက်စာတမ်းများ၊ ဒေတာများ၊ သုတေသန လေ့လာချက်များ အပါအဝင် သတင်းအချက်အလက်ဖန်တီးရာတွင် အသုံးပြုသည့် မူရင်း မျက်မြင်သက်သေများ၊ ကျွမ်းကျင်သူများ၊ စာရွက်စာတမ်းများနှင့် ဒေတာအချက်အလက်များ ပါဝင်နိုင်သည်။ စိစစ်သုံးသပ်ချက်၊ ဆန်းစစ်ချက် သို့မဟုတ် အခြားသော အကြောင်းအရာ အမျိုးအစား အသစ်တစ်ခုကို ဖန်တီးရန် ရင်းမြစ်အများအပြား သုံးစွဲပါက ၎င်းကို သတင်းအရင်းအမြစ် အသစ်တစ်ခုအဖြစ် မှတ်ယူနိုင်ပါသည်။ ဤအယူအဆတွင် သတင်းစာဆောင်းပါး တစ်ပုဒ်သည် သတင်းအချက်အလက် ရင်းမြစ်တစ်ခုဖြစ်နိုင်ပြီး ၎င်းကို ထုတ်ဝေသည့် သတင်းအဖွဲ့အစည်းကို သတင်းအချက်အလက် ပံ့ပိုးသူအဖြစ် မှတ်ယူနိုင်ပါသည်။

**ယုံကြည်မှု** - ယုံကြည်မှုသည် သတင်းအချက်အလက် ရယူအသုံးပြုမှုတွင် အခြေခံကျသော အကြောင်းအရာတစ်ခုဖြစ်ပါသည်။ သတင်းအချက်အလက် ရင်းမြစ်တစ်ခုကို တစ်စုံတစ်ဦးက ယုံကြည်မှု ရှိမရှိ ဆိုခြင်းက ၎င်းတို့အနေဖြင့် အဆိုပါရင်းမြစ်ထံမှ ရရှိသည့် သတင်းအချက်အလက်ကို မျှဝေခြင်း၊ အရေးယူဆောင်ရွက်ခြင်းနှင့် နားထောင်ခြင်း ရှိမရှိကို ဆုံးဖြတ်ပေးသည်။ ယုံကြည်မှုကင်းမဲ့ခြင်း




က လူပုဂ္ဂိုလ်များနှင့် ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် အချို့သော သတင်းအချက်အလက် ရင်းမြစ်များဖြင့် ဆက်သွယ်ဆောင်ရွက်မှုကို အတားအဆီးဖြစ်စေပြီး မျက်စိမှိတ် ယုံကြည်ခြင်းက အေဂျင်စီများ၏ အဆင့်အတန်းကို ကျဆင်းစေကာ သတင်းမှား၊ လုပ်ကြံသတင်းဖြန့်ဖြူးခြင်းနှင့် သတင်းအချက်အလက်အမှန်ကို လှည့်စားအသုံးပြုမှု အန္တရာယ်များ ကြုံတွေ့ရနိုင်ချေ မြင့်မားစေသည်။ Internews အဖွဲ့သည် သတင်းအချက်အလက် ပံ့ပိုးသူများအပေါ် ယုံကြည်စိတ်ချမှုကို တိုင်းတာရန်နှင့် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများကို ကူညီသတ်မှတ်ပေးနိုင်ရန်ယုံကြည်မှု သုံးသပ်လေ့လာချက်မူဘောင် (Trust Analytical Framework)ကို ပြုစုထားပါသည်။ မူဘောင်တွင် အစိတ်အပိုင်းလေးခုနှင့် အစိတ်အပိုင်းခွဲ ၁၂ ခုပါဝင်သည်။


# ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝေါဟာရများ

**စွမ်းဆောင်ရည်** - ခြိမ်းခြောက်မှုတစ်ခုကို ဖြေရှင်းရန် သို့မဟုတ် ခုခံရန် သို့မဟုတ် ၎င်း၏ သက်ရောက်မှုကို လျှော့ချရန် လူပုဂ္ဂိုလ်များ၊ အိမ်ထောင်စုများနှင့် ရပ်ရွာအသိုင်းအဝိုင်းများ ရရှိနိုင်သည့် လုပ်ဆောင်နိုင်စွမ်းနှင့် အရင်းအမြစ်များ။ အရင်းအမြစ်များသည် ရုပ်ဝတ္ထုပစ္စည်းများ ဖြစ်နိုင်သလို ရပ်ရွာအသိုင်းအဝိုင်းတစ်ခု ဖွဲ့စည်းမှု ပုံစံများတွင်လည်း တွေ့မြင်နိုင်ပါသည်။ လုပ်နိုင်စွမ်းရည်များတွင် အချို့သော ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်သည့် ကျွမ်းကျင်မှုများ သို့မဟုတ် စွမ်းရည်များ သို့မဟုတ် ပိုမိုလုံခြုံသောနေရာသို့ လွတ်လပ်စွာ သွားလာနိုင်စွမ်းတို့ ပါဝင်နိုင်သည်။

**ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို သုံးသပ်လေ့လာချက်** - မဟာဗျူဟာများနှင့် တုံ့ပြန်မှုများကို အသိပေးရန် ရည်ရွယ်ချက်ဖြင့် ကာကွယ်ရေးဆိုင်ရာအန္တရာယ်အား သတ်မှတ်ဖော်ထုတ်ရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

**ကာကွယ်ရေးဆိုင်ရာ အန္တရာယ်** - ထိခိုက်ခံရသူများအနေဖြင့် အကြမ်းဖက်မှု၊ အကျပ်ကိုင်မှု သို့မဟုတ် တမင်ရည်ရွယ်၍ ပိတ်ပင်မှုများကို အမှန်တကယ် ကြုံတွေ့ရခြင်း သို့မဟုတ် ကြုံတွေ့ရနိုင်ခြေရှိခြင်းများ

ကို ဆိုလိုသည်။ ကာကွယ်ရေးဆိုင်ရာအန္တရာယ် ညီမျှခြင်း (အောက်ပါပုံတွင် ကြည့်ပါ) သည် အန္တရာယ်များကို ဖြစ်ပေါ်စေသည့် အချက်သုံးချက်၏ သင်္ချာညီမျှခြင်းမဟုတ်သည့် ဖော်ပြချက်ဖြစ်သည်။ ကာကွယ်ရေးဆိုင်ရာအန္တရာယ်သည် ခြိမ်းခြောက်မှုနှင့် (လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းတစ်ခု၏) ထိခိုက်လွယ်မှု အခြေအနေသည် အဆိုပါခြိမ်းခြောက်မှုအား တားဆီးရန်၊ တုံ့ပြန်ရန်နှင့် ပြန်လည်ထူထောင်နိုင်သည့် စွမ်းဆောင်ရည်ထက် ကျော်လွန်ပါက ဖြစ်ပေါ်လာသည် (ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့၏ အဓိပ္ပါယ်ဖွင့်ဆိုချက်)။




ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်များ ညီမျှခြင်း
(ကမ္ဘာလုံးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့)

**ကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှု** - အကြမ်းဖက်မှု၊ အကျပ်ကိုင်မှု သို့မဟုတ် တမင်ရည်ရွယ်၍ ပိတ်ပင်မှုတို့ကို ဖြစ်စေသည့် လူသားတို့၏ လုပ်ဆောင်ချက် သို့မဟုတ် လူသားတို့ လုပ်ဆောင်ချက်၏ အကျိုးသက်ရောက်မှုများကို ဆိုလိုသည်။

- **အကြမ်းဖက်မှု** - ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှု၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု၊ ဖွံ့ဖြိုးမှုနောက်ကျခြင်း သို့မဟုတ် ဆင်းရဲဒုက္ခတို့ကို ဖြစ်စေသည့် သို့မဟုတ် ဖြစ်စေရန် အလားအလာမြင့်မားသည့် မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအပေါ်လည်းကောင်း သို့မဟုတ် အုပ်စုတစ်ခု သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းတစ်ခုခုအပေါ် ရည်ရွယ်ချက်ရှိရှိ အင်အားသုံး၍ သို့မဟုတ် အာဏာသုံး၍ ခြိမ်းခြောက်ခြင်း သို့မဟုတ် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း။
- **အကျပ်ကိုင်ခြင်း** - တစ်စုံတစ်ယောက်အား ၎င်းတို့၏ ဆန္ဒကို ဆန့်ကျင်၍ တစ်စုံတစ်ခုကို အတင်းအကျပ် ခိုင်းစေခြင်း။
- **တမင်ရည်ရွယ်၍ ပိတ်ပင်ခြင်း**- လူများအား ၎င်းတို့ လိုအပ်ပြီး ရယူအသုံးပြုခွင့်ရှိသည့် ရင်းမြစ်များ၊ ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအား ရယူအသုံးပြုခွင့်ကို တမင်ရည်ရွယ်၍ တားမြစ်ပိတ်ပင်ခြင်း။

**ထိခိုက်လွယ်မှု** - ခြိမ်းခြောက်မှုတစ်ခု၏ သက်ရောက်မှုမှ ပြန်လည်ထူထောင်နိုင်စွမ်း သို့မဟုတ် ခုခံနိုင်စွမ်း၊ ဖြေရှင်းနိုင်စွမ်း၊ ခန့်မှန်းနိုင်စွမ်းကို ယုတ်လျော့စေသည့် လူတစ်ဦး သို့မဟုတ် အုပ်စုတစ်ခု၏ အချို့သောအခြေအနေများ သို့မဟုတ် လက္ခဏာရပ်များ သို့မဟုတ် ၎င်းတို့ ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ကို ဆိုလိုသည်။ လူများသည် ၎င်းတို့၏ လူမှုရေးအုပ်စု၊ ကျား/မ ဖြစ်တည်မှု၊ လူမျိုးစု၊

အသက်အရွယ်နှင့် အခြားသော အချက်အလက်များအပေါ် မူတည်၍ ခြိမ်းခြောက်မှုတစ်ခုဖြင့် ထိတွေ့ခံစားရမှုတွင် ကွဲပြားကြသည်။ ထိခိုက်လွယ်မှုသည် သီးသန့် လူအုပ်စုအချို့တွင်ရှိသည့် ပုံသေ သို့မဟုတ် ကျိန်းသေ စံသတ်မှတ်ချက်များ မဟုတ်သကဲ့သို့ မည်သူမျှ ထိခိုက်လွယ်မှု အခြေအနေတွင် မွေးဖွားလာခြင်း မဟုတ်ပါ။

# သတင်းအချက်အလက်သည် ကာကွယ်ရေး ဝေါဟာရများနှင့် ကိုက်ညီပါသည်

**သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးခြိမ်းခြောက်မှု** - သတင်းအချက်အလက် ဂေဟစနစ်တွင် မြစ်ဖျားခံ သို့မဟုတ် စနစ်တွင်းရှိ အချက်အလက်များကြောင့် ဖြစ်ပေါ်ပြီး အကြမ်းဖက်မှု၊ အကျပ်ကိုင်မှု သို့မဟုတ် တမင်ရည်ရွယ်၍ ပိတ်ပင်မှု ပုံစံတစ်ခု ဖြစ်ပေါ်စေသော လူသားတို့၏ လုပ်ဆောင်ချက် သို့မဟုတ် ၎င်းတို့၏ ရလဒ်များကို ဆိုလိုသည်။ ခြိမ်းခြောက်မှုများသည် ထိခိုက်နစ်နာမှုကို ဖြစ်စေသည့် ကျူးလွန်သူ (ခြိမ်းခြောက်မှုကို ဆောင်ရွက်သူ) သို့မဟုတ် မူဝါဒ သို့မဟုတ် လူမျိုးစုထုံးတမ်းစဉ်လာတစ်ခု (ခြိမ်းခြောက်မှု၏ ရင်းမြစ်) များ ဖြစ်နိုင်ပါသည်။

**မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားဖော်ပြနိုင်သော သတင်းအချက်အလက်** (PII) - တစ်စုံတစ်ယောက်၏ သက်သေခံအထောက်အထားကို ဖော်ပြသော သို့မဟုတ် ဖတ်ရှုသူတစ်ယောက်က တစ်စုံတစ်ယောက်၏ သက်သေခံအထောက်အထားကို ကောက်ချက်ဆွဲနိုင်သော မည်သည့် သတင်းအချက်အလက်ကိုမဆို ဆိုလိုပါသည်။ ဥပမာအားဖြင့် အမည်အပြည့်အစုံ၊ လိပ်စာများ၊ အမည်ပွားများ သို့မဟုတ် ဖုန်းနံပါတ်များ ပါဝင်နိုင်သည်။

**သတင်းအချက်အလက်ဆိုင်ရာ အန္တရာယ်များ** - သတင်းအချက်အလက် ဂေဟစနစ်၏ အကျိုးဆက်ဖြစ်သော မည်သည့် အန္တရာယ်ကိုမဆို ဆိုလိုပါသည်။ အန္တရာယ်ကို အမှန်တကယ် သို့မဟုတ် တွေ့ကြုံရနိုင်ခြေရှိမှုသည် တမင်ရည်ရွယ်မှု ရှိနိုင်သလို တမင်ရည်ရွယ်မှု မရှိဘဲလည်း ဖြစ်နိုင်သည်။ ၎င်းတွင် သတင်းမှားဖြန့်ဖြူးခြင်း၊ ကောလာဟလများ၊ သတင်းအချက်အလက် ရယူအသုံးပြုခွင့်အတွက် အတားအဆီးများ၊ သတင်းအချက်အလက် မရရှိမှုတို့ကြောင့် ဖြစ်ပေါ်လာသော အန္တရာယ်များ ပါဝင်ပြီး ၎င်းတို့သာဟု ကန့်သတ်မထားပါ။

- **သတင်းမှား ဖြန့်ဖြူးခြင်း** - လှည့်စားရန် သို့မဟုတ် ထိခိုက်နစ်နာမှုဖြစ်စေရန် ရည်ရွယ်ချက် ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ပျံ့နှံ့နေသည့် သတင်းအချက်အလက်အမှား။
- **ကောလာဟလများ**-အတည်မပြုရသေးသည့် မူရင်း ရပ်ရွာအသိုင်းအဝိုင်း ဒေတာ။ ၎င်းသည် အတည်မပြုရသေးသော်လည်း အချက်အလက်အားဖြင့် မှန်ကန်ပြီး၊ တပိုင်းတစ မှန်ကန်နိုင်သလို သို့မဟုတ် မှားယွင်းမှုလည်းဖြစ်နိုင်သည်။

**သတင်းအချက်အလက်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်များ** - ၎င်းတွင် ထိခိုက်ခံရသူလူထုသည် အကြမ်းဖက်မှု၊ အကျပ်ကိုင်မှု သို့မဟုတ် တမင်ရည်ရွယ်၍ ပိတ်ပင်မှုတို့ကို အမှန်တကယ် ကြုံတွေ့ရခြင်း သို့မဟုတ် ကြုံတွေ့ရနိုင်ခြေရှိခြင်းတို့ ပါဝင်သည်၊ ဤအခြေအနေတွင် သတင်းအချက်အလက်

ဂေဟာစနစ်ကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုရန် တမင်ကြိုးပမ်းမှု ပါဝင်သည်။ ၎င်းတို့တွင် သတင်းအချက်အလက်ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း သို့မဟုတ် လုပ်ကြံသတင်းတို့ ပါဝင်နိုင်ပြီး ထိခိုက်ခံစားရသူများအနေဖြင့် အခြား ကာကွယ်ရေးဆိုင်ရာအန္တရာယ်များ ထိခိုက်လွယ်မှုကို မြင့်မားစေနိုင်သဖြင့် အခြားသော ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များနှင့် အပျက်သဘောဆောင်သည့် ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများအပေါ် အဆိုပါအန္တရာယ်များ၏ သက်ရောက်မှုကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

- **သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း** -"ထိခိုက်ခံရသည့် အသိုင်းအဝိုင်းများအနေဖြင့် အခြေခံအခွင့်အရေးများကို ခံစားရန်နှင့် ၎င်းတို့၏အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် စွမ်းဆောင်ရည်များကို ဟန့်တားလောက်အောင် သတင်းအချက်အလက်လွတ်လပ်စွာ ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူခြင်းကို ရည်ရွယ်ချက်ရှိရှိ ပုံစံဖြင့် အတိုင်းအတာတစ်ခုအထိ ပျက်စီးစေပါက" သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းကို ဖော်ဆောင်ပါသည်၊ (ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့၏ အဓိပ္ပါယ်ဖွင့်ဆိုချက်)
- **လုပ်ကြံသတင်း** - လုပ်ကြံသတင်းဆိုသည်မှာ ထိခိုက်မှုဖြစ်စေသည့် သတင်းမှားအား ရည်ရွယ်ချက်ရှိစွာ ဖြန့်ဖြူးခြင်းဟု သတ်မှတ်နိုင်ကာ၊ ၎င်းသည် “လူထုအား လှည့်စားကာ၊ ဆိုးကျိုးတစ်ခုအနေဖြင့်၊ အများပြည်သူ သိပိုင်ခွင့်နှင့် သတင်းအချက်အလက် ရှာဖွေရန်၊ လက်ခံရန်နှင့် ဖြန့်ဝေရန် လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို အနှောင့်အယှက်ပေးပါသည်” (ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်)။

**မှန်ကန်တိကျသောသတင်းအချက်အလက်ကို အဓိပ္ပါယ်ရှိရှိနှင့်ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုခွင့်**

- **သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုခွင့်** - သတင်းအချက်အလက်များကို ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူချိန်တွင် လူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့တစ်ဖွဲ့သည် အန္တရာယ်များနှင့် ရင်ဆိုင်ရခြင်းမရှိပါက သတင်းအချက်အလက်ကို ရယူအသုံးပြုခြင်းက ဘေးကင်းလုံခြုံပါသည်။
- **သတင်းအချက်အလက်ကို အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်**- သတင်းအချက်အလက်ကို ဦးစားပေးအသုံးပြုလိုသည့် ဘာသာစကား၊ စာတတ်မြောက်မှုအဆင့်နှင့် ဦးစားပေးနည်းလမ်းများအပါအဝင် ၎င်းတို့၏ ဆန္ဒနှင့် သတင်းအချက်အလက် လိုအပ်ချက်များအပေါ် အခြေခံ၍ လူအုပ်စုအားလုံးမှ ရယူအသုံးပြုခွင့်ရှိပါက အဆိုပါသတင်းအချက်အလက်ကို ရယူအသုံးပြုခြင်းသည် အဓိပ္ပါယ်ပြည့်ဝပါသည်။
- **မှန်ကန်တိကျသောသတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်** - လူအများသည် သတင်းအချက်အလက်ကို အတည်ပြုရန်နှင့် သုံးသပ်လေ့လာရန် လိုအပ်သော ကိရိယာများ၊ စွမ်းရည်နှင့် အရင်းအမြစ်များရှိပါက မှန်ကန်တိကျသော သတင်းအချက်အလက် ဝင်ရောက်ရှာဖွေကြည့်ရှုခွင့်ရှိသည့် အခြေအနေတည်ရှိသည်။ (၎င်းတွင် ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်းနှင့် အချက်အလက် မှန်မမှန် စစ်ဆေးခြင်းဆိုင်ရာ ဗဟုသုတအပြင် စပ်လျဉ်းသော အရင်းအမြစ်များ ရရှိနိုင်ခြင်းတို့ ပါဝင်နိုင်သည်။)

နောက်ဆက်တွဲ ၂

# လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု နည်းလမ်းကိုရိယာ

# နောက်ဆက်တွဲ ၂ - လုံခြုံရေးအစီအစဉ် ဆန်းစစ် အကဲဖြတ်မှု နည်းလမ်းကိရိယာ

ဤလုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှုသည် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများအတွက် စီမံကိန်း သို့မဟုတ် လုပ်ဆောင်ချက်တစ်ခုသည် ရပ်ရွာအသိုင်းအဝိုင်းတစ်ခုအတွင်း အကောင်အထည်ဖော်ရန် လုံခြုံဘေးကင်းမှု ရှိမရှိ ဆုံးဖြတ်ရန် လုပ်ငန်းစဉ်တစ်ခုကို ပံ့ပိုးပေးသည်။ ဤလေ့ကျင့်မှုကို စီမံကိန်းတစ်ခု အကောင်အထည်ဖော်နေသည့် သို့မဟုတ် အကြောင်းအရာတစ်ခုကို ဖန်တီးနေသည့် (ဥပမာ - ဇာတ်လမ်းတစ်ခုကို အစီရင်ခံနေသည့်) အဖွဲ့အတွင်း ဆောင်ရွက်နိုင်သည်။ အခြေအနေပေးပါက လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု လုပ်ငန်းစဉ်တွင် လူထု၏ ပါဝင်မှုကို အမြဲထည့်သွင်းသင့်သည်။

မိုဂျူး ၂ တွင် ကြည့်ပါ - ကျွန်ုပ်၏ လုပ်ကိုင်မှုပုံစံများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် ပိုမို ဘေးကင်းလုံခြုံသော သတင်းအချက်အလက်ဂေဟစနစ်တစ်ခုတွင် ကျွန်ုပ် ဘယ်လို ပါဝင်နိုင်သလဲ။ ဤလုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှုပုံစံကို အသုံးပြုနည်းနှင့် ပတ်သက်၍ ဥပမာများနှင့် ထပ်ဆောင်း သတင်းအချက်အလက်များ။

**အဆင့် ၅-ဆင့်ပါ လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု လုပ်ငန်းစဉ်အတွက် စစ်ဆေးစာရင်း** (လုပ်ငန်းစဉ်ပါ အဆင့်တစ်ခုချင်းစီအား မည်သည့်နေရာတွင် ထားရှိရမည်ဖြစ်ကြောင်း လမ်းညွှန်ချက်ရရှိရန် အောက်စာမျက်နှာပါ ပုံစံဇယားကို ကြည့်ပါ)-

- **စီမံကိန်းကို ရှင်းလင်းစွာ ချမှတ်ပါ** -တည်နေရာများနှင့် ပါဝင်သည့် ဆက်စပ်ပတ်သက်သူများ အပါအဝင်။ အကြံပြုချက် - သင်တိုက်ရိုက် ဆက်ဆံရမည့် အဓိက ဆက်စပ်ပတ်သက်သူများနှင့် ဤဆောင်ရွက်ချက်၏ သက်ရောက်မှုကို ခံစားရနိုင်သည့် သွယ်ဝိုက် ဆက်စပ်ပတ်သက်သူများ အကြောင်းကို စဉ်းစားပါ။ ဥပမာ - သင်သည် မိဘများကို သတင်းအချက်အလက်ပေးရန် ရည်ရွယ်ကောင်း ရည်ရွယ်နိုင်သည်။ ထို့ကြောင့် “မိဘများ”သည် အဓိက ဆက်စပ်ပတ်သက်သူများဖြစ်ပြီး မိသားစုအတွင်းရှိ ကလေးများသည် သွယ်ဝိုက် ဆက်စပ်ပတ်သက်သူများဖြစ်သည်။
- **စီမံကိန်း၏ အကျိုးအမြတ်များကို ခွဲခြားဖော်ထုတ်ပါ** -၎င်းက စီမံကိန်းရလဒ်ကို ရယူရန် အန္တရာယ်အချို့အား ရင်ဆိုင်သင့်မသင့် ဆုံးဖြတ်ရန် အကျိုးကျေးဇူးနှင့် အန္တရာယ်အကြား ချိန်ဆ ရာတွင် အကူအညီပေးပါသည်။ သင့်အဖွဲ့အစည်း သို့မဟုတ် မီဒီယာသတင်းဌာန၏ အကျိုးကျေးဇူးများနှင့် လူပုဂ္ဂိုလ်များနှင့် ရပ်ရွာအသိုင်းအဝိုင်းအတွက် အကျိုးကျေးဇူးများကို စဉ်းစားပါ။
- **ဆောင်ရွက်ချက်အသီးသီးမှ ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို ခွဲခြားဖော်ထုတ်ပါ** -၎င်းတွင် သက်ရောက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၊ လုပ်ငန်းတွင် ပါဝင်သည့် ဝန်ထမ်းများနှင့် မီဒီယာသတင်းဌာန သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း၏ နာမည် ဂုဏ်သတင်းအပါအဝင် ပထမအဆင့်တွင် သတ်မှတ်ဖော်ထုတ်ခဲ့သည့် ဆက်စပ်ပတ်သက်သူများအတွက် အန္တရာယ်များ ပါဝင်သင့်သည်။

- **အန္တရာယ်တစ်ခုစီအတွက် အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာများကို ခွဲခြားဖော်ထုတ်ပါ** - ခွဲခြားဖော်ထုတ်ထားသည့် အန္တရာယ်များကို လျှော့ချရင်း စီမံကိန်းလုပ်ဆောင်နိုင်ရန် ခွင့်ပြုပေးနိုင်မည့် ဖြေရှင်းနည်းတစ်ခုချင်းစီကို ဆောင်ရွက်ရန် အဖွဲ့အစည်းအတွင်း မည်သူ့တွင် တာဝန်ရှိသည်ဆိုသည့်အချက် အပါအဝင် အကောင်အထည်ဖော်နိုင်မည့် လက်တွေ့ကျပြီး ခိုင်လုံသော ဖြေရှင်းရေးနည်းလမ်းများကို စဉ်းစားပါ။
- **စီမံကိန်းကို အကောင်အထည်ဖော် မဖော် ဆုံးဖြတ်ပါ** -(အဆိုပြုထားသည့် လျှော့ချရေးနည်းဗျူဟာ လုပ်ဆောင်နိုင်စွမ်းကို ထည့်သွင်းစဉ်းစားပြီးနောက်) ကြွင်းကျန်သည့် အန္တရာယ်များနှင့် အကျိုးအမြတ်များ အကြား သုံးသပ်ဆင်ခြင်ပါ၊ ဥပမာ - စီမံကိန်း၏ ရလဒ်သည် ကြွင်းကျန်သည့် အန္တရာယ်များထက် အလေးသာ ပါသလား။ သို့မဟုတ် သတ်မှတ်ထားသည့် အကျိုးအမြတ်အားလုံး သို့မဟုတ် အချို့အား ဆက်လက်ထိန်းသိမ်းထားရင်း အန္တရာယ်များကို လျှော့ချရန် ပြောင်းလဲနိုင်သည့် စီမံကိန်းကဏ္ဍများကို သတ်မှတ်ပါ။

# လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှုပုံစံ

| **စီမံကိန်း-**<br><br>စီမံကိန်းကို ရှင်းလင်းစွာ ချမှတ်ပါ- တည်နေရာများနှင့် ပါဝင်မည့် ဆက်စပ်ပတ်သက်သူများ အပါအဝင်။ | | |
|---|---|---|
| **အကျိုးအမြတ်များ** | **ပါဝင်ပတ်သက်နေသူအားလုံးအတွက် ဘေးအန္တရာယ်များ** | **အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာများ** |
| **စီမံကိန်း၏ အကျိုးအမြတ်များကို ခွဲခြားဖော်ထုတ်ပါ** - ၎င်းက စီမံကိန်း ရလဒ်ကို ရယူရန် အန္တရာယ်အချို့အား ရင်ဆိုင်သင့်မသင့် ဆုံးဖြတ်ရန် အကျိုးကျေးဇူးနှင့် အန္တရာယ်အကြား ချိန်ဆ ရာတွင် အကူအညီပေးပါသည်။ | **ဆောင်ရွက်ချက်အသီးသီးမှ ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို ခွဲခြားဖော်ထုတ်ပါ**-၎င်းတွင် သက်ရောက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၊ လုပ်ငန်းတွင် ပါဝင်သည့် ဝန်ထမ်းများနှင့် မီဒီယာသတင်းဌာန သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း၏ နာမည် ဂုဏ်သတင်း အပါအဝင် ပထမအဆင့်တွင် သတ်မှတ်ဖော်ထုတ်ခဲ့သည့် ဆက်စပ်ပတ်သက်သူများအတွက် အန္တရာယ်များ ပါဝင်သင့်သည်။ | **အန္တရာယ်တစ်ခုစီအတွက် အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာများကို ခွဲခြားဖော်ထုတ်ပါ**-ခွဲခြားဖော်ထုတ်ထားသော အန္တရာယ်များကို လျှော့ချရင်း စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြေရှင်းရန် နည်းလမ်းတစ်ခုစီအတွက် တာဝန်ယူဆောင်ရွက်ရန် တာဝန်ရှိသူများပါဝင်သည့် ခိုင်လုံသော ဖြေရှင်းရေးနည်းလမ်းများကို စဉ်းစားပါ။ |
| **ဆုံးဖြတ်ချက် -**<br><br>**စီမံကိန်းကို အကောင်အထည်ဖော် မဖော် ဆုံးဖြတ်ပါ** - (အဆိုပြုထားသည့် လျှော့ချရေးနည်းဗျူဟာ လုပ်ဆောင်နိုင်စွမ်းကို ထည့်သွင်းစဉ်းစားပြီးနောက်) ကြွင်းကျန်သည့် အန္တရာယ်များနှင့် အကျိုးအမြတ်များ အကြား သုံးသပ်ဆင်ခြင်ပါ၊ ဥပမာ - စီမံကိန်း၏ ရလဒ်သည် ကြွင်းကျန်သည့် အန္တရာယ်များထက် အလေးသာ ပါသလား။ သို့မဟုတ် သတ်မှတ်ထားသည့် အကျိုးအမြတ်အားလုံး သို့မဟုတ် အချို့အား ဆက်လက်ထိန်းသိမ်းထားရင်း အန္တရာယ်များကို လျှော့ချရန် ပြောင်းလဲနိုင်သည့် စီမံကိန်းကဏ္ဍများကို သတ်မှတ်ပါ။ | | |

နောက်ဆက်တွဲ ၃

# ရပ်ရွာအသိုင်းအဝိုင်း ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း နည်းလမ်း

# နောက်ဆက်တွဲ ၃ - ရပ်ရွာအသိုင်းအဝိုင်း ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း နည်းလမ်း

## ဤနည်းလမ်း၏ ရည်ရွယ်ချက်

ဤဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်းနည်းလမ်းသည် ဒေသတွင်း သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများကို သတင်းအချက်အလက်နှင့်ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များအကြောင်း ပိုမိုသိရှိနားလည်စေရန် ကူညီလမ်းညွှန်ပေးနိုင်ပါသည်။ ဤနည်းလမ်းပါ မေးခွန်းများသည် သီးသန့်အကြောင်းအရာအတွက် ပြင်ဆင်ထားခြင်းမဟုတ်သဖြင့် လူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်း မပြုမီ ဆောင်ရွက်မည့် အခြေအနေနှင့် ဘာသာစကား(များ)နှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်သင့်ပါသည်။ ဤဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်းနည်းလမ်းသည် မိုဂျူး ၃ တွင်ဖော်ပြထားသည့် သတင်းအချက်အလက် ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်ပါ မဏ္ဍိုင်လေးခုနှင့်ဆက်စပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် အကူအညီပေးရန် ရေးဆွဲထားသည်။ သတင်းအချက်အလက်နှင့်ဆက်စပ်ကာကွယ်ရေးအန္တရာယ်များအား လျှော့ချခြင်း - သုံးသပ်လေ့လာချက်မူဘောင်တစ်ခု။ နည်းလမ်း၏ အပိုင်းတစ်ခုစီသည် ခေါင်းစဉ်တစ်ခုအား အခြားသော အကြောင်းအရာများကို မမှီငြမ်းဘဲ အသုံးပြုနိုင်စေရန် ပြင်ဆင်ရေးဆွဲထားပါသည်၊ သို့သော် သင်အသုံးပြုရန် ဦးတည်ရေးဆွဲထားသည့် နည်းလမ်းများတွင် ဤပုံစံပါ အပိုင်းတစ်ခုတည်းသာ ထည့်သွင်းအသုံးပြုရန် ရည်ရွယ်ထားပါက သင်ဆောင်ရွက်မည့် လေ့လာသုံးသပ်ချက်အတွက် လိုအပ်သော အချက်အလက်အားလုံး ပါဝင်ကြောင်း သေချာပါစေ။ သင့်တင့်သော ဆွေးနွေးရန် ကြာမြင့်ချိန်အတွင်း ဆောင်ရွက်ပြီးစီးနိုင်မှုကို ထည့်သွင်းစဉ်းစားပြီး သင့်လိုအပ်ချက်များနှင့် ကိုက်ညီအောင် ပြင်ဆင်သုံးစွဲရန် တုံ့ဆိုင်းမနေပါနှင့်။ ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း (FGD) ချောမွေ့အောင် လမ်းညွှန်ချက်ရရှိရန် "ချောမွေ့စေရေး ဆွေးနွေးမှု" လုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုကို ဆန်းစစ်ရန်အတွက် UNHCR ကိရိယာကို ကြည့်ပါ။ နမူနာကောက်ယူမှုသည် လူထုကို ကိုယ်စားပြုသင့်ပြီး လူအစုအဖွဲ့များအကြား အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံ နည်းလမ်းများကို ထည့်သွင်းစဉ်းစားသင့်သည်။

# သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်

## အကြောင်းအရာ

- အကျဉ်းအတည်း အကြောင်းအရာနှင့် ဆက်စပ်သော အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများ
- ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေး အခင်းအကျင်း
- အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေနှင့် စံနှုန်းဆိုင်ရာ အခင်းအကျင်း
- ရှေးရိုးထုံးစံနှင့် ဒစ်ဂျစ်တယ် သတင်းအချက်အလက် အခင်းအကျင်း

## သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုအတွက် အဓိက လုပ်ဆောင်သူများ
- သတင်းအချက်အလက်နှင့် ဆက်စပ် ကာကွယ်ရေး ခြိမ်းခြောက်မှု၏ ဇစ်မြစ်

## သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ဝိသေသလက္ခဏာများ
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေး ခြိမ်းခြောက်မှုများ၏ နောက်ဆက်တွဲအကျိုးဆက်
- ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ရင်ဆိုင်ဖြေရှင်းရေးနည်း ဗျူဟာများ

## သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရှိပြီးသား စွမ်းရည်များ

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (တစ်ဦးချင်း/ မိသားစုအဆင့် အလိုက်) ၏ စွမ်းဆောင်ရည်များ
- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (ဒေသန္တရအဆင့်တွင်) ၏ ဒေသဆိုင်ရာ လုပ်ထုံးလုပ်နည်းယန္တရားများနှင့် စွမ်းဆောင်ရည်များ
- ဒေသန္တရ၊ ဒေသတွင်းနှင့် နိုင်ငံအဆင့် မီဒီယာများ၏ စွမ်းဆောင်ရည်များ
- အဖွဲ့အစည်းဆိုင်ရာ၊ အခြား ယန္တရားများနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ စွမ်းဆောင်ရည်များ

# မိတ်ဆက် လေ့ကျင့်ခန်းများ

သတင်းအချက်အလက် လိုအပ်ချက်များနှင့် အန္တရာယ်များအကြား (အခြားသော လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များနှင့် ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်များနှင့် မတူညီ) ဆွေးနွေးမှုများအား ဘောင်သတ်မှတ်ရာတွင် ပံ့ပိုးသူအား ကူညီရန် ဆက်ရှင်တစ်ခုစီ၏ အစတွင် မိတ်ဆက်လေ့ကျင့်ခန်း လုပ်ဆောင်ရန် တိုက်တွန်းပါသည် (အသေးစိတ်အချက်အလက်များရရှိရန် အောက်ပါအပိုင်းတစ်ခုစီကို ကြည့်ပါ)။ ဤလေ့ကျင့်ခန်းများကို ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ စာတတ်မြောက်မှုအဆင့် (သတင်းအချက်အလက်နှင့် ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်း အပါအဝင်) နှင့် သတင်းအချက်အလက်ချန်နယ်အမျိုးမျိုးကို ၎င်းတို့ ရယူအသုံးပြုခွင့်နှင့် ကိုက်ညီအောင် ပြင်ဆင်သင့်သည်။

# ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း လမ်းညွှန်

## က။ ခေါင်းစဉ် ၁ - သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း

**အသိပေးချက်** - ထိခိုက်ခံရသည့် အသိုင်းအဝိုင်းများအနေဖြင့် အခြေခံအခွင့်အရေးများကို ခံစားရန်နှင့် ၎င်းတို့၏အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် စွမ်းဆောင်ရည်များကို ဟန့်တားလောက်အောင် သတင်းအချက်အလက် လွတ်လပ်စွာ ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူခြင်းကို ရည်ရွယ်ချက်ရှိရှိ ပုံစံဖြင့် အတိုင်းအတာတစ်ခုအထိ ပျက်စီးစေပါက သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းကို ဖော်ဆောင်ပါသည်[၁]။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများသည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအတွက် လူသားချင်းစာနာထောက်ထားမှု ဝန်ဆောင်မှုများအကြောင်း သတင်းအချက်အလက်များ ရှာဖွေရယူနိုင်ရန်နှင့် အဆိုပါဝန်ဆောင်မှုများနှင့် ပတ်သက်၍ တုံ့ပြန်ချက်နှင့် တိုင်ကြားချက်များကို ဖန်တီးမျှဝေနိုင်မည့် ဘေးကင်းလုံခြုံ၍ အဓိပ္ပါယ်ရှိသော လမ်းကြောင်းများကို ပံ့ပိုးပေးရန် တာဝန်ရှိသည်။ ပိုမိုသိရှိလိုပါက ဆက်ရှင် ၂၊ မိုဂျူး ၃ တွင် ကြည့်ပါ။

**မိတ်ဆက်လေ့ကျင့်ခန်း ပြင်ဆင်ခြင်း -**

ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း (FGD) မတိုင်မီ ပြင်ဆင်ထားသည့် ကားချပ်ဇယား (flipchart) ကို အသုံးပြုပါ။ မေးခွန်း ၁ အတွင်း ၎င်းတို့အတွက် အရေးကြီးဆုံး ခေါင်းစဉ်ကို မဲပေးရန် ပါဝင်သူတစ်ယောက်လျှင် စက္ကူ/ကျောက်ခဲ သုံးခုစီ ပေးပါ။ ပါဝင်သူများ မဲပေးပြီးပါက ဆွေးနွေးရမည့် ကျန်ရှိ ခေါင်းစဉ်များအတွက် ဘောင်သတ်မှတ်ရန် မဲအများဆုံးရသည့် ခေါင်းစဉ်သုံးခုကို အသုံးပြုပါ။ ပါဝင်သူများအနေဖြင့် သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့် ကန့်သတ်ထားသည့်နေရာတွင် ခေါင်းစဉ်အတွင်း ထပ်တိုးခေါင်းစဉ်ထည့်ရန် တောင်းဆိုကောင်း တောင်းဆိုနိုင်ပါသည် - အချိန်ကို ထည့်သွင်းစဉ်းစားပြီး ၎င်းကို ဆွေးနွေးရန် တိုက်တွန်းပါသည်။ **ပန်းတိုင်သည် သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံပြီး အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်နှင့်ပတ်သက်၍ အဓိကထား ဆွေးနွေးရန်ဖြစ်ကြောင်း သတိရပါ။**

မည်သည့်ခေါင်းစဉ်နှင့် ပတ်သက်၍ သတင်းအချက်အလက်များ သင် ပိုမို လိုအပ်သော်လည်း လက်လှမ်းမီရန် အခက်အခဲများ ရှိပါသလဲ။

---

[၁] ကမ္ဘာလုံးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ - ကာကွယ်ရေးဆိုင်ရာ အန္တရာယ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ - “လုပ်ကြံသတင်းဖြန့်ခြင်းနှင့် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း”

| | သတင်းအချက်အလက် လိုအပ်မှု အမျိုးအစား | စုစုပေါင်း |
|---|---|---|
| ၁ | ငွေကြေး အကူအညီ | |
| ၂ | အခြခံလိုအပ်ချက်များ (အစားအစာ၊ အဝတ်အစား၊ သန့်ရှင်းမှု) | |
| ၃ | တရားဝင် စာရွက်စာတမ်း | |
| ၄ | အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းများ | |
| ၅ | ကလေးသူငယ်စောင့်ရှောက်ရေး နှင့် ပညာရေး | |
| ၆ | အရွယ်ရောက်ပြီးသူများအတွက် ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းမှု လေ့ကျင့်သင်ကြားရေး | |
| ၇ | ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါး | |
| ၈ | စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ | |
| ၉ | အထူးလိုအပ်ချက်များရှိသော ပုဂ္ဂိုလ်များအတွက် အထောက်အပံ့ (မသန်စွမ်းမှုများ) | |
| ၁၀ | အိုးအိမ်၊ မြေယာနှင့် ဥစ္စာပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေးများ | |
| ၁၁ | နိုင်ငံရေး | |
| ၁၂ | ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများ (IDPs) အတွက် မူရင်းနေရာသို့ ပြန်လည်ခြေချခွင့် | |
| ၁၃ | လုံခြုံရေး | |
| ၁၄ | လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် စခန်းစီမံခန့်ခွဲရေးအဖွဲ့သို့ မည်သို့တို့ပြန်အကြံပြုချက်များကို မည်သို့ပေးပြီး လိုအပ်ချက်များကို မည်သို့တင်ပြရပါမလဲ။ | |
| ၁၅ | ကျား/မ အခြေပြု အကြမ်းဖက်မှု | |
| ၁၆ | အခြား - ............................ | |

**လမ်းညွှန်မေးခွန်းများ**

## ခေါင်းစဉ် ၁ အပိုင်း ၁ - ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ သတင်းအချက်အလက် လိုအပ်ချက်များနှင့် လုံခြုံဘေးကင်း၍ အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်ဆိုင်ရာ အတားအဆီးများ။

- ဤအကြောင်းအရာနှင့် ပတ်သက်၍ မည်သည့် သတင်းအချက်အလက်ကို သင် လိုအပ်ပါသလဲ။
- ဤခေါင်းစဉ်နှင့် ပတ်သက်၍ ဘာကြောင့် သတင်းအချက်အလက်များ ရရှိရန် ခက်ခဲနေသလဲ။ (ဘာသာစကား၊ သတင်းအချက်အလက်၏ ရင်းမြစ် သို့မဟုတ် ချန်နယ်ကို ရယူအသုံးပြုခွင့်၊ ဤခေါင်းစဉ်နှင့် ပတ်သက်၍ သတင်းအချက်အလက် မရရှိခြင်း၊ သတင်းအချက်အလက်၏ တိကျမှုကို အတည်ပြုရန် ခက်ခဲခြင်း၊ ဤခေါင်းစဉ်နှင့် ပတ်သက်၍ သတင်းအချက်အလက် ရှာဖွေရန် ကြောက်နေခြင်း)

- ရယူအသုံးပြုခြင်းမှ သင့်အား တမင် ကန့်သတ်တားဆီးထားသည့် သတင်းအချက်အလက် ရှိသည်ဟု သင် ထင်ပါသလား။ (မည်သို့သော သတင်းအချက်အလက်ပါလဲ၊ ဘာကြောင့်ပါလဲ၊ မည်သူ့ထံတွင် တာဝန်ရှိပါသလဲ။)
- အချို့သော အကြောင်းပြချက်များကြောင့် ဆွေးနွေးရန် မဖြစ်နိုင်ဟု သင်ယူဆထားသော်လည်း မဆွေးနွေးမဖြစ် ဆွေးနွေးရမည်ဟု သင် ခံစားရသည့် ခေါင်းစဉ်များ ရှိပါသလား။
- ဤအခြေအနေ၏ အကျိုးဆက်များက ဘာတွေပါလဲ။

**PAF**

- "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြောင်းအရာ"နှင့် "သမားရိုးကျနှင့် ဒစ်ဂျစ်တယ်မီဒီယာမြင်ကွင်း" "အကြောင်းအရာ"မဏ္ဍိုင်၏ မဏ္ဍိုင်ခွဲ
- "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအတွက် လက်ရှိ သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ခြိမ်းခြောက်မှု"မဏ္ဍိုင်၏ မဏ္ဍိုင်ခွဲများအားလုံး
- "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု"မဏ္ဍိုင်၏ မဏ္ဍိုင်ခွဲများအားလုံး။

## ခေါင်းစဉ် ၁ အပိုင်း ၂ - သတင်းအချက်အလက် ရယူအသုံးပြုခွင့် တိုးတက်စေရန် ရပ်ရွာအသိုင်းအဝိုင်းအခြေပြု ဖြေရှင်းရန် နည်းလမ်းများ။

- သတင်းအချက်အလက်များကို ရယူအသုံးပြုရန်နှင့် မျှဝေရန် မည်သို့သော ဆက်သွယ်ရေးနည်းလမ်းကို သင် ပိုနှစ်သက်ပါသလဲ (မျက်နှာချင်းဆိုင် တွေ့ဆုံခြင်း၊ ရေဒီယို၊ တီဗီ၊ တယ်လီဖုန်း၊ အွန်လိုင်းသတင်းအချက်အလက်)။ ဘာကြောင့်ပါလဲ။
- သင်သုံးနေကျနည်းလမ်းများကို အသုံးပြု၍ မရခဲ့ပါက သတင်းအချက်အလက်များ ရယူအသုံးပြုနိုင်အောင် ဆောင်ရွက်နိုင်မည့် နည်းဗျူဟာများ သင့်ထံတွင် ရှိပါသလား။ အဆိုပါ နည်းဗျူဟာများက အပြုသဘော သို့မဟုတ် အဖျက်သဘော ဆောင်ပါသလား - ထိုခေါင်းစဉ်နှင့် ပတ်သက်၍ သတင်းအချက်အလက် ရယူရာတွင် အန္တရာယ်များ ရင်ဆိုင်ရန် လိုအပ်ပါသလား။
- ဤခေါင်းစဉ်နှင့်ပတ်သက်၍ သတင်းအချက်အလက် ရယူအသုံးပြုခွင့် တိုးတက်အောင် ဘာလုပ်ပေးနိုင်မလဲ။ အခြေအနေကို ပြောင်းလဲရန် မည်သူသည် အကောင်းဆုံးနေရာတွင် ရှိနိုင်မည်ဟု သင်ထင်ပါသလဲ။ (လူပုဂ္ဂိုလ်၊ရပ်ရွာအသိုင်းအဝိုင်း၊ အသိုင်းအဝိုင်း ခေါင်းဆောင်များ၊ ဒေသအာဏာပိုင်များ၊ မီဒီယာ၊ အစိုးရ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူ၊ စသဖြင့်)

- "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု"မဏ္ဍိုင်၏ "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ ဖြေရှင်းရေးနည်းဗျူဟာများ" မဏ္ဍိုင်ခွဲ
- "သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရှိရင်းစွဲ စွမ်းရည်များ" မဏ္ဍိုင်၏ ဆက်ရှင်များအားလုံး
+ ဤဆက်ရှင်ပါ မေးခွန်းများသည် ဒေသမီဒီယာများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအား စီမံကိန်းများကို မည်သို့ ရေးဆွဲသင့်ကြောင်းနှင့် ၎င်းတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ အကြံပြုချက်များနှင့် ကိုက်ညီအောင် မည်သို့ပြင်ဆင်သင့်ကြောင်းကိုလည်း လမ်းညွှန်ပေးပါသည်။

## ခေါင်းစဉ် ၁ အပိုင်း ၃ - တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားမှု လုပ်ထုံးယန္တရားများ။

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် စခန်းစီမံခန့်ခွဲရေးသို့ လိုအပ်ချက်များ၊ တုံ့ပြန်အကြံပြုချက် သို့မဟုတ် ပြဿနာများ/တိုင်ကြားမှုများ မည်သို့ တင်ပြရမည်ကို သင် သိပါသလား။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် အစိုးရသို့ သင် သတင်းပို့ဖူးပါသလား။
    - ပို့ဖူးပါက ဘာကို သတင်းပို့ခဲ့ပြီး ရလဒ်နှင့်ပတ်သက်၍ သင် ကျေနပ်မှု ဘယ်လောက်ရှိပါသလဲ။
    - သတင်းမပို့ဖူးပါက ဘာကြောင့် သတင်းမပို့ခဲ့ပါသလဲ (မည်သို့ သတင်းပို့ရမည်ကို မသိရှိပါ၊ သတင်းပို့ရမည်ကို ကြောက်ရွံ့သည်၊ သတင်းပို့ခြင်းက ခြားနားမှုမရှိစေသည်ဟု ထင်သည်၊ စသဖြင့်)။

iPAF

- "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု"မဏ္ဍိုင်၏ "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ ဖြေရှင်းရေးနည်းဗျူဟာများ" မဏ္ဍိုင်ခွဲ
- "သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရှိရင်းစွဲ စွမ်းရည်များ" မဏ္ဍိုင်၏ မဏ္ဍိုင်များအားလုံး။

+ ဤအပိုင်းပါ မေးခွန်းများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများကို လက်ရှိ တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားမှု ယန္တရားစနစ်ကို အကဲဖြတ်ရန်နှင့် အဆိုပါ ယန္တရားစနစ်များ အားကောင်းစေရန် ရပ်ရွာအသိုင်းအဝိုင်းများ၏ ဦးစားပေးစိတ်ဝင်စားသည့် သတင်းအချက်အလက်များ ရယူရာတွင်လည်း ပံ့ပိုးကူညီပေးမည်ဖြစ်သည်။

ထောက်ပံ့ကူညီသူအတွက် မှတ်စု - အကယ်၍ ဤခေါင်းစဉ်ကို အခြားသော ခေါင်းစဉ်နှစ်ခုအပေါ် မမှီငြမ်းဘဲဆောင်ရွက်မည်ဆိုပါက ထိခိုက်ခံရသူများ၏ စွမ်းရည်များနှင့် ထိခိုက်လွယ်မှုအခြေအနေဆိုင်ရာ အချက်အလက်များကို ကောက်ယူနိုင်ရန် ခေါင်းစဉ် ၃ - သတင်းအချက်အလက် အသုံးပြုတတ်ခြင်း၊ ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်းနှင့် အလေ့အထနည်းလမ်းများမှ မေးခွန်းအချို့ကို ထပ်ထည့်ရန် လိုအပ်နိုင်ပါသည်။

## ခ။ ခေါင်းစဉ် ၂ - လုပ်ကြံသတင်းဖြန့်ခြင်း၊ သတင်းမှားဖြန့်ခြင်းနှင့် ကောလာဟလများ

**အသိပေးချက်** - လုပ်ကြံသတင်းဖြန့်ခြင်းဆိုသည်မှာ ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် သတင်းမှားများကို တမင်တကာ ဖြန့်ဝေခြင်းဖြစ်ပြီး၊ "လူထုကို လမ်းလွဲစေပြီး ဘေးထွက်ဆိုးကျိုးအနေဖြင့် လူထု၏ သိပိုင်ခွင့်နှင့် လူတစ်ဦးချင်းစီ၏ သတင်းအချက်အလက်များကို ရှာဖွေခွင့်၊ လက်ခံရယူခွင့်နှင့် ဖြန့်ဝေခွင့်တို့ကို ထိခိုက်စေပါသည်"။ ၎င်းတို့ကို သတင်းမှားပေးရန် တမင်တကာ ရည်ရွယ်ချက်ရှိ မရှိနှင့် ပတ်သက်၍ ရပ်ရွာအသိုင်းအဝိုင်း၏ အမြင်သက်သက်ချည်းဖြင့် လုပ်ကြံသတင်းဖြန့်သည်ဟု ဆုံးဖြတ်ရန် မလုံလောက်ပါ။ လုပ်ကြံသတင်းဖြန့်ကြောင်း အတည်ပြုနိုင်ရန် အခြားသော အကြောင်းအရာများ ထပ်မံလိုအပ်ပါသည်။ သတင်းမှားကို မည်သည့်အချိန်တွင် အမှုမဲ့အမှတ်မဲ့ ဖြန့်ဝေတတ်ကြောင်းနှင့် သတင်းအချက်အလက်ကို အတည်ပြုရန် အတားအဆီးများကြောင့် ကောလာဟလများ တည်ရှိနေတတ်ချိန်တို့ကို နားလည်နိုင်ရန် သတင်းမှား ဖြန့်ဖြူးခြင်းနှင့် ကောလာဟလများကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ ပိုမိုသိရှိလိုပါက ဆက်ရှင် ၂၊ မိုဂျူး ၃ တွင် ကြည့်ပါ။

**မိတ်ဆက်လေ့ကျင့်ခန်း ပြင်ဆင်ခြင်း -**

ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း (FGD) မတိုင်မီ ပြင်ဆင်ထားသည့် ကားချပ်ဇယား (flipchart) ကို အသုံးပြုပါ။ ၎င်းတို့ အယုံကြည်ရဆုံးနှင့် လက်လှမ်းအမီဆုံး သတင်းရင်းမြစ်ကို မဲပေးရန် ပါဝင်သူတစ်ယောက်လျှင် စက္ကူ/ကျောက်ခဲ သုံးခုစီ ပေးပါ။ ပါဝင်သူများ မဲပေးပြီးပါက ဆွေးနွေးမှုကို ဘောင်သတ်မှတ်ရန် မဲအများဆုံးရသည့် ရင်းမြစ် သုံးခုကို အသုံးပြုပါ။ ပါဝင်သူများအနေဖြင့် သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့် ကန့်သတ်ထားသည့်နေရာတွင် ခေါင်းစဉ်အတွင်း ထပ်တိုးခေါင်းစဉ်ထည့်ရန် တောင်းဆိုကောင်း တောင်းဆိုနိုင်ပါသည် - အချိန်ကို ထည့်သွင်းစဉ်းစားပါ။ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများ (Facebook၊ TikTok၊ Twitter စသဖြင့်) တို့သည် ရင်းမြစ် မဟုတ်ကြောင်း သတိရပါ - ဆိုရှယ်မီဒီယာ ပလက်ဖောင်းပေါ်တွင် မည်သူက သတင်းအချက်အလက်များ ပို့စ်တင်ခဲ့ပါသလဲ (တိုက်ရိုက် ဖန်တီးခြင်းဖြစ်စေ အခြားရင်းမြစ်တစ်ခုမှ ဖန်တီးထားသည့် သတင်းအချက်အလက်များကို မျှဝေခြင်း ဖြစ်စေ)။ ဤလေ့ကျင့်ခန်းသည် ဆွေးနွေးမှုမစတင်မီ ရင်းမြစ်များနှင့် ချန်နယ်များအကြောင်း အယူအဆကို ပါဝင်သူများနှင့် ဆွေးနွေးရန် အခွင့်အလမ်းတစ်ခုဖြစ်သည်။ **ပန်းတိုင်သည် မှန်ကန်တိကျသောသတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်နှင့် ပတ်သက်၍ အဓိကထား ဆွေးနွေးရန်ဖြစ်ကြောင်း သတိရပါ။**

**ထိခိုက်လွယ်သော အကြောင်းအရာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို သင့်အားပေးရန် မည်သူ့ကို ယုံကြည်မှုအရှိဆုံးပါလဲ။**

| | **သတင်းအချက်အလက် ပံ့ပိုးသူ အုပ်စုများ** | **စုစုပေါင်း** |
|---|---|---|
| ၁ | မိသားစုနှင့် မိတ်ဆွေများ | |
| ၂ | အိမ်နီးချင်းများနှင့် အခြားသော ရပ်ရွာအသိုင်းအဝိုင်းဝင်များ | |
| ၃ | ဘာသာရေးခေါင်းဆောင် | |
| ၄ | အသိုင်းအဝိုင်း စခန်းခေါင်းဆောင် | |
| ၅ | အသိုင်းအဝိုင်း ခေါင်းဆောင်များ (အမျိုးသမီး ခေါင်းဆောင်များ၊ လူငယ် ခေါင်းဆောင်များ) | |
| ၆ | ဓလေ့ရိုးရာ ခေါင်းဆောင် | |
| ၇ | ဒေသတွင်း မီဒီယာ | |
| ၈ | နိုင်ငံလုံးဆိုင်ရာ မီဒီယာ | |
| ၉ | နိုင်ငံတကာ မီဒီယာ | |
| ၁၀ | ဒေသတွင်း အစိုးရ | |
| ၁၁ | တိုင်းဒေသကြီး အစိုးရ | |
| ၁၂ | ပြည်ထောင်စု အစိုးရ (ဝန်ကြီးဌာနများ၊ စသဖြင့်။) | |
| ၁၃ | စခန်း စီမံအုပ်ချုပ်ရေးအဖွဲ့ | |
| ၁၄ | ဒေသတွင်း အဖွဲ့အစည်း | |
| ၁၅ | နိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်း | |
| ၁၆ | နိုင်ငံတကာ အဖွဲ့အစည်း | |
| ၁၇ | အခြား ………………… | |

**လမ်းညွှန်မေးခွန်းများ**

## ခေါင်းစဉ် ၂ အပိုင်း ၁ - ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများမှ စိတ်ဝင်စားသော သတင်းအချက်အလက်များနှင့် တိကျသော သတင်း အချက်အလက်များ ရရှိရန် အတားအဆီးများ။

- ဤရင်းမြစ်များကို သင် ဘာကြောင့် ရွေးချယ်ခဲ့ပါသလဲ။ (ယုံကြည်မှု၊ ဘာသာစကား၊ နီးစပ်မှု၊ အာဏာရှိသူတစ်ဦး၊ ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုနိုင်မှု၊ စသဖြင့်။)[၃] သင်မယုံကြည်နိုင်မည့် ခေါင်းစဉ်အကြောင်းအရာများ ရှိပါသလား။
- လုံလောက်သော သတင်းရင်းမြစ်များကို သင် ရယူအသုံးပြုခွင့်ရှိပါသလား။ အဆိုပါ သတင်း ရင်းမြစ်များသည် သင့်အတွက် ဘေးကင်းလုံခြုံပြီး အလွယ်တကူ ရယူအသုံးပြုနိုင်သည့် ဆက် သွယ်ရေး ချန်နယ်များနှင့် ပလက်ဖောင်းများကို အသုံးပြုပါသလား။
- သင့်အနေဖြင့် မှန်ကန်မှု မရှိဟု ထင်ထားသည့် အရေးကြီးအကြောင်းအရာများအကြောင်း သတင်းအချက်အလက်များကို အမှတ်မထင် တွေ့ဖူးပါသလား။
    - သတင်းအချက်အလက်များက ဘာတွေပါလဲ။ ရင်းမြစ်က ဘယ်သူပါလဲ။ မည်သည့် ပလက်ဖောင်းကို အသုံးပြုခဲ့ပါသလဲ။ သင့်ရပ်ရွာအသိုင်းအဝိုင်းတွင်း ပြန့်နှံ့နေသည့် အဆိုပါ အတည်မပြုထားသော သို့မဟုတ် သတင်းမှားများ၏ အကျိုးဆက်များက ဘာ ဖြစ်သည်ဟု သင်ထင်ပါသလဲ။
    - အဆိုပါသတင်းမှားများကို ထိခိုက်နစ်နာစေရန် တမင်ရည်ရွယ်ပြီး ဖြန့်ဝေခဲ့သည် သို့မဟုတ် သတင်းအချက်အလက် မှားယွင်းနေသည်ကို သတိမပြုမိဘဲ တစ်စုံတစ်ယောက်က မှားယွင်း ဖြန့်ဝေခဲ့သည်ဟု သင်ထင်ပါသလား။

**i PAF**

- "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြောင်းအရာ"နှင့် "သမားရိုးကျနှင့် ဒစ်ဂျစ် တယ်မီဒီယာမြင်ကွင်း" "အကြောင်းအရာ"မဏ္ဍိုင်၏ မဏ္ဍိုင်ခွဲ
- "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအတွက် လက်ရှိ သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ခြိမ်းခြောက်မှု"မဏ္ဍိုင်၏ မဏ္ဍိုင်ခွဲများအားလုံး
- "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင် သူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ခြိမ်းခြောက်မှု၏ အကျိုး သက်ရောက်မှု"မဏ္ဍိုင်၏ မဏ္ဍိုင်ခွဲများအားလုံး။

---

၃ ယုံကြည်မှုအစိတ်အပိုင်းများကို တိုင်းတာနိုင်မည့်နည်းလမ်းတစ်ခုဖြင့် မည်ကဲ့သို့ ဘောင်ချရမည့်အကြောင်း ပိုမိုသိရှိလိုပါက Internews ၏ ယုံကြည်ရသော သုံးသပ်လေ့လာချက်မူဘောင် (မိုဂျူး ၁) ကို ကိုးကားရည်ညွှန်းပါ။

## ခေါင်းစဉ် ၂ အပိုင်း ၂ - မှန်ကန်တိကျသော သတင်းအချက်အလက် ရယူအသုံးပြုခွင့် တိုးတက်စေရန် ရပ်ရွာအသိုင်းအဝိုင်းအခြေပြု ဖြေရှင်းရေးနည်းလမ်းများ။

- သင် လုံး၀ မယုံကြည်သည့် ရင်းမြစ်တစ်ခုမှ သတင်းအချက်အလက် ရရှိခဲ့ပါက သင် ဘာလုပ်သလဲ။
- သတင်းအချက်အလက်များကို သင် မည်သို့ စိစစ်အတည်ပြုပါသလဲ။ စိစစ်အတည်ပြုသည့် နည်းစနစ်က ဘာပါလဲ။
- သတင်းအချက်အလက်များကို စိစစ်အတည်မပြုနိုင်ပါက သင် ဘာလုပ်ပါသလဲ။
- မှန်ကန်တိကျသော သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့် တိုးတက်အောင် ဘာလုပ်ပေးနိုင်မလဲ။ အခြေအနေကို ပြောင်းလဲရန် မည်သူအား အကောင်းဆုံးနေရာချထားပေးနိုင်မည်ဟု သင်ထင်ပါသလဲ။ (လူပုဂ္ဂိုလ်၊ ရပ်ရွာအသိုင်းအဝိုင်း၊ အသိုင်းအဝိုင်း ခေါင်းဆောင်များ၊ ဒေသအာဏာပိုင်များ၊ မီဒီယာ၊ အစိုးရ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူ၊ စသဖြင့်)

**i PAF**

- "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု"မဏ္ဍိုင်၏ "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ ဖြေရှင်းရေးနည်းဗျူဟာများ" မဏ္ဍိုင်ခွဲ
- "သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရှိရင်စွဲ စွမ်းရည်များ" မဏ္ဍိုင်၏ ဆက်ရှင်များအားလုံး

ထောက်ပံ့ကူညီသူအတွက် မှတ်စု - အကယ်၍ ဤခေါင်းစဉ်ကို အခြားသော ခေါင်းစဉ်နှစ်ခုအပေါ် မမှီငြမ်းဘဲဆောင်ရွက်မည်ဆိုပါက ထိခိုက်ခံရသူများ၏ စွမ်းရည်များနှင့် ထိခိုက်လွယ်မှုအခြေအနေဆိုင်ရာ အချက်အလက်များကို ကောက်ယူနိုင်ရန် ခေါင်းစဉ် ၃ - သတင်းအချက်အလက် အသုံးပြုတတ်ခြင်း၊ ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်းနှင့် အလေ့အထနည်းလမ်းများမှ မေးခွန်းအချို့ကို ထပ်ထည့်ရန် လိုအပ်နိုင်ပါသည်။

# ၇။ ခေါင်းစဉ် ၃ - သတင်းအချက်အလက် အသုံးပြုတတ်ခြင်း၊ ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်းနှင့် အလေ့အထများ

အသိပေးချက် - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများသည် သတင်းအချက်အလက် ရယူအသုံးပြုမှုအပေါ် သက်ရောက်နိုင်ခြေရှိပြီး လူများကို သတင်းအချက်အလက်များ ဖန်တီးရန်၊ မျှဝေရန်၊ ရှာဖွေရန်နှင့် ရယူရန်အတွက် မခန့်မှန်းနိုင်သော သို့မဟုတ် တွက်ဆထားသော အန္တရာယ်များကို ရင်ဆိုင်ရန် တွန်းအားပေးသလို ဖြစ်နိုင်ပါသည်။ သတင်းအချက်အလက် အသုံးပြုတတ်ခြင်းနှင့် ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်းများကို ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ လက်တွေ့အလေ့အထများနှင့်အတူ အမြဲတမ်း ဆန်းစစ်သုံးသပ်သင့်ပါသည်။

**မိတ်ဆက်လေ့ကျင့်ခန်း ပြင်ဆင်ခြင်း -**

အတည်ပြုချက်များ သင် ရှယူရာတွင် "ဟုတ်ပါတယ်" ဟု တုံ့ပြန်လိုသည့်အချိန်တိုင်း လက်ထောင်ပြရန် ပါဝင်သူများကို တောင်းဆိုပါ။ ပါဝင်သူများ၏ စာတတ်မြောက်မှုစွမ်းရည်များကို သုံးသပ်ရန် သို့မဟုတ် ရေတွက်တိုင်းတာနိုင်သည့် အချက်အလက်များ ကောက်ယူရန်အတွက် ဤလေ့ကျင့်ခန်းကို အသုံးမပြုသင့်ပါ။ ဆွေးနွေးမှု စတင်ရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းတွင် ဘေးကင်းလုံခြုံစွာ သတင်းအချက်အလက်များ ရယူအသုံးပြုရန် (သတင်းအချက်အလက် ဖန်တီးခြင်း၊ မျှဝေခြင်း၊ ရှာဖွေခြင်း သို့မဟုတ် ရယူခြင်း) လိုအပ်သည့် သတင်းအချက်အလက်များနှင့် ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှု ရှိ မရှိ ဆန်းစစ်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြောင်းအရာက လူပုဂ္ဂိုလ်များကို သတင်းအချက်အလက် ရယူအသုံးပြုရန်အတွက် တွက်ဆထားသည့် အန္တရာယ်များကို ရင်ဆိုင်ရန် တွန်းအားပေးမှု ရှိ မရှိ ဆန်းစစ်ရန်ဖြစ်သည်။ **ပန်းတိုင်မှာ သတင်းအချက်အလက် အသုံးပြုတတ်ခြင်း၊ ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်းနှင့် အမှန်တကယ် သတင်းအချက်အလက်ဆိုင်ရာ အလေ့အထများပတ်လည်၌ ဆွေးနွေးရန်ဖြစ်သည်ကို အမှတ်ရပါ။**

ဆွေးနွေးမှုကို ဦးဆောင်ရာတွင် သင် အသုံးပြုနိုင်မည့် ခေါင်းစဉ်ခွဲများကို အောက်တွင်ကြည့်ပါ။ သီးခြား အုပ်စုတစ်ခုနှင့် အကြောင်းအရာများနှင့် ပတ်သက်၍ သင်၏ အလေးထားမှုအပေါ် မူတည်ပြီး ဆွေးနွေးမှု ဆက်လက်လုပ်ဆောင်ရန် လူ 5 ယောက်မှ 6 ယောက်ခန့် ရွေးချယ်ရန် ကျွန်ုပ်တို့ အကြံပြုပါသည် (ဥပမာ - သင့်အုပ်စုသည် အင်တာနက် ရယူအသုံးပြုခွင့် မရှိပါက ဒီဂျစ်တယ် အကြောင်း ဆွေးနွေးမှုစတင်မည့်သူများကို သင် ခေါ်ထုတ်နိုင်ပါသည်)

**ပါဝင်သူများ၏ သတင်းအချက်အလက် အသုံးပြုတတ်မှု၊ ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှုနှင့် အလေ့အထများကို အတည်ပြုပါ**

- အွန်လိုင်းပေါ်တွင် တွေ့နိုင်သည့် သတင်းအားလုံးသည် မှန်ကန်ပါသည်
- ကျွမ်းကျင်သူများသာ ရေဒီယိုမှတဆင့် သတင်းအချက်အလက်များ ပံ့ပိုးနိုင်သဖြင့် ဤချန်နယ်ပေါ်မှ သတင်းအချက်အလက်အားလုံးသည် မှန်ကန်သည်
- ကျွန်ုပ်၏ မိသားစုနှင့် သူငယ်ချင်းများက ကျွန်ုပ်အပေါ် ဘယ်တော့မှ လိမ်လည်နိုင်မည် မဟုတ်သဖြင့် ကျွန်ုပ်အား ၎င်းတို့မျှဝေသည့် သတင်းအချက်အလက်အားလုံးကို ကျွန်ုပ် ယုံကြည်၍ ရနိုင်ပါသည်

- သတင်းအချက်အလက်နှင့်ပတ်သက်၍ ကျွန်ုပ် ဆွေးနွေးငြင်းခုံလိုပါသည်
- ကျွန်ုပ်သည် သတင်းအချက်အလက်များကို အခြားသူများထံ မမျှဝေမီ မှန်ကန်မှု ရှိ မရှိ အမြဲတမ်း အတည်ပြု စစ်ဆေးပါသည်
- ဆိုရှယ်မီဒီယာတွင် ကျွန်ုပ်၏ အမည်အမှန်ကို အသုံးပြုပါသည်
- ဆိုရှယ်မီဒီယာပေါ်တွင် အချိန်နှင့်အမျှ ကျွန်ုပ်၏တည်နေရာကို မျှဝေသည်
- ကျွန်ုပ်သည် ဆိုရှယ်မီဒီယာတွင် လူစိမ်းများထံမှ သူငယ်ချင်းဖြစ်ရန် ကမ်းလှမ်းမှုကို လက်ခံပါသည်
- ကျွန်ုပ်သည် ဆိုရှယ်မီဒီယာတွင် ကျော်ကြားသူများထံမှ သူငယ်ချင်းဖြစ်ရန် ကမ်းလှမ်းမှုကို လက်ခံပါသည်
- ကျွန်ုပ်သည် ဆိုရှယ်မီဒီယာတွင် ပရိုဖိုင်ပုံအတွက် ကျွန်ုပ်၏ ပုံအစစ်ကို အသုံးပြုပါသည်
- ကျွန်ုပ်သည် အများရှေ့တွင် ဘယ်တော့မှ မျှဝေခြင်း သို့မဟုတ် မေးမြန်းခြင်း မလုပ်မည့် သတင်းအချက်အလက်များ ရှိပါသည်
- ကျွန်ုပ်သည် ဖုန်းဖြင့် ဘယ်တော့မှ မျှဝေခြင်း သို့မဟုတ် မေးမြန်းခြင်း မလုပ်မည့် သတင်းအချက်အလက်များ ရှိပါသည်
- ကျွန်ုပ် အွန်လိုင်း (သို့မဟုတ် အင်တာနက်မရှိသည့် နေရာများတွင် ရေဒီယိုပေါ်) တွင် ဘယ်တော့မှ မျှဝေခြင်း သို့မဟုတ် မေးမြန်းခြင်း မလုပ်မည့် သတင်းအချက်အလက်များ ရှိပါသည်။

**လမ်းညွှန်မေးခွန်းများ**

## ခေါင်းစဉ် ၃ အပိုင်း ၁ - သတင်းအချက်အလက် အသုံးပြုတတ်ခြင်း၊ ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများကြောင့် ထိခိုက်ခံရသည့်လူများအပေါ် ဘေးကင်းလုံခြုံသည့် သတင်းအချက်အလက် ရယူအသုံးပြုမှုနှင့်ပတ်သက်သည့် သက်ရောက်မှုများကို ဆန်းစစ်ပါ။

- နေ့စဉ်ဘဝတွင် အများရှေ့၌ ပြောဆိုရန် သင် ကြောက်ရွံ့ရသော အကြောင်းအရာများ ရှိပါသလား။ ဖုန်းဖြင့် ပြောဆိုရာတွင်ရော ရှိပါသလား။ မည်သည့်သတင်းအချက်အလက်များက ထိခိုက်လွယ်သော်လည်း ရယူရန် (ဖန်တီးခြင်း၊ မျှဝေခြင်း၊ ရှာဖွေခြင်း၊ ရယူခြင်း) အန္တရာယ်ရင်ဆိုင်သင့်သည်ဟု သင်ထင်ပါသလဲ။
- အကယ်၍ ရေဒီယိုရှိုးတစ်ခုတွင် သင်ပါဝင်ဖြစ်ပါက မမျှဝေလိုသည့် သင်၏ ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များ ရှိပါသလား။ ဘာကြောင့်ပါလဲ။ အွန်လိုင်းတွင် သင်မျှဝေသည့် သတင်းအချက်အလက်များအတွက်ရော ဘယ်လိုရှိပါသလဲ။

- မက်ဆေ့ချ် အက်ပ်များရှိ အုပ်စုဖွဲ့စကားပြောခြင်း (group chat) ကို အသုံးပြုရာတွင် အုပ်စုအတွင်းရှိ လူအားလုံးကို ပုံမှန်အားဖြင့် သင် သိကျွမ်းပါသလား။ ၎င်းက သတင်းအချက်အလက် မည်မျှကို သင် မျှဝေပြီး ဆွေးနွေးပြောဆိုမှုများတွင် မည်မျှပါဝင်ကြောင်းအပြင် အုပ်စုတွင်း မျှဝေသည့် သတင်းအချက်အလက်များအပေါ် သင် မည်မျှယုံကြည်မှု ရှိသည်ဆိုခြင်းအပေါ် အကျိုးသက်ရောက်မှုရှိပါသလား။
- အွန်လိုင်းတွင် သတင်းအချက်အလက် မျှဝေ သို့မဟုတ် ပို့စ်တင်ပြီးနောက် အနှောင့်အယှက်ပေးခံရသော/အနိုင်ကျင့်ခံရသော လူများအကြောင်း သင် ကြားဖူး/မျက်မြင်တွေ့ဖူး ပါသလား။ ရပ်ရွာအသိုင်းအဝိုင်းတွင်းရှိ မည်သူများသည် ဆိုရှယ်မီဒီယာပေါ်တွင် ပြဿနာများ ပိုမိုကြုံတွေ့ရနိုင်ခြေ ရှိပါသလဲ၊ ဘာကြောင့်ပါလဲ။ အကယ်၍ သင်ကိုယ်တိုင် သို့မဟုတ် သင်၏ မိတ်ဆွေတစ်ယောက်ယောက်သည် ဆိုရှယ်မီဒီယာပေါ်တွင် ဦးတည် တိုက်ခိုက်ခံခဲ့ရပါက ၎င်းကို မည်ကဲ့သို့ သတင်းပို့ တိုင်ကြားရမည်ကို သိပါသလား (အွန်လိုင်းနှင့် အော့ဖ်လိုင်းနည်းများဖြင့်)။ သင်တို့ကို ဘယ်သူတွေက ကူညီပေးနိုင်သလဲ။

**i PAF**

- "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြောင်းအရာ"နှင့် "သမားရိုးကျနှင့် ဒစ်ဂျစ်တယ်မီဒီယာမြင်ကွင်း" "အကြောင်းအရာ"မဏ္ဍိုင်၏ မဏ္ဍိုင်ခွဲ
- "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအတွက် လက်ရှိ သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ခြိမ်းခြောက်မှု"မဏ္ဍိုင်၏ မဏ္ဍိုင်ခွဲများအားလုံး
- "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု"မဏ္ဍိုင်၏ မဏ္ဍိုင်ခွဲများအားလုံး။

**လမ်းညွှန်မေးခွန်းများ**

## ခေါင်းစဉ် ၃ အပိုင်း ၂ - သတင်းအချက်အလက် အသုံးပြုတတ်ခြင်းနှင့် ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်းများကို ဆောက်တည်ရန်၊ အဖျက်သဘောဆောင်သည့် ရင်ဆိုင်ဖြေရှင်းနည်းလမ်းများကို လျှော့ချရန် ရပ်ရွာအသိုင်းအဝိုင်းအခြေပြု နည်းလမ်းများ။

- သတင်းအချက်အလက်များ (ဖန်တီးခြင်း၊ မျှဝေခြင်း၊ ရှာဖွေခြင်းနှင့် ရယူခြင်း) အကြောင်း ဆွေးနွေးငြင်းခုန်နိုင်ရန်နှင့် ရယူသုံးစွဲနိုင်ရန် ရပ်ရွာအသိုင်းအဝိုင်းတစ်ခုအတွက် ဘေးကင်းလုံခြုံသည့် နေရာများ ရှိပါသလား။
- သတင်းအချက်အလက် အသုံးပြုတတ်ခြင်းနှင့် ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်ခြင်းများကို မြှင့်တင်ရန် ဘာလုပ်ပေးနိုင်မလဲ။ အခြေအနေကို ပြောင်းလဲရန် မည်သူအား အကောင်းဆုံး

နေရာချထားပေးနိုင်မည်ဟု သင်ထင်ပါသလဲ။ (လူပုဂ္ဂိုလ်၊ ရပ်ရွာအသိုင်းအဝိုင်း၊ အသိုင်းအဝိုင်း ခေါင်းဆောင်များ၊ ဒေသအာဏာပိုင်များ၊ မီဒီယာ၊ အစိုးရ၊ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ လုပ်ဆောင်သူ၊ စသဖြင့်)

- သတင်းအချက်အလက် ရယူရန် အန္တရာယ်ရင်ဆိုင်ရနိုင်သည့် လိုအပ်ချက်များကို လျှော့ချရန် ဘာလုပ်ပေးနိုင်ပါမလဲ။ အခြေအနေကို ပြောင်းလဲရန် မည်သူအား အကောင်းဆုံးနေရာချထား ပေးနိုင်မည်ဟု သင်ထင်ပါသလဲ။ (လူပုဂ္ဂိုလ်၊ ရပ်ရွာအသိုင်းအဝိုင်း၊ အသိုင်းအဝိုင်း ခေါင်းဆောင် များ၊ ဒေသအာဏာပိုင်များ၊ မီဒီယာ၊ အစိုးရ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင် သူ၊ စသဖြင့်)

**i PAF**

- "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင် သူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ခြိမ်းခြောက်မှု၏ အကျိုး သက်ရောက်မှု"မဏ္ဍိုင်၏ "ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ ဖြေရှင်းရေး နည်းဗျူဟာများ" မဏ္ဍိုင်ခွဲ
- "သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရှိရင်းစွဲ စွမ်းရည်များ" မဏ္ဍိုင်၏ ဆက်ရှင်များအားလုံး
- \+ ဤဆက်ရှင်ပါ မေးခွန်းများသည် ဒေသမီဒီယာများနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ လုပ်ဆောင်သူများအား စီမံကိန်းများကို မည်သို့ ရေးဆွဲသင့်ကြောင်းနှင့် ၎င်းတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ အကြံပြု ချက်များနှင့် ကိုက်ညီအောင် မည်သို့ပြင်ဆင်သင့်ကြောင်းကိုလည်း လမ်းညွှန်ပေးပါသည်။

ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း(FGD) နှင့် အခြားစီစဉ်ထားသော အချက်အလက်စုဆောင်းခြင်းများ ပြီးစီးသည်နှင့်တပြိုင်နက် သင်ရရှိထားသော သတင်းအချက်အလက်များကို လေ့လာသုံးသပ်ရန် သင့် အသင့်ဖြစ်ပါပြီ။ မိုဂျူး ၃ - သတင်းအချက်အလက်နှင့်ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များ လျှော့ချခြင်း - သုံးသပ်လေ့လာချက်မူဘောင်သည် သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံစွာနှင့် အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်များ ပိုမိုများပြားလာစေရေးအတွက် သတင်းအချက်အလက်များကို သုံးသပ်လေ့လာပြီး အကြံပြုချက်များအဖြစ်သို့ ပြောင်းလဲနည်းများအား လမ်းညွှန်ပြသထားပါသည်။ မိုဂျူး ၂ - ကျွန်ုပ်လုပ်ကိုင်နေသည့် နည်းလမ်းများကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပြီး ပိုမို ဘေးကင်းသည့် သတင်းအချက်အလက် ဂေဟစနစ်တစ်ခုဖြစ်လာအောင် ကျွန်ုပ်အနေဖြင့် ဘယ်လို ကူညီပေးနိုင်မလဲ။ အသိုင်းအဝိုင်းအခြေပြု တုံ့ပြန်အကြံပြုချက်နှင့် တိုင်ကြားမှု ယန္တရားစနစ်များ ဖော်ဆောင်ခြင်းအပါအဝင် ၎င်းတို့၏ သတင်းအချက်အလက်နှင့်ပတ်သက်၍ လုပ်ကိုင်ပုံနည်းလမ်းများနှင့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် ဆက်ဆံရေးနည်းလမ်းများကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်နိုင် ရေးတွင် ဤလေ့လာသုံးသပ်မှုကို အသုံးပြုရန် ဒေသတွင်း သတင်းအချက်အလက်ရေးရာ လုပ်ဆောင် သူများကို ကူညီပေးပါမည်။

နောက်ဆက်တွဲ ၄

# အိမ်ထောင်စုစစ်တမ်း လမ်းညွှန် ကိရိယာ

# နောက်ဆက်တွဲ ၄ - အိမ်ထောင်စုစစ်တမ်း လမ်းညွှန်ကိရိယာ

## ဤကိရိယာ၏ ရည်ရွယ်ချက်

သီးခြားရပ်ရွာအသိုင်းအဝိုင်းတစ်ခု သို့မဟုတ် ၎င်းထက် ပိုမိုကျယ်ပြန့်သောလူထုအတွင်း သတင်းအချက်အလက်များကို မည်သို့ ဖန်တီး၊ ရှာဖွေ၊ မျှဝေလျက်ရှိသည်ကို နားလည်ရန်အတွက် စစ်တမ်းတစ်ခုကောက်ယူရန် ဤလမ်းညွှန်ကိရိယာကို အသုံးပြုနိုင်သည်။ သတင်းအချက်အလက်ဆိုင်ရာ အလေ့အကျင့်များတွင် လူအများ အန္တရာယ် ရင်ဆိုင်ရနိုင်သော အပိုင်းများအား ကူညီရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ လမ်းညွှန် [၁] မိုဂျူး ၂ မှ ထုတ်နှုတ်ရရှိလာသည့် ဆက်စပ်လွှမ်းခြုံလျက်ရှိသော အဓိကမေးခွန်းသုံးခုဖြင့် တည်ဆောက်ထားသော မေးခွန်းများအပေါ် အခြေပြုထားသည့် အောက်ပါ စစ်တမ်းမှတဆင့် အဆိုပါအန္တရာယ်များကို ခွဲခြားဖော်ထုတ်နိုင်ပါသည် -

1. ရပ်ရွာအသိုင်းအဝိုင်းအတွင်း သတင်းအချက်အလက်ကို **ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုခွင့်** ရှိပါသလား။ တစ်နည်းအားဖြင့် သတင်းအချက်အလက် ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူရာတွင် ရပ်ရွာအသိုင်းအဝိုင်းအနေဖြင့် အန္တရာယ်နှင့် ရင်ဆိုင်ရခြင်းမရှိဟု ဆိုလိုပါသည်။
2. ရပ်ရွာအသိုင်းအဝိုင်းအတွင်း သတင်းအချက်အလက်ကို **အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်** ရှိပါသလား။ တစ်နည်းဆိုရသော် လူထုအုပ်စုအားလုံးအနေဖြင့် ၎င်းတို့၏ သတင်းအချက်အလက် လိုအပ်ချက်များနှင့် ဦးစားပေးချက်များအပေါ်အခြေပြု၍ သတင်းအချက်အလက်များကို ရယူအသုံးပြုခွင့် ရှိပါသလား။
3. ရပ်ရွာအသိုင်းအဝိုင်းတွင် **တိကျမှန်ကန်သော သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်** ရှိပါသလား။ ရပ်ရွာအသိုင်းအဝိုင်းသည် လုပ်ကြံသတင်း၊ သတင်းမှားဖြန့်ဖြူးခြင်းနှင့် ကောလာဟလများ ရှိနေမည်ကို စိုးရိမ်ပူပန်နေပါသလား။ ရပ်ရွာအသိုင်းအဝိုင်းတွင် သတင်းအချက်အလက် မှန်မမှန်စစ်ဆေးရန်နှင့် သုံးသပ်လေ့လာရန် လိုအပ်သော လမ်းညွှန်ကိရိယာများ၊ စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များ ရှိပါသလား။ (၎င်းတွင် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှုနှင့် အချက်အလက်မှန်၊ မမှန် စစ်ဆေးခြင်းဆိုင်ရာ ဗဟုသုတအပြင် ရရှိနိုင်သော ဆက်စပ်အရင်းအမြစ်များ ပါဝင်နိုင်ပါသည်။)

အထက်တွင်ဖော်ပြခဲ့သော မေးခွန်းသုံးခုအား ထပ်၍အသေးစိတ် ဆန်းစစ်ရန်အတွက် စစ်တမ်းမေးခွန်းများကို အောက်ပါကဏ္ဍများအဖြစ် ခွဲခြားထားပါသည် -

A. ပေါင်းစုမက်တာဒေတာ (Metadata) နှင့် သဘောတူခွင့်ပြုချက်

B. ဇီဝဒေတာ (Biodata)

C. သတင်းအချက်အလက်ကို အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်

D. သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုခွင့်

E. မှန်ကန်တိကျသော သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်

---

[၁] မှန်ကန်တိကျသော သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံပြီး အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်များတွင် မည်သို့သော အချက်အလက်များ ထည့်သွင်းထားကြောင်းနှင့် ပတ်သက်၍ ထပ်ဆောင်းအချက်အလက်များရရှိရန် မိုဂျူး ၂ - ပိုမိုဘေးကင်းလုံခြုံသော သတင်းအချက်အလက်ဂေဟစနစ်တစ်ခု ဖြစ်ပေါ်လာစေရန် ကျွန်ုပ်၏လုပ်ကိုင်နည်းများအား လိုက်လျောညီထွေပြင်ဆင်ခြင်းအားဖြင့် မည်သို့ပါဝင်ဆောင်ရွက်နိုင်ပါသလဲကို ကြည့်ပါ။

ဤအိမ်ထောင်စု စစ်တမ်း (HHS) သည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းတွင်းရှိ လူများအား စစ်တမ်း ကောက်ယူရန် ရည်ရွယ်ပါသည်။ ၎င်းကို ပေးထားသော ဆက်စပ်အခြေအနေတစ်ရပ်တွင် စစ်တမ်း မီဒီယာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများဖြင့် ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း (FGD) များနှင့် အဓိကသတင်းပေးသူအားတွေ့ဆုံမေးမြန်းခြင်း (KII) များမှတစ်ဆင့် ကောက်ယူထားသောအချက်အလက်များနှင့် ပူးတွဲ၍ အသုံးပြုရန် ပုံစံထုတ်ထားခြင်းဖြစ်သည်။ သီးခြားလမ်းညွှန်ကိရိယာတစ်ခုအဖြစ် အသုံးမပြုသင့်ပါ။ HHS ၊ KII များ နှင့် FGD များအား ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ရရှိလာသော အချက်အလက်များကို ကောက်ယူခြင်းသည် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို သုံးသပ်လေ့လာချက်အား ပုံဖော်ပေးပါလိမ့်မည်။ ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို သုံးသပ်လေ့လာမှု ဆောင်ရွက်ရာတွင် လမ်းညွှန်ချက်အဖြစ် မိုဂျူး ၃ - သတင်းအချက်အလက်နှင့်ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို လျှော့ချခြင်း - သုံးသပ်လေ့လာချက် မူဘောင်ကို ကြည့်ပါ။ KII များနှင့် FGD များ ဆောင်ရွက်ရန် အလားတူ လမ်းညွှန်ကိရိယာများရရှိရန် နောက်ဆက်တွဲ ၃၊ ၅ နှင့် ၆ တို့ကို ကြည့်ပါ။

## ထိရောက်သောစစ်တမ်းများဖြစ်စေရန် အကြံပြုချက်များ

**ပါဝင်ဖြေဆိုသူများအား သတင်းအချက်အလက်ပေးပါ** - လူအများအား စစ်တမ်းဖြေဆိုလိုခြင်း ရှိမရှိမေးရာတွင် ဖြေဆိုရန် ခန့်မှန်းကြာမြင့်ချိန်ကို ပြောပြရမည့်အပြင် ၎င်းတို့၏အဖြေများကြောင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအနေဖြင့် ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆက်ဆံပြောဆိုရာတွင် ပိုမိုတိုးတက်လာစေမည်ဖြစ်ကြောင်း အသိပေးပါ။ ကြာမြင့်ချိန်မှာမူ သင်၏အချက်အလက် လိုအပ်ချက်များပေါ်တွင် အခြေခံ၍ ပုံစံထုတ်မည့် နောက်ဆုံး ဆက်စပ်လမ်းညွှန်ကိရိယာပေါ်တွင်မူတည်ပါလိမ့်မည် (အချို့အချက်အလက် လိုအပ်ချက်များကို ဆင့်ပွားလေ့လာသုံးသပ်ခြင်း မှတစ်ဆင့် ရရှိနိုင်ပါသည်)။

**စာတတ်မြောက်မှုအဆင့်များကို ထည့်သွင်းစဉ်းစားပါ** - သင်၏စစ်တမ်းတွင် အသုံးပြုမည့်မေးခွန်းများအား ဆုံးဖြတ်ရာတွင် ရည်ရွယ်ထားသော စစ်တမ်းပါဝင်ဖြေဆိုသူ၏ စာတတ်မြောက်မှုအဆင့်ကို သေချာပေါက် ထည့်သွင်းစဉ်းစားပါ။ ဥပမာ - စာရေးတတ်၊ ဖတ်တတ်ခြင်း မရှိသူများအား စစ်တမ်းကောက်ယူပါက အင်တာနက် အသုံးပြုခြင်းနှင့် ပတ်သက်သော မေးခွန်းများမှာ ၎င်းတို့နှင့် သက်ဆိုင်မှုမရှိခြင်း **ဖြစ်ကောင်းဖြစ်နိုင်ပါသည်။**

**စစ်တမ်းကောက်ယူမှုအတွက် ယုတ္တိဗေဒကို ဖြေဆိုသူနှင့် ကိုက်ညီအောင် ပြင်ဆင်ပါ** - စစ်တမ်းကောက်ယူရာတွင် ယုတ္တိဗေဒသည် ဖြေဆိုသူတစ်ဦးချင်းစီ၏ အဖြေများနှင့် သေချာပေါက် ကိုက်ညီကြောင်း အမြဲသေချာပါစေ။ ဥပမာအားဖြင့် ဖြေဆိုသူတစ်ဦးက ၎င်းမှာ အင်တာနက် မသုံးကြောင်း ဖြေဆိုသည်ဆိုပါက နောက်တွင်ဆက်မေးမည့် လူမှုကွန်ရက်နှင့် ပတ်သက်သော မေးခွန်းများအားလုံးကို အလိုအလျောက် ကျော်ပစ်သင့်ပါသည်။

**အခြေအနေနှင့် ဆက်စပ်မှုရှိပါစေ** - ဤနောက်ဆက်တွဲအခန်းတွင် ဖော်ပြထားသော လမ်းညွှန်ကိရိယာ နမူနာပုံစံပါ မေးခွန်းများသည် ယေဘုယျကျအောင် ပြင်ဆင်ထားခြင်းဖြစ်ပြီး မည်သည့်အခြေအနေနှင့်မျှ ဆက်စပ်မှုရှိရန် ပြင်ဆင်ထားခြင်း မရှိပါ။ သင်လုပ်ကိုင်နေသော ဧရိယာအတွင်းရှိ ဒေသခံအင်အားစုများနှင့် ကိုက်ညီမှုရှိစေရန် အချို့မေးခွန်းများကို လိုက်လျောညီထွေပြင်ဆင်

ခြင်း သို့မဟုတ် မေးခွန်းအသစ်များ ထပ်ထည့်ခြင်းတို့ လိုအပ်မည့် အလားအလာရှိပါလိမ့်မည်။ အခြေအနေနှင့် ဆက်စပ်မှုရှိစေရန် လိုအပ်ချက်များအတွက် မေးခွန်း ခ-၆ နှင့် ဃ-၉-၅-၂ တို့ကို အထူးအာရုံစိုက်ပါ။ ဘာသာစကား အသုံးအနှုန်းကိုလည်း သင့်လျော်မှုရှိအောင် ပြင်ဆင်သင့်သည့် အပြင် အချက်အလက် ကောက်ခံသူအနေဖြင့်လည်း သတင်းအချက်အလက် (ဥပမာ - ရင်းမြစ်နှင့် ချန်နယ်ကွာခြားချက်) နှင့် ကာကွယ်ရေးဆိုင်ရာ စကားလုံးအသုံးအနှုန်းများနှင့် ရင်းနှီးမှု ရှိနေသင့်ပါသည်။

**မေးခွန်းတစ်ခုစီအတွက် ဖြေဆိုရန် သဘောတူခွင့်ပြုချက်အား ပြောင်းလဲနိုင်ခွင့်ပေးပါ** - သဘောတူခွင့်ပြုချက်၏ သွယ်ဝိုက်၍ ညွှန်းဆိုတတ်သော သဘာဝအရ “မသိပါ” နှင့် “မဖြေဆိုလိုပါ” ဟူသော ရွေးချယ်ခွင့်တစ်ခု မေးခွန်းအားလုံးတွင် ပါသင့်ပါသည်။

အခြားလိုအပ်သော အချက်အလက်ကောက်ခံမှုများနှင့်အတူ ရပ်ရွာအသိုင်းအဝိုင်းတွင်း FGD များကို လုပ်ဆောင်ပြီးစီးသည်နှင့် တပြိုင်နက် သင် ရရှိထားသော သတင်းအချက်အလက်များကို လေ့လာသုံးသပ်ရန် အသင့်ဖြစ်ပါပြီ။ **မိုဂျူး ၃ - သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေး အန္တရာယ်များကို လျှော့ချခြင်း - သုံးသပ်လေ့လာချက်မူဘောင်**အခန်းတွင် KII မှ ရရှိသော တုံ့ပြန်ချက်များအား သုံးသပ်လေ့လာနည်းများအပြင် သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံပြီး အဓိပ္ပာယ်ရှိရှိ ရယူအသုံးပြုခွင့်များ ပိုမိုများပြားလာစေရေး အကြံပြုချက်များအဖြစ်သို့ ပြောင်းလဲနည်းများအား လမ်းညွှန်ပေးထားသည်။ **မိုဂျူး ၂ - ပိုမိုဘေးကင်းလုံခြုံသော သတင်းအချက်အလက် ဂေဟစနစ်တစ်ခု ဖြစ်ပေါ်လာစေရန် ကျွန်ုပ်၏ လုပ်နည်းကိုင်နည်းများအား သင့်လျော်အောင် ပြင်ဆင်ခြင်းအားဖြင့် မည်သို့ပါဝင်ဆောင်ရွက်နိုင်ပါသလဲ။ လမ်းညွှန်ချက်များ** က ဒေသတွင်း သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများအား ၎င်းတို့၏လှုပ်ရှားမှုများတွင် ထိုအကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် ကူညီပေးပါလိမ့်မည်။

## iPAF သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်

### အကြောင်းအရာ

- အကျုပ်အတည်း အကြောင်းအရာနှင့် ဆက်စပ်သော အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများ
- ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေး အခင်းအကျင်း
- အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေနှင့် စံနှုန်းဆိုင်ရာ အခင်းအကျင်း
- ရှေးရိုးထုံးစံနှင့် ဒစ်ဂျစ်တယ် သတင်းအချက်အလက် အခင်းအကျင်း

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုအတွက် အဓိက လုပ်ဆောင်သူများ
- သတင်းအချက်အလက်နှင့် ဆက်စပ် ကာကွယ်ရေး ခြိမ်းခြောက်မှု၏ ဇစ်မြစ်

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ဝိသေသလက္ခဏာများ
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေး ခြိမ်းခြောက်မှုများ၏ နောက်ဆက်တွဲအကျိုးဆက်
- ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ရင်ဆိုင်ဖြေရှင်းရေးနည်း ဗျူဟာများ

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရှိပြီးသား စွမ်းရည်များ

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (တစ်ဦးချင်း/ မိသားစုအဆင့်အလိုက်) ၏ စွမ်းဆောင်ရည်များ
- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (ဒေသန္တရအဆင့်တွင်) ၏ ဒေသဆိုင်ရာ လုပ်ထုံးလုပ်နည်းယန္တရားများနှင့် စွမ်းဆောင်ရည်များ
- ဒေသန္တရ၊ ဒေသတွင်းနှင့် နိုင်ငံအဆင့် မီဒီယာများ၏ စွမ်းဆောင်ရည်များ
- အဖွဲ့အစည်းဆိုင်ရာ၊ အခြား ယန္တရားများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စွမ်းဆောင်ရည်များ

## အိမ်ထောင်စု စစ်တမ်း မေးခွန်းများ

| အမျိုးအစား | မေးခွန်း | ရွေးချယ်နိုင်သော အဖြေများ |
|---|---|---|
| **က၊ ပေါင်းစုမက်တာဒေတာ (Metadata) နှင့် သဘောတူညီချက်** | | |
| က-၁ | တွေ့ဆုံမေးမြန်းသည့်နေ့စွဲ | |
| က-၂ | တည်နေရာ | သင့်နိုင်ငံအတွင်းရှိ စိတ်ပါဝင်စားသော နေရာဒေသများအပေါ်တွင် မူတည်၍ ရှင်းလင်းဖော်ပြရန်။ |
| က-၃ | မေးမြန်းသူ၏ အမည် | |
| က-၄ မေးခွန်း | ကျွန်ုပ်၏ နာမည်မှာ (မေးခွန်းမေးမြန်းသူ၏ အမည်) ဖြစ်ပါသည်။ ကျွန်ုပ်သည် (အဖွဲ့အစည်း အမည်) ၏ ကိုယ်စား လာရောက်ခြင်းဖြစ်ပြီး အဆိုပါအဖွဲ့အတွင်း ရပ်ရွာအသိုင်းအဝိုင်းဆိုင်ရာ သုတေသီတစ်ဦးအဖြစ် အလုပ်လုပ်ပါသည်။ သတင်းအချက်အလက်ကို လူများ မည်သို့ ရယူအသုံးပြုကြောင်းနှင့် မည်သည့်အန္တရာယ်များ၊ ဘေးကင်းလုံခြုံမှုဆိုင်ရာ စိုးရိမ်စရာများ သို့မဟုတ် မည်သည့်ကန့်သတ်ချက်များက ရပ်ရွာအသိုင်းအဝိုင်းတွင်း သတင်းအချက်အလက် ရယူအသုံးပြုပုံများနှင့် ကျိုးကြောင်းသိရှိ ဆုံးဖြတ်ချက်ချပုံအပေါ် သက်ရောက်နိုင်ပုံကို သိရှိဖို့အတွက် ဆွေးနွေးပွဲများ အတွဲလိုက်ကျင်းပသွားမည် ဖြစ်သည်။ ယခုဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာလည်း သတင်းအချက်အလက် ရယူအသုံးပြုနိုင်စွမ်းနှင့် ယင်းသို့ ရယူအသုံးပြုရာတွင် ရပ်ရွာအသိုင်းအဝိုင်းမှ ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် အခက်အခဲများကို ဆန်းစစ်ရန် ဖြစ်ပါသည်။ သင်၏ ကိုယ်ရေးကိုယ်တာအကြောင်းများကို ပြောပြရန် ကျွန်ုပ်တို့ တောင်းဆိုနေခြင်း မဟုတ်သလို ထိလွယ်ရှလွယ်သည့် အရေးကိစ္စများအကြောင်း ပြောပြီး သင် အန္တရာယ်ကျရောက်အောင်လည်း လုပ်မည်မဟုတ်ပါ။ သင်ကြားဖူးထားသည့်အကြောင်းများ သို့မဟုတ် သင်သိထားသည့် အဖြစ်အပျက်များအကြောင်းကို ပြောပြပေးရန် တောင်းဆိုခြင်းဖြစ်ပါသည်။ ဒီဆွေးနွေးပွဲ၌ပါဝင်ခြင်းသည် ဆန္ဒအလျောက်လုံးလုံးလျားလျားဖြစ်ပြီး သင်မဖြေဆိုချင်သော မည်သည့်မေးခွန်းကိုမျှ ဖြေကြားရန် မလိုအပ်ပါ။ ဤစစ်တမ်းကို ဖြေဆိုရန် အချိန် XX မိနစ်ခန့် ကြာနိုင်ပါသည်။ ဤဆွေးနွေးပွဲမှ အချိန်မရွေး နုတ်ထွက်နိုင်ပါသည်၊ သို့မဟုတ် ခေတ္တနားရန် တောင်းဆိုနိုင်ပါသည်။ ဤဆွေးနွေးပွဲပြီးသွားချိန်တွင် သင့်နာမည်ကို ကျွန်ုပ်တို့ မည်သည့်နည်းနှင့်မျှ မှတ်တမ်းတင်ထားမည် မဟုတ်ပါ။ ယနေ့ သင်ပြောပြသည့်အကြောင်းအရာအားလုံးကို လေးစားမှုဖြင့် နားထောင်မည် ဖြစ်သည့်အပြင် သင်ဖြေသော အဖြေများကို ကျွန်ုပ်တို့နှင့် စကားပြောသူအားလုံး၏ အဖြေများနှင့်အတူပေါင်းပြီး ယေဘုယျအဖြေအနေဖြင့်သာ မျှဝေမည်ဖြစ်သည်။ သင့်ဘက်မှလည်း အားလုံးကို လျှို့ဝှက်ပေးထားရန် တောင်းဆိုပါသည်။ ဤစစ်တမ်းတွင် သင် ပါဝင်ဖြေဆိုချင်ပါသလား။ | |
| က-၄ အဖြေ | ဖြေချင်ပါသည်၊ မဖြေချင်ပါ | |

| အမျိုးအစား | မေးခွန်း | ရွေးချယ်နိုင်သော အဖြေများ |
|---|---|---|
| **ခ၊ ဇီဝဒေတာ (Biodata)** | | |
| ခ-၁ | သင်သည် အိမ်ထောင်ဦးစီး ဖြစ်ပါသလား။ | ဟုတ်ပါသည်၊ မဟုတ်ပါ |
| ခ-၂ | ကျား/မ ပြောပြပေးပါ။ | မ၊ ကျား |
| ခ-၃ | သင် မည်သည့်အရပ်ဒေသက လာပါသလဲ။ | သင့်နိုင်ငံတွင်းရှိ ဒေသများမှ တစ်ခုကို ရေးပေးပါ |
| ခ-၄ | သင် ဤနေရာ၌နေသည်မှာ ဘယ်လောက်ကြာပါပြီလဲ။ | သုံးလမပြည့်သေး၊ သုံးလမှ ခြောက်လကြား၊ ခြောက်လမှ တနှစ်ကြား၊ တနှစ်မှ ငါးနှစ်ကြား၊ ငါးနှစ်ကျော် |
| ခ-၅ | သင့်အသက်အုပ်စုက မည်မျှဖြစ်ပါသလဲ။ | ၁၈ မှ ၂၉ ကြား / ၃၀ မှ ၄၉ ကြား / ၅၀ နှင့်အထက် |
| ခ-၆ | အောက်ဖော်ပြပါအုပ်စုများထဲမှ တစ်စုတွင် ပါသည်ဟု သင့်ကိုယ်သင် သတ်မှတ်ပါသလား။ | မသန်စွမ်းမှုဖြင့် ရှင်သန်နေသူများ/ ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားခြားနားသူများ/ လိင်စိတ်တိမ်းညွတ်မှု၊ လိင်စိတ်ခံယူချက်၊ လိင်စိတ်ဖော်ပြမှုနှင့် ကျားမဝိသေသများ ကွဲပြားသူများ/ မသတ်မှတ်ပါ |
| ခ-၇ | သင်သည် မည်သည့်ဘာသာစကား သို့မဟုတ် ဒေသိယစကားကို ပြောပါသလဲ။ | သင့်နိုင်ငံအတွင်း ပြောဆိုသောဘာသာစကားများနှင့် ဒေသိယစကားများအပေါ် မူတည်၍ ရှင်းလင်းဖော်ပြရန်။ |
| ခ-၈ | အိမ်တွင် မည်သည့်ဘာသာစကား သို့မဟုတ် ဒေသိယစကားကို အပြောအများဆုံးပါလဲ။ | ယခင်မေးခွန်း၏ ရွေးချယ်ရန်အဖြေများနှင့် တူညီသည် |

| အမျိုးအစား | မေးခွန်း | ရွေးချယ်နိုင်သော အဖြေများ |
|---|---|---|
| **၈၊ သတင်းအချက်အလက်ကို အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခြင်း** | | |
| ၈-၁ | သတင်းအချက်အလက်များထဲမှ သင် အရချင်ဆုံး အကြောင်းအရာ ထိပ်ဆုံးငါးခုက မည်သည်တို့ဖြစ်ပါသလဲ။ (အဖြေများကို စာရင်းချမရေးပါနှင့်။ ဖြေဆိုသူ ပြောသည်ကို နားထောင်ပြီးမှ အကွက်ထဲတွင် အမှန်ခြစ်ပါ) | ထောက်ပံ့ကူညီမှုနှင့် ပတ်သက်၍ အကူအညီရရှိရန် မည်သို့ မှတ်ပုံတင်ရပါမလဲ<br>ပျောက်ဆုံးနေသော မိသားစုဝင်များကို မည်သို့ ရှာဖွေရပါမလဲ<br>မူလဇာတိနေရာ၏ အခြေအနေနှင့် ပတ်သက်သော သတင်းအချက်အလက်<br>သွားလိုသောနေရာအကြောင်းနှင့် မည်သို့သွားရမည်ဆိုသော သတင်းအချက်အလက်<br>စခန်းတွင်းအခြေအနေနှင့် ပတ်သက်သော သတင်းအချက်အလက်<br>လိင်အကြမ်းဖက်မှု သို့မဟုတ် ထိပါးနှောင့်ယှက်မှုတို့မှ ကာကွယ်ရေးနှင့်ပတ်သက်သော သတင်းအချက်အလက်<br>ပညာရေးနှင့် ပတ်သက်သော သတင်းအချက်အလက်<br>လက်ရှိ ကျန်းမာရေးအကြံပြုချက်များနှင့် ကုသမှုများကို မည်သို့ ရယူနိုင်ပါမလဲ<br>အစားအသောက်ဈေးနှုန်းများနှင့် ပတ်သက်သော သတင်းအချက်အလက်<br>လက်ရှိအစားအသောက် ရရှိနိုင်မှု/ အာဟာရ ဖြည့်တင်းမှုဆိုင်ရာ သတင်းအချက်အလက်များကို မည်သို့ ဝင်ရောက်ရယူကြည့်ရှုရပါမလဲ<br>ကိုယ်ရေးကိုယ်တာနှင့် အုပ်ချုပ်ရေးဆိုင်ရာ စာရွက်စာတမ်းများ (ဥပမာ - မှတ်ပုံတင်ကတ်၊ မွေးစာရင်း စသည်တို့) အား မည်သို့ ပြောင်းလဲ သို့မဟုတ် ရယူအသုံးပြုနိုင်ပါမလဲ<br>လက်ရှိရေရရှိနိုင်မှုကို မည်သို့ ရယူအသုံးပြုနိုင်ပါမလဲ<br>လက်ရှိခိုလှုံရာနေရာနှင့် ၎င်းဆက်စပ်ပစ္စည်းများကို မည်သို့ ရယူအသုံးပြုနိုင်ပါမလဲ<br>သင်နေထိုင်ရာနေရာနှင့် ဝေးကွာသောအရပ်တွင် ရှိနေကြသော မိသားစုနှင့် မည်သို့ ဆက်သွယ်ပြောဆိုရပါမလဲ<br>လုံခြုံရေးအခြေအနေ<br>နိုင်ငံရေးအခြေအနေ<br>သန့်ရှင်းမှုအခြေအနေ<br>ထောက်ပံ့ကူညီမှု ပေးသူများ (နိုင်ငံအဆင့်၊ ပါတနာများ၊ CSO များ) နှင့် မည်သို့ ဆက်သွယ်ရပါမလဲ<br>အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ/အလုပ်အကိုင်များကို မည်သို့ရှာဖွေရယူနိုင်ပါမလဲ<br>ကောက်ပဲသီးနှံနှင့် ခြံမွေးတိရစ္ဆာန် ဈေးနှုန်းများနှင့် ပတ်သက်သောသတင်းအချက်အလက်<br>မိမိကလေးများ၏ ကျန်းမာရေးနှင့်တကွ ၎င်းတို့ကို စောင့်ရှောက်ပုံ<br>မိုးလေဝသ(ရာသီဥတု)နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက် |
| ၈-၂ | မိမိ၏မိသားစု ဘေးကင်းလုံခြုံအောင် စောင့်ရှောက်ရန်အတွက် သတင်းအချက်အလက်လိုပါက မည်သည့်နေရာတွင်သွားရှာရမည်ကို သင်သိပါသလား။ | သိပါသည်၊ မသိပါ |

| | | |
|---|---|---|
| ၈-၃ | သင်လိုအပ်နေသော်လည်း မည်သူ့ကို မေးမေး၊ မည်သည့်နေရာ၌ ရှာရှာ မရနိုင်သော သတင်းအချက်အလက်မျိုး ရှိပါသလား။ **(အကြောင်းအရာများအားလုံးကို ချမပြပါနှင့်၊ လိုအပ်ပါက ဥပမာများသာ ပေးပါ။)** | အကူအညီရရှိရန် မည်သို့ မှတ်ပုံတင်ရပါမလဲ။<br>ပျောက်ဆုံးနေသော မိသားစုဝင်များကို မည်သို့ ရှာဖွေရပါမလဲ<br>မူလဇာတိနေရာ၏ အခြေအနေနှင့် ပတ်သက်သော သတင်းအချက်အလက်<br>သွားလိုသောနေရာအကြောင်းနှင့် မည်သို့သွားရမည်ဆိုသော သတင်းအချက်အလက်<br>စခန်းတွင်းအခြေအနေနှင့် ပတ်သက်သော သတင်းအချက်အလက်<br>လိင်အကြမ်းဖက်မှု သို့မဟုတ် ထိပါးနှောင့်ယှက်မှုတို့မှ ကာကွယ်ရေးနှင့်ပတ်သက်သော သတင်းအချက်အလက်<br>ပညာရေးနှင့် ပတ်သက်သော သတင်းအချက်အလက်<br>လက်ရှိ ကျန်းမာရေးအကြံပြုချက်များနှင့် ကုသမှုများကို မည်သို့ ရယူနိုင်ပါမလဲ<br>အစားအသောက်ဈေးနှုန်းများနှင့် ပတ်သက်သော သတင်းအချက်အလက်<br>လက်ရှိအစားအသောက် ရရှိနိုင်မှု/ အာဟာရ ဖြည့်တင်းမှုဆိုင်ရာ သတင်းအချက်အလက်များကို မည်သို့ ဝင်ရောက်ရယူကြည့်ရှုရပါမလဲ<br>ကိုယ်ရေးကိုယ်တာနှင့် အုပ်ချုပ်ရေးဆိုင်ရာ စာရွက်စာတမ်းများ (ဥပမာ - မှတ်ပုံတင်ကတ်၊ မွေးစာရင်း စသည့်တို့) အား မည်သို့ ပြောင်းလဲ သို့မဟုတ် ရယူအသုံးပြုနိုင်ပါမလဲ<br>လက်ရှိရေရရှိနိုင်မှုကို မည်သို့ ရယူအသုံးပြုနိုင်ပါမလဲ<br>လက်ရှိခိုလှုံရာနေရာနှင့် ၎င်းဆက်စပ်ပစ္စည်းများကို မည်သို့ ရယူအသုံးပြုနိုင်ပါမလဲ<br>စခန်းပြင်ပတွင် ရှိနေသော သင့်မိသားစုနှင့် မည်သို့ ဆက်သွယ်ပါမလဲ<br>လုံခြုံရေးအခြေအနေ<br>နိုင်ငံရေးအခြေအနေ<br>သန့်ရှင်းမှုအခြေအနေ<br>ထောက်ပံ့ကူညီမှု ပေးသူများ (နိုင်ငံအဆင့်၊ ပါတနာများ၊ CSO များ) နှင့် မည်သို့ ဆက်သွယ်ရပါမလဲ<br>အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မည်သို့ရှာဖွေရယူနိုင်ပါမလဲ<br>ကောက်ပဲသီးနှံနှင့် ခြံမွေးတိရစ္ဆာန် ဈေးနှုန်းများနှင့် ပတ်သက်သောသတင်းအချက်အလက်<br>မိမိကလေးများ၏ ကျန်းမာရေးနှင့်တကွ ၎င်းတို့ကို စောင့်ရှောက်ပုံ<br>မိုးလေဝသ(ရာသီဥတု)နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက် |
| ၈-၃-၁ | ပြဿနာတစ်ခု သို့မဟုတ် လိုအပ်ချက်တစ်ခု အကြောင်းကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသို့ သတင်းပို့ဖူးပါသလား။ | ဟုတ်၊ မဟုတ် |
| ၈-၃-၂ | မဟုတ် -> ဘာကြောင့်ပါလဲ။ | သတင်းပို့စရာ ဘယ်တုန်းကမှ မရှိပါ / တိုင်လိုက်ပါက အဖွဲ့အစည်းဘက်က ထောက်ပံ့ပေးနေသည်များ ရပ်သွားမှာ စိုးရိမ်ပါသည် / တစ်ခုခုကို သတင်းပို့လိုက်လျှင် ပြဿနာတက်မှာ စိုးရိမ်ပါသည် / သတင်းပို့ရန်အတွက် သုံးရသည့်စနစ်ကို မကြိုက်ပါ / သတင်းပို့လည်း ထူးခြားလာမည်ဟု မထင်ပါ/ မသိပါ / မဖြေချင်ပါ |
| ၈-၄ | နေ့စဉ်ဘဝတွင် သတင်းအချက်အလက်ကို သင်မည်သို့ ရယူအသုံးပြုပါသလဲ။ | လူချင်းတွေ့၍ (မျက်နှာချင်းဆိုင်)၊ အများသိ ထုတ်ပြန်ချက် (ဝတ်ပြုရာနေရာများ၊ ဈေး၊ ကားဂိတ်)၊ အွန်လိုင်း စကားစမြည်ပြောခြင်းနှင့် ဖျော်ဖြေရေးဆိုင်ရာ နေရာများ၊ ဆေးရုံ၊ ဖုန်း (ဖုန်းခေါ်ခြင်း၊ စာတိုပို့ခြင်း) တီဗွီ၊ ရေဒီယို၊ သတင်းစာ၊ အင်တာနက် (WhatsApp၊ Telegram၊ Viber၊ Facebook၊ TikTok စသဖြင့်..) မသိပါ / မဖြေချင်ပါ |

| | | |
|---|---|---|
| ၈-၅ | အရေးပေါ်အခြေအနေတစ်ခု ဖြစ်လာပြီး သင်နှင့် သင့်မိသားစု၏ ဘေးကင်းလုံခြုံရေးအတွက် ဆုံးဖြတ်ချက်တစ်ခုကို ချရတော့မည်ဆိုပါက သတင်းအချက်အလက်ကို သင်မည်သို့ရယူအသုံးပြုပါသလဲ။ | လူချင်းတွေ့၍ (မျက်နှာချင်းဆိုင်)၊ အများသိ ထုတ်ပြန်ချက် (ဝတ်ပြုရာနေရာများ၊ ဈေး၊ ကားဂိတ်)၊ အွန်လိုင်း စကားစမြည်ပြောခြင်းနှင့် ဖျော်ဖြေရေးဆိုင်ရာ နေရာများ၊ ဆေးရုံ၊ ဖုန်း (ဖုန်းခေါ် ခြင်း၊ စာတိုပို့ခြင်း) တယ်လီဗီးရှင်း၊ ရေဒီယို၊ သတင်းစာ၊ အင်တာနက် (WhatsApp၊ Telegram၊ Viber၊ Facebook၊ TikTok စသဖြင့်..) မသိပါ / မဖြေချင်ပါ |
| ၈-၆ | သင်သုံးချင်သော်လည်း ဝင်ရောက်အသုံးပြုခွင့် မရှိသည့် ဆက်သွယ်ရေးချန်နယ်(လမ်းကြောင်း)များ ရှိပါသလား။ | ဟုတ်၊ မဟုတ် |
| ၈-၆-၁ | ဘာတွေပါလဲ။ | လူချင်းတွေ့၍ (မျက်နှာချင်းဆိုင်)၊ အများသိ ထုတ်ပြန်ချက် (ဝတ်ပြုရာနေရာများ၊ ဈေး၊ ကားဂိတ်)၊ အွန်လိုင်း စကားစမြည်ပြောခြင်းနှင့် ဖျော်ဖြေရေးဆိုင်ရာ နေရာများ၊ ဆေးရုံ၊ ဖုန်း (ဖုန်းခေါ် ခြင်း၊ စာတိုပို့ခြင်း) တီဗွီ၊ ရေဒီယို၊ သတင်းစာ၊ အင်တာနက် (WhatsApp၊ Telegram၊ Viber၊ Facebook၊ TikTok စသဖြင့်..) မသိပါ / မဖြေချင်ပါ |
| ၈-၇ | သင့်အတွက် မည်သည့်သတင်းအရင်းအမြစ်များသည် ရယူအသုံးပြုရန် အလွယ်ဆုံးဖြစ်ပါသလဲ။ | မိသားစု/သူငယ်ချင်းများ၊ အိမ်နီးချင်းများ/အခြား ရပ်ရွာအသိုင်းအဝိုင်းဝင်များ၊ ဘာသာရေးခေါင်းဆောင်၊ နယ်မြေအသိုင်းအဝိုင်းခေါင်းဆောင်၊ ဒေသတွင်းမီဒီယာ၊ နိုင်ငံအဆင့်မီဒီယာ၊ နိုင်ငံတကာမီဒီယာ၊ အစိုးရသတင်းအချက်အလက် (ဝန်ကြီးဌာနများ)၊ စခန်း လုံခြုံရေး (အစိုးရ)၊ ဒေသတွင်းအဖွဲ့အစည်း၊ စခန်းအုပ်ချုပ်ရေး (လူမှုဖွံ့ဖြိုးရေး)၊ နိုင်ငံအဆင့်အဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်း၊ မသိပါ / မဖြေချင်ပါ |
| ၈-၈ | သတင်းအချက်အလက်ရဖို့အတွက် မည်သည့်သတင်းအရင်းအမြစ်များကို သင်အယုံကြည်ဆုံးဖြစ်ပါသလဲ | မိသားစု/သူငယ်ချင်းများ၊ အိမ်နီးချင်းများ/အခြား ရပ်ရွာအသိုင်းအဝိုင်းဝင်များ၊ ဘာသာရေးခေါင်းဆောင်၊ အပိုင်းအလိုက် ခေါင်းဆောင်၊ ဒေသတွင်းမီဒီယာ၊ နိုင်ငံအဆင့်မီဒီယာ၊ နိုင်ငံတကာမီဒီယာ၊ အစိုးရသတင်းအချက်အလက် (ဝန်ကြီးဌာနများ)၊ စခန်း လုံခြုံရေး (အစိုးရ)၊ ဒေသတွင်းအဖွဲ့အစည်း၊ စခန်းအုပ်ချုပ်ရေး (လူမှုဖွံ့ဖြိုးရေး)၊ နိုင်ငံအဆင့်အဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်း၊ မသိပါ / မဖြေချင်ပါ |
| ၈-၉ | မသန်စွမ်းမှုရှိသူများအတွက် သတင်းအချက်အလက်များ ထုတ်ပြန်ပေးသည့် ဆက်သွယ်ရေး ရင်းမြစ်တစ်ခုခုကို သင်သိပါသလား။ | ဟုတ်၊ မဟုတ် |
| ၈-၁၀ | သင်၏ ရပ်ရွာအသိုင်းအဝိုင်းထဲမှ လူအများစုသည် လူမှုကွန်ရက်များပေါ်တွင် ဆက်သွယ်ရာ၌ မည်သည့်ဘာသာစကားကို အသုံးပြုပါသလဲ။<br>ဥပမာ - WhatsApp တွင် အသံဖြင့် ဆွေးနွေးခြင်းများ။ | သင့်နိုင်ငံအတွင်း ပြောဆိုသောဘာသာစကားများနှင့် အခြားရွေးချယ်စရာတစ်ခုအဖြစ်ပြောသော ဒေသိယစကားများ အားလုံးကို ထည့်သွင်းပေးပါ။ |
| ၈-၁၁ | သင်၏ ရပ်ရွာအသိုင်းအဝိုင်းထဲတွင် စာရေး၊ စာဖတ်ရန် အခက်အခဲရှိသူ သို့မဟုတ် စာမတတ်သူကို သင်သိပါသလား။ | ဟုတ်/မဟုတ် |
| ၈-၁၂ | စာရေးစာဖတ် မတတ်သူအရေအတွက် များသည်ဟု သင်ထင်ပါသလား။ | အများစုဖြစ်ပါသည်၊ တစ်ဝက် ကျော်ပါသည်၊ တစ်ဝက်အောက် နည်းပါသည်၊ လူနည်းစုက စာရေးစာဖတ် မတတ်ပါ |
| ၈-၁၃ | လက်ရှိတွင် သင် ရေဒီယိုနားထောင်ပါသလား။ | နားထောင်ပါသည်၊ နားမထောင်ပါ |

| | | |
|---|---|---|
| ၈-၁၄ | နားထောင်ပါသည် -> များသောအားဖြင့် မည်သည့်နေရာတွင် သင်ရေဒီယိုနားထောင်ပါသလဲ။ | အိမ်၌/အလုပ်လုပ်ရင်း/သူငယ်ချင်း သို့မဟုတ် အမျိုးတစ်ယောက်၏ အိမ်/အန်ဂျီအိုရုံး/ကျောင်း/ရပ်ရွာအသိုင်းအဝိုင်းတွင်း စုဝေးရာနေရာများ (ရေရနိုင်သောနေရာ၊ အစားအသောက် ထုတ်ယူရာနေရာ၊ ဈေး စသဖြင့်)/စကားစမြည်ပြောရန်နှင့် အပန်းဖြေရန် လုပ်ထားသည့်နေရာများ/မြို့ပြင်/စခန်းအပြင်/အခြားနေရာ (ဖုန်း သို့မဟုတ် ရေဒီယို အမြဲသယ်သွားပါသည်)/မသိပါ/မဖြေချင်ပါ/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |
| ၈-၁၅ | နားထောင်ပါသည် -> သင်အများဆုံးနားထောင်ဖြစ်သည့် ရေဒီယိုအသံလွှင့်ဌာနများကို ကျေးဇူးပြု၍ ပြောပြပါ။ | စိတ်ကြိုက်ဖြေနိုင်သော မေးခွန်း (ရွေးစရာအဖြေ သုံးခု) |
| ၈-၁၆ | နားမထောင်ပါ -> ဘာကြောင့်ပါလဲ။ | ရေဒီယိုနားထောင်ရန် လက်လှမ်းမမီပါ/ဖမ်းယူနားထောင်နိုင်သည့် အသံလွှင့်ဌာနများကို မယုံကြည်ပါ/လျှပ်စစ်မီးမရှိပါ (ဘက်ထရီ မရှိပါ)/ရေဒီယိုကို မကြိုက်ပါ/နားထောင်ရန် အချိန်မရှိပါ/အကြောင်းအရာများက ကိုက်ညီမှုမရှိပါ/မိမိဘာသာစကားဖြင့် ထုတ်လွှင့်သော အသံလွှင့်အစီအစဉ် မရှိပါ/မိမိလိုအပ်ချက်နှင့် မကိုက်ညီပါ/ရေဒီယို ပျက်နေပါသည်/မည်သည့်ရေဒီယိုလိုင်းကိုမှ ဖမ်း၍မရပါ/မသိပါ/မဖြေချင်ပါ/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |
| ၈-၁၇ | ရုပ်မြင်သံကြား ပုံမှန်ကြည့်ပါသလား။ | ကြည့်ပါသည်၊ မကြည့်ပါ |
| ၈-၁၇-၁ | ကြည့်ပါသည် -> များသောအားဖြင့် ရုပ်မြင်သံကြားကို ဘယ်မှာ ကြည့်ပါသလဲ။ | အိမ်၌/အလုပ်လုပ်ရင်း/သူငယ်ချင်း သို့မဟုတ် အမျိုးတစ်ယောက်၏ အိမ်/အန်ဂျီအိုရုံး/ကျောင်း/ရပ်ရွာအသိုင်းအဝိုင်းတွင်း စုဝေးရာနေရာများ (ရေရနိုင်သောနေရာ၊ အစားအသောက် ထုတ်ယူရာနေရာ၊ ဈေး စသဖြင့်)/စကားစမြည်ပြောရန်နှင့် အပန်းဖြေရန် လုပ်ထားသည့်နေရာများ/မြို့ပြင်/စခန်းအပြင်/အခြားနေရာ (ကွန်ပျူတာနှင့်အတူ ဖုန်း သို့မဟုတ် ရေဒီယိုတစ်လုံး အမြဲရှိပါသည်)/မသိပါ/မဖြေချင်ပါ/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |
| ၈-၁၇-၂ | ကြည့်ပါသည် -> ကျေးဇူးပြုပြီး သင်အကြည့်အများဆုံး တီဗွီ ရုပ်သံလိုင်းများကိုပြောပြပါ။ | စိတ်ကြိုက်ဖြေနိုင်သော မေးခွန်း (ရွေးစရာအဖြေ သုံးခု) |
| ၈-၁၇-၃ | မကြည့်ပါ -> ဘာကြောင့်ပါလဲ။ | လက်လှမ်းမမီပါ/ဖမ်းယူနိုင်သည့် ရုပ်သံလိုင်းများကို မယုံကြည်ပါ/လျှပ်စစ်မီးမရှိပါ/တီဗွီကို မကြိုက်ပါ/ကြည့်ရန်အချိန်မရှိပါ/အကြောင်းအရာများက ကိုက်ညီမှုမရှိပါ/မိမိဘာသာစကားနှင့် ထုတ်လွှင့်သည့် ရုပ်သံအစီအစဉ် မရှိပါ/မိမိ၏လိုအပ်ချက်နှင့် မကိုက်ပါ/မည်သည့်သတင်းအချက်အလက်မှ မရပါ/တီဗွီ ပျက်နေပါသည်/မသိပါ/မဖြေချင်ပါ/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |
| ၈-၁၈ | ယခုလတ်တလောတွင် သင်သည် သတင်းစာများ သို့မဟုတ် မဂ္ဂဇင်းများကို ဖတ်ပါသလား။ | ဖတ်ပါသည်၊ မဖတ်ပါ |
| ၈-၁၈-၁ | ဖတ်ပါသည် -> ကျေးဇူးပြုပြီး သင်အဖတ်အများဆုံး သတင်းစာ နှင့်/သို့မဟုတ် မဂ္ဂဇင်းများကို ပြောပြပါ။ | စိတ်ကြိုက်ဖြေနိုင်သော မေးခွန်း (ရွေးစရာအဖြေ သုံးခု) |
| ၈-၁၈-၂ | မဖတ်ပါ -> ဘာကြောင့်ပါလဲ။ | စာမဖတ်တတ်ပါ/မိမိဘာသာစကားနှင့် ထုတ်ဝေသည့် အစီအစဉ် မရှိပါ/ဘာအစီအစဉ်မှ မရှိပါ/မိမိ၏လိုအပ်ချက်နှင့် မကိုက်ညီပါ/ဝယ်ဖတ်ဖို့ မတတ်နိုင်ပါ/မသိပါ/မဖြေချင်ပါ/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |

| | | |
|---|---|---|
| ဂ-၁၉ | ယခုလတ်တလောတွင် သင်သည် ဆဲလ်ဖုန်းသုံးနေပါသလား။ | သုံးပါသည်/သုံးပါသည်၊ သို့သော် ဖုန်းတွင် ပြဿနာရှိနေသည်/မသုံးပါ |
| ဂ-၁၉-၁ | သုံးပါသည်၊ သို့သော် ပြဿနာရှိနေပါသည် -> ဘာကြောင့်ပါလဲ။ | လိုင်းမမိပါ/ဆင်းမ်ကတ် လိုပါသည်/ဖုန်းအားသွင်းရန် လျှပ်စစ်မီး မရှိပါ/ဖုန်း ပျက်နေသည်/ဖုန်းဘေလ် မရှိပါ/အင်တာနက်ပလန် မရှိပါ/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |
| ဂ-၁၉-၂ | လိုင်းမမိပါ -> ဖြေရှင်း၍ရနိုင်မည့် နည်းလမ်းရှိပါသလား။ | မည်သည့်နေရာတွင်မှ လိုင်းမမိပါ/၁ ကီလိုမီတာခန့် လမ်းလျှောက်သွားရသည်/၁ ကီလိုမီတာကျော် လမ်းလျှောက်သွားရသည်/၅ ကီလိုမီတာကျော် လမ်းလျှောက်သွားရသည်/သစ်ပင်ပေါ်တက်ရသည်/တောင်ကုန်းပေါ်တက်ရသည်/မသိပါ/မဖြေချင်ပါ/တစ်ရက်တွင် နာရီအနည်းငယ်မျှသာ ရသည်/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |
| ဂ-၂၀ | သင်သုံးနေသည့်ဆဲလ်ဖုန်းက တကိုယ်ရေသုံး ဟုတ်ပါသလား။ | ဟုတ်ပါသည်၊ မဟုတ်ပါ |
| ဂ-၂၀-၁ | မဟုတ်ပါ -> တယောက်ယောက်နှင့် မျှဝေပြီး သုံးပါသလား။ | ဟုတ်ပါသည်၊ မဟုတ်ပါ |
| ဂ-၂၀-၁-၁ | သုံးပါသည် -> မည်သူနှင့် မျှဝေပြီး သုံးပါသလဲ။ | လင်သား သို့မဟုတ် ဇနီး/မိသားစု/သူငယ်ချင်း/အိမ်နီးချင်းများနှင့်၊ အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ။ |
| ဂ-၂၀-၂ | ဟုတ်ပါသည် -> "သင့်ဖုန်းတွင် အောက်ဖော်ပြပါ ရွေးချယ်စရာများထဲမှ မည်သည့်အရာ ရှိပါသလဲ။" | အက်ဖ်အမ်ရေဒီယို/အင်တာနက်/ဘလူးတုသ်/လက်ဖြင့်ထိရသည့် စခရင် (ဗီဒီယို ကြည့်၍ ရသည်)/အထက်ပါအရာများ တစ်ခုမှ မရပါ/မသိပါ/မဖြေချင်ပါ |
| ဂ-၂၀-၃ | ဟုတ်ပါသည် -> ဆဲလ်ဖုန်းကို ပုံမှန်အားဖြင့် ဘာအတွက် အသုံးပြုပါသလဲ။ | သူငယ်ချင်းများနှင့် မိသားစုထံ ဖုန်းဆက်ရန်/သူငယ်ချင်းများနှင့် မိသားစုထံမှ ဖုန်းလက်ခံရန်/အလုပ်လုပ်ရန်/သတင်းနှင့် သတင်းအချက်အလက် သတိပေးချက်များရရန်/သတင်း သို့မဟုတ် သတင်းအချက်အလက်များ ရေးသားမျှဝေရန် (ဥပမာ - ဘလော့ဂ်များ)/သတင်းအချက်အလက်များကို နေရာပြောင်းရန် (ဘလော့ဂ်များ)/ငွေလွှဲရန်/စာသားတို ပို့ရန်(အက်စ်အမ်အက်စ်)/စာသားတို လက်ခံရန် (အက်စ်အမ်အက်စ်)/ဓာတ်ပုံရိုက်ရန်/အခြားလူများထံ ဓာတ်ပုံပို့ရန်/ဗီဒီယိုရိုက်ရန်/ဗီဒီယိုကြည့်ရန်/အခြားလူများထံ ဗီဒီယိုပို့ရန်/အသံဖမ်းရန်/Facebook၊ TikTok၊ Twitter ကဲ့သို့ လူမှုကွန်ရက်များ ဝင်ကြည့်ရန်/အင်တာနက်သုံးရန်/အီးမေးလ်ပို့ရန် သို့မဟုတ် လက်ခံရန်/ရေဒီယို နားထောင်ရန်/အက်ပ်များသုံးရန်/ဘာမှ မသုံးပါ/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ/မသိပါ/မဖြေချင်ပါ |
| ဂ-၂၀-၅ | သင် သို့မဟုတ် သင့်မိသားစုဝင် တစ်ဦးဦးအနေဖြင့် ဖုန်းအသုံးပြုမှု (သင်မျှဝေသည့်၊ ကြည့်ရှုသည့် သတင်းအချက်အလက်များ) ကို တစ်စုံတစ်ဦးက စောင့်ကြည့်နေသည် သို့မဟုတ် ထိန်းချုပ်နေသည်ဟု ခံစားရဖူးပါသလား။ | ဟုတ်ပါသည်၊ အမြဲဖြစ်ပါသည်/ဟုတ်ပါသည်၊ မကြာမကြာဖြစ်ပါသည်/ဟုတ်ပါသည်၊ တခါတရံ ဖြစ်ပါသည်/မဖြစ်ပါ/ မသိပါ/မဖြေချင်ပါ |
| ဂ-၂၁ | လွန်ခဲ့သည့်သုံးလအတွင်း သင်လိုအပ်သည့် သတင်းအချက်အလက်ကို ရယူအသုံးပြုခြင်း သို့မဟုတ် ရယူအသုံးပြု၍ မရခြင်းအတွက် စိုးရိမ်ခြင်း သို့မဟုတ် စိတ်ဖိစီးခြင်းမျိုးကို ခံစားခဲ့ရပါသလား။ | ဟုတ်ပါသည်၊ အမြဲဖြစ်ပါသည်/ဟုတ်ပါသည်၊ မကြာမကြာဖြစ်ပါသည်/ဟုတ်ပါသည်၊ တခါတရံ ဖြစ်ပါသည်/မဖြစ်ပါ/ မသိပါ/မဖြေချင်ပါ |

| အမျိုးအစား | မေးခွန်း | ရွေးချယ်နိုင်သော အဖြေများ |
|---|---|---|
| **ဃ၊ သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုခွင့်** | | |
| ဃ-၁ | သင် သို့မဟုတ် သင့်မိသားစုဝင် တစ်ဦးဦးအနေဖြင့် အင်တာနက် အသုံးပြုမှု (သင်မျှဝေသည့်၊ ကြည့်ရှုသည့် သတင်းအချက်အလက်များ) ကို တစ်စုံတစ်ဦးက စောင့်ကြည့်နေသည် သို့မဟုတ် ထိန်းချုပ်နေသည်ဟု ခံစားရဖူးပါသလား။ | ဟုတ်ပါသည်၊ အမြဲဖြစ်ပါသည်/ဟုတ်ပါသည်၊ မကြာမကြာဖြစ်ပါသည်/ဟုတ်ပါသည်၊ တခါတရံဖြစ်ပါသည်/မဖြစ်ပါ/ မသိပါ/မဖြေချင်ပါ။ |
| ဃ-၂ | သင့်အမည်အရင်း/လိပ်စာအစစ်အမှန်များ မဖော်ပြလိုခြင်းသက်သက်ကြောင့် အွန်လိုင်းပရိုဖိုင်များ/အီးမေးလိပ်စာများ/စသည်တို့ကို လုပ်ကြံဖန်တီးဖူးပါသလား။ | ဖန်တီးဖူးပါသည်/ မဖန်တီးဖူးပါ/ မဖြေလိုပါ |
| ဃ-၃ | လွန်ခဲ့သည့်သုံးလအတွင်း သင် သို့မဟုတ် သင့်မိသားစုဝင်တစ်ဦးက သတင်းအချက်အလက်ကို မျှဝေပြီးသည့်နောက် စိုးရိမ်ခြင်း သို့မဟုတ် စိတ်ဖိစီးခြင်းမျိုးကို ခံစားခဲ့ရပါသလား။ | ဟုတ်ပါသည်၊ အမြဲဖြစ်ပါသည်/ဟုတ်ပါသည်၊ မကြာမကြာဖြစ်ပါသည်/ဟုတ်ပါသည်၊ တခါတရံဖြစ်ပါသည်/မဖြစ်ပါ/ မသိပါ/ဤမေးခွန်းကို မဖြေပါ |
| ဃ-၄ | လွန်ခဲ့သည့်သုံးလအတွင်း သင် သို့မဟုတ် သင့်မိသားစုဝင်တစ်ဦးက လိုအပ်သည့် သတင်းအချက်အလက်ကို ရယူအသုံးပြုပြီးနောက် သို့မဟုတ် ရယူအသုံးပြု၍ မရသည့်အတွက် စိုးရိမ်ခြင်း သို့မဟုတ် စိတ်ဖိစီးခြင်းမျိုးကို ခံစားခဲ့ရပါသလား။ | ဟုတ်ပါသည်၊ အမြဲဖြစ်ပါသည်/ဟုတ်ပါသည်၊ မကြာမကြာဖြစ်ပါသည်/ဟုတ်ပါသည်၊ တခါတရံဖြစ်ပါသည်/မဖြစ်ပါ/ မသိပါ/ဤမေးခွန်းကို မဖြေပါ |
| ဃ-၅ | လွန်ခဲ့သည့်သုံးလအတွင်း သင် သို့မဟုတ် သင့်မိသားစုဝင်တစ်ဦးသည် သတင်းအချက်အလက်ကို မျှဝေပြီးနောက် မလုံခြုံသလိုမျိုး ခံစားခဲ့ရပါသလား။ | ဟုတ်ပါသည်၊ အမြဲဖြစ်ပါသည်/ဟုတ်ပါသည်၊ မကြာမကြာဖြစ်ပါသည်/ဟုတ်ပါသည်၊ တခါတရံဖြစ်ပါသည်/မဖြစ်ပါ/ မသိပါ/ဤမေးခွန်းကို မဖြေပါ။ |
| ဃ-၆ | လွန်ခဲ့သည့်သုံးလအတွင်း ရပ်ရွာအသိုင်းအဝိုင်းတွင်းရှိ လူများအကြား ၎င်းတို့ဆွေးနွေးနေသည့် သို့မဟုတ် နားထောင်နေသည့် သတင်းများ သို့မဟုတ် သတင်းအချက်အလက်များနှင့် ပတ်သက်ပြီး အငြင်းအခုံဖြစ်သည်ကို သင် သို့မဟုတ် သင့်မိသားစုက မြင်တွေ့ခဲ့ဖူးပါသလား။ | တွေ့ဖူးပါသည်၊ မတွေ့ဖူးပါ၊ မဖြေချင်ပါ။ |
| ဃ-၇ | လွန်ခဲ့သည့်သုံးလအတွင်း မီဒီယာက ပစ်မှတ်ထားခြင်းခံရသူများ နှင့်/ သို့မဟုတ် နှောင့်ယှက်ခြင်းခံရသည့်လူများကို သင်သတိထားမိပါသလား။ | ဟုတ်၊ မဟုတ် |
| ဃ-၈ | သင်နှင့် သင့်မိသားစုအနေဖြင့် ဘေးကင်းလုံခြုံမှုမရှိသည့် အခြေအနေတစ်ခုအတွင်း ပို၍ဘေးကင်းလုံခြုံအောင် ဆုံးဖြတ်ချက်တစ်ခုချရန် သင့်တွင် သတင်းအချက်အလက် လိုအပ်နေပါက သင်ဘာကို ရွေးချယ်ချင်ပါသလဲ - | ယုံကြည်ရသည့် သတင်းအချက်အလက် မရမချင်း ဆုံးဖြတ်ချက်မချဘဲ ဆိုင်းငံ့ထားမည် (ထို့အပြင် အန္တရာယ်ရှိသည့် ဤအနေအထားတွင်ပင် ဆက်နေမည်)/မှန်မမှန် အတည်မပြုထားသည့် သတင်းအချက်အလက်ကိုသုံးပြီး ဆုံးဖြတ်ချက်တစ်ခု ချမည် (ထို့နောက် သတင်းအချက်အလက်မှား သို့မဟုတ် လှည့်စားထားသည့် သတင်းအချက်အလက် ဖြစ်နိုင်သည့်အန္တရာယ်ကို လက်ခံမည်)။ အခြားမိသားစုဝင်များနှင့် တိုင်ပင်ပြီး ပွဲတွဲ (ရပ်ရွာအသိုင်းအဝိုင်း တစ်ခုလုံးပါဝင်ပြီး) ဆုံးဖြတ်ချက်တစ်ခုကို ချမည် / ဆုံးဖြတ်ချက်ချရန် အခြားလူများ (ရပ်ရွာအသိုင်းအဝိုင်း ခေါင်းဆောင်များ၊ အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ စသည်တို့) ကို ကိုယ်စားလှယ်လွှဲမည် / ခေါင်းဆောင်များချမှတ်သည့် ဆုံးဖြတ်ချက်ကို ယုံကြည်လက်ခံမည်။ |

| | | |
|---|---|---|
| ဃ-၉ | လွန်ခဲ့သည့်သုံးလအတွင်း ကောလာဟလများ သို့မဟုတ် သတင်းမှားများ နှင့် ပစ်မှတ်ထားခြင်းခံရသူများ၊ ထိပါးနှောင့်ယှက်ခံရသူများ နှင့်/သို့မဟုတ် ခြိမ်းခြောက်ခံရသူများကို သင်သတိထားမိပါသလား။ | သတိထားမိပါသည်၊ သတိမထားမိပါ၊ မဖြေချင်ပါ။ |
| ဃ-၉-၁ | သတိထားမိပါသည်ဟု ဖြေပါက -> ထိုအုပ်စုသည် ကောလာဟလများ သို့မဟုတ် သတင်းမှားများကြောင့် ထိပါးနှောင့်ယှက်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း သို့မဟုတ် အန္တရာယ်တစုံတရာနှင့် ပတ်သက်၍ ပို၍ထိခိုက်လွယ်သည်ဟု သင်ထင်ပါသလား။ | သတိထားမိပါသည်၊ သတိမထားမိပါ၊ မဖြေချင်ပါ။ |
| ဃ-၉-၂ | ထင်ပါသည် -> မည်သည့်အုပ်စုများပါလဲ။ | လူငယ်များ/အမျိုးသားများ/အမျိုးသမီးများ/ယောကျ်ားလေးများ/မိန်းကလေးများ/လူကြီးသူမများ/မသန်စွမ်းမှုဖြင့် ရှင်သန်နေသူများ/အခြား၊ ရှင်းပြပါ |
| ဃ-၉-၃ | ထင်ပါသည် -> ဤကဲ့သို့သောအပြုအမူမျိုးအား မည်သို့တိုင်ကြားရမည်ကို သင်သိပါသလား။ | သိပါသည်/မသိပါ |
| ဃ-၉-၄ | သိပါသည် -> ဤအပြုအမူမျိုးကို တိုင်ကြားဖူးပါသလား။ | တိုင်ကြားဖူးပါသည်/မတိုင်ကြားဖူးပါ |
| ဃ-၉-၅ | တိုင်ကြားဖူးပါသည် -> ထိုအုပ်စုများသည် မည်သို့သော ထိခိုက်လွယ်ခြင်းမျိုးကို ခံစားရ/ခံစားခဲ့ရပါသလဲ။ | အကြမ်းဖက်မှု (ကိုယ်ထိလက်ရောက်၊ စကားဖြင့်၊ စိတ်ပိုင်းဆိုင်ရာ)/ခြိမ်းခြောက်မှု/သတင်းမှား (ကောလာဟလများ/သတင်းအချက်အလက်မှန်ကို လှည့်စားအသုံးချခြင်း)/ထိပါးနှောင့်ယှက်မှု/အမုန်းစကား/အခြား၊ ရှင်းပြပါ |
| ဃ-၉-၅-၁ | အကယ်၍ သတင်းမှားဟု ဖြေပါက သတင်းမှား/ကောလာဟလ/သတင်းအချက်အလက်မှန်ကို လှည့်စားအသုံးချခြင်း -> ဘာအကြောင်းပါလဲ။ | ကျန်းမာရေး/နိုင်ငံရေး/လူမှုရေး ကိစ္စရပ်များ/စခန်းရှိ လူအများ၏ လုံခြုံရေး/မိသားစုများ၏ ဘေးကင်းလုံခြုံမှု/ကျန်ခဲ့သော ဆွေမျိုးများ/လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ/အစိုးရ အကူအညီ/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |
| ဃ-၉-၅-၂ | ထိပါးနှောင့်ယှက်မှုဟု ဖြေပါက -> မည်သို့သော ထိပါးနှောင့်ယှက်မှုမျိုးပါလဲ။ | တစ်စုံတစ်ဦးကို နှိမ့်ချခြင်း သို့မဟုတ် အရှက်ရစေခြင်း (စော်ကားခြင်း၊ ရိုင်းပြခြင်း စသည်)/မိမိကိုယ်ကို ထိခိုက်နာကျင်အောင် လုပ်ရန် သို့မဟုတ် သတ်သေရန် တိုက်တွန်းခြင်း/ယုတ်ညံ့သော လိင်မှုကိစ္စ အသုံးအနှုန်းများဖြင့် တိုက်ခိုက်ခြင်း/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ။ |
| ဃ-၉-၅-၃ | အမုန်းစကား ဖြစ်ပါက -> ပိုကျယ်ကျယ်ပြန့်ပြန့် ရှင်းပြနိုင်ပါမလား။ | နိုင်ငံရေး/တိုင်းရင်းသားရေး/ဘာသာရေး ဆက်စပ်မှု/လူတန်းစား/ကျား‌မ/မသန်စွမ်းမှုရှိခြင်း သို့မဟုတ် နာမကျန်းမှု/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ။ |
| ဃ-၁၀ | သင်၏ ရပ်ရွာအသိုင်းအဝိုင်းတွင်း (အပြင်လောက) သို့မဟုတ် အွန်လိုင်းပေါ်ရှိ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ဖြန့်နေသူတစ်ယောက် သို့မဟုတ် အဖွဲ့တစ်ခုခုကို သင်သတိပြုမိပါသလား။ | သတိပြုမိပါသည်/သတိမပြုမိပါ |
| ဃ-၁၀-၁ | သတိပြုမိပါသည် -> မည်သည့် အကြောင်းအရာမှာပါလဲ။ | ကျန်းမာရေး/နိုင်ငံရေး/လူမှုရေးကိစ္စရပ်များ/နေရပ်စွန့်ခွာစခန်းရှိ လူအများ၏ လုံခြုံရေး/မိသားစုများ၏ ဘေးကင်းလုံခြုံမှု/မူလဇာတိမြေတွင် ကျန်ခဲ့သော ဆွေမျိုးများ/လူသားချင်း စာနာထောက်ထားမှု/အစိုးရ အကူအညီ/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |

| အမျိုးအစား | မေးခွန်း | ရွေးချယ်နိုင်သော အဖြေများ |
|---|---|---|
| **င၊ မှန်ကန်တိကျသော သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်** | | |
| င-၁ | သင် အင်တာနက်သုံးပါသလား။ | သုံးပါသည်၊ တစ်ချိန်လုံး သုံးပါသည်/ သုံးပါသည်၊ တစ်ပတ်လျှင် တစ်ခါခန့် ဖြစ်ပါသည်/ သုံးပါသည်၊ နှစ်ပတ်လျှင် တစ်ခါခန့်ဖြစ်ပါသည်/ သုံးပါသည်၊ တစ်လလျှင် တစ်ခါခန့်ဖြစ်ပါသည်/ အလွန်သုံးခဲပါသည်/ မသုံးဖူးပါ၊ တစ်ခါမှ မသုံးဖူးပါ/ မသိပါ/ မဖြေချင်ပါ |
| င-၁-၁ | "သုံးပါသည်၊ တစ်ချိန်လုံး သုံးပါသည်" မှအပ ကျန်အဖြေအားလုံး -> ဘာကြောင့် မသုံးဖြစ်ပါသလဲ။ | ကွန်ပျူတာမရှိပါ/စမတ်ဖုန်းမရှိပါ/လျှပ်စစ်မီးမရှိပါ/မတတ်နိုင်ပါ (ဖုန်း တစ်လုံးရဖို့ ဘယ်လိုနည်းလမ်းမှ မရှိပါ)/လိုင်းမမိပါ/လိုင်းမကောင်းပါ/ ဖုန်းဘေလ် သို့မဟုတ် ပတ်ကေ့ဂျ်ဖိုးက မိမိအတွက် ဈေးကြီးလွန်းပါသည်/ မိမိ၏လိုအပ်ချက်နှင့် မကိုက်ပါ/မသိပါ/မဖြေချင်ပါ/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |
| င-၁-၂ | "သုံးပါသည်၊ တစ်ချိန်လုံး သုံးပါသည်" မှအပ ကျန်အဖြေအားလုံး -> လွန်ခဲ့သည့်သုံးလအတွင်း သင် သို့မဟုတ် သင့်မိသားစုဝင် တစ်ဦးဦးသည် အွန်လိုင်းမှာ သတင်းအချက်အလက် ဝင်ရောက်ရှာဖွေကြည့်ရှုခြင်းကို လျှော့ချလိုက်ခြင်း သို့မဟုတ် ရပ်တန့်လိုက်ခြင်း ရှိဖူးပါသလား။ | ရှိပါသည်၊ မရှိပါ |
| င-၁-၂-၁ | ရှိပါသည် -> ဘာကြောင့်ပါလဲ။ | လက်ပ်တော့ ပျောက်သွား၍/စမတ်ဖုန်း/ပျောက်သွား၍/အင်တာနက်သုံးဖို့ ဆင်းကတ် ပျောက်သွား၍ သို့မဟုတ် မရှိ၍/လျှပ်စစ်မီးမရှိ၍/ပလန်ဝယ်စရာ ပိုက်ဆံမရှိ၍/ဤနေရာတွင် အင်တာနက် ရယူအသုံးပြုမှုကို ဖြတ်ထား၍/လက်ပ်တော့ ရယူအသုံးပြုနိုင်မှု နည်းပါး၍/စမတ်ဖုန်း/ရယူအသုံးပြုနိုင်မှု နည်းပါး၍/အင်တာနက်ရရန်/မည်သည့်နည်းလမ်းမှ မရှိတော့၍/ဖုန်းခရက်ဒစ် သို့မဟုတ် ပလန်ဖိုးက မိမိအတွက် ဈေးကြီးလွန်းနေ၍/လူမှုရေးဖိအားများကြောင့်/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |
| င-၁-၃ | "မသုံးပါ၊ မသိပါ/မဖြေချင်ပါ" မှအပ ကျန်အဖြေအားလုံး -> အင်တာနက်ပေါ်မှာ အွန်လိုင်း သတင်းအချက်အလက်တွေကို မည်သို့ ဝင်ရောက်ရယူကြည့်ရှုပါသလဲ။ | တကိုယ်ရေသုံး မိုဘိုင်းဖုန်း/တကိုယ်ရေသုံး လက်ပ်တော့/ဆွေမျိုးတစ်ဦး၏ တကိုယ်ရေသုံး ဟန်းဖုန်း/သူငယ်ချင်း၏ မိုဘိုင်းဖုန်း/ဆွေမျိုးတစ်ဦး၏ လက်ပ်တော့/သူငယ်ချင်း၏ လက်ပ်တော့/အင်တာနက်ဆိုင်/အန်ဂျီအို (NGO) သတင်းအချက်အလက်စင်တာ/အခြား၊ အသေးစိတ်ရှင်းပြပေးပါ |
| င-၁-၄ | သုံးပါသည်ဟု ဖြေသူအားလုံး -> လူမှုကွန်ရက် (Facebook၊ TikTok၊ Twitter၊ Instagram၊ WhatsApp စသည်) မှာ သင်၏ နာမည်အရင်းကို သုံးထားပါသလား။ | ဟုတ်ပါသည်၊ မဟုတ်ပါ |
| င-၁-၄-၁ | မဟုတ် -> ဘာကြောင့်ပါလဲ။ | လုံခြုံရေးပြဿနာများကြောင့်/အပျော်၊ ဟာသ/နာမည်ဆင်တူလူ များလွန်း၍/ ၎င်းကို ပလက်ဖောင်းမှ ခွင့်မပြု၍/မပြောပြချင်ပါ/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |

| | | |
|---|---|---|
| င-၁-၅ | သုံးပါသည်ဟု ဖြေသူအားလုံး -> မက်ဆေ့ဂျ်ပို့ အက်ပလီကေးရှင်းများ (WhatsApp၊ Telegram၊ Snapchat စသည်) တွင် သင်၏နာမည်အရင်းကို သုံးထားပါသလား။ | သုံးထားပါသည်၊ မသုံးထားပါ |
| င-၁-၅-၁ | မဟုတ် -> ဘာကြောင့်ပါလဲ။ | လုံခြုံရေး စိုးရိမ်ရ၍/အပျော်၊ ဟာသအနေနှင့်/နာမည်ဆင်တူသူ များလွန်း၍/ပလက်ဖောင်းမှ ၎င်းကို ခွင့်မပြု၍/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |
| င-၁-၆ | သုံးထားပါသည်ဟု ဖြေသူအားလုံး -> အများသုံးပလက်ဖောင်းများ (ဖိုရမ်၊ မီဒီယာစာမျက်နှာများ၏ မှတ်ချက်ကဏ္ဍ) မှာ သင်၏နာမည်အရင်းကို သုံးထားပါသလား။ | ဟုတ်ပါသည်၊ မဟုတ်ပါ |
| င-၁-၆-၁ | မဟုတ် -> ဘာကြောင့်ပါလဲ။ | လုံခြုံရေး ပြဿနာများကြောင့်/ဟာသ၊ ဟာသ/နာမည်ဆင်တူသူ များလွန်း၍/ပလက်ဖောင်းမှ ၎င်းကို ခွင့်မပြု၍/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |
| င-၂ | မည်သည့် ဆက်သွယ်ပြောဆိုရေး သို့မဟုတ် လူမှုကွန်ရက် အက်ပလီကေးရှင်းများကို သင်အသုံးပြုပါသလဲ။ | WhatsApp/Facebook/TikTok/Twitter/Instagram/Telegram/Messenger/Snapchat/လူမှုကွန်ရက် မသုံးပါ/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ |
| င-၂-၁ | လူမှုကွန်ရက် မသုံးပါ မှအပ အခြားအဖြေများ အားလုံး -> သင်အသုံးအများဆုံး ပလက်ဖောင်းကို ဝင်ရောက်ကြည့်ရှုရန် ကိုယ်ပိုင်အကောင့် ရှိပါသလား။ | ရှိပါသည်၊ မရှိပါ |
| င-၂-၁-၁ | ရှိပါသည် -> ဤအကောင့်ကို သူများနှင့် မျှဝေသုံးစွဲပါသလား။ | သုံးပါသည်၊ မသုံးပါ |
| င-၂-၁-၁-၁ | သုံးပါသည် -> မည်သူနှင့် မျှဝေပြီး သုံးပါသလဲ။ | လင်သား သို့မဟုတ် ဇနီးနှင့်/မိသားစုနှင့် (ညီအစ်ကိုမောင်နှမများ၊ မိဘများ၊ ဝမ်းကွဲများ စသဖြင့်)/အိမ်နီးချင်းများ/သူငယ်ချင်းများ/အခြား၊ ကျေးဇူးပြုပြီး အသေးစိတ်ရှင်းပြပေးပါ။ |
| င-၂-၂ | လူမှုကွန်ရက် မသုံးပါ မှအပ အခြားအဖြေများအားလုံး -> အွန်လိုင်းပေါ်ရှိ သီးသန့်အဖွဲ့ တစ်ခုခုအတွင်း သင်ပါဝင်ပါသလား။ | ပါဝင်ပါသည်၊ မပါဝင်ပါ |
| င-၂-၂-၁ | ပါဝင်ပါသည် -> အခြားၥ ရှာမရသည့် သတင်းအချက်အလက်မျိုးရရန် ဤအဖွဲ့တွင်း ပါဝင်ခြင်းဖြစ်ပါသလား။ | ဟုတ်ပါသည်၊ မဟုတ်ပါ။ |
| င-၂-၂-၂ | ဟုတ်ပါသည် -> ဤအဖွဲ့မှ လူတိုင်းနှင့် သင်သိပါသလား။ | သိပါသည်၊ မသိပါ |

| | | |
|---|---|---|
| ၄-၂-၂-၁ | ဟုတ်ပါသည် သို့မဟုတ် မဟုတ်ပါ -> ဤသည်က သင်ဘာအကြောင်း ပြောသလဲ နှင့်/သို့မဟုတ် သင် ဘာသတင်းအချက်အလက်များကို မျှဝေသလဲဆိုသည့်အပေါ် လွှမ်းမိုးမှုရှိပါသလား။ | ရှိပါသည်၊ မရှိပါ |
| ၄-၂-၂-၃ | အချို့ ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များအား အွန်လိုင်းပေါ် မျှဝေခြင်း၏ အန္တရာယ်များကို သင့်အား အသိပေးထားခြင်းမျိုးနှင့် သင့်အနေဖြင့် အခြားနာမည်များ၊ ပုံများ သို့မဟုတ် အခြားတစ်ခုခုကို သုံးရန် အကြံပြုထားသည့် အကြံပြုချက်များ/လမ်းညွှန်ချက်များ/စည်းကမ်းများကို သင်မြင်ဖူးပါသလား။ | သိပါသည်၊ မသိပါ |
| ၄-၂-၃ | လူမှုကွန်ရက် မသုံးပါ မှအပ အခြားအဖြေများအားလုံး -> သင့်အတွက် အရေးကြီးသည့်ကိစ္စရပ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များအတွက် လူမှုကွန်ရက်ပေါ်တွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသတွင်း မီဒီယာ သတင်းဌာနများကို သင်စောင့်ကြည့်၍ ဖော်လိုလုပ်ထားပါသလား။ | လုပ်ထားပါသည်၊ မလုပ်ထားပါ |
| ၄-၂-၃-၁ | လုပ်ထားပါသည် -> ဘယ်သူတွေကို သင် စောင့်ကြည့်၍ ဖော်လိုလုပ်ထားပါသလဲ။ | စိတ်ကြိုက်ဖြေနိုင်သော မေးခွန်း (ရွေးစရာအဖြေ သုံးခု) |
| ၄-၂-၄ | လူမှုကွန်ရက် မသုံးပါ မှအပ အခြားအဖြေများအားလုံး -> သင်အဖွဲ့တစ်ခုကို ဝင်သည့်အခါ ၎င်းအဖွဲ့သည် သီးသန့်အဖွဲ့ သို့မဟုတ် အများပြည်သူအတွက် ဖွင့်ပေးထားသည့်အဖွဲ့ ဟုတ်မဟုတ် သိအောင် အရင်စစ်ကြည့်ပါသလား။ | စစ်ကြည့်ပါသည်၊ မစစ်ကြည့်ပါ |
| ၄-၂-၅ | လူမှုကွန်ရက် မသုံးပါ မှအပ အခြားအဖြေများအားလုံး -> သင်၏ကိုယ်ရေးလုံခြုံမှု ဆက်တင်များကို မည်သို့စီမံထားရှိပါသလဲ။ | လူတိုင်း မိမိ၏ပရိုဖိုင်ကို အပြည့်အဝ မြင်နိုင်ပါသည်/အချို့အသေးစိတ် အချက်အလက်များနှင့် စာသားအတိုများကို သူငယ်ချင်းများသာ မြင်ရအောင် ပိတ်ထားပါသည်/အသေးစိတ် အချက်အလက်များနှင့် စာသားအတိုများကို မိမိ၏သူငယ်ချင်းများသာ မြင်နိုင်ပါသည်။ |
| ၄-၂-၆ | လူမှုကွန်ရက် မသုံးပါ မှအပ အခြားအဖြေများအားလုံး -> လူမှုကွန်ရက်ပေါ်တွင် ပို့စ်တင်ရာတွင် သင့်အနေဖြင့် စိတ်မသက်မသာ ခံစားရသည့် သို့မဟုတ် မလုံခြုံဟု ခံစားရသည့် အဖွဲ့မျိုးရှိပါသလား။ | ရှိပါသည်၊ မရှိပါ |
| ၄-၂-၆-၁ | ရှိပါသည် -> မည်သည့်အဖွဲ့ဆိုသည်ကို သင်ပြောပြနိုင်သလား။ | စိတ်ကြိုက်ဖြေနိုင်သော မေးခွန်း (ရွေးစရာအဖြေ သုံးခု) |
| ၄-၂-၇ | လူမှုကွန်ရက် မသုံးပါ မှအပ အခြားအဖြေများအားလုံး -> သင်၏လူမှုကွန်ရက်အကောင့်များတွင် သင်၏တည်နေရာနှင့် သင် “ယခုလက်ရှိအချိန်” တွင် ဘာလုပ်နေလဲဆိုသည်မျိုးကို သင်မည်မျှ မကြာခဏပို့စ်တင်ဖြစ်ပါသလဲ။ | မိမိ၏သူငယ်ချင်းများနှင့် စောင့်ကြည့်သူ ဖော်လိုဝါများကို မိမိရောက်သည့်နေရာနှင့် မိမိဘာလုပ်နေသည်ကို အတိအကျ အမြဲအသိပေးပါသည်/ မိမိတက်ရောက်နေသည့် အရေးကြီးပွဲ အစီအစဉ်တစ်ခုအကြောင်းကို မိမိကိုစောင့်ကြည့်သူများအား အသိပေးဖို့ လိုသည့်အခါ၌ မိမိ၏ “လက်ရှိ တည်နေရာ” ကိုသာ မျှဝေပါသည်/ အစီအစဉ်ပြီးသွားသည့်နောက် ထိုနေရာမှ ဘေးကင်းကင်းဖြင့် ထွက်သွားပြီးမှသာ မိမိ၏ လှုပ်ရှားဆောင်ရွက်မှုများအကြောင်း သတင်းအချက်အလက်များကို ပို့စ်တင်ပါသည်/ အခုလက်ရှိအချိန်၌ ဘာလုပ်နေသည်ကို ဘယ်တော့မှ မမျှဝေပါ/ အခြား၊ ကျေးဇူးပြု၍ အသေးစိတ်ရှင်းပြပေးပါ |

| | | |
|---|---|---|
| င-၂-၈ | လူမှုကွန်ရက် မသုံးပါ မှအပ အခြားအဖြေများအားလုံး -> သင်မသိသူ တစ်ယောက်ယောက်က လူမှုကွန်ရက်ပေါ်တွင် သူငယ်ချင်းဖြစ်ခွင့် တောင်းလာပါက ၎င်းအကောင့်သည် အကောင့်တု သို့မဟုတ် အစစ်ဖြစ်ကြောင်း ခွဲခြားရန် မည်သို့စစ်ဆေးရမည်ကို သင်သိပါသလား။ | သိပါသည်၊ ဘယ်လိုစစ်ရမလဲ သိပါသည် / မသိပါ၊ ဘယ်လိုစစ်ရမလဲ မသိသော်လည်း သင်ယူချင်ပါသည် / မသိပါ / စစ်နေဖို့ မလိုပါ /အခြား၊ ကျေးဇူးပြု၍ အသေးစိတ်ရှင်းပြပေးပါ။ |
| င-၂-၉ | လူမှုကွန်ရက် မသုံးပါ မှအပ အခြားအဖြေများအားလုံး -> သင်ကိုယ်တိုင် နှင့်/သို့မဟုတ် သင့်ကလေးများ၏ပုံများကို အွန်လိုင်းပေါ်၌ မကြာခဏ တင်လေ့ရှိပါသလား။ | တင်ပါသည်၊ မတင်ပါ |
| င-၂-၁၀ | လူမှုကွန်ရက် မသုံးပါ မှအပ အခြားအဖြေများအားလုံး -> ဓာတ်ပုံတွေကို အွန်လိုင်းမတင်မီ မိသားစုနှင့် သူငယ်ချင်းများဆီမှ ခွင့်ပြုချက်တောင်းပါသလား။ | တောင်းပါသည်၊ မတောင်းပါ |
| င-၃ | အွန်လိုင်း၌တွေ့သည့် သတင်းအချက်အလက်က နားလည်ရန် ခက်နေပါက သင့်ကို ကူညီနိုင်သည့်လူ ရှိပါသလား။ | မိမိနှင့်အခြေအနေတူသူ သို့မဟုတ် မိသားစုဝင်/အခြား၌နေသည့် မိသားစုဝင်/မိမိနှင့် အခြေအနေတူသည့် သူငယ်ချင်း/အခြား၌နေသည့် သူငယ်ချင်း/အိမ်ရှင်ရပ်ရွာအသိုင်းအဝိုင်းတွင်းမှ လူများ/လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အမှုထမ်း/အကြံဉာဏ်ပေးသူများ/ရပ်ရွာအသိုင်းအဝိုင်းတွင်းရှိ အဖွဲ့များ/လူကြီးသူမများ/ဘာသာရေးခေါင်းဆောင်/ရပ်ရွာအသိုင်းအဝိုင်း ခေါင်းဆောင်/မဖြေချင်ပါ/အခြား၊ ကျေးဇူးပြု၍ အသေးစိတ်ရှင်းပြပေးပါ |
| င-၃-၁ | "တယောက်မှ မရှိပါ" ဟူသော အဖြေမှလွဲ၍ အခြားအဖြေများဆိုပါက အဆိုပါသူကို သင် ယုံကြည်ပါသလား။ | ယုံကြည်ပါသည်၊ မယုံကြည်ပါ |
| င-၄ | အန္တရာယ်ရှိသော ဝက်ဘ်ဆိုက်တစ်ခု ဟုတ်မဟုတ် မည်သို့ခွဲခြားရမည်ကို သင် သိပါသလား။ | သိပါသည်၊ အတိအကျသိပါသည်/သိပါသည်၊ သိသည်ဟု ထင်သော်လည်း ၁၀၀% မသေချာပါ/မသိပါ၊ ပြီးတော့ သင်ယူချင်ပါသည်/မသိပါ၊ လုံခြုံသည့် ဝက်ဘ်ဆိုက်နှင့် မလုံခြုံသည့် ဝက်ဘ်ဆိုက် ဘာကွာခြားသည်ကို မသိပါ/အင်တာနက် မသုံးပါ/အခြား၊ ကျေးဇူးပြု၍ အသေးစိတ်ရှင်းပြပေးပါ |
| င-၅ | သင်အွန်လိုင်းတွင်ရှိသောအခါ သင်၏ ကိုယ်ရေးအချက်အလက်များကို အဖွဲ့အစည်းများ၊ ကုမ္ပဏီများ သို့မဟုတ် အစိုးရက မည်သို့သုံးသည်ကို သင်နားလည်သည်ဟု ထင်ပါသလား။ | ထင်ပါသည်၊ မိမိ၏ ကိုယ်ရေးအချက်အလက်များကို ပုဂ္ဂလိက ကုမ္ပဏီများနှင့် အစိုးရက မည်သို့သုံးသည်ကို အတိအကျ သိပါသည်/မိမိ၏ ကိုယ်ရေးအချက်အလက်များကို သုံးနိုင်သည်ဟု သံသယရှိသော်လည်း မည်သို့သုံးသည်ကို မသိပါ/ မိမိ၏ ကိုယ်ရေးအချက်အလက်များကို မည်သူကမှ အရေးစိုက်မည် မထင်ပါ/မိမိ၏ ကိုယ်ရေးအချက်အလက်များကို မည်သူသုံးသုံး ဂရုမစိုက်ပါ/မထင်ပါ၊ လုံးဝမသိပါ/အင်တာနက် မသုံးပါ |
| င-၆ | စကားဝှက်တစ်ခုတည်းကို အကောင့်တစ်ခုထက်ပိုပြီး သုံးပါသလား။ | သုံးပါသည်၊ မှတ်မိဖို့ လွယ်သည့်အတွက် အွန်လိုင်းအကောင့်အားလုံးအတွက် စကားဝှက်တစ်ခုတည်းကိုသာ သုံးပါသည်/ တစ်ခါတစ်ရံ ဤစကားဝှက်ကိုပဲ ပြန်သုံးတတ်ပါသည် သို့မဟုတ် နည်းနည်းလေး ပြောင်းလိုက်ပါသည်/ မသုံးပါ၊ အကောင့်တစ်ခုစီအတွက် သီးခြားစကားဝှက်များ ထားပါသည်/ မပြောပြချင်ပါ/ အင်တာနက် မသုံးပါ/ အခြား၊ ကျေးဇူးပြု၍ အသေးစိတ်ရှင်းပြပေးပါ |

| | | |
|---|---|---|
| င-၇ | ပြီးခဲ့သည့်နှစ်နှစ်အတွင်း သင်၏ အွန်လိုင်းအကောင့်များ/ဝက်ဘ်ဆိုက်များ (လူမှုကွန်ရက်၊ အီးမေးလ်အကောင့်များ၊ ဘဏ်အကောင့်များ စသည်တို့အပါအဝင်) အဖောက်ထွင်းခံရခြင်း (အဟက်ခံရခြင်း) အကြိမ်ရေမည်မျှရှိပါသလဲ။ | တစ်ခါမျှ အဖောက်ထွင်းမခံရပါ/ တစ်ခါ အဖောက်ထွင်းခံရဖူးပါသည်/ နှစ်ခါနှင့်အထက် အဖောက်ထွင်းခံရဖူးပါသည်/ အဖောက်ထွင်းခံရမှု များလွန်း၍ အကောင့်ပင် မရှိတော့ပါ/ အကောင့်ကို အဖောက်ထွင်းခံရ၊ မခံရ မည်သို့ကြည့်ရမည်ကို မသိပါ/ အခြား၊ ကျေးဇူးပြု၍ အသေးစိတ်ရှင်းပြပေးပါ |
| င-၈ | လွန်ခဲ့သည့်သုံးလအတွင်း သင် သို့မဟုတ် သင့်မိသားစုဝင်တစ်ဦးသည် သတင်းအချက်အလက်ရရန် သို့မဟုတ် အကူအညီရရန်အတွက် ကိုယ်ရေးအချက်အလက်များ (အမည်၊ တည်နေရာ၊ ဓာတ်ပုံ စသည်တို့ကို) မျှဝေပြီးသည့်နောက် မလုံခြုံသလို ခံစားရဖူးပါသလား။ | ခံစားရဖူးပါသည်၊ မခံစားရဖူးပါ |
| င-၉ | ကျိုးကြောင်းသိရှိ ဆုံးဖြတ်ချက်များချရန် မိမိလိုအပ်သည့် သတင်းအချက်အလက်အားလုံးကို ကျွန်ုပ် ရယူအသုံးပြုနိုင်ပါသည်။ | မှန်/မှား |
| င-၁၀ | ကျွန်ုပ်သည် မိမိရွေးချယ်သည့် ဘာသာစကားဖြင့် သတင်းအချက်အလက်များကို ရယူအသုံးပြုနိုင်ပါသည်။ | မှန်/မှား |
| င-၁၁ | ကျွန်ုပ်တွင် ယုံကြည်စိတ်ချရသည့် သတင်းအရင်းအမြစ် တစ်ခုထက်ပို၍ ရှိပါသည်။ | မှန်/မှား |
| င-၁၂ | မိမိ ဝင်ရောက်ရှာဖွေ ကြည့်ရှုခွင့်ရှိသည့် သတင်းအချက်အလက်၏ တိကျမှုနှင့် ပတ်သက်၍ ကျွန်ုပ်တွင် စိုးရိမ်စိတ်ရှိပါသည်။ | မှန်/မှား |
| င-၁၃ | ကျွန်ုပ်တွင် သတင်းအချက်အလက်နှင့် ကောလာဟလများကို စစ်ဆေးရန် နည်းဗျူဟာများ ရှိပါသည်။ | မှန်/မှား |
| င-၁၄ | ရရှိနိုင်သည့် သတင်းအချက်အလက်များကို ယုံကြည်နိုင်မှု ရှိ၊မရှိကို မိမိ၏မိသားစု သို့မဟုတ် သူငယ်ချင်းများနှင့် မကြာခဏ တိုင်ပင်ပါသည်။ | မှန်/မှား |
| င-၁၅ | သတင်းမှား သို့မဟုတ် လှည့်စားထားသည့် သတင်းအချက်အလက်ကို မည်သို့သိအောင်လုပ်ရမည်ကို သိပါသည်။ | မှန်/မှား |
| င-၁၆ | မိမိ၏ သတင်းအရင်းအမြစ်များက နောက်ဆုံးပေါ်သတင်းအချက်အလက်ကို ပေးနိုင်သည်ဟု စိတ်ချယုံကြည်ပါသည်။ | မှန်/မှား |
| င-၁၇ | လူမှုကွန်ရက်ပေါ်တွင် မိမိရသည့် သတင်းအချက်အလက်များကို မိမိ၏အကောင့်မှာ မမျှဝေမီ အမြဲစစ်ဆေးပါသည်။ | မှန်/မှား/အင်တာနက်မသုံးပါ |
| င-၁၈ | လူများကို လှည့်စား သို့မဟုတ် အန္တရာယ်ပေးရန်အတွက် ရည်ရွယ်ထားသည့် သတင်းမှားများကို ဖော်ပြရန် သုံးသည့်အသုံးအနှုန်းကဘာပါလဲ။ | လုပ်ကြံသတင်း / ညှိဖျင်းသည့် သတင်းအချက်အလက်/ သတင်းမှား / မသိပါ |

နောက်ဆက်တွဲ ၅

# အစိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းရေး ကိရိယာ

# နောက်ဆက်တွဲ ၅ - အဓိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းရေး ကိရိယာ

## ဤကိရိယာ၏ ရည်ရွယ်ချက်

ထိခိုက်ခံရသည့်လူထုနှင့် အိမ်ရှင်အသိုင်းအဝိုင်းတွင်းရှိ ရွေးချယ်ထားသည့် သတင်းအချက်အလက် ပံ့ပိုးသူများနှင့် တစ်ဦးချင်း တွေ့ဆုံမေးမြန်းမှုများသည် ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်းများ (FGD) တွင်း ဆွေးနွေးရာတွင် အလွန်ထိရှလွယ်သော ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များနှင့် ပတ်သက်သည့် သတင်းအချက်များရရှိရန် အခွင့်အလမ်းတစ်ခု ပံ့ပိုးပေးမည်ဖြစ်သည်။ အဓိက သတင်းအရင်းအမြစ်များအဖြစ် ထိခိုက်ခံရသည့်လူထုမှ အသိအမှတ်ပြုခံရသည့် အဓိကသတင်းပေးများအား ရွေးချယ်ခြင်းသည် (၁) ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးသူများ၏ ရှုထောင့်အမြင်များကြား ကွာခြားချက်များနှင့် တူညီချက်များကို ဆန်းစစ်ရန်နှင့် (၂) သတင်းအချက်အလက် ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူရာတွင် အဆိုပါ သတင်းအချက်အလက် ပံ့ပိုးသူများ ရင်ဆိုင်ရမည့် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များအား စိစစ်ဖော်ထုတ်ရန် အခွင့်အရေးတစ်ခုဖြစ်ပါလိမ့်မည်။

### အဓိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းခြင်းများ(KII) ဆိုင်ရာ အကြံပြုချက်များ -

**ဘက်လိုက်မှုများကို ဂရုပြုပါ** - မည်သည့် အဓိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းမှုမဆိုတွင် ရည်ရွယ်၍ဖြစ်စေ မရည်ရွယ်ဘဲဖြစ်စေ[၁] တုံ့ပြန်မှုများတွင်း ဘက်လိုက်မှုများ ရှိတတ်သည်။ ၎င်းအား အချက်အလက်ကောက်ယူခြင်းနှင့် သုံးသပ်လေ့လာသည့် အဆင့်များအတွင်း ထည့်သွင်းစဉ်းစားသင့်သည်။ ဘက်လိုက်မှုများကို ဆန်းစစ်ရန်နှင့် နောက်ပိုင်းအဆင့်တစ်ခုတွင် ကွဲပြားသည့် သတင်းအရင်းအမြစ်များအား ချိန်ထိုးကြည့်ရန် မျှဝေနေသည့် အချက်အလက်အမျိုးအစားအပေါ် ဩဇာသက်ရောက်မှုရှိနိုင်သည်ဟု သင်ထင်သည့် အရည်အချင်းပြည့်မီသူများကို မှတ်သားထားခြင်းက အထောက်အကူဖြစ်စေပါသည်။

**KII များကို ရွေးချယ်ရန်အတွက် အခြား ဒေတာကောက်ခံမှုမှ ကျိုးကြောင်းသိရှိထားခြင်း** - တွေ့ဆုံမေးမြန်းရန် လိုအပ်သည့် အဓိကသတင်းပေးသူများအား ခွဲခြားဖော်ထုတ်ရန် FGD အား အသုံးပြုပါ။ အဓိကသတင်းပေးသူများသည် အဆိုပါ သတင်းအရင်းအမြစ်များအား ရယူအသုံးပြုနိုင်သည် သို့မဟုတ် ရယူအသုံးမပြုနိုင်သည်ဖြစ်စေ၊ ယုံကြည်နိုင်သည် သို့မဟုတ် မယုံကြည်နိုင်သည် ဖြစ်စေ၊ သတင်းအရင်းအမြစ်များအဖြစ် ထိခိုက်ခံရသည့် လူထုမှ အသိအမှတ်ပြုသည့် ကွဲပြားသည့် သတင်းအချက်အလက် ပံ့ပိုးသူများ၏ ကိုယ်စားလှယ်များ ဖြစ်သင့်သည်။ ယင်းအတွင်း ဈေးသည်များ၊ ဆင်းကတ်ရောင်းချသူများ၊ တက္ကစီယာဉ်မောင်းများ၊ ငွေ့ခံဖျော်ဖြေရေး ဝန်ထမ်းများ၊ ဆရာဆရာမများ၊ ကုန်ကားမောင်းသူများ၊ အရောင်းဝန်ထမ်းများ၊ ရပ်ရွာအသိုင်းအဝိုင်းများ၏ ခေါင်းဆောင် (အမျိုးသမီးများနှင့် လူငယ်အုပ်စု)၊ ရိုးရာနှင့် ဘာသာရေး ခေါင်းဆောင်များ၊ စခန်းစီမံခန့်ခွဲရေး၊ ဒေသန္တရအစိုးရ၊ ပြည်တွင်းမီဒီယာ ကဲ့သို့သော လူထုတွင်းမှ သီးခြား သို့မဟုတ်အစိတ်အပိုင်းမျိုးစုံနှင့် ထိတွေ့ဆက်ဆံသည့် ရပ်ရွာအသိုင်းအဝိုင်းဝင်များ ပါဝင်သော်လည်း ၎င်းတို့သာဟု သတ်မှတ်

[၁] ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးသည် အကဲဖြတ်ခြင်းလက်စွဲစာအုပ်အား လိုအပ်ပါသည်

မထားပါ။ သင့်ကိုယ်သင် တရားဝင် အခန်းကဏ္ဍရှိသူများနှင့်သာ သီးခြားဆက်ဆံခြင်းမှ ရှောင်ကြဉ်ပြီး သင်စိတ်ဝင်စားသော အသိုင်းအဝိုင်းတွင်း စကားပြောဆိုမှုများ၊ သတင်းအချက်အလက်ဆိုင်ရာ လိုအပ်ချက်များနှင့် အမူအကျင့်များအကြောင်း ကောင်းမွန်သည့် ခြုံငုံသုံးသပ်မှု သို့မဟုတ် ထိုးထွင်းသိမြင်နိုင်စွမ်းရှိသူ အခြားမည်သူများရှိနိုင်သေးကြောင်း ဝေဖန်ပိုင်းခြားစဉ်းစားပါ။

**KII များသည် ထိရှလွယ်/စိန်ခေါ်မှုရှိသည့် ရယူအသုံးပြုမှု အခြေအနေများတွင် ကူညီပေးနိုင်သည်** - လူထုတွင်းရှိ အချို့သောအုပ်စုများအတွက် KII များအား စီစဉ်ရန် ခက်ခဲမည့် အခြေအနေများ (လုံခြုံရေး သို့မဟုတ် ထောက်ပံ့ပို့ဆောင်ရေး အကြောင်းများကြောင့်) တွင် KII များသည် အချက်အလက်စုဆောင်းရာတွင် ရွေးချယ်စရာတစ်ခု ဖြစ်ပါလိမ့်မည်။ ၎င်းသည် လူနည်းစုများ သို့မဟုတ် ဖယ်ကြဉ်ခံထားရသော လူထုများ (မသန်စွမ်းမှု ရှိသူများ၊ LGBTQ+) သို့မဟုတ် ထိရှလွယ်သည့် ထောက်ကူမှုများ (ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း) တွင် လုပ်ကိုင်နေသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ သို့မဟုတ် ဒေသခံ/နိုင်ငံလုံးဆိုင်ရာ NGO များအား ပါဝင်စေသည့်ရလဒ် ရှိစေနိုင်သည်။ အဆိုပါကိစ္စရပ်တွင် မေးခွန်းများသည် အဓိကသတင်းပေးသူ၏ အဖွဲ့အစည်း၏ သတ်မှတ်ချက်နှင့် လိုက်လျောညီထွေရှိသင့်ပါသည်။

**KII သည် အဓိကဆက်ဆံရေး တည်ဆောက်ခြင်းဖြင့် ကူညီပေးနိုင်ပါသည်** - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရယူအသုံးပြုခွင့်အား ကန့်သတ်ထားသည့်အခြေအနေများနှင့် ဒေသခံအာဏာပိုင်များက FGD ၏ အစိတ်အပိုင်းအဖြစ် တွန်းအားပေးနိုင်သည့် အခြေအနေများတွင် KII တစ်ခုအတွက် အိမ်ရှင်ခံပေးရန် ဒေသခံအာဏာပိုင်များ၏ ကိုယ်စားလှယ်များအား ကမ်းလှမ်းခြင်းသည် ၎င်းတို့ FGD တက်ရောက်ခြင်းမှ ဟန့်တားပေးမည်ဖြစ်ကာ FGD အား ဘေးကင်းသောနေရာတစ်ခုအဖြစ် ထိန်းသိမ်းပေးပါမည်။

## ချောမွေ့အောင်ဆောင်ရွက်ခြင်းအတွက် အကြံပြုချက်များ -

**အလားအလာရှိသည့် တွေ့ဆုံမေးမြန်းခံမည့်သူ တစ်ယောက်ထံသို့ KII အား မိတ်ဆက်ပေးခြင်း** - တွေ့ဆုံမေးမြန်းမှုတစ်ခုအား မိတ်ဆက်ခြင်း/တောင်းဆိုခြင်း ပြုလုပ်သည့်အခါ အသားပေးရန် အကြံပြုထားသည့် အချက်အလက်တစ်ချို့-

- KII တွင်း စကားပြောဆိုခြင်းများသည် သတင်းအချက်အလက် ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူရာတွင် လူများ ရင်ဆိုင်နေရသည့် အန္တရာယ်များကို ခွဲခြားဖော်ထုတ်ခြင်းပြုရန် ကျယ်ကျယ်ပြန့်ပြန့် ရည်ရွယ်ထားသည်။

---

၂ လုပ်ကြံသတင်းအား ထိခိုက်မှုဖြစ်စေသည့် သတင်းမှားအား ရည်ရွယ်ချက်ရှိစွာ ဖြန့်ဖြူးခြင်းဟု အဓိပ္ပါယ်သတ်မှတ်နိုင်ကာ ၎င်းသည် "လူထုအား လှည့်စားကာ၊ ဘေးထွက်ဆိုးကျိုးတစ်ခုအနေဖြင့်၊ အများပြည်သူ၏ သိပိုင်ခွင့်နှင့် သတင်းအချက်အလက်ရှာဖွေရန်၊ လက်ခံရန်နှင့် ဖြန့်ဝေရန် လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို အနှောင့်အယှက်ပေးပါသည်" ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

၃ "ထိခိုက်ခံရသည့် အသိုင်းအဝိုင်းများအနေဖြင့် အခြေခံအခွင့်အရေးများကို ခံစားရန်နှင့် ၎င်းတို့၏အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် စွမ်းဆောင်ရည်များကို ဟန့်တားလောက်အောင် သတင်းအချက်အလက် လွတ်လပ်စွာ ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူခြင်းကို ရည်ရွယ်ချက်ရှိရှိ ပုံစံဖြင့် အတိုင်းအတာတစ်ခုအထိ ပျက်စီးစေပါက" သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်းကို ဖော်ဆောင်ပါသည်၊ ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

- KII သည် မီဒီယာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအနေဖြင့် ဤအန္တရာယ်များကို ပိုမိုသတိပြုမိစေရန် မည်ကဲ့သို့ ဖန်တီးနိုင်သည်ကို ပိုမိုနားလည်သဘောပေါက်စေရန်နှင့် ဖြစ်နိုင်လျှင် ၎င်းအန္တရာယ်များကို လျှော့ချရန် အားထုတ်နိုင်ပုံအကြောင်း ပိုမိုအသိပေးရန် ရည်ရွယ်ထားပါသည်။
- KII များကို ဦးတည်ထားသည့် အသိုင်းအဝိုင်းတွင်းရှိ သတင်းအချက်အလက် ပတ်ဝန်းကျင်အား သုံးသပ်လေ့လာရန်နှင့် နောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများနှင့် မီဒီယာဆိုင်ရာ လုပ်ဆောင်သူများအတွက် အံဝင်ခွင်ကျ အကြံပြုချက်များကို တည်ဆောက်ရန် အသုံးပြုပါမည်။

**KII ဖွဲ့စည်းပုံ** - အဓိကသတင်းပေးသူ၏ ဦးစားပေးချက်အပေါ် မူတည်၍ သင်သည် အကြောင်းအရာ ၁ (ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ) သို့မဟုတ် အကြောင်းအရာ ၂ (အဓိက သတင်းပေးသူ) ဖြင့် စတင်နိုင်ပါသည်၊ ဤနေရာတွင် အစီအစဉ်အတိအကျ ရှိဖို့မလိုအပ်ပါ။ အချို့သော အဓိကသတင်းပေးသူများသည် ၎င်းတို့ကိုယ်တိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများအကြောင်း ပြောဆိုရန် ပိုမိုလွယ်ကူနိုင်သော်လည်း အခြားသူများမှာ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းမှ ကြုံတွေ့ရသည့် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များဖြင့် စတင်ပြောဆိုရန် ပိုမိုသက်တောင့်သက်သာ ရှိကောင်းရှိနိုင်ပါသည်။

အဓိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းခြင်း ကိရိယာသည် သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက် မူဘောင် (IPAF) ၏ မဏ္ဍိုင်လေးရပ်နှင့် ပတ်သက်ပြီး သတင်းအချက်အလက် ရယူနိုင်ရန် သင့်အား ကူညီပေးရန် ရေးဆွဲထားခြင်းဖြစ်သည်။ ကိရိယာများကို သင့်လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်အောင်လုပ်ဖို့ တွန့်ဆုတ်မနေပါနှင့်။ ၎င်းအား အကြောင်းအရာနှစ်ခုအဖြစ် ပိုင်းခြားထားပါသည်၊ ပထမတစ်ခုမှာ သတင်းအချက်အလက်ပံ့ပိုးသူ (အဓိကသတင်းပေးသူ)၏ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များအား ဆွေးနွေးခြင်းနှင့် ဒုတိယတစ်ခုမှာ ထိခိုက်ခံရသည့် လူထုမှ ရင်ဆိုင်ရမည့် သတင်းအချက်အလက်နှင့် ဆက်စပ်နေသည့် အန္တရာယ်များအား မည်မျှကောင်းကောင်း နားလည်ကြောင်း ဆွေးနွေးခြင်း ဖြစ်ပါသည်။ အကြောင်းအရာတစ်ခုချင်းစီသည် လုပ်ကြံသတင်း[၂] နှင့် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ပိတ်ပင်ခြင်း[၃] နှစ်ခုလုံးနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များကို ပံ့ပိုးပေးရန် ပုံစံရေးဆွဲထားကာ IPAF မဏ္ဍိုင်လေးခုလုံး ပါဝင်သည်။ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို သုံးသပ်လေ့လာချက်တစ်ခု လုပ်ဆောင်ခြင်း သို့မဟုတ် အကြံပြုချက်များအား ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များရရှိရန် **မိုဂျူး ၃ အား ကြည့်ရှုပါ - သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များအား လျှော့ချခြင်း - သုံးသပ်လေ့လာချက် မူဘောင်။**

### အကြောင်းအရာ

- အကျပ်အတည်း အကြောင်းအရာနှင့် ဆက်စပ်သော အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများ
- ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေး အခင်းအကျင်း
- အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေနှင့် စံနှုန်းဆိုင်ရာ အခင်းအကျင်း
- ရှေးရိုးထုံးစံနှင့် ဒစ်ဂျစ်တယ် သတင်းအချက်အလက် အခင်းအကျင်း

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုအတွက် အဓိက လုပ်ဆောင်သူများ
- သတင်းအချက်အလက်နှင့် ဆက်စပ် ကာကွယ်ရေး ခြိမ်းခြောက်မှု၏ ဇစ်မြစ်

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ဝိသေသလက္ခဏာများ
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေး ခြိမ်းခြောက်မှုများ၏ နောက်ဆက်တွဲအကျိုးဆက်
- ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ရင်ဆိုင်ဖြေရှင်းရေးနည်း ဗျူဟာများ

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရှိပြီးသား စွမ်းရည်များ

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (တစ်ဦးချင်း/ မိသားစုအဆင့်အလိုက်) ၏ စွမ်းဆောင်ရည်များ
- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (ဒေသန္တရအဆင့်တွင်) ၏ ဒေသဆိုင်ရာ လုပ်ထုံးလုပ်နည်းယန္တရားများနှင့် စွမ်းဆောင်ရည်များ
- ဒေသန္တရ၊ ဒေသတွင်းနှင့် နိုင်ငံအဆင့် မီဒီယာများ၏ စွမ်းဆောင်ရည်များ
- အဖွဲ့အစည်းဆိုင်ရာ၊ အခြား ယန္တရားများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စွမ်းဆောင်ရည်များ

## အကြောင်းအရာ ၁ - ထိခိုက်ခံရသည့် အသိုင်းအဝိုင်းများမှ ရင်ဆိုင်ရသည့် သတင်းအချက်အလက်နှင့်ဆက်စပ်သည့်ကာကွယ်ရေးအန္တရာယ်များ

ဤ KII အပိုင်းတွင် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းမှ ၎င်းတို့ကိုယ်တိုင်နှင့် သတင်းအချက်အလက်ပံ့ပိုးသူတို့ကြား သတင်းအချက်အလက်အား ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူရန် နည်းလမ်းများကို သင်တို့ဆွေးနွေးရမည်ဖြစ်သည်။

1. ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းသည် သတင်းအချက်အလက်အား လိုအပ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မရရှိနိုင်သည့် အကြောင်းအရာများ ရှိပါသလား။

- အကယ်၍ ရှိပါက - ဤအချက်အလက်ကို ရယူအသုံးပြုရန် ဘယ်အရာက ခက်ခဲစေပါသလဲ။ (ဘာကိုဆိုလိုကြောင်း အကြံဉာဏ်များ လိုအပ်ပါက ဥပမာအချို့မှာ- အချက်အလက် မရရှိနိုင်ခြင်း၊ အချက်အလက်များ အလွန်အကျွံရရှိနိုင်ပြီး မည်သည့်အရာသည် တိကျမှန်ကန်ကြောင်း အတည်မပြုနိုင်ခြင်း၊ ယုံကြည်ရသည့် အရင်းအမြစ်များကို ရယူအသုံးပြုခွင့်မရှိခြင်း၊ သတင်းအချက်အလက် ရရှိနိုင်သည့် ချန်နယ်များကို ရယူအသုံးပြုခွင့် မရှိခြင်း၊ ဘာသာစကား၊ သတင်းအချက်အလက်၏ ပုံစံ၊ အဆိုပါ အကြောင်းအရာများအကြောင်း လူသိရှင်ကြားပြောရန် မလုံခြုံခြင်း)။
- အကယ်၍ ရှိပါက သတင်းအချက်အလက် ကွာဟမှု၏အကျိုးဆက်များက ဘာတွေလဲ။ (ဘာကိုဆိုလိုကြောင်း အကြံဉာဏ်များ လိုအပ်ပါက ဥပမာအချို့မှာ - အချို့သော လူထုအဖွဲ့များသည် အခြားသူများထက် ပို၍ ထိခိုက်ခံရသည်၊ အပျက်သဘောဆောင်သည့် ဖြေရှင်းရေး ယန္တရားစနစ်များ၊ အကြမ်းဖက်မှု၊ အကြပ်ကိုင်မှု၊ တမင်တကာ ပိတ်ပင်သည့် ဥပမာများ)

2. သင်သည် ဤနယ်မြေတွင် **တမင်တကာ** လည်ပတ်ပျံ့နှံ့နေသည့် သတင်းမှားအတွက် သက်သေဖြစ်ခဲ့ပါသလား သို့မဟုတ် ကြားခဲ့ပါသလား။ အကြောင်းအရာက ဘာပါလဲ၊ ဘယ်သူ့ကို ပစ်မှတ်ထားခဲ့ပါသလဲ၊ ဤလုပ်ကြံသတင်းကို ဘယ်သူဖန်တီးခဲ့သည်ဟု သင် ထင်ပါသလဲ၊ အဆိုပါ သတင်းအချက်အလက်ကို ဖြန့်ဖြူးရန် မည်သည့် ချန်နယ်များကို အသုံးပြုခဲ့ကြောင်းများနှင့် ၎င်းက ဘာကြောင့်ဖြစ်ရသည်ဟု သင်ထင်ပါသလဲ။

3. သင်သည် ဤနယ်မြေအတွင်း **အမှတ်မထင်**ပျံ့နှံ့နေသည့် သတင်းမှားအတွက် သက်သေဖြစ်ခဲ့ပါသလား သို့မဟုတ် ကြားခဲ့ပါသလား။ အကြောင်းအရာက ဘာပါလဲ၊ ဘယ်သူ့ကို ပစ်မှတ်ထားခဲ့ပါသလဲ၊ ဤလုပ်ကြံသတင်းကို ဘယ်သူဖန်တီးခဲ့သည်ဟု သင် ထင်ပါသလဲ၊ အဆိုပါ သတင်းအချက်အလက်ကို ဖြန့်ဖြူးရန် မည်သည့် ချန်နယ်များကို အသုံးပြုခဲ့ကြောင်းများနှင့် ၎င်း၏ အကျိုးဆက်များက ဘာဖြစ်သည်ဟု သင်ထင်ပါသလဲ။ (မေးခွန်း ၂ ရှိ လုပ်ကြံသတင်းနှင့် မေးခွန်း ၃ ရှိ သတင်းမှား ကြားရှိ ခြားနားခြင်းအား ကျေးဇူးပြု၍ မှတ်သားထားပါ)။

4. သင်သည် အသိုင်းအဝိုင်းအတွင်း ပျံ့နှံ့နေသည့် ကောလာဟလများအားသက်သေဖြစ်ခဲ့ပါသလား - ဤနယ်မြေအတွင်း အတည်မပြုနိုင်သည့် သတင်းအချက်အလက် ပျံ့နှံ့နိုင်ခြင်းက ဘာကြောင့်ဟု သင်ထင်ပါသလဲ။ (ဘာကိုဆိုလိုကြောင်း အကြံဉာဏ်များ လိုအပ်ပါက ဥပမာအချို့မှာ - သတင်းအချက်အလက် အသုံးပြုတတ်မှု နှင့်/သို့မဟုတ် ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှု နည်းပါးခြင်း၊ ယုံကြည်ရသည့် သတင်းအချက်အလက် အရင်းအမြစ်ကို ရယူအသုံးပြုခွင့် ကင်းမဲ့ခြင်း၊ သတင်းအချက်အလက်ချန်နယ်များကို ရယူအသုံးခွင့် ကင်းမဲ့ခြင်း)

5. သတင်းအချက်အလက်များအား အခမဲ့ ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူရန် ရပ်ရွာအသိုင်းအဝိုင်းအနေဖြင့် အတူတကွ စုစည်းနိုင်သည့် လုံခြုံသော နေရာတစ်ခုကို သင် သိပါသလား။ (ဘာကိုဆိုလိုကြောင်း အကြံဉာဏ်များ လိုအပ်ပါက ဥပမာအချို့မှာ - ရည်စူးလုပ်ဆောင်သည့် သတင်းအချက်အလက် စင်တာ၊ ဒေသခံ အသိုင်းအဝိုင်း စင်တာ၊ ရင်းရင်းနှီးနှီးပြောဆိုဆက်ဆံရန် သို့မဟုတ် ဂိမ်းများ ကစားကြရန် အများပြည်သူ စုဝေးလေ့ရှိသည့်နေရာ၊ သို့မဟုတ် ဒေသတွင်း ကျန်းမာရေး သို့မဟုတ် ဝန်ဆောင်မှုစင်တာတစ်ခု)

6. ဤရပ်ရွာအသိုင်းအဝိုင်းအတွက် **ဘေးကင်း** ပြီး **မှန်ကန်တိကျသည့်** သတင်းအချက်အလက်ကို **အဓိပ္ပါယ်ရှိရှိ** ရယူအသုံးပြုခွင့် တိုးတက်စေရန် ဘာလုပ်နိုင်ပါသလဲ။ ဤတိုးတက်မှုများကို တွန်းအားပေးရန် မည်သူသည် အကောင်းဆုံးနေရာတွင် ရှိနိုင်မည်ဟု သင် ထင်ပါသလဲ။ (ဘာကိုဆိုလိုကြောင်း အကြံပြုချက်များ လိုအပ်ပါက ဥပမာအချို့မှာ - လူပုဂ္ဂိုလ်တစ်ဦးချင်း၊ ရပ်ရွာအသိုင်းအဝိုင်း၊ ရပ်ရွာခေါင်းဆောင်များ၊ ဒေသခံအာဏာပိုင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မီဒီယာ၊ အစိုးရနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ)

## အကြောင်းအရာ ၂ - သတင်းအချက်အလက်ပေးသူမှ ရင်ဆိုင်ရသည့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များ

KII ၏ ဤအပိုင်းတွင် သင်သည် အဓိကသတင်းပေးသူများ ကိုယ်တိုင် ရင်ဆိုင်ရသည့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များအကြောင်း ဆွေးနွေးရန် စကားဝိုင်းသို့ ပြောင်းပါမည်။ စကားဝိုင်းတွင် ဤအကူးအပြောင်း၏ သတင်းအချက်အလက် ပံ့ပိုးသူအား သတိပေးရန် (အကြောင်းအရာ ၁ မှ အကြောင်းအရာ ၂ အထိ) နှင့် အသိုင်းအဝိုင်းအတွင်း အဓိက သတင်းအချက်အလက်ပေးသူ တစ်ယောက်အဖြစ် သတင်းအချက်အလက်များကို ၎င်းတို့ မည်သို့ ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူကြောင်းတို့ကို နားလည်သဘောပေါက်ရန် သင် စိတ်ဝင်စားကြောင်း ရှင်းပြရာတွင် အထောက်အကူဖြစ်နိုင်သည်။

1. သင် ဖန်တီး၊ မျှဝေ၊ ရှာဖွေ သို့မဟုတ် ရယူလိုသည့် သတင်းအချက်အလက် အကြောင်းအရာများ ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မရနိုင်တာရှိပါသလား။
    - အကယ်၍ ရှိပါက - ဤအချက်အလက်ကို ရယူအသုံးပြုရန် ဘယ်အရာက ခက်ခဲပါသလဲ။ (ဘာကိုဆိုလိုကြောင်း အကြံဉာဏ်များ လိုအပ်ပါက ဥပမာအချို့မှာ- အချက်အလက် မရရှိနိုင်ခြင်း၊ အချက်အလက်များ အလွန်အကျွံရရှိနိုင်ပြီး မည်သည့်အရာသည် တိကျမှန်ကန်ကြောင်း အတည်မပြုနိုင်ခြင်း၊ ယုံကြည်ရသည့် အရင်းအမြစ်များကို ရယူအသုံးပြုခွင့်မရှိခြင်း၊ သတင်းအချက်အလက်ရရှိနိုင်သည့် ချန်နယ်များကို ရယူအသုံးပြုခွင့် မရှိခြင်း၊ ဘာသာစကား၊ သတင်းအချက်အလက်၏ပုံစံ)။
2. သင် စိတ်မသက်မသာဖြစ်စေသော အကြောင်းအရာများ ရှိပါသလား၊ ၎င်းတို့အကြောင်း လူသိရှင်ကြားပြောဆိုပါက သင့်အား အန္တရာယ်ဖြစ်စေနိုင်ပါသလား။
3. သင်၏ သတင်းအချက်အလက်ပံ့ပိုးသူ အခန်းကဏ္ဍသည် သင့်လုံခြုံရေးအတွက် သီးခြားအန္တရာယ်များ ဖန်တီးနေသည်ဟု သင်ခံစားရပါသလား။ သင့်ကိုယ်သင် ကာကွယ်ရန် သင် ဘာလုပ်ပါမလဲ။
4. သင်၏ ဆက်သွယ်ပြောဆိုမှုများ (လူကိုယ်တိုင်၊ ဖုန်း သို့မဟုတ် အွန်လိုင်းပေါ်၌) ကို စောင့်ကြည့်နေသည်ဟု သင်ခံစားဖူးပါသလား။ ရှိပါက၊ ဘယ်လိုတုံ့ပြန်ခဲ့ပါသလဲ။ (ဘာကိုဆိုလိုကြောင်း အကြံဉာဏ်များ လိုအပ်ပါက ဥပမာအချို့မှာ -အကြောင်းအရာတစ်ခုအကြောင်း ပြောနေခြင်းကို ရပ်လိုက်ပါသလား၊ အကြောင်းအရာကို မပြောမဖြစ် ဆက်ပြောနေရပါသလား၊ လျှို့ဝှက်ဘာသာစကားကို အသုံးပြုပါသလား၊ ပိုလုံခြုံသည့် ဆက်သွယ်ပြောဆိုရေးလမ်းကြောင်းသို့ ပြောင်းခဲ့ပါသလား။)
5. သင့်ကဲ့သို့ သတင်းအချက်အလက် ပံ့ပိုးသူအတွက် **ဘေးကင်း** ပြီး **မှန်ကန်တိကျသည့်** သတင်းအချက်အလက်ကို **အဓိပ္ပါယ်ရှိရှိ** ရယူအသုံးပြုခွင့် တိုးတက်စေရန် ဘာလုပ်နိုင်ပါသလဲ။ အခြေအနေကို တိုးတက်အောင်လုပ်ရန် မည်သူသည် အကောင်းဆုံးနေရာတွင် ရှိနိုင်မည်ဟု သင် ထင်ပါသလဲ။ (ဘာကိုဆိုလိုကြောင်း အကြံပြုချက်များ လိုအပ်ပါက ဥပမာအချို့မှာ - လူပုဂ္ဂိုလ်တစ်ဦးချင်း၊ ရပ်ရွာအသိုင်းအဝိုင်း၊ ရပ်ရွာခေါင်းဆောင်များ၊ ဒေသခံအာဏာပိုင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ မီဒီယာ၊ အစိုးရနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ)

---

၄ အကာအကွယ်ပေးရေးဆိုင်ရာ အသုံးအနှုန်းအရ ၎င်းကို လုပ်ကြံသတင်းများ၏ မူလအစဟု ခေါ်ဆိုပါသည်။

**မှန်ကန်တိကျသော သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံစွာနှင့် အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့် -**

- ဘေးကင်းလုံခြုံမှု = သတင်းအချက်အလက် ဖန်တီးခြင်း၊ မျှဝေခြင်း၊ ရှာဖွေခြင်းနှင့် ရယူခြင်းသည် ရပ်ရွာအသိုင်းအဝိုင်းအတွက် အန္တရာယ်များ မဖန်တီးခြင်း
- အဓိပ္ပါယ်ရှိမှု = လူထုအုပ်စုအားလုံးအတွက် ၎င်းတို့၏ သတင်းအချက်အလက် လိုအပ်ချက်များနှင့် ဦးစားပေးမှုများအပေါ်အခြေခံ၍ သတင်းအချက်အလက်အား ရယူအသုံးပြုခွင့်ရှိခြင်း
- တိကျမှု = ရပ်ရွာအသိုင်းအဝိုင်းသည် သတင်းအချက်အလက်အား အတည်ပြုရန်နှင့် ခွဲခြမ်းစိတ်ဖြာရန် စွမ်းဆောင်ရည်ရှိခြင်း

KII လုပ်ပြီးသည်နှင့်တပြိုင်နက် အခြားလိုအပ်သော အချက်အလက်ကောက်ခံမှုများနှင့်အတူ သင်ရရှိထားသော သတင်းအချက်အလက်များကို လေ့လာသုံးသပ်ရန် သင် အသင့်ဖြစ်ပါပြီ။ **မိုဂျူး ၃ - သတင်းအချက်အလက်နှင့်ဆက်စပ်သည့်ကာကွယ်ရေးအန္တရာယ်များ လျှော့ချခြင်း - သုံးသပ်လေ့လာချက်မှုဘောင်**အခန်းတွင် ကေအိုင်အိုင်မှ ရရှိသောတုံ့ပြန်ချက်များအား သုံးသပ်လေ့လာနည်းများအပြင် သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံစွာနှင့် အဓိပ္ပာယ်ရှိစွာဝင်ရောက်ရှာဖွေကြည့်ရှုခွင့်များ ပိုမိုများပြားလာစေရေးအတွက် အကြံပြုချက်များအဖြစ်သို့ ပြောင်းလဲနည်းများအား လမ်းညွှန်ပြသထားပါသည်။ **မိုဂျူး ၂ - ပိုမိုဘေးကင်းလုံခြုံသော သတင်းအချက်အလက် ဂေဟစနစ် တစ်ခု ဖြစ်ပေါ်လာစေရန် ကျွန်ုပ်၏ လုပ်နည်းကိုင်နည်းများအား သင့်လျော်အောင် ပြင်ဆင်ခြင်းအားဖြင့် မည်သို့ပါဝင်ဆောင်ရွက်နိုင်သနည်း။** ဒေသတွင်း သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများအား ၎င်းတို့၏လှုပ်ရှားမှုများတွင် ထိုအကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းတွင် ကူညီပေးနိုင်ပါမည်။

နောက်ဆက်တွဲ ၆

# မီဒီယာ ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း ကိရိယာ

# နောက်ဆက်တွဲ ၆ - မီဒီယာ ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း ကိရိယာ

## ဤကိရိယာ၏ ရည်ရွယ်ချက်

ဤကိရိယာသည် မီဒီယာအပေါ် အထူးအာရုံစိုက်ထားကာ (1) သီးခြားအခြေအနေ တစ်ခုတွင် မီဒီယာနှင့်သတင်းထောက်များ ရင်ဆိုင်ရမည့် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များအား ခွဲခြားဖော်ထုတ်ရန်၊ နှင့် (2) ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာ၊ သတင်းအချက်အလက်ကို အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်၊ တာဝန်ယူမှုနှင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ ပါဝင်ဆောင်ရွက်မှုနှင့် စွမ်းဆောင်နိုင်မှုတို့ကို ၎င်းတို့၏ လှုပ်ရှားမှုများနှင့် အစီရင်ခံခြင်းတို့အတွင်း အစဉ်ထည့်သွင်းပါဝင်စေသည့် မီဒီယာကျင့်သုံးမှုများကို နားလည်စေရန်တို့ဖြစ်သည်။ ဤ FGD များမှ ဒေတာများကို သုံးသပ်လေ့လာခြင်းက သတင်းအချက်အလက် ဂေဟစနစ်၏ ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာမှုအကြောင်းကို အသိပေးမည်ဖြစ်ပြီး၊ တိကျသော အချက်အလက်များကို ဘေးကင်းပြီး အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုနိုင်စေမည့် ပရောဂျက်များကို ပူးတွဲဖော်ဆောင်ရန်အတွက် မီဒီယာများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအား ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ဤကိရိယာထဲတွင် ပေးအပ်ထားသည့် မေးခွန်းများသည် သီးခြားအခြေအနေအပေါ် မူတည်၍ မဟုတ်ပဲ သတင်းအချက်အလက်နှင့်ဆက်စပ်သည့်ကာကွယ်ရေးအန္တရာယ်များအား ပိုမိုနားလည်စေရန် ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်းများအား ဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် ဒေသတွင်းရှိ မီဒီယာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများအတွက် လမ်းညွှန်မှုတစ်ခုအဖြစ် ဆောင်ရွက်ပေးပါသည်။ ကိရိယာများသည် ရပ်ရွာအသိုင်းအဝိုင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများ

မတိုင်မီ အခြေအနေအကြောင်းအရာများနှင့် အမြဲလိုက်လျောညီထွေဖြစ်သင့်ပါသည်။ ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို သုံးသပ်လေ့လာချက်တစ်ခု လုပ်ဆောင်ခြင်း သို့မဟုတ် တိုက်တွန်းအကြံပြုချက်များ ဖော်ထုတ်ခြင်းအပေါ် အသေးစိတ်အချက်အလက်များရရှိရန် **မိုဂျူး ၃ အား ကြည့်ရှုပါ - သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးအန္တရာယ်များအား လျှော့ချခြင်း - သုံးသပ်လေ့လာချက်မူဘောင်တစ်ခု။**

## ချောမွေ့စေရန် အကြံပြုချက်များ -

- ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း (FGD) ချောမွေ့အောင် လမ်းညွှန်ချက်ရရှိရန် "ချောမွေ့စေရေးဆွေးနွေးမှု" လုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုကို ဆန်းစစ်ရန်အတွက် UNHCR ကိရိယာကို ကြည့်ပါ။
- ဤ FGD အား မတူညီသည့် ဒေသန္တရ၊ ဒေသဆိုင်ရာနှင့် နိုင်ငံလုံးဆိုင်ရာ မီဒီယာသတင်းဌာနများမှ ကိုယ်စားလှယ်များအား အတူတကွ ခေါ်ဆောင်လာသည့် စားပွဲဝိုင်းဆွေးနွေးပွဲ သို့မဟုတ် တစ်

ရက်တာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုအဖြစ် စီစဉ်နိုင်ပါသည်။ မီဒီယာအမျိုးအစားမျိုးစုံ (ရေဒီယို၊ သတင်းစာ၊ အွန်လိုင်း၊ တီဗီ စသဖြင့်) အား ပါဝင်စေခြင်းက မီဒီယာအခင်းအကျင်းကို ပိုမိုနက်ရှိုင်းစွာ ထိုးထွင်းသိမြင်နိုင်စေမည်ဖြစ်သည်။

- ဤအစီအစဉ်သည် လမ်းညွှန်ချက်များ [၁] အား တင်ပြရန်နှင့် အခန်းတွင်း ရှိနေသည့် မီဒီယာသတင်းဌာန တစ်ခုချင်းစီဖြင့် ၎င်းလမ်းညွှန်ချက်များအား ဝေငှရန် အခွင့်အရေးတစ်ခုဖြစ်ပါသည်။ ၎င်းသည် နောက်ဆက်တွဲတွင် ရရှိနိုင်သော လေ့ကျင့်ရေးအရင်းအမြစ်များ (သတင်းအချက်အလက်၊ ကာကွယ်ရေးနှင့် လုံခြုံရေးအစီအစဉ်) တို့ကို အသုံးပြု၍ တစ်ရက်တာသင်တန်းကိုလည်း ပူးတွဲစီစဉ်နိုင်မည်ဖြစ်သည်။

## အကြောင်းအရာ ၁ - မီဒီယာမှ ရင်ဆိုင်ရသည့် သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးအန္တရာယ်များ

FGD ၏ ဤကဏ္ဍသည် သတင်းဖန်တီးခြင်း၊ မျှဝေခြင်း၊ ရှာဖွေခြင်းနှင့် ရယူခြင်း အချက်အလက်နှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နှင့် အစိုးရအပါအဝင် ဒေသခံအသိုင်းအဝိုင်းများနှင့် အခြားသက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံရာတွင် မီဒီယာသရုပ်ဆောင်များ ရင်ဆိုင်ရမည့် အဓိကအန္တရာယ်များကို ဆွေးနွေးလမ်းညွှန်ပေးပါသည်။

ဤအပိုင်းသည် သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက် မူဘောင်၏ မဏ္ဍိုင်လေးရပ်ဆိုင်ရာ သတင်းအချက်အလက် ရယူရန်နှင့် သတင်းအချက်အလက် ဂေဟစနစ်၏ ကာကွယ်ရေးအန္တရာယ်များဆိုင်ရာ သုံးသပ်လေ့လာချက်ကို သိရှိအောင် သင့်အား ကူညီပေးရန် ရေးဆွဲထားပါသည်။ ကိရိယာများကို သင့်လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်အောင်လုပ်ဖို့ တွန့်ဆုတ်မနေပါနှင့်။

[၁] ဘေးကင်း၊ အဓိပ္ပါယ်ရှိပြီး တိကျမှန်ကန်သော သတင်းအချက်အလက် - သတင်းအချက်အလက် ဂေဟစနစ်များသို့ ကာကွယ်ရေးနည်းဖြင့် ချဉ်းကပ်ခြင်း - အထူးသဖြင့် မိုဂျူး ၄- ထိခိုက်မှုကို လျှော့ချပေးခြင်း - အရေးပေါ်အခြေအနေများတွင်း မီဒီယာနှင့်သတင်းထောက်များအတွက် လမ်းညွှန်ချက်

## iPAF သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်

### အကြောင်းအရာ

- အကျဉ်းအတည်း အကြောင်းအရာနှင့် ဆက်စပ်သော အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများ
- ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေး အခင်းအကျင်း
- အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေနှင့် စံနှုန်းဆိုင်ရာ အခင်းအကျင်း
- ရှေးရိုးထုံးစံနှင့် ဒစ်ဂျစ်တယ် သတင်းအချက်အလက် အခင်းအကျင်း

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုအတွက် အဓိက လုပ်ဆောင်သူများ
- သတင်းအချက်အလက်နှင့် ဆက်စပ် ကာကွယ်ရေး ခြိမ်းခြောက်မှု၏ ဇစ်မြစ်

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ဝိသေသလက္ခဏာများ
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေး ခြိမ်းခြောက်မှုများ၏ နောက်ဆက်တွဲအကျိုးဆက်
- ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ရင်ဆိုင်ဖြေရှင်းရေးနည်း ဗျူဟာများ

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရှိပြီးသား စွမ်းရည်များ

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (တစ်ဦးချင်း/ မိသားစုအဆင့် အလိုက်) ၏ စွမ်းဆောင်ရည်များ
- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (ဒေသန္တရအဆင့်တွင်) ၏ ဒေသဆိုင်ရာ လုပ်ထုံးလုပ်နည်းယန္တရားများနှင့် စွမ်းဆောင်ရည်များ
- ဒေသန္တရ၊ ဒေသတွင်းနှင့် နိုင်ငံအဆင့် မီဒီယာများ၏ စွမ်းဆောင်ရည်များ
- အဖွဲ့အစည်းဆိုင်ရာ၊ အခြား ယန္တရားများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စွမ်းဆောင်ရည်များ

1. သင်လုပ်ကိုင်လိုသော်လည်း အကြောင်းအချို့ကြောင့် မလုပ်ဆောင်နိုင်သည့် ခေါင်းစဉ်တစ်စုံတစ်ရာ ရှိပါသလား (“လုပ်ကိုင်လိုခြင်း" ဆိုသည်မှာ အချက်အလက်များ ရှာဖွေခြင်း/ သုတေသန လုပ်ဆောင်ခြင်း၊ အကြောင်းအရာ ဖန်တီးခြင်း၊ ဆောင်းပါးများ/အစီအစဉ်များ ထုတ်လွှင့်ခြင်း/ပုံနှိပ်ခြင်း/ဝေငှခြင်း၊ ဤအကြောင်းအရာနှင့် ပတ်သက်ပြီး သင် ရောက်ရှိစေလိုသူများထံသို့ ရောက်ရှိစေခြင်း)
   - အကယ်၍ ရှိပါက - ဤအကြောင်းအရာနှင့် ဆက်စပ်သည့် သတင်းအချက်အလက်ကို ရယူအသုံးပြုရန် ခက်ခဲပါသလား။ ခက်ခဲပါက၊ ဘာကြောင့်ပါလဲ။

ii. ဌာနတွင်း အကြောင်းပြချက်များ - (ဘာကိုဆိုလိုကြောင်း အကြံညဏ်များ လိုအပ်ပါက ဥပမာအချို့မှာ - တည်းဖြတ်မှုဆိုင်ရာ စီမံခန့်ခွဲမှု/ပိုင်ရှင်များထံမှ ခွင့်ပြုချက် မရရှိခြင်း၊ ၄င်းကို လုပ်ဆောင်ရန် အချိန်/ငွေကြေး မလုံလောက်ခြင်း)

iii. ပြင်ပ အကြောင်းပြချက်များ - (ဘာကိုဆိုလိုကြောင်း အကြံညဏ်များ လိုအပ်ပါက ဥပမာအချို့မှာ- အချက်အလက် မရရှိနိုင်ခြင်း၊ အချက်အလက်များ အလွန်အကျွံ ရရှိနိုင်ပြီး မည်သည့်အရာသည် တိကျမှန်ကန်ကြောင်း အတည်မပြုနိုင်ခြင်း၊ ယုံကြည်ရသည့် အရင်းအမြစ်များကို ရယူအသုံးပြုခွင့်မရှိခြင်း၊ သတင်းအချက်အလက် ရရှိနိုင်သည့် ချန်နယ်များကို ရယူအသုံးပြုခွင့် မရှိခြင်း၊ ဘာသာစကား၊ သတင်းအချက်အလက်၏ပုံစံ)။

2. အစီရင်ခံရာတွင် သင် စိတ်မသက်မသာဖြစ်စေသော အကြောင်းအရာများ ရှိပါသလား၊ ၎င်းတို့အကြောင်း လူသိရှင်ကြား ပြောဆိုပါက သင့်အား အန္တရာယ်ဖြစ်စေနိုင်ပါသလား။

3. သတင်းထောက်တစ်ယောက်အဖြစ် သင့်အခန်းကဏ္ဍက သီးခြားအန္တရာယ်များကို ဖန်တီးနေသည်ဟု သင် ခံစားရပါသလား။ ထိုဘေးအန္တရာယ်များက ဘာတွေပါလဲ။ (ဘာကိုဆိုလိုကြောင်း အကြံညဏ်များ လိုအပ်ပါက ဥပမာအချို့မှာ - ပုဂ္ဂိုလ်ရေးလုံခြုံမှုဆိုင်ရာ အန္တရာယ်၊ နှောင့်ယှက်မှု/ခွဲခြားဆက်ဆံမှုအန္တရာယ်များ၊ ဆွေမျိုးများနှင့် မိတ်ဆွေများအတွက် အန္တရာယ်များ)။ သင့်ကိုယ်သင် ကာကွယ်ရန် ဘာလုပ်ပါမလဲ။

4. သင်၏ ဆက်သွယ်ပြောဆိုမှုများ (လူကိုယ်တိုင်၊ ဖုန်း သို့မဟုတ် အွန်လိုင်း) ကို စောင့်ကြည့်နေသည်ဟု ခံစားဖူးပါသလား။ ရှိပါက ဘယ်လိုတုံ့ပြန်ခဲ့ပါသလဲ။ (ဘာကိုဆိုလိုကြောင်း အကြံညဏ်များ လိုအပ်ပါက ဥပမာအချို့မှာ - အကြောင်းအရာတစ်ခုအကြောင်း ပြောနေခြင်းကို ရပ်လိုက်ပါသလား၊ အကြောင်းအရာကို မပြောမဖြစ် ဆက်ပြောနေရပါသလား၊ လျှို့ဝှက်ဘာသာစကားကို အသုံးပြုပါသလား၊ ပိုလုံခြုံသည့် ဆက်သွယ်ပြောဆိုရေးလမ်းကြောင်းသို့ ပြောင်းခဲ့ပါသလား။)

5. အောက်ပါအဖွဲ့အစည်းများကြား ဆက်ဆံရေးကို သင် မည်သို့ ဖော်ပြပါမလဲ

- မီဒီယာနှင့် အရပ်ဘက်အဖွဲ့အစည်း -
- မီဒီယာနှင့် အစိုးရ -
- မီဒီယာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အသိုင်းအဝိုင်း -
- မီဒီယာနှင့် ၄င်း၏ပရိသတ် -
- (ဘာကိုဆိုလိုကြောင် အခြေအနေလိုအပ်ပါက စစ်တပ်၊ အခြား အာဏာရှိသူများ စသည်တို့ကဲ့သို့ အဓိက ပါဝင်ပတ်သက်သူများကို ပေါင်းထည့်ပါ)

**အကြံပြုချက်များ** - မေးခွန်းနံပါတ် ၅ တွင် မီဒီယာအကြောင်း ဖော်ပြသည့်အခါ ပါဝင်သူများအား ၎င်းတို့၏မီဒီယာသတင်းဌာနအတွက် အတွေ့အကြုံ သို့မဟုတ် ယေဘုယျအားဖြင့် မီဒီယာကဏ္ဍနှင့် ပတ်သက်၍ ပြောဆိုနိုင်ကြောင်း သိရှိစေပါ။ အဆိုပါ ပါဝင်ပတ်သက်သူများ ဆောင်ရွက်ခဲ့သော ညှိနှိုင်းဆောင်ရွက်မှုနှင့် လှုပ်ရှားမှုများ နှစ်ခုစလုံးအပြင် ဆက်ဆံရေး၏ သဘာဝ၊ ဥပမာ - အပြုသဘော၊ အပျက်သဘော၊ ကြားနေခြင်း ဟုတ်မဟုတ် စသည့် အသေးစိတ်အချက်များကို စုဆောင်းပါ။

6. သတင်းထောက်များနှင့် မီဒီယာများအတွက် **ဘေးကင်းလုံခြုံ** ပြီး **မှန်ကန်တိကျသည့်** သတင်းအချက်အလက်ကို**အစိပ်ပွါယ်ရှိရှိ**ရယူအသုံးပြုခွင့် တိုးတက်စေရန် ဘာလုပ်နိုင်ပါသလဲ။ အခြေအနေကို ပြောင်းလဲအောင်လုပ်ရန် မည်သူသည် အကောင်းဆုံးနေရာတွင် ရှိနိုင်မည်ဟု သင် ထင်ပါသလဲ။ (ဘာကိုဆိုလိုကြောင်း အကြံဉာဏ်များ လိုအပ်ပါက ဥပမာအချို့မှာ- လူတစ်ဦးချင်း၊ ရပ်ရွာအသိုင်းအဝိုင်း၊ ရပ်ရွာခေါင်းဆောင်များ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ မီဒီယာ၊ အစိုးရ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ၊ စသဖြင့်။)

**မှန်ကန်တိကျသော သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံစွာနှင့် အစိပ်ပွါယ်ရှိရှိ ရယူအသုံးပြုခွင့် -**

- ဘေးကင်းလုံခြုံမှု = သတင်းအချက်အလက် ဖန်တီးခြင်း၊ မျှဝေခြင်း၊ ရှာဖွေခြင်းနှင့် ရယူခြင်းသည် ရပ်ရွာအသိုင်းအဝိုင်းအတွက် အန္တရာယ်များ မဖန်တီးခြင်း
- အစိပ်ပွါယ်ရှိမှု = လူထုအုပ်စုအားလုံးအတွက် ၎င်းတို့၏ သတင်းအချက်အလက် လိုအပ်ချက်များနှင့် ဦးစားပေးမှုများအပေါ်အခြေခံ၍ သတင်းအချက်အလက်အား ရယူအသုံးပြုခွင့်ရှိခြင်း
- တိကျမှု = ရပ်ရွာအသိုင်းအဝိုင်းသည် သတင်းအချက်အလက်အား အတည်ပြုရန်နှင့် ခွဲခြမ်းစိတ်ဖြာရန် စွမ်းဆောင်ရည်ရှိခြင်း

## အကြောင်းအရာ ၂ - ကာကွယ်ရေး ဗဟိုအချက်အချာဆီ ဦးတည်သည့် မီဒီယာအလေ့အထများ

ဤအပိုင်းက မီဒီယာ၏လုပ်ပုံလုပ်နည်းများအပေါ် အာရုံစိုက်ထားပါသည်။ ၎င်းတွင် အစိတ်အပိုင်းလေးခု ပါဝင်သည် - လုံခြုံဘေးကင်းမှုနှင့် ဂုဏ်သိက္ခာ၊ အစိပ်ပွါယ်ရှိရှိ ရယူအသုံးပြုနိုင်မှု၊ တာဝန်ခံမှု၊ ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများ၏ ပါဝင်ဆောင်ရွက်မှုနှင့် အားပေးမှုတို့ဖြစ်သည်။

1. သင်နှင့်အတူလုပ်ဆောင်နေသည့် ပရိသတ်အား ဘေးကင်းလုံခြုံအောင် ကာကွယ်ရန် သင့်အဖွဲ့အစည်းတွင် မည်သို့သော အစီအမံများ ရှိပါသလဲ။ (ဘာကိုဆိုလိုကြောင်း အကြံပြုချက်များ လိုအပ်ပါက ဥပမာအချို့မှာ- မီဒီယာအကြောင်းအရာတွင် ဖော်ပြထားသော ရပ်ရွာအသိုင်းအဝိုင်းဝင်များ၏ အန္တရာယ်များကို ဆန်းစစ်ခြင်း၊ ဒေတာလုံခြုံရေးနှင့် ၂ ရင်းမြစ်များ သို့မဟုတ် ပရိသတ်မှ ပံ့ပိုးပေးသော မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားဖော်ပြသည့် အချက်အလက်များကို ကာကွယ်ပေးခြင်း၊ မူဝါဒများနှင့် ဆိုရှယ်မီဒီယာ ပလက်ဖောင်းကို ထိန်းညှိကြီးကြပ်ပေးရန်အတွက် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားမှုများ။)

2. သတင်းထောက်များနှင့် အခြားဝန်ထမ်းများ ဘေးကင်းလုံခြုံအောင် ကာကွယ်ပေးရန် သင့်အဖွဲ့အစည်းတွင် မည်သို့သော အစီအမံများ ရှိပါသလဲ။ (ဘာကိုဆိုလိုကြောင်း အကြံပြုချက်များ လိုအပ်ပါက ဥပမာအချို့မှာ - လေ့ကျင့်သင်ကြားမှု၊ မူဝါဒများနှင့် ကျင့်ထုံးများ)။

3. သင်၏ အမှတ်တံဆိပ် (အခြားနည်းဖြင့်ဆိုရလျှင် သင်၏ မီဒီယာသတင်းဌာန၏ ဂုဏ်သတင်းဟု သိကြသည်) ဘေးကင်းလုံခြုံအောင် ကာကွယ်ရန် သင့်အဖွဲ့အစည်းတွင် မည်သည့်အစီအမံများ ရှိပါသလဲ)။ (ဘာကိုဆိုလိုကြောင်း အကြံပြုချက်များ လိုအပ်ပါက ဥပမာအချို့မှာ - အမှီအခိုကင်းစွာ လုပ်ဆောင်နိုင်သော စွမ်းဆောင်ရည်၊ ပါဝါရှိသူများနှင့် ပရိတ်သတ်များ၏ ပါဝင်လိုစိတ်၊ ဂုဏ်သိက္ခာ)

4. ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းအား ပစ်မှတ်ထားသည့် သတင်းအချက်အလက်များကို သင် ထုတ်ပေးပါသလား။ ၄င်းတို့၏ သီးခြားလိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိအောင် သင် မည်သို့လုပ်ပါသလဲ။ (ဘာကိုဆိုလိုကြောင်း အကြံပြုချက်များ လိုအပ်ပါက ဥပမာ အချို့မှာ - သတင်းအချက်အလက်လိုအပ်ချက်များနှင့် ရွေးချယ်ထားသည့် အကြောင်းအရာ များ၊ ဘာသာစကား၊ ပလက်ဖောင်းများ ကဲ့သို့ ဦးစားပေးချက်များ) ထိခိုက်ခံရသည့် ရပ်ရွာ အသိုင်းအဝိုင်းနှင့် ဆက်စပ်သည့် သတင်းအချက်အလက် ဖန်တီးရေးတွင် သင်ရင်ဆိုင်ရသည့် အတားအဆီးများက ဘာတွေပါလဲ။
5. သင့်ပရိတ်သတ်ထံမှ တုံ့ပြန်ချက်အား လက်ခံရယူရန် နည်းလမ်းများ ရှိပါသလား။ ၄င်းတွင် အွန်လိုင်း သို့မဟုတ် အွန်လိုင်းမဟုတ်သည့် နည်းလမ်းများ သို့မဟုတ် နှစ်ခုစလုံး ပါဝင်ပါသလား။ အဆိုပါ တုံ့ပြန်ချက်ဖြင့် သင် ဘာလုပ်ပါသလဲ။
6. ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းနှင့် ပူးတွဲဖော်ထုတ်ထားသည့် စီမံကိန်းများ ရှိပါသလား။ (ဘာကိုဆိုလိုကြောင်း အကြံပြုချက်များ လိုအပ်ပါက ဥပမာအချို့မှာ - ရပ်ရွာအသိုင်းအဝိုင်းဝင်များမှ ကူညီအကြံပေးထားသည့် အစီရင်ခံရန်စိတ်ကူးများအား အစီရင်ခံမှု အတွဲများ)
7. ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းအား ၎င်းတို့၏ အခွင့်အရေးများနှင့်ဆိုင်သည့် သတင်းအချက်အလက်များပေးရန် ရည်ရွယ်ထားသည့် စီမံကိန်းများရှိပါသလား။ (ဘာကိုဆိုလိုကြောင်း အကြံပြုချက်များ လိုအပ်ပါက ဥပမာအချို့မှာ - ရပ်ရွာအသိုင်းအဝိုင်းအတွက် သတ်မှတ်ချက်ပြည့်မီသော ဥပဒေရေးရာ အခွင့်အရေးများ သို့မဟုတ် ဝန်ဆောင်မှုများအကြောင်း အစီရင်ခံမှုများ၊ ဥပမာ - ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းအတွက် ရရှိနိုင်သော ဝန်ဆောင်မှုများ အကြောင်း ပြောဆိုရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သို့မဟုတ် အစိုးရ ကိုယ်စားလှယ်များကို ခေါ်ဆောင်လာသည့် ရေဒီယိုရှိုးတစ်ခု)

KII လုပ်ပြီးသည်နှင့်တပြိုင်နက် အခြားလိုအပ်သော အချက်အလက်ကောက်ခံမှုများနှင့်အတူ သင်ရရှိထားသော သတင်းအချက်အလက်များကို လေ့လာသုံးသပ်ရန် သင် အသင့်ဖြစ်ပါပြီ။ **မိုဂျူး ၃ - သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို လျှော့ချခြင်း - သုံးသပ်လေ့လာချက်မှုဘောင်**အခန်းတွင် FGD မှ ရရှိသော တုံ့ပြန်ချက်များအား သုံးသပ်လေ့လာနည်းများအပြင် သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံစွာနှင့် အဓိပ္ပာယ်ရှိရှိ ရယူအသုံးပြုခွင့် ပိုမိုများပြားလာစေရေး အတွက် အကြံပြုချက်များအဖြစ်သို့ ပြောင်းလဲနည်းများအား လမ်းညွှန်ပြသထားပါသည်။ **မိုဂျူး ၂ - ကျွန်ုပ်၏ လုပ်ကိုင်ပုံနည်းလမ်းများကို လိုက်လျောညီထွေဖြစ်အောင်ပြုလုပ်ခြင်းဖြင့် ပိုမိုဘေးကင်းလုံခြုံသော သတင်းအချက်အလက်ဂေဟစနစ်သို့ ကျွန်ုပ် မည်ကဲ့သို့ ထည့်ဝင်ကူညီနိုင်ပါမလဲ။** က ဒေသခံမီဒီယာများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအနေဖြင့် ဒေသတွင်းမီဒီယာများသည် ၎င်းတို့၏ ဌာနတွင်းမူဝါဒများနှင့် ကာကွယ်ပေးရေးကို ၎င်းတို့၏လုပ်ငန်းဇဟိုချက်တွင် ထားရှိရန် လုပ်ကိုင်သည့်နည်းလမ်းများကို မည်သို့အားကောင်းစေနိုင်ကြောင်း ကူညီဆန်းစစ်ပေးပါမည်။ ဤလမ်းညွှန်ချက်သည် ဒေသခံ မီဒီယာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများအား ဒေသတွင်း မီဒီယာများ၏ ပါဝင်မှုနှင့် စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးမည့် စီမံကိန်းများကို ပူးတွဲဖော်ထုတ်ခွင့်လည်း ပြုပေးနိုင်ပါလိမ့်မည်။

---

၂ မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်ဆိုသည်မှာ တစ်စုံတစ်ဦး၏ အထောက်အထားကို ညွှန်ပြသော အချက်အလက်များ သို့မဟုတ် စာဖတ်သူမှ ကောက်ချက်ချနိုင်သည့် အချက်အလက်များအဖြစ် အဓိပ္ပါယ်သတ်မှတ်သည်။ ဥပမာအားဖြင့် အမည်အပြည့်အစုံ၊ လိပ်စာများ၊ အမည်ပွားများ သို့မဟုတ် ဖုန်းနံပါတ်များ။

နောက်ဆက်တွဲ ၇

# သတင်းအချက်အလက် ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်

# နောက်ဆက်တွဲ ၇ - သတင်းအချက်အလက် ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်

ပိုမိုဘေးကင်းလုံခြုံသည့် သတင်းအချက်အလက် ဂေဟစနစ်တစ်ခုအား ဖြည့်ဆည်းရန် သတင်းအချက်အလက် ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်အား မည်သို့အသုံးပြုနိုင်ကြောင်း လမ်းညွှန်ချက်ရရှိရန် မို်ဂျူး ၃ ကို ကြည့်ပါ။ အချက်အလက်ကောက်ခံခြင်း နည်းကိရိယာပုံစံများကို နောက်ဆက်တွဲများ (ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း၊ အဓိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းခြင်း၊ အိမ်ထောင်စုစစ်တမ်း) တွင် ရရှိနိုင်ပါသည်။

## PAF သတင်းအချက်အလက်ကာကွယ်ရေး သုံးသပ်လေ့လာချက်မူဘောင်

### အကြောင်းအရာ

- အကျုပ်အတည်း အကြောင်းအရာနှင့် ဆက်စပ်သော အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများ
- ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေး အခင်းအကျင်း
- အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေနှင့် စံနှုန်းဆိုင်ရာ အခင်းအကျင်း
- ရှေးရိုးထုံးစံနှင့် ဒစ်ဂျစ်တယ် သတင်းအချက်အလက် အခင်းအကျင်း

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုအတွက် အဓိက လုပ်ဆောင်သူများ
- သတင်းအချက်အလက်နှင့် ဆက်စပ် ကာကွယ်ရေး ခြိမ်းခြောက်မှု၏ ဇစ်မြစ်

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ဝိသေသလက္ခဏာများ
- သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေး ခြိမ်းခြောက်မှုများ၏ နောက်ဆက်တွဲအကျိုးဆက်
- ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ရင်ဆိုင်ဖြေရှင်းရေးနည်း ဗျူဟာများ

### သတင်းအချက်အလက်နှင့် ဆက်စပ်ကာကွယ်ရေးခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရှိပြီးသား စွမ်းရည်များ

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (တစ်ဦးချင်း/ မိသားစုအဆင့် အလိုက်) ၏ စွမ်းဆောင်ရည်များ
- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (ဒေသန္တရအဆင့်တွင်) ၏ ဒေသဆိုင်ရာ လုပ်ထုံးလုပ်နည်းယန္တရားများနှင့် စွမ်းဆောင်ရည်များ
- ဒေသန္တရ၊ ဒေသတွင်းနှင့် နိုင်ငံအဆင့် မီဒီယာများ၏ စွမ်းဆောင်ရည်များ
- အဖွဲ့အစည်းဆိုင်ရာ၊ အခြား ယန္တရားများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စွမ်းဆောင်ရည်များ

# အကြောင်းအရာ

ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ ရှင်သန်နေထိုင်မှု အခြေအနေကို နားလည်ခြင်းသည် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ကာကွယ်ရေးအန္တရာယ်များ၏ အရင်းခံ သို့မဟုတ် ပေါင်းစပ်ပါဝင်နေသော ဖွဲ့စည်းပုံဆိုင်ရာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အချက်များကို ဆုံးဖြတ်ရာတွင် ပဓာနကျပါသည်။ ဆက်စပ်အခြေအနေဆိုင်ရာ မဏ္ဍိုင်သည် ထိုအန္တရာယ်များအတွက် လိုက်လျောညီထွေရှိသည့် အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာများကိုလည်း အသိပေးနိုင်ပါသည်။

**၁။ အကျပ်အတည်း အကြောင်းအရာနှင့် ဆက်စပ်သော လူအစုအဖွဲ့များအကြား အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများ -**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းသို့ ဦးတည်ပြီး အမြဲမပြတ်ဖြစ်စေသည့် အတိတ်နှင့် လက်ရှိ ခေတ်ရေစီးကြောင်းများအား လေ့လာဆန်းစစ်၍ ဖော်ထုတ်ပါ။

**သုံးသပ်လေ့လာချက် မေးခွန်းများ -**

- ထိုသတင်းအချက်အလက် လိုအပ်ချက်များ သို့မဟုတ် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများသည် အသစ်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် တိုက်ရိုက် ဆက်စပ်နေပါသလား။ သို့မဟုတ် ၎င်းတို့သည် နိုင်ငံရေး၊ လူမှု-စီးပွားရေးနှင့် မီဒီယာအခင်းအကျင်းနှင့် ဆက်စပ်သော ဖွဲ့စည်းပုံဆိုင်ရာ လိုအပ်ချက်များ ဖြစ်ပါသလား။
- သတင်းအချက်အလက်ထုတ်လုပ်မှုအတွက် တာဝန်ရှိသော လုပ်ဆောင်သူများနှင့် လူ့အသိုင်းအဝိုင်းများအကြား၊ သို့မဟုတ် လုပ်ကြံသတင်းဖန်တီးသူ မည်သူမဆိုနှင့် လူ့အသိုင်းအဝိုင်းများအကြားက လူအစုအဖွဲ့များအကြား အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများနှင့် လူမှုဆက်ဆံရေးများက မည်သည်တို့နည်း။
- လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ပြေလည်ခြင်း (အရေးပေါ်မဟုတ်သော အခြေအနေတစ်ခုသို့ ကူးပြောင်းခြင်း) သည် သတင်းအချက်အလက်အတွက် လိုအပ်ချက်များကို ဖြေရှင်းပြီး သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများကို ဖယ်ရှားပေးပါမည်လား။

**၂။ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေးဆိုင်ရာ အခင်းအကျင်း -**

သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်နှင့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များအပေါ် လွှမ်းမိုးသော ခေတ်ရေစီးကြောင်းများအပြင် ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေးအခြေအနေများကို လေ့လာဆန်းစစ်ပါသည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ယဉ်ကျေးမှု (ဘာသာစကား၊ ကျားမဆိုင်ရာ စံနှုန်းများ၊ ဖယ်ကျဉ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်း) နှင့် လူမှု-စီးပွားရေး အချက်များသည် သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို ဖွဲ့စည်းပုံဆိုင်ရာ ပံ့ပိုးသူများ သို့မဟုတ် အတားအဆီးများအဖြစ် မည်သည့်အဆင့်အထိ ဆောင်ရွက်

နေပါသလဲ။ ထိုအချက်များသည် သတင်းအချက်အလက်နှင့်ဆက်စပ်သည့်ကာကွယ်ရေး ဆိုင်ရာ ခြိမ်းခြောက်မှုများအပေါ် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ ထိခိုက်လွယ်မှု သို့မဟုတ် ထိုခြိမ်းခြောက်မှုများကို ရင်ဆိုင်ရန် လူထု၏စွမ်းရည်ကို မည်သို့ ပိုဆိုးစေသလဲ သို့မဟုတ် လျော့နည်းစေပါသလဲ။

- မီဒီယာများသည် ပြည်သူ့ရန်ပုံငွေအပေါ် မှီခိုရခြင်း အပါအဝင် နိုင်ငံရေးဖိအားမှ လွတ်လွတ်ကင်းကင်းဖြင့် အကြောင်းအရာများကို ထုတ်လုပ်နိုင်ပြီး အစိုးရနှင့် အခြားလုပ်ဆောင်သူများ၏ မူဝါဒများနှင့် လုပ်ဆောင်ချက်များအတွက် သတင်းစာထဲတွင် တာဝန်ခံစေနိုင်ပါသလား။ ရန်ပုံငွေ/ပိုင်ဆိုင်မှု စွမ်းရည်ကြီးမားသော အခြားပုဂ္ဂလိက အဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်များ၏ တည်းဖြတ်နိုင်သော အကြောင်းအရာအပေါ် လွှမ်းမိုးမှုကိုလည်း ကြည့်သင့်ပါသည်။
- နိုင်ငံရေးအခင်းအကျင်းကို လွှမ်းမိုးရန်နှင့် မီဒီယာနှင့် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များကို အကြံပြုထောက်ခံပေးရန် အာဏာနှင့် လွတ်လပ်မှုရှိသော အရပ်ဘက် လူမှုအဖွဲ့အစည်းများ ရှိပါသလား။

**၃။ အဖွဲ့အစည်း၊ ဥပဒေနှင့် စံနှုန်းဆိုင်ရာ အခင်းအကျင်း -**

မီဒီယာနှင့် လူပုဂ္ဂိုလ်များက အွန်လိုင်းနှင့် အော့ဖ်လိုင်း သတင်းအချက်အလက်များကို ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူရာတွင် ကာကွယ်ပေးသော သို့မဟုတ် အန္တရာယ်ဖြစ်စေသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ စံနှုန်းများနှင့် လူမှုအလေ့အထများကို သုံးသပ်လေ့လာရာတွင် ကူညီပေးပါသည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းလွတ်လပ်ခွင့် အခြေအနေက ဘယ်လိုရှိပါသလဲ။ မီဒီယာပညာရှင်များအပေါ် အကြမ်းဖက်မှုကို ကာကွယ်တုံ့ပြန်ရန်နှင့် သတင်းအချက်အလက်အရင်းအမြစ်များကို ကာကွယ်ရန် ဥပဒေများ ရှိပါသလား။
- သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသော သီးခြား နိုင်ငံတော်ဥပဒေများ ရှိပါသလား။ ဒစ်ဂျစ်တယ်လုံခြုံရေးနှင့် လုပ်ကြံသတင်းဆိုင်ရာ စံသတ်မှတ်ချက်မူဘောင်အပါအဝင် ထိုခြိမ်းခြောက်မှုများကို ကာကွယ်နိုင်မည့် သို့မဟုတ် လျှော့ချနိုင်မည့် ဥပဒေများ ပျောက်ဆုံးနေပါသလား။
- သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးခြိမ်းခြောက်မှုကို ဖြစ်ပေါ်စေသော အခြားလူမှုရေး၊ ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများ သို့မဟုတ် အလေ့အထများ ရှိပါသလား။

**၄။ ရိုးရာနှင့် ဒစ်ဂျစ်တယ် သတင်းအချက်အလက်ဆိုင်ရာ အခင်းအကျင်း -**

ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော သတင်းအချက်အလက်များကို ဖန်တီးရန် သတင်းအချက်အလက်ပေးသူများ၏ လွှမ်းခြုံနိုင်မှုနှင့် စွမ်းဆောင်ရည်ကို ဖော်ထုတ်လေ့လာရန်နှင့် ၎င်းသည် သတင်းအချက်အလက်နှင့်ဆက်စပ်သည့်

ခြိမ်းခြောက်မှုအမျိုးမျိုးကို လျှော့ချ နှင့်/သို့မဟုတ် ဖန်တီးရာတွင် မည်သို့အထောက်အကူပြုသည်ကို ခွဲခြားဖော်ထုတ်ပြီး လေ့လာသုံးသပ်သည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- သမားရိုးကျ မီဒီယာ (သတင်းစာများ၊ ရေဒီယိုနှင့် တီဗွီ) နှင့် အခြားသတင်းအချက်အလက် ပံ့ပိုးသူများ၏ ပထဝီအနေအထားအရ လွှမ်းခြုံမှု၊ ကုန်ကျစရိတ်နှင့် ဘာသာစကားတို့သည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များနှင့် ဦးစားပေးချက်များနှင့် ကိုက်ညီပါသလား။
- ဒစ်ဂျစ်တယ်မီဒီယာ (သတင်းဝက်ဘ်ဆိုက်၊ လူမှုမီဒီယာပလက်ဖောင်းများ) နှင့် အခြားသတင်းပေးသူများ၏ ပထဝီဝင်လွှမ်းခြုံမှု (မိုဘိုင်းနှင့် အင်တာနက်သုံးစွဲမှု၊ သုံးစွဲမှုပုံစံ အပါအဝင်)၊ ကုန်ကျစရိတ်နှင့် ဘာသာစကားသည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များနှင့် ဦးစားပေးမှုများနှင့် ကိုက်ညီပါသလား။
- ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများကြား ယုံကြည်မှုတည်ဆောက်နိုင်မည့် အတိုင်းအတာတစ်ခုဖြင့် လုပ်ငန်းဆောင်ရွက်ရန် တသီးပုဂ္ဂလ မီဒီယာသတင်းဌာနများ (အကြီး၊ အသေး၊ အွန်လိုင်းနှင့် အော့ဖ်လိုင်း) နှင့် အခြား သတင်းအချက်အလက် ပံ့ပိုးသူများ၏ စွမ်းဆောင်ရည် မည်သို့ရှိပါသလဲ။ ၎င်းတွင် ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် သတင်းအချက်အလက်ကောင်းများကို ဖန်တီး၊ စနစ်တကျ စီစဉ်ဖွဲ့စည်းပြီး ဖြန့်ဝေနိုင်စွမ်းအပြင် အသုံးပြုသူပရိသတ်ထံမှ တုံ့ပြန်အကြံပြုပေးရန် တိုက်တွန်းအားပေးသော နှစ်လမ်းသွားဆက်သွယ်ပြောဆိုမှုများကို ဘေးကင်းလုံခြုံစွာ ရယူအသုံးပြုနိုင်ခွင့်ပေးခြင်းတို့ ပါဝင်သည်။

# ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ပေးသူများအပေါ် သက်ရောက်နေသော လတ်တလော သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများ

ခြိမ်းခြောက်မှု၏ သဘာဝကို နားလည်ခြင်း - လူသားလုပ်ဆောင်မှုများ သို့မဟုတ် လူသားလုပ်ဆောင်ချက်များ၏ ရလဒ်များက အကြမ်းဖက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ တမင်ရည်ရွယ်၍ ပိတ်ပင်ခြင်းတို့ကို ဖြစ်စေကြောင်း၊ ထိုခြိမ်းခြောက်မှု၏ မူလအကြောင်းရင်းများ (လှုံ့ဆော်မှုများ၊ တွန်းအားပေးသူများနှင့် အခြေခံအကြောင်းရင်းများ)၊ မည်သည့် လုပ်ဆောင်သူများက ခြိမ်းခြောက်မှုကို ဖြစ်စေပြီး မည်သည့် လုပ်ဆောင်သူများက ထိခိုက်ခံရသော ရပ်ရွာအသိုက်အဝန်းများအား ထိုခြိမ်းခြောက်မှုမှ ကာကွယ်ပေးသင့်ကြောင်း နားလည်ရပါမည်။

**၁။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှုများ -**

ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု တစ်ခုချင်းစီအတွက် ထိခိုက်ခံရသူများနှင့် သတင်းအချက်အလက် ပံ့ပိုးသူများအား ထိခိုက်စေသော သတင်းအချက်အလက်နှင့် ဆက်စပ်သည့် လူသားလုပ်ဆောင်ချက်များ သို့မဟုတ် လူသားလုပ်ဆောင်ချက်များ၏ ရလဒ်များကို ခွဲခြားဖော်ထုတ်၍ သုံးသပ်လေ့လာပါ။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- လက်ရှိတွင် ထိခိုက်ခံရသူများအပေါ် အကြမ်းဖက်ခြင်း၊ အကျပ်ကိုင်ခြင်း သို့မဟုတ် တမင်ရည်ရွယ်၍ ပိတ်ပင်ခြင်းတို့ကို ဖြစ်ပေါ်စေသော သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများက ဘာတွေပါလဲ။
- ခြိမ်းခြောက်မှုသည် အပြုအမူ သို့မဟုတ် လုပ်ဆောင်ချက်၊ အဖွဲ့အစည်း/အုပ်စု အလေ့အထ၊ အစိုးရမဟုတ်သော သို့မဟုတ် အစိုးရမူဝါဒ သို့မဟုတ် ယန္တရားတစ်ခု ဖြစ်ပါသလား။

**၂။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုအတွက် တာဝန်ရှိသည့် အဓိက ဆောင်ရွက်သူများ -**

ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု တစ်ခုချင်းစီအတွက် ထိုကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု နောက်ကွယ်မှ အပြုအမူများ၊ အလေ့အထများ သို့မဟုတ် မူဝါဒများကို ခွဲခြားဖော်ထုတ်၍ သုံးသပ်လေ့လာပါ။ ၎င်းတို့တွင် လူထုအား တိုက်ရိုက်ထိခိုက်စေသော လုပ်ဆောင်သူ(များ)၏ အပြုအမူများ၊ ကာကွယ်ပေးရန် သီးသန့်တာဝန်ရှိသော လုပ်ဆောင်သူ(များ)နှင့် ခြိမ်းခြောက်မှု ဖြစ်ပွားခြင်းအပေါ် အပြုသဘော သို့မဟုတ် အဖျက်သဘော လွှမ်းမိုးမှုရှိသော လုပ်ဆောင်သူ(များ) ပါဝင်နိုင်သည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ခြိမ်းခြောက်မှုကို တိုက်ရိုက်ဖြစ်စေသော လုပ်ဆောင်သူများက ဘယ်သူတွေလဲ။ ၎င်းတို့၏ စိတ်ဓာတ်လှုံ့ဆော်မှု အရင်းခံအကြောင်းများနှင့် မက်လုံးများက ဘာတွေပါလဲ။ တိုက်ရိုက် လုပ်ဆောင်မှုကို ကျူးလွန်လုပ်ဆောင်သူများနှင့် ထိခိုက်ခံရသူများကြား ဆက်စပ်ချက်က ဘာ ပါလဲ။ ပင်မလုပ်ဆောင်သူအပေါ် လွှမ်းမိုးနိုင်မည့် အခြားလုပ်ဆောင်သူများ ရှိနိုင်ပါသလား။
- အန္တရာယ်ကို ဖြေရှင်းရန်၊ လျှော့ချရန် သို့မဟုတ် တားဆီးရန် တာဝန်ရှိသော လုပ်ဆောင်သူ(များ) သည် ၎င်းတို့၏စွမ်းဆောင်ရည်အတွင်း တတ်နိုင်သမျှ လုပ်ဆောင်နေပါသလား။ မလုပ်ဆောင် နေပါက ဘာကြောင့်ပါလဲ။ လုပ်ဆောင်နေပါက ခြိမ်းခြောက်မှုများ၊ ချိုးဖောက်မှုများ သို့မဟုတ် အလွဲသုံးစားပြုမှုများ ဘာကြောင့် ဆက်လက်ဖြစ်ပွားနေပါသလဲ။
- ထိုခြိမ်းခြောက်မှုအတွက် သတင်းပို့နိုင်သောယန္တရားများ ရှိပါသလား၊ ထိခိုက်ခံရသည့် ရပ်ရွာ အသိုင်းအဝိုင်းများသည် ၎င်းတို့ကို အမှီအခိုမရှိဘဲ လုံခြုံဘေးကင်းစွာ ရယူအသုံးပြုနိုင်ပါသလား။

**၃။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှု၏ မူလအစ -**

ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် အကာအကွယ်ပေးရေးကို ခြိမ်းခြောက်မှု တစ်ခုချင်းစီအတွက် ကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှု၏ သီးခြား အကြောင်းရင်းများနှင့် လှုံ့ဆော်မှုများကို သုံးသပ် လေ့လာ၍ ဖော်ထုတ်သည်။ လူထုအပေါ်သက်ရောက်မှုများနှင့် ချက်ချင်းအကျိုးဆက်များအပြင် ခြိမ်းခြောက်မှုအပေါ် တွန်းအားပေးမှုများကို ကိုင်တွယ်ပြောဆိုခြင်းဖြင့် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုကို တုံ့ပြန်ရန် အကောင်းဆုံး နည်းဗျူဟာကို နားလည်အောင် ဤအချက်အလက် များကို အသုံးပြုပါ။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု၏ သဘာဝက ဘာပါလဲ (ဆိုလိုသည်မှာ ၎င်းတို့သည် တမင် လုပ်ထားခြင်း၊ ညှိနှိုင်းဆောင်ရွက်ထားခြင်း သို့မဟုတ် အခွင့်အရေးယူထားခြင်းများ ဖြစ်ပါ သလား)။
- ခြိမ်းခြောက်မှုကို တိုက်ရိုက်ဖြစ်စေသော လုပ်ဆောင်သူများ သို့မဟုတ် ခြိမ်းခြောက်မှုအပေါ် လွှမ်းမိုးမှုရှိသော လုပ်ဆောင်သူများ၏ အပြုအမူများကို မည်သည့်အချက်များက တွန်းအား ပေးပါသလဲ။
- အချိန်ကာလအလိုက် ခြိမ်းခြောက်မှု သို့မဟုတ် လုပ်ဆောင်သူများ၏ အပြုအမူများ၊ စိတ်ခံစား ချက်များ သို့မဟုတ် နည်းပရိယာယ်များ မည်သို့ပြောင်းလဲခဲ့ပါသလဲ။

# ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးသူများအပေါ် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှု၏ အကျိုးသက်ရောက်မှု

ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် ခြိမ်းခြောက်မှုအပေါ် ထူးထူးခြားခြား ထိခိုက်လွယ်မှုသာမက ထိုခြိမ်းခြောက်မှုကို ရင်ဆိုင်နိုင်စွမ်း (မဏ္ဍိုင် ၄) အပေါ်လည်း မူတည်၍ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှု တစ်ခုချင်းစီက မတူညီသော အုပ်စုအပိုင်းများအပေါ် ကွဲပြားခြားနားစွာ သက်ရောက်စေမည်ဖြစ်သည်။ ထိခိုက်ခံရသူများ၏ လက္ခဏာရပ်များ၊ လူထုအုပ်စုတစ်ခုချင်းစီနှင့် ထိခိုက်ခံရသောနေရာများအပေါ် ခြိမ်းခြောက်မှု၏ အကျိုးဆက်များနှင့် ထိုအကျိုးဆက်များအပေါ် ထိခိုက်ခံရသူများ၏ အပြုသဘောနှင့် အဖျက်သဘောဆောင်သော တုံ့ပြန်မှုများကို ဖော်ထုတ်ခြင်းဖြင့် အုပ်စုတစ်ခုချင်းစီ၏ သီးခြားလိုအပ်ချက်များနှင့် ကိုက်ညီသော ရပ်ရွာအသိုင်းအဝိုင်းအခြေပြု အန္တရာယ်သက်သာလျော့ပါးရေး နည်းဗျူဟာများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူဖြစ်စေပါမည်။

**၁။ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ပေးသူများ၏ ထူးခြားသော ဝိသေသလက္ခဏာများ -**

ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု တစ်ခုချင်းအတွက် အဆိုပါ ခွဲခြားဖော်ထုတ်ထားသော ခြိမ်းခြောက်မှုကြောင့် ထိခိုက်လွယ်နိုင်သည့် သီးခြားနေရာတစ်ခုရှိ သတင်းအချက်အလက် ပံ့ပိုးသူများအပါအဝင် လူအုပ်စုတစ်ခုကို ဖွဲ့စည်းဖြစ်ပေါ်စေသော အချက်များကို ခွဲခြားဖော်ထုတ်၍ သုံးသပ်လေ့လာသည်။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုအပေါ် ထိတွေ့မှုသည် ကျား/မ၊ လူမျိုးစု၊ အသက်အရွယ်၊ အဆင့်အတန်း စသည့် ကျယ်ပြန့်သော အချက်များအပြင် စာတတ်မြောက်မှု၊ သတင်းအချက်အလက် အသုံးပြုတတ်မှု၊ ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှုနှင့် ဆက်စပ်သော သတင်းအချက်အလက် လိုအပ်ချက်များနှင့် ဦးစားပေးမှုများပေါ်တွင်လည်း မူတည်သည်။ ထိခိုက်လွယ်မှုကို သတ်မှတ်ထားသော သို့မဟုတ် မပြောင်းလဲနိုင်သောအရာအဖြစ် မသတ်မှတ်သင့်ဘဲ သီးခြားခြိမ်းခြောက်မှုများနှင့် ဆက်စပ်၍ ဖော်ထုတ်ရန် လိုအပ်သည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ခြိမ်းခြောက်မှုကြောင့် မည်သူများ ထိခိုက်ခံရပါသလဲ (အသက်အရွယ်၊ ကျား/မ၊ မသန်စွမ်းမှုရှိခြင်း၊ နေရာဒေသ၊ အဆင့်အတန်း၊ ဘာသာစကား၊ လူမျိုးနှင့် တိုင်းရင်းသား)။ ခြိမ်းခြောက်မှုကြောင့် ထိခိုက်ခံရသော လူအုပ်စုအသီးသီး သို့မဟုတ် သတင်းအချက်အလက် ပံ့ပိုးသူများ၏ သီးခြားသတင်းအချက်အလက် ဝိသေသလက္ခဏာများမှာ အဘယ်နည်း (စာတတ်မြောက်မှု၊ သတင်းအချက်အလက် အသုံးပြုတတ်မှု၊ ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှု၊ အွန်လိုင်း/အော့ဖ်လိုင်း သတင်းအချက်အလက် ရယူအသုံးပြုနိုင်မှု၊ ဒေသတွင်း/တိုင်းဒေသကြီး/နိုင်ငံအဆင့် မီဒီယာ၊ သတင်းစာ/ရေဒီယို/တီဗွီ/အွန်လိုင်း မီဒီယာ၊ လွတ်လပ်သော/အများသုံး မီဒီယာ)။

- ခြိမ်းခြောက်မှု၏ မူလအစရှိ သတင်းအချက်အလက် လိုအပ်ချက်များက ဘာတွေပါလဲ။ ထိုလူထုအုပ်စုများနှင့် သတင်းအချက်အလက် ပံ့ပိုးသူများသည် သတင်းအချက်အလက်များကို မည်သို့ ဖန်တီး၊ မျှဝေ၊ ရှာဖွေ၊ ရယူကြပါသလဲ။ ဦးစားပေး၊ ရယူအသုံးပြုနိုင်ပြီး ယုံကြည်ရသော အရင်းအမြစ်များနှင့် လမ်းကြောင်းများကို လုံခြုံစွာ အသုံးပြုနိုင်ပါသလား။
- လူများအပေါ် မည်သို့ ကွဲပြားစွာ သက်ရောက်ပါသလဲ။ အချို့လူများသည် ပိုမိုထိခိုက်နိုင်ခြေရှိခြင်း၊ ရင်ဆိုင်နိုင်စွမ်း နည်းပါးခြင်း သို့မဟုတ် ခြိမ်းခြောက်မှုကြောင့် ပို၍အရေးပေါ် သက်ရောက်ခြင်းမျိုး ရှိပါသလား။

## ၂။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများ၏ အကျိုးဆက်များ -

ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု တစ်ခုချင်းစီအတွက် လူအုပ်စုအသီးသီးတို့သည် မတူညီသော ပုံစံအမျိုးမျိုးဖြင့် ထိခိုက်ခံရနိုင်သည်ကို ဂရုပြု၍ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းနှင့် သတင်းအချက်အလက် ပံ့ပိုးသူများသည် ခြိမ်းခြောက်မှုတစ်ခုချင်းစီမှ မည်ကဲ့သို့ ထိခိုက်ခံခဲ့ရကြောင်းကို ခွဲခြားဖော်ထုတ်ပြီး သုံးသပ်လေ့လာပါသည်။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများသည် အခြားသော ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို ဖြစ်ပေါ်စေနိုင် သို့မဟုတ် ပိုမိုဆိုးရွားစေနိုင်သည်။ ၎င်းတွင် သတင်းအချက်အလက် ဖန်တီးမှုကို နှောင့်နှေးစေခြင်း၊ သတင်းအချက်အလက်များကို ဖန်တီး၊ မျှဝေ၊ ရှာဖွေ သို့မဟုတ် ရယူရာတွင် အန္တရာယ်များယူခြင်း သို့မဟုတ် လုံလောက်သော သတင်းအချက်အလက်များ မရှိဘဲ အသက်ကယ်ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ ပါဝင်နိုင်သည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ထိခိုက်ခံရသောအုပ်စု သို့မဟုတ် သတင်းအချက်အလက် ပံ့ပိုးသူများအပေါ် ခြိမ်းခြောက်မှု၏ ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုများက ဘာတွေပါလဲ။
- ထိခိုက်ခံရသောအုပ်စု သို့မဟုတ် သတင်းအချက်အလက် ပံ့ပိုးသူများအပေါ် ခြိမ်းခြောက်မှု၏ လူမှုရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ သက်ရောက်မှုများက ဘာတွေပါလဲ။
- ထိခိုက်ခံရသောအုပ်စု သို့မဟုတ် သတင်းအချက်အလက် ပံ့ပိုးသူများအပေါ် ခြိမ်းခြောက်မှု၏ ဥပဒေရေးရာ သို့မဟုတ် ရုပ်ဝတ္ထုဆိုင်ရာ သက်ရောက်မှုများက ဘာတွေပါလဲ။
- ထိခိုက်ခံရသောအုပ်စု သို့မဟုတ် သတင်းအချက်အလက် ပံ့ပိုးသူများ၏ သတင်းအချက်အလက်များ ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူနိုင်စွမ်းအပေါ် ခြိမ်းခြောက်မှု၏ သက်ရောက်မှုများက ဘာတွေပါလဲ။

## ၃။ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ပေးသူများ၏ ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများ

ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု တစ်ခုချင်းစီအတွက် အပျက်သဘောဆောင်သည့် ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများကို ကိုင်တွယ်ပြောဆိုရန် လိုအပ်သောလုပ်ဆောင်ချက်များကို ဦးစားပေးသတ်မှတ်ရန် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများ၏ ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများကို ခွဲခြားဖော်ထုတ်ပြီး ကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှုများကို ကိုင်တွယ်ပြောဆိုရန် ရှိရင်းစွဲ အပြုသဘောဆောင်သော နည်းဗျူဟာများပေါ်မှ တည်ဆောက်ရန်ဖြစ်သည်။ ဤတွင် အခြားသော ဆက်သွယ်ပြောဆိုရေး ချန်နယ်များ သို့မဟုတ် နည်းလမ်းများ ဖန်တီးခြင်း၊ ပုံမှန်မဟုတ်သော သတင်းအရင်းမြစ်များကို အားထားခြင်း၊ စာတတ်မြောက်မှု၊ သတင်းအချက်အလက် အသုံးပြုတတ်မှု သို့မဟုတ် ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှုကို မြှင့်တင်ရန် လူထု သို့မဟုတ် မီဒီယာ အစပျိုးဆောင်ရွက်မှုများ ပါဝင်နိုင်သည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ထိခိုက်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများသည် ခြိမ်းခြောက်မှုကို လျှော့ချရန်နှင့် သတင်းအချက်အလက်များကို လုံခြုံစွာ ဖန်တီး၊ မျှဝေ၊ ရှာဖွေ၊ ရယူရန် မည်သည့် အပြုသဘောဆောင်သော ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများကို ချမှတ်ခဲ့ပါသလဲ။ ၎င်းသည် သတင်းအချက်အလက် ဂေဟစနစ်တွင်း အပြောင်းအလဲများ ဖြစ်စေပါသလား။
- အသစ်ဖြစ်ပေါ်လာသော ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တားဆီးရန် သို့မဟုတ် တုံ့ပြန်ရန် ချက်ချင်းတုံ့ပြန်မှု လိုအပ်သော အဖျက်သဘောဆောင်သည့် ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများ ရှိပါသလား။
- ခြိမ်းခြောက်မှုကြောင့် ထိခိုက်ခံရသော လူအုပ်စုအသီးသီးနှင့် သတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများကို မည်သည့် အယူအဆများ၊ အိုင်ဒီယာများ၊ သဘောထားများ သို့မဟုတ် ယုံကြည်ချက်များက လွှမ်းမိုးနေပါသလဲ။

# သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုအား ဖြေရှင်းရန်အတွက် ရှိရင်းစွဲ စွမ်းဆောင်ရည်များ

ခွဲခြားဖော်ထုတ်ထားသည့် ခြိမ်းခြောက်မှုတစ်ခုချင်းစီကို ကိုင်တွယ်ပြောဆိုရန် လက်ရှိစွမ်းဆောင်ရည်များကို နက်နက်နဲနဲ နားလည်မှု လိုအပ်ပြီး သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးအန္တရာယ်များကို ကိုင်တွယ်ပြောဆိုရန် ကိုက်ညီမှုရှိသော သတင်းအချက်အလက်များနှင့် ဗျူဟာကျကျ တုံ့ပြန်မှုကို ဒေသခံ သတင်းအချက်အလက်ရေးရာ လုပ်ဆောင်သူများမှ စီစဉ်ပေးကြောင်း သေချာစေပါ။ စွမ်းဆောင်ရည်များကို ထိခိုက်ခံလူထု၏ တစ်ဦးချင်း/မိသားစုအဆင့် သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းအဆင့်တွင် တွေ့ရှိနိုင်သကဲ့သို့ ဒေသတွင်း၊ တိုင်းဒေသကြီးအပြင် နိုင်ငံအဆင့် မီဒီယာများအတွင်းနှင့် အစိုးရနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများကြားတွင်လည်း တွေ့ရှိနိုင်သည်။ တာဝန်ရှိသူများအနေဖြင့် ထိုစွမ်းဆောင်ရည်များကို ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်နှင့် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို ကိုင်တွယ်ပြောဆိုရန် ဆန္ဒရှိမှုနှင့် ချိန်ညှိရမည်။

**၁။ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (တစ်ဦးချင်း/မိသားစုအဆင့်အလိုက်) ၏ စွမ်းဆောင်ရည်များ -**

ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု တစ်ခုချင်းစီအတွက် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ခြိမ်းခြောက်မှုကို ခံနိုင်ရည်ရှိရန် သို့မဟုတ် သက်သာလျော့ပါးစေရန် ထိခိုက်ခံရသော လူပုဂ္ဂိုလ်များနှင့် မိသားစုများ၏ ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များနှင့် အသိပညာများအပြင် အဆိုပါ စွမ်းဆောင်ရည်များအပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း၏ အကျိုးဆက်များကို ခွဲခြားဖော်ထုတ်၍ သုံးသပ်လေ့လာပါသည်။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- သတင်းအချက်အလက်နှင့် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှုစွမ်းရည်သည် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုကို လျှော့ချရာတွင် မည်သို့ ပံ့ပိုးပေးပါသလဲ။
- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် ဘေးကင်းလုံခြုံပြီး အဓိပ္ပာယ်ရှိရှိ ရယူအသုံးပြုနိုင်သော လူသား၊ ရုပ်ဝတ္ထုနှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များအပြင် ရင်းမြစ်များ၊ ချန်နယ်များနှင့် ပလက်ဖောင်းများရှိပြီး ၎င်းတို့၏ သတင်းအချက်အလက်နှင့် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှုသည် အကျိုးရှိရှိ အသုံးချနိုင်သည့် အတိုင်းအတာအထိ လုံလောက်မှု ရှိပါသလား။
- ရရှိနိုင်သော တိုင်ကြားရေးယန္တရားများကို ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများမှ သိရှိကြပြီး လူထုအုပ်စုအားလုံးက အသုံးပြုနေပါသလား။ ၎င်းတို့ကို သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုအား လျှော့ချရန် ထိရောက်သည့် ယန္တရားတစ်ခုအဖြစ် သတ်မှတ်ပါသလား။

**၂။ ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ (ဒေသန္တရအဆင့်) ၏ ဒေသဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စွမ်းဆောင်ရည်များ -**

ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု တစ်ခုချင်းစီအတွက် ခြိမ်းခြောက်မှုအား တိုက်ရိုက်ဖြေရှင်းခြင်း မှတစ်ဆင့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးခြိမ်းခြောက်မှုကို ကိုင်တွယ်ပြောဆိုနိုင်ရန် ဒေသန္တရအဆင့်၌ ဖန်တီးထားသည့် စနစ်များအပြင် ခြိမ်းခြောက်မှုနှင့် ၎င်း၏ အကျိုးဆက်များနှင့် ပတ်သက်ပြီး ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းအုပ်စု၏ ထိခိုက်လွယ်မှုအား လျော့ချပေးခြင်း သို့မဟုတ် ခြိမ်းခြောက်မှုအား လျော့ပါးစေရန် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခြင်းများကို ခွဲခြားဖော်ထုတ်၍ သုံးသပ်လေ့လာပါ။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများကြား သတင်းအချက်အလက်ဆိုင်ရာ အခန်းကဏ္ဍတစ်ခုရှိသော လွှမ်းမိုးနိုင်သည့် ခေါင်းဆောင်များနှင့် ဒေသခံအဖွဲ့အစည်းများမှာ မည်သူတို့ဖြစ်ပါသလဲ။ သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးခြိမ်းခြောက်မှုများကို လျှော့ချဖို့ ကြားဝင်ရန် ၎င်းတို့တွင် အရင်းအမြစ်များ၊ ဗဟုသုတများ၊ စွမ်းဆောင်ရည်များနှင့် ဆန္ဒတို့ ရှိပါသလား။ ၎င်းတို့ကို ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများက ယုံကြည်ပါသလား။
- သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးခြိမ်းခြောက်မှုကို ဖြေရှင်းရန် ရပ်ရွာအသိုင်းအဝိုင်းမှ ဦးဆောင်သော ကနဦးလုပ်ဆောင်မှုများ ရှိပါသလား။ ထောက်ပံ့မှု ပိုကြီးကြီးမားမားလိုအပ်သော ရှိရင်းစွဲ နည်းဗျူဟာများ သို့မဟုတ် ကနဦးလုပ်ဆောင်မှုများ ရှိပါသလား၊ သို့မဟုတ် လက်ရှိ အကျပ်အတည်းကြောင့် ပျက်စီးသွားသော ရှိရင်းစွဲ နည်းဗျူဟာများ သို့မဟုတ် ကနဦးလုပ်ဆောင်မှုများ ရှိပါသလား။
- အချို့သော အဖျက်သဘောဆောင်သည့် သက်ရောက်မှုများ ရှိနေသော်လည်း အထက်တွင် ခွဲခြားဖော်ထုတ်ထားသော ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

**၃။ ရပ်ရွာ၊ ဒေသတွင်းနှင့် နိုင်ငံအဆင့် မီဒီယာများ၏ စွမ်းဆောင်ရည်များ -**

ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှု တစ်ခုချင်းစီအတွက် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများကြား ယုံကြည်မှု တည်ဆောက်ရန်၊ ၎င်းတို့၏ တိကျသော လိုအပ်ချက်များအပြင် ဦးစားပေးမှုများနှင့် သက်ဆိုင်သော အကြောင်းအရာများ ပေးအပ်ခြင်းမှတစ်ဆင့် ၎င်းတို့ကို ပါဝင်စေရန်နှင့် လုပ်ကြံသတင်းဖြန့်ခြင်း၊ သတင်းမှားဖြန့်ခြင်း၊ ကောလာဟလများ နှင့် သတင်းအချက်အလက်ဆိုင်ရာခြိမ်းခြောက်မှုများကို ဖြေရှင်းရန် မီဒီယာသတင်းဌာနများ၏ စွမ်းဆောင်ရည်ကို ခွဲခြားဖော်ထုတ်၍ သုံးသပ်လေ့လာပါ။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများကြားတွင် တက်ကြွစွာ ရှိနေရန်နှင့် ထိတွေ့ဆက်ဆံရန် ဒေသခံနှင့် နိုင်ငံအဆင့်မီဒီယာ၏ စွမ်းဆောင်ရည်မှာ အဘယ်နည်း။ သတင်းအချက်အလက် ရယူအသုံးပြုခွင့်ဆိုင်ရာ အတားအဆီးများ၊ သတင်းအချက်အလက် လိုအပ်ချက်များအပြင် အခြားသတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုကို ဖြေရှင်းရန် မီဒီယာသတင်းဌာနများတွင် မည်သည့် အားသာချက်များနှင့် အရင်းအမြစ်များ ရှိပါသလဲ။ မီဒီယာတွင်း အမြင်ကွဲပြားမှုက ရပ်ရွာအသိုင်းအဝိုင်း၏ ယုံကြည်မှုအပေါ် သက်ရောက်မှု ရှိပါသလား။
- ၎င်းတို့၏ ဝက်ဘ်ဆိုက်များနှင့် ပလက်ဖောင်းများကို လုံခြုံဘေးကင်းပြီး အဓိပ္ပါယ်ရှိစွာ ရယူအသုံးပြုခွင့်ပေးရန် ဒစ်ဂျစ်တယ် မီဒီယာ၏ စွမ်းဆောင်ရည်များမှာ အဘယ်နည်း။ ၎င်းတို့၏ အသုံးပြုသူများ (ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်း) ကို အွန်လိုင်း သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ခြိမ်းခြောက်မှုများမှ ၎င်းတို့ မည်သို့ကာကွယ်ပေးနိုင်ပါသလဲ။
- သတင်းအချက်အလက် ရယူအသုံးပြုခွင့်ဆိုင်ရာ အတားအဆီးများနှင့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးခြိမ်းခြောက်မှုကို ဖြေရှင်းရာတွင် ဒေသခံ၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော အခြားသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် မီဒီယာ၏ စွမ်းဆောင်ရည်မှာ အဘယ်နည်း။ အစိုးရ၊ အာဏာပိုင်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများကဲ့သို့သော အခြားပါဝင်ပတ်သက်သူများအပေါ် မည်မျှလွှမ်းမိုးနိုင်ပါသလဲ။

## ၄။ အဖွဲ့အစည်းဆိုင်ရာ၊ အခြား လုပ်ထုံးလုပ်နည်းများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စွမ်းဆောင်ရည်များ -

ခွဲခြားဖော်ထုတ်ခဲ့ပြီးဖြစ်သည့် ကာကွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုချင်းစီအတွက် သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံပြီး အဓိပ္ပါယ်ရှိရှိ ရယူအသုံးပြုခွင့်ပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ကာကွယ်ရေးခြိမ်းခြောက်မှုကို လျှော့ချရာတွင် ကဏ္ဍတစ်ခုအဖြစ် ထိထိရောက်ရောက် ဆောင်ရွက်ရန် အစိုးရနှင့် လူသားချင်းစာနာထောက်ထားရေးလုပ်ဆောင်သူများ၏ စွမ်းဆောင်ရည်များနှင့် ဆန္ဒကို ခွဲခြားဖော်ထုတ်၍ သုံးသပ်လေ့လာပါ။

**သုံးသပ်လေ့လာချက် လမ်းညွှန်မေးခွန်းများ -**

- ထိခိုက်ခံရသူများ၏ သတင်းအချက်အလက် လိုအပ်ချက်များကို ထိရောက်စွာ တုံ့ပြန်ရန်နှင့် သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ကာကွယ်ရေးခြိမ်းခြောက်မှုများကို ဖြေရှင်းရန် အစိုးရ၏ စွမ်းဆောင်ရည်မှာ အဘယ်နည်း။ သတင်းအချက်အလက်ကို ငြင်းပယ်ခြင်း မပြုကြောင်း သေချာစေရန် ၎င်းတွင် လိုအပ်သောယုံကြည်မှု ရှိပါသလား။ မီဒီယာနှင့် အခြား သတင်းအချက်အလက် ပံ့ပိုးသူများကို ထောက်ပံ့ရန်နှင့် အားကောင်းစေရန် ၎င်းတို့တွင် မည်မျှ ဆန္ဒရှိပါသလဲ။ ၎င်းထံတွင် ပညာရှင်သတင်းထောက်များ အပါအဝင် သတင်းအချက်အလက် ဖန်တီး၊ မျှဝေ၊ ရှာဖွေပြီး ရယူသူများအား အကာအကွယ်ပေးရေးကို တိုးတက်စေရန် ဥပဒေများနှင့် မူဝါဒများကို ပြောင်းလဲရန်အတွက် စွမ်းဆောင်ရည် ရှိပါသလား။

- ဒေသတွင်း၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ သတင်းအချက်အလက်နှင့် ဆက်စပ်သည့်ကာကွယ်ရေးအန္တရာယ်များကို နားလည်ရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် စွမ်းဆောင်ရည်များ (အရင်းအမြစ်များနှင့် ဗဟုသုတ) က ဘာတွေပါလဲ။ သတင်းအချက်အလက် ရယူအသုံးပြုခွင့်ကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှု၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် နားလည်ထားပါသလား။ ၎င်းတို့သည် ထိခိုက်ခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများတွင် ရှိနေပြီး လုပ်ကြံသတင်းဖြန့်ခြင်း၊ သတင်းမှားဖြန့်ခြင်းနှင့် ကောလာဟလများကဲ့သို့သော အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် လုံလောက်သော လက်ခံမှုရရှိပါသလား။ အစိုးရ၊ အာဏာပိုင်များနှင့် အခြားပါဝင်ပတ်သက်သူများအပေါ် မည်မျှလွှမ်းမိုးနိုင်ပါသလဲ။

နောက်ဆက်တွဲ ၈

# သတင်းအချက်အလက်နှင့် ကာကွယ်ပေးရေး သင်တန်း မိတ်ဆက်

# နောက်ဆက်တွဲ ၈ - သတင်းအချက်အလက်နှင့် ကာကွယ်ပေးရေး သင်တန်း မိတ်ဆက်

ဤလေ့ကျင့်ရေးသင်ရိုးညွှန်းတမ်းနှင့် လေ့ကျင့်ခန်းများသည် သတင်းအချက်အလက် ဂေဟစနစ်၏ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များအပေါ် သုံးသပ်လေ့လာချက်တစ်ခုအား တာဝန်ယူမှုလုပ်ဆောင်မီ ၎င်းတို့အဖွဲ့၏ စွမ်းဆောင်ရည်ကို တည်ဆောက်ရာတွင် လူသားချင်းစာနာထောက်ထားမှုနှင့် မီဒီယာဆိုင်ရာ လုပ်ဆောင်သူများအား ပံ့ပိုးကူညီရန် သို့မဟုတ် သတင်းအချက်အလက်နှင့် ဆက်စပ်နေသည့် အန္တရာယ်များကို အလွယ်တကူ နားလည်သဘောပေါက်စေရန် ရည်ရွယ်ထားပါသည်။

ဤသည်မှာ သတင်းအချက်အလက် နှင့်/သို့မဟုတ် ကာကွယ်ပေးရေးတွင် ကျွမ်းကျင်မှု အနည်းငယ်ရှိသော ဝန်ထမ်း သို့မဟုတ် ကျွမ်းကျင်မှုမရှိသောဝန်ထမ်းကို ပစ်မှတ်ထားသည့် မိတ်ဆက်လေ့ကျင့်ရေးသင်တန်းတစ်ခုဖြစ်ပြီး ၎င်းအား နောက်ဆက်တွဲများနှင့် လမ်းညွှန်ချက် မိုဂျူးများဖြင့် အတူတကွ အသုံးပြုသင့်သည်။


သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှုဆိုင်ရာ ရည်မှန်းချက်များ. ... ... ... ... ... ... ... ... ... ... ... ... ... ... ၂၂၄

သင်တန်းနည်းပြ(များ)၏ ကိုယ်ရေးအကျဉ်း .. ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ၂၂၅

လေ့ကျင့်ခန်း ၁ - သတင်းအချက်အလက် ဝေါဟာရ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ၂၂၆

လေ့ကျင့်ခန်း ၂ - ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို သုံးသပ်လေ့လာချက် ... ... ... ... ... ၂၂၇

လေ့ကျင့်ခန်း ၃ - ထိခိုက်လွယ်မှုကို သုံးသပ်လေ့လာချက် ... ... ... ... ... ... ... ... ... ... ... ... ... ... ၂၂၉

လေ့ကျင့်ခန်း ၄ - လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု ... ... ... ... ... ... ... ... ... ... ... ... ... ၂၃၃

လေ့ကျင့်ခန်း ၅ - အချိန်မီနှင့် ဘေးကင်းလုံခြုံစွာ လွှဲပြောင်းပေးမှု... ... ... ... ... ... ... ... ... ... ၂၃၄

# သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှုဆိုင်ရာ ရည်မှန်းချက်များ

| သင်ယူမှု ရည်မှန်းချက်များ | သက်ဆိုင်ရာ လေ့ကျင့်ခန်း | ခန့်မှန်းကြာချိန် | အရင်းအမြစ်များ |
|---|---|---|---|
| **သတင်းအချက်အလက်** | | | |
| **သတင်းအချက်အလက် ဝေါဟာရ** - ပါဝင်လုပ်ဆောင်သူများသည် သတင်းအချက်အလက် လိုအပ်ချက်များကို နားလည်သိရှိရန် လိုအပ်သည့် အဓိက စကားလုံးများနှင့် အယူအဆများအပြင် သတင်းအချက်အလက် ရယူအသုံးပြုရာတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို နားလည်သဘောပေါက်စေပါသည်။ | လေ့ကျင့်ခန်း ၁ – အဖွဲ့လိုက်ဂိမ်းကို ကြည့်ပါ | ၃၀ မိနစ် | စကားလုံးများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် (ဥပမာများအတွက်) ကွက်လပ်များ ပါရှိသည့် A4 ရောင်စုံစာရွက်။ |
| **ကာကွယ်ရေး** | | | |
| **ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို သုံးသပ်လေ့လာချက်** - ပါဝင်လုပ်ဆောင်သူများသည် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို သုံးသပ်လေ့လာချက် (အမည်အားဖြင့် ခြိမ်းခြောက်မှုများ၊ အားနည်းချက်ရှိသောလူများ၊ ပြစ်မှုကျူးလွန်သူများနှင့် တာဝန်များကို ဖော်ထုတ်ရန် လုပ်ရှားမှုများနှင့် အရေးယူဆောင်ရွက်ရန်အတွက် အခန်းကဏ္ဍများ) ကို နားလည်သိရှိလာစေကာ ဒေသနှင့် ကိုက်ညီသော အခြေအနေနှင့် Internew ၏ လုပ်ငန်းများတွင် မည်သို့ အသုံးချရမည်ကို နားလည်သဘောပေါက်စေပါမည်။ | လေ့ကျင့်ခန်း ၂ - ဇာတ်လမ်း သရုပ်ဆောင် လှုပ်ရှားမှုနှင့် လမ်းညွှန်ဆွေးနွေးမှုများတွင်ကြည့်ပါ | ၄၅ – ၆၀ မိနစ် | နောက်ဆက်တွဲ ၁ - ခက်ဆစ် အဘိဓာန်၊ နမူနာဖြစ်ရပ်များ (လေ့ကျင့်ခန်း ၂ တွင်ပေးထားသည်) |
| **ထိခိုက်လွယ်မှုကို သုံးသပ်လေ့လာချက်** - ပါဝင်လုပ်ဆောင်သူများသည် ခြိမ်းခြောက်မှုများတွင် လူများအား ထိခိုက်လွယ်စေသည့် အချက်များ (သို့မဟုတ် ထိခိုက်မှု နည်းပါးစေသော အချက်များ) နှင့် ၎င်းအားကွာခြားချက်များကို မည်သို့ ပိုင်းခြားစိတ်ဖြာနိုင်သည်ကို နားလည်သိရှိပါလိမ့်မည်။ ၎င်းကျွမ်းကျင်မှုများက အကောင်းဆုံးရွေးချယ်ထားသော စံများအပေါ် အားထားမည့်အစား စံသတ်မှတ်ချက် အမြောက်အမြားအပေါ် အခြေခံ၍ ရပ်ရွာအဖွဲ့ဝင်များ၏ လိုအပ်ချက်များနှင့် အဝင်ခွင်ကျဖြစ်စေမည့် ပရောဂျက်များအား ဒီဇိုင်းရေးဆွဲရာတွင် ၎င်းတို့အား ကူညီပေးပါမည်။ | လေ့ကျင့်ခန်း ၃ - ‘အားအင်အပြည့်ဖြင့် လျှောက်လှမ်းခြင်း’ / ရှေ့တစ်လှမ်းတိုး လေ့ကျင့်ခန်း၊ လမ်းနောက်တွင် သင်တန်းနည်းပြ ဦးဆောင်သော ဆွေးနွေးမှုကို ကြည့်ပါ | ၄၅ – ၆၀ မိနစ် | ဒေသခံ အကြောင်းအရာများနှင့် လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ထားသည့် စိတ်ကူးယဉ်ဇာတ်ကောင်စာရွက်များ၊ ဇာတ်ကောင်များနှင့် တွဲဖက်ပေးရန်အတွက် ကြိုတင်စီစဉ်ထားသော ကိုယ်စားပြုမေးခွန်းများ (လေ့ကျင့်ခန်း ၃ တွင် လမ်းညွှန်ပေးထားသည်) |

| သင်ယူမှု ရည်မှန်းချက်များ | သက်ဆိုင်ရာ လေ့ကျင့်ခန်း | ခန့်မှန်းကြာချိန် | အရင်းအမြစ်များ |
|---|---|---|---|
| **ဘေးကင်းလုံခြုံသည့် အစီအစဉ် ရေးဆွဲခြင်း** | | | |
| လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု - ပါဝင်လုပ်ဆောင်သူများသည် အန္တရာယ်ဆိုင်ရာ သုံးသပ်လေ့လာချက် (အခြေခံပုံစံတစ်ခုကို အသုံးပြုရာမှတစ်ဆင့်) "အန္တရာယ် မဖြစ်စေရန်" အတွက် မည်သို့ လုပ်ဆောင်ရမည်ကို သိရှိလာကာ ယင်းဆန်းစစ်အကဲဖြတ်မှုများသည် ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်း အခြေခံမူလေးချက်ကို မည်သို့ ပံ့ပိုးကူညီနေသည်ကို သိရှိလာပါမည်။ | လေ့ကျင့်ခန်း ၄ - ဗွီဒီယို ကြည့်ရှုခြင်း၊ လမ်းညွှန်ဆွေးနွေးချက်နှင့် လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှုကို အသုံးပြု၍ လက်တွေ့လေ့ကျင့်ခြင်းတွင်ကြည့်ပါ | ၄၅ – ၆၀ မိနစ် | ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့ ဗွီဒီယို၊ ဗွီဒီယိုအား ပြသရန် စွမ်းဆောင်ရည်၊ ကားချပ်အရှင်၊ နောက်ဆက်တွဲ ၂ - လုံခြုံရေး အစီအစဉ် ဆန်းစစ် အကဲဖြတ်မှု နမူနာပုံစံကို လုပ်ဆောင်ခြင်း |
| အချိန်မီနှင့် ဘေးကင်းလုံခြုံစွာ လွှဲပြောင်းပေးမှု - ပါဝင်လုပ်ဆောင်သူများသည် ဝန်ဆောင်မှုမြေပုံကို မည်သို့ တာဝန်ယူလုပ်ဆောင်ရန်နှင့် လုံခြုံဘေးကင်းကာ အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းပေးနည်းပုံစံအား မည်သို့ ဆောင်ရွက်ရမည်ကို သိရှိလာပါမည်။ | လေ့ကျင့်ခန်း ၅ - အဖွဲ့လိုက် လုပ်ဆောင်ခြင်းနှင့် ပြန်လည်တင်ပြခြင်းတွင်ကြည့်ပါ | ကြာချိန် - ၃၀-၄၅ မိနစ် | ပါဝါပွိုင့်၊ ပရောဂျက်၊ 'ဆောင်ရန်နှင့် ရှောင်ရန်' ဥပမာ စာရွက်များ (လေ့ကျင့်ခန်း ၅ တွင် ပေးထားသည်)။ |

## သင်တန်းနည်းပြ(များ)၏ ကိုယ်ရေးအကျဉ်း -

ဤလေ့ကျင့်ရေးရှိ ခေါင်းစဉ်တစ်ခုစီတိုင်းသည် မိတ်ဆက်အဆင့်ဖြစ်ပြီး ကျွမ်းကျင်မှုနယ်ပယ် သုံးရပ်ဖြစ်သည့် - သတင်းအချက်အလက်၊ ကာကွယ်ပေးရေးနှင့် ဘေးကင်းလုံခြုံသည့် အစီအစဉ်ရေးဆွဲခြင်းတို့ ပါဝင်ပါသည်။ ဤသည်မှာ မိတ်ဆက်ဖြစ်နေသော်လည်း နည်းပြဆရာသည် ဤခေါင်းစဉ်များထဲမှ အနည်းဆုံးတစ်ခုကို ကျွမ်းကျင်စွာ တတ်မြောက်ထားရန် အကြံပြုထားသည်။ ထို့အပြင် နည်းပြဆရာသည် အခြားသောခေါင်းစဉ်များအတွက် ဆက်စပ်သော ဥပမာလိုအပ်ချက်များနှင့် လိုအပ်နိုင်သော ဗဟုသုတကို ဖြည့်ဆည်းရန်အတွက် လမ်းညွှန်ချက်များတွင် ပါဝင်သည့်အကြောင်းအရာများနှင့် စေ့စေ့စပ်စပ် ရင်းနှီးကျွမ်းဝင်နေသင့်သည်။ မိုဂျူး ၁ သည် သင်တန်းအား မိတ်ဆက်ပေးခြင်းဖြစ်ပြီး၊ မိုဂျူး ၂ သည် ဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်းအပေါ်တွင် သင်တန်းအား ပံ့ပိုးပေးထားကာ၊ မိုဂျူး ၃ မှာ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို သုံးသပ်လေ့လာချက်အပေါ် ပံ့ပိုးပေးထားသည်။ နောက်ဆက်တွဲများမှာလည်း အကူအညီဖြစ်စေပါလိမ့်မည်၊ အထူးသဖြင့် ခက်ဆစ်အဘိဓာန် (နောက်ဆက်တွဲ ၁) နှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအစဉ်ရေးဆွဲရာတွင် ချင့်ချိန်ဆုံးဖြတ်သည့် နမူနာပုံစံ (နောက်ဆက်တွဲ ၂) တို့က အကူအညီဖြစ်စေပါလိမ့်မည်။ သတင်းထောက်များ အများစုပါဝင်သော သင်တန်းသားအုပ်စုတစ်ခုအတွက် မိုဂျူး ၄ သည် ၎င်းအဖွဲ့အမျိုးအစားထံ ဤလေ့ကျင့်ရေးအား အံဝင်ခွင်ကျဖြစ်အောင် ပံ့ပိုးကူညီရန်အတွက် ထပ်တိုး သတင်းအချက်အလက်များကို ပေးဆောင်ပါလိမ့်မည်။

## လေ့ကျင့်ခန်း ၁ - သတင်းအချက်အလက်ဆိုင်ရာ ဝေါဟာရ

**သတင်းအချက်အလက်နှင့် ဆက်စပ်သည့် ကာကွယ်ရေးဆိုင်ရာအန္တရာယ်များကို သုံးသပ်လေ့လာချက်တစ်ခုအား လုပ်ဆောင်ရန်အတွက် သတင်းအချက်အလက် လိုအပ်ချက်များနှင့်ပတ်သက်သည့် မသိမဖြစ် ဝေါဟာရအသုံးအနှုန်းများကို နားလည်သိရှိခြင်း။**

**လေ့ကျင့်ခန်းပုံစံ** - အဖွဲ့လိုက်ဂိမ်း၌ အဖွဲ့တစ်ဖွဲ့ချင်းစီသည် စကားလုံးများကို အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် တွဲဖက်ရန်အတွက် စားပွဲတစ်ခုမှ အခြားစားပွဲတစ်ခုသို့ ရွှေ့ပြောင်းကြသည်။ စကားလုံးအစုတစ်ခုဖြင့် နောက်စားပွဲတစ်ခုသို့ ရွှေ့ပြောင်းသည့်အခါ၊ ထိုအဖွဲ့သည် ယခင်အဖွဲ့မှ ပြုလုပ်ခဲ့သော တွဲဖက်မှုကို ပြန်လည်ဆန်းစစ်သည်။ တွဲဖက်မှုအားလုံးကို စိစစ်ကာ ရှင်းပြပြီးနောက်၊ ပါဝင်လုပ်ဆောင်သူများသည် အလှည့်သစ်တစ်လှည့်ကို စတင်ကြကာ အဖွဲ့တစ်ခုစီသည် စကားလုံး/အဓိပ္ပာယ်ဖွင့်ဆိုချက် အတွဲတစ်ခုစီအတွက် ဥပမာများပေးရန် တာဝန်ယူကြသည်။ ထို့နောက် အဖွဲ့များသည် ဥပမာများကို စိစစ်ရန်နှင့် ပါဝင်လုပ်ဆောင်သူများ၏ သတင်းအချက်အလက်ဆိုင်ရာ ဝေါဟာရအပေါ် သိရှိနားလည်မှုအားကောင်းလာစေရန် ဆွေးနွေးကြသည်။

**ပြင်ဆင်ခြင်း** - စကားလုံးများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် (ဥပမာများအတွက်) ကွက်လပ်များပါရှိသည့် A4 ရောင်စုံစာရွက်။

**ကြာချိန်** - ၃၀ မိနစ်

| သတင်းအချက်အလက်ဆိုင်ရာ ဝေါဟာရ | |
|---|---|
| လုပ်ကြံသတင်း | တမင်သက်သက် လှည့်စားရန် ရည်ရွယ်ထားသော သတင်းများ |
| သတင်းမှား ဖြန့်ဖြူးခြင်း | မှားယွင်းသည့် သို့မဟုတ် မတိကျသည့် သတင်းအချက်အလက်၊ မရည်ရွယ်ဘဲနှင့် သို့မဟုတ် လှည့်စားရန်ဖြစ်စေ၊ ထိခိုက်စေရန်ဖြစ်စေ ရည်ရွယ်ချက်မရှိဘဲ ပျံ့နှံ့သွားခြင်း |
| ကောလဟလများ | အတည်မပြုရသေးသော သတင်းအချက်အလက်များကို လူတစ်ဦးမှ အခြားတစ်ဦးသို့ လက်ဆင့်ကမ်းပေးပို့ခြင်း (အမှန်လည်းဖြစ်နိုင်သကဲ့သို့ အမှားလည်း ဖြစ်နိုင်သည်) |
| သတင်းမှား | သတင်းမီဒီယာ ဆောင်းပါးအဖြစ် အသွင်ဆောင်ထားသည့် လုပ်ကြံဖန်တီးထားသော သတင်းအချက်အလက် |
| သတင်းအရင်းအမြစ် | သတင်းအချက်အလက်ကို ထုတ်လုပ်သော/ဖန်တီးသော လူပုဂ္ဂိုလ်၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း |
| ချန်နယ် | သတင်းအချက်အလက် ရရှိရန်အတွက် တစ်စုံတစ်ဦးမှ အသုံးပြုသော ပလက်ဖောင်း/လူပုဂ္ဂိုလ် |
| စာတတ်မြောက်မှု | အရေးအဖတ် စွမ်းရည် |
| သတင်းအချက်အလက် အသုံးပြုတတ်မှု | သတင်းအချက်အလက်နှင့် မတူညီသော သတင်းအချက်အလက်ရင်းမြစ်များ၏ တရားဝင်မှုကို နားလည်သိရှိနိုင်စွမ်း/ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း |
| ဒီဂျစ်တယ်နည်းပညာများ အသုံးပြုတတ်မှု | ဒီဂျစ်တယ် ပလက်ဖောင်းများမှတစ်ဆင့် သတင်းအချက်အလက်အား လုံခြုံဘေးကင်းစွာ ရှာဖွေနိုင်စွမ်း၊ သုံးသပ်လေ့လာနိုင်စွမ်းနှင့် ဝေမျှနိုင်စွမ်း |

## လေ့ကျင့်ခန်း ၂ - ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို သုံးသပ်လေ့လာချက်

**သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်နှင့် ဒေသန္တရအကြောင်းအရာများပတ်လည်ရှိ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို ကာကွယ်ပေးရေးနှင့် လေ့လာရေးတွင် အသုံးပြုခဲ့သော အကြောင်းအရာများနှင့် အဓိက အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အကြမ်းဖျဉ်းဖော်ပြပေးသည်။**

**လေ့ကျင့်ခန်းပုံစံ -** ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များ၏ သဘောတရား၊ နည်းပညာဆိုင်ရာ ဝေါဟာရနှင့် ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာချက်ကို လုပ်ဆောင်ရန် လိုအပ်သည့်အဆင့်များကို ပါဝင်လုပ်ဆောင်သူများအား မိတ်ဆက်ပေးနိုင်ရန်အတွက် ဇာတ်လမ်းသရုပ်ဆောင် လှုပ်ရှားမှုနှင့် ၎င်းနောက်တွင် လမ်းညွှန်ဆွေးနွေးမှုများ။ သင်တန်းနည်းပြသည် ကာကွယ်ရေးအန္တရာယ်ဆိုင်ရာ ပြဿနာညီမျှခြင်းတွင်း ပါဝင်သည့်အပိုင်းများ (ခြိမ်းခြောက်မှု၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်) ကို ရှင်းပြရန်အတွက် နမူနာဖြစ်ရပ်များကို အသုံးပြုပါမည်။ ကာကွယ်ရေးအန္တရာယ်ဆိုင်ရာ ပြဿနာညီမျှခြင်းအပါအဝင်၊ ကာကွယ်ရေးဆိုင်ရာ ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတွက်၊ **နောက်ဆက်တွဲ ၁ - ခက်ဆစ်အဘိဓာန်**တွင် ကြည့်ရှုပါ။

**ကြာချိန်** - ၄၅-၆၀ မိနစ်

**ပြင်ဆင်ခြင်း** - ဇာတ်လမ်း သရုပ်ဆောင်ခြင်းအတွက် အောက်တွင် ပေးထားသော နမူနာဖြစ်ရပ်နှစ်ခုကို အသုံးပြုပါ။ နမူနာဖြစ်ရပ်တစ်ခုစီတွင် အောက်ပါအချက်အလက်များ ပါဝင်သည် -

1. ကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှု အမျိုးအစား သုံးမျိုး (အကျပ်ကိုင်ခြင်း၊ ပိတ်ဆို့တားဆီးခြင်းနှင့် အကြမ်းဖက်ခြင်း)
2. ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည် ဝိသေသလက္ခဏာများနှင့်
3. ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ခြင်း။

**နမူနာဖြစ်ရပ်အား အကောင်အထည်ဖော်ရန်အတွက် ဆွေးနွေးချက်အား ကူညီဦးဆောင်ခြင်း -**

- သင်သည် နမူနာဖြစ်ရပ်များကို လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်သော်လည်း နမူနာဖြစ်ရပ်တစ်ခုက အွန်လိုင်းပြင်ပ အန္တရာယ်များအပေါ်တွင် အလေးထား၍ တစ်ခုက အွန်လိုင်းအန္တရာယ်များအပေါ် အလေးထားသင့်သည်။
- ဆွေးနွေးချက်ကို ကူညီလမ်းညွှန်ပေးရန်အတွက် နောက်ဆက်တွဲ ၁ - ခက်ဆစ်အဘိဓာန်ရှိ ကာကွယ်ရေးဆိုင်ရာ အန္တရာယ်ဆိုင်ရာ ပြဿနာညီမျှခြင်းကို အသုံးပြုပါ။
- ပါဝင်လုပ်ဆောင်သူနှစ်ဦးသည် ဇာတ်လမ်းသရုပ်ဆောင်ခြင်း လေ့ကျင့်ခန်းကို နှစ်ကြိမ် ပြုလုပ်နိုင်သည် (အင်္ဂလိပ်ဘာသာဖြင့် တစ်ကြိမ်နှင့် လိုအပ်ပါက ဒေသန္တရဘာသာဖြင့် တစ်ကြိမ်)။
- ထို့နောက် အဖွဲ့သည် ဇာတ်လမ်း တစ်ပိုင်းပြီး တစ်ပိုင်း ဆွေးနွေးကာ မတူကွဲပြားသည့် ခြိမ်းခြောက်မှုများ၊ ထိခိုက်လွယ်မှုများနှင့် စွမ်းဆောင်ရည်များကို ဖော်ထုတ်ကြသည်။
- ပါဝင်လုပ်ဆောင်သူများအနေဖြင့် ရယူအသုံးပြုရန် အခက်အခဲများ၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ တရားမဝင် ကုန်ကူးခြင်း၊ အလွဲသုံးစားပြုခြင်း အစရှိသည်တို့ အပါအဝင် ခြိမ်းခြောက်မှု အမြောက်အမြားကို နားလည်သဘောပေါက်စေနိုင်ရန်အတွက် ဥပမာများစွာဖြင့် သုံးသပ်ဆွေးနွေးခြင်းသည် အသုံးဝင်နိုင်ပါသည်။

- ဒုတိယ ဇာတ်လမ်းသရုပ်ဆောင် လေ့ကျင့်ခန်းတွင်လည်း တူညီသည့် လုပ်ငန်းစဉ်ကို ထပ်မံလုပ်ဆောင်ပါ။
- ခြိမ်းခြောက်မှုများ၊ ထိခိုက်လွယ်မှုများနှင့် စွမ်းဆောင်ရည်များကို တစ်ကြိမ်တစ်ခါ ဖော်ထုတ်ပြီးသည်နှင့် ကာကွယ်ရေးအန္တရာယ်ဆိုင်ရာ ပြဿနာညီမျှခြင်းအား မိတ်ဆက်ပေးနိုင်မည်ဖြစ်ပြီး သတ်မှတ်ထားသော ကာကွယ်ရေးဆိုင်ရာအန္တရာယ်ကို လျှော့ချရန်အတွက် စွမ်းဆောင်ရည်များ တိုးမြှင့်ပေးသည်နှင့်အတူ အစိုးရ မီဒီယာ၊ ကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် လူမှုကွန်ယက်များသည် ခြိမ်းခြောက်မှုများနှင့် ထိခိုက်လွယ်မှုများကို လျှော့ချရန်အတွက် မည်သို့ အတူတကွ လုပ်ဆောင်နိုင်မည်ကို ဖော်ထုတ်ရန်အတွက် ဆွေးနွေးမှုမှ ဥပမာများအား အသုံးပြုနိုင်ပါသည်။
- ဇာတ်လမ်းသရုပ်ဆောင်ပြီးနောက်တွင် လုပ်ဆောင်သော ဆွေးနွေးမှုသည် "ဤအခြေအနေတွင် ကူညီပေးရန်အတွက် သင့်အဖွဲ့အစည်းသည် မည်ကဲ့သို့ လုပ်ဆောင်မည်နည်း။" ဟူသော မေးခွန်းကို ဖြေကြားပေးပါမည်။

## အွန်လိုင်းပြင်ပအန္တရာယ် ဥပမာအတွက် နမူနာဖြစ်ရပ်

**အမျိုးသမီး** - ဟယ်လို၊ ကျွန်မ SIM ကဒ် တစ်ခုလောက် ဝယ်ချင်လို့ပါ။ ကျွန်မဝယ်ထားတဲ့ ပလန်က ဒီနေရာမှာ အလုပ်မဖြစ်လို့ပါ။

**အမျိုးသား** - မင်္ဂလာနေ့လေးပါ၊ SIM ကတ်ကို မှတ်ပုံတင်ဖို့အတွက် ခင်ဗျားရဲ့ မှတ်ပုံတင်(အိုင်ဒီ)ကတ် ဒါမှမဟုတ် နိုင်ငံကူးလက်မှတ် လိုပါတယ်။

**အမျိုးသမီး** - ကျွန်မမှာ မှတ်ပုံတင်တို့ နိုင်ငံကူးလက်မှတ်တို့ မရှိပါဘူး။ ကျွန်မတို့ ဒီနေရာကို လာခဲ့တုန်းက အကုန်ပျောက်ကုန်တာ။ ရောင်းတဲ့သူတစ်ယောက်ကဆို ကျွန်မက အမျိုးသမီးဖြစ်နေလို့ SIM ကတ် မရောင်းနိုင်ဘူးလို့ပြောင်းတယ်၊ နောက်တစ်ယောက်က ပိုက်ဆံပိုလိုချင်တယ်၊ အခု ဒါဖြစ်ပြန်ပြီ။ စည်းကမ်းအသစ်က ဘာတဲ့လဲ။

**အမျိုးသား** - ဒါက စည်းကမ်းပဲ၊ ခင်ဗျားကို ကျွန်တော် SIM ကဒ် မပေးနိုင်ဘူး။ ခင်ဗျား ဒီစည်းကမ်းကို မကြိုက်ရင် ထွက်သွားလို့ရတယ်။

**အမျိုးသမီး** - ဟာ... ဒါမဖြစ်နိုင်တာ။ ကျေးဇူးပြုပြီး၊ ကျွန်မကို ကူညီပေးမယ် မဟုတ်လားရှင်။

**အမျိုးသား** - ခင်ဗျားက ကျုပ်ကို လူလိမ်လို့ ခေါ်လိုက်တာလား။ ကျုပ်ဆိုင်ကနေ ထွက်သွားလိုက်တော့နော်၊ မဟုတ်ရင် ကျုပ်ရိုက်ထုတ်တော့မှာ။

**အမျိုးသမီး** - တောင်းပန်ပါတယ်ရှင်၊ ကျွန်မကို SIM ကတ် တစ်ကတ်လောက်တော့ ရောင်းပေးပါ၊ ကျွန်မ မိသားစုကို ဆက်သွယ်နိုင်မယ့် နည်းက ဒီတစ်နည်းပဲ ရှိလို့ပါ ပြီးတော့ ကျွန်မ အင်တာနက် လိုနေလို့ပါ။ ဒီမှာ တီဗီတို့ ရေဒီယိုတို့က လာနေတဲ့ဟာတွေကို ကျွန်မ လုံးဝ နားမလည်ပါဘူး။ ကျွန်မနားလည်တဲ့ ဘာသာစကားတဲ့ အွန်လိုင်းပေါ်က သတင်းတွေ ဝင်ကြည့်ချင်လို့ပါ။

**အမျိုးသား** - ကဲ ဒီလိုလုပ်။ ခင်ဗျားကျုပ်နဲ့ ဆိုင်နောက်ဖေးကို လိုက်လာပြီး ကျုပ်အပေါ် အရမ်းသဘောကောင်းပေးမယ်ဆိုရင် ခင်ဗျားအတွက် SIM ကတ်တစ်ကတ်လောက် ရှာပေးမယ်။

**အွန်လိုင်းအန္တရာယ် နမူနာဖြစ်ရပ်**

**အမျိုးသား -** အို သူငယ်ချင်းရေ... ငါတစ်ကယ်ကို စိုးရိမ်နေရပြီ။ ပြီးတော့ ငါမင်း အကူအညီကို လိုအပ်နေတယ်။

**အမျိုးသမီး -** ဘာတွေဖြစ်နေတာလဲ။ မုန်တိုင်းလာမှာနဲ့ ပတ်သက်ပြီး လူတိုင်း စိုးရိမ်ပူပန်နေကြတယ်။ ဘာလို့ နင့်မိသားစုနဲ့အတူ လုံခြုံတဲ့နေရာမှာ မနေတာလဲ။

**အမျိုးသား -** အဲဒါက ပြဿနာပဲ။ ငါ့အိမ်နီးနားရပ်ကွက်ထဲက မိသားစုတွေဆီက ဘာသတင်းအချက်အလက်မှ မရလို့ ငါတို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ။ အစိုးရရဲ့ အကျပ်အတည်းအရေးပေါ် အဖွဲ့ဆီက လမ်းညွှန်ချက်မရမချင်း နေရာရွှေ့ပြောင်းတာမျိုးမလုပ်ဖို့ ရေဒီယိုအသံလွှင့်ဌာနက ပြောထားပေမဲ့ စခန်းတွေမှာ နေထိုင်သူတွေအတွက် ဘာသတင်းမှ မရခဲ့ဘူး။

**အမျိုးသမီး -** ဘာမှမဖြစ်ပါဘူး။ ငါလည်း သတင်းတွေကို မယုံလို့ ဒီမှာနေတုန်းပဲလေ။ နင့်အိမ်ကို ပြင်ဆင်ထားဖို့ပဲလိုတာ။ ဒါဆို နင့်မိသားစု အဆင်ပြေသွားမှာပါ။ မိုးလေး ခပ်ဖွဲဖွဲပဲ ကျနေတာပါ။

**အမျိုးသား -** ငါ့မိသားစုက အဆင်ပြေမှာ မဟုတ်ဘူး -- အမျိုးသမီးတစ်ယောက်က ငါ့ကလေးတွေကို ခေါ်သွားလို့။ ခိုလှုံနိုင်တဲ့နေရာတွေနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေရှိတဲ့ အဖွဲ့တစ်ခုကို ငါ Facebook ပေါ်မှာ တွေ့လိုက်တယ်။ ပြီးတော့ အမျိုးသမီးတစ်ယောက်က ငါတို့အားလုံးကို သူ့အိမ်မှာ လာနေဖို့ ကမ်းလှမ်းတယ်။ သူက အရမ်း ကြင်နာတတ်တာပဲ။ ငါနဲ့ ငါ့မိန်းမနဲ့ အိမ်ကို မုန်တိုင်းမလာခင် ပြင်ဆင်ဖို့ အချိန်ရအောင်လို့ ကလေးတွေကို အရင်ပို့ထားလို့ ပြောတယ်။ ငါတို့နဲ့ နောက်မိသားစုတစ်စုက မနက်ကပဲ ကလေးတွေကို သွားထားခဲ့ကြတာ။ နေ့လည်ပိုင်းလောက်မှာ သူတို့နဲ့အတူ သွားနေဖို့ ငါတို့ရောက်သွားတော့ အဲဒီမှာ ဘယ်သူမှ မရှိကြတော့ဘူး။

**အမျိုးသမီး -** ဆိုးလိုက်တာဟယ်။ နင်ရဲကို တိုင်မှရမှာပေါ့။

**ထိုအမျိုးသားသည် သူ၏ဖုန်းမှ အကြောင်းကြားချက်တစ်ခုကို ရရှိခဲ့သည်...**

## လေ့ကျင်ခန်း ၃ - ထိခိုက်လွယ်မှုကို သုံးသပ်လေ့လာချက်

### ထိခိုက်လွယ်မှု၊ စွမ်းဆောင်ရည်နှင့် လူအစုအဖွဲ့များအကြား အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများအပေါ် သက်ရောက်နေသော အချက်များကို ခြုံငုံသုံးသပ် ဆန်းစစ်အကဲဖြတ်နည်း

**လေ့ကျင့်ခန်းပုံစံ -** ထိခိုက်လွယ်မှု၊ စွမ်းဆောင်ရည်နှင့် လူအစုအဖွဲ့များအကြား အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများနှင့် ပရောဂျက်ဒီဇိုင်းအပေါ် ၎င်းတို့၏ သက်ရောက်မှုများ (ထိခိုက်လွယ်မှုကို လျှော့ချခြင်းနှင့် ရပ်ရွာနှင့် အဓိကပါဝင်သူများ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ခြင်း၊ သို့မဟုတ် အားပေးထောက်ခံသည့် ပစ်မှတ်များကို ဖော်ထုတ်ခြင်း)ကို နားလည်သဘောပေါက်စေရန် ပါဝင်လုပ်ဆောင်သူများနှင့်အတူ သင်တန်းနည်းပြတစ်ဦး ဦးဆောင်သော ဆွေးနွေးမှုဖြင့် လုပ်ဆောင်သည့် 'အားအင်အပြည့်ဖြင့် လျှောက်လှမ်းခြင်း' လေ့ကျင့်ခန်း။

ပါဝင်လုပ်ဆောင်သူများသည် ၎င်းတို့၏ရှေ့တွင် နေရာလွတ်တစ်ခုထား၍ တန်းစီကြရန် လိုအပ်သည်။ တစ်ယောက်စီကို စိတ်ကူးယဉ် ဇာတ်ကောင်တစ်ခုစီ ခွဲဝေသတ်မှတ်ပေးထားရမည်။ သင်တန်းနည်းပြသည် လူအစုအဖွဲ့များအကြား အာဏာကို ဟန်ချက်ညီအောင် ခွဲဝေကျင့်သုံးပုံနည်းလမ်းများနှင့် ထိခိုက်လွယ်မှုနှင့် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်အပေါ် သက်ရောက်နေသည့် မတူညီသော အချက်အလက်များကို အလေးပေးထားသည့် မေးခွန်းအတွဲလိုက်အား ဖတ်ပြရမည်။ ဥပမာ တစ်ခုစီအတွက် ပါဝင်လုပ်ဆောင်သူတစ်ဦးက ၎င်း၏ ဇာတ်ကောင်သည် ပေးထားသော ဥပမာမှ အကျိုးကျေးဇူးရရန် လိုအပ်သည့် ဝိသေသလက္ခဏာများ ရှိသည်ဟု ခံစားရပါက ရှေ့သို့ ခြေတစ်လှမ်းတိုးရမည်။ မေးခွန်း ၁၀ မှ ၁၂ ခုကြား မေးမြန်းပြီးနောက် ပါဝင်လုပ်ဆောင်သူတစ်ဦးချင်းစီသည် ၎င်းတို့၏ စိတ်ကူးယဉ် ဇာတ်ကောင်ကို ထုတ်ဖော်ပြောပြပြီး ပါဝင်လုပ်ဆောင်သူများ၏ နောက်ဆုံးရောက်ရှိနေသည့် နေရာများ မှန်မမှန် စစ်ဆေးရန်နှင့် နေရာမှန်ကို ပြန်နေကြရန်အတွက် အဖွဲ့အတွင်း ဆွေးနွေးမှုများ ပြုလုပ်ရမည်။ ဤ

အဆင့်တွင် ပါဝင်လုပ်ဆောင်သူများသည် လူများ၏ သတင်းအချက်အလက်ကို ရယူအသုံးပြုခွင့်၊ အကျိုးခံစားခွင့်များရရှိရန် ရွေးချယ်မှုစံနှုန်းများ၊ အားပေးထောက်ခံမှုဆိုင်ရာ ပစ်မှတ်များနှင့် ထိခိုက်လွယ်မှု/စွမ်းဆောင်ရည်တို့အား ကိုင်တွယ်ဖြေရှင်းသည့် လှုပ်ရှားမှုဒီဇိုင်းအစိတ်အပိုင်းများအား လွှမ်းမိုးထားသည့် အစိတ်အပိုင်း အမြောက်အမြားကို ဆွေးနွေးနိုင်ပါသည်။

**ပြင်ဆင်ခြင်း** -

- ဒေသန္တရ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားသော စိတ်ကူးယဉ်ဇာတ်ကောင်စာရွက်များ
- ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်အစိတ်အပိုင်းများအား ဖော်ထုတ်ရာတွင် အထောက်အကူပြုသည့် ဒေသန္တရ အကြောင်းအရာများနှင့် ကိုက်ညီရန် အနည်းငယ် ပြင်ဆင်ထားသော မေးခွန်းများနှင့် လိုအပ်ပါက လိုက်လျောညီထွေဖြစ်ရန် ပြင်ဆင်ထားသော ဇာတ်ကောင်များ

**ကြာချိန်** - ၄၅–၆၀ မိနစ်

**မေးခွန်းများ -**

1. သင် စာရေးတတ်၊ ဖတ်တတ်ပါသလား။
2. အဓိက တီဗီချန်နယ်၊ ရေဒီယိုနှင့် သတင်းစာပါ သတင်းများတွင်သုံးထားသည့် ဘာသာစကားကို ပြောတတ်ပါသလား။
3. မိမိနှစ်သက်ရာ ဘာသာစကားနှင့် သတင်းအချက်အလက်များကို အလွယ်တကူ ရရှိနိုင်ပါသလား။
4. သတင်းနဲ့ အခြားအစီအစဉ်များကို နားထောင်ရန်အတွက် ရေဒီယို သို့မဟုတ် ဖုန်းကို လက်လှမ်းမီပါသလား။
5. အိမ်မှာ မိမိရဲ့ရေဒီယို ဒါမှမဟုတ် ဖုန်းကို အားသွင်းနိုင်ပါသလား။
6. မိမိလိုအပ်သည့် သတင်းအချက်အလက် ရရှိရန်အတွက် မိသားစု၊ သူငယ်ချင်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGO များ) ဒါမှမဟုတ် သင့်အလုပ်ကို အားကိုးပါသလား။
7. ကိုယ်ပိုင်အင်တာနက် အသုံးပြုခွင့် ရှိပါသလား။
8. Facebook နှင့် WhatsApp တို့ကဲ့သို့ လူမှုကွန်ရက်များကို မည်သို့သုံးရသည်ကို သိရှိပါသလား။
9. စက်တစ်ခုစီအတွက် (စက်တစ်ခုထက်ပို၍ ရှိသည်ဆိုပါက မိမိ၏ ဖုန်း၊ လက်တော့ပ်နှင့် တက်ဘလက်အတွက်) နှင့် အက်ပလီကေးရှင်း တစ်ခုစီ (ဥပမာ - Facebook၊ WhatsApp၊ အီးမေးလ်အကောင့်၊ ဘဏ်အက်ပ်၊ စသဖြင့်) အတွက် မတူညီသောစကားဝှက်များ ထားရှိပါသလား။
10. (အခြားသူများသုံးသည့် လက်တော့ပ်များ၊ ဖုန်းများ သို့မှမဟုတ် တက်ဘလက်များ အပါအဝင်) အများသုံးစက်ပစ္စည်းတစ်ခုကို အသုံးပြုသည့်အခါ မိမိ၏အကောင့်မှ အမြဲတမ်း လော့ဂ်အောက် ထွက်ခဲ့ပါသလား။
11. သတင်းအချက်အလက်များကို အခြားသူများနှင့် မမျှဝေမီ သို့မဟုတ် အဆိုပါသတင်းအချက်အလက်ပေါ်မူတည်၍ တစ်ခုခုမလုပ်မီ မှန်မမှန် စစ်ဆေးခြင်းမျိုး လုပ်ပါသလား။
12. ရပ်ရွာအသိုင်းအဝိုင်းတွင်း သင် ဩဇာလွှမ်းမိုးမှုရှိပါသလား။ (ဥပမာ - မိမိ၏အမြင်များကို လူအများနှင့် ပုံမှန်မျှဝေရန်အတွက် စကားဝိုင်းတစ်ခုခုတွင် ဝင်ရောက်ဆွေးနွေးခွင့် ရှိပါသလား)

| | |
|---|---|
| **ဇာတ်ကောင် စရိုက် ၁ -** | သင်သည် လူမှုရေး သို့မဟုတ် စီးပွားရေးအင်အား အနည်းငယ်မျှသာရှိပြီး အိုင်ဒီပီ (IDP) စခန်းတွင် နေထိုင်နေသည့် အသက်ခြောက်ဆယ်ကျော် အမျိုးသမီးတစ်ဦးဖြစ်သည်။ သင်ဘယ်သောအခါကမှ စာအရေးအဖတ်ကို မသင်ယူခဲ့ဖူးပါ။ သင်သည် သင့်အိမ်နီးချင်းနှင့်အတူ ရေဒီယိုနားထောင်ကာ အချိန်ဖြုန်းရခြင်းကို နှစ်သက်သော်လည်း ဘာသာစကား မတူညီသည့် အရပ်ဒေသမှ လာခဲ့သောကြောင့် နားလည်သဘောပေါက်ရန် မလွယ်ကူပေ။ သင့်တွင် စမတ်ဖုန်းတစ်လုံးရှိသော်လည်း ၎င်းအား ဖုန်းခေါ်ဆိုရန်အတွက်သာ အသုံးပြုသည်၊ အွန်လိုင်းပေါ်ရှိ အရာများအားလုံးသည် အသုံးပြုရန်အတွက် ရှုပ်ထွေးလွန်းသည်။ |

| | |
|---|---|
| **ဇာတ်ကောင် စရိုက် ၂ -** | သင်သည် တက္ကသိုလ်တွင် သမိုင်းဘာသာရပ်ကို သင်ကြားပေးနေသော မျက်မမြင် အမျိုးသမီးတစ်ဦးဖြစ်သည်။ သင်သည် မျက်မမြင်စာ (မျက်မမြင်သူများ အသုံးပြုသော ဘာသာစကား)ဖြင့် ရေးသားဖတ်ရှုနိုင်ပြီး သင်နှစ်သက်သည့် ဘာသာစကားဖြင့် ထုတ်ဝေသည့် သင့်အကြိုက်ဆုံး သတင်းစာမှ အသံသတင်းများကို အလွယ်တကူ ရယူနိုင်ပါသည်။ သင်သည် လူမှုကွန်ရက်သုံးသော်လည်း သင်မျှဝေခဲ့သော သင့်သူငယ်ချင်း၏ ပို့စ်တစ်ခုသည် သတင်းမှားဖြစ်သည်ဟု ဆုံးဖြတ်ခံထားရသောကြောင့် သင်၏ Twitter အကောင့်မှာ ဆိုင်းငံ့ခံထားရသည် - သင်သည် ထိုအရာအား မမျှဝေမီ သတင်းအချက်အလက်အား စိစစ်ရန် သတိမေ့ခဲ့သည်။ |
| **ဇာတ်ကောင် စရိုက် ၃ -** | သင်သည် မြို့တော်၏ ပင်မဈေးကြီးထဲတွင် ဖွင့်ထားသော လက်ဖက်ရည်ဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သည်။ သင့်လက်ဖက်ရည်ဆိုင်တွင် တီဗီ သို့မဟုတ် ရေဒီယိုကို အမြဲတမ်း ဖွင့်ထားပြီး သင်သည် သတင်းများကို သင့်ဆိုင်သို့ လာရောက်သည့် ဖောက်သည်များနှင့် ဆွေးနွေးရသည်ကို နှစ်သက်သည်။ တစ်ခါတစ်ရံတွင် သင်သည် သတင်းမှားအချို့ကြောင့် ၎င်းတို့နှင့် ငြင်းခုံနေတတ်ပြီး **အမှန်တစ်ကယ်** ဖြစ်ပျက်နေသည်များကို ဆုံးဖြတ်ရန်မှာ မလွယ်ကူလှပေ။ သင်သည် သင့်သူငယ်ချင်းများနှင့် ပြည်တွင်းပြည်ပ သတင်းစာများမှ ထုတ်ဝေခဲ့သော သတင်းအချက်အလက်များကို မျှဝေရန် WhatsApp ပေါ်တွင် သီးသန့်အဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့သည် - ၎င်းအဖွဲ့တွင် တိကျသော သတင်းအချက်အလက်ကိုသာ မျှဝေကြသည်။ |
| **ဇာတ်ကောင် စရိုက် ၄ -** | သင်သည် စက်ရုံတစ်ခု၌ အလုပ်လုပ်နေသော ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည် မိန်းကလေးတစ်ဦးဖြစ်သည်။ သင်သည် နည်းပညာကောလိပ်တွင် နှစ်နှစ်တက်ခဲ့ပြီးမှ ကျောင်းထွက်ခဲ့ရသည်။ ဘာသာစကား အခက်အခဲများကြောင့် အိမ်ရှင်အသိုင်းအဝိုင်းမှ လူများနှင့် ဆက်သွယ်ပြောဆိုရန် မလွယ်ကူကြောင်းကို သင် သိရှိလာခဲ့သည်။ သို့ရာတွင် သင့်ဘာသာစကားဖြင့် စမတ်ဖုန်းထဲမှ သတင်းများအားလုံးကို သင် ရရှိနိုင်သည်။ သင်သည် အများပြည်သူသုံး ကွန်ပျူတာများတွင် မည်သည့်အခါမှ လော့ဂ်အောက် မထွက်ခဲ့သောကြောင့် သင့် Facebook အကောင့်သည် အကြိမ်အနည်းငယ် ဖောက်ထွင်းခံခဲ့ရသည်။ |
| **ဇာတ်ကောင် စရိုက် ၅ -** | သင်သည် ဒုက္ခသည်စခန်းတွင် နေထိုင်နေသည့် စာမတတ်သော အဘိုးအိုတစ်ဦးဖြစ်သည်။ မကြာသေးမီက သင့်ဆွေမျိုးများသည် သူတို့ဇာတိနေရာသို့ ပြန်သွားခဲ့ကြသည်။ ဘာသာစကားအခက်အခဲကြောင့် ဒေသတွင်းသတင်းများကို သင် နားမလည်သော်လည်း သတင်းအချက်အလက်အတွက် နိုင်ငံတွင်းနှင့် နိုင်ငံတကာ NGO များနှင့် သင်သည် ဆက်သွယ်နေပါသည်။ သင့်တွင် သတင်းအချက်အလက် လုံလုံလောက်လောက် မရှိဘဲ ရောထွေးနေခြင်းကြောင့် သင်လာခဲ့သည့်နေရာကို ပြန်သွားသင့်၊ မသွားသင့် သင်မဆုံးဖြတ်နိုင်ပါ။ |
| **ဇာတ်ကောင် စရိုက် ၆ -** | သင်သည် အွန်လိုင်းမှ သတင်းအချက်အလက်ကို ရရှိရန်အတွက် အစ်ကိုဖြစ်သူ၏ ဖုန်းကို ငှားရမ်းသွားသည့် အမျိုးသမီးငယ်တစ်ဦးဖြစ်သည်။ အကြိမ်အတိုင်း အစ်ကိုအကောင့်ကို အသုံးပြုနေရသည့်အတွက် အခက်အခဲရှိသည်။ သင်သည် သူ၏ Facebook ကို အသုံးပြုရန် လိုအပ်သော်လည်း အားလုံးက <**သက်ဆိုင်ရာ ဘာသာစကားကို ဖြည့်သွင်းပါ**>နှင့် ရေးထားခြင်းဖြစ်နေသည့်အပြင် သင့်အနေဖြင့် သတင်းအချက်အလက်များကို <**သက်ဆိုင်ရာ ဘာသာစကားကို ဖြည့်သွင်းပါ**> ဖြင့် ရယူကြည့်ရှုလိုသည်။ သင့်အနေဖြင့် ဒေသန္တရ အမျိုးသမီးအသင်းတွင် ဖုန်းအားသွင်းနိုင်သောကြောင့်သာ သင့်အစ်ကိုက သူ့ဖုန်းအား အသုံးပြုခွင့်ပေးထားခြင်းဖြစ်သည် - လတ်တလောတွင် လျှပ်စစ်မီးမှာ ပြဿနာဖြစ်နေသော်လည်း အသင်းတွင် မီးစက်တစ်လုံးရှိနေသည်။ |
| **ဇာတ်ကောင် စရိုက် ၇ -** | ပေါက်ကွဲမှု ကြီးကြီးမားမားကြောင့် သင့်အကြားအာရုံကို ထိခိုက်ပျက်စီးစေခဲ့ပြီးနောက် သင်သည် နားမကြားသူတစ်ဦး ဖြစ်လာခဲ့သည်။ သင်သည် စာလည်း မဖတ်တတ်၊ ရေဒီယိုကဲ့သို့သော အရာများကို ယခင်ကကဲ့သို့ နားမထောင်နိုင်တော့သောကြောင့် သင့်အနေဖြင့် သတင်းအချက်အလက်ကို နားလည်သိရှိရန် မလွယ်ကူကြောင်း တွေ့လာရသည်။ အဖွဲ့အစည်းတစ်ခုက သင့်အား ဖုန်းနှင့် အင်တာနက်ဘေလ် ရရှိရန် ကူညီပေးခဲ့သော်လည်း သင် လိုအပ်နေသည့် သတင်းအချက်အလက်ကို အွန်လိုင်းပေါ်တွင် မည်သည့်နေရာ၌ ရှာဖွေရမည်ကို မသိရှိပါ။ မည်သို့ပင်ဆိုစေ၊ ဖုန်းအားသွင်းရန် လျှပ်စစ်မီးမရှိသောကြောင့် ဖုန်းကို အမြဲတမ်း နီးပါးပိတ်ထားရသည်။ မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရရှိရန် သင့်ဖုန်းနံပါတ်ကို အွန်လိုင်းပေါ်တွင် မျှဝေခဲ့သောကြောင့် သင်ဖုန်းဖွင့်လျှင်ဖွင့်ချင်းပင် ဖုန်းခေါ်ဆိုမှုအမြောက်အများကို လက်ခံရရှိခဲ့သည်။ သို့ရာတွင် သင်သည် လူများပြောဆိုနေသည်ကို မကြားနိုင်သောကြောင့် သင့်အား ဖုန်းခေါ်ပေးကြသော်လည်း မထူးပေ။ |

| | |
|---|---|
| **ဇာတ်ကောင် စရိုက် ၈ -** | သင်သည် နည်းပညာအသစ်များနှင့် ချိတ်ဆက်နေလိုသော အဖွားအိုတစ်ဦးဖြစ်သည်။ သင့်တွင် ဖုန်းတစ်လုံးရှိပြီး Facebook နှင့် Instagram အပေါ်သို့ သတင်းများတင်ရန် အသုံးပြုသည်။ သင်တင်ထားသည့် အချို့သောပို့စ်များသည် သတင်းမှားများ ပါဝင်နေသောကြောင့် ၎င်းပို့များကို ဖျက်ပေးရန်အတွက် သင့်မြေးမလေးက သင့်အား ဖုန်းဆက်တိုက်ခေါ်ဆိုနေသည်။ သင်၏ သူငယ်ချင်းမှ ထိုအရာကို မျှဝေထားခြင်းဖြစ်သောကြောင့် ၎င်းက အမှန်ဖြစ်ရမည်ဟု သင် ထင်ခဲ့သည်။ ပြဿနာမှာ သင်ပြောတတ်သည်မှာ<**ဤနေရာတွင် သက်ဆိုင်ရာ ပထမ ဘာသာစကားကို ဖြည့်သွင်းပါ**>ဘာသာစကား ဖြစ်သော်လည်း ပြည်တွင်းသတင်းအားလုံးသည် <**ဤနေရာတွင် သက်ဆိုင်ရာ ဒုတိယ ဘာသာစကားကို ဖြည့်သွင်းပါ**> ဘာသာစကားဖြင့် ဖြစ်နေသောကြောင့် ဖြစ်သည်။ အင်တာနက်သည် သင်လိုအပ်နေသည့် သတင်းအချက်အလက်များကို <**ဤနေရာတွင် သက်ဆိုင်ရာ ပထမ ဘာသာစကားကို ဖြည့်သွင်းပါ**> ဘာသာစကားနှင့် ရှာဖွေနိုင်သည့် တစ်ခုတည်းသောနေရာဖြစ်သည် ။ |
| **ဇာတ်ကောင် စရိုက် ၉ -** | သင်သည် ပြည်တွင်းရေဒီယိုဌာနတွင် ကျော်ကြားသော အကြီးအကဲတစ်ဦးဖြစ်ပြီး ဌာနမှ အသံလွှင့်ချက်များ၏ အကြောင်းအရာများအပေါ် အလွန်ပင် ဂုဏ်ယူနေသည်။ သင့်ထုတ်လွှင့်မှုတွင် အသုံးအများဆုံး ပြည်တွင်းသုံး ဘာသာစကားကို အသုံးပြုခဲ့သည့်အပြင် မြို့နေပြည်သူလူထုများထဲမှ လူနည်းစုသုံးသည့် ဘာသာစကားပြောကြသူများက အသံလွှင့်ချက်များကို နားမလည်သည့်အတွက် နောက်ပိုင်းတွင် ၎င်းတို့ထံမှ အွန်လိုင်းတိုင်ကြားချက်များကို တွေ့မြင်ခဲ့ရသည်။ ၎င်းတို့သည် ရေဒီယိုတွင် ၎င်းတို့ရပ်ရွာအသိုင်းအဝိုင်းအကြောင်း သတင်းကိုလည်း ပါဝင်စေချင်ကြသည်။ သင်သည် ရေဒီယိုအသံလွှင့်ဌာန၏ Facebook စာမျက်နှာရှိ ၎င်းတို့၏ တိုင်ကြားချက်ကို ဖျက်ပစ်ရန် ကြိုးစားခဲ့သော်လည်း ပြဿနာများကိုသာ ပို၍တိုးလာစေခဲ့သည်။ |
| **ဇာတ်ကောင် စရိုက် ၁၀ -** | သင်သည် သတင်းမှားများကို ဖော်ထုတ်သည့် သတင်းထောက်တစ်ဦးဖြစ်သည်။ သင်သည် Twitter နှင့် Facebook ပေါ်တွင် ပျံ့နှံ့နေသော ကောလဟာလများနှင့် သတင်းမှား ဖြန့်ဖြူးနေသည်များကို အင်တာနက်ပေါ်၌ ကြည့်ရှုရသည်ကို နှစ်သက်သူဖြစ်သည်။ သင်သည် သင်၏ ရပ်ရွာအသိုင်းအဝိုင်းတွင်း ပျံ့နှံ့နေသော သတင်းမှားများအားလုံးကို စာရင်းပြုစုကာ Facebook ပေါ်တွင် သီးသန့်အဖွဲ့တစ်ခု ဖွဲ့စည်း၍ လူအများ သတင်းအချက်အလက်များကို နှိုင်းယှဉ်ရာတွင် အကူအညီဖြစ်စေရန်အတွက် တိကျသော သတင်းအချက်အလက်နှင့် အခြားသောရင်းမြစ်များကို ပေးထားသည်။ သင်သည် ဤအကြောင်းအရာနှင့် ပတ်သက်၍ ဆောင်းပါးတစ်ပုဒ်ရေးရန် ပြည်တွင်းသတင်းစာတစ်ခုအား တိုက်တွန်းရန် ကြိုးပမ်းခဲ့သော်လည်း ထိုသတင်းစာတွင် အသုံးပြုနေသော ဘာသာစကားအား မပြောဆိုတတ်သောကြောင့် ၎င်းတို့သည် အခြားသူတစ်ဦးဦးနှင့်သာ အလုပ်လုပ်လိုကြသည်။ |

## လေ့ကျင့်ခန်း ၄ - လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှု

**ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်းဆိုင်ရာ စည်းမျဉ်းများနှင့် လက်ရှိ သို့မဟုတ် နောင်လာမည့် ပရောဂျက်/လုပ်ဆောင်ချက်များ၏ "ထိခိုက်မှု မဖြစ်စေရေး" အန္တရာယ် ဆိုင်ရာ သုံးသပ်လေ့လာချက်မှတစ်ဆင့် တိုက်ရိုက်အသုံးချခြင်းဆိုင်ရာ မိတ်ဆက်။**

**လေ့ကျင့်ခန်းပုံစံ** - ဤကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့မှ ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်း(GPC) ဗီဒီယိုအား အဖွဲ့လိုက် ကြည့်ရှုရမည်။

**ဗွီဒီယိုလင့်ခ်** -

၎င်းနောက်တွင် ပါဝင်သူများအား စည်းမျဉ်းတစ်ခုစီတိုင်းအတွက် ၎င်းတို့၏လုပ်ငန်းမှ အနည်းဆုံး လက်တွေ့ဥပမာတစ်ခုကို ပေးစေပြီး အဖွဲ့လိုက် ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်း ပါဝင်စေခြင်းအကြောင်းကို ဆွေးနွေးကြရန်။

ထို့နောက် လုံခြုံရေးအစီအစဉ် ဆန်းစစ်အကဲဖြတ်မှုပုံစံ (နောက်ဆက်တွဲ ၂ ရှိ ပုံစံ) တစ်ခုအား စီမံခန့်ခွဲ ရေးအတွက် ပါဝင်လုပ်ဆောင်သူတစ်ဦးချင်းစီက နမူနာပုံစံဖြင့် တင်ဆက်ကြရန်။ ထိုဗွီဒီယိုကို ထပ်မံ ကြည့်ရှုရန်။

အောက်ပါတို့ကို အုပ်စုလိုက် ဆွေးနွေးရန် -

- ၎င်းတို့၏ လုပ်ငန်းအတွင်း လက်ရှိ သို့မဟုတ် နောင်လာမည့် ပရောဂျက်/လုပ်ဆောင်ချက်များ တွင် ရှိနေသည့် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များ (အန္တရာယ်များအား ရပ်ရွာအသိုင်းအဝိုင်း၊ အဖွဲ့အစည်းဆိုင်ရာ / မီဒီယာဌာန ဝန်ထမ်း၊ ပြည်တွင်းမိတ်ဖက်များအပေါ် သက်ရောက်မှုအပြင် အဖွဲ့အစည်း/ မီဒီယာဌာန အမှတ်တံဆိပ်များအပေါ် သက်ရောက်မှုတို့ကို အခြေခံ၍ ဆန်းစစ်ရန်)။
- ၎င်းအန္တရာယ်များ လျော့ပါးစေမည့် ဗျူဟာများကို ဆွေးနွေးနိုင်သည်
- ပါဝင်ပတ်သက်နေသည့် အဖွဲ့များနှင့် မိတ်ဖက်များအကြား လျော့ပါးစေရေးနှင့် ပတ်သက်သည့် အခန်းကဏ္ဍများနှင့် တာဝန်ခွဲဝေမှုများ

**ကြိုတင်ပြင်ဆင်ခြင်း** - ကြည့်ရှုရန် ပရိုဂျက်တာ/မော်နီတာကို တပ်ဆင်ခြင်း GPC ဗွီဒီယို (အသံဖိုင်နှင့် စာတန်းထိုးများကို သေချာစွာ စိစစ်ရန်)၊ ကာကွယ်ရေးဆိုင်ရာအန္တရာယ်များအတွက် နမူနာပုံစံ တပ်ထား သော ကားချပ်အရှင်တစ်ခု စီစဉ်ထားရန်

**ကြာချိန်** - ၄၅-၆၀ မိနစ်

## လေ့ကျင့်ခန်း ၅ - အချိန်မီနှင့် ဘေးကင်းလုံခြုံစွာ လွှဲပြောင်းပေးမှု

**အချိန်မီ ဘေးကင်းလုံခြုံစွာ လွှဲပြောင်းပေးရေးအတွက် အဓိကအချက်များနှင့် ဝန်ဆောင်မှုမြေပုံအား မိတ်ဆက်ခြင်း သို့မဟုတ် ပြန်လည်မွမ်းမံခြင်း။**

**လေ့ကျင့်ခန်းပုံစံ** - ပါဝင်လုပ်ဆောင်သူများ၏ လုပ်ဆောင်ချက်ဇယားကို ပြန်လည်သုံးသပ်ကာ ၎င်းတို့သည် ကောင်းသည့် သို့မဟုတ် ဆိုးဝါးသည့် အလေ့အကျင့် ဟုတ်မဟုတ် ဆိုသည်ကို အတူတကွ ဆုံးဖြတ်ကြရမည့် "လွှဲပြောင်းပေးခြင်းဆိုင်ရာ ဆောင်ရန်ရှောင်ရန်များ" လေ့ကျင့်ခန်း။ ပါဝင်လုပ်ဆောင်သူ အရေအတွက်အပေါ်မူတည်၍ အဖွဲ့လိုက် လုပ်ဆောင်နိုင်သည်။ အမှားပြင်ဆင်မှု အဆင့်တွင် ကျန်ရှိနေသည့် မေးခွန်းများကို ဖြေကြားနိုင်သည့် ဆွေးနွေးမှုတစ်ခုကို ပြုလုပ်ရန်။ အချိန်မီ ဘေးကင်းလုံခြုံစွာ လွှဲပြောင်းပေးခြင်း (အမည် လျှို့ဝှက်ပေးခြင်း၊ ကျိုးကြောင်းသိရှိ သဘောတူညီချက်၊ မျှော်မှန်းချက်များ မမြင့်စေခြင်း၊ စသဖြင့်) ဆိုင်ရာ အဓိကစည်းမျဉ်းများကို ပြန်လည်သုံးသပ်ရန်

- အမှားပြင်ဆင်ပေးချိန်နှင့် ဆွေးနွေးနေချိန်ကာလ အတောအတွင်းတွင် ကားချပ်အရှင် သို့မဟုတ် ပါဝါပွိုင့်စလိုက်ကို ပြသထားနိုင်သည်
- (ရနိုင်ပါက) အစုအဖွဲ့တစ်ခုစီ၏ အချက်အလက်ဇယားနှင့် ဆုံချက်နေရာများ၏ အသေးစိတ်လိပ်စာကို ပေးထားသော OCHA "ReliefWeb တုံ့ပြန်မှု" ဝက်ဘ်ဆိုက်) အပါအဝင် ဝန်ဆောင်မှုမြေပုံအတွက် ရရှိနိုင်သော အရင်းအမြစ်များကို မိတ်ဆက်ကာ ဆွေးနွေးခြင်း။ ထို့နောက် ပါဝင်လုပ်ဆောင်သူများသည် ရရှိနိုင်သော ဘေးကင်းသည့် ရပ်ရွာအသိုင်းအဝိုင်းယန္တရားများကို ဖော်ထုတ်ကာ ၎င်းတို့ကို လုပ်ဆောင်နေသော ဆုံချက်ပုဂ္ဂိုလ်များနှင့် ယုံကြည်စိတ်ချရသည့် ဆက်ဆံရေးကို တည်ဆောက်သင့်သည်။

**ပြင်ဆင်ခြင်း** - 'ဆောင်ရန်- နှင့် ရှောင်ရန်' ဥပမာများ - ပါဝင်လုပ်ဆောင်သူများအား A4 စာရွက်ပေါ်ရှိ သီးခြားကော်လံနှစ်ခုတွင် (တစ်ခုမှာ ဆောင်ရန်အတွက်ဖြစ်ပြီး တစ်ခုမှာ ရှောင်ရန်အတွက်) နေရာချစေရန်အတွက် ရောမွှေထားခြင်း၊ ဘေးကင်းစွာ လွှဲပြောင်းပေးခြင်းများ၏ စည်းမျဉ်းများကို ပြသနေသည့် ပါဝါပွိုင့်ဆလိုက်များကို ကြည့်ရှုရန် ပရိုဂျက်တာ/ မော်နီတာတို့ကို တပ်ဆင်ခြင်း (ဆလိုက်တစ်ခု - အောက်ဖော်ပြပါ ပုံကြမ်း၏ မိတ္တူ)နှင့် အိုစီအိပ်ချ်အေ (OCHA) ReliefWeb တုံ့ပြန်မှု ဝက်ဘ်ဆိုက် (ဆလိုက်တစ်ခု - အပေါ်တွင် လင့်ခ်ချိတ်ထားသည်)။ ပရိုဂျက်တာနှင့် လက်တော့ပ်များ မရရှိနိုင်ပါက၊ ကားချပ်အရှင်ပေါ်တွင် ဆလိုက်ကို ပြန်လည်ကူးယူနိုင်သည်။

**ကြာချိန်** - ၃၀-၄၅ မိနစ်

| ဆောင်ရန် | ရှောင်ရန် |
|---|---|
| ကြိုတင်ပြင်ဆင်ထားခြင်း။ ဒေသတွင်းတွင် မည်သည့် ဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုများ ရရှိနိုင်သည်ကို ကြိုတင်ရှာဖွေထားခြင်း။ | နောက်ထပ်သတင်းအချက်အလက် သို့မဟုတ် အသေးစိတ်အချက်အလက်များကို ပေးရန်အတွက် အသက်ရှင်ကျန်ရစ်သူကို ဖိအားပေးခြင်း။ |
| သင်နှင့် ထိုပုဂ္ဂိုလ်တို့သည် ချက်ချင်းသက်ရောက်လာနိုင်သည့် အန္တရာယ်မှ ဘေးကင်းအောင် သေချာလုပ်ခြင်း။ | ဆွေးနွေးလမ်းညွှန်မှုကို ပေးခြင်း။ |
| သတင်းအချက်အလက်များကို လျှို့ဝှက်စွာ တင်ပြဆွေးနွေးပြီး ဘေးကင်းလုံခြုံသည့် သီးသန့်နေရာတွင် ထိုပုဂ္ဂိုလ်၏ စကားကို နားထောင်ခြင်း။ | အဖြစ်အပျက်အသေးစိတ် သို့မဟုတ် နစ်နာသူ၏ ကိုယ်ရေးသတင်းအချက်အလက်များကို မှတ်တမ်းတင်ထားခြင်း။ |
| အသက်ရှင်ကျန်ရစ်သူ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက် ချပိုင်ခွင့်ကို လေးစားခြင်း။ | အကြံဉာဏ် သို့မဟုတ် ဝေဖန်သုံးသပ်ချက်များ ပေးခြင်း။ |
| မေးခွန်းများ မမေးဘဲ ထိုလူ၏ စကားများကို နားထောင်ပေးခြင်း။ | မမှန်ကန်သည့် ကတိများကို ပေးခြင်း သို့မဟုတ် သတင်းမှား (သို့မဟုတ် မသေချာသည့် သတင်းအချက်အလက်) ပေးခြင်း။ |
| ပုဂ္ဂိုလ်၏ ဓလေ့ထုံးတမ်းများ၊ ဘာသာရေးနှင့် ကျား/မ တို့ကို ထည့်တွက်၍ သင့်လျော်စွာပြုမူခြင်း။ | နစ်နာသူ၏ လိုလားချက်များ သို့မဟုတ် လိုအပ်ချက်များကို သင်သိသည်ဟု ယူဆခြင်း။ အချို့သော လုပ်ဆောင်ချက်များသည် ခံရသူအား ထပ်ပေါင်း၍အသရေပျက်စေခြင်း၊ လက်တုံ့ပြန်ခံရစေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေမည့် အန္တရာယ်များကို ဖြစ်ပေါ်စေနိုင်သည်။ |
| ထိုအမှုကိစ္စအား သိရှိနေသည့် လူအရေအတွက်ကို ကန့်သတ်ထားခြင်း (ထိုအမှုကိစ္စအား နစ်နာသူမှ ကျိုးကြောင်းသိရှိ သဘောတူခွင့်ပြုချက်ဖြင့်သာ သင့်လျော်သည့် ဂျီဘီဗွီ (GBV) ဆိုင်ရာ ပုဂ္ဂိုလ်ထံ လျှို့ဝှက်စွာ လွှဲပြောင်းပေးရမည်) | လွှဲပြောင်းမှု လုပ်၊ မလုပ် ဆုံးဖြတ်ချက်မချမီ အဖြစ်အပျက်ကို စုံစမ်းစစ်ဆေးခြင်း။ |

**နောက်ဆက်တွဲ ၈ - အောက်ဖော်ပြပါ ဆလိုက်၏ စာမျက်နှာအပြည့်ဗားရှင်းအတွက် ပါဝါပွိုင့်ဖိုင်တွင် ကြည့်ရှုပါ။**

## လွှဲပြောင်းပေးခြင်း ဆိုသည်မှာ အဘယ်နည်း။

- **လွှဲပြောင်းပေးခြင်း**ဆိုသည်မှာ လက်ရှိဝန်ဆောင်မှုပေးသူ၏ နယ်ပယ် သို့မဟုတ် ကျွမ်းကျင်မှုထက် ကျော်လွန် ထုတ်ဖော်ရန် လိုအပ်ချက်များကို တွေ့ရှိရန်အတွက် ထပ်ဆောင်းလုပ်ဆောင်ချက်ကို လိုအပ်နေသောကြောင့် အခြားဝန်ဆောင်မှုပေးသူထံ အိမ်ထောင်စုတစ်စု သို့မဟုတ် လူတစ်ဦးချင်းစီအား လမ်းညွှန်ပေးသည့် လုပ်ငန်းစဉ်ဖြစ်သည်။
- **ကိုယ်တိုင်လွှဲပြောင်းပေးခြင်း**ဆိုသည်မှာ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ သို့မဟုတ် ဒီဂျစ်တယ်ချန်နယ်တစ်ခုမှတစ်ဆင့် လိုအပ်နေသည့် အကူအညီရရှိရန် ဝန်ဆောင်မှုပေးသူထံ တစ်ဦးချင်း ကိုယ်တိုင်တောင်းဆိုသည့် လုပ်ငန်းစဉ်ဖြစ်သည်။

### လမ်းညွှန် စည်းမျဉ်းများ

**လျှို့ဝှက်အချက်အလက်များကို လေးစားမှုရှိပါ**

- ထုတ်ဖော်ပြောကြားထားသည့် သတင်းအချက်အလက်များကိုသာ မျှဝေခြင်းနှင့် ထိုပုဂ္ဂိုလ်ထံမှ ကျိုးကြောင်းသိရှိ သဘောတူခွင့်ပြုချက် ရရှိထားပြီးမှသာ ရယူအသုံးပြုခွင့်ပေးခြင်းဖြင့်။
- သတင်းအချက်အလက်များကို ဘေးကင်းသောနည်းလမ်းဖြင့် စုဆောင်း၊ သိမ်းဆည်းပြီး မျှဝေခြင်းဖြင့်။
- လွှဲပြောင်းပေးသူထံ တုံ့ပြန်ချက်ပေးရန်အတွက် ဝန်ဆောင်မှုပေးသူများအား သတင်းအချက်အလက်ကို လိုအပ်သလောက်သာ အနည်းဆုံးစုဆောင်းပြီး မျှဝေခြင်း - 'သိရှိရန်လိုအပ်သလောက်သာ အသိပေးခြင်း'ဖြင့်။

**ကျိုးကြောင်းသိရှိ သဘောတူခွင့်ပြုချက် ရယူပါ**

- ၎င်းတို့၏ သတင်းအချက်အလက်များကို မှတ်တမ်းတင်ပြီး ဆက်လက်လုပ်ဆောင်ရန်အတွက် ထိုပုဂ္ဂိုလ်ထံမှ တိုက်ရိုက်ခွင့်ပြုချက်ကို နှုတ်ဖြင့်တောင်းယူသည့်အပြင် ဖြစ်နိုင်ပါက စာဖြင့် ခွင့်ပြုချက် ရယူခြင်းဖြင့်။
- ထိုပုဂ္ဂိုလ်တွင် မည်သည့်အရာကို သဘောတူထားကြောင်း သိရှိနိုင်လောက်သည့် စွမ်းဆောင်ရည်၊ ရင့်ကျက်မှုနှင့် လုံလောက်သည့် သတင်းအချက်အလက်တို့ ရှိနေကြောင်း သေချာစေခြင်းဖြင့်။
- ဤစည်းမျဉ်းတွင် ခြွင်းချက် သုံးခုသာရှိသည် - လူပုဂ္ဂိုလ်တစ်ဦးသည် မိမိကိုယ်ကို သတ်သေရန် စီစဉ်နေလျှင်သော်လည်းကောင်း၊ အခြားသူများ၏ ဘေးကင်းလုံခြုံရေးကို ထိခိုက်စေရန် စီစဉ်နေလျှင်သော်လည်းကောင်း၊ ကလေးတစ်ဦး အန္တရာယ်ကျရောက်တော့မည့်ဆဲဆဲ အခြေအနေတွင်ရှိနေလျှင်သော်လည်းကောင်း ကျိုးကြောင်းသိရှိ သဘောတူခွင့်ပြုချက် မပါဘဲ လွှဲပြောင်းပေးခြင်းအား သင်လုပ်ဆောင်နိုင်ပါသည်။ ကလေးများအတွက်မူ ထိုကလေးအတွက် အကောင်းဆုံးဖြစ်စေမည့်အရာကို အမြဲတမ်း စဉ်းစားဆုံးဖြတ်ပါ။

**မျှော်မှန်းချက်များ မမြှင့်တင်ပါနှင့်**

- ထိုပုဂ္ဂိုလ်အား လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်အဆင့်များနှင့် မျှော်မှန်းထားသည့် အချိန်ကာလကို ရှင်းရှင်းလင်းလင်း ရှင်းပြပေးခြင်းနှင့် လွှဲပြောင်းပေးခြင်းရလဒ်နှင့် ပတ်သက်သည့် ကတိများပေးခြင်းကို ရှောင်ကြဉ်ခြင်းဖြင့်။

**ရွေးချယ်နိုင်စွမ်းနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းကို လေးစားပါ**

- ဝေဖန်အကဲဖြတ်ခြင်းမပြုဘဲ နားထောင်ခြင်းနှင့် ထိုပုဂ္ဂိုလ်၏ ရွေးချယ်မှုများနှင့် ဆုံးဖြတ်ချက်များကို လက်ခံပေးခြင်းဖြင့်။ ဤအချက်သည် ကျား/မ အခြေပြု အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများအတွက် အလွန်ပင် အရေးကြီးပါသည်။
- စုံစမ်းစစ်ဆေးခြင်း မပြုပါနှင့်။ မတော်တဆ စိတ်ဒဏ်ရာပြန်လည်ရရှိမှုကို ရှောင်ရှားရန် လိုအပ်သည့်အတွက် ထိုကိစ္စကို ကျွမ်းကျင်ဝန်ဆောင်မှုပေးသူများမှ ကိုင်တွယ်ပါစေ

**ထိုပုဂ္ဂိုလ်၏ ဘေးကင်းရေးနှင့် လုံခြုံရေးအား ပထမဦးစားပေးဆောင်ရွက်ပါ**

- ဝန်ဆောင်မှု သို့မဟုတ် အကူအညီကို ရယူသည့်အခါ ထိုပုဂ္ဂိုလ် ကြုံတွေ့ရမည့် အန္တရာယ်များကို စဉ်းစားကာ ပြောပြပေးခြင်းဖြင့်။

**မည်သည့် သတင်းအချက်အလက်ကို သင် လိုအပ်ပါသလဲ။**

- သင်အကောင်အထည်ဖော်ရန် စီစဉ်ထားသည့် နေရာများအားလုံး၏ ဝန်ဆောင်မှုမြေပုံ
- အသုံးပြုရန်အတွက် လွှဲပြောင်းပေးရေး ယန္တရား ၊ အစုအဖွဲ့တစ်ခုစီက အစုအဖွဲ့အဆင့်၌ ဖော်ထုတ်လေ့ရှိသည် (ကျား/မအခြေပြုအကြမ်းဖက်မှု (GBV) + ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (CP))

**ဤသတင်းအချက်အလက်ကို မည်သည့်နေရာ၌ တွေ့ရှိပါမလဲ။**

- အများပြည်သူသုံး ဝန်ဆောင်မှုလုပ်ငန်းများ ဝက်ဘ်ဆိုဒ် (အမြဲတမ်း အတည်ပြုစစ်ဆေးပါ)
- အစုအဖွဲ့များသည် - လိုအပ်သည့် ဝန်ဆောင်မှုအပေါ် မူတည်၍ (ဖြစ်ပြီးခဲ့သည့် ခြိမ်းခြောက်မှုတစ်ခုအား တုံ့ပြန်ရန် သို့မဟုတ် ချက်ချင်းကျရောက်မည့် အန္တရာယ်နှင့် ဆက်စပ်သည့် မည်သည့်အရာကိုမဆို ကာကွယ်ပေးရန် - GBV နှင့် CP တွင် ကျွမ်းကျင်ကာကွယ်ရေးဝန်ထမ်းကို လိုအပ်သည်)
- OCHA ReliefWeb ဝက်ဘ်ဆိုက်
- ရပ်ရွာအသိုင်းအဝိုင်း ခေါင်းဆောင်များ